
www.burmeseclassic.com



www.burmeseclassic.com

12 SEP 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်











လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်


စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
မွေ့အေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
✻ ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယရေး၊ ဓမ္မာစရိယ)
✻ ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဇေဝ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း
အတွင်းဖလင်
ပါရမီ

နာယကကြီး
ဒေါက်တာ အောင်မိုင်
M.B.B.S (Ygn)
ဒ-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ထွေး
B.Sc(Bot), Dip.T.Med.
ဦးဝင်းသိန်းကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်




ရွှေနံ့စင်တောင်ဆရာတော်ကြီး ဦးပြဿာသသည်
ဤကရာကုန်ကျောင်း မနောမယအောင်တော်မှဘုရားလိုဏ်ဂူ၌
(၇)ရက်ခန့် တရားအားထုတ်ခဲ့သည်...
➡ စာ-၉


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ဝ၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(ဝ၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်ကယားဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)
ဝဂီနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး - ကိုတင်မောင်ဌေး
မင်္ဂလာ ဓိုးမြှားရေး ကြော်ငြာလုပ်ငန်း



၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ
အမှတ် ၃၄၀
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄




F.1B. November, 2014.


www.burmeseclassic.com

www.burmeseclassic.com




သဘော်သီးထဲမှ
ညာဖက်တော်တစ်လက်မခွဲခန့်ရှိ ထိုင်တော်မူ
ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို... ☛ စာ-၁၃၄

စေတော်ဝင် သာသနာနယ်မြေတွင်
ဆရာတော်ကြီး တရားစတင်ကျင့်ကြံရာ
ကမ္မဋ္ဌာန်းလိုဏ်ဂူတွင်... ☛ စာ-၁၁၅



## ရှေးအုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်
သမားတော်တိုင်းရင်းဆေးကုခန်း ဆရာဦးတိုးကိုကြီး
(တဆ-၀၃၂၀၂)၏ အသက်ရှည်ရာ အနာမဲ့ကြောင်း
နည်းလမ်းကောင်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၄၅

## ပညာပေးရောင်ခြည်

သင်္ကေတများ၏ ဘာသာစကား (၃၉) [ဟုဂျင်းဇီ] ၁၅၈
လူတိုင်းအတွက် တရုတ်ရှိုးရာ
အိမ်မက်ရှင်းတမ်း (၈၆) [ထက်မင်းကျော်စွာ] ၁၈၇
တရုတ်ကြိုးထုံးပညာ (၉၅) [ဟုဂျင်းဇီ] ၂၁၄

## လက္ခဏာရောင်ခြည်

လက္ခဏာပဟေဠိ အဖြေညှိကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၇
ကျန်းမာရေးအတွက် လက္ခဏာပညာ ၁၇၉
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် (၁၇)ရပ်ကွက်၊
ပဏ္ဍိတာရာမစာသင်တိုက် ပဓာနနာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ
ဘဒ္ဒန္တပဏ္ဍိတ၏ လက္ခဏာတော် [သန်းပညာ] ၁၈၅
ဘယ်အလုပ်မျိုးနဲ့ အကျိုးပေး စီးပွားဖြစ်နိုင်မလဲ ၂၀၁
သတိပြုစရာနှင့် လက္ခဏာအမြင်
[ဆရာဦးခင်မောင်လင်း-B.Sc၊ရွှေဘို] ၂၆၄

## ယမ်းညွှန်ရောင်ခြည်

ရွှေကွန်းစင်တောင် ဆရာတော် ဓာတ်ပန္နက်
စိုက်ထူခဲ့သည့် ကရာကုန်းကျောင်းမှ မနောမယ
အောင်တော်မူစေတီ(၁) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၉
တောလင်းနယ်မှ ကျောက်လှေကြီးနှင့်
အံ့ဖွယ်ရေဆန် အင်းဆေးတံခံ(၂) [ငြိမ်းသော်တာ] ၆၅
ဗောဓိတထောင် သာသနာမြေနှင့် ဗောဓိတထောင်
ဆရာတော်ကြီး ဦးနာရဒ၏ ဘဝပုံရိပ်များ(၅)
[စံထွန်းသာ] ၈၁
စေတော်ဝင် သာသနာမြေမှ နေရာထူးများနှင့်
ဆရာတော်ကြီး၏ ဩဝါဒများ(၅)[နယ်လှည့်သုတေသီ] ၁၁၃

www.burmeseclassic.com


[illegible]

[illegible]

[illegible] [illegible]

[illegible]

[illegible] [illegible]

[illegible]

[အောင်ခ-LLB] ၈၉

[illegible] အရေးအတွက် သာသနာအတွက်
သယ်ပိုးခဲ့သည့် ဆရာကြီးဦးဘိုးတောင်း၏
ဓမ္မဝိညာဉ်တချင့်စဉ်(၂) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၀၅

ပျော်ဘွယ်မြို့မှ ပန်းစုံကျောင်းတိုက်နှင့်
ရွှေတောင်စေတီကုန်းတော်သို့ (၂) [စံထွန်းသာ] ၁၂၉


## ကိုယ်တွေ့ရောင်ခြည်


လူထူးဆန်း(သားခြောက်လေး)မောင်နတ်သီး[ထမုံခမ်း] ၂၃၃

ကြောင်ဆေး [စလင်း ဦးကျော်] ၂၄၅

ပြိတ္တာအသားစားကြသူများ [ဖွဲ့သစ်-ဇောင်တော်သီ] ၂၅၃

တစ်ပွဲစား အမေယု [ဘုန်းပွင့်ထွန်း-မှန်ပြည်နယ်] ၂၅၅

မမေ့နိုင်သော ဘဝဟောင်း [စောမိသွင်-ရန်ကုန်] ၂၈၁

အတိတ်ဘဝ နှစ်ဘဝ ပြောပြနိုင်တဲ့ ကိုစံဝ
[မောင်မောင်မြ-ရေစကြို] ၂၈၉


## ကျင့်စဉ်ရောင်ခြည်


မိတ်ဖွဲ့လို့ထားပါ၊ နတ်မင်းကြီး (၂၈)ပါး
[အောင်နန္ဒစံ-ကျိုက်လတ်] ၄၆

နမောပြန်ဂါထာတော် ပုတီးဖြင့် စိပ်ပွားနည်း
[သန်းခေါင်-ပညာရေး] ၁၈၀

ရှားပါးတိမ်မြုပ်နေသော ပုတီးစိပ်နည်း
[အောင်မင်းဇော်-နေလဝိဇ္ဇာဂိုဏ်းတော်ကြီး] ၂၁၈

ဇယမိန ဂမ္ဘီရ အဓိဋ္ဌာန်ကျင့်စဉ်တော်ကြီး
[ခင်-စာသင်၊ ရောမြေ] ၂၂၂


## အစီအရင်ရောင်ခြည်


မြေရောင်းထွက်စေသော သေချာပေါက်
နည်းပညာတစ်ခု [ကောင်းမြင့်မြတ်စိန်] ၁၄၁

ခွေးလေခွေးလွင့်ကင်းဝေးအောင် ဘူးသီးခြောက်တိုဆောင်
[အင်ကြင်းပန်း] ၁၄၇

လာဘ်ပွင့်စေတဲ့ ကွမ်းရွက်အမြှာ[မောင်ရင်ထွေး၊ မအူပင်] ၁၆၇

ပိတုန်းအဆောင် စီရင်နည်း [စန္ဒာမိုး-တောင်ငူ] ၁၇၇

အောင်ကြောင်းဝေလွင် နင်းကြမ်းအစီအရင်[အုံကြွယ်] ၂၀၃

မြန်မာ့ရိုးရာယတြာနှင့် ကွင်းဆက်များ
[မောင်ဗဟိန်း-အင်းတော်] ၂၂၅




အောင်သိဒ္ဓိဆရာတော် ဦးဣန္ဒာစာရဆိုတာ
ပျံလွန်တော်မူတာ (၉) နှစ် ရှိပေမယ့်
ဆံပင်တွေ ရှည်ထွက်နေလို့ ရိတ်သင်ပေးရတယ်...
စာ-၂၅

အိမ်တော်မဟိဿ
ဆွေတားအနိုး တိုင်တို
နမူးထိ၍ အဓိဋ္ဌာန်ပြုကြ၏...
စာ-၁၁၀





www.burmeseclassic.com

www.burmeseclassic.com



ဤကန်အနီး၌ သမထကမ္မဋ္ဌာန်း အောက်တည်၍ သမာဓိ တည်ကြည်ဖြိုဖြိုပါက နဂါးနှစ်ကောင် ဝန်းရံစောင့်ကြပ်နေသည်ကို… ☛ စာ–၆၅

ခြသေ့်ဦးခေါင်းထက်မှ အစဉ်အတိုင်း စီးကျလာသော ရေစင်ကို ရှိသေစွာ ခံယူ၍ သောက်သုံးပါက… ☛ စာ–၁၀၂




□ အဂ္ဂိရတ်ရောင်ခြည် □

ညာတင်ကုတ်ဖြင့် ခဲသော ပြဒါးလုံးအဆောင်
[အဂ္ဂိရတ်သုတေသီ] ၅၅

ဓာတ်လုံးအဆောင် အညစ်အကြေးကင်းအောင်
[စည်သူကျော်နိုင်] ၁၅၁

မိုက်ထုတ်နည်း [ဦးသုမန–မစိုးရိမ်] ၁၇၄

ကွမ်းအစ်ထဲက ဆေးနှစ်ပါး ပြဒါးမိအောင်ဖမ်း(၁)
[ရွှေတောင် ခင်မောင်ကြည်] ၂၂၈

ရိက္ခာထောက်အတွက် ၁,၂၃,၄ ဓာတ်လေးပါးလမ်းစဉ်
[အောင်သန့်–ပုသိမ်ကြီး] ၂၃၇

✱ ဂါထာမန္တန်ရောင်ခြည် ✱

အနုလုံ ပဋိလုံ သရဏဂုံအစွမ်း အံ့မခန်း
[ဗိုလ်မင်း–မင်းလှ] ၁၉၈

အသက်တယ်သော ကိုယ်ပျောက်ဂါထာတော်
[ညီလေးငယ်–လယ်တော်] ၂၀၉

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ ကြွယ်လုလင်ဆရာတော်ကြီး ချီးမြှင့်ခဲ့သော မွေ့အာချုပ်မန္တန် [နေဝန်းသစ်] ၂၁၂

✱ ဆေးနည်းပါရောင်ခြည် ✱

ဝဲနှင်းခူဖြစ်ခဲ့လျှင် [မြဒင်–ဖင်းကျိုက်] ၂၃

ချင်းရိုးရာ ဝမ်းပိတ်ဆေး [ဝင့်ဝင့်အောင်–ခေတ္တ၊ ဟားခါး] ၁၇၆

ဆီးအောင့်သွေးပါ ဒီရောဂါ သက်သာပျောက်ကင်းဆေး
[အောင်ထက်–ရွာအနောက်မြို့တော်] ၂၂၇

သွေးတိုးချက်ချင်းကျ ဆေးနည်း [ကဿာ သင်းမွှေး] ၂၅၄

◆ ဆေးဗေဒရောင်ခြည် ◆

နောက်လိုက်အမြန် ရောက်လာစေပြီး မီးယပ်အဖောရောဂါအတွက် ဆေးနည်းမဟာ
[နတ်မောက် မင်းချစ်နော်] ၇၁

အမျိုးသမီးမီးယပ်ချမ်းရောဂါနှင့် ပတ်သက်၍
[မြမြဝင်း–တောင်ငူ] ၁၇၅

မဟာရွှေကူကြီးကျောင်းဆရာတော်၏ မြင်းခွာရွက်ဆေးလုံး [ဆေးသုတေသီ] ၂၁၅

✱ ဝိဇ္ဇာရသေ့ရောင်ခြည် ✱

ရဲမွှန်စခန်းမှ ဖြစ်ရပ်ဆန်း(၁) [ဝသုန်သက်လွင်] ၁၉၃

ကိုယ်ပျောက် ပုဂ္ဂိုလ်ထူးနှင့် ကျင့်စဉ်ထူး
[မင်းသွေးနွယ်–ဇီးကုန်း] ၂၆၆

ထူးဆန်းသော မြွေကြီးနှင့် ဖြစ်ရပ်ဆန်း [ဦးမျိုး–ဇီးကုန်း] ၂၇၃

www.burmeseclassic.com


**✢ ထူးခြားသစ်ပင်ရောင်ခြည် ✢**

ရန်ဘေးဟူသမျှကို တွန်းလှန်ကာကွယ်ပေးသည့်
လဝန်းမောင်နှံ *[ထက်မင်းကျော်စွာ]* ၁၅၃

**✂ ဗဟုသုတရောင်ခြည် ✂**

အိမ်ဆောက်မည့်မြေ *[မြေမှိုးချစ်–နတ်မောက်]* ၄၅
နေသင့်သော အရပ်ဒေသ *[တက္ကသိုလ် အပန်ငယ်]* ၁၉၉

**† ထူးခြားဓမ္မဦးရောင်ခြည် †**

သိဒ္ဓိဝင်အနက်(၉)ပါး ရှာဖွေခြင်းမှသည်...
*[ခင်ခင်ဝင်း–မောရဝတီ]* ၁၇
သစ်ခေါင်းထဲမှ ဂမ္ဘီရ မျောက်မင်းသမီးလေး
*[နိုင်မင်းညို]* ၄၁
ပေါ်တော်မူကျောင်းမှ မြန်မာ့အစီအရင်ရုပ်ပွားရုပ်တုများ
*[ခွန်စိုင်းဝမ်း]* ၁၂၁
ကျောက်လက်ဝါးအကြောင်း ထပ်ဆင့် ရှင်းလင်းချက်
*[ဦးမင်းဇင်–ရွှေနဝင်း]* ၂၉၂

**✳ အမျိုးသမီးအလှရောင်ခြည် ✳**

အရသာရှိသည့် ကင်းပုစွန် သဲမပါအောင် ပြုလုပ်နည်း
*[စောသိင်းလ]* ၁၅၂
ငါးသလောက်ပေါင်းဟင်း အမြန် နူးအိစေရန်
*[မြသက်မောင်–သုံးဆယ်]* ၂၈၈

**○ သုတေသနရောင်ခြည် ○**

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
*[ဇလွန်မြို့ မဟာနာဂဝ်သကျောင်းတိုက်ဆရာတော်*
*အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာဘိဝံသအား ဂါရဝပြုပူဇော်ခြင်း]*
*[သန်းပညာ]* ၁၁၉
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
*[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့]* ၁၇၂
ထုတ္တာန့်သိမ်ပုထိုးတော်မှ ရှေးခေတ်ရခိုင်ရိုးရာ
ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဗိုင်းလက်ရာများ(၆)
*[ပန်းချီးထူးလှ–ရွှေပေါင်းသုတေသန]* ၂၀၅

**○ မြစ်ချင်းမြိုးဆေးဝင်ဆေးမြစ်ရောင်ခြည် ○**

သူယောင်ဝမုန်း(ခေါ်) ဖော်ဂျီခါးပုံစနှင့်
ဆေးဖက်အသုံးများ *[မျိုးတင့်–ညောင်လေးပင်]* ၃၈
လုမ္ဗိနီအင်ကြင်းခေါ် ကလျာဏီအင်ကြင်း၏
ဆေးအသုံး *[ဆေးသုတေသီ]* ၈၆




ဤရုပ်တုကဲ့သို့ ဂမ္ဘီရဆန်သော
မျောက်ရုပ်တုလေးများအကြောင်း
သိရှိခဲ့သူ သုတေသီပညာရှင်များမှ... ➧ စာ–၄၁

ဤရုပ်တုနှစ်ခုအား ရှေ့နောက်တန်းစီ၍
အဝင်တံခါး အမြင်ဘက်သို့
လှည့်ထားပါလျှင်... ➧ စာ–၁၂၂





www.burmeseclassic.com

www.burmeseclassic.com




စေတီရင်ပြင်မှာ
မြောက်ဘက်ကနေ တောင်ဘက်ကို
ရှေ့လျှားနေတဲ့ ပန်းရထားတစ်စီးကို... ➡ စာ-၅၁

ပဏ္ဍုမြားဒုန်းဖောက်ရဲ့
ပဏ္ဍုမြားရှစ်သည် အနက်ရောင် အနီရော်ခင်
ကျောက်များဖြစ်သည်... ➡ စာ-၂၀



ဆန်ပြုန်ကမှန်း (၆)မျိုးထဲမှာ
ဒို ဓ ထွဲလျှက်ဖနေတာ
ကမှန်းလောင်းအစ်မျိုးနဲ့ ရှိတယ်... ➡ စာ-၁၅၃



## ကြည်ညိုခြင်းရောင်ခြည်


စံကားသားနှင့် ဗုဒ္ဓရုပ်ပွား [နိုင်မင်းညို] ၁၃၇


## အောင်မြေရောင်ခြည်


စပါးတောင်ခြေ သစ်ကိုတ်တောင် သာသနာ့အောင်မြေ
သို့ ခရီးတစ်ထောက် (၁) [မောင်မောင်စိုး-ထားဝယ်] ၃၃

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၂၀)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၉၇


## ကံဗေဒရောင်ခြည်


၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၂၁၆


## စိုက်ပျိုးရေးရောင်ခြည်


စိုက်ပျိုးရေးအတွက် ဆေးရွက်ကြီး ဆပ်ပြာဖျော်ရည်
[တင်ညိုအေး-နဂါးမြို့တော်] ၁၈၄

သီးပင်စားပင် စိုက်ပျိုးနည်းနှင့် ဗဟုသုတအတွေ့တွေ
[စလောင်သောင်း-သုံးဆယ်] ၂၇၂


## အင်းအိုင်ရောင်ခြည်


အဘယလာဘ သိဒ္ဓိအဆောင် ဒီစမကိုဆောင်
[အောင်(သိဒ္ဓိရာဇ)နဝင်းမြို့တော်] ၁၂၅

ဖုဋ္ဌသဂါထာအင်း အစီအရင်နှင့်
ကိုယ်တွေ့ဖြစ်ရပ်မှန်များ [အောင်မြင့်မြတ်-ကလေး] ၁၄၈

ကျန်းမာရေးအတွက် အင်းတစ်ကွက် [ဗိုလ်မင်း-မင်းလှ] ၂၂၄


## ပုဂ္ဂိုလ်ထူးရောင်ခြည်


မုဋ္ဌမတောင်ထိပ်မှ ရုပ်ကလာပ်တော် မပုပ်မပျက်သည့်
အောင်သိဒ္ဓိဆရာတော်အား ကြည်ညိုပူဇော်ခြင်း(၁)
[ဘုန်းကျော်စွာ-မြိုင်တဏ္ဍသိုလ်] ၂၅

တောင်မော်သာသနာ့ရိပ်သာ ဆရာတော်
ဦးဝိသုဒ္ဓါစာရအား ဂါရဝပြု ပူဇော်ခြင်း(၄)
[စံထွန်းသာ] ၅၇

မင်းတို့ ငါသေမှ သိလိမ့်မယ် [လွယ်ကောင်းအောင်] ၇၇

ခန္တီဆရာတော်ကြီး
[ဒေါ်သုမနဝိစိတ္တ-B.Sc,H.G.P,Dip.Ed] ၁၆၁


## ဆေးပညာရောင်ခြည်


ဆိတ်များ သရက်ရွက်ကြီးသော ဆေးနည်း
[နေမင်း-နတ်မောက်] ၂၈၈




www.burmeseclassic.com

www.burmeseclassic.com


**✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤**

သဘော်သီးအတွင်းမှ ပေါ်တော်မူဘုရားတစ်ဆူနှင့်
ထူးခြားဆန်းကြယ်ဖြစ်ရပ်များ *[ဆရာတော် ဘဒ္ဒန္တနန္ဒက]* ၁၃၄
ပုဂ္ဂိုလ်ထူးမြတ် ဈာန်သမာပတ် *[ကျော်လင်းသာ]* ၂၃၈
ရောဂါဆန်းနှင့် ပညာခန်း *[ပေါင်းတည် မြလှိုင်]* ၂၆၀
အမြန်လမ်းမကြီးပေါ်မှ ဖြစ်ရပ်ဆန်းများနှင့် ဖြေရှင်းနည်း
လမ်းညွှန် *[မနှင်းဆီ-ရေဆင်း၊ နေပြည်တော်]* ၂၆၅
ငှက်ပျောတစ်ပင် ရွှေစင်က တစ်ဖလား(၁)
*[ရွှေတောင်ကြည်မောင်အေး]* ၂၉၇

**❑ အထွေထွေရောင်ခြည် ❑**

မြွေကွင်းဆက်(သို့) မြွေကွင်းပိတ်အကြောင်း သိမှတ်
ဖွယ်ရာ ဖြေကြားချက် *[ဦးမင်းဇင်-ရွှေနဝင်း]* ၁၈၂

**✂ နေ့စဉ်သုံး အလင်းညွှန်ရောင်ခြည် ✂**

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း *[ဆရာ ရောင်ခြည်]* ၁၉၀
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ *[ဟူဂျင်းဇီ]* ၁၉၂
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ငွေကြေး
လာဘ်လာဘ သွက်လက်စေဖို့ *[ထက်မင်းကျော်စွာ]* ၂၇၂

**✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧**

တစ်နှစ်တာ သင့်အတွက် စီးပွားရှာရန် အရပ်ရှစ်မျက်နှာ
တွက်နည်း *[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်]* ၁၄၀
အပင်လေးပင် ဘယ်အပင် *[ကျော်မိုးလွင်-ဝါးခယ်မ]* ၂၁၇

**◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆**

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ *[ဟူဂျင်းဇီ]* ၁၂၆

**★ ဝိဇ္ဇာဓရရောင်ခြည် ★**

သာသနာပြုဝိဇ္ဇာများ၏ ဆိုဆုံးမစကားများ
*[ရွှေတည် မြဇင်ယော်]* ၁၆၉

**● ပရလောကရောင်ခြည် ●**

ပရလောက၏ ဆန်းကြယ်မှု *[မျိုးမြင့်]* ၂၄၁
မကိုးကွယ်လျှင်နေ မစော်ကားမိစေနှင့်
*[ခင်မောင်လေး-ဖန်ခါးမြေ]* ၂၄၇
သိုက်ပြေးတောင် *[နတ်မောက် လှမြင့်သစ်]* ၂၅၇
သေရွာပြန် ဘရသေ့ ဦးတိုင်းကျော်
*[အငြိမ်းစား တပ်မတော်အရာရှိတစ်ဦး]* ၂၆၃
ပရလောက ဆန်းကြယ် ဖြစ်ရပ်မှန်များ
*[ခင်-စာသင်၊ ရောမြေ]* ၂၇၀
ထူးဆန်းသော ထဘီသူခိုး *[ဦးစောထွန်း-ကလေးဝ]* ၂၇၈
မျက်နှာစိမ်း ညှိသည် *[အောင်ချမ်းသာ-ဗီးကုန်း]* ၂၈၄
အစွမ်းနှစ်ရပ် *[ထိလာကျော်]* ၂၉၅
ဖော်ရွှေတာလား ခေါ်နေတာလား
*[ဥမော်သွေး-ကျောင်းကုန်း]* ၃၀၂

ဆရာတော်ကြီး
မှ
အဘိဓမ္မာသုတ်
နှင့်
ဓာတုကထာသုတ်
ကို
အမြဲ
ရွတ်ဖတ်ပါက
ညာက်ကောင်း
စေ၏
တရား
ရလွယ်၏ဟု...
တ-၁၆၁ ▸



ဇော်ဂျီ
ခါးပုံစ
ခေါ်
သူယောင်
ဂမုန်း၏
ပန်းပွင့်ပါးကို
မြင်တွေ့ရ
တိုက်ကွေ့လျှင်...
တ-၃၀ ▸



ရွာထဲက
လူကြီးသူမ
တွေက
ပြောတယ်
ဒါ
နတ်ပေးတဲ့
ကလေး
ဂရုစိုက်ကြ...
တ-၂၃၃ ▸






www.burmeseclassic.com

www.burmeseclassic.com




◆ မနောမယအောင်တော်မူစေတီ

ဘုန်းကျော်စွာ
(မြို့င်တက္ကသိုလ်)

ရက္ကန်းစင်တောင်ဆရာတော် ဓာတ်ပန္နက် စိုက်ထူခဲ့သည့် ကရာကုန်းကျောင်းမှ

# မနောမယ အောင်တော်မူစေတီ (၁)



◆ ကရာကုန်းကျောင်းအဝင်မုခ်


ကောလင်းမြို့၏ အနောက်မြောက်ထောင့်အရပ်တွင် ကရာကုန်း၊ ကြာအင်း၊ အင်တပင်ဟူ၍ ကျေးရွာ(၃)ရွာ စီတန်းတည်ရှိရာ ဦးစွာ မြင်ရသည့် ကရာကုန်းရွာဦး၌ ရက္ကန်းစင်တောင် ဆရာတော်ကြီး အဓိဋ္ဌာန်ဝင် တရားအားထုတ်သွားသည့် မနောမယ အောင်တော်မူစေတီတော် ကိန်းဝပ်တော်မူကြောင်း ကျော်ဇေယျာရပ်နေ မိတ်ဆွေကြီး ဦးအောင်တိုးက ပြောပြခဲ့သည်။

အကြောင်း တိုက်ဆိုင်စွာပင် မြောက်အင်းရပ်၊ စိန်ပူးကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



◆ မနောမယစေတီလိုဏ်မှ ရောင်ခြည်တော် ကွန့်မြူးသည့် ရုပ်ပွားတော်

ဒေါ်အေးကြည်က ထိုစေတီလိုဏ်အတွင်း အဓိဋ္ဌာန်ဝင်အားထုတ်ခဲ့ရာ ထူးခြားမှုများ ကြုံတွေ့ရကြောင်း ထပ်လောင်း ပြောပြသဖြင့် သွားရောက်ပူဇော်ဖြစ်ခဲ့လေသည်။

## ပဏာမ ပူဇော်မှု

ကောလင်းသို့ စာပေခရီး စတင်ရန် ပဏာမ ပြင်ဆင်မှုအဖြစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ ကောလင်းနယ်ဆိုင်ရာ ဆောင်းပါးများကို လေ့လာခဲ့ရာ နေနီလင်း(ကောလင်း)၏ ကရာကုန်းကျောင်းနှင့်ပတ်သက်သော ဆောင်းပါးနှစ်ပုဒ်ကို တွေ့ခဲ့ရသဖြင့် မှတ်တမ်းပြုယူဆောင်ခဲ့သည်။

ယခု အကြောင်းတိုက်ဆိုင်သဖြင့် လေ့လာကြည့်ရာ ပထမ ဆောင်းပါး၌...

'၁၂၇၇ ခုနှစ်၊ တပို့တွဲ၊ တပေါင်းလတွင် တဲကြီးကုန်းဆရာတော် ဦးသောဘိတ ဝေဒနာ စွဲကပ်သဖြင့် ရွှေကုန်းစင်တောင်ဆရာတော် ဦးသြဘာသကို သွားရောက်ပင့်ဆောင်ရာ ကြွရောက်ကုသပေးသည့်အပြင် ကရာကုန်းကျောင်း၊ မနောမယအောင်တော်မူဘုရား လိုဏ်ဂူ၌ (၇)ရက်ခန့် တရားအားထုတ်ခဲ့သည်'

ဟု ဖော်ပြထားကာ၊ ဒုတိယဆောင်းပါးတွင်...

'ရွှေကုန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသသည် ၁၂၇၅ ခုနှစ်၊ မန္တလေးကျောက်စိမ်းတန်းအနီး ဆေးရုံကြီးဝင်းတွင် ဘဝအထူးစံလွန်တော်မူသည်'



◆ မနောမယစေတီ ရောင်ခြည်တော် ကွန့်မြူးတော်မူသည်ကို ဖူးတွေ့ရသူ ဒေါ်သုသီရိနှင့် ဒေါ်အေးကြည်





www.burmeseclassic.com

www.burmeseclassic.com





▲ ကာရာကုန်းကျောင်းဆရာတော် အရှင်တေဇသာရ

◀ ရက္ကန်းစင်တောင် ဆရာတော်ဦးဩဘာသ

ဟူ၍ ဖော်ပြထားပြန်သည်။

ရှေ့နောက် မညီသော ဤနှစ်ချက်အတွက် ကျွန်ုပ် စောဒက မတက်လိုပါ။ အကြောင်းသော်ကား မန္တလေးမြို့ ရောဝတီမြစ်ကမ်းရှိ ကမ်းနားလမ်းနှင့် လမ်း(၄၀)၊ (၄၁)လမ်းကြား **"လေးကျွန်းမာရ်အောင်"** စေတီတော်ဝင်းအတွင်း၌ ရက္ကန်းစင်တောင် ဆရာတော်ကြီး ၁၂၉၇ ခုနှစ်တွင် ပျံလွန်တော်မူ၍ တည်ထားသော အရိုးဂူစေတီကို ကိုယ်တိုင်ဖူးမြင်ခဲ့ရ၍ ၁၃၃၁ ခုနှစ်တွင် တောင်ကြီးမြို့ နွားလားဉဿဘတောင်ထက် ရွှေဘုန်းပွင့်စေတီအား တည်တော်မူစဉ် ရက္ကန်းစင်တောင် ဆရာတော်၏ ဓာတ်ပုံနှင့်တကွ ဖူးတွေ့နည်းယူ အကျိုးထူး ခံစားရသည့် ဒါယကာဦးခင်မောင်တင့်(စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်)၏ နှုတ်ထွက် စကားများလည်း ကိုယ်တိုင်ကြားသိရသောကြောင့် ဖြစ်သည်။

## ကျော်မှ ထွက်မယ်

နေပြည်တော်၊ လယ်ဝေးမြို့၊ ဖြူစင်မေတ္တာ တိုင်းရင်းဆေးခန်းမှ ဦးချိုဇနီးမောင်နှံက အင်ကြင်းမြိုင် ရက္ကန်းစင်တောင် (စမတောင် အနောက်ဘက်၌ရှိ၏။)သို့ သွားရောက် လေ့လာသင့်ကြောင်း အကြံပြုကာ ရက္ကန်းစင်တောင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်း စာတမ်းငယ်ကို ဒါနပြုခဲ့သည်။

ထိုစာတမ်း၌...

'ရက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသသည် သူငယ်တော်အသွင်၊ သူရူးအသွင်၊ ရသေ့အသွင်၊ ရဟန်းအသွင် အမျိုးမျိုးဖြင့် မဟာမြိုင် ရက္ကန်းစင်တောင်ခေါ် မွန်ပြည်နယ် ဆ,ကေသဓာတုဝင် တောင်များနှင့် မြန်မာနိုင်ငံအနှံ့အပြား ပါရမီ ဖြည့်ကျင့်တော်မူခဲ့ရာ နယ်ချဲ့အစိုးရက ကျော်ကြားမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားလေသည်။

အချုပ်ခန်းသို့ရောက်သော် ဆယ်ပါလောင်ငတ်မွတ်နေကြသည့် အချုပ်




www.burmeseclassic.com

www.burmeseclassic.com



▲ မယ်တော်ကုန်းအနီး ရေတွင်းမှ ရသည့် ကြေးဘူး

▼ အောက်ခြေနံရံမှ အရုပ်အချို့





www.burmeseclassic.com

www.burmeseclassic.com



◆ ငွေကြာယောင်ရိုက်ဖလား

သားတို့ကို ကူညီပေးသည်။

'မင်းတို့ ခေါက်ဆွဲကြော် စားချင်သလား'

'စားချင်ပါတယ် ဘုရား'

မကြာမီ အငွေ့တထောင်းထောင်းနှင့် ခေါက်ဆွဲကြော်များ ရောက်ရှိကာ အားလုံး ဝ,လင်အောင် စားကြရသည်။

ထို့နောက် ဆရာတော်က သူရှူးသဖွယ် သီဆိုကခုန်ရာ အချုပ်သားတို့ ပူပင်သောက ပြယ်ပျောက်၍ ရယ်ရယ်မောမော စီစီညံညံ ဖြစ်လာသည်။ ထိုအခါ အစောင့်ပုလိပ်များ လာရောက်မာန်မဲသည်။ အဓိက လှုံ့ဆော်သူ ဆရာတော်ကို ရှာဖွေရာ မတွေ့ကြရပေ။ ခေါင်မိုးထုပ်တန်းတွင် တက်အိပ်နေခြင်းဖြစ်သည်။

ပုလိပ်များက ခုံများဆင့်၍ တက်ဖမ်းသောအခါ ဆရာတော်သည် အချုပ်ခန်းအပြင်သို့ရောက်၍ ပုလိပ်များက အချုပ်ခန်းတွင် ပိတ်လှောင်လျက်သား ဖြစ်နေပြန်သည်။

ဤသို့ ရက်အနည်းငယ်ကြာအောင် ဝရုန်းသုန်းကား ဖြစ်နေရာ အာဏာပိုင်တို့က ဆရာတော်အား အချုပ်မှ မောင်းထုတ်ကြသည်။ မထွက်ချေ။

'ငါက ကျော်မှ ထွက်မယ်။ ကျော်ရန်ကိုယ်တိုင် လာခေါ်ရင် ထွက်မယ်'

ဟု မိန့်တော်မူသည်။ နောက်ဆုံးတွင် ပညာရေးဝန် ဦးကျော်ရန် ကိုယ်တိုင် ကားဖြင့် ပင့်ခေါ်ရသည်။ ဦးကျော်ရန်၏ ခြံဝင်းတွင် တဲထိုး၍ သီတင်းသုံးကာ ၁၂၈၇ ခုနှစ်တွင် ပျံလွန်တော်မူရာ ရွာဟိုင်းသုသာန်သို့ ပို့ဆောင်၍ ကြို့တင် မှာကြားခဲ့သည့်အတိုင်း မြေမြှုပ်သင်္ဂြိုဟ်ရသည်။

ဆရာတော်က ကပ္ပိယဦးမြကို...

'ငါသေရင် မီးမရှို့နဲ့၊ မြေမြှုပ်ပြီး နှစ်ပတ်ကြာရင်တူးယူ၊ လေးကျွန်းမာရ်အောင်ဘုရားမှာ အရိုးထု တည်ထား'

ဟု မှာကြားခဲ့ခြင်းဖြစ်သည်။ နှစ်ပတ်ကြာ၍ သွားတူးသောအခါ ရွှေဖြစ်နေသည့် လက်ကောက်ဝတ်ရိုးနှစ်ခု တွေ့ရသဖြင့် ယူဆောင်ကာ မန္တလေးမြို့၊ ရေဝတီမြစ်ကမ်း ပန်းထက်တံခါးလမ်းရှိ လေးကျွန်းမာရ်အောင် စေတီဝင်း၌ ဌာပနာပြု စေတီတည်သည်။ ခုနှစ် ကမ္ပည်းများလည်း ယခုတိုင်ရှိလေသည်။ ***[စာရေးဆရာ သီလ (ရေတံခွန်တောင်) ပြောပြချက်အရ သိရှိသည်။]***

## တောင်ကြီးအဝင်

ထို့နောက် ၁၃၂၈ ခုနှစ်တွင် ရက္ခန်းစင်တောင် ဆရာတော်ကို ရန်ကုန်တွင် ဖူးတွေ့ရကာ ၁၃၃၀ ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၂)ရက်နေ့၌



www.burmeseclassic.com

www.burmeseclassic.com

တပည့်များ ခြံရံ၍ တောင်ကြီးသို့ ကြွတော်မူသည်။ တောင်ကြီးမြို့ကို စီးမိုးလျက်ရှိသော ဘိုးမင်းတောင်ခေါ် နွားလားဥသဘတောင်ထိပ်တွင် ရွှေဘုန်းပွင့်စေတီ တည်ခဲ့သည်။

ထိုအချိန်တွင် တာရုတ်ဖြူတို့ ကြူကုတ်ကို ဝင်ရောက်ကျူးကျော်ရာ စေတီ တနင်္ဂနွေထောင့်၌ တရုတ်စစ်သူကြီးရုပ်တုကို ညချင်းပြီးအောင် သွန်းလုပ်စေသည်။ မကြာမီ ကြူကုတ်ကို လာရောက် တိုက်ခိုက်ကြသော အင်အား(၁၅၀၀)ခန့် ပြန်လည် ဆုတ်ခွာရကြောင်း သတင်းစာ၌ ပါရှိလာသည်။ ဆရာတော်က **"ရုပ်ဝါဒီသမားတွေ ဘယ်ခံနိုင်မှာလဲကွာ"**ဟု မိန့်တော်မူလေသည်။

ထိုကာလတွင် တောင်ကြီး ဥပစာ ကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်လည်း လာရောက်ပူဇော် ဆည်းကပ်ကာ ဘာဝနာအလုပ် မြဲမြံခဲ့ကြောင်း ဆရာကြီးကိုယ်တိုင် မိမိအား ပြောပြသဖြင့် ကြားသိရသည်။*(ဆရာကြီးသည် တောင်ကြီးမှ ပုသိမ်၊ ထိုမှ မော်လမြိုင် ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ခဲ့ရာ ၁၉၇၈ ခုနှစ်တွင် တွေ့ဆုံရခြင်းဖြစ်သည်။)*

တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီ ပြီးစီးသည့်နောက် ဆရာတော်ကြီးသည် ရန်ကုန်သို့ ပြန်ကြွရာ သွေးဝမ်းသွားနေသဖြင့် တောင်ငူမြို့ ဒေါ်ကြည်၏ နေအိမ်သို့ နောက်ဖေး မလှွယ်ပေါက်မှ ဝင်ရောက် တည်းခိုသည်။ ဂျပန်ခေတ်ကာလ၌...

'လာမယ် လာမယ် မကြည်ရဲ့၊ မလှွယ်ပေါက်နဲ့အိမ်'

အစချီ၍ မြန်မာအမျိုးသမီးများအား ချိုးနှိမ်သည့် တဘောင်သီချင်း ပေါ်ခဲ့သည်ကို ချေဖျက်၍ မြန်မာအမျိုးသမီး



ပြန်လည်ပြုပြင်ထားရှိသည့် ရုပ်ပွားတော်

များ အနှိမ်မခံရအောင် နံမြှင့်ပေးခြင်းဖြစ်၏။

(၂၄-၄-၁၉၅၀)နေ့တွင် ဒေါ်ကြည်၏ နေအိမ်တွင်ပင် ပျံလွန်တော်မူသည်။ ရုပ်ကလပ်တော် မကျန်ရစ်၊ အလိုအလျောက် ပျောက်ကွယ်သွားသည် ဆိုလေသည်။

*(တောင်ကြီးမြို့၊ ရွှေဘုန်းပွင့်ဘုရားသမိုင်းစာအုပ်မှ ထုတ်နုတ်သည်။)*

ကရာကုန်းကျောင်းသို့

ကောလင်းမြို့ အနောက်မြောက်ထောင့်အရပ် လယ်ကွင်းများကို ကျော်ဖြတ်ကာ ကရာကုန်းကျောင်း[...] သို့ ရောက်သောအခါ **"သာသန[...] မာမက ကရာကုန်းကျောင်းတိုင[...]"** ဟူသော ကမ္ပည်းနှင့် အသ[...]မှုခ်ကို တွေ့ရသည်။

ကရကုန်းကျောင်းထိုင် ဆရာတော်[...]

www.burmeseclassic.com

www.burmeseclassic.com



စေတီပျက်များမှရသော ရုပ်တုရုပ်ပွားများ

ဦးကေသရသည် သက်တော် (၈၀)ခန့်ရှိကာ ဒုတိယခန္တီးဆရာတော်ထံ ပညာသင်ယူခဲ့သော တပည့်တစ်ပါးဖြစ်ကြောင်း သိရသည်။ ကပ္ပိယကြီးခေါ်ဆောင်သွားသဖြင့် ဘုရားစင်အနီးရှိ ဆရာတော်အခန်းသို့ ဝင်ရောက်ဖူးတွေ့ဖြစ်သည်။

ဆရာတော်သည် လေဖြတ်သွားရာမှ နာလန်ထူခါစ ဖြစ်သော်လည်း ဝမ်းသာအားရ ထထိုင်ကာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို အထူးပင်နှစ်သက်ကြောင်း အားပါးတရ မိန့်ကြားတော်မူသည်။

'ကျောင်းဝင်းထဲမှာ စေတီပျက်အတော်များများ တွေ့ရတယ်၊ ဘယ်ခေတ်လောက်က တည်တာလဲဘုရား'

'မသိတတ်ပါဘူး။ မင်းတုန်းခေတ်လို့လဲ ပြောကြပါရဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)လောက်က စာရင်း လာယူသွားတယ်။ (၂၄)ဆူ ရှိသတဲ့။ စာရင်းသာယူသွားတယ်။ ပြင်မယ့်သူ မပေါ်လို့ အခုဆိုရင် ပြိုပျက်ပြီး (၂၄)ဆူ မပြည့်တော့ဘူး'

'ဟိုအရင်က ရက္ခန်းစင်တောင်ဆရာတော်ကြီး အဓိဋ္ဌာန်ဝင်သွားတယ်လို့ သိရပါတယ်။ ဆရာတော် သိသလောက် မိန့်ကြားပေးပါ ဘုရား'

'ဘုန်းကြီးတော့ မသိလိုက်ပါဘူး။ ရှေးလူကြီးသူတွေ ပြောကြတာပဲ။ အင်္ဂလိပ်ခေတ်လောက်က ရက္ခန်းစင်တောင် ဆရာတော်လာပြီး တရားအားထုတ်ခဲ့တယ်လို့ ဆိုကြတယ်။ အဲဒီတုန်းက ဓာတ်တိုင်လေးခု စိုက်သွားသတဲ့။

သာသနာဓာတ်တိုင်၊ လောကဓာတ်တိုင်၊ ဓနဓာတ်တိုင်၊ ဇီဝကဓာတ်တိုင်တဲ့။ သာသနာဓာတ်တိုင်က သာသနာတော်ကြီး အဓွန့်ရှည်ပြီး ပွင့်လင်းအောင်၊ လောကဓာတ်တိုင်က လောကကြီးအတွင်း တရားမျှတပြီး သုခပြည့်စုံအောင်၊ ဓနဓာတ်တိုင်က ဆင်းရဲကျပ်တည်းမှု ပပျောက်အောင်၊ ဇီဝကဓာတ်တိုင်က ကျန်းမာရေးပေါ့။ ဓာတ်တိုင်စိုက်တယ်သာ ပြောတယ်။ လိုက်ရှာကြတော့ မတွေ့ရဘူး။

ဘယ်တွေမှာလဲ သာသနာဓာတ်၊ လောကဓာတ်၊ ဓနဓာတ်တွေက ကျောင်းဝင်း အရှေ့တောင်နားက စေတီမှာရှိတယ်။ ကိုယ်တိုင်အားထုတ်ကျင့်ကြံမှ ရတာကို။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချီလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသိဟတို့က နှစ်(၃၀)ကျော် ကာလ အောင်မြင်ခဲ့သောဆေးများကို ဒေါက်တာရှင်များ ထောက်ခံချက်အရ ထုတ်လုပ် ဖြန့်ချီလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊ဗျက်စီရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊ဇအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါး၊ကျန်းမာစေပါသည်။

---



နေမူ ၊ စီးမူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောဝန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

---

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အခိုးအငွေ့မှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အခိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အများရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

---



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန

အမှတ်(၈၂)ဧဿျလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉၇၃၀၈၅၄၄၀၊၀၉၇၃၀၂၉၉၃၀၊၀၉၄၂၀၀၆၆၃၉၈




www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိဝင် အနက်(၉)ပါး

ရှာဖွေခြင်းမှသည်...

ခင်ခင်ဝင်း
(မောရဂတီ)



▲ ရှေးခေတ် ကျောက်စိမ်းကျောက်စုံ ကြယ်သီး ကျောက်စိမ်းနက်ပါသည်

အပိုင်း[၁]

ကျောက်မျက် ရတနာများ အကြောင်း လေ့လာမှတ်သား သင်ယူ၊ စုဆောင်းနေသောကာလ ၁၉၉၅ ခုနှစ်ခန့်တွင် မိတ်ဆွေတစ်ဦးမှ **“အနက်(၉)ပါး”** ရတနာအကြောင်း ပြောပြလာပါသည်။

ထိုအနက်(၉)ပါးအစုံ စုဆောင်းသင့်ကြောင့် ဆွေးနွေးတိုင်ပင်ဖြစ်ကြသည်။ အနက်(၉)ပါး၏ အမည်များကိုလည်း ရေးသား၍ မှတ်ထားကြသည်။

စုဆောင်းမိသမျှ အနက်ရောင် ရတနာများကိုလည်း စိတ်ဝင်စားစွာ ပြသကြသည်။ ရတနာဟူသည် မြတ်နိုးနှစ်သက်ဖွယ် ပစ္စည်းများဖြစ်သည့်အပြင်၊ လူတို့၏ မျက်စိဖြင့် မမြင်နိုင်သော သဘာဝသိဒ္ဓိများရှိနေကြသည့် အားလျော်စွာ အသက်ဝင် စွမ်းအင်ထူးများလည်း ရှိနေတတ်ကြသည်။

အချို့မှာ ရောဂါဝေဒနာများ ပျောက်တတ်ကြသလို ဘုန်းကံ တန်ခိုးသိဒ္ဓိများ ရှိနေတတ်ကြောင်း လေ့လာလိုက်စားသိရှိ ယုံကြည်ကြသည့် အားလျော်စွာ အနက်(၉)ပါးရတနာများကို အရှူးအမူး ရှာဖွေ စုဆောင်းကြပါတော့သည်။

အနက်(၉)ပါး သိဒ္ဓိဝင်ရတနာများ

၁။ မဟူရာကြီးအစစ်(ပီးပုလဲ)၊
၂။ စိန်နက်၊
၃။ ပုလဲနက်၊
၄။ ပတ္တမြားအနက်၊
၅။ နရနက်ရွှေ(အဂ္ဂိရတ်ရွှေနက်)၊
၆။ ကျောက်စိမ်းနက်၊
၇။ သန္တာနက်၊
၈။ ဆင်စွယ်နက်၊
၉။ ကုံ့ကူဆံနက်

စသည့် အနက်(၉)ပါးတို့ ဖြစ်ကြပါသည်။


နေ့စဉ် ညနေ(၃)နာရီနောက်ပိုင်းမှာ ဆုံနေကျ လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံကြသည်။ အလုပ်ဖြစ်သူက လက်ဖက်ရည် ဒကာခံသည်။ အနက်(၉)ပါး သိဒ္ဓိဝင်ရတနာများ ရှာဖွေရရှိသမျှ ထုတ်ပြကြသည်။

နံပါတ်(၁)ဖြစ်သော **“မဟူရာကြီးအစစ်”**ကိုတော့ လူတိုင်းလက်ဝယ် ပိုင်ပိုင်ရရှိထားပြီး ဖြစ်ပါသည်။ တချို့က ဝယ်ရင်လဲ အံမြှတ်ရလျှင် ပြန်ရောင်းမည့် သဘောစုထားကြသည်။


မဟူရာကြီး၏ ဂုဏ်သတင်းကို ပြောပြကြသည်။ သဘောကျ၍ ဝယ်သွားကြသဖြင့် အရောင်းအဝယ် ဖြစ်နေသည်။

‘ဒီကျောက်ကို ပြတိုက်နဲ့ဘုရင်မ အဲလစ်ဇဘက်က နှစ်သက်စွာ ဆောင်ထားတာ၊ မိုးကြိုးကို ကာကွယ်ပြီး တန်ခိုးကြီးတဲ့ ကျောက်လို့ တရုတ်လူမျိုးတွေက ယုံကြည်ကြတာ’ ရှေးမီနောက်မီ ကျောက်ဆရာကြီး

www.burmeseclassic.com




◆ ကျောက်စိမ်းနက် ပန်းပုထွဲသီး




◆ မှတ်မီးဟုခေါ်သော အနက်ရောင်
ကျောက်များ(လောင်းကစားသမားများ ဆောင်ကြသည်)

◆ သတ္တာပုလဲနက် သက်တံရောင်စဉ်



◆ ပတ္တမြားနက်



၏ သြဝါဒကို အားလုံးက ဆရာတင် မှတ်သားကြသည်။

'တရုတ်တွေက "မဟူရာ"ကို "မီးပုလဲ"လို့ ခေါ်တယ်။ ရှေ့ဖြစ်မယ့်အနာဂတ်ကို ကြိုတင် ဟောနိုင်တယ်။ ကုန်ရောင်းကောင်းမယ်။ အမျိုးအနွယ် အဆက်မပြတ်ဘူး။

ရန်သူကို အောင်နိုင်မယ်။ ရောဂါကို ကာကွယ်တယ်။ အခက်အခဲကို ကျော်လွှား နိုင်မယ်။ အသက်ကြီးလာရင် ကာယ၊ ဉာဏ ကြံ့ခိုင်မယ်။ ရောဂါဝေဒနာကို ကုစားနိုင် တယ်'

အချို့က စာနှင့် ရေးမှတ်ကြသည်။ ဒီလိုပဲ ရှေးကျောက်ပညာရှင်ကြီးများ ဆီမှ ပညာသင် မှတ်သားကြပါသည်။

'အာရှနိုင်ငံ ဘုရင်များ မဟူရာကျောက်ကို အမြဲဝတ်ဆင်ကြတယ်။ အသက်စည်းစိမ် လုံခြုံတယ်လို့ ယုံကြည်ကြတယ်။

ဒုတိယကမ္ဘာစစ်တုန်းက ဗြိတိသျှ စစ်သေနာ ပတိချုပ် လော့လူဝီမောင့်ဘက်တန် မြန်မာပြည်ကို မတိုက်ခင် (၆)ရက်အလိုမှာ





www.burmeseclassic.com

www.burmeseclassic.com

မဟာ့ရာကျောက်တစ်ပွင့် လက်ဆောင်ရပြီး အဆောင်ပြုထားတဲ့အတွက် မြန်မာပြည်ရော ဂျပန်ကိုပါ အောင်နိုင်ခဲ့လို့ လော့လူဝီ မောင့်ဘက်တန်ရဲ့ အမြတ်နိုးဆုံး ကိုယ်ပိုင် ပစ္စည်းတွေထဲမှာ မဟာ့ရာကျောက်တစ်ပွင့်လဲ ပါခဲ့တာပေါ့'

ဆရာကြီး၏စကားကြောင့် ထိုနေ့တွင် လူတိုင်း၏ လက်ထဲသို့ မဟူရာကျောက်တစ်ပွင့်စီ ဆောင်သွားကြလေသည်။

**နံပါတ်(၂) စိန်နက်**မှာ ဝယ်ရလွယ်ပါသည်။ စိန်ကုန်သည် ပွဲစားတို့အားမှာလိုက်လျှင် အလွယ်တကူ ရရှိပါသည်။

ဆရာကြီးများသည် စိန်နက်ကို သိပ်မကြိုက်ကြပါ။ စိန်သည် လူတိုင်း၏ သည်းခြေကြိုက်ဖြစ်၍ အဖြူရောင်ကိုသာ နှစ်သက်ကြပြီး စိန်နက်ကိုတော့ အနက်(၉)ပါးတွင် စုံအောင် သဘောမျိုးနှင့် ခပ်သေးသေးလေး ဝယ်စုကြပါသည်။

**နံပါတ်(၃) ပုလဲနက်**ကိုတော့ ပုလဲကုန်သည်များထံတွင် အလွယ်တကူ ဝယ်၍ရသည်မို့ လူတိုင်း၏ လက်ထဲတွင် ရောက်နေလေပြီ။ အကြီးအကျယ် ဈေးကွက်ရှိပြီး လူကြိုက်များနေသည်မို့ ငွေတော့ အကုန်ခံရသည်။

အရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းတွေက တစ်လုံးနှင့် တစ်လုံး ဈေးကွာကြသည်။ **''သက်တံရောင်စဉ်(၇)မျိုး ကိန်းအောင်းနေသော ပုလဲနက်တစ်ပွင့်ကို ဆောင်ထားပြီး အပြိုင်အဆိုင် အနိုင်ကြဲတဲ့ပွဲမျိုးမှာ ကိုယ်က အောင်နိုင်သည်''**ဟု ဆရာကြီးမှ ဩဝါဒပေးပါသည်။


'ပုလဲဆိုတာ ကမာကောင်တွေရဲ့ လျှို့ဝှက်စွာ ဖန်တီးခဲ့တဲ့ အမြုတေပဲ၊ အစွမ်းထက်မြက် ပုလဲနက်လို့တောင် ပြောလို့ ရတယ်။ လူတကာနဲ့ ယှဉ်ရင် အောင်မြင်စေရမယ်၊ လူတကာနဲ့ပြောရင် အနိုင်ရစေမယ်၊ လွှမ်းမိုးနိုင်စေရမယ်။

အဲဒီလိုကြုံလာရင် ဝတ်ဆင်ထားတဲ့ ပုလဲနက်ကို ပွတ်သပ် ဆုတောင်းလိုက်၊ အသေအချာကို အောင်နိုင်စေရမယ်'

ဆရာကြီး၏ အာမခံ လေသံကြောင့် ဈေးကြီးသော ပုလဲနက်များ အနက်(၉)ပါးစုသူတို့၏ လက်ထဲသို့ တစ်ပွင့်တိုး ပုလဲနက် ဖြစ်သွားပါတော့သည်။


ဆရာကြီးမှ ထပ်ကွန့်လိုက်ပြန်သည်။

'အီဂျစ်ဘုရင်မ ကလီယိုပါထရာရဲ့ ဒေါ်လာ သိန်း(၆၀)တန်တဲ့ ပုလဲပိုင်ဆိုင်သော ပွဲ



◆ သဘာဝပုလဲနက်များ

◆ ရှေးဟောင်း သန္တာနက်ပုတီး





www.burmeseclassic.com

www.burmeseclassic.com




▲ အနက်ရောင်ကျောက် ပုံသဏ္ဌာန်တစ်မျိုး




▲ မဟာရာကြီးအစစ်

▼ နရနက်သွေး(အဝိုင်းစာသွေးနက်) ရွှေရောင်ဓာတ်လုံးမြင့် ပုဇွတ်တွဲပြထား ပါသည်



▼ အနက်ရောင် အနီအလင်းပေါက် ပတ္တမြားနက်



အကြောင်း ကြားဖူးကြတယ် ဟုတ်လား...

ဆေးကျမ်းအလိုအရ ပုလဲဟာ အေးတယ်၊ ချိုတယ်၊ မျက်စိကို ကောင်းစွာ ကုစားနိုင်တယ်။

ယောကျ်ားတွေရဲ့ အားကို ဖြစ်စေသလို သလိပ်နာနဲ့ သည်းခြေနာကို ပျောက်စေတယ်။ ပုလဲကို အမှုန့်ကြိတ်ပြီးသောက်ရင် စိတ်နှလုံးပျော်ရွှင် အသားလှ နုပျိုစေတယ်'


**နံပါတ်(၄) ပတ္တမြားနက်**သည် မြန်မာပြည်ထွက် ကျောက်ဖြစ်သည့် အားလျော်စွာ အနက်ရောင် အနီသွေး ဝင်ကျောက်များစွာ ပြသကြသည်။ ဆရာကြီးမှ သေချာကြည့်ပြီး...

'အမှာဆင့်ကို ကြည့်ကြပါ။ အမာဆင့်(၇) အောက်ဆိုရင် ပတ္တမြားနက်လို့ မယတ်မှတ်ပါနဲ့'

အနက်(၉)ပါး. စုသူများသည် မိမိ ပညာဖြင့် အမာဆင့်ရှာ၍ အနက်ရောင် အနီသွေးရှိသည့် ကျောက်များကို ပတ္တမြားနက်အဖြစ် စုဆောင်းကြလေသည်။


'ပတ္တမြားဘုန်းတောက်တဲ့ ဆရာကြီးကတော့ ပတ္တမြားအနီကိုပဲ ကြိုက်ပါတယ် ကွာ၊ ကျွှာမှာ ဈေးအကြီးဆုံးကတော့

www.burmeseclassic.com



▲ သန္တာနက်နှင့် သန္တာနီအပင်များ


▼ မြေမှတူးရသော ရှေးဟောင်း အနက်ရောင်ကျောက်များ





www.burmeseclassic.com

www.burmeseclassic.com



◆ ရှမ်းပြည်နယ် အင်းလေးမှ အနက်ရောင် ဆေးပုတီး

မိုးကုတ်ပတ္တမြားပါပဲ။ ပတ္တမြားမောက်ကြီး အကြောင်း ကြားဖူးတယ်ဟုတ်လား။ မင်းတို့ အနက်(၉)ပါးသမားတွေကတော့ အနက်ရောင် စုကြပေါ့'

ဟု မိန့်ခြွေပါသည်။

**နံပါတ်(၅) နရနက်ရွှေ(အင်္ဂရတ်ရွှေနက်)**အင်္ဂရတ်ဆရာများထံ ချဉ်းကပ်ရသည်။ တချို့က**"ကုတ်တက်"**ဟု ခေါ်သော **ကြေးနက်(အင်္ဂရတ်ရွှေနက်)**ဟု ပြောကြသည်။

မည်သို့ပင်ဆိုစေ အနက်(၉)ပါး စုသူများသည် နာမည်ကြီးအင်္ဂရတ်ဆရာတော်ကြီးများပေးသော ဓာတ်လုံးနက်များကို ယုံယုံကြည်ကြည်ဖြင့် စုဆောင်းကြလေသည်။

ကျွန်မစုထားသော အင်္ဂရတ်ရွှေနက်(နရနက်ရွှေ)အဖြစ် ရွှေရောင်ဓာတ်လုံးဖြင့် ယှဉ်ပြ၍ ဓာတ်ပုံရိုက်ဖော်ပြထားပါသည်။

**(၆)ကျောက်စိမ်းနက်**မှာ ရှာဖွေရလွယ်ကူသော ကျောက်စိမ်းနက်ဖြစ်ပါသည်။ ကျောက်စိမ်းနက်လိုချင်သည်ဟု မှာလိုက်ရုံဖြင့် ကျောက်ပွဲစားများ ယူလာပေးတတ်ပါသည်။

ရှေးလူကြီးများသည် ကျောက်စိမ်းရောင်စုံများအား ရင်ဖုံးကြယ်သီးအဖြစ် ဝတ်ဆင်တတ်ကြသည်ကို ဓာတ်ပုံဖြင့် ဖော်ပြအပ်ပါသည်။

ကျောက်စိမ်းသည် မင်္ဂလာရှိခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ကာကွယ်တတ်သည်။

**(၇)သန္တာနက်** သန္တာကျောက်များသည် နှင်းဆီရောင်၊ ကြက်သွေးရောင်ရင့်ရင့်၊ ပန်းနုရောင်၊ အနက်ရောင်စသည်ဖြင့် တွေ့ရပြီး ရှေးလူများသည် ပုတီးကဲ့သို့ အပေါက်ဖောက်၍ ဆွဲထားကြသည်။

စုန်းပယောဂကို နိုင်သည်ဟု အဆိုရှိသည်။ ဝတ်ဆင်ထားသူ ကျန်းမာရေး ညံ့လျှင် အရောင်ပြောင်းပြတတ်သည်ဟု အဆိုရှိပါသည်။

သန္တာကျောက်သည် အကြီးအကဲ၏ ဂုဏ်သတ္တိရှိပြီး ပင်လယ်ပြင် သန္တာကျောက်တန်းများမှ ရရှိပြီး ဝယ်ယူစုဆောင်းရန် လွယ်ကူသဖြင့် အနက်(၉)ပါး ရှာဖွေသူများ မခက်ခဲ၊ မပင်ပန်းကြပါ။

သန္တာအနီပင်၊ အနက်ပင်များမှအစ သန္တာနီပုတီးလုံး၊ သန္တာနက်ပုတီးလုံးစသည်ဖြင့် ထုတ်ပြကြသည်။

**(၈)ဆင်စွယ်နက်** အနက်(၉)ပါး ရှာဖွေသူများ အားလုံး အသံတိတ်နေကြသည်။ ရှာဖွေစုစမ်းမရ လက်မှိုင်ချရသော ဆင်စွယ်နက်ဖြစ်ပါသည်။

ဆရာကြီးလည်း အသံတိတ်နေသည်။ အဖြူရောင်ဆင်စွယ်များသာ တွေ့ဖူးကြသည်။ ခက်ခဲသော ဆင်စွယ်နက်ပါပေ။

**(၉)ကံ့ကူဆံနက်**သည်လည်း မည်သူမျှ ရှာမရကြောင်း ပြောကြသည်။ နံပါတ်(၈)နှင့် နံပါတ်(၉)များကြောင့် အနက်(၉)ပါး စုဆောင်းသူများ အလိုမပြည့် ဖြစ်ကြရသည်။

ဆင်ကောင်ကြီး အမြီးကျမှ တစ်ဆိုသလို ဖြစ်နေကြသည်။ တစ်ဦးက ဟာသနှော၍ ပြောလိုက်ပုံမှာ **"ဆင်မြီးက အနက်ရောင်လေ... ဆင်မြီးကို အစားထိုးမလား"**တဲ့။ အနက်(၉)ပါးစုသမားများ ငိုအားထက် ရယ်အားသန်သောပွဲ ဖြစ်သွားပါတော့သည်။

နှစ်တွေလည်း ကြာခဲ့လေပြီ၊ အနက်(၉)ပါး ရှာဖွေစုဆောင်းကြသော ကျွန်မတို့လူစုလည်း ကွဲကွာသွားကြလေပြီ။

ကျွန်မတော့ စိတ်မလျှော့သေးပါ။ အနက်(၇)ပါးသာရှိသေးသော ရတနာများအား ဓာတ်ပုံနှင့်တကွ ဖော်ပြထားပါသည်။

**ကျန် အနက်နှစ်ပါးကို သိရှိသူများ ရေးသားပေးကြပါရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပန်ကြားအပ်ပါသည်။**

ခင်ခင်ဝင်း(မောရဝတီ)



www.burmeseclassic.com

www.burmeseclassic.com

''ဝဲနှင်းခူ''ရောဂါနှင့် ပတ်သက်၍ ခံစားနေကြရသော ဝေဒနာရှင်များအတွက် ဆေးနည်းကောင်းတစ်ခုကို ဖော်ပြပေးချင်ပါသည်။ ဝဲနှင်းခူအနာသည် အစိုနှင့်အခြောက်ဟူ၍ နှစ်မျိုးရှိသည်ကို သိရှိရပါသည်။ ဤရောဂါဖြစ်သည့်အခါတွင် တော်တော်လေးကို စိတ်ညစ်ရသော ရောဂါတစ်ခုဟူ၍လည်း သိရပါသည်။ ထို့ကြောင့် ဝဲနှင်းခူနှင့်ပတ်သက်၍ ကုသရာတွင် အသုံးပြုနိုင်သော **''ဆင်နှာမောင်း''**ပင်၏ အစွမ်းထက်ပုံကို တင်ပြပေးချင်ပါသည်။

**''ဆင်နှာမောင်း''**ပင်သည် နေရာဒေသမရွေးဘဲ ပေါက်လေ့ရှိသော အပင်မျိုးဖြစ်သည်။ ရှာဖွေရ လွယ်ကူပါသည်။ **အပွင့်တို့သည် အဖြူရောင်အပွင့်များဖြစ်ပြီး အရိုးတံမှာ ဆင်နှာမောင်းပုံသဏ္ဌာန်ကဲ့သို့ ကွေးညွတ်နေပါသည်။**

ဝဲနှင်းခူရောဂါများ ဖြစ်သည့်အခါများတွင် ''ဆင်နှာမောင်း''ပင်ကို အသုံးပြု၍ ကုသနိုင်လေသည်။

**အသုံးပြုပုံမှာ...**

ပထမ "ဆင်နှာမောင်း"ပင်ကို အမြစ်ပါ ပါအောင် နုတ်ယူရမည်။ နုတ်ယူထားသော အပင်များကို ခြောက်သွေ့အောင် လှန်းရမည်။ ထို့နောက် မီးရှို့ပြာချပါ။ မီးရှို့သည့်အခါ ပွင့်ပါးပါးစလုံးပါအောင် ပြုလုပ်ရမည်။

မီးရှို့၍ရသည့် ပြာမှုန့်များကို လုံခြုံစွာ သိမ်းထား၍ ရပါသည်။

ဝဲနှင်းခူအနာများ ဖြစ်သည့်အခါမှာ မိမိသုံးမည့်အနေတော်ကို ယူပါ။ တစ်ဖန် **ရေနံချေးနှင့် ဆတူရောပြီး ဝဲနှင်းခူဖြစ်သောနေရာကို လိမ်းခြင်းဖြင့်** ဝဲနှင်းခူဝေဒနာကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ဆေးမလိမ်းမီမှာ အနာကို ဂွမ်းစ သို့မဟုတ် အဝတ်စသန့်သန့်ဖြင့် ပွတ်သုတ် ဆေးကြောပြီးမှ စပ်ထားသော ဆေးကို အသုံးပြုနိုင်ပါသည်။



ဆင်နှာမောင်းပင် အမျိုးကာ်ပုံ

# ဝဲနှင်းခူ ဖြစ်ခဲ့လျှင်

ဆေးလိမ်းသည့်အခါ တစ်နေ့ကို (၃)ကြိမ်မှ (၄)ကြိမ်ထိ လိမ်းပေးပါ။ မကြာမီ ရက်အနည်းငယ် အတွင်းမှာ သက်သာလာပြီး အနာဖေးဖတ်တို့ ကွာကျလာလိမ့်မည်။

ထိုအခါ အမာရွတ်ဖြစ်သောနေရာကို ကြိတ်မှန်ရွက်ကို ပွတ်ခြေ၍ နေ့စဉ် သုတ်လိမ်းပေးပါက ရက်အနည်းငယ် အတွင်း အမာရွတ် ထင်ကျန်နေသော နေရာတို့သည် အမာရွတ် ပျောက်သွားပါလိမ့်မည်။

ဝဲနှင်းခူဖြစ်၍ ခံစားနေသော ဝေဒနာရှင်များအတွက် အထက်ဖော်ပြပါ ဆေးနည်းအတိုင်း စိတ်ချယုံကြည်စွာ သုံးစွဲခြင်းဖြင့် အကျိုးထူးရစေမည်ကို ရှေးရှု၍ စာရေးသူသည် ဤနက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဖော်ပြပေးလိုက်ပါသည်။

*[ဤဆေးနည်းကို စွန့်ပေးခဲ့သော ကုလားမတောင်တော်မှ ဆရာတော်ကိုလည်း ရှိသေစွာဖြင့် ဦးခိုက်ပါသည် ဘုရား...]*

မြဒင်(ဖင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှုန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုတ်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်။ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်ပေါက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com


www.burmeseclassic.com

မုတ္တမတောင်ထိပ်မှ ရုပ်ကလာပ်တော် မပုပ်ပျက်သည့်

# အောင်သိဒ္ဓိဆရာတော်

အား ကြည်ညိုပူဇော်ခြင်း (၁)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



❧ အောင်သိဒ္ဓိဆရာတော် [illegible]

## မိတ်ဆက်

ပခုက္ကူ–မော်လမြိုင် အဝေးပြေး ယာဉ်ပေါ်တွင် သက်တော် (၆၀)ကျော် ခန့်ရှိသည့် ရဟန်းတော်တစ်ပါးနှင့် ခရီး ဖော်အဖြစ် စီးနင်းလိုက်ပါခဲ့ရသည်။

ပဋိသန္ထာရ စကားဆို မေးလျှောက် ဖြစ်သောအခါ လွန်ခဲ့သည့် ဆယ်နှစ်ခန့် က မုတ္တမတောင်စွန်း ဘီလူးတစ်ရာခေါ် ကျိုက်ကလွန်ပွန်းစေတီ ပူဇော်မှုခရီး တွင် တွေ့ဆုံကူညီပေးခဲ့ဖူးသူ **ကမ္ဘာ လုံးကျော်ငါး ဆရာတော် ဦးဝဏ္ဏိတ** ဖြစ်နေသည်ကို သိရှိရလေသည်။

'အခု ဘယ်ခရီးက ပြန်လာတာလဲ ဒကာကြီး'

'ရေစကြို မြိုင်မြို့နယ်တွေကပါ'

'မုန်တိုင်းကြောင့် မိုး ရက်ဆက်ရွာ နေတယ်လို့ သတင်းတွေအရ သိရ တယ်။ အဆင်ပြေခဲ့ရဲ့လား'

'တပည့်တော် ပြန်လာတဲ့နေ့အထိ (၇)ရက်မြောက်ဆက်တိုက် ရွာဆဲပါပဲ။ မိုးခေါင်တဲ့ဒေသမှာ ရေကြီးတော့ လမ်းတွေပျက်၊ သဲချောင်းရေလျှံလို့ ထင်သလောက် ခရီးမပေါက်ဘူး။ ဒါ ကတော့ ကြုံရတတ်ပါတယ်။

မထင်မှတ်ဘဲ မှတ်သားစရာ အများ ကြီး ကြုံရသလို အားခဲပြီးသွားပေမယ့် ဒီလို လက်ဗလာနဲ့ ပြန်လာရတာလဲ ရှိပါတယ်။ ဘေးမသီ ရန်မခဘဲ ပြန် ရောက်လာတာကိုက အနန္တငါးဖြာရဲ့ ဂုဏ်ကျေးဇူးကြောင့်လို့ မှတ်ပါတယ် ဘုရား'

'ဒကာကြီး ဇာတိမြေမှာလဲ ထူးခြားတာ ရှိပါတယ်။ အောင်သိဒ္ဓိဆရာတော် ဦးကုန္ဒာ စာရဆိုတာ ပျံတော်မူတာ (၉)နှစ် ရှိပေမယ့် ဆံပင်တွေ ရှည်ထွက်နေလို့ ရိတ်သင်ပေးရ တယ်။ မပုပ်ပျက်တဲ့ ရုပ်ကလာပ်တော်ကို

www.burmeseclassic.com






အောင်သိဒ္ဓိကျောင်းအဝင်မုခ်

ဦးပဋ္ဌာန်ဦးဝိစာရ

အောင်သိဒ္ဓိကျောင်း



မုတ္တမတောင်ထိပ်မှာ ယနေ့အထိ ဖူးမြော်နိုင်ပါတယ်'

ဤသို့ ကြားသိရသဖြင့် မုတ္တမတောင်ခြေသို့ သွားရောက် ကြည်ညိုဖြစ်ခဲ့လေသည်။

## အောင်သိဒ္ဓိကျောင်းတိုက်သို့

မုတ္တမမြို့အဝင် (ဖွဲ့စည်းပုံအရ မုတ္တမကျေးရွာအုပ်စု) ကော့စိုင်ကျေးရွာ အောင်သိဒ္ဓိကျောင်းတိုက်သို့ ဝင်ရောက်ကာ လက်ရှိဆရာတော် ဦးနန္ဒိယအား ဖူးတွေ့ လျှောက်ထားသောအခါ ဝမ်းတွင်းအင်္ဂါ ခွဲစိတ်ကုသမှု ခံယူထားသဖြင့် ကျန်းမာရေး မပြည့်စုံသော်လည်း အရေးတယူ တွေ့ဆုံ မိန့်ကြားပေးတော်မူလေသည်။

'ဆရာတော်ကြီးက အနေအေးပြီး စကားလဲ နည်းတယ်။ တရားယောဖို့ တောင်းဆိုတဲ့အခါ အသံဖမ်းစက် အသံချဲ့စက်တွေ ပိတ်ခိုင်းပြီး တိုးလျှည်သာတဲ့အသံနဲ့ မိန့်ကြားတော်မူလေ့ ရှိပါတယ်။

မုတ္တမတောင်တန်းတစ်လျှောက် ဘုရားဂူတိုတွေ သိမ်ကျောင်းကန်အဆောင်တွေ မွမ်းမံပြီး သာသနာပြုရာမှာ နေ့ည မရှောင် အင်မတန် ဖွဲ့ကောင်းတယ်။ စာနယ်ဇင်းသမားတွေရောက်လာရင် မသိမသာရှောင်လွှဲထွက်သွားတတ်တယ်။

ပျံလွန်တော်မူပြီးနောက် ရုပ်ကလာပ်က မပုပ်မပျက်တဲ့ ကျန်ရှိပေမယ့် ဆရာတော်ဆန္ဒအတိုင်း စာနယ်ဇင်းတွေကနေ ရေးသားပြီး လူသိများအောင် ဘုန်းကြီး မကြွားခဲ့ဘူး။ လမ်းညွှန်ဆိုင်းဘုတ်တွေလဲ မထားဘူး။

သိတဲ့သူတွေ ဖူးကြပါစေ၊ ဘုန်းကြီးဆီလာမေးရင်လဲ သိရသလောက် ရှင်းပြပေးတယ်။ တကူးတက ချီးပင့်လမ်းညွှန်တာမျိုး မဖြစ်စေချင်ပါဘူး'

'တပည့်တော်အနေနဲ့ ဖူးတွေ့ရသလောက်ကိုသာ ရေးသားပါမယ်။ ဖွဲ့နွဲ့ချီးပင့်တာမျိုး မလုပ်ပါဘူး။ ထူးခြားတဲ့ ရဟန်းတစ်ပါးအနေနဲ့ မှတ်တမ်းကျန်ရစ်ရအောင် ရည်ရွယ်ပါတယ် ဘုရား'


'ဒကာတို့ မဂ္ဂဇင်းရဲ့ ရည်ရွယ်ချက်





www.burmeseclassic.com

www.burmeseclassic.com



သပြေပင်ကြီးနှင့် မုတ္တမနန်းဦးစေတီ

ကိုတော့ ဘုန်းကြီး လေးစားအားပေးပါတယ်။ ဟိုလမ်းတစ်ဖက်က နန်းဦးစေတီနဲ့ သပြေပင်ဆိုရင် အရင်က ဘယ်သူမှ အလေးမထားကြဘူး။ အဝတ်လှန်း၊ ဆေးလှန်းနဲ့။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေပြီး ဒါဟာ ရှေးဟောင်းမုတ္တမမြို့တော်ရဲ့ နန်းဦးစေတီတော် ဖြစ်ခဲ့တယ်။ အပေါ်မှာ ပေါက်နေတဲ့ သပြေပင်ကလဲ နှစ်ပေါင်းရာသက်တမ်းရှိပေမယ့် အရွယ်အစား မပြောင်းလဲဘူးဆိုတာ သာဓကတွေနဲ့ ရေးသားဖော်ပြခဲ့လို့ ဟိုတုန်းက ရ.ဝ.တ၊ ရ.ယ.ကပေါ့ဗျာ။ အာဏာပိုင်အဖွဲ့အစည်းတွေက စည်းရိုးကာ ထုံးဖြူသင်္ကန်းကပ်ပြီး အလေးအနက် ရှိလာကြတယ်။

ရှေးသမိုင်းဝင် စေတီအနေနဲ့ရော ထူးခြားတဲ့ သပြေပင်အဖြစ်နဲ့ မပျောက်မပျက်ရှိခဲ့တာဟာ ဒကာတို့မဂ္ဂဇင်းရဲ့ ကောင်းမှုပဲပေါ့။

**အခုလဲ အန္တရာယ်ကြုံရပြန်ပြီ။ ဌာနဆိုင်ရာ အဖွဲ့တစ်ဖွဲ့က အဆောက်အအုံဆောက်ဖို့ ဒီစေတီကို ဖြိုဖျက်မယ်လို့ သတင်းကြားရတယ်။ တတ်အားသရွေ့ ကုသိုလ်ပြုကြိုးပမ်းကြပါဦး။**

**စေတီတော်အသစ် မပွင့်ထွန်းရင်လဲနေပါစေ။ လက်ရှိ စေတီလေးက ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တဲ့ သမိုင်းအထောက်အထား ဖြစ်ပြီး သက်ရှိထင်ရှား မြတ်ဘုရားကို ရည်မှန်း ပူဇော်ခွင့် ရနိုင်သေးတယ်လေ။**

ဆရာတော်ကြီးနဲ့ ပတ်သက်လို့ ဘုန်းကြီးစိုးရိမ်ကြီးရတာက ရှေး အဖြစ်သနစ်တွေ ရှိခဲ့လို့ပါ။ “**မုတ္တမကျွဲခြံ**” တောင်ပေါ်မှာ ရုပ်ကလာပ် မပုပ်သိုးတဲ့ ဆရာတော်တစ်ပါးကို မှန်ခေါင်းနဲ့ ပူဇော်ထားတာ သုံး,လေးနှစ်အကြာမှာ မသူတော်တချို့က ဆေးသုံးရအောင်ဆိုပြီး သင်္ကန်းတွေချွတ် ခိုးယူပြီး ကိုယ်လုံးတီး ထားရစ်ခဲ့ကြတယ်။

ရက်ပိုင်းအတွင်းမှာ ရုပ်ကလာပ်က ပုပ်ပျက်ယိုယွင်းသွားတယ်။ ပါရမီလမ်းမှာတော့ ရုပ်ကလာပ် ပြန်သိမ်းသွားတယ်လို့ ပြောကြတယ်။ ဒါကြောင့် ဆရာတော်ကြီးနဲ့ ပတ်သက်လို့ မျှတအောင် ချင့်ချိန်ပြီး ရေးသားပါလို့ ဘုန်းကြီး အကြံပေးချင်ပါတယ်’

‘တင်ပါဘုရား…လုပ်ကြံချို့ထွင်မှု မရှိအောင်၊ အဂါရဝ မဖြစ်အောင် သတိထားပါမယ် အရှင်ဘုရား’

လက်ရှိဆရာတော်က အန္တိမစျာပနသဘင်၌ ဖြန့်ဝေခဲ့သည့် ထေရုပ္ပတ္တိအကျဉ်း စာတန်းငယ်ကို ရှာဖွေ စွန့်လှူပေးတော်မူလေသည်။

## မုတ္တမတောင်ထိပ်သို့

အောင်သိဒ္ဓိကျောင်းတိုက်မှ ပြန်ထွက်ကာ တောင်တက် အင်္ဂလိပ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဘွားလှန်းမွန်စေတီတော်

နှင့် ပေါင်–မော်လမြိုင် အဝေးပြေး ကားလမ်းထောင့်ရှိ ရှေးမုတ္တမမြို့တော် တည်စဉ်က ပူဇော်ခဲ့ကြသည့် နန်းဦး စေတီအား ဖူးမြော်၍ မှတ်တမ်းပြု သည်။

စေတီတော်မှာ ချုံနွယ်များ ပိတ်ဖုံး နေသော်လည်း စေတီသဏ္ဌာန် ပေါ် လွင်ပါသည်။ ထီးတော်အစားအရွယ် မပြောင်းသည့် သပြေပင်ကို တွေ့မြင်ရ သည်။

**ဤစေတီကား ရှေးမုတ္တမနန်းဦးစေတီ ဖြစ်သည်သာမက ယခုအခါ အောင်သိဒ္ဓိ ဆရာတော်၏ ရုပ်ကလာပ်တော် ဖူးမြော် ရန် လမ်းညွှန်ဆိုင်းဘုတ်အဖြစ်လည်း မြင်တွေ့ရသည်။**

ဤစေတီအနီးမှ ချိုးဝင်သွားသော တောင်တက် အင်္ဂတေလမ်းအတိုင်း တက်ရောက်ကာ တောင်ထက် လွမ်း စေတီ ပရိဝုဏ်နှင့်ကပ်လျက် ကုန်းမြင့် ၌ ဆရာတော်၏ ရုပ်ကလာပ်ကို ဖူးမြော်နိုင်သည်ဟု ကမ္ဘာ့လုံးဆရာ တော် ဦးဝဏ္ဏိတက လမ်းညွှန်တော်မူခဲ့ လေသည်။

ထိုလမ်းအတိုင်း ဝင်ရောက်၍ မုတ္တမ မြို့၊ ဝါရီရူရပ်ကွက်ကို ကျော်ဖြတ်သွား သောအခါ မုတ္တမ တောင်စွယ်ခြေရင်း သို့ ရောက်သည်။ မတ်စောက်သော် လည်း ရှည်လျားလှခြင်းမရှိသော တောင်တက် မြေသားကားလမ်းအဆုံး လက်ဝဲဘက်တွင် လွမ်းစေတီကို ဖူး တွေ့ရသည်။ ဥဏ်တော်မြင့်မား ထည်ဝါလှသော စေတီတော်ကြီး ဖြစ် ကာ အဝင်မုခ်ဦးတွင် **"ဆုတောင်း ပြည့်လွမ်းစေတီ"**ဟူသော ကမ္ပည်း ကို မြင်ရသည်။

ဤစေတီတော်ကြီးကို ပျံလွန်တော် မူပြီးသော အောင်သိဒ္ဓိဆရာတော် အရှင်ဣန္ဒာစာရ ဦးဆောင်၍ ရှေး စေတီဟောင်းနေရာတွင် အသစ်မွမ်းမံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် စေတီတော် တည်ဆောက်မှု ပြီးစီး၍ ထီးတော်တင် မင်္ဂလာသဘင် ဆင်ယင်ကျင်းပရန် ပြင်ဆင်နေခိုက် ကုန်းတော်၏ အရှေ့ ဘက် ဆင်ခြေလျှောတွင် မောင်နှမ နှစ်ဦးက ဆရာတော်အား ဝတ်ပြု လျှောက်ထားသည်။

ဤနေရာတွင် မိုတင်းနေထိုင်ကြ သော ဘုမ္မိရတ်များ ဖြစ်ကြကြောင်းနှင့် စေတီတော်အား ဆုတောင်းပြည့် လွမ်းစေတီဟု ဘွဲ့မည်ကပ်လှူပါရန် လျှောက်တင်ကြသည်။

ထီးတင်ပွဲ မတိုင်မီနေ့တွင် ရပ်နီး ရပ်ဝေးမှ တပည့်ဒါယကာများ စုဝေး စုံညီစွာ ရောက်ရှိလာကြသည်။ ထီး တင်ပွဲလာ ရဟန်းလူပရိသတ်များအား ကျွေးမွေး လှူဒါန်းရန် လှူဖွယ်ပစ္စည်း များလည်း စုံလင်စွာပြုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ဗိမာန်စံကျောင်း

စေတီဘွဲ့မည် သတ်မှတ်ဆက်ကပ်ရန် ပြောဆိုကြသောအခါ ဒါယကာအချို့က ပညတ်နိမိတ်ကောင်းမွန်သပ္ပါယ်သော ဘွဲ့မည်ကို ဆက်ကပ်လိုကြသည်။

သို့သော်လည်း ဆရာတော်က ကတိမဖျက်လို၍ ဘုမ္မိရတ်မောင်နုမ လျှောက်တင်သည့်အတိုင်း **"ဆုတောင်းပြည့်လွမ်းစေတီ"** ဟုသာ ဘွဲ့မည် သတ်မှတ် ကပ်လှူခဲ့လေသည်။

ထိုအခါတွင် ဒါယကာအချို့က လှူဖွယ်ပစ္စည်းအားလုံးကို **သာမဏေကြီးရှင်ဝိစာရ (ယခု ဆုတောင်းပြည့်လွမ်းစေတီကျောင်းတွင် ဆရာတော်အရှင်ကုန္တာစာရ ဗိမာန်အား စောင့်ရှောက်တော်မူသည့် ဦးဝိစာရ)** အား လွှဲအပ်ကာ "သင့်သလို စီမံပေးပါ" ဟု လျှောက်ထားလျက် ပြန်သွားကြသည်ဆိုလေသည်။

"လွမ်းစေတီ" ဘွဲ့မည်တော်၏ မူလရည်ရွယ်ချက်ကို မသိရသော်လည်း ဆရာတော်ဦးကုန္တာစာရသည် စေတီတော် ပွင့်ထွန်းပြီး နောက်နှစ်(၂၅-၁၀-၂၀၀၄)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်ဖြစ်ရာ ဆရာတော်ကိုပင် ညွှန်းဆိုလေသလားဟု ယူဆဖွယ် ရှိပေသည်။


လွမ်းစေတီဘွဲ့မည် ဗုဒ္ဓဟူးနံသည် ဆရာတော်ဦးကုန္တာစာရ နံတော်တနင်္ဂနွေကို "အောင်လံ" စတုရန်းဖြင့် အောင်မြင်ပြည့်စုံခြင်း "အောင်ဓာတ်ဆောင်" နေသည်ကိုမူ သတိပြုမိလေသည်။ **(စတုရန်းဖြင့် အောင်ဓာတ်ဆောင်သည့် အောင်လံတေဇသင်္ချိုဦးနန္ဒသေနထုံးကို ကာလိင်္ဂဓာတ်တွင် လည်းကောင်း၊ မုံရွာမြို့ အရှေ့လယ်တီတိုက် ဆရာတော်အရှင်ကုဏ္ဍလပြုစုသည့် မဟာသုတဒီပနီ ပထမတွဲ စာမျက်နှာ-ရ၃၂တွင်လည်းကောင်း အကျယ်လေ့လာနိုင်ပါသည်။)**

လွမ်းစေတီအား ရှိခိုးပူဇော်ပြီးနောက် ဦးဆောင်ပူဇော်သူ ဆရာတော်ဦးကုန္တာစာရနှင့် ခုနစ်ရက်သားသမီးကုသိုလ်ရှင်များ၊ ဘုမ္မိရတ်မောင်နုမနှင့် တကွ ကုန်းတော်တွင် မှီတင်းနေထိုင်ကြသော ဝေနေယျအားလုံးသို့ မေတ္တာပို့ အမျှပေးဝေခဲ့သည်။

လွမ်းစေတီအား တစ်ပတ် ပတ်၍ ဘုရားဝင်းမြောက်ဘက် ကပ်လျက်ရှိ ဆရာတော်ဦးကုန္တာစာရ ဗိမာန်သို့ သွားရောက် ဂါရဝပြု ကန်တော့သည်။

ဗိမာန်နောက်ဘက် တောင်စောင်းထိပ်၌ လွမ်းစေတီကျောင်းကို မြင်တွေ့ရကာ အရှင်ဝိစာရက လွမ်းစေတီနှင့် ဆရာတော်ဗိမာန်ကို စောင့်ရှောက်

www.burmeseclassic.com



▲ စံကျောင်းတွင်မှ ဘုတ်သလွှင်နှင့် မှန်ခေါင်း

လျက် သီတင်းသုံးတော်မူသည်။

ထိုအရှင်မြတ်ကလည်း အောင်သိဒ္ဓိ လက်ရှိဆရာတော် ဦးနန္ဒိယကဲ့သို့ပင် လှိုက်လှဲစွာ ကြိုဆို ကူညီပေးတော်မူသည်။

## ဦးကုဏ္ဍာစာရ၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာ မောင်အုံးရွှေကို သထုံမြို့နယ်၊ ဒုံဝန်းကျေးရွာနေ ပအိုဝ်းတိုင်းရင်းသား ဦးလုံနှင့် ဒေါ်လှမယ်တို့မှ မြန်မာသက္ကရာဇ် ၁၂၉၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၉)ရက် (၂၀-၁၀-၁၉၃၅) တနင်္ဂနွေနေ့ ည(၉း၃၀)နာရီတွင် မွေးဖွားခဲ့သည်။

သားချင်း သုံးဦးအနက် အထွေးဆုံးဖြစ်သည်။ အသက်(၉)နှစ်အရွယ်တွင် ဒုံဝန်းကျောင်းဆရာတော် ဦးကိတ္တိထံမှ စာပေ သင်ယူကာ (၁၁)နှစ်အရွယ်တွင် ရှင်သာမဏေ ပြုခဲ့သည်။ ဘွဲ့မည် ရှင်ကုဏ္ဍာစာရ ဖြစ်သည်။

၁၃၁၆ ခုနှစ်၊ တန်ခူးလဆန်း(၆) ရက်နေ့တွင် မစိုးရိမ်ကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဦးကိတ္တိအား ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။ ရဟန်းဖြစ်ပြီးနောက် သထုံမြို့ ရေကျော်ကျောင်းတွင် ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက်အောင် သင်ယူခဲ့သည်။

၁၃၂၇ ခုနှစ်တွင် ပေါင်မြို့နယ်၊ မုတ္တမတိုက်နယ် ကော့စိုင်ကျေးရွာ၊ အောင်သိဒ္ဓိမင်္ဂလာ ကျောင်းထိုင်ဆရာတော်အဖြစ် ကြွရောက် တာဝန်ယူတော်မူသည်။

မုတ္တမတိုက်နယ် သုဓမ္မာဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်ဆရာတော်၊ မြသိန်းတန် ကျိုက်ဖျဉ်ကူ စသော ရှေးသမိုင်းဝင် စေတီ(၁၅)ဆူ ထိန်းသိမ်းစောင့်ရှောက်ရေး ဩဝါဒါစရိယဆရာတော်တာဝန်များထမ်းဆောင်တော်မူခဲ့သည်။

မုတ္တမတောင်စွယ်ရှိ ရှေးစေတီဟောင်း အဆူ(၂၀)ကျော်ကို ဖော်ထုတ်မွမ်းမံတည်ဆောက်ခဲ့သည်။ မုတ္တမတောင်ရိုးတစ်လျှောက် တောင်တက်ကားလမ်းများ ကျောင်းကန်ဘုရားသိမ်ဟောင်းများ စသည့် သာသနိကအဆောက်အအုံများစွာကို ဖောက်လုပ်တည်ဆောက်၍ သာသနာတော် ပွင့်လင်း ထွန်းကားစေရန် ကြိုးပမ်းတော်မူခဲ့သည်။

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညှို့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဖက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်၊ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဖက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာမင်း မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–ဖြန့်ချိရေး

စကြာမင်း

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုခမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၈၇၁

www.burmeseclassic.com

www.burmeseclassic.com



◆ ကာဒင်ဝရွာတွင် ရှေးဦးစေတီများကို ဖူးမြော်ရစဉ်

မောင်မောင်ဖိုး
(ထားဝယ်)

စပါးတောင်ခြေ

# သစ်ကျိုတ်တောင် သာသနာ့အောင်မြေသို့

ခရီးတစ်ထောက် (၁)

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း(၁၄)ရက်နေ့ နံနက်ပိုင်းမှာ မိုးကောင်းကင်တစ်ခွင် တိမ်ဖြူတိမ်ညိုတွေ တလိမ့်လိမ့် အုပ်ဆိုင်းမှိုင်းမှုန်လျက် ရှိ၏။

မိုးရေစက်ဖွားလေးများ တဖွဲဖွဲ သွန်းဖြိုးကာ တဖြောက်ဖြောက် ရွာလိုက်၊ သဲသဲမဲမဲ ရွာလိုက်နှင့် ထားဝယ်မိုးရွာမစဲ တသဲသဲ ရှိချေ၏။

စာရေးသူအား ထားဝယ်မြို့မှ (၅)မိုင်ခရီးခန့် ကွာဝေးသော စပါးတောင်ခြေ ကာဒင်ဝရွာရှိ **သစ်ကျိုတ်တောင် သာသနာ့အောင်မြေသို့** အရောက်သွားချင်သော စိတ်ဆန္ဒလည်း ဖြစ်ပေါ်နေမိပေသည်။

ထိုသို့ ဆန္ဒဖြစ်ပေါ်နေခိုက် ထားဝယ်မြို့၊ ကညွန့်ရပ်နေ ဦးလေးဖြစ်သူ ဦးသိန်းမြင့် မျှော်လင့်မထားဘဲ စာရေးသူထံ ရောက်ရှိလာသည်။

အကြောင်းရင်းက သစ်ကျိုတ်တောင်ကျောင်း ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများမှ စုပေါင်း၍ ထိုကျောင်း၌ သီတင်းသုံးနေတော်မူသော အရှင်ပညောဘာသအား ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှောက်ပြီး ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ရေစက်သွန်းချ အမျှဝေလိုသောကြောင့် တရားတော်နာယူ အတူတကွ သာဓုခေါ်ဆို ကြွရောက်ရန် လာရောက်ဖိတ်ကြားခဲ့သည်။

ထိုကဲ့သို့ ဖိတ်ကြားခဲ့သဖြင့် အချိုရှာသကာတွေ့ ဆိုသကဲ့သို့ စာရေးသူ၏ လိုအင်ဆန္ဒလည်း ပြည့်ခဲ့ရပေတော့သည်။

သို့သော် ဦးလေး ဦးသိန်းမြင့်၏ ဖိတ်ကြားချက်ကို ဝမ်းမြောက်စွာ

www.burmeseclassic.com



▲ ရှင်မုတ္တီးရွာ မြိတ်ကားလမ်းမကြီးပေါ်မှ စပါးတောင်မြင်ကွင်း

▼ ကဒင်ဝ အဝင်လမ်း၏ လက်ဝဲဘက်၌ တွေ့ရသော ကနိုင်းဒိလ္လာ ဘုန်းတော်ကြီးကျောင်းကို မြင်ရစဉ်



လက်ခံခဲ့ပြီးနောက် မနက်ဖြန် တော်သလင်းလပြည့်နေ့မှာ မိုးလေဝသ ကောင်းပါမလားလို့ စိုးရိမ်စိတ်က ပိုနေမိသည်။ မိုးလေစဲ၍ ရာသီဥတု ကောင်းမွန်ပါစေလို့ စိတ်ထဲ ကိန်းအောင်းကာ တောင်းဆုပြုနေမိပါသည်။

တစ်ညတာ မိုးချုပ်၍ နောက်တစ်နေ့ နံနက် ဗုဒ္ဓနေ့ဖြစ်သည့် နေ့ထူးနေ့မြတ် မေတ္တာအခါတော်နေ့ တော်သလင်းလပြည့်နေ့ အချိန်အခါသို့ ရောက်ရှိလာသည်။

မိုးရေစက်တဖွဲဖွဲ နှင်းဖြူပွင့်ကလေးပမာ လေရှေ့တွင် လွင့်လျက်ရှိချေ၏။ နံနက်ချိန်အခါ (၈)နာရီတွင် ဦးဉာဏ်ရွှေ(သပြေချောင်း)၏ ဆိုင်ကယ်ဖြင့် လိုက်ပါကာ စာရေးသူတို့ ခရီးထွက်လာကြသည်။

ထားဝယ်–မြိတ် အဝေးပြေးကားလမ်းမကြီး၏ (၅)မိုင်ခရီးခန့် အရောက်တွင် ရွာတန်းရှည် ကနိုင်းဒိလ္လာသို့ ရောက်သည်။ ကနိုင်းဒိလ္လာသည် ကျေးရွာ ဆိုသော်ငြားလည်း မြို့ပြနှင့် မခြား တိုက်တာအဆောက်အအုံများဖြင့် စည်ပင်ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပေသည်။

ကနိုင်းဒိလ္လာ တောင်ဘက် အစွန် ရှင်မုတ္တီးရွာနှင့် ကျေးရွာချင်းဆက် မြိတ်ကားလမ်းမကြီးပေါ် အရှေ့ဘက် (လက်ဝဲဘက်)၌ ကနိုင်းဒိလ္လာ ဘုန်းတော်ကြီးကျောင်းကြီးကို မြင်ရ၏။

ထို ဘုန်းတော်ကျောင်းအနီးမှာ ကျောက်ခင်းလမ်းကို တွေ့ရသည်။ အရှေ့ဘက် ကိုက်(၁၀၀)ခန့်မှာ ကဒင်ဝအဝင် ရွာဦးစေတီကို ဖူးမြော်ရသည်။

ရှေ့ဆက်ကာ (၂)ဖာလုံ ခရီးသွားလျှင် ကဒင်ဝ အဝင်လမ်းဆုံ မြေနီလမ်းသို့ ရောက်ရှိ၏။ ထိုလမ်းဆုံ၏ လက်ဝဲဘက်လမ်းထောင့်တွင် အရှေ့ဘက်ကို မျက်နှာမူထားသော အခြေခံပညာ အစိုးရ မူလတန်းကျောင်းကို သစ်လွင်ထည်ဝါစွာ မြင်ရ၏။

ကဒင်ဝရွာသည် စပါးတောင်ကြီး၏ တောင်ဘက် တောင်ခြေသစ်ကျိုတ်တောင်စွယ်၏ အနောက်ဘက်တောင်ခြေတွင် တည်ရှိသော ရွာတစ်ရွာ ဖြစ်သည်။

သစ်ကျိုတ်တောင် တောင်ခြေ ကဒင်ဝရွာသည် ကွမ်းသီး၊ ဒူးရင်း၊ မင်းကွတ်၊ နာနတ် စသည့် ဥယျာဉ်ခြံမြေထွက် စားပင်သီးပင်များဖြင့် စိမ်းလန်းအုပ်ဆိုင်းလျက် ရှိချေ၏။

ရွာအဝင် မြေနီလမ်းဆုံမှ လက်ယာဘက်သို့ ချိုးကွေ့ကာ တစ်ဖာလုံခရီးခန့် တောင်ဘက်သို့ ဦးတည်ကာ ဆိုင်ကယ်ကို မောင်းသွားရ၏။

ရှေ့တွင် လမ်းဆုံတစ်ခု ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပြန်ပါသည်။ လမ်းဘေးဝဲယာ တစ်လျှောက်၌ ကွမ်းသီးခြံများအတွင်း လူနေအိမ်များကိုလည်း မြင်ရ၏။

တောရိပ်တောင်ရိပ်ကြောင့် စိတ်အေးချမ်းသာရပါ၏။ တောင်ကုန်းအတက်ကို စက်အရှိန်မြှင့်၍ တဖြည်းဖြည်းမောင်းကာ တောင်တက်သွားရသည်။

တောင်ကုန်းတောင်တန်း ကမ်းပါးပတ်လမ်း တစ်လျှောက်တွင် မိုးရေတိုက်စားထားတာကြောင့် မြေချိုင့်ခွက်များ၊ ကျောက်ချွန်ကျောက်ခဲများ မြေပေါ်သို့ ထိုးထိုးထောင်ထောင် ထွက်ကာ ရှိနေ၏။

ထိုလမ်းခရီးကို ဆိုင်ကယ်စီး၍ သွားရတာကြောင့် အန္တရာယ် ရှိနေ၏။ ခရီးသွားရတာ စိုးရိမ်စိတ် လွှမ်းမိုးလျက်ရှိ၏။ ဘုရား၊ တရား၊ သံဃာ တို့ကို အာရုံပြု၍သာ ဤခရီးကို သွားနေရ၏။ မိုးစက်ရေမွှားကလေးများ တဖွေးဖွေး ရွာသွန်းဖြိုးလာချေသည်။

သစ်ကျိုတ်တောင်၏ တောင်စွယ်တောင်တန်းတို့ကို တစ်တောင်ပြီး တစ်တောင် တောင်ကမ်းပါးပတ်ကားလမ်းအတိုင်း တက်လိုက်ဆင်းလိုက်ဖြင့် ဆိုင်ကယ် မောင်းနှင်သွားရ၏။

တောင်တက်တောင်ဆင်း ခရီးတစ်လျှောက် လမ်းဘေးဝဲယာတွင် ချော်ဘာခြံကြီးများကို အစီအရီ တွေ့ရ၏။ ခရီးသွားချိန် (၁၅)မိနစ်ခန့် အကြာတွင် သစ်ကျိုတ်တောင် တောင်ကုန်းထိပ်ကို မြောက်ဘက် တောင်ခြေမှ လှမ်း၍ မြင်နေရပါပြီ။


တောင်ကုန်းအောက်ခြေမှ တောင်ကုန်းထိပ်သို့တက်သော ကားလမ်းသည် မတ်စောက်လွန်းလှသည်။



သစ်ကျိုတ်တောင် မြောက်ဘက် တောင်ခြေမှ တောင်ထိပ်သို့ လှမ်းမြင်ရသော မြင်ကွင်း

သစ်ကျိုတ်တောင်ထိပ် တောင်စောင်း မြောက်ဘက်မြင်ကွင်း






သစ်ကျိုတ်တောင် ရေတွင်းကြီးပုံ



www.burmeseclassic.com

www.burmeseclassic.com




▲ သစ်ကျိုက်တောင် ရေတွင်းကြီး၏ မြောက်ဘက်မျက်နှာစာ၌ တွေ့ရသော ကောင်းမှုတော်တံ ကျောက်စာ



▲ သစ်ကျိုက်တောင်စေတီတော်ကို အနောက်မြောက်ထောင့်အရပ်မှ ဖူးမြော်ရစဉ်



◄ သစ်ကျိုက်တောင်ဘုန်းတော်ကြီးကျောင်း အဆောက်အအုံပုံ

▼ သစ်ကျိုက်တောင်ဘုန်းတော်ကြီးကျောင်း၏ ဆောင်းရိပ်ပြသော်မြင်ကွင်း



သို့နှင့် ပြေပြစ်သော အရှေ့ဘက် တောင်ကမ်းပါးပတ် ကားလမ်းအတိုင်း တက်ရောက်ကြရ၏။

သစ်ကျိုတ် တောင်ကုန်းပေါ်တွင် ဒူးရင်း၊ မင်းကွတ်၊ ကွမ်းသီး၊ ငှက်ပျော ပင်၊ ရွက်လှပင် စသည့် စားပင် သီးပင်၊ ပန်းအလှပင်တို့ဖြင့် စိမ်းလန်း စိုပြည် အုပ်ဆိုင်းလျက်ရှိသည်။

တောင်စောင်းမြေပြန့် မြောက် ဘက်ရှိ ဇရပ်တစ်ဆောင်အနီး သစ်ပင် ရိပ်အောက်မှာ ဆိုင်ကယ်များကို အစီ အရီထားတာ မြင်ရ၏။

သစ်ကျိုတ်တောင်မှာ လောက သရဖူ ကျောင်းတော်မှဘုရားကြီး၏ ခြေတော်ရင်း စပါးတောင်ပြို၏ တောင်ရုံတစ်တောင် ဖြစ်သည်။

သစ်ကျိုတ်တောင်သို့ ခြချမိသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် တွေ့မြင်လိုက်ရသည့် တောတောင် ရှုခင်းပသာဒတို့က ရင်ကို အေးမြသွားစေခဲ့၏။

တော တောင် ရေ မြေ သဘာဝ တင်မဟုတ် ဓမ္မရိပ်၏ အေးမြသော သန္တိသုခလှိုင်းကပါ စာရေးသူ၏ ရင်ကို ညင်သာစွာ ရိုက်ခတ်သွားခဲ့ရ၏။

ဂဏာဝိမုတ်ကူးတို့ ဂိုဏ်းချုပ်၏ ပထမဆရာတော်ကြီး၏ ဂုဏ်ရည်တော်များကို စိတ်တွင် အောက်မေ့ရင်း တောင်ပူစာလေးများပေါ်သို့ တဖြည်းဖြည်းချင်း တက်လာခဲ့ကြသည်။

ထိုတောင်ပေါ်တွင် ပိဋကတ်တိုက် ဆရာတော်ကြီး၏ တောရဆောက်တည်တော်မူရာ တောင်တော်ဖြစ်သည်။

ရေတွင်းရေကန်နှင့် ကျောင်းဆောင်များဖြင့် စည်ကားခဲ့သော်လည်း နောက်ပိုင်းကာလတွင် တောရဆောက်တည် ဘုန်းတော်ကြီးများ ဆက်လက် မပေါ်ထွန်းခဲ့ပေ။

သို့သော် ယခုအခါ သစ်ကျိုတ်တောင်ဆရာတော်နှင့် အရှင်ပညောဘာသဆရာတော်တို့သည် သစ်ကျိုတ်တောင်၊ တောင်ပေါ်ကျောင်း၌ သီတင်းသုံးနေထိုင်လျက် သာသနာ စည်ပင်ပြန့်ပွားရေးကို ဆောင်ရွက်နေတော်မူလျက် ရှိနေပါပြီ။

အရှင်ပညောဘာသအား ရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှောက် ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေ တရားတော်နာယူ သာဓုခေါ်ဆိုကြရန် လာရောက်ကြသည့် တရားနာပရိသတ်များ သစ်ကျိုတ်တောင်ပေါ်၌ စည်ကားလျက် ရှိကြ၏။



▲ သစ်ကျိုတ်တောင်စေတီတော်ကို

အရှေ့မြောက်ထောင့်အရပ်မှ ပူဇော်ရစဉ်

▼ သစ်ကျိုတ်တောင်စေတီတော်၏

အနောက်ဘက်မျက်နှာစာ အောက်ခြေ မြင်ကွင်း



သစ်ကျိုတ်တောင်ပေါ်၌ တောင်ကုန်းသည့် လှေကားထစ်ပုံသဏ္ဌာန်ရှိ၏။ အရှေ့ဘက်တောင်စောင်း မြေပြန့်နေရာ မြောက်ဘက်နှင့် တောင်ဘက်တို့၌ ဇရပ်ကြီးနှစ်ဆောင်ရှိ၏။


တောင်ဘက်အရပ်ရှိ ဇရပ်ကြီး၏ အနောက်ဘက်တွင် ရေတွင်းကြီး တစ်တွင်းကို မြင်ရသည်။ ထိုရေတွင်းကြီးရှိရာဆီသို့ သွားရောက် လေ့လာမိသည်။

ထိုရေတွင်းကြီး အဝအကျယ်သည် (၁၀)ပေခန့်ရှိပြီး အနက်သည် (၃၂) တောင်ခန့်ရှိ၏။ ရေတွင်းပေါင် အမြင့်သည် (၃)ပေခန့်ရှိ၏။ ရေတွင်းကြီး၏ ပေါင် ထုထည်(၉)လက်မခန့်ရှိ၏။

ရှေ့လ ဆက်ဖတ်ပါရန်

စံထွန်းသာ

www.burmeseclassic.com



▲ သူယောင်ဂမုန်း(ခေါ်)ဖော်ကျိုခါးပုံစ

▼ သရက်ပင်၌ ကပ်ပေါက်နေသော
သူယောင်ဂမုန်း(ခေါ်)ဖော်ကျိုခါးပုံစ





▲ သရက်ပင်၌ ကပ်ပေါက်နေသော
သူယောင်ဂမုန်း(ခေါ်)ဖော်ကျိုခါးပုံစ

ချိုးတင့်
(ညောင်လေးပင်)

သူယောင်ဂမုန်း(ခေါ်)

# ဖော်ကျိုခါးပုံစ

နှင့် ဆေးဖက်အသုံးများ

သူယောင်ဂမုန်းဟူ၍ ကြားလိုက်ရသည်နှင့် လူတိုင်းလိုလို စိတ်ဝင်စားကြမည် ဖြစ်သည်။ သူယောင်ဂမုန်းပင်သည် ဝိဇ္ဇာဖော်ကျိုများ ဆေးတောင်ဝှေးနှင့် တို့ထိလိုက်ရုံနှင့် (၁၆)နှစ်သမီးအရွယ် ဖွံ့ထားကြီးပြင်းလာသော ဂမုန်းမျိုးတော့ မဟုတ်ပါ။

သူယောင်ဂမုန်းပင်သည် စာရေးသူတို့မြင်ကွင်းတွင် ရှိနေသော ဆေးဖက်ဝင် **ပင်ကပ်ဂမုန်းပင်မျိုးသာ** ဖြစ်သည်။

သူယောင်ဂမုန်းပင်ကို မြန်မာနိုင်ငံအနှံ့အပြား၌ ပေါက်ရောက်နေကြသော ကုက္ကိုပင်ကြီးများနှင့် သရက်ပင်များတွင် တွေ့ရတတ်သည်။

သူယောင်ဂမုန်းပင်ကို (ဖော်ကျိုခါးပုံစ)ဟုလည်း ခေါ်သေးသည်။ နာမည်များ မှည့်ခေါ်ပုံမှာ ဂမ္ဘီရဆန်သကဲ့သို့ ပေါက်ရောက်နေပုံမှာလည်း တစ်ဘာသာ ဆန်းသစ်နေသည်။


သူယောင်ဂမုန်းတို့ကို သစ်ပင်ကြီးများတွင် သတိပြု လေ့လာကြည့်လျှင် ထူးခြားစွာ တွယ်ကပ်ပေါက်ရောက် နေတတ်ကြောင်း တွေ့ရသည်။

အပင်ဖြစ်စတွင် အချင်း(၁)လက်မမျှရှိသော မှော်ရွက်သဏ္ဌာန်မျိုးရှိသည်။ အလတ်စား အရွယ်ရောက်သော် ပဒုမ္မာကြာရွက်နှင့် တူလာပြီး အရွက်၏အလယ်တွင် ထူးခြားသော "အစ" နှစ်ခု ထွက်ကျလာ

စာမျက်နှာ (၃၉) သို့

www.burmeseclassic.com

# ဩဇာသီး



## မပြုံမပုပ်ရအောင်

တစ်နေ့တွင် စာရေးသူနေအိမ်သို့ အိမ်နီးချင်း စိုက်ပျိုးရေးခြံမှ ဘဉာဏ်၏ သမီးငယ် မအေးမူသည် အထုပ်လုံး ကလေးများ ငါးလုံး၊ ခြောက်လုံးခန့် လက်နှစ်ဖက်တွင် ထည့်၍ သူ့သူငယ် ချင်းဖြစ်သူ စာရေးသူ၏သမီးကြီး မန္တယ်နီဝင်း လက်ထဲသို့ လာပေးနေ သည်ကို တွေ့လိုက်ရပါသည်။

သမီးကြီးက ဘာတွေလဲဟု မအေးမူ ကိုမေးရာ မအေးမူက ဩဇာသီးမှည့် များကို လာပေးတာဖြစ်ကြောင်း ပြောပါ သည်။

ဩဇာသီးများကို ပိန်းရွက်ဖြင့် ထုပ်၍ အုပ်ပြီး လာပေးတာ ဖြစ်သဖြင့် အထူး အဆန်းမို့ မေးမြန်းကြည့်ရာတွင် မအေးမူက ဩဇာသီးကို မှည့်အောင် ခူးအုပ်ပုံကို အောက်ပါအတိုင်း ပြောပြ ပေးပါသည်။

အပင်မှ ဩဇာသီးအရင့်များကို ခူးပြီး ပိန်းပင်မှ ပိန်းရွက်များကို ခူး၍ ဩဇာသီးတစ်လုံးလျှင် ပိန်းရွက်တစ် ရွက်ဖြင့် ထုပ်၍ **အရွက်ထိပ်ကို စုပြီး နီးကလေးဖြင့် ချည်ကာ လုံခြုံသည့် တောင်း (သို့မဟုတ်) သေတ္တာတွင် ထည့်၍ အုပ်ပါက သုံး,လေးရက် ကြာလျှင်** ဩဇာသီးများ မှည့်လာ ကြောင်း...

မှည့်လာသော ဩဇာသီးများသည် ပုပ်ခြင်း၊ အမှည့်လွန်၍ ပြဲသွားခြင်း မျိုး မရှိဘဲ တသန်တည်း လုလုပပ မှည့်ကြောင်း အပုပ်အနာ ထိခိုက်မှုခံနိုင် သည့် ဩဇာသီးမှည့်များ ရရှိသည့် နည်းကလေးကို ပြောပြပေးပါသည်။

စာရေးသူလည်း ထိုဩဇာသီးများ ကို စားရပြီး နောက်တစ်နေ့တွင် အမျိုး တော်စပ်သူ အိမ်တစ်အိမ်၏ ခြံဝင် ပေါက်အပေါ်တွင် ကိုင်းကျနေသော ဩဇာပင်မှ ဩဇာသီးရင့်များ တွေ့ရှိ သဖြင့် တောင်းခူးရာ ဩဇာသီး(၆)လုံး ခန့် ရခဲ့ပါသည်။

အိမ်အရောက်တွင် ယင်းဩဇာသီး (၆)လုံးကို ဇနီးသည်က ပိန်းရွက်များ ခူး၍ ပိန်းရွက်ထဲ ဩဇာသီးထည့်ကာ နီးဖြင့် စုစည်းထုပ်ပြီး ဆန်ဆေးတောင်း တစ်လုံးတွင် ထည့်၍ အုပ်ထားပါသည်။

သုံးရက်ခန့်အကြာ၌ အနာအဆာ ဖြစ်ခြင်း၊ အမှည့်လွန်၍ ဖိမိပြီး ပြဲသွား ခြင်းတို့ မဖြစ်ဘဲ တသန်တည်း အလုံး မပျက် မှည့်နေသော ဩဇာသီးများကို ရရှိ စားသုံးခဲ့ရပါသည်။

ယခင်ကဆိုလျှင် ဩဇာသီးများ ခူးပြီး တောင်းထဲမှာထည့်ပြီး အုပ်ထား ပါက အောက်ထဲက အလုံးက အရင် မှည့်သဖြင့် အပေါ်က အလုံးတွေက ဖိထားသောကြောင့် ပြဲကုန်တာမျိုး ဖြစ်ပြီး စားမရတော့ပါ။

ဤနည်းကလေးရတော့ အဆင်ပြေ ပြေစားသုံး၍ ရသွားပါပြီ။ စာရှုသူများ လည်း မခဲယဉ်း၍ ဤနည်းလေးဖြင့် ဩဇာသီး ပိန်းရွက်ထုပ်အုပ်ပြီး စားနိုင် ကြပါစေ။

ဤနည်းကလေး ပြောပြပေးသော မအေးမူအား အထူးပင် ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**စေန္ဒာမိုး(တောင်ငူ)**

စာမျက်နှာ (၃၈)မှ အဆက်

သည်။ ယင်းကို ဇော်ဂျီခါးပုံစဟု ခေါ်ကြသည်။ အချို့က **ဗြဟ္မာမင်း ခါးပုံစ**ဟု ပြောကြသေးသည်။

အရွက်အုံ တဖြည်းဖြည်း ကြီးလာ သကဲ့သို့ ခါးပုံစလည်း ကြီးလာသည်။ (၁)ပေ (၁)ပေခွဲသာသာ တွဲလဲကျ ဆင်းနေခြင်းဖြစ်သည်။ ရုက္ခဆိုင်ရာ အပင်တို့၏ ဆန်းကြယ်မှုဖြစ်စဉ်ဟု ဆိုနိုင်ပါသည်။ ထိုပုံသဏ္ဌာန်ကို အမြင် ရှင်းရန် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး တင်ပြပေးလိုက်ပါသည်။

ဇော်ဂျီခါးပုံစ (ခေါ်) သူယောင် ဂမုန်းကို မြန်မာ့ကျေးလက်တောရွာ တိုင်းတွင် အလွယ်တကူ ရယူနိုင် သည်။ သို့ပါသော်လည်း သူ့အမည်ကို လည်းမသိ ဆေးဖက်ဝင်အသုံးကို လည်း မသိဘဲ ရှိကြသည်။

ဇော်ဂျီခါးပုံစပင်သည် သရက်ရွက် ရောဂါနှင့် ပတ်သက်လာလျှင် အသုံး ဝင်လှပါသည်။ ပဒ္ဒငါးပါးကို ပြုတ်၍ တိုက်ကျွေးလျှင် သရက်ရွက်နှင့် ပတ်သက်သောရောဂါများ ပျောက် သည်။ ပဒ္ဒငါးပါးကို ဖွာချ၍ ဖောရောင် သူများကို လိမ်းပေးရသည်။

ရေဖျဉ်း ရောဂါသည်တို့အတွက် အရွက်ကို ကျက်ရုံမျှ ပြုတ်ရသည်။ ပါးပါးလှီး မန်ကျည်းရည်၊ ကြက်သွန်နီ၊ ပုစွန်ခြောက် စသည်များထည့်၍ လက်သုပ်လုပ်စားရသည်။ ယင်းပြုတ် ရည်ကိုဟင်းချိုပြုလုပ်၍သောက်ရသည်။

(၇)ရက်တစ်ကြိမ် ဝမ်းနုတ်ပေးရ သည်။ ဤနည်းအတိုင်း (၃)ပတ်မျှ ပြုလုပ်ကုသပေး၍ သက်သာပျောက် ကင်းခဲ့သူတို့ကိုကိုယ်တွေ့မြင်ဖူးပါသည်။

လမ်းဘေးပေါက်အပင် ဖြစ်သော် လည်း အသက်ကယ်ဆေးပင်ဖြစ် ကြောင်း တိုင်းရင်းဆေး ချစ်သူများ အတွက် ရေးသားတင်ပြပါသည်။

**မေတ္တာရှည်လျှက်...**

**မျိုးတင့်(ညောင်လေးပင်)**

**ကိုး**


**အရှင်နာဂသိန် ပုံနှိပ်ဆေး အဘိဓာန်(တတိယတွဲ)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၆၆၃၂

မုံရွာဆရာမိုး -ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့တည့်တည့်မှ မြင်ရသော မျောက်မရုပ်တု



◆ နောက်ဘက်မှ မြင်ကွင်း

သစ်ခေါင်းထဲမှ ဂုဏ်ရှိရ

# မျောက်မင်းသမီးလေး

နိုင်မြင့်ဆို

[၁]

ရပ်စောက်မြို့နယ် (နဂါးမြို့တော်)၊ မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာ၏ အနောက်ဘက် **ရပ်စောက်-ပင်းတယသွား** ကားလမ်းမကြီးမြောက်ဘက်အနီးတွင် နေထိုင်သော ဦးမြင့်ဆွေ၊ ဒေါ်မနန်းအေးတို့မိသားစုတို့နေအိမ်တွင် မျောက်ရုပ်ကလေးတစ်ရုပ်ကို သစ်ခေါင်းထဲမှ ရထားသည်ဟု စာရေးသူကျွန်တော် ကြားသိရသည်မှာ ရက်သတ္တပါတ် တစ်ပါတ်ခန့်ရှိပြီဖြစ်ပါသည်။


ပထမဦးဆုံး **"သစ်ခေါင်းထဲက မျောက်ရုပ်တုတစ်ခုရတာ အဆန်းလား"** ဟု ခပ်ပေါ့ပေါ့ပင် မှတ်ယူထားခဲ့ပါသည်။

သင်္ကြန်အကြိုနေ့၌ ဒေသခလေ့အတိုင်း ရွာရှိ သက်ကြီးဝါကြီးများကို ပူဇော်ကန်တော့ကြပါသည်။ ထိုသို့ ရွာတွင်းရှိ ရပ်မိရပ်ဖ သက်ကြီးဝါကြီးများကို ညနေခင်းတွင် သွားရောက်ကန်တော့သည့်အခါမှ ထိုဦးမြင့်ဆွေတို့မိသားစု ရရှိထားသော မျောက်ရုပ်ကလေး၏ ဂုဏ်ရှိရဆန်းသော သတင်းများမှာ ရွာအတွင်းတွင် အတော်လေး ပျံ့နှံ့နေသည်ကို ကြားသိခဲ့ရပါသည်။

www.burmeseclassic.com



လက်ယာဘက်မှ မြင်ကွင်း



လက်ဝဲဘက်မှ မြင်ကွင်း

ထို့ကြောင့် ရုပ်တုကလေး ပိုင်ဆိုင်ထားသူ ဦးမြင့်ဆွေ၏နေအိမ်သို့ ရောက်ရှိခဲ့ပြီး စုံစမ်းမေးမြန်း တွေ့ရှိခဲ့ရသမျှကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် ရေးသား တင်ပြလိုက်ပါသည်။

တွေ့ရှိခဲ့ရပုံမှာ ဦးမြင့်ဆွေတို့ လုပ်ကိုင်စားသောက်နေသော တောင်ယာခင်းမှာ ယခု ယင်းတို့နေအိမ်မှဆိုလျှင် (၅)မိုင်ခန့်ကွာဝေးသည့် **ချောင်းဦးတိုပလောင်ရွာ၏ အရှေ့တောင်ဘက်**တွင် ဖြစ်ပါသည်။

တပေါင်းလပြည့်နေ့မတိုင်မီ အဖိတ်နေ့၌ ဦးမြင့်ဆွေတို့မိသားစုမှ တောင်ယာခင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းရန်နှင့် ငုတ်တို၊ ငုတ်စများ တူးဖော်ရန်အတွက် အိမ်ရှိ ထော်လာဂျီဖြင့် သွားခဲ့ကြသည်ဟု ဆိုသည်။

တောင်ယာခင်းသို့ ရောက်ရှိပြီး နားနေကြ **"ညောင်ကြတ်ပင်ကြီး"** အောက်တွင် ပါလာသည့် ထမင်းထုပ်များ၊ ရေဘူးများကို နေရာချပြီး ခေတ္တအနားယူကြပါသည်။

ထို့နောက် ဦးမြင့်ဆွေမှ သူ ရှဉ့်ကြွက်နှိုက်၍ ဖမ်းယူနေကြ "ညောင်ကြတ်ပင်"ပင်စည်ကြီးရှိ သစ်ခေါင်းအောက်ခြေသို့ သွားကြည့်ခဲ့သည်ဟု ဆိုသည်။

ထိုသို့ အရင်သွားရောက်၍ ကြည့်ရခြင်းမှာ သစ်ခေါင်းတွင်း ရှဉ့်ကြွက်ကလေးများရှိလျှင် သစ်ခေါင်းအောက်၌ စားကြွင်းစားကျန် သစ်သီး၊ သစ်ရွက်စလေးများကို တွေ့ရလေ့ရှိပြီး ထိုအစအနေလေးများ တွေ့ရပြီ ဆိုကာမှ သစ်ခေါင်းအတွင်းနှိုက်ယူ ဖမ်းဆီးလေ့ရှိသည်ဟု ဆိုပါသည်။ ထိုသို့ ဖမ်းယူခဲ့သည်မှာ ယခုနှစ်အတွင်း ရှဉ့်ကြွက်နှစ်ကောင်ရပြီးပြီဟု ဆိုပါသည်။

ထိုနေ့တွင်မူ မည်သည့်အပိုင်းအစလေးများမှ မတွေ့ရသော်လည်း သစ်ခေါင်းတွင် ရှဉ့်ကြွက်ကလေးများ ရှိလိုရှိငြား နှိုက်ကြည့်ရာမှ ထိုကမ္ဘာ့ရဆန်လှသော မျောက်ရုပ်ကလေးကို ထူးဆန်းစွာ ရရှိခဲ့သည်ဟု ဆိုပါသည်။


ဦးမြင့်ဆွေတို့ တောင်ယာခင်းမှာ မည်သူ့တောင်ယာခင်းနှင့် မနီးစပ်ကြောင်း၊ လူသူအရောက်အပေါက် အလွန်နည်းကြောင်းကိုပါ ပြောပြပါသည်။ ပထမဦးဆုံး စတွေ့တွေ့ချင်း မိသားစုကို ပြကြည့်ရာ ဇနီးဖြစ်သူ မနန်းအေးမှ လုံးဝကြည့်မရခဲ့ဟု ဆိုပါသည်။ အိမ်သို့လည်း မယူလာရန် တားဆီးခဲ့ပါသည်။

မျောက်ရုပ်ကလေးမှာ မျောက်မလေးဖြစ်ပြီး လူသားလိုဆိုရလျှင် အဝတ်မစားမပါ(ကိုယ်လုံးတီး)ပုံ ဖြစ်နေပါသည်။ ရုပ်တုအရွယ်အစားမှာ




www.burmeseclassic.com

www.burmeseclassic.com



မျောက်ရိုးသီးတောင့်နှင့် မျောက်မလေးအား တွေ့ထားသည့် မျောက်ရိုးသီးခွံ



မျောက်မလေးကို ထားရာနေရာ တောင်ဘက် ပြတင်းပေါက်အနီး

(၃)လက်မခန့်ရှိပြီး သစ်သားလည်း မဟုတ်၊ ကျောက်သားလည်းမဟုတ်၊ ရွှံ့စေးမြေသားလည်းမဟုတ်၊ ကြေးရုပ်တုလည်း မဟုတ်ပါ။ မည်သည့်အရာနှင့် ထွင်းထုထားသည်ဟု ယနေ့တိုင် မသိရှိရသေးပါ။

လက်ရာနှင့် အချိုးအစားမှာ အလွန်အနုစိတ်၍ အချိုးအစားပြေပြစ်လှသည်ကို တွေ့ရှိရပါသည်။ သူကိုယ်လုံးတီးဖြစ်နေသည်ကို ရှက်ရွံ့ဟန်ဖြင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဝှက်ကာထားသည့် ပုံသဏ္ဍာန်ဖြစ်ပါသည်။

ပိုမိုထူးခြားချက်တစ်ခုမှာ ထိုမျောက်မလေး၏ လက်နှစ်ဖက်ကြားရင်ဘတ်တည့်တည့်တွင် **ရွှေဝါရောင်အကွက်လေး**ကို တွေ့ကြရခြင်းပင် ဖြစ်ပါသည်။

[၂]

စာရေးသူကျွန်တော် ဤစာစုကို ရေးဖြစ်သွားရခြင်း၏ အကြောင်းရင်းမှာ ဦးမြင့်ဆွေ၏ အငယ်ဆုံးသားဖြစ်သူ သူငယ်တန်းတက်နေသည့် မောင်ချိန်ပုံး အသက်(၆)နှစ်အရွယ်လေးမှ ပြောပြချက်နှင့် ဦးမြင့်ဆွေမိသားစုနှင့် အိမ်နီးနားချင်းများ၏ အလွန် စိတ်ဝင်စားရန်ကောင်းသည့် စကားများကြောင့် ဖြစ်ပါသည်။

ထိုသူတို့၏ ပြောပြချက်အရ ဦးမြင့်ဆွေမှာ အိမ်မှ ထော်လာဂျီနှင့် အငှားလိုက်မောင်းသည့်အပြင် အခြား အားရက်များ၌ တောင်ယာတက်၍ ယခုမိုးရာသီစိုက်ပျိုးရန်အတွက် ပြင်ဆင်နေလေ့ရှိပြီး ထိုသို့ တောင်ယာသွားရာတွင် မိသားစုလိုက် ထမင်းထုပ်များ၊ ရိက္ခာထုပ်များပါ ယူသွားကြပြီး တစ်နေကုန်နေကြသည်ဟု ဆိုပါသည်။

ထိုသို့သွားလျှင် အိမ်တံခါးများကို ပိတ်ထားခဲ့ကြောင်း၊ အိမ်စောင့်အဖြစ် အငယ်ဆုံးသားဖြစ်သူ "မောင်ချိန်ပုံးလေး"ကိုသာ ဘေးအိမ်တွင် ထားခဲ့လေ့ရှိကြောင်း ပြောပြပါသည်။

တစ်နေ့ တောင်ယာမှ ညနေခင်း အိမ်ပြန်လာစဉ် တောင်လေ လာရာ အိမ်ရှေ့ပြတင်းပေါက်မှာ ပွင့်လျက်သားဖြစ်နေပါသည်။ ပုံမှန်ဆိုလျှင် ဦးမြင့်ဆွေတို့ တောင်ယာသွားလျှင် သားငယ်ဖြစ်သူ မောင်ချိန်ပုံးလေးမှာ မည်သည့်အခါမှ အိမ်ပေါ်သို့ မတက်ကြောင်း၊ သူ့


www.burmeseclassic.com



▲ ဖျောက်မလေးကို သစ်ခေါင်းထဲမှ ရလာသူ ပိုင်ရှင်ဦးမြင့်ဆွေ



▲ ဖျောက်မလေးမှ လှမ်းစကားပြောသည်ကို ကြားရသည့် သားလေး မောင်ရှိန်မိုး



▲ ဖျောက်မရုပ်တုလေး ရရှိခဲ့သည့် ညောင်ကြတ်ပင် သစ်ခေါင်း

အတွက် နေ့လယ်စာကိုလည်း ဘေးအိမ်တွင် ထမင်းထုပ်ထားပေးခဲ့ကြောင်း...

ထိုနေ့က အိမ်ပြန်ရောက်ချိန် ပြတင်းပေါက် ပွင့်နေသဖြင့် ဦးမြင့်ဆွေနှင့် မနန်းအေးတို့မှ သားငယ်ဖြစ်သူကို တက်ဖွင့်သေးလားဟု မေးခဲ့ကြောင်း၊ ထိုအခါ သားငယ်ဖြစ်သူက အိမ်မြောက်ဘက်အရိပ်၌ ဘေးအိမ်မှ ကလေးများနှင့် ဆော့ကစားနေစဉ် အိမ်ပေါ်မှ **"ပူအိုက်လွန်းတယ်၊ တံခါးလာဖွင့်ပေးဦး"**ဆိုသည့် အသံကြားသောကြောင့် သား တက်ဖွင့်ပေးလိုက်ကြောင်းဟု ပြောပြပါသည်။

တစ်ခေါက်၊ နှစ်ခေါက်မက ထိုသို့ဖြစ်လာသောကြောင့် မိဘများမှာ အံ့အားသင့်လာရသည်ဟု ဆိုသည်။ သားဖြစ်သူကို...

**'ဘယ်သူက ဖွင့်ခိုင်းလို့ သားက တက်တက်ပြီး ဖွင့်ပေးနေရတာတုံး'** ဟု မေးမြန်းကြည့်ကြရာ

'ဟို ပြတင်းပေါက်ထောင့်မှာ ဖေဖေတို့ တင်ထားတဲ့ဖျောက်မလေးက ခိုင်းလို့' ဟု ဆိုပါသည်။

ပိုမို ထူးခြားဆန်းကြယ်သောအဖြစ်မှာ သကြ်န်ရက်များတွင် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ စာရေးသူ ရှမ်းပြည်နယ်ဒေသတွင် သင်္ကြန်အကျနေ့နှင့် အတက်နေ့များတွင် လေကြီးမိုးကြီးများ ရွာပါသည်။

ထိုအခါ တောင်လေနှင့်အတူ မိုးများပါလာရာ သတိတရဖြင့် ဖွင့်ထားခဲ့သော ပြတင်းပေါက်မှာ ပိတ်လျက်သားဖြစ်နေသဖြင့် ထားခဲ့သော သားငယ်ကို မေးကြည့်ရာ **"မိုးတွေ ပက်နေပြီ၊ တံခါးလာပိတ်ထားဦး"**ဟု ပြတင်းပေါက်နှင့် ယင်းကို ထားသည့်နေရာနှင့် နီးသည့် ဖျောက်မလေးမှ လှမ်းအော်ပြောပြန်သဖြင့် တက်ပိတ်ပေးခဲ့ကြောင်း ထပ်မံ ကြားသိခဲ့ရပြန်ပါသည်။

စာရေးသူနှင့် ကြားသိရသူအပေါင်းမှာ မယုံနိုင်အောင် ဖြစ်နေရပြီး စောင့်ကြည့်နေရသည့်အထိ ဖြစ်နေပါသည်။ မကြုံလျှင် မည်သို့မှ ယုံနိုင်စရာအကြောင်းလည်း မရှိနိုင်ပါ။

[၃]

စာရေးသူကျွန်တော်မှ **"ဤဖျောက်မလေးရုပ်တု အိမ်သို့ ရောက်လာပြီးနောက်ပိုင်း တခြား မည်သည့်ထူးခြားချက်များ တွေ့လာရသနည်း"**ဟု မေးမြန်းကြည့်ရာ ဦးမြင့်ဆွေနှင့်မနန်းအေးတို့ ဇနီးမောင်နှံမှာ ဦးမြင့်ဆွေက ကြာသပတေးသားဖြစ်ပြီး မနန်းအေးမှာ စနေသမီးဖြစ်သောကြောင့် "ဓမ္မာ၊ သောကာ၊ အင်း၀၊ ရာဇာ"ဟူသည့် အဆိုနှင့်အညီ တခြား

www.burmeseclassic.com

ပြဿနာ မဖြစ်သော်လည်း မည်သည့်အခါမှ မတည့်ဟု ဆိုပါသည်။ ရန်မဖြစ်သည့်ရက် ဆိုသည်မှာ မရှိသလောက်ဟု ဆိုသည်။

ထိုရုပ်တုလေး ရောက်လာသည့်နေ့မှစ၍ မည်သည့်ပြဿနာမှ မဖြစ်ခဲ့ကြောင်း၊ ရန်လည်း မဖြစ်ကြတော့ကြောင်းကို အိမ်နီးနားချင်းများကပါ ပြောပြကြပါသည်။ တစ်အိမ်လုံး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ဖြစ်လာရကြောင်း ဆိုပါသည်။

တစ်နေ့တခြား လူသိများလာသည့်အခါ မိတ်ဆွေတစ်ဦးမှ **"မျောက်ငိုသီး"** လာပေးသွားကြောင်း၊ ထိုမျောက်ငိုသီးဆိုသည်မှာ မျောက်များသည် ထိုအသီးကို တစ်နေ့တစ်ခါ စားရမှာဖြစ်ကြောင်း၊ တစ်နေ့တစ်ခါမှ မစားရလျှင် နေလို့မရကြကြောင်း၊ ထို့ကြောင့် ထိုမျောက်မလေး ထွက်မသွားအောင် လာပေးခြင်း ဖြစ်ကြောင်းကိုပါ ထပ်မံသိရှိရပါသည်။

ကန်တော့ရန် သွားရောက်ခဲ့စဉ် ရွာထဲမှ ရုပ်မိရုပ်ဖများ ပြောပြချက်အရ ပန်းပေါင်းစုံဖြင့် စီရင်ထားပုံရကြောင်း။ ထိုမျောက်မလေးကို ရထားပြီးလျှင် အတွေ့အကြုံများအရ ထိုမျောက်မလေး တွေ့ရှိသောနေရာနှင့် မနီးမဝေး နေရာတစ်ခုတွင် မျောက်ထီးရုပ်တု ရှိနေနိုင်ကြောင်းတို့ကို ပြောပြပါသည်။

ထိုသို့ မျောက်ရုပ်ထီးလေးနှင့် နှစ်ကောင် အတူထားပေးပါက ပိုမိုသင့်လျော်ပြီး အစွမ်းပိုထက်မည်ဖြစ်ကြောင်း ရှေးလူကြီးသူမများက စာရေးသူနှင့် ဦးမြင့်ဆွေကို ပြောပြကြပါသည်။

တချို့ ရွာမှ ကာလသားလေးများမှ ထိုမျောက်မလေးရုပ်တု တွေ့ရှိခဲ့သည့်နေရာတစ်ဝိုက်တွင် "မျောက်ထီးရုပ်တု"ကို သွားရှာနေကြကြောင်းပါ သိခဲ့ရပါသည်။

စာရေးသူကျွန်တော်လည်း ထိုထူးခြားခြား ဖြစ်ပေါ်နေသော အခြေအနေတစ်ရပ်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများ ကြားသိစေရန်နှင့် အကယ်၍ **ထိုဂန္ဓီရဆန်နေသော မျောက်ရုပ်တုလေးများ အကြောင်း သိရှိခဲ့သူ ဆရာသမားများ ရှိခဲ့ပါက မည်သို့ ကျွေးမွေး ထိန်းသိမ်းစောင့်ရှောက်ရမည်၊ ဘယ်ပုံဘယ်နည်း ထားရမည်ကို ကာယကံရှင်ဖြစ်သူမှ အကူအညီ တောင်းခံလာသည့်အပြင် ကာယကံရှင်ဦးမြင့်ဆွေ မိသားစု၏ သဘာတူညီချက်ကိုပါ ရယူ၍ ယခု ဤစာမူကို ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။**

***(ထူးခြားချက်များ ထပ်မံ တွေ့ရှိခဲ့ပါက ဆက်လက် ရေးသား တင်ပြပေးသွားပါမည်။ စာရေးသူ)***

**နိုင်မင်းညို**

# အိမ်ဆောက်မည့်မြေ

ကျွန်ုပ်၏အဘိုး ဦးမင်းသန့် ပြောပြခဲ့ဖူးသည့် **"သက်ကြီးစကား သက်ငယ်ကြား"** ဗဟုသုတလေး တင်ပြလိုပါသည်။

'ပုံမြေ အိမ်ဆောက်မယ့်မြေဟာ မြေသန့်တတ်ကောင်းဖို့ လိုအပ်တယ်။ မီးလောင်ဖူးတဲ့မြေ(မီးလောင်မြေ)ကို ဘယ်အခါမှ မယ်လေနဲ့၊ အိမ်မဆောက်လေနဲ့။ မီးလောင်ထားတဲ့မြေဟာ ကောင်းတဲ့ဓာတ်တွေ မီးထဲပါ ပျက်စီးသွားပြီ ဖြစ်လို့ပဲကွယ်။

မဖြစ်မနေ မီးလောင်မြေမှာ အိမ်ဆောက်နေရမယ့် အခြေအနေမျိုးဆိုရင် အဲဒီ မြေကွက် အပေါ်ယံလွှာ သုံးလက်မ သို့မဟုတ် ကိုးလက်မလောက်အထိ မြေညှိဖယ်ရှားပြီး ကောင်းတဲ့မြေ(အောင်မြေ)၊ ပရိတ်သဲများ အနှံ့ပက်ဖျန်းပြီး ကောင်းတဲ့ဓာတ် ပြန်ရအောင် ပြုပြီးမှ ဆောက်လုပ်နေထိုင်ပါ။ ဒါမှသာ စည်းစိမ်တန်ခိုး နေ့စဉ်တိုးပြီး ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးမယ်ကွယ်'

ဟူ၍ လည်းကောင်း...

'အိမ်ဆောက်မယ့်မြေဟာ ရေတွင်းဟောင်း ရေတွင်းပျက်၊ ရေကန်၊ ရေအိုင်၊ အင်းကွက်တွေကို မြေဖို့ပြီး အိမ်မဆောက်ကောင်း၊ မနေကောင်းဘူး။

နေပြီ ဆောက်မိရင် အဲဒီမိသားစုဟာ ခဏခဏ ဖျားနာရောဂါဖြစ်ပြီး မတော်တဆ ထိခိုက်ရှနာမှုတွေလဲ ဖြစ်တတ်တယ်။ မိသားစု စီးပွားပျက်ပြီး အကျွေးရောက်တတ်လေ့ရှိတယ်။ လုံးဝ ရှောင်ရှားပါကွယ်'

ဟူ၍ လည်းကောင်း ပြောပြခဲ့ဖူးပါသည်။

သို့အတွက် ကျွန်ုပ်တို့သည် မိမိတို့ မိသားစု နေထိုင်ပြီး နေအိမ်ဆောက်လုပ်မည့် မြေနေရာကို သေချာလေ့လာ



စုံစမ်းမေးမြန်းပြီး အပြစ်ကင်းမှ ဆောက်လုပ် နေထိုင်သင့်ပါကြောင်း ဗဟုသုတ တင်ပြပါသည်။

***ဗဟုသုတ တိုးပွား၍ အကျိုးကျေးဇူး များကြပါစေ။***

**မြေမိုးချစ်(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဖွဲ့လို့ထားပါ

# နတ်မင်းကြီး (၂၈) ပါး

အောင်နန္ဒမိ
(ကျိုက်လတ်)

လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်က ဖေဒင်သင်တန်းတစ်ခုတွင် ဖြစ်ပါသည်။

သင်တန်းပြဆရာကြီးက . တရုတ်လူမျိုးဖြစ်ပြီး အသက်(၇၀)ကျော်ပြီဖြစ်ကာ နာမည်မှာ **ဦးဝင်း(နာမကြွရပညာရှင်)** ဖြစ်၏။

ကျွန်ုပ်တို့ သင်တန်းသားအားလုံးက ဆရာကြီးကို အဘဟုသာ ခေါ်ကြ၏။ အဘသည် (၁၅)ရက်သင်တန်းဟုဆိုပြီး စေတနာ ကောင်းလွန်းလှသောကြောင့် တခြားပညာရပ်များကိုပါ တွဲဖက်အပိုသင်ပေးခဲ့သဖြင့် သင်တန်းက (၁)လကျော် ကြာသွားခဲ့ပါသည်။

သင်တန်းပြီးခါနီး တစ်ပတ်ခန့်အလိုတွင် အဘသည် ကျွန်ုပ်တို့အား...

'သားတို့ ဂြိုဟ်ရှစ်ခွင် သက်ရောက်(၈)ခုမှာ နတ်ကောင်းနတ်မြတ်တွေရဲ့ အကူအညီ အကျိုးပြုခြင်းကို ခံရတတ်တဲ့ နတ်တွေရဲ့ မစခြင်းကို ခံရတတ်တယ်လို့ ဟောဆိုနိုင်တဲ့ သက်ရောက်တွေရှိတယ်။ အဲဒီ သက်ရောက်တွေက ဘယ်သက်ရောက်တွေလဲ'

ဟု ရုတ်တရက် မေးခွန်းထုတ်ပါသည်။ ကျွန်ုပ်တို့ သင်တန်းသားအားလုံးကိုယ်စီ ဦးနှောက်ကို အလုပ် လုပ်နေကြကာ အဖြေရှာနေကြ၏။

အချိန်အတော်ကြာသည်အထိ သင်တန်းသား(၇)ဦးလုံးဆီမှ ဘာသံမှ မကြားရဘဲ ငြိမ်သက်စွာ တိတ်ဆိတ်နေ၏။

အဘက ပြုံးစိစိအမူအရာ ခေါင်းလေးတညိတ်ညိတ်ဖြင့် လက်နှစ်ဖက်ကို နောက်ပစ်ထားကာ သင်တန်းသားအားလုံးကို တစ်ယောက်စီ တစ်ယောက်စီ လိုက်ကြည့်နေ၏။

ကျွန်ုပ်လည်း အကြိတ်အနယ် စဉ်းစားခန်းဖွင့်ကာ အဖြေရှာနေရာမှ လက်ခနဲ အဖြေကို တွေ့လိုက်ရ၍...

'အဘ နတ်တွေရဲ့ ကူညီမစခြင်းကို ခံရတတ်တဲ့ သက်ရောက်က (၃)ခု ရှိပါတယ် အဘ။ **တနင်္လာသက်ရောက်၊ အင်္ဂါသက်ရောက်၊ ဗုဒ္ဓဟူးသက်ရောက်ပါ** အဘ'

'အေး ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ ဟုတ်ပါ့ သားပြောတာ မှန်ပါတယ်'

အဘ၏မျက်နှာသည် ဝင်းပကြည်လင်သွားကာ အားရကျေနပ်သွား၏။ ကျန်သင်တန်းသားများလည်း အဖြေကို ကြားသိလိုက်ရ၍ တအံ့တသြဖြင့် ဝမ်းသာနေကြ၏။

'ဟုတ်တယ် နတ်ကောင်းနတ်မြတ်တွေရဲ့ မစခြင်းကို ခံရတတ်တဲ့ သက်ရောက်(၃)ခုက တနင်္လာ၊ အင်္ဂါနဲ့ ဗုဒ္ဓဟူးသက်ရောက်တွေပဲ။ အဲဒီသက်ရောက်တွေရဲ့ ဆန်းတိုင်စဉ်မှာ နတ်ရဲ့ပရိယာယ်ဖြစ်တဲ့ စနေဂြိုဟ်ဟာ တိုင်ထိပ်နဲ့ တန်းစီးအဝင် အကောင်းဌာနတွေမှာ ရပ်တည်နေတယ်။

ဒါကြောင့် အဲဒီ သက်ရောက်(၃)ခုကို ရောက်ရင် ကိုယ့်ဆီ ဖေဒင်လာမေးတဲ့သူတွေကို နတ်ကောင်းနတ်မြတ်တွေရဲ့ မစခြင်းကို ခံရတတ်တယ်လို့ ဟောလို့ရတယ်။

မစခံရတတ်တဲ့ အကျိုးပြုခံရတတ်တဲ့ အနေအထား အနည်းအများကိုတော့ ကပ်ဂြိုဟ်ကိုကြည့်ပြီး ချိန်ဆပြီး ဟောဆိုရမှာပေါ့။ အဲဒီတော့ အဘ အခုက ပြောချင်တာက "လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ"ဆိုတဲ့ စကားကို သားတို့ ကြားဖူးကြတယ်မဟုတ်လား'

'ဟုတ်ကဲ့ ကြားဖူးပါတယ် အဘ'

ကျွန်ုပ်တို့ သင်တန်းသားအားလုံး သံပြိုင်ဖြေဆိုလိုက်ကြခြင်းဖြစ်၏။

'အေး အဲဒီစကားအရ လူတွေက နတ်တွေကို လိုလိုလားလားရှိမှ နတ်တွေကလဲ လူတွေကိုပြန်ပြီး လိုလိုလားလားရှိကြမယ်။ နတ်တွေက လူတွေကို လိုလိုလားလားရှိမှ လူတွေရဲ့ အကျိုးတွေကို စောင့်ရှောက်ကူညီကြတော့မပေါ့။ အဲဒီလို အကူအညီ အကျိုးပြုခံရတာဟာ ဂြိုဟ်မခြင်း ခံရတာပဲပေါ့။ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် အဘ'

'အေး **အာရုံနာဝိုပဿုတ်**... ပါတယ်လေကွာ။ **ကုသိုလ်စွာစ**... **ဒေဝါ၊ ဝသန္တာ**... **သာသနေ**...

www.burmeseclassic.com

**တောဝိ အမှေ့ နုရက္ခမ္ဗျ၊ အရောဂေန သုခေနစ**”တဲ့။ အနက်က “**တန်ခိုးကြီးသော နတ်တို့သည် ဤဘုရားသာသနာ၌ နေကြကုန်၏။ ထိုသာသနာနတ်တို့သည်လည်း ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်မပြတ် စောင့်ရှောက်ကြပါစေကုန်သတည်း**”တဲ့။

အဲဒီတော့ တို့တစ်တွေဟာ နတ်တွေရဲ့ မစခြင်းကို ခံရဖို့ နတ်တွေနဲ့ မိတ်ဖွဲ့ထားဖို့ လိုမယ်ကွ။ မိတ်ဖွဲ့ထားမှ သူတို့နဲ့ကိုယ်နဲ့ ရင်းနှီးနေမှာပေါ့။

နတ်တွေနဲ့ မိတ်ဖွဲ့တယ်ဆိုတာ *အထွေအထူး မဟုတ်ပါဘူးကွာ။ သူတို့*ကို မေတ္တာပို့သပေးဖို့ပါပဲ။ **စစ်မှန်တဲ့ ဝိပဿနာကုသိုလ်ပြီးရင် ဒုတိယလိုက်တဲ့ ကုသိုလ်ဟာ မေတ္တာပဲ သားတို့ရဲ့**။ မေတ္တာရဲ့ အကျိုးကြီးမားပုံ*ကို သားတို့ သဘောပေါက်ပြီးသားပါ။* အဘ အကျယ်ပြောနေစရာ မလိုပါဘူး’

အဘသည် စကားကို ခေတ္တရပ်လိုက်ပြီး ဆက်ပြောပြန်၏။

‘နတ်တွေကို မေတ္တာပို့ရာမှာ ခုနက ပြောခဲ့တဲ့ သက်ရောက်(၃)ခုမှာပဲ ပို့လို့ရတာ မဟုတ်ပါဘူး။ ဘယ်သက်ရောက်မဆို မေတ္တာပို့လို့ရပါတယ်။ ဘဝ တစ်သက်တာလုံး ပို့သွားနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့။

နတ်တွေရဲ့မစခြင်းကို ခံရတာတဲ့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်တွေမှာ ပို့တာကျတော့ ပိုပြီးတော့ ထိရောက်တာပေါ့။ ပိုပြီး ထိထိမိမိ ရှိတာပေါ့။

အဲဒီမှာ ကိုယ်က သူတို့ နတ်မင်းကြီးတွေရဲ့ ကိုယ်စား ဘုရားရှင်ကို ဖယောင်းတိုင်၊ အမွှေးတိုင်၊ ရေချမ်း၊ သစ်သီးဆွမ်းတွေကို ကပ်လှူပေး။ ဒီဆို အချိုပေါ် သကာလောင်းပေါ့ကွယ်။ ပိုကောင်းတာပေါ့။

ကိုယ့်အပေါ် နတ်မင်းကြီးတွေက ပိုပြီးတော့ သဘောကျပြီး ပိုပြီး ဂရုစိုက်တော့တာပေါ့။ မယုံမရှိကြပါနဲ့ မေတ္တာဟာ အလျား အနံ မရှိပေမယ့် အသွားအပြန် ရှိပါတယ်ကွာ။

အဲဒီတော့ မေတ္တာပို့ပုံပို့နည်းကို အဘ အခု ပြောပြပေးမယ်’

ဟု ဆိုကာ ကျွန်ုပ်တို့အား **ဆဒိသာပါလသုတ်လာ နတ်မင်းကြီး (၂၈)ပါး မေတ္တာပို့ကို** သေသေချာချာ ပင် သင်ကြားပေးပါသည်။

ထို အလွန်အကျိုးကြီးမားလှသော၊ အံ့သြဖွယ်ရာကောင်းသော အကျိုးတရားများကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်သော ဘေးဥပဒ်အန္တရာယ်အပေါင်းမှ ကင်းဝေးစေပြီး လိုရာဆန္ဒများကို ပြည့်စုံစေနိုင်သော နတ်မင်းကြီး(၂၈)ပါး မေတ္တာပို့ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် ရေးသားဖော်ပြပေးလိုက်ပါသည်။

**(ထိုမေတ္တာပို့ကျင့်စဉ်၏ အကျိုးထူးများကို စာရေးသူသည် အံ့သြဖွယ်ရာ ကောင်းလောက်အောင် ကြက်သီးမွေးညင်း ထလောက်အောင်ပင် များစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ဆောင်းပါးရှည်မည်စိုး၍ အထွေအထူး မဖော်ပြတော့ပါ။)** ကိုယ်တိုင်ကျင့်ကြံကြ၍ အကျိုးတရား အသီးအပွင့်များကို စိတ်ကျေနပ်စွာ ဆွတ်ခူးစားသုံးကြပါလေ။

---

နတ်မင်းကြီး(၂၈)ပါး မေတ္တာပို့

---

- ✦ အရှေ့အရပ်မျက်နှာ၌ တည်ရှိကြကုန်သော ဓတရဋ္ဌနတ်မင်းကြီး အမှူးရှိသည့် သာတာဂီရိနတ်မင်းကြီး၊ ဟေမဝတနတ်မင်းကြီး၊ ပုဏ္ဏကနတ်မင်းကြီး၊ ဝုတ္တိယနတ်မင်းကြီး အပေါင်းတို့သည် ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ကိုယ်စိတ်ကိုယ်ငှ ချမ်းသာသုခ ရှိကြပါစေ။
- ✦ တောင်အရပ်မျက်နှာ၌ တည်ရှိကြကုန်သော ဝိရူဠှကနတ်မင်းကြီး အမှူးရှိသည့် ကာလနတ်မင်းကြီး၊ ဥပကာလနတ်မင်းကြီး၊ ဗိမ္ဗနတ်မင်းကြီး၊ ဗိမ္ဗသေနနတ်မင်းကြီးအပေါင်းတို့သည် ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကင်းကြစေ၊ ကိုယ်စိတ်ကိုယ်ငှ ချမ်းသာသုခ ရှိကြပါစေ။
- ✦ အနောက်အရပ်မျက်နှာ၌ တည်ရှိကြကုန်သော ဝိရူပက္ခနတ်မင်းကြီး အမှူးရှိသည့် ဟာရနတ်မင်းကြီး၊ ဟာရပာရိယနတ်မင်းကြီး၊ ပါပနတ်မင်းကြီး၊ ပိင်္ဂလနတ်မင်းကြီးအပေါင်းတို့သည် ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကင်းကြစေ၊ ကိုယ်စိတ်ကိုယ်ငှ ချမ်းသာသုခ ရှိကြပါစေ။
- ✦ မြောက်အရပ်မျက်နှာ၌ တည်ရှိကြကုန်သော ကုဝေရနတ်မင်းကြီး အမှူးရှိသည့် သံဃနတ်မင်းကြီး၊ သံဃလိနတ်မင်းကြီး၊ သုသုရနတ်မင်းကြီး၊ ဥက္ကတေငနတ်မင်းကြီး အပေါင်းတို့သည် ဘေးရန်မရှိကြပါစေ စိုးရိမ်ကင်းကြပါစေ။
- ✦ အထက်အရပ်မျက်နှာ၌ တည်ရှိကြကုန်သော စန္ဒနတ်မင်းကြီး၊ သူရိယနတ်မင်းကြီး၊ ဣန္ဒနတ်မင်းကြီး၊ ပြဟ္မာနတ်မင်းကြီး အပေါင်းတို့သည် ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ကိုယ်စိတ်ကိုယ်ငှ ချမ်းသာသုခ ရှိကြပါစေ။
- ✦ အောက်အရပ်မျက်နှာ၌ တည်ရှိကြကုန်သော ဝရုဏနတ်မင်းကြီး၊ ဓတရဋ္ဌနတ်မင်းကြီး၊ သေဋ္ဌနတ်မင်းကြီး၊ ကမ္ဗလသေဋ္ဌနတ်မင်းကြီး အပေါင်းတို့သည် ဘေးရန်မရှိကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ကိုယ်စိတ်ကိုယ်ငှ ချမ်းသာသုခ ရှိကြပါစေ။

အစမှ အဆုံးအထိ (၁)ကြိမ်ဖြစ်ပြီး တစ်နေ့လျှင် (၉)ကြိမ်(အနည်းဆုံးထား၍)နေ့စဉ် မေတ္တာပို့သပေးပါ။ နံနက်စောစော ထ၍ ပို့သနိုင်လျှင် အလွန်ထိရောက်ပါသည်။ မေတ္တာပို့သပြီးလျှင် မိမိတို့တွင်ရှိသော အခက်အခဲများ ပြဿနာများ အလိုရှိရာများကို နတ်မင်းကြီးတို့အား ဖွင့်ဟပြောဆိုကာ အကူအညီတောင်းခံနိုင်ပါသည်။

***ဘဝ အစစ လှကြပါစေ။***

**အောင်နန္ဒစံ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာခေဆာင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး ရှိပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝရ၁၁ YR ဝဝ၆ဝ၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃


'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...


**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး


(စ)ရပ်ကွက်။ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၅၄၃


**ကိုကြီးကောင်း**



www.burmeseclassic.com

www.burmeseclassic.com



◆ ပုံတော်စေတီ

ကိုစိုးသန်း

# ကျိုက်ကောဟာသ ဆံတော်ရှင်ဘုရား

## နှင့် ထူးခြားစွာ နိမိတ်ပြသည့် ပန်းရထား (၂)

ယခင်လမှ အဆက်

### အခြားရုပ်တုများ

စေတီရင်ပြင် အရံတံတိုင်းအနီး ဆောင်းလောင်းများ စီတန်းချိတ်ဆွဲရာ၌ ဆံပင် ရေညှစ်နေသော **ဝသုန္ဓရီနတ်သမီးရုပ်တု**ကိုပါ တွေ့မြင်ရသည်။

မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ မာရ်နတ်နှင့် စစ်သည်များက လာရောက် ခြိမ်းခြောက်တိုက်ခိုက်သည့်တွင် ဝသုန္ဓရီနတ်သမီးက အလောင်းတော်ဘဝ ကောင်းမှုအစုစု၏ ရေစက်များကို စုပေါင်း၍ ဆံပင်မှ ညှစ်ချသောအခါ ချောင်းဖြစ်လျက် မာရ်နတ်နှင့် စစ်သည်အပေါင်းတို့သည်း အရှိန်ပြင်းသော ချောင်းရေ အဟုန်ဖြင့် မျောပါသွားကြရသည်ဟု ကျမ်းအချို့တွင် ဖော်ပြထားသည်။

ယင်းကို ရည်ရွယ်၍ ဆံပင်ရေညှစ်နေသော ဝသုန္ဓရီနတ်သမီး သို့မဟုတ် ဝသုန္ဓရေနတ်သား ရုပ်တုများ ထုလုပ်လေ့ ရှိကြသည် ဆိုလေသည်။

မိမိတို့ ပြုလုပ်လှူဒါန်းပြီးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ပြုပြုသမျှ ကုသလ၏ အဖို့ဘာဂကို (၃၁)ဘုံရှိ ဝေနေယျအားလုံးတို့အား အမျှရကြပါစေဟု ခေါင်းလောင်းထိုး၍ ပတ္တာနုမောဒနာပြုပြီးလျှင် **"ဝသုန္ဓရီ ပထဝီ ပံသုမြေ အထုလည်း သက်သေမှု၌ တည်စေသော်"**ဟု တိုင်တည်တတ်ကြပေသည်။

ရှစ်မြှောင့်ပုံ တန်ဆောင်းတစ်ခုအတွင်း၌ အောင်ခြင်းရှစ်ပါး သရုပ်ဖော် ရုပ်တုရုပ်ပွားများ တွေ့ရသည်။

ယင်းတို့အနက် နန္ဒောပနန္ဒ နဂါး






www.burmeseclassic.com

www.burmeseclassic.com





ရှင်သီဝလိအား ဆွမ်းများ ကပ်လှူကြပုံ

မူလ ဘုရားဒါယကာ မုနိပါလရသေ့ရုပ်တု

အားး အရှင်မောဂ္ဂလာန်က သူ့ထက်ကြီးသည့် နဂါးကြီးသဏ္ဌာန် ဖန်ဆင်း၍ ချေချွတ်ခန်း သရုပ်ဖော် ရုပ်လုံးကို မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

စေတီရင်ပြင်တောင်ဘက် တစ်နေရာတွင် ကျိုက်ကေလာသစေတီတော်ကြီးနှင့် ပုံစံတူ **ပုံတော်စေတီငယ်** တစ်ဆူကို ဖူးတွေ့ရသည်။ နောင်တော်ကြီး စေတီကား မဟုတ်ပါ။

နှောင်းခေတ်ကုသိုလ်ရှင်တို့ သဒ္ဒါစွမ်းအလျောက် ကောင်းမှုပြုကြခြင်း ဖြစ်ကြောင်း သိရသည်။ စေတီတော်ကြီးများ မတည်ဆောက်မီ နမူနာစံပြုနိုင်ရန် ပုံစံတူ ပုံတော်စေတီ သို့မဟုတ် နောင်တော်ကြီးစေတီကို တည်ထားလေ့ရှိရာ စေတီရင်ပြင်အတွင်း မနီးမဝေးတွင် ဖူးတွေ့တတ်သည်။


နောင်တော်ကြီးစေတီသည် ပုံတော်စေတီ(စံပြုနမူနာယူသည့်စေတီ) ဖြစ်နိုင်သကဲ့သို့ ဌာပနာပြု ပူဇော်မည့် ဆံတော်၊ ဓာတ်တော်များ ဦးစွာ ထားရှိသော နေရာ၌တည်သော အထိမ်းအမှတ်စေတီလည်း ဖြစ်နိုင်ပါသည်။

ကျိုက်ကေလာသစေတီ၏ ဆံတော်ခေတ္တပူဇော်ရာ နောင်တော်ကြီးစေတီမှာ စေတီကုန်းတော်တွင်မရှိပါ။ ပျဉ်းကတိုးတောင် (စေတီကုန်းတော်)၏ အရှေ့မြောက်ထောင့် အခြေတွင် သီးခြား ကိန်းဝပ်တော်မူသည်ကို ထူးခြားစွာ ဖူးတွေ့ရလေသည်။

ပုံတော်စေတီအနီးတွင် မူလဒါယကာ မုနိပါလ ရသေ့ရုပ်တုကြီးကို တွေ့မြင်ရသည်။ မြင့်မားထည်ဝါလှသော ရုပ်တုကြီးဖြစ်၍ အမိုးတန်ဆောင်းနှင့်တကွ ပူဇော်ထားရှိ၏။

ထိုမှ ရှေ့ဆက်လာခဲ့ရာ လာဘ်လာဘအရာတွင် ဧတဒဂ် ရတော်မူသော ရှင်သီဝလိရုပ်ကို နတ်၊ ဘီလူး၊ ဇော်ဂျီနှင့် မျောက်တို့ ဆွမ်းသစ်သီး ဆက်ကပ်ကြပုံ သရုပ်ဖော် ပန်းတော့လက်ရာကို တွေ့ရသည်။

www.burmeseclassic.com



◄ ပန်းရထားယုံ



ဒေဝတာ(ကုန်းတော်စောင့်ဘိုးဘိုး) ►

ဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏ ညီအထွေးဆုံး ရှင်ရေဝတ သီတင်းသုံးရာ **ရှားတော**သို့ နောက်ပါ ရဟန်း(၅၀၀)နှင့် ကြွတော်မူရာ ညီတော်အာနန္ဒာက...

'ရှားတောသို့ ကြွရာတွင် ယူဇနာ(၆၀) ကွာဝေးသော လမ်းမှာ ကောင်းမွန်၍ လူနေအိမ်ခြေမပြတ် ရှိသောကြောင့် ဆွမ်းကွမ်းကိစ္စ မပူရပါဘုရား။ ယူဇနာ(၃၀)သာ ကွာဝေးသော လမ်းမှာ ကြမ်းတမ်း၍ ဆွမ်းကွမ်းကိစ္စ စိုးရိမ်ရပါသည်ဘုရား'

ဟု လျှောက်ထားသည်။ ဘုရားရှင်က...

'အာနန္ဒာ သံဃာ(၅၀၀)ထဲမှာ ငုံးသားတော် သီဝလိ ပါရဲ့လား'

ဟု မေးတော်မူသောအခါ ရှင်အာနန္ဒာက...

'သီဝလိကိုယ်တော် ပါတော်မူပါတယ် အရှင်ဘုရား'

ဟု လျှောက်တင်၏။

'ဒီလိုဖြင့် လမ်းကြမ်းတိုကိုသာ ရွေး၍ သွားကြမည်'

ဟု ဘုရားရှင် မိန့်တော်မူသည်။

ထိုလမ်းတစ်လျှောက်တွင် နတ်ဒေဝါ အပေါင်းသည် ရှင်သီဝလိ ကိုယ်တော်ကိုသာ မေးလျှောက်၍ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။ ရှင်သီဝလိ ရရှိသော ဆွမ်းကွမ်းများကို ဘုရားရှင်နှင့်တကွ မိမိထက် ထေရ်ဝါကြီးသော သံဃာများကို ပြန်လည် ကပ်လှူသည်။

တစ်ယူဇနာတွင် ကျောင်းတစ်ကျောင်း ဆောက်လှူကြသဖြင့် ရက်(၃၀)တိုင် နတ်ဒေဝါများက သူတို့ချစ်သော ရှင်သီဝလိကိုယ်တော်နှင့်တကွ မြတ်စွာဘုရားရှင်နှင့် သံဃာများအား ဆွမ်းကပ်လှူခွင့် ရကြသည်။

ရှားတောတွင် တစ်လခန့် တရားဟောကြားဆုံးမ၍ သီတင်းသုံးပြီးနောက် သာဝတ္ထိပြည် ပုဗ္ဗါရုံကျောင်းသို့ ဘုရားရှင်နှင့် သံဃာတော်များ လာရာလမ်းအတိုင်း ပြန်ကြွတော်မူရာ ရက်(၃၀)တိုင်အောင် နတ်များက ဆွမ်းလှူဒါန်းကြပြန်သည်။

ထို့ကြောင့် မြတ်စွာဘုရားက တပည့်သား သံဃာတော်များကြားတွင် လာဘ်လာဘ အပေါဆုံးအရာ၌ တေဒဂ်ဘွဲ့ ချီးမြှင့်တော်မူခဲ့လေသည်။

ဤရုပ်လုံးများသည် ရှင်သီဝလိ၏ နောက်ခံဖြစ်စဉ်တော် (တေဒဂ် ရခြင်း၏ အကြောင်း)ကို အတိုချုံး အကျဉ်းရုံးဖော်ပြထားသော ရုပ်လုံးများ ဖြစ်ကြပေသည်။

'ဒေဝတာနန်းဆောင်'

ရင်ပြင်တော်၏ အနောက်ဘက်တွင် **ဒေဝတာ**ဟု မွန်ရေးထုံးဖြင့် ကမ္ပည်းတင်ထားသည့် တန်ဆောင်းရှိကာ အတွင်း၌ နူတ်ခမ်းမွေးကားကားနှင့် တောင်ဝှေးကိုင်၊ မကိုဋ်ဆောင်း အဘိုးအိုရုပ်တုကို ခံ့ညားစွာ တွေ့ရသည်။

ဦးစံသိန်းအား မေးမြန်းကြည့်သောအခါ **ကုန်းတော်စောင့်နတ်(ဘိုးဘိုး)၏နန်းဆောင်** ဖြစ်ကြောင်း ပြောပြသည်။

မြန်မာဝေါဟာရတွင် တောစောင့်နတ်၊ ကုန်းတော်စောင့်နတ်၊ ဦးရှင်ကြီးနတ်၊ ဦးမင်းကျော်နတ် စသည်ဖြင့် ရောထွေးသုံးနှုန်းကြသော်လည်း မွန်ဝေါဟာရတွင်မူ တောင်စောင့်နတ်၊ ကုန်းတော်စောင့်နတ် စသည်တို့ကို

www.burmeseclassic.com





◆ ဒေါ်စိန်(၈၀-နှစ်)

◀ ပန်းရထားမြင်ရသူ သုံးဦး၊ ရုပ်တုများ

**'ဒေဝတာ'**ဟု ခေါ်ဝေါ်၍ ဦးမင်းကျော် စသည်တို့ကိုမူ **'အလွတ်'**ဟုခေါ်ကြ၏။

**'တစ္ဆေ၊ သရဲ'**ဟု အဓိပ္ပာယ်ရသည်။ အယူတိမ်းသည့် နတ်စိမ်း ဖြစ်သောကြောင့် **'ဒေဝတာ'**စာရင်း မသွင်းခြင်း ဖြစ်ဟန်ရှိလေသည်။ (**ဒေဝတာ**ကို မွန်ဘာသာဖြင့် **ထယ်ဝဲ့တောင်း**ဟု နီးစပ်သော အသံထွက်ဖြင့် ခေါ်ဝေါ်၏။)

## ထူးခြားသည့် ပန်းရထား

ရင်ပြင်တစ်ခို လှည့်လည်ကြည့်ရှုပြီးသောအခါ ဦးစံသိန်းက မြောက်ဘက်စောင်းတန်း တစ်နေရာရှိ ဗုဒ္ဓဝင်ရုပ်ကြွများဆီသို့ ခေါ်ဆောင်သွားသည်။

**ဗုဒ္ဓဝင် သရုပ်ဖော် ရုပ်လုံးများ အထဲတွင် ပန်းရထားတစ်စီးကို နောက်မြီးကိုင်၍ လိုက်ပါနေသည့် သူငယ်မနှစ်ဦး၊ တိုင်အကွယ်တွင် ပုန်းလျှိုးနေသည့် သူငယ်မတစ်ဦး ရုပ်ကြွများကို ထူးခြားစွာ တွေ့ရ၏။**

'ဒါတွေက(ဗုဒ္ဓ)ဗုဒ္ဓ ဖြစ်စဉ်တော်နဲ့ မပတ်သက်ပါဘူး။ ကျိုက်ကေလာသ စေတီရင်ပြင်မှာ ဖြစ်ပေါ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို သရုပ်ဖော် ထားတာပါ။ စေတီရင်ပြင်မှာ မြောက်ဘက်ကနေ တောင်ဘက်ကို ရွေ့လျားနေတဲ့ ပန်းရထားတစ်စီးကို ဘုရားဖူး မိန်းကလေးသုံးယောက်က တွေ့လိုက်ရတယ်။

ရထားဘီးရာတွေလဲ ကျန်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ရင်ပြင်တော်ကို ကျောက်ပြား ခင်းလိုက်လို့ ဘီးရာတွေလဲ ပျောက်ကွယ်သွားပါပြီ။

အဲဒီ မိန်းကလေးသုံးယောက်ထဲမှာ တစ်ယောက်တော့ သက်ရှိထင်ရှား ကျန်သေးတယ်။ ဒေါ်စိန်တဲ့။ ဆရာစိတ်ဝင်စားရင် သွားတွေ့ကြည့်ပါလား။ ဒီပိုလ်ချုပ်လမ်း အတိုင်း (၁၅)အိမ်အကွာလောက်မှာ မေးလို့ရတယ်'

ဟူ၍လည်း ရှင်းပြလေသည်။

သို့ဖြစ်၍ ဒေါ်စိန်၏နေအိမ်ကို စုံစမ်းကာ သွားရောက်တွေ့ဆုံသောအခါ မွန်စကားတစ်မျိုးသာ ပြောဆိုတတ်သည့် သားသမီးမြေးများက ဘာသာပြန်ဆို ကူညီပေးကြလေသည်။

'အမေတို့ငယ်ငယ် လူမှန်း သိတတ်စကတည်းက ကျိုက်ကေလာသဘုရား[...] နေ့တိုင်းသွားတယ်။ ပန်းကပ်၊ ရေကပ်[...] ရင်ပြင်သန့်ရှင်းရေးလုပ်ပြီး မိုးချုပ်မှောင်[...] အိမ်ပြန်လေ့ ရှိတယ်။

အဲဒီနေ့က လူသုံးယောက်တည်း ရှိတယ်[...] အမေက အကြီးဆုံး(၁၃)နှစ်၊ မကွန်တင့်က (၁၁)နှစ်၊ မခင်က (၉)နှစ် အရွယ်ပေါ့[...]


ရင်ပြင်တော်မှာ တံမြက်စည်းလှည်းနေတုန်း[...] မြောက်ဘက်က ရွေ့လာတဲ့ ပန်းရထား[...] တစ်စီး အနုခေတ် ဆိုက်ကားအရွယ်လောက်[...] ရှိမယ်။

ဆွဲသူ တွန်းသူ မပါဘဲ သူ့တစ်စီးတည်း[...] အလိုလို ရွေ့နေတာ မြင်ရတော့ ရထား[...] နောက်မြီးကို မကြည့်တယ်။ သိမ်မလေးက[...] ပေါ့ပေါ့ကလေးပဲ။

အမေနဲ့ မကွန်တင့်တို့ နှစ်ယောက်တည်း[...] ရထားကို ကိုင်ကြည့်တာ အငယ်ဆုံး မခင်[...] ကတော့ ကြောက်လို့တဲ့ တိုင်နံ့တော[...] ပုန်းပြီးကြည့်နေတယ်။

ရထားက မလေးလှဘူးဆိုပေမယ့် ရင်ပြင်[...] တော် အင်္ဂတေကြမ်းပြင်မှာ ရထားဘီး[...] နှစ်လက်မလောက် နစ်ဝင်နေတာ တွေ့[...] တယ်။ ရထားက ဆက်ပြီး ရွေ့နေတော့[...] လက်လွှတ်ပြီး ရပ်ကြည့်နေကြတာ တစ်[...]

www.burmeseclassic.com



မြင်းရုပ်ရှုံအနောက်မုခ်

ဖြည်းနဲ့ တောင်ဘက်က နတ်ရေကန်ထဲ ဆင်းသွားတာ မြင်ကြရတယ်။

လူကြီးတွေကို ပြောပြပေမယ့် မယုံကြလို့ နောက်တစ်ကြိမ် သုံး,လေးရက်လောက် အကြာမှာ စေတီအပေါ် လင်းတတစ်ကောင် အကြာကြီး နားနေတာ မြင်ရတော့ ဘယ်သူ့ကိုမှ မပြောပြတော့ဘူး။ အမေတို့သုံးယောက်တည်း မြင်ကြ သိကြတယ်'

ဒေါ်စိန်သည် ယခုအခါ အသက် (၈၀)ပြည့်ပြီဖြစ်ရာ ပန်းရထား တွေ့ရသော ကာလသည် **၁၃၀၈ ခုနှစ် ဖြစ်သည်ဟု တွက်ဆရသည်။**

စေတီမွမ်းမံမှု မှတ်တမ်းအရ ၁၃၀၉ ခုနှစ်၊ တန်ခူးလတွင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လမိုင်းတစ်မြို့လုံးနီးပါး အိုးအိမ်များ ပျက်စီးခဲ့ရသည်။

ကျိုက်ကေလာသ စေတီမှာလည်း မဏ္ဍိုင်တော်မှ အရှေ့ဘက်သို့ ယိမ်းယိုင်ကာ စိန်ဖူးတော် မြေခခဲ့ရသည်ဟု ကေလာသစေတီ သမိုင်းစာအုပ်တွင် ဖတ်ရှုရသည်။

ထူးခြားဖြစ်စဉ်များ ဖြစ်ပျက်ပြီးနောက် မကြာမီ ဤသို့ သဘာဝဘေးဒဏ် ခံရခြင်းဖြစ်သည်ကို သတိပြုမိလေသည်။

ပန်းရထားကို အခြားသူများ မတွေ့မမြင်ကြရသော်လည်း ထင်ကျန်ရစ်သော ရထားဘီးရာများကိုမူ ရင်ပြင်တော်၌ **လွန်ခဲ့သည့် နှစ်,နှစ်ဆယ်ခန့်(၁၃၅၅ ခုနှစ်)အထိ မြင်တွေ့ကြရသည်ဟု ပြောပြသည်။**

ဒေါ်ကွန်တင့်နှင့် ဒေါ်ခင်တို့မှာ ကွယ်လွန်သွားကြပြီဖြစ်၍ ဒေါ်စိန်တစ်ယောက်သာလျှင် နေ့စဉ် ဝတ်မပျက် သွားရောက်ကုသိုလ်ပြုလျက်ရှိသည်မှာ ယနေ့တိုင် ဖြစ်သည်ဟု သိရလေသည်။

အသက် (၈၀)ကျော်သော်လည်း မျက်စိမမှုန်၊ နားမထိုင်း ကျန်းမာရေးကောင်းလှသော ဒေါ်စိန် အားဘုရားဖက်၍ အသက် ရှည်ဟု အများက ဆိုကြ၏။

မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပြီးနောက်...

'အသက်(၈၀)အရွယ် တခြားအမယ်အိုတွေနဲ့စာရင် နုပျိုပါတယ်'

ဟု ပြောပြရာ...

'ဒါတောင် သွားတွေကျိုးကုန်လို့ အံပုံရှိတယ် တပ်လိုက်ရမလား'

ဟူ၍ ရယ်မောပြောဆိုလေသည်။

## နှုတ်ဆက်ဂါရဝပြု ပူဇော်ခြင်း

ဒေါ်စိန်အား ဂါရဝပြု နှုတ်ဆက်ပြီးနောက် စေတီတော် ပူဇော်မှုနိဂုံးအနေဖြင့် **"ကျိုက်မာပူး"** ခေါ် နေ့ခင်းတော်ကြီးစေတီအား သွားရောက်ဖူးမြော်

www.burmeseclassic.com

သည်။ ပျဉ်းကတိုးတောင်ဟု ခေါ်ကြသော စေတီကုန်းတော်၏အခြေ အရှေ့မြောက်ထောင့်အရပ်တွင် စေတီကမ္ပည်းကို မွန်-မြန်မာ နှစ်ဘာသာ ရေးထိုးလျက် အရံတံတိုင်းနှင့်တကွ ဖူးမြင်ရသည်။


မုနိပါလရသေ့သည် ဘုရားရှင် ချီးမြှင့်သော ဆံတော်(၈)ဆူကို လမိုင်းမြို့ ရေဆိပ်မှ ဤနေရာသို့ ပင့်ဆောင်ကာ ခေတ္တပူဇော်ထားလျက် ပျဉ်းကတိုးတောင်ထက်တွင် ဆံတော်မြတ် ကိန်းဝပ်တော်မူရန် စေတီတော် တည်ဆောက်ခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလတွင် ပင့်ဆောင်ပူဇော်ထားကာ ပျဉ်းကတိုးတောင်ထက် စေတီတော်ကြီး ဌာပနာတိုက်သို့ တပေါင်းလပြည့်နေ့တွင် ပြောင်းရွှေ့ ပင့်ဆောင်၍ ဌာပနာပြု ကိုးကွယ်ခဲ့သည်။

ထို့ကြောင့် ဤနေရာတွင် အထိမ်းအမှတ်စေတီ တည်ကာ နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်းတွင် ဗုဒ္ဓပူဇနီယပွဲတော် ပူဇော်ကျင်းပလျက်ရှိကြောင်း သိရပေသည်။


ကျိုက်ကေလာသစေတီတွင် ကိန်းဝပ်တော်မူမည့် ဆံတော်မြတ်များ ရှေးဦးစွာ ကိန်းဝပ်တော်မူရာ ကုန်းတော်ဖြစ်သည့်အပြင် ကုန်းတော်တစ်ခုတည်း၌ မနီးမဝေးတွင် ပူဇော်မြဲဖြစ်သော သမားရိုးကျ အစဉ်အလာထက် ထူးခြားစွာ အတန်ငယ်ဝေးကွာသော တစ်နေရာစီတွင် ပူဇော်ထားခြင်းဖြစ်သည်။

ထို့ကြောင့် အနှောင်းသေချာစေရန် အစကောင်းခြင်းနှင့် ပြည့်စုံမှုအတွက် အထူးပြု ပူဇော်ဆုပန်နိုင်ကြသည်။ အိမ်ထောင်ရေး၊ ပညာရေး၊ စီးပွားရေး



နောင်တော်ကြီးစေတီ

နတ်ရေကန်မြင်ကွင်း



စသည့် မျက်နှာစာ အသွယ်သွယ်တွင် အစပျိုး အခြေချခြင်းအတွက် ကုသိုလ်ပြုနိုင်သည်။**(ဥပမာ မင်္ဂလာဦး အလှူ အဖြစ် ဒါနပြုခြင်း)**

အရှေ့မြောက်ထောင့် အရပ်တွင် ကိန်းဝပ်တော်မူသဖြင့် ပင်မစေတီတော် ကျိုက်ကေလာသ ဘွဲ့တော်၏ အဖျားနံ သောကြာအရ အာယုအရပ်တွင် ကျရောက်နေသည်။

**ထို့ကြောင့် အသက်ရှည်ခြင်း၊ ရောဂါဝေဒနာ သက်သာပျောက်ကင်းခြင်း၊တို့အတွက်လည်း ကုသိုလ်ပြုဆုပန်နိုင်ကြလေသည်။**

## တိုက်ဆိုင်မှု

နောင်တော်ကြီးစေတီအား ဖူးမြော်ပြီးနောက် ထူးဆန်းသော ပန်းရထားဆင်းသက်ရာ နတ်ရေကန်အား သွားရောက်၍ ဓာတ်ပုံမှတ်တမ်း ပြုခြင်းဖြင့် ကျိုက်ကေလာသစေတီတော် ပူဇော်မှုခရီးကို နိဂုံးသတ်ခဲ့သည်။

ထို့နောက် ရေးမြို့သို့ ပြန်ခဲ့ရာ လမ်းတွင် တိုက်ဆိုင်မှုတစ်ခုအား သတိပြုမိသည်။ ဆံတော်ရှင်စေတီတော်များအနက် ကေလာသ ဘွဲ့မည်တူ ဆံတော်ရှင်စေတီနှစ်ဆူ ဖူးတွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

ဖူးသည်။

တောင်စွန်းကေလာသ ဆံတော်ရှင်နှင့် လမိုင်းကေလာသ ဆံတော်ရှင်စေတီများဖြစ်ကြသည်။ နှစ်ဆူစလုံး ပင်လယ်ကမ်းခြေအနီး တောင်ထိပ်တွင် စံပယ်တော်မူကြသည်။

ကိန်းဝပ်တော်မူရာ နေရာဒေသအမည်များတွင် **လမိုင်းသည်** ဂြိုဟ်သက်ပေါင်း **ဗုဒ္ဓဟူး+ကြာသပတေး =၁၇+၁၉=၃၆** ပါပနဝင်းဖြစ်သည်။ **တောင်စွန်းသည်လည်း စနေ+အင်္ဂါ =၁၀+၈=၁၈ ပါပနဝင်း**ဖြစ်သည်။

ပါပဓာတ်သည် လွယ်ကူလျင်မြန်ခြင်း၊ ပြောင်းလဲခြင်း၊ လှုပ်ရှားတက်ကြွခြင်းသဘော ဆောင်၏။ **(ပါပ၊ သောမ ခွဲပုံကား ပါပဂြိုဟ်လေးလုံး (တနင်္ဂနွေ၊အင်္ဂါ၊ရာဟု၊စနေ) ဂြိုဟ်သက်ပေါင်း ၆+၈+၁၂+၁၀ = ၃၆ ဖြစ်၍ ၃၆၊ ၆၃ သည် ပါပနဝင်း ဖြစ်၏။**

**သောမဂြိုဟ်လေးလုံး (တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ) ဂြိုဟ်သက်ပေါင်း ၁၅+၁၇+၁၉+၂၁ =၇၂ ဖြစ်၍ ၇၂၊ ၂၇ သည် သောမ နဝင်းဖြစ်၏။ ၁၈၊ ၈၁ ကား ဂြိုဟ်သချာအရ တနင်္ဂနွေ၊ ရာဟု တွဲသဖြင့် ပါပနဝင်းဆို၏။ ၄၅၊ ၅၄ သည်လည်း ဂြိုဟ်သချာအရ ကြာသပတေး-ဗုဒ္ဓဟူး တွဲသဖြင့် သောမ နဝင်းမည်၏။**

**သောမဓာတ်သည် စည်းလုံးနိုင်မြဲခြင်း၊ တည်တံ့ခြင်း၊ အေးချမ်းခြင်း၊ ဖြစ်တည်ခြင်းသဘော ဆောင်၏။ နဝင်း၏ အောင်မြင်ခြင်းကို သက်ဆိုင်ရာ သဘောဆောင်ကိန်းစု ဖြစ်စဉ်များအရ ခွဲခြားသတ်မှတ်ကြခြင်း ဖြစ်ပေသည်။**

ထို့ကြောင့်ပင် ကေလာသဆံတော်ရှင်စေတီနှစ်ဆူစလုံးမှာ ပြောင်းလဲတိုးတက်မှုများဖြင့် ပူဇော်ကိုးကွယ်သူ ပရိသတ် စည်ကားစွာ ရှိကြသည်ဟု ယူဆရလေသည်။

### တိုက်တွန်းခြင်း

ဤသို့ ထူးခြားစွာ စံပယ်တော်မူသော လမိုင်းကေလာသဆံတော်ရှင်စေတီသို့ မော့ကနင်လမ်းဆုံမှ တစ်မိုင်သာသာခန့် ခရီးဆက်ရသကဲ့သို့ ဘုရားဈေးဆိုင်ခန်းမှ အရသာထူးသည့် မွှန်လက်ရာ ဟင်းလျာများကိုလည်း မြည်းစမ်း ဝမ်းဖြည့်နိုင်သဖြင့် မော်လမြိုင်-ရေး ခရီးစဉ် ကြုံကြိုက်ပါက သွားရောက် ဖူးမြော်သင့်ကြောင်း တိုက်တွန်းတင်ပြရပါသည်။

**ကိုစိုးဆန်း**

ညာတင်ကုတ်ဖြင့် ခဲသော

# ပြဒါးလုံးအဆောင်

မြင်းမူမြို့မ ယာဉ်ထိန်းရဲကြပ်ကြီး မြင့်စိုးထံသို့ ရောက်ရှိစဉ် ရှားပါးဆန်းကြယ်သော ပစ္စည်းမျိုးစုံကို ရှင်းလင်းပြသပေးပြီးနောက် ညာတင်ကုတ်ဖြင့် ခဲထားသော ပြဒါးလုံးတစ်လုံးကို လက်ဆောင်ပေးခဲ့သည်။

ထိုပြဒါးလုံးကို မန္တလေး အနောက်ပြင်ရပ်၊ အလ္လကပ္ပတိုက်၊ သီရိမာလာကျောင်းဆရာတော်ကြီး အရှင်ဓမ္မပီယအား ပြသမေးလျှောက်ကြည့်ရာ ဤသို့ မိန့်ကြားသည်။

'ပြဒါးလုံးပဲ နတော့နသေးတယ်၊ ရက္ခမ္ဘူသားလေးပါနဲ့ ဆက်ထိုးမှ အမာခံရမယ်။ သိဒ္ဓိစခန်း တက်လှမ်းနိုင်မယ်။ အဆောင်အဖြစ်တော့ သုံးလို့ရတယ်။ ခိုးသား ဓားမြ ယာဉ် မတော်တဆဘေး၊ ရန်အသွယ်သွယ် ကျော်လွှားနိုင်တယ်'

'ဒါကို ခွဲစိတ်ပြီး မိသားစုကို ဝေမျှပေးလို့ရသလား ဘုရား'

'ရပါတယ် လက်စွပ်ကွင်းနိုင်တဲ့ အရွယ် တစ်မတ်၊ တစ်မူးသားစီလောက် ခွဲပြီး လက်စွပ်နဲ့ ပေါက်ထိုးရင် ပိုင်ပြားများ ပြဒါးလုံး အဆောင် လှလှပပကလေး ရတာပေါ့။

ညာတင်ကုတ်နဲ့ ခဲထားတာဆိုတော့ ပြဒါးထည့်ပွားလို့ရတယ်။ ထည့်သမျှ ပြဒါးတွေလဲ သူ့ဟိတ်ကြောင့် ပြဒါးခဲ ဖြစ်သွားလိမ့်မယ်။ အဲဒီကရတဲ့ ချော်ကိုလဲ သေအောင်သတ်နိုင်ရင် တခြား ကြေး၊ သံ၊ သွပ်၊ ဖယ်းတဲ့အခါ ခရီးတွင်တယ်'

သို့ဖြစ်၍ ခန်းနေဦးပဥ္စင်း အရှင်နေမိန္ဒရက **လုံငါးလုံးဖြင့် ပြဒါးငါးလုံး ခွဲခြမ်းပေးသည်။ ခဲရုံမျှ ခဲထားသဖြင့် ပြဒါးလုံးမှ အမြုပ်ကလေးများ ကြွထွက်ကာ လေပေါက်လေးများ ဖြစ်ပေါ်လာသည်ကို** **တွေ့ရသည်။** သို့သော် အဆောင်အကာအဖြစ် အသုံးပြု၍ညာတင်ကုတ် အဟိတ်ကြောင့် အစွမ်းပိုထက်စေသည်ဟု ကြားနာရလေသည်။

ခွဲထုတ်ထားသော ပြဒါးလုံးများ



**အဂ္ဂိရတ်သုဂေသီ**


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သိတနဲ့ဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာစားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိစီးမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျှင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာလှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့်ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း


**တန်ခိုးရှင် ဆေးတိုက်**

အမှတ်–(၁၉၂)၊ ရော(ဂ)လမ်း (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ [illegible]

မြောင်းမြ မောင်ယဉ်တင်

www.burmeseclassic.com

www.burmeseclassic.com



စေတီကုန်းတော်များအလယ်မှ စောင်းတန်းနှင့်မုခ်များ

တောင်မော်သာသနာ့ရိပ်သာ

စံလွန်းသာ

# ဆရာတော် ဦးဝိသုဒ္ဓါစာရ

ယခင်လမှ အဆက်

အား ဂါရဝပြု ပူဇော်ခြင်း (၄)

## ထူးသည့် ဒေသနှင့် လက္ခဏာတော်



အာနန္ဒာပုံစံတူစေတီ

ဆရာတော် သီတင်းသုံးခဲ့ရာ သိမ်ကျောင်း၌ လေ့လာကြည့်ရှုနေစဉ် ခန်းနေဦးပဥ္စင်းက ဆရာတော်ဦးကေသရ မိန့်မှာသည့်အတိုင်း စာအုပ်စာတမ်းများကို ရှာဖွေ စွန့်လှူပေးသည်။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိစာအုပ်၊ ဓာတ်ပုံနှင့် လက်ကမ်းစာစောင်အချို့ဖြစ်သည်။ ဓာတ်ပုံများမှာ ခန္တီးဆရာတော်အား ခြေဆုပ်လက်နယ်ပြုစုပုံ၊ သွေးဖန်ပြွန်များနှင့် လက်ဝါးပြင်ပုံတို့ ဖြစ်ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ လောကနန္ဒာပုံစံတူစေတီ



ဉာဏ်တော်(၅၀)ပေရှိသော ရပ်တော်မူ ◗

ဆရာတော်၏ ကျန်းမာရေး ဆေးစစ်ချက်ယူရန် သွေးနမူနာ ထုတ်ယူခဲ့ရာ၌ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နှင့် (၂၉)ရက်တို့တွင် ဖောက်ယူခဲ့သည့် သွေးများမှ ပန်းရောင် အသားစိုင်ပမာ ထွက်ပေါ်နေသည်ကို ဖန်ပြွန်၌ တွေ့ရှိရသည်။ ယင်း ဓာတ်ပုံ ကို ထပ်ဆင့် ရိုက်ကူးတင်ပြပါသည်။

ဆရာတော်၏ လက်ဖဝါးအစုံကို လည်း ပူဇော်တင်ပြထားလေရာ လက်နှစ်ဖက်စလုံး၏အလယ်၌ ဂမ္ဘီရ ကြက်ခြေများပါရှိ၍ လက်ချောင်းများ အောက်၊ အထူးသဖြင့် လက်ခလယ် အောက် ကံကြမ္မာဆိုင်ရာ စနေဂြိုဟ်ခုံ တွင် ထင်ရှားသော မတ်တတ်အစင်း များ တွေ့ရသည်။

အောက်ပိုင်း၌ ပြတ်တောက်၍ နှလုံးလမ်းအထက်တွင် အခက်များ




F.8B November, 2014.

အဘယမုဒြာ တင်ပျဉ်ခွေထိုင်ရုပ်ပွားတော်ကြီး ◗



www.burmeseclassic.com

www.burmeseclassic.com






◄ မဟာဗောဓိရုပ်ပွားတော်

◄ မဟာဗောဓိစေတီ

ဖြာလျက် ထင်ရှားစွာ ထွက်ပေါ်နေသည့် ကံကြမ္မာလမ်းက သက်ငယ်ပိုင်း ချုချာ၍ သက်ကြီးပိုင်း(၇၀–နှစ်အထက်)၌ ထင်ရှားကျော်ကြားမှုကို ဖော်ပြနေပေသည်။

◄ ပရိနိဗ္ဗာန်ပြုခဲ့ရာ ပန်းတောလက်ကျာ



## ရွှေကျောင်းတော်နှင့် ဂုရုပူဇာစေတီ


သိမ်ကျောင်းမှ ပြန်ထွက်လာပြီးနောက် ဝိသုဒ္ဓါရာမ ရွှေကျောင်းတော်ကြီးအတွင်း ဝင်ရောက်လေ့လာရာ အတွင်း၌ ကမ္မဋ္ဌာန်းဆောက်တည်နေကြသော ရဟန်းယောဂီအချို့ကို တွေ့ရသည်။

သာသနာ့ရိပ်သာအတွင်း၌ ကျောင်းကန်ဘုရားတည် ဒါနကုသိုလ်ပြုနေကြသော ရဟန်းရှင်လူများစွာ တွေ့ရသကဲ့သို့ ဘာဝနာကုသိုလ် ပြုသူများလည်း မြင်တွေ့ရခြင်းက သာသနာအတွက် အားတက်ဖွယ်ဖြစ်သည်။

ရွှေကျောင်းတော်အတွင်း၌ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ထိပ်သို့ ရှုမျှော် မော်ယူရစဉ်

◆ တည်လက်စ(၁၀၈)တောင်ပြည့် မဟာကမ္ဘာအေးစေတီလုပ်ငန်းခွင်



ဖြူသား တင်ပျဉ်ခွေရုပ်ပွားတော်ကြီး တစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ရွှေကျောင်းတော်၏ တောင်ဘက်၌ ရေကန်ငယ်နှင့်အနီးတွင် စေတီတစ်ဆူ ကိန်းဝပ်တော်မူသည်။ **"ဂုရုပူဇာ စေတီ"**ဘွဲ့မည်ရှိ၍ ဦးဝိသုဒ္ဓါစာရ၏ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယဆရာများ ဖြစ်သည့် ဒုတိယခန္တီးဆရာတော် ဦးသုဇနနှင့် တိုက်အုပ်ဆရာတော် ဦးကုသလတို့၏ ဂုဏ်ကျေးဇူးကို ရည်စူးပူဇော်ထားသည့် စေတီဖြစ်သည်။

နှစ်စဉ် ဆောင်းကာလ၌ ဦးဝိသုဒ္ဓါစာရ ပညာသင်ရသော ခန္တီးစာသင်တိုက်သို့ ကောက်ညှင်းကို ထောင်း၍ ပြုလုပ်ရသည့် ရှမ်းမုန့်(ခေါ်ပုပ်)များ သွားရောက် လှူဒါန်းလေ့ရှိသည်။ ထိုအခါ ရွာသူရွာသားများလည်း လိုက်ပါကြသဖြင့် လှည်းအစီးရေ (၃၀)ကျော်သော လှည်းတပ်ကြီးပမာရှိ၏။

နှစ်စဉ် မပြတ်ပို့လှူခဲ့ရာ သက်တော်(၇၀)ပြည့်သော နှစ်တွင် ရန်ကုန်သို့ သွားကာ ဆေးဝါးကုသမှု ခံယူရသဖြင့် ကျန်းမာရေး ညံ့သည့်အချိန်၌သာ ပျက်ကွက်ဖူးသည်ဟု ကိုယ်တိုင် မိန့်ကြားသည်။

ဆရာ့ဂုဏ်ကျေးဇူးကို သတိရလျက် တတ်စွမ်းသမျှ ပြန်၍ နိဗဒ္ဓဝတ်ပြုခြင်း ဖြစ်သည်ဆို၏။

## ဆရာတော်ဆုံးမသည့် [illegible]ခလေ့

ဆရာတော် ဦးဝိသုဒ္ဓါစာရသည်

www.burmeseclassic.com




◆ တောင်ထိပ်မှ မြင်ရသည့် ရိပ်သာမြင်ကွင်း

ဒေဝပဗ္ဗတတောင်ပေါ်၌ ကျောင်းကန်ဘုရားတည်ထားခဲ့သမျှ နေ့ကောင်းရက်သာ ရက်ရာဇာ စသည် ရွေးချယ်ခြင်းမရှိခဲ့။ မိုးလေဝသ ကောင်းမွန်၍ အားလပ်သောနေ့ကိုသာ ရွေးချယ်ခဲ့သည်။

'ဘုန်းကြီးက နတ်အကူအညီလဲ မတောင်းပါဘူး။ ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတိုင်း နတ်တွေကို အမျှအတန်းပေးဝေတာလောက်ပဲ ရှိပါတယ်'

ဟု မိန့်ကြားသည်။

ရတနသုတ်တွင်…"**ဒိဝါစ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊ တသ္မာ ဟိ နေရက္ခထ အပ္ပမတ္တာ**" ဟု ပါရှိသည်။ မြန်မာပြန်သော်…

'အကြင်သူတို့သည် နေ့အခါ၌ လည်းကောင်း၊ ညဥ့်အခါ၌ လည်းကောင်း ပူဇော်ဖွယ်ရာကို ဆောင်ယူ ပူဇော်ကြကုန်၏။ ထို့ကြောင့်ပင်လျှင် ထိုလူတို့ကို မမေ့မလျော့တဲ စောင့်ရှောက်ကြကုန်လော့'

ဟု ဘုရားရှင်က နတ်တို့အား တိုက်တွန်းတော်မူခြင်းဖြစ်သည်။

ဗလိနတ်စာနှင့်ပတ်သက်၍ **ခုဒ္ဒက အဋ္ဌကထာ(၁၊ ၁၄၂)တွင် "ယေ မနုဿာ စိတ္တကမ္မ"** စသော လေးဂါထာ၏ မြန်မာပြန်မှာ…

၁။ အကြင်လူတို့သည် ဆန်းကြယ်သော သစ်သား စသည့် နတ်ရုပ် ပြုလုပ်၍ လေးမြတ်ပူဇော်ကြသော သစ်ပင် စသည်သို့ တင်ထား၍ နတ်တို့အား ရည်စူးပြီး နေ့အခါ၌ ဗလိနတ်စာကို ပြုကုန်၏။

၂။ လဆုတ်ပက္ခတို့၌ ညဥ့်အခါ၌ ဗလိနတ်စာကို ပြုကြကုန်၏။

၃။ စာရေးတံ, ဆွမ်း စသည်တို့ကို ပေးလှူ၍ အစောင့်အရှောက်နတ်တို့ကို အစဦးထား၍ ဗြဟ္မာပြည်တိုင်အောင်နေသော နတ်ဗြဟ္မာတို့အား ရောက်အပ်သော ကုသိုလ်ကောင်းမှု၏ အဖို့အစုကို အမျှအတန်းပေးဝေကာ နေ့အခါ၌ ဗလိနတ်စာ ပြုကုန်၏။

၄။ ထီး၊ ဆီမီး၊ ပန်းလှူခြင်းတို့ကို လည်းကောင်း၊ တစ်ညဥ့်တာ ပတ်လုံး တရားနာယူခြင်းတို့ကို လည်းကောင်း ပြုကြကုန်၍ ရောက်အပ်သော ကုသိုလ်ကောင်းမှု၏ အဖို့အစုကို အမျှအတန်းပေးဝေကာ ညဥ့်အခါ ဗလိနတ်စာ ပြုကုန်၏။

ဟူ၍ ဖြစ်၏။

ထို့အပြင် **"ဝိနယမဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓက ၃၂၄"တွင်…**


**"ယသ္မိံ ပဒေသေ ကပ္ပေတိ"** စသော (၃)ဂါထာ၏အဓိပ္ပာယ်အကျဉ်းမှာ

ပညာရှိပုဂ္ဂိုလ်သည် မိမိနေထိုင်မည့်အရပ်၊ တိုက်တာ၊ အဆောက်အအုံ၌ နေထိုင်တော့မည်ဆိုလျှင် သီလရှိသော ပုဂ္ဂိုလ်တို့ကို ကျွေးမွေးလှူဒါန်း၍



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာကမ္ဘာအေးစေတီပုံစံ

ထိုအရပ်၊ အဆောက်အအုံရှိ အစောင့်အရှောက်နတ်တို့အား ကုသိုလ်အဖို့အစုကို အမျှအတန်း ပေးဝေရာ၏။

နတ်တို့က အမျှပေးဝေဖော်ရသည်ဟု ကျေးဇူးတင် ဝမ်းမြောက်ကာ စောင့်ရှောက်တုံ့၊ မြတ်နိုးတုံ့ ပြုကြကုန်၏ဟု ပါရှိ၏။ ထို့ကြောင့် နတ်တို့သည်...

၁။ လူစာမစား၊ ရေးကုသိုလ်ကိုသာ ခံစား စံစားရသော အတန်းအစား၌ ပါဝင်သည်။

၂။ လူတို့ ပေးဝေသော(ပတ္တိဒါန) အမျှအတန်းပေးဝေမှုကို သာဓုခေါ်လိုကြသည်။

ထို့ကြောင့် အမျှအတန်း ပေးဝေခြင်းသာ မြတ်ဗုဒ္ဓ၏ အလိုတော်ကျဖြစ်ကြောင်း ဆုံးမတော်မူလေသည်။

## အပြန်ခရီးတွင်

ဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာအတွင်း လှေ့လာကြည့်ရှုပြီးနောက် တောင်ခြေအစပ်တွင် ဆရာတော် ဦးဝိသုဒ္ဓါစာရ အထိမ်းအမှတ် စေတီတည်ရာ လုပ်ငန်းခွင်သို့ သွားရောက်လေ့လာသည်။

ဆရာတော်၏ အရိုးတော်ဓာတ်နှင့် ပြဒါးဓာတ်တို့ကို မြေအောက်(၅)ပေအနက်တွင် (၉)လက်မ အုတ်ရိုးပြုထားရှိ၍ အထက်တွင် ဘုရားရှင်၏ ဓာတ်တော်များ၊ ဓမ္မကျမ်းစာအုပ်များ ဌာပနာပြုကာ စေတီတည်မည် ဖြစ်ကြောင်း သိရသည်။

ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ လူကြီး၊ လူငယ်လုပ်အား ကုသိုလ်ရှင်များ စုံလင်တက်ကြွစွာ လုပ်အားပေးနေကြသည်ကို မြင်တွေ့ရလေသည်။

ထို့နောက်တွင် လက်ရှိဆရာတော် ဦးကေသရအား နှုတ်ဆက်ကန်တော့ပြီးနောက် တောင်တော်အား ဓာတ်ပုံမှတ်တမ်းပြုလျက် တောင်မော်ရွာဦးလမ်းခွဲသို့ လျှောက်လာခဲ့ကြသည်။ ခရီးဖော် ဦးဝင်းရွှေက...

'တောင်မော်ကို ဘုရားဖူးလာရင် ယာဉ်အသွားအလာ ရှားပါးပေမယ့် အဆင်ပြေတာချည်းပဲ။ ကောလင်းမပြန်ဖြစ်လို့ ရိပ်သာမှာ အိပ်ရရင်လဲ စားရေး၊ အိပ်ရေး မပူရပါဘူး'

ဟု ပြောသည်။

လမ်းဝ အသုပ်ဆိုင်တွင် နာရီဝက်ခန့် စားသောက် နားနေပြီးသောအခါ မန္တလေး–ပင်လယ်ဘူး မှန်လုံယာဉ်ဖြင့် ခရီးကြုံကာ ကောလင်းသို့ အဆင်ပြေစွာ ပြန်လည်ရောက်ရှိလေသည်။

**(တက်ကြွစွာ ကူညီပေးတော်မူကြသည့် ဆရာတော် ဦးကေသရနှင့် သံဃာတော်များအား ရိုသေစွာ ကန်တော့ပါသည်။)**

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'သြော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို





www.burmeseclassic.com

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၆၁၂YR ၀၀၆ရ၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ၀ယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ၀ယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေး၀ယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု–၁)**



www.burmeseclassic.com

www.burmeseclassic.com



◆ အင်းဆေးကန်

မြေ့သော်တာ

# ကောလင်းနယ်မှ ကျောက်လှေကြီး

## နှင့် အံ့ဖွယ် ရေဆန် အင်းဆေးကန် (၂)

လှေဦးမှုသည်

မှောက်ထားသော လှေဝမ်းသဏ္ဍာန် ကုန်းတော်အား လှေ့လာကြည့်ရာ အနောက်ဘက်၊ ခမောက်တောင်ဆီသို့ ဦးတည်နေသော လှေဦးပိုင်းကို တွေ့ရသည်။ မီးဖိုပုံစံရှိသော လှေကြီးချည်သည့် နဖားပေါက်ကို သားဖြစ်သူကိုသြက လက်နှစ်ဖက်လျှိုပြသည်။

လှေနဖားပေါက် အထက်နားတွင် **မုစလိန္ဒာရေအိုင်နှင့် နဂါးရုံရုပ်ပွားတော်တစ်ဆူ** ပူဇော်ထားသည်။ ကုန်းတော်အလယ်ဗဟို၊ လှေဦးထိပ်နေရာတွင် ရန်ပြေမာန်ပြေ (၉)တောင်ပြည့် နဝင်းစေတီ ကိန်းဝပ်တော်မူသည်။

စေတီတော်၏ အရှေ့ဘက်တွင် ''အင်းဆေးကန်''ရှိသည်။ အလျား (၁၂)တောင်၊ အနံ(၉)တောင် အနက် (၉)တောင် ရှိသည်ဆိုသည်။ နွေမိုး

### ယခင်လမှ အဆက်

စေတီတည်ရာ၌ ကပ်သုံးပ်ါး ကျော်လွှား၍ ခုနစ်ရက်သားသမီးတို့ ရန်မာန်ပြေအေးငြိမ်းစေရန် ရည်ရွယ်လျက် ပစ္စယံသုံးဆင့်အထက် မုခ်(၈)ခုနှင့် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ဂြိုဟ်(၈)ခွင်ကို ရည်ရွယ်ခြင်း မဟုတ်ပါ။ အရပ်ရှစ်မျက်နှာမှ သတ္တဝါအားလုံးသို့ ရည်မှန်းသည်ဆိုသည်။

တစ်မျက်နှာလျှင် (၂၀)လက်မနှင့် (၁)မတ် အလျားရှိသည်။ (၈)မျက်နှာပေါင်း(၉)တောင်ပြည့် နဝင်းကိုက်စေရန် ဖြစ်သည်ဆို၏။ ၂၀ ၃/၄ × ၈ = ၁၆၂ လက်မ=၉တောင် ဖြစ်သည်။ နှစ်စဉ်တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခဲ့သည်ဟု သိရသည်။






www.burmeseclassic.com

www.burmeseclassic.com



◆ သုမေဓာ ဗျာဒိတ်ခံယူခန်း



◆ ပဒုမ္မာကြာအိုင်

ဆောင်း ရေမခန်းပါ။ကန်တွင်းမဆင်းရ ရေမချိုးရပါ။

ပွဲတော်ကာလတွင် သောက်ရေ သုံးရေအဖြစ် သုံးစွဲနိုင်သည်။ ရှေးဝိဇ္ဇာ ဇော်ဂျီတို့ အင်းကစား၍ ထွက်ရပ် ပေါက်မြောက်ခဲ့ရာ နောင်းလူတို့ ဆေး ဝါးအဖြစ် အသုံးပြုနိုင်ရန် ထားရစ်ခဲ့ သည်ဆို၏။

ဤကန်အနီး၌ သမထကမ္မဋ္ဌာန်း ဆောက်တည်၍ သမာဓိတည်ကြည် မြဲမြံပါက နဂါးနှစ်ကောင်ဝန်းရံ စောင့် ကြပ်နေသည်ကို တွေ့မြင်နိုင်သည်ဟု ရသေ့ကြီးက ပြောပြသည်။

ဘုရားဖူးများသည် အင်းဆေးကန် ရေကို ဘူးများဖြင့် ယူငင်အဆောင်ပြု လေ့ရှိကြသည်။ ရောဂါအထွေထွေ သက်သာပျောက်ကင်းစေသည်။

ခရီးလမ်းပန်း အဆင်ပြေ အေးချမ်း စေသည်။ အခက်အခဲ ပြဿနာများ ပြေလည် ဘေးရန် ကင်းစေသည်ဟု ယုံကြည်ကြလေသည်။

အင်းဆေးကန်၏ အရှေ့ဘက်ကန် အစပ်တွင် ထိပ်ဝ ဆယ်လက်မခန့် ရှိသော ကျောက်တွင်းကို ရေမျက်နှာ ပြင်အောက်၌ တွေ့ရသည်။ လေ့၏ ဗဟိုချက်မဖြစ်၍ အနက် မည်မျှရှိသည် ကို မှန်းဆ၍မရပါ။

ဤတွင်းမှ ရေများ တသွင်သွင် စီး ထွက်နေသည်ဟု သိရသည်။ လေ့ကြီး မှာ ရှေ့နောက် အလျားရှည်၍ မှောက် လျက်ပုံစံ ဖြစ်သောကြောင့် တောင် ကုန်းပမာ ဖြစ်နေသည်။

အရှေ့မြောက်၊ အရှေ့၊ မြောက်နှင့် အနောက်ဘက်များတွင် ရေပတ်လည် ဝိုင်းလျက်ရှိသည်။ လျှော့ကျသွားသော အင်းရေ ဖြစ်သည်။

ဗဟိုတွင်းသည် တောင်ကုန်းအမြင့် ထိပ်တွင်ရှိနေရာ အင်းမှ ရေများ သို့မဟုတ် မြေအောက်မှ ရေများ အလို အလျောက် ဆန်၍ လျှံထွက်နေခြင်းက ထူးခြားလှပေသည်။ ထိုတွင်းနေရာမှ ရေကို ဆေးအဖြစ်၊ အဆောင်အဖြစ် ယူငင်ကြခြင်း ဖြစ်လေသည်။

## လှေပွဲဆီသို့

လှေပုံပိုင်း ဆင်ခြေလျှောစောင်းတွင် ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတ ဗျာဒိတ်ခံယူနေသော သုမေဓာရှင် ရသေ့နှင့် သုမိတ္တာသတို့သမီး ရုပ်တု များ၊ တံခွန်တိုင်အထက် ချာန်ပျံကြွနေ သော မြတ်စွာဘုရားနှင့် ရဟန္တာ(၈)ပါး ပုံတော်များကို ဖူးတွေ့ရသည်။


ရသေ့ကြီး တရားအားထုတ်စဉ် မြတ်စွာဘုရားနှင့် ရဟန္တာ(၈)ပါး ချာန် ပျံကြွလာပုံကို ဖူးတွေ့ရသဖြင့် ဤ ရဟန္တာရုပ်တုများ သွန်းလုပ်ပူဇော်ခြင်း ဖြစ်သည်ဟု သိရသည်။

မြတ်စွာဘုရားရှင် ချာန်ပျံကြွနေပုံကို ရည်ညွှန်း၍ အမြင့်(၉)ပေ(၉)လက်မ ရှိသော တံခွန်တိုင် ပြုလုပ်ကာ အထက် မှ မြတ်စွာဘုရားပုံတော် ပူဇော်ထား သည်ဟု ဆိုသည်။




www.burmeseclassic.com

www.burmeseclassic.com



ရေအောက်မြုပ်ရသော တောင်သုံးလုံးထက်မှ (၁၈)တောင်ပြည့်စေတီ

ပဒုမ္မာကြာပွင့်ကြီး တစ်ပွင့်



နိမိတ်အာရုံ ထင်မြင်၍ ရက်ပိုင်းအတွင်းမှာပင် ဒါယကာတစ်ဦး ရောက်ရှိလာက ဤကုန်းတော်၌ အဓိဋ္ဌာန်ပြုဆုတောင်းသည်များ အောင်မြင်ပြည့်ဝသဖြင့် ဘုရားကိုးဆူ လှူဒါန်းလိုကြောင်း လျှောက်ထားသည်။ ဤသို့ဖြင့် ဤရုပ်တုရုပ်ပွားများ ပွင့်ထွန်းလာခဲ့သည်ဟု သိရသည်။

ထို ရုပ်တုရုပ်ပွားများအနီးတွင် ပဒုမ္မာကြာအိုင်ငယ်ရှိသည်။ ရသေ့ကြီးသည် လေ့ဦးပိုင်း ကျောက်စောင်းတွင် တရားထိုင်လေ့ရှိကာ ၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက်နေ့ညတွင် တရားကမ္မဋ္ဌာန်းသိမ်း၍ လှေ့ပုံအခြေ အင်းအတွင်း ရေရှိုးဆင်းရာ ဤရေအိုင်၌ ဖြူနီညိုဝါ ကြာလေးပွင့် ပွင့်နေသည်ကို တွေ့ရသည်။

နံနက်လင်းသောအခါ ကြာပွင့်များမတွေ့ရ ရေအိုင်သာ ရှိသည်ကို အံ့ဩဖွယ်ရာ ကြုံတွေ့ရသည်။

ထို့နောက် အင်းကြာ(အင်းတွင်အလေ့ကျပေါက်နေသော ကြာပင်) အချို့ ပေါက်ရောက်လာရာမှ ၁၃၇၃ ခုနှစ်တွင် ပဒုမ္မာ(၄)ပွင့် အလိုအလျောက် ပွင့်လန်းနေသည်ကို တွေ့ရသည်။ **ယခု ၁၃၇၅ ခုနှစ်တွင်မူ (၉)ပွင့် ပွင့်လျက် ရှိသည်ဆို၏။**

မှတ်တမ်းဓာတ်ပုံ

ကျောက်လှေကြီးမှာ အလျား (၃၄)လံ(၃၂၄--ပေ) ရှည်လျားသဖြင့်




www.burmeseclassic.com

www.burmeseclassic.com

လှေလုံးပေါ်စေရန် အင်း၏ မြောက်ဘက် လယ်ကွက်ဆီမှသာ ဓာတ်ပုံရိုက်ကူးနိုင်သည်ဆို၏။

သို့ဖြစ်၍ လှေပုံမှ အင်းအတွင်းသို့ ဆင်းကာ ကိုညြ၏ ဦးဆောင်မှုဖြင့် ရေတိမ်ရာမှ ဖြတ်သန်း၍ မြောက်ဘက် လယ်ကွင်းမှ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးသည်။

လှေဦးအဖျားပိုင်း အဝေးဆီတွင် တောင်သုံးလုံးနှင့် တောင်ထိပ်တွင် စံပယ်သော (၁၈)တောင်ပြည့်စေတီကိုလည်း လှမ်း၍ ဖူးမြော်ရသည်။



ဘုရားရှင်နှင့် ရဟန္တာရုပ်ပွား

## ရသေ့ကြီး၏ နို့ဆော်လွှာ

ထို့နောက် ကုန်းတော်သို့ ပြန်လာရာ ဦးအောင်သိန်းက နို့ဆော်လွှာ စာရွက်တစ်ရွက်ကို ကမ်းပေးသည်။ ထိုစာရွက်၌...

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်တွင် ဗုဒ္ဓသာသနာ မြန်မာနှင့် မလျော်သော ဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ပါသဖြင့် ကောလီ အောင်ဓာတ်ဆောင် **"ကောလင်း"**နယ်မှ နံတူထပ်သည့် **"ကျောက်လှေ"**ပေါ်တွင် မြန်မာ့ **ရန်ပြေမာန်ပြေ ဓာတ်ချေဘုရား**ကို ခုနစ်ရက်သားသမီး စုပေါင်းအားဖြင့် တည်ထားပြီးဖြစ်ရာ တပေါင်းလပြည့် ဗုဒ္ဓပူဇနီယပွဲတော်သမယ သံဃာတော်များဆွမ်း ဆန်လောင်းလှူပွဲနှင့် ဆောက်လက်စ ဝေဠုဝန်ကျောင်းတော်

လှေ့ပုံပိုင်းနှင့် အင်းအရပ်





www.burmeseclassic.com

www.burmeseclassic.com



ကူညီပေးသူ ဦးဝင်းရွှေ

အတွက် သဒ္ဒါကြည် ဝိုင်းဝန်းကူညီကြပါရန် နှိုးဆော်ထားခြင်းဖြစ်သည်။

ရေးရေးထင်သည့် ရှေးဖြစ်အင်

ကျောက်လှေကြီးတည်ရာ အင်းကြီး၏ အနောက်ဘက်အင်းစပ်တွင် **"ဝါးကြီးတော"**မြို့ဟောင်း လှေဆိပ်ရှိ၏။

**(ဝါးကြီးတောမြို့သည် အင်္ဂလိပ်ခေတ်တွင် "ဝါးရုံခုံ"ရွာဟု တွင်၍ သစ်လုပ်ငန်းအတွက် အားထားရသည့် လူနေစည်ကားသော စခန်းထောက်ရွာတစ်ရွာ ဖြစ်ခဲ့သည်။ ယခုအခါ ရွာအမည်သာ ကျန်၍ အိမ်ခြေများ ပျောက်ကွယ်ကုန်ပြီဟု သိရသည်။)**

ဝါးကြီးကုန်းမြို့ဟောင်း၏ နောက်တစ်တိုင်(၂ မိုင်)ခန့်အကွာတွင် ညောင်ဝန်းရှိ၍ ထိုရွာ၌ ဘိုးတော်ဗဒုံမင်း တည်ခဲ့သည့် ရွှေကူကြီးစေတီ ရှိသည်။ ယင်းစေတီကို အဘဘိုးဘိုးအောင် ညွှန်ကြားချက်ဖြင့် တည်ခဲ့သည် ဆိုလေသည်။

ဘိုးတော်ဗဒုံမင်း နန်းတက်သောအခါ စည်းစိမ်အတွက် စိုးရိမ်သဖြင့် ဘိုးဘိုးအောင်ကို ဖမ်းဆီးသုတ်သင်စေသည်။

သုတ်သင်၍ မရသည့်အဆုံး ဘိုးဘိုးအောင်၏အစွမ်းကို သိရသောအခါ ဝန်ချတောင်းပန်၍ မင်းစည်းစိမ်ရစေရန် တူတော်သားတော် မင်းဆွေမင်းမျိုး အမှုထမ်းများစွာ သတ်ဖြတ်ခဲ့သည့် အကုသိုလ်ဝဋ်ကြွေး၊ ကျေတန်သမျှ ကျေစေရန် ဘိုးဘိုးအောင် ညွှန်ကြားသည့်အတိုင်း မြန်မာနိုင်ငံအရပ်ရပ် ဌာန(၂၃၀)တွင် ကံကူမည့် ရွှေကူကြီးစေတီ အဆူ(၂၃၀) တည်လုပ်ခဲ့သည်။

ဘိုးတော်ဗဒုံမင်းသည် အင်းဝနန်းတော်တွင် တစ်နှစ်လေးလ စိုးစံပြီးနောက် အမရပူရနန်းတော်သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ အင်းဝမှ အင်းအပြင်သို့ရောက်ခြင်း ဖြစ်သည်။

ထို့ကြောင့် (လှေကြီးရှိရာ)အင်း၏ အပြင်၊ **"အမရပူရ"**နံ (ဗုဒ္ဓဟူး)အတူရှိသည့် ညောင်ဝန်း(ရွာ)၌ ရွှေကူကြီး တစ်ဆူ တည်နိုင်းခြင်း ဖြစ်သည်ဆို၏။

ဖြစ်စဉ်ပါ အချက်အလက်အချို့ကို ကုန်းဘောင်ရာဇဝင်၌ အထောက်အထား တိကျစွာ ရှာမတွေ့နိုင်သည့် ရေးရေးမျှထင်သည့် ရှေးက ဖြစ်အင် အဖြစ် ဖော်ပြရပေသည်။

ဘိုးတော်မင်း စွန့်ခွာခဲ့သော အင်းဝမြို့ကို ဘကြီးတော်မင်းခေါ် ဗဒုံမင်း၏ နောင်တော်လတ်က စတုတ္ထအကြိမ် ထပ်မံ တည်ဆောက်သောအခါ...

'လှေကြီးကိုဝန်တင်၊ အလျင်က နေရာဟောင်းကို၊ ပြောင်းကြစို့ အေတို့၊ အိမ်တန်းရှည်၊ မင်းနေပြည်ရွှေဝမို့ သာလှတယ်လေး'

ဟူ၍ ကလေးသူငယ်တို့ တဘောင်ကြွေးကြော်ခဲ့သည်ဖြစ်ရာ အင်း(ဝ)မှ ထွက်သော ဤကာလတွင် လှေနှင့်စပ်သော ယခုနေရာ၌လည်း မာတ်ပြေ့၊ နံပြေ့၊ ရန်ပြေ စေတီတည်ခြင်း ဖြစ်သည်။

ဘိုးတော်ဦးဝိုင်းသည် ဇာနည်သား ဖြစ်ရာ စံကူးမာတ်ရန် ၂,၃နှင့် ကယ်ဆယ်ခြင်း နိမိတ်ဆောင် ဆယ်ပြည့် (၂၃၀)ဆူ တည်သည် ဆိုလေသည်။

ထို့နောက် ကသစ်ကုန်းရွာသို့ ဝင်ကာ ဦးဝင်းရွှေ၏ ဆွေမျိုးသားချင်း တစ်ဦးအိမ်သို့ ဝင်လည်ကာ ရေနွေးကြမ်းနှင့် အညာမုန့်များ စားသုံးကြသည်။

ထိုအခါ မိမိတို့ ငှားရမ်းလာသည့် သုံးဘီးဆိုင်ကယ်သမားကလေးက...

'ဆရာ ကျွန်တော် ဒီရွာကို အရင်က ခဏခဏ ရောက်ဖူးတယ်။ ရှေးဘုရားပျက် ဌာပနာတိုက်ထဲက ရှေးခေတ် ရုပ်ပွားတော်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ ပေါ်လာလို့ ကသစ်ကုန်းရွာဦးကျောင်းမှာ ပူဇော်ထိန်းသိမ်းထားတယ်။

မှန်လေးက လူတွေက အဲဒီ ပစ္စည်းတွေထဲက ပန်းပြားကြီးတစ်ချပ်ကို အင်မတန် စိတ်ဝင်စားကြတယ်။ နှုတ်ခမ်းပတ်လည်မှာ အရုပ်တွေ ပါသတဲ့။

လူတော်တော်များများကို လာပို့ရတယ်။ ဈေးမတည့်လို့တဲ့ အရောင်းအဝယ် မဖြစ်ခဲ့ဘူး'

ဟု ပြောပြသဖြင့် ရွာ၏ အဘိုးအို



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးအား မေးကြည့်သည်။

'အေးကွ ဝိရူရအမတ် မြင်းမြီးဆွဲထားပုံက အတော်ကောင်းတယ်။ လူလေးကြည့်ချင်ရင် ကျောင်းထိုင်ဘုန်းကြီးဆီ သွားလျှောက်ကြတာပေါ့'

သို့ဖြင့် ရွာခံအချို့နှင့်အတူ ကျောင်းသို့သွားကာ ဆရာတော်အား လျှောက်ထားကြသည်။ ဆရာတော်က **"ဟိုးအရှေ့ကုန်းဘုရားက ရတာပါ။ ပြန်ပြီးဌာပနာလိုက်ပြီ"**ဟုမိန့်ကြားသည်။

'စေတီပြန်တည်လို့ ပြီးပြီလားဘုရား'

'ဟင့်အင်း စေတီမတည်ပါဘူး။ ဟိုဘက်ရွာကို ပေးလိုက်တာပါ။ မရှိတော့ပါဘူး'

ရွာသားများက လက်ကုတ် မျက်ရိပ်ပြကာ ပြန်ကြစို့ဟု အချက်ပေးသဖြင့် ဦးချ၍ ပြန်ခဲ့ကြသည်။

ဆရာတော်က မည်သို့ သဘောပေါက်သွားသည်ကိုတော့ မသိရပေ။ ရှေးအထောက်အထား တစ်ရပ်ကို မတင်ပြနိုင်သဖြင့် စိတ်မကောင်းဖြစ်ရသည်။ ဘိုးတော်ဦးပိုင်း၏ ကောင်းမှုတော်များနှင့် ဆက်စပ်နိုင်ကောင်းသည်ဟု တွေးမိလေသည်။

---

နှုတ်ဆက်ဂါရဝ

---

သိကြားမင်းစံရာ တာဝတိံသာနတ်နန်းတွင် ပွင့်ရိုးဖြစ်သော ကသစ်ပန်းကို အမှီပြုကာ နိမိတ်ကောင်းဆောင်သည့် ကသစ်ကုန်းကျေးရွာမှ ကျောက်လှေသည့် ကျောင်းကန်ဘုရားစေတီများဖြင့် ပွင့်လန်းသည့် သာသနာ့စခန်းအဖြစ် ထွက်ပေါ်လာပြီဖြစ်သည်။

ခရီးကြုံကြိုက်ပါက တစ်ခါတစ်ခေါက် လာရောက်လှေလာ ကုသိုလ်ပြုကြပါရန် တိုက်တွန်းလျက် အရှင်နာဂသိန် ဟောကြားတော်မူသော လှေ၏အင်္ဂါသုံးရပ်ဖြင့် သစ္စာလေးပါး ထိုးထွင်းသိမြင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြောင်း ရေးသားပူဇော် ဂါရဝပြုအပ်ပါသည်။

၁။ လှေသည် အထူးထူးသော သစ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်ကာ တစ်ဖက်ကမ်းသို့ ကူးနိုင်သကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်သည် အကျင့်သီတင်း ဂုဏ်ကျေးဇူး ဝတ်ကြီးဝတ်ငယ်များစွာရှိသော တရားအပေါင်းဖြင့် စေ့စပ်ကာ နတ်လူအပေါင်းကို သံသရာတစ်ဖက်ကမ်းသို့ ကူးမြောက်စေ၏။

၂။ လှေသည် လှိုင်းတံပိုးဝဲအဟုန်တို့ကို သည်းခံနိုင်သကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်သည် ကိလေသာ လှိုင်းတံပိုး လောကဓံ ဝဲအဟုန်တို့ကို သည်းခံနိုင်၏။

၃။ လှေသည် နက်သောရေ၊ ပြင်းသောလှိုင်းနှင့် ငါးမကာရ်းအပေါင်းတို့ နှောင့်ယှက်သည့် သမုဒ္ဒရာ၌ သွားသကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်သည် သုံးကြိမ်ထပ်၍ ဟောအပ်သော တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသည့် သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း၌ ကောင်းစွာကျင့်အပ်၏။

မြတ်စွာဘုရားသည်လည်း သစ္စသံယုတ်နိကာယ်၌ ဤသို့ပင် ဟောတော်မူခဲ့သည်ဟူ၍ သာဓကပြတော်မူလေသည်။

လှေနှင့်စပ်၍ မြတ်သော တရားအသိထူးများ ရကြပါစေ။

**(ကျောက်လှေရှိရာသို့ လိုက်ပါကူညီပေးသော ဦးဝင်းရွှေအား ကျေးဇူး အထူး တင်ရှိပါသည်။)**

ငြိမ်းသော်တာ

စာမျက်နှာ (၇၁)မှ အဆက်

ပေါ်လာတာပါ။

ဆေးဖော်တာလဲ လွယ်တယ်ကွယ့်။ **လေးညှင်းပွင့်နဲ့ ဇာတိပ္ဖိုလ်သီး သုံးကျပ်သားစီ၊ တြိကဋုက်သုံးပါးက တစ်ပါးသုံးကျပ်သားစီနဲ့ ကိုးကျပ်သားပေါ့။ အားလုံး အမှုန့်ပြုပြီး ဖန်ဘူးသုံးလုံးနဲ့ ထားရတယ်။ လေမလုံရင် ဆေးစွမ်း လျော့ပါးပြယ်သွားတတ်တယ်။**

မီးယပ်သွေး ထိမ်တာ၊ ငုပ်တာ၊ လာကျော် ရက်ကျော်ရင် **ထန်းလျက်ပြုတ်ရည်နဲ့ ဆေးမှုန့်တစ်မတ်သားလောက် ရောဖျော်သောက်လိုက်ရင်** သွေးဆင်းလာတာပဲ။

အိမ်ထောင်ရှင်များ ဆိုရင်တော့ ကိုယ်ဝန်ရှိတာလား၊ ဘာလား သိမှ သောက်သင့်တယ်ကွယ့်။ ကိုယ်ဝန် ရှိသွားလို့ ဓမ္မတာ မလာတာကို အဲဒီဆေးသောက်ရင် ကိုယ်ဝန်ပျက်စီး ထိခိုက်တတ်လို့ပဲကွယ့်။

**မီးယပ်ဓမ္မတာ သွေးဆင်းလွန်းရင်တော့ နံ့သာဖြူ၊ နံ့သာနီကို ရေနဲ့သွေး။ အကြမ်းပန်းကန်တစ်လုံးလောက်ရရင် သကြားချိုအောင်ရော မွှေသောက်လိုက်ရင် ရပ်သွားမှန်သွားတာပါပဲကွယ်'**

'ဟုတ်ကဲ့ပါ အမေ အခုလို ကြုံတုန်းမှာ ရှင်းပြပြောဆိုပေးတာ ကျေးဇူးပါခင်ဗျာ'

ခရီးသွားစဉ် ကားပေါ်တွင် ကြုံတွေ့ခဲ့ရသည့် အရပ်လက်သည် အမေဒေါ်ခင်မြင့်(၇၃-နှစ်)၏ လက်တွေ့ပြောပြချက်ကို မှတ်သားယူ၍ ရေးသားတင်ပြလိုက်ပါသည်။

နတ်မောက် မင်းချစ်နော်

www.burmeseclassic.com

နောက်လိုက် အမြန်ရောက်လာစေပြီး

# မီးယပ်အဆေတရောဂါ အလွတ်

ဆေးနည်းမဟာ

နတ်မောက် ခင်ချစ်ငြိမ်



နတ်မောက်မှ ရေနံချောင်းသို့ ကားစီးသွားရာ ကားပေါ်တွင် အရပ်သက်သည် **အမေဒေါ်ခင်မြင့်** ဆိုသူနှင့် တစ်ခုံတန်းတည်း အတူထိုင်ရပြီး အမေ့ထံမှ ရရှိခဲ့သော ကြားနာမှတ်သားခဲ့ရသော ဗဟုသုတများ ရေးသားတင်ပြအပ်ပါသည်။

'အမေက အသက်နှစ်ဆယ် အရွယ်ကတည်းက အဘွားနဲ့အတူ အရပ်သက်သည် အကူအဖြစ်လိုက်ပြီး သက်တွေ့လုပ်ကိုင်ခဲ့တယ်။ အဲဒီတုန်းက အမေက အပျိုဆိုတော့ အစပိုင်းမှာ ဒီလိုလိုက်ရ လုပ်ရတာ ရှက်တာပေါ့ကွယ် ဟင်း...ဟင်း...ဟင်း...

(၂)နှစ်,(၃)နှစ်လောက် ရှိတော့မှ အရှက်ပျောက်သွားတာ။ အဘွားက ဥါမြေးကို ပညာကုန် ပေးချင်လို့ခေါ်တာ။ မရှက်နဲ့ မကြောက်နဲ့ ဒီအလုပ်ဟာ ကုသိုလ်လဲရ၊ ဝမ်းလဲဝတဲ့အလုပ် မွန်မြတ်တဲ့ အလုပ်လို့ ပြောရတယ်ဆိုပြီး သွန်သင်တယ်။

အမေ အသက်သုံးဆယ်အရွယ် အိမ်ထောင်ကျတော့ အဘွားက ခုနစ်ဆယ်ကျော် မျက်စိမှုန်သွားပြီဖြစ်လို့ အမေပါ ကိုယ်တိုင်ဦးဆောင်ပြီး အရပ်သက်သည် လုပ်ခဲ့ရတယ်။ အဘွားက နောက်ကလိုက်ပြီး လိုအပ်တာ ပြောဆိုပေးတာတော့ ရှိတာပေါ့။

ပြီးတော့ အဘွားမှာ လက်စွဲဆေးနှစ်မျိုး ကိုင်ထားတာ ရှိတယ်ကွယ့်။ အဘွားတို့ အဘိုးက ဆေးဘုန်းကြီးလို့ နာမည်ကြီးခဲ့တဲ့ ဆရာတော် ဦးပဏ္ဍဝတဲ့။ အမေ မမီပါဘူး။ မမြင်ဖူးလိုက်ပါဘူး။ အဲဒီဆေးဘုန်းကြီး အဘိုးက ပေးခဲ့တဲ့ ဆေးပေါ့။

တစ်ခါတလေ မီးဖွားပြီးတဲ့အခါ အချို့ အမျိုးသမီးတွေမှာ **နောက်လိုက်** ရောက်မလာတတ်ဘူး။ ဩော် နောက်လိုက်ဆိုတာ အချင်းကိုပြောတာ လူလေးရဲ့။

အဲဒီ နောက်လိုက်အချင်း ရောက်မလာဘဲ သားအိမ်ထဲမှာ ကပ်နေရင် မိခင်မှာ အသက်အန္တရာယ် ထိခိုက်တတ်တယ်ကွယ့်။

အဲဒီအခါမျိုးမှာ အဘွားဟာ သူ့လက်စွဲဆေးတစ်လုံး,နှစ်လုံးကို ရေနွေးနဲ့ တိုက်ပေးလိုက်တာပဲ။ မကြာဘူး နောက်လိုက် အမြန်ရောက်လာပြီး မိခင်ရော ရင်သွေးငယ်ရော ကျန်းမာသွားတယ်။

အဲဒီဆေးနည်း ပြောလို့ရပါတယ်။ နှစ်စဉ် ဆေး တစ်ဖုံကနေ နှစ်ဖုံအထိ ဖော်ရလို့ အလွတ်ရတာပေါ့။ သေတောင် မမေ့ပါဘူးကွယ်။

ဇာတိပ္ဖိုလ်သီး၊ ဇာတိပ္ဖိုလ်ပွင့်၊ ဇရုတ်ကောင်းစေ့၊ ကန့်ချုပ်နီ၊ မိသလင်ဥ၊ အန့်သလွန်အမြစ်၊ သဘော်ဖိုမြစ်တွေကို နှစ်ကျပ်သားစီ အမှုန့်ပြီး ဆားပီးဖုတ်တစ်ကျပ်သား ထည့်မွှေပြီး ရွှေစေ့လောက် အလုံးကလေးတွေ လုံးထားရတယ်။

နောက်လိုက် ရောက်မလာဘူးဆိုရင် အဲဒီ ဆေးလုံးလေး နှစ်လုံးလောက် ရေနွေးဖြူနဲ့ တိုက်လိုက်ရင် ရောက်လာတာပဲ။

နို့ရှင်ပြီး သွေးသားပါ စင်ကြယ်စေတယ်ကွယ့်။ အဲဒါ အဘွားရဲ့ လက်စွဲဆေးတစ်နည်း အမေ ရထားခဲ့တာ၊ မီးယပ်ဖောရောင်တာပါ ပျောက်စေတဲ့ဆေးပေါ့။

နောက်လက်စွဲဆေးကတော့ **ဓမ္မတာမှန်ဆေးကွယ့်။** မီးယပ်သွေးလစဉ် လာနေကျအချိန် မလာဘဲ ထိန်မယ်၊ ငုပ်မယ်၊ သွေးပုပ်ကျန်မယ် ထင်ရင် ဒီဆေးကို သောက်လိုက် ချက်ချင်း နာရီပိုင်းအတွင်း မီးယပ်သွေး


စာမျက်နှာ (၇၀) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

••••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ •••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည့်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့်စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်“**အသားအရေ ဖြူနု ချောမွတ်ပြီး မကြံ့ဘူးအောင် အလှထူးစေသည့်**”ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော “**သတ္တဂုဏ်**”နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၁၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



● ရှေးဟောင်းကျိုက္ကလစေတီတော် ဘုရားမျိုးရွာ မြောက်မိုင်း

ဖြိုးအောင်ဇ (LL.B)

မြတ်စွာဘုရား၏

# သွားတော်ဓာတ်(၃၃)ဆူ

မှ ကျိုက်ရိုးစေတီရှာပုံတော်

ဦးအောင်မြင့်အောင် ရေးသားပြုစုသော သုဝဏ္ဏဘူမိ၏ ရွှေစာရံစေတီတော်သမိုင်း ကျမ်းစာအုပ်၏ စာမျက်နှာ(၉၆)၊ (၉၇)တို့တွင် လည်းကောင်း…

ပဲခူးခရိုင်၊ ဝေါမြို့အပိုင် ကြံ့ရက်ရွာ၊ ပုဗ္ဗာရုံဆရာတော် ရေးသားစီရင်တော်မူသော စစ်တောင်းမြို့ ကျိုက္ကလွန်ပွန်းစေတီတော်ကြီးသမိုင်းစာအုပ်၏ စာမျက်နှာ(၅၁)၊ (၅၂)၊ (၅၃)တို့တွင် လည်းကောင်း…

ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ ပြုစုသည့် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် သမိုင်းစာအုပ်၏ စာမျက်နှာ(၁၁၀)၊ (၁၁၁)တို့တွင် လည်းကောင်း…

ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ သွားတော်ဓာတ်(၃၃)ဆူ ဌာပနာတည်ထားသော စေတီတော်(၃၃)ဆူ ဘွဲ့အမည်နှင့် တည်နေရာ ဒေသယှဉ်တွဲဖော်ပြပေးထားသည်။

ထို ရှေးဟောင်းစေတီတော်များကို လိုက်လံ ရှာဖွေဖူးမြော်လိုသော ဆန္ဒပြင်းပြစွာဖြစ်ပေါ်သဖြင့် ကျွန်ုပ် ကိုယ်တိုင် အချိန်အခါ အခွင့်သင့်တိုင်း နယ်မြေဒေသအနှံ့ သွားရောက် ရှာဖွေဖူးမြော်ခဲ့ရာ အချို့မှာ လွယ်ကူသော်လည်း အချို့မှာ လွန်စွာ ခက်ခဲလှပါသည်။

ရှေးခေတ် မွန်တိုင်းရင်းသားတို့ အခေါ်အဝေါ်နှင့် ယခုခေတ် အခေါ်အဝေါ်တို့ ကွဲလွဲနေခြင်း၊ အချို့မြို့များက ရွာသိမ်ရွာငယ်များဖြစ်သွားခြင်း၊ သွားလာရေးခက်ခဲခြင်း၊ အချို့ဒေသများက လူနေအိမ်ခြေမရှိတော့ဘဲ ရွာပျက်မြို့ပျက်များဖြစ်သွားခြင်း၊ အချို့မှာ သမိုင်း စာအုပ်တစ်အုပ်နှင့် တစ်အုပ် စာလုံးပေါင်း သတ်ပုံကွဲလွဲ မှားယွင်းဖော်ပြထားခြင်း စသည်တို့ကြောင့် ရှာဖွေရန် ခက်ခဲရပါသည်။

ရွှေစာရံစေတီတော် သမိုင်းစာအုပ်နှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီတော်သမိုင်း စာအုပ်တို့တွင် ဖော်ပြထားသော သွားတော်ဓာတ်စေတီတော်(၃၃)ဆူစာရင်းမှ **အမှတ်စဉ်(၂၃) ကျိုက္ကလွန်ပွန်းစေတီတော်** သမိုင်း

www.burmeseclassic.com



▲ ဘုရားမြို့ရွာမှ ရွာလယ်ဘုရား

▼ ရှေးဟောင်းကျိုက်ဂုလစေတီတော်

ပရိုက်မှ သာသနိက အဆောက်အအုံအချို့



စာအုပ်တွင် ဖော်ပြထားသော သွားတော်ဓာတ်စေတီတော်(၃၃)ဆူ အမည်စာရင်းမှ အမှတ်စဉ်(၂၄)မှာ ကျိုက်ရိုစေတီ(ကျိုက်ရိုမြို့)ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ နှစ်ပေါင်း(၁၀)နှစ်ကျော် စိတ်ရှည်လက်ရှည် ရှာပုံတော်ဖွင့်ကာ စုံစမ်းပါသော်လည်း ကျိုက်ရိုစေတီကို မတွေ့ရှိသေးပါ။ **ကျိုက်ရိုမြို့ကိုလည်း သတင်းပင် မကြားမိသေးပါ။**

ရှေးအခါက မွန်တိုင်းရင်းသားများ နေထိုင်ခဲ့ကြသဖြင့် မွန်ဘာသာ စကားဖြင့် မြို့ရွာနာမည်၊ စေတီဘွဲ့များ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြရာ ယခုခေတ်တွင် ထိုနေရာဒေသတို့၌ ဗမာတိုင်းရင်းသားများနေထိုင်လျက်ရှိရာ အချို့ မြို့ရွာဒေသအမည်မှာ ဗမာဘာသာစကား အခေါ်အဝေါ်အဖြစ် ပြောင်းလဲနေပြီး အချို့စေတီဘုရားများ၏ ဘွဲ့အမည်လည်း ဗမာဘာသာ အခေါ်အဝေါ်သို့ ပြောင်းလဲနေကြောင်း တွေ့ရှိရသည်။

ဥပမာ...**မောရဋ္ဌယမြို့ (ကျိုက်မုပွန်)**ဆိုလျှင် ယခုခေတ် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ တောင်ဘက်စွန်း၊ မုပွန်ရပ်ကွက်ရှိ ကန္ဒားဘေး ကျောက်တောင်စွန်းတွင် ကျိုက်မုပွန်စေတီတော်ကို ယခင်ဘွဲ့တော်အတိုင်း ဖူးမြင်ရသော်လည်း **"မောရဋ္ဌယမြို့" ကတော့ လုံးဝ ပျက်သုဉ်းသွားပြီ** ဖြစ်သည်။

ရွာအမည်ပင် မကျန်ရှိတော့ဘဲ မုပွန်ရပ်ကွက်အဖြစ်သာ ရှိပါတော့သည်။ **မုပွန်ရပ် ဘောလုံးကွင်းအနီးမှာ ရှေးဟောင်းပစ္စည်းအချို့ ယခုတိုင် ရှာဖွေရရှိနေကြသည်။**

အလားတူ ကျိုက်သူရဲ(သူရဲမြို့)ဆိုလျှင် ယခုအခါ ပုသိမ်ခရိုင်၊ ငပုတောမြို့အပိုင် မော်တင်စွန်းဒေသရှိ မော်တင်စွန်းဘုရားဟုသာ လူသိများ လူခေါ်များနေသည်။ **ကျိုက်မော်သူရဲ(သို့မဟုတ်) ကျိုက်သူရဲမြို့မှာ လုံးဝပျက်သုဉ်းသွားလေပြီ။**

အလားတူ...**ရွှေဂွန်းမြို့ လက်ခလစ်စေတီမှာလည်း၊** ယခုအခါ ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်ဘုရားဟုသာ လူသိများ လူခေါ်များနေပြီ။ **ရှေးခေတ်က "ဂွန်းမြို့"မှာ လုံးဝ ပျက်သုဉ်းသွားခဲ့ပြီ။** ရွာအမည်ပင် မကျန်ခဲ့တော့ပေ။

အလားတူ **မခဝါမြို့(မခဝါစေတီ)** သည်လည်း ယခုခေတ် ပဲခူးမြို့ ရွှေမော်ဓောစေတီဟုသာ လူသိများ လူခေါ်များနေပြီ။ **"မခဝါ' ဆိုသော မြို့အမည်၊ ရွာအမည် လုံးဝ မကျန်ရှိပေ။**

**ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်ရှိ ကျိုက်သီရိဝမ္မသိုက်စေတီတော်အနီးရှိရာမှာ** ပဒင်က **"မုခနိမ်း"**ဟု ခေါ်တွင်ခဲ့ကြောင်း ကျောက်စာအရ သိရှိရသည်။ ယခု





www.burmeseclassic.com

www.burmeseclassic.com

အခါ ထိုရွာမှာ "**ပျဉ်းမငူ**"ဟု ခေါ်တွင်သည်။

မွန်ဘာသာစကားမှာ **မူ**= အစွန်း၊ အငူဖြစ်၍ **ခနိမ်း**=ပျဉ်းမပင်ဖြစ်ရာ၊ မွန်ဘာသာစကားအရ "**မူခနိမ်း**"မှာ ဗမာအဓိပ္ပာယ်"**ပျဉ်းမငူ**" ဖြစ်သည်။ ထို့ကြောင့် မွန်ဘာသာစကား အခေါ်အဝေါ်ကို ဗမာလို တိုက်ရိုက်ဘာသာပြန်၍ ရွာအမည် ခေါ်ဝေါ်ထားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် အပိုင်တွင် "**ဘုရားပျို**"အမည်ရှိ ရွာကြီးတစ်ရွာ ရှိပါသည်။ ထိုရွာကို ကျွန်ုပ် စိတ်ဝင်စားမိပါသည်။ အဘယ်ကြောင့်ဆိုသော် "**ဘုရားပြို**"ဆိုသော ပညတ်မကောင်းသဖြင့် "**ဘုရားပျို**" ဟူသော ပညတ်ကောင်းအောင် ပြုပြင်ခေါ်ဝေါ်ရေးသားခဲ့ကြောင်း၊ ထိုဒေသခံ ဆရာတော်ကြီးတစ်ပါးက ကျွန်ုပ်ကို မိန့်ကြား ခဲ့ဖူးခြင်းကြောင့် ဖြစ်သည်။

ထိုဘုရားပျိုရွာတွင် ရှေးဟောင်းဘုရားများရှိခဲ့ပြီး ပြုပြင်လိုက်၊ ပြန်ပြိုလိုက် မကြာခဏ ကြုံရကြောင်း သိခဲ့ရသည်။ "ဘုရားပြို"ဆိုသော ဗမာဘာသာစကား အခေါ်အဝေါ်ကို မွန်ဘာသာစကားအဖြစ် အဓိပ္ပာယ် ပြန်ကြည့်လျှင်...


| **ဗမာ** | | **မွန်** |
|---|---|---|
| ဘုရား | = | ကျိုက် |
| ပြို | = | ရှိ |

မွန်ဘာသာ အခေါ်အဝေါ်မှာ "**ကျိုက်ရှိ**" ဟူ၍ အနီးဆုံး အသံထွက် ရရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်လိုက်လံရှာဖွေ ဖူးမြော်နေသော မြတ်စွာဘုရားရှင်၏ သွားတော်ဓာတ်(၃၃)ဆူ ဌာပနာထားသော စေတီတော်(၃၃)ဆူမှာ တစ်ဆူအပါအဝင် ဖြစ်သည့် "**ကျိုက်ရှိမြို့**"မှာ ယခုအခေါ်



◆ ရှေးဟောင်းကျိုက္ကသလစေတီတော် ပရိဝုဏ်မှ တောခိုညောင်ပင်ကြီး

◆ ဘုရားပျို့ရွာလယ်ဘုရားမှ ရှေးဟောင်း ဂဝံကျောက်တုံးအချို့



**"ဘုရားပျို"ရွာပင် ဖြစ်နိုင်သည်။**

(၁၃–၅–၂၀၁၄)အင်္ဂါနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်သည်။ ကျွန်ုပ်တို့မိသားစုသည် ဘားအံမြို့မှ အပြန်ခရီးအဖြစ် ဝေါမြို့နယ်၊ ဘုရားပျိုရွာကို ဝင်ရောက်ရန် စီစဉ်ခဲ့ကြသည်။

ဝေါ–ပဲခူး မော်တော်ကားလမ်းမှ တောင်ဘက်ခြမ်းတွင် ဘုရားပျိုရွာသို့ မော်ကားလမ်းခွဲရှိရာ ထိုလမ်းအတိုင်း ကားမောင်းဝင်သွား၏။ ပထမတစ်မိုင်မှာ ကတ္တရာလမ်းဖြစ်ပြီး နောက်နှစ်မိုင်မှာ ဂဝံမြေနီလမ်းဖြစ်သည်။

ရွာအဝင်မှာ လက်ယာဘက်သို့ လှမ်းကြည့်လိုက်ရာ လယ်ကွင်းပြင်တွင် **ရှေးဟောင်း စေတီငုတ်တိုကြီးပေါ်မှာ စေတီငယ်တစ်ဆူ တည်ထားကြောင်း ဖူးတွေ့ရသဖြင့်** ရွာသားတစ်ဦးကို စုံစမ်းကြည့်ရာ ကျောင်းကန်ကြီးဘုရားဟု ခေါ်ကြောင်း ပြောပြသိရှိရ၏။

ထိုရွာ၏အဓိက ဘုရားပျိုကျောင်းကြီးတိုက် ပရိဝုဏ်သို့ ရောက်ပြီး ထိုကျောင်းတိုက်ပရိဝုဏ်မှ ဘုရားပျိုဟု ခေါ်ကြသော ပရိဝုဏ်ကို သွားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရန်ကုန်မြို့မှ ဘုရားဖူး ဧည့်သည် အချို့နှင့် ရွာခံအချို့ ကို တွေ့ရှိရသည်။

ကျယ်ဝန်းလှသော ဘုရားပရိဝုဏ်ကြီးမား လှသောရှေးဘုရားပြို ကြီးပေါ်မှာ စေတီငယ် တစ်ဆူ တည်ထား ကြောင်း ဖူးမြင်ရ သည်။ အရံ စေတီ ငယ်၊ နဂါးရုံဘုရား၊ သိုက်နန်းရှင်ဆောင်၊ ဗောဓိ ညောင်ပင်ကြီး တို့ ရင်ပြင် ပတ် လည်မှာ ရှိသည်။

ရင်ပြင်တော် တစ် နေရာမှာ ကျောက် စာတိုင်ရှိ၍ ဖတ် ကြည့်ရာရှေးဟောင်း **ကျိုက္ကလ စေတီ တော် ဟူသော ဘွဲ့အမည်**ကို တွေ့ ရ၏။ ရန်ကုန်မှ ဧည့်သည် သာသနာ ပြု ဦးတင်ဝင်းက ထိုစေတီကို ဟံသာ ဝတီ ဘုရင်တစ်ပါး ဖြစ်သော အပ်သား မင်းက တည်ထားခဲ့ ကြောင်း သမိုင်း တစ်ပိုင်းတစ်စ ပြော ပြပါသည်။




အသက်(၈၃)နှစ် ရှိ ဘုရားပျို့ရွာခံ အဘိုးအိုတစ်ဦး လိုက်ပို့သဖြင့် ရွာလယ် ဘုရား (တိုင်းလုံးကပ်ကျော် ကိုးနဝင်း) စေတီကို သွားရောက် ဖူးမြော်ကာ ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့ပါသည်။

ရွာလယ်ဘုရားစေတီ အောက်ခြေ ဖိနပ်တော်မှာ ရှေးဟောင်း ဂဝံကျောက် တုံးအချို့ကို တွေ့ရှိရသည်။ ရှေး ဟောင်း ဘုရားပြိုကို ပြုပြင်ထား ကြောင်း ပြောပြသိရ၏။



စာမျက်နှာ (၇၉) သို့

www.burmeseclassic.com

www.burmeseclassic.com




◆ ဆရာတော်ကြီး၏ ရုပ်တုတော်

လွယ်ကောင်းအောင်

# မင်းတို့ ငါသေမှ သိလိမ့်မယ်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ ဆောင်းပါးတွင် **ဆရာတော်ကြီးတစ်ပါး၏သက်တော်ထင်ရှားရှိစဉ်က ထူးခြားဖြစ်စဉ်နှင့် တရားအားထုတ်ပုံတို့ကို ဆက်လက်ရေးသားတင်ပြရန် စာတည်းချုပ်က** ပန်ကြားသော်လည်း မရေးဖြစ်နိုင်သေးပေ။

မှတ်စုထုတ်သောစာအုပ်က ရှာမတွေ့တော့ပေ။ ကံကောင်းစွာပင် **သောင်ကြီးရွာ(မြောင်)မြို့နယ်အတွင်းက ဆရာတော်၏** ထူးခြားဖြစ်စဉ်ကို ပြန်တွေ့ရသောကြောင့် ဝမ်းသာစွာပင် ဤဆောင်းပါးကို ရေးဖြစ်တော့သည်။

"**သွားပါများ ခရီးရောက်၊ မေးပါများ စကားရ**"ဆိုသကဲ့သို့ မြောင်မြို့နယ်အတွင်းက သောင်ကြီးရွာ မိုးကုတ်ကျောင်းလေးဆီသို့ ရောက်ခဲ့ရသည်။ လွန်ခဲ့သော နှစ်,နှစ်ကျော်က ပျံလွန်တော်မူခဲ့သော ဆရာတော်၏ ရုပ်ကလာပ်တော်ကို သည်အတိုင်း ဖူးတွေ့ခဲ့ရ၏။


သောင်ကြီးရွာ သံသရာအေးကျောင်းကိုရောက်တော့ ခန်းနေဦးပဉ္စင်းကြီးမှ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှန်ခေါင်းကို ဖွင့်ပြ၏။ သင်္ကန်းတော်များပင် လှုပ်ပြ၏။ ရုပ်ကလာပ်တော်အား ဘာမှ ပြုပြင်ထားတာ မတွေ့ရတော့ ပို၍ စိတ်ဝင်စားခဲ့ရ၏။

မိုးကုတ်ကျောင်း ပြန်ရောက်တော့ ဒေသခံ အထက်တန်းပြကျောင်းဆရာ ဦးကြည်ရှိန်နှင့် တွေ့ရတော့ ပို၍ အဆင်ပြေသွား၏။

သက်တော်ထင်ရှားရှိစဉ် ဆရာတော် မကြာခဏ ပြောကြားလေ့ရှိတဲ့ စကားက "**မင်းတို့ ငါသေမှ သိလိမ့်မယ်**" ဆိုစကားအဓိပ္ပာယ်ကို သေမှသာ သိကြရတော့သည်။


ဆရာတော်သည် အဖ ဦးဘိုးသင်း၊

www.burmeseclassic.com




ဆရာတော် ဦးသောဘိတ (သံသရာအေးကျောင်း) ဂူကလာပ်တော်

ဂူကလာပ်တော်ထားရာ စံကျောင်းတော်



အမိ ဒေါ်လွန်းတို့မှ ၁၂၇၆ခု၊ ကဆုန်လဆန်း(၈)ရက်၊ သောကြာနေ့ (၂)ချက်တီးအချိန်မှာ မွေးဖွားခဲ့သည်။ မွေးချင်း(၉)ယောက်အနက် (၇)ယောက်မြောက်ဖြစ်၏။ ငယ်မည် မောင်သာဖေ။

ခုနစ်နှစ်သားအရွယ် သောင်ကြီးမြောက်ကျောင်းဆရာတော် ဦးသုမန ထံတွင် ရှင်သာမဏေအဖြစ် ရောက်ခဲ့သည်။

၁၂၉၆ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀)ရက်နေ့တွင် သောင်ကြီးမြောက်ကျောင်း ခဏ္ဍာသိမ်တွင် ဆရာတော်ဦးသီလာစာရကို ဥပဇ္ဈာယ်ပြု၍ အမိအဖတို့၏ ပစ္စည်းလေးပါး ဒါယကာခံယူကာ ရဟန်းဘဝ ရောက်ရှိခဲ့သည်။

ခုနစ်နှစ်ခန့် သောင်ကြီးကျောင်း ဆရာတော် တပည့်များဖြစ်သော ဦးသာသန၊ ဦးအဂ္ဂဓမ္မ၊ ဦးကုသလ တို့ထံတွင် စာပေ သင်ယူခဲ့သည်။ ဆက်လက်၍ ဆီမီးခုံမြို့ အုန်းတောတိုက်တွင် သင်ယူပြန်သည်။

အမြင့်မြို့ ဘုံပျံဆရာတော်၊ ပခု
မဟာဝိသုတာရာမ၊ မန္တလေး မိုးမြ
ဆရာတော်တို့ထံ ပါဠိ၊ အဋ္ဌကထာ
ဋီကာတို့ကို သင်ယူခဲ့သည်။

ရဟန်း(၅)ဝါ ရောက်သောအ

www.burmeseclassic.com

ရောဝတီတိုင်းဒေသကြီး၊ ကျုံမငေး၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်၊ ဖျာပုံစသော ဒေသများသို့ လှည့်လည်၍ မွကထိက လုပ်ခဲ့သည်။ ကျုံမငေးမြို့ သပြေပင်ချောင်တွင် ကျောင်းထိုင်ခဲ့ပြန်သည်။

၁၃၀၉ ခုနှစ်၊ ရဟန်း (၁၃)ဝါတွင် ဒါယကာများ၏ ပင့်လျှောက်ချက်အရ သောင်ကြီးရွာကျောင်းတွင် ကျောင်းထိုင်ခဲ့သည်။ ရွာတွင် ၁၃၁ရခုနှစ်တွင် သံသရာအေးစေတီကို တည်ထားခဲ့သည်။

စာသင်၊ တရားပြ မေးမြန်းလာသော ဘာသာရေး ပြဿနာများကိုလည်း ဖြေကြားခဲ့သည်။ ရပ်၊ ကျေးဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့သည်။

သက်တော် (၆၀)ရောက်သောအခါ တပည့်များကို ကျောင်းလွှဲအပ်၍ တရားအလုပ်ကို နေ့၊ ညမပြတ် ဆောင်ရွက်ခဲ့သည်။ သက်သတ်လွတ်ဆွမ်း ဘုဉ်းပေးသည်။

ဆရာတော်အား တစ်ဦးဦးက တရားမေးသော်လည်း အများကို ဟောသကဲ့သို့ ဟော၏။ မှတ်ဉာဏ် အလွန်ကောင်း၏။ သတိအလွန်ပြ၏။ ဆရာတော်သည် **၁၃၅၆ ခုနှစ်၊ တပို့တွဲလဆုတ်၊ သက်တော်(၈၁)နှစ်၊ ဝါတော်(၆၂)ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။**

ဆရာတော် ပျံလွန်တော်မူတဲ့နှစ်က မိုးအလွန်ခေါင်၏။ အသီးအနှံမထွက်ပေ။ ဝင်ငွေမရှိပေ။ ဘုန်းကြီးပျံ လုပ်ဖို့ရာပင် ငွေမရှိကြပေ။ ဒကာ၊ ဒကာမတွေတိုင်ပင်ကြရင်း အလောင်းတော်က (၇)ရက်ရှိသော်လည်း အပုပ်နံ့မထွက်ပေ။ အလောင်းတော်အောက် ထန်းပင်မြင့် ထားကြည့်သော်လည်း မပုပ်ပေ။

**ဆရာတော်မွေးထားသည့် ကြောင်ကလည်း ရုပ်ကလာပ် ရင်ဘတ်တော်ပေါ် တက်အိပ်၏။ အလောင်းအောက် ထန်းပင်မြင့်ထားက ပုန်း၏၊ ကြောင်များ မသာရှိက မနေကြပေ။ အလောင်းတော် မပုပ်သောကြောင့် မှန်ပေါင်းသွင်းထားလိုက်ကြ၏။**

ဆရာတော် ပျံလွန်တော်မူခါနီး စိပ်ပုတီးကို စွဲစွဲမြဲမြဲ စိပ်သွား၏။ ညည်းညူမှုမရှိပေ။ အကြောမဆွဲပေ။ သတိကောင်း၏။

'မင်းတို့ ငါ့သေမှ သိလိမ့်မည်'

ဆရာတော် အန္တိမပူဇော်ပွဲတွင် မိုးကြီးလေကြီးကျ၏။ အိမ်များ သစ်ပင်များ ပြိုလဲသွားသော်လည်း ယာယီစံကျောင်းနှင့် မှန်ခေါင်းအထက်သို့ မြောက်ပါသွားသော်လည်း ဘာမှမဖြစ်ခဲ့ပေ။

**ယနေ့တိုင် မြောင်းမြို့နယ်၊ သောင်ကြီးရွာ၊ သံသရာအေးကျောင်းမှ ရုပ်ကလာပ်တော်ကို ဖူးတွေ့နိုင်ပါသည်။**

လွယ်ကောင်းအောင်

စာမျက်နှာ (၇၆)မှ အဆက်

'ကျုပ်တို့ ခပ်ငယ်ငယ်က ဘုရားပျံ့ရွာ မြောက်ပိုင်းမှာရှိတဲ့ ကျိုက္ကလစေတီတော်ဟာ (၁၀၈)တောင်မြင့်တဲ့ ရေမြေစေတီတော်ကြီးပေါ့။ လွန်ခဲ့တဲ့ အနှစ်(၃၀)ကျော်လောက်က ပြိုကျခဲ့တယ်။

အဲဒီစေတီတော်ကြီးကို အကြိမ်ကြိမ် ပြုပြင်ဖို့ကြိုးစားခဲ့တဲ့ ဘုရားဒကာတွေလဲ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်ခဲ့ပေမယ့် ဘယ်ပုဂ္ဂိုလ်မှ မစွမ်းနိုင်ခဲ့ကြလို့ အခုလို ဘုရားပြိုပုတ်တိုကြီးပေါ်မှာပဲ စေတီငယ်တည်ထားခဲ့ရတာပါ'

အသက်(၈၃)နှစ်ရှိ ရွာခံအဘိုးအိုက ရှင်းပြခြင်းဖြစ်သည်။ သူတို့ ဘိုးဘွားများ ပြောပြချက်အရလည်း ထိုစေတီတော်ကြီးမှာ ပြိုပြင်လိုက်၊ ပြန်ပြိုလိုက် အကြိမ်ကြိမ်ဖြစ်ခဲ့ကြောင်း သိရသည်။

"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန"မှ ထုတ်ဝေဖြန့်ချိသော ပြည်နယ်နှင့် တိုင်းမြေပုံများ အစုပ်၏ ပဲခူးတိုင်းဒေသကြီးမြေပုံတွင် **ဘုရားပျံ့ရွာမှ ဝေါမြို့၏ အရှေ့ဘက် (၃)မိုင်တွင် တည်ရှိပြီး ရှေးအခါက စစ်တောင်းမြစ်သက်တက်၏ အနောက်ဘက်ကမ်းတွင် မေးတင်တည်ရှိကြောင်း တွေ့ရသည်။**

ထို စစ်တောင်းမြစ်သက်တက်သည် ပဲခူးမြစ်နှင့် သနပ်ပင်အနီးမှာ အင်းကြီးတစ်ခုနှင့် ဆက်သွယ်ပေါင်းဆုံသဖြင့် ၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ကူးသန်းသွားလာသော ရေလမ်းခရီး၏ အချက်အချာကျသော ဒေသတစ်ခုအဖြစ် စည်ကားခဲ့လိမ့်မည်ဟု ခန့်မှန်းကြည့်မိသည်။

စစ်တောင်းမြစ်၊ ပဲခူးမြစ်အနီးဝန်းကျင်မှာ မြတ်စွာဘုရား၏ သွားတော် ဓာတ်(၃၃)ဆူတွင် ပါဝင်သော စေတီတော်များစွာ တည်ရှိသဖြင့် ဘုရားပျံ့ ရွာမှ ကျိုက္ကလစေတီတော်မှာလည်း သွားတော်ဓာတ် ဌာပနာထားသော စေတီတော်တစ်ဆူ ဖြစ်နိုင်သည်။

ကျွန်ုပ်ရှာဖွေနေသော ရှေးဟောင်းဘုရား "**ကျိုက်ဒို**"မှာ ကျွန်ုပ်ဖူးမြင်ရသော ကျိုက္ကလစေတီတော်ဟု တထစ်ချ ယုံကြည်ပါသည်။ **"ဘုရားပျံ့"ရွာသည် ရှေးခေတ်က "ကျိုက်ဒိုမြို့"ဖြစ်ဖို့ သေချာလှပါသည်။**

စာဖတ်သူများအနေဖြင့် ဘုရားပျံ့ရွာ ကျိုက္ကလစေတီတော်သို့ တစ်ခါတစ်ခေါက် သွားရောက် ဖူးမြော်ကြစေချင်ပါသည်။ ပြိုနေသော ဘုရားပုတ်တိုကြီးများကိုလည်း ရှေးယခင်အတိုင်း စေတီတော်ကြီးများအဖြစ် ပြန်လည်ပြုပြင် တည်ထားပေးနိုင်သော သဒ္ဓါတရားရှင် ပုဂ္ဂိုလ်ထူးများလည်း အမြန်ဆုံး ပေါ်ပေါက်နိုင်ပါစေဟု ဆုတောင်းဆန္ဒပြုမိပါသည်။

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်ဇေ (LL.B)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ. မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံ ထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်း လိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက် ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင် အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုး ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်း ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံ ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ် အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများ နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုး သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

**ဆရာမြင့်**


**စကြာမင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၆၄၃

ဦးဇော်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



◆ စေတီပေါ်မှ ဖူးမြင်ရသော မွေ့စကြာဘုရားများနှင့် ကိုရီးယားကျောင်းဆောင်

စံလွင်းသာ

ဇောတိကတောင်သာသနာမြေနှင့် ဇောတိကတောင် ဆရာတော်ကြီး

# ဦးဇာဂရ၏ ဘဝပုံရိပ်များ (၅)

**ယခင်လမှ အဆက်**

## ဆရာတော်၏ အမြော်အမြင်

အောင်စကြာစေတီတော် တည်ဆောက်စဉ်က တန်ခူးလပြည့်နေ့တွင် ထီးတင်ပွဲ ကျင်းပမည်ဟု ဆရာတော်ကြီးက မိန့်တော်မူသော်လည်း တန်ခူးလပြည့်မတိုင်မီ ထီးတော်ကို အပြီးတင်လှူခဲ့သည်။

ထီးတော်တင်စဉ်က ငှက်ပျောဖူး ခွေယံများနှင့် ရင်ပြင်တော်များမှာ အပြီးမသတ်၊ အချောမကိုင်ရသေးသောအခြေအနေ ဖြစ်သည်။ ထိုအခြေအနေတွင် စေတီထီးတော်နှင့် စိန်ဖူးတော်ကို အပြီးတင်လှူခဲ့သည်။

ထို့ကြောင့် ရင်းနှီးသော ဒါယကာတစ်ဦးဖြစ်သည့် အင်းတော်မှ ဦးစိန်ဝင်းက...

'ဆရာတော်ဘုရား၊ တန်ခူးလပြည့်နေ့ ထီးတော်တင်မယ်လို့ မိန့်တော်မူခဲ့ပြီး အခုလဆန်း(၁၂)ရက်နေ့မှာ အားလုံးတင်ပြီးပြီ။ ဘာမှ မကျန်တော့ဘူး။ လပြည့်နေ့ ထီးတော်တင်ပွဲအထိမ်းအမှတ် စတီလေးဖြစ်ဖြစ် ထားပါဦးလား အရှင်ဘုရား'

ဟု လျှောက်တော့ ဆရာတော်က နှုတ်ဆိတ်နေပါသည်။


ဒါယကာများ ထပ်ကာထပ်ကာ လျှောက်သောအခါ **"ပြီးအောင်တင်ဆိုလို့ တင်လိုက်တာ"**ဟု တိုတိုပြတ်ပြတ် မိန့်တော်မူသည်။ **"မည်သူက တင်ခိုင်းပါသလဲ ဘုရား"**ဟု မေးလျှောက်ဝံ့သူ မရှိချေ။

ထိုနေ့(၁၁-၃-၁၉၈၇)က အားလုံးအပြီးမသတ်သေးသော အောင်စကြာစေတီတော်ကြီးကို ထူးထူးခြားခြား ထီးတော်တင်ပြီးနောက် ဆန်းအံ့မြောက်




www.burmeseclassic.com

www.burmeseclassic.com




▲ ဧဝတီထက်မှ ပူရသော ရုပ်တော်မျှမြင့်ကြွင်း

▼ ဦးခေါင်းပုံစံတော်နှင့် ကျိုက်ထီးရိုးကာလေး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တော်မှ မျက်နှာတော်ပုံစံ ရှင်ပင်ပက်လက်

အမြား ဝယ်ယူကာ ဇရပ်များ ဂိုဒေါင်များသာမက ကျောင်းအောက်များတွင် သိုလှောင်ထားစေသည်။

ကျောင်းရှိ ရဟန်းသာမဏေ အရေအတွက်ထက် ဆန်များက အဆမတန်များပြားနေသည်။ တပည့်ဒါယကာများမှာ အတွေးခက်သော်လည်း မမေးလျှောက်ဝံ့ကြချေ။

သို့သော် မကြာမီ ၁၉၈၈ ခုနှစ် အရေးအခင်း ပေါ်ပေါက်လာပြီးနောက် ဆရာတော်ကြီးက ဆန်များကို ဝေငှပေးသောအခါတွင် ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမားပုံကို သိရှိသဘောပေါက်ကြလေသည်။

## ထူးခြားသောဖွဲ့စည်းမှု

အောင်စကြာစေတီမှာ မြေစိုက်စေတီပုံစံ ဖြစ်သော်လည်း အတွင်းဝင်နိုင်သော လိုဏ်ပါရှိသည်။

**(ဗောဓိတထောင်ရှိ စေတီပုထိုးသာသနိက အဆောက်အအုံများ တည်ထား ဆောက်လုပ်သောအခါ ပြင်ဦးလွင်မြို့ ကံ့ကော်တထောင် ဗြဟ္မာဝိဟာရကျောင်း ဆရာတော် ဦးအဂ္ဂဝံသက တာဝန်ယူ ကြီးကြပ်ပေးရသည်။**

**ဦးအဂ္ဂဝံသသည် ၁၃၁၇ ခုနှစ်က ပတ္တမြားတောင် နန်းဦးတောကျောင်းတွင် ဦးနာရဒနှင့် စတင်သိကျွမ်းခဲ့ကာ ၁၃၃၄ ခုနှစ်တွင် ဗောဓိတထောင်သို့ အလည်ရောက်လာစဉ် ဦးနာရဒက အကူအညီတောင်းသဖြင့် ဆယ်နှစ်ကျော်ကြာအောင် နေထိုင် ကူညီပေးခဲ့ခြင်းဖြစ်သည်။)**


အောင်စကြာစေတီ တည်ရာ၌ လိုဏ်ထည့်သွင်းပါက စေတီခိုင်ခံ့မှု အားနည်းသွားမည်ဟူ၍ ဦးအဂ္ဂဝံသက ကန့်ကွက်တော်မူသည်။

ထိုအခါ ဆရာတော်(ဦးနာရဒ)က စေတီတွင်း လိုဏ်ပြုလုပ်ထားခြင်းဖြင့် တရားဓမ္မ လိုလားသူတို့က ကမ္မဋ္ဌာန်းအားထုတ်နိုင်သည်။ အညာဒေသ နေပူလေပူမှ ရှောင်ကွင်းကာ အေးအေးလူလူ နားနေနိုင်သည်။ အယုတ်အလတ် အမြတ်မရွေး မိမိတို့ အလိုရှိရာအတွက် အကျိုးများစေသည်ဟု ဆိုကာ လိုဏ်ထည့်သွင်းစေခြင်း ဖြစ်သည်။

ထို့ကြောင့် အရံစေတီလေးဆူ အနက် တနင်္ဂနွေထောင့်အရံစေတီကို ဖောက်ကာ ခရုသင်းဖြင့် ရေစင်သွန်းနေသော သိကြားမင်းခြံရံ၍ လိုဏ်အဝင်ဝ ထားရှိလေသည်။

ဆရာတော်သည် မြန်မာနိုင်ငံ အခြေအနေကို ကြိုတင်ခန့်မှန်းမိသည့် အားလျော်စွာ အောင်စကြာစေတီကို ထူးခြားသောပုံစံဖြင့် တည်ဆောက်ကာ

www.burmeseclassic.com



ထန်းဘုရားစေတီ

၁၉၈၇ ခုနှစ်တွင် ထီးတော် အပြီးတင်ကာ ဆန်များ ကြိုတင်စုဆောင်း သိုလှောင်ထားခဲ့သည်။

ထီးတော်တင် အပြီးသတ်သောကာလမှာ **၁၃၄၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်နေ့ (၁၁–၃–၁၉၈၇)** ဖြစ်သည်။ (၄)ကြွင်းနှစ်ဖြစ်ကာ မြန်မာကိုယ်စားပြု ကြာသပတေးသည် ပုတိဖြစ်၍ တနင်္ဂနွေ အဓိပတိ ဖြစ်သည်။

* * *

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ဝ | ၄ | ၅ |

**ဇေယျတိုင် အယူအဆအားဖြင့်** ပုတိ=ဒွယ ဖြစ်၍ အမှုဟောင်းပေါ်ခြင်း၊ နှစ်ခုဝင် နှစ်ခုထွက်ခြင်း သဘောရှိ၏။ အတိတ်ကာလက မတူကွဲပြားသော ဝိရောဓိများ ပေါင်းစည်းကာ ပဋိပက္ခ အသွင်သို့ ပြောင်းလဲတော့မည့် အခြေအနေကို ရောက်ရှိနေသည်။

ထို့ကြောင့် အဓိပတိဖြစ်သော တနင်္ဂနွေထောင့်တွင် အယုတ်အလတ် အမြတ်မရွေး ပြည်သူအများ ဝင်ရောက်ကာ စေတီအတွင်း လှည့်လည် ကြည်ညိုနိုင်သော လိုဏ်ဂူကို ထားရှိသည်။

ဆရာတော်ကိုယ်တိုင်လည်း ဖူးမြော်လာသူတို့အား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အကျိုးကြီးမားပုံကို ဟောကြားကာ စီးဖြန်းကြရန် တိုက်တွန်းတော်မူသည်။

ခုနစ်ရက်သားသမီးတို့ ဘုရားရိပ်၊ တရားရိပ်ခိုလှုံကာ ဘေးအန္တရာယ်ဆိုးများ လျော့ပါး ကင်းကွာကြစေရန် ကိန်းဆင်ပူဇော်ခဲ့ခြင်း ဖြစ်လေသည်။

အောင်စကြာစေတီ လိုဏ်ပတ်လမ်းတွင် ရုပ်တော်မူလိုဏ်ကဲ့သို့ လုံခြုံရေးဝန်ထမ်း မရှိပါ။

## ရှင်ပင်ပက်လက်

အောင်စကြာစေတီမှ ပြန်လည်ဆင်းသက်လာခဲ့ရာ ကျောင်းဆောင်များမရောက်မီ ကွင်းပြင်၌ **ရှင်ပင်ပက်လက်ရုပ်ပွားတော်**ကို ဖူးတွေ့ရသည်။ ဆောက်လုပ်ဆဲ အခြေအနေဖြစ်သည်။

ရုပ်တော်မူ ရုပ်ပွားတော်ကြီး၏ ဦးခေါင်းတော်ကို ဖိုင်ဘာဖြင့် သွန်းလုပ်ရာ ကျန်ရှိသည့် ပုံစံတော်အား ဖျက်ဆီးခြင်းမပြုဘဲ ရှင်ပင်ပက်လက် ရုပ်ပွားတော် တည်ဆောက်ရန်နှင့် ဦးခေါင်း နောက်ဘက် (နောက်စေ့)ပုံတွင် ကျိုက်ထီးရိုးကလေးစေတီ တည်ကြရန် ဆရာတော်ကြီးက မိန့်မှာတော်မူသည်ဟု သိရသည်။

www.burmeseclassic.com

ဆရာတော်ကြီးသည် မိမိသက်တမ်း (၇၅)နှစ်သာ ရှိသည်ဟု မိန့်ကြားသကဲ့သို့ ရပ်တော်မူဘုရားကြီးကို စိန်ရတုသဘင် မွေးနေ့ပွဲအမီ ပြီးစီးလိုကြောင်းလည်း တိုက်တွန်းခဲ့သည်။ အများရိပ်စားမိသကဲ့သို့ပင် ဆရာတော်ကြီးသည် (၇၅)နှစ်ပြည့်၍ (၇၆)နှစ်အဝင်တွင် ခန္ဓာဝန်ချတော်မူခဲ့သည်။


ဆရာတော် မရှိသည့် နောက်ပိုင်းတွင် ဗောဓိတထောင် သာသနာမြေ ဆက်လက် ရှင်သန်စေရန် ရည်ရွယ်၍ ရှင်ပင်ပက်လက် ရုပ်ပွားတော် တည်ကြရန် လမ်းညွှန်တော်မူခြင်းဖြစ်သည်။

**"ရှင်ပင်ပက်လက် ရေစက်လက်"** ဆိုစကားအတိုင်း နှောင်းလူ တပည့်သာဝက အဆက်ဆက် အလှူရေစက်လက်နှင့်မကွာ ဗောဓိတထောင် သာသနာမြေကို ဆက်လက် ထိန်းသိမ်းကြစေခြင်း ဖြစ်ပေသည်။

တည်ဆောက်လက်စ ရှင်ပင်ပက်လက်ရုပ်ပွားတော်မှာ ထုထည် အတန်ပင် ကြီးမားလှသဖြင့် အနီးကပ်မြေပြင်မှ ကိုယ်လုံးတော် ပေါ်လွင်အောင် မှတ်တမ်း မပြုနိုင်ပါ။ မျက်နှာတော်ကိုသာ တန်ဆောင်းတိုင်များအကြား သီသာရုံမှ ရိုက်ကူးတင်ပြရပါသည်။

ဦးခေါင်းနောက်ခြမ်း (နောက်စေ့)နှင့် ကျိုက်ထီးရိုးကလေး စေတီတို့ကို ရှင်ပင်ပက်လက်၏ ရှေ့ဘက်တွင် သီးခြား အရံတံတိုင်းဖြင့် ဖူးမြင်ရသည်။

စေတီတည် ကျောက်စာတွင်(၂၉-၈-၂၀၀၈)နေ့တွင် ဆရာတော် မိန့်မှာခဲ့သည့်အတိုင်း ကျိုက်ထီးရိုးကလေး စေတီ အုတ်မြစ်ချ၍ စတင်တည်ဆောက်ရာ (၁၁-၁-၂၀၀၉)နေ့တွင် အနေကဇာတင် ပူဇော်နိုင်ခဲ့သည်ဟု တမှည်းတင်ကာ နတ်လူ သာဓုခေါ်စေ



ထန်းစေတီ ပြာသာဒ်မှ မင်းဝတ်ဘုရားတစ်ဆူ

သော်ဝ်ဟု ပတ္တာနုမောဒနာ ပြုထားလေသည်။

## ထန်းစေတီ

ရှင်ပင်ပက်လက် ရုပ်ပွားတော်မှ ဆက်၍လာခဲ့ရာ ဆရာတော်များ သီတင်းသုံးရာ ကျောင်းဆောင်သို့ ရောက်သည်။ နာယကဆရာတော်များ ကျိန်းစက်နေကြသည်ဟု ကြားသိရသဖြင့် အပြင်မှပင် ရှိခိုးဦးချလျက် ထန်းစေတီသို့ သွားရောက် ကြည်ညိုသည်။

၁၃၂၁ ခုနှစ်တွင် ဆရာတော် ဦးနာရဒသည် ဗောဓိညောင်ပင်ပျိုးများ စိုက်ပျိုးရန် ထန်းပင်ကြီးအနီးတစ်ဝိုက် ချုံနွယ်များကို ရှင်းလင်းရာ ထန်းပင်ပတ်လည်မှ မြေမျိုး ထွက်လာသည်ကို တွေ့ကြရသည်။

ရှေ့လ ဆက်ဖတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့ ကျိုက်သန်လန် စေတီ တောင်ဘက်စောင်းတန်းအခြေ တွင်ရှိသော ရတနာဘုံမြင့်ကျောင်းဝင်း အတွင်း ပေါက်ရောက်နေသော အင်ကြင်းပင်ကြီးမှ အသီးများကို ပြွတ် သိပ်စွာ မြင်တွေ့ရသည်။

အပင်မှာ ကျောက်ဖြစ်အင်ကြင်း မဟုတ်ပါ။ မြတ်စွာဘုရားရှင်၏ လုမ္ဗိနီ အင်ကြင်းတောမှ အင်ကြင်းပင်မျိုးဖြစ်၍ **လုမ္ဗိနီအင်ကြင်း**ဟု ခေါ်ကြသကဲ့သို့ အိန္ဒိယအင်ကြင်း၊ ကလျာဏီအင်ကြင်း ဟုလည်း ခေါ်ဝေါ်ကြသည်။

အထက်အညာ ကျေးရွာတစ်ရွာမှ ကျေးရွာဦးစေတီအတွင်း အင်ကြင်းပင်မှ အင်ကြင်းသီး တစ်လုံးသီးသဖြင့် ၂၀၁၂ ခုနှစ်ခန့်က တကူးတက လာ ရောက်လေ့လာကြည့်ရှုသူ များပြားလှ သည်ကို တွေ့ကြုံခဲ့ရသည်။

ယခု အင်ကြင်းပင်တွင်ကား ရေသဖန်းသီးများသကဲ့သို့ ပင်စည်၌ ကပ်လျက် အစုအပြုလိုက် များစွာသီးပွင့် နေသည်ကို တွေ့ရသည်။ ရေမြေ ရာသီဥတုကြောင့် ဖြစ်မည်ဟု ယူဆရ သည်။

အသီးများမှာ အနံ့အရသာ နှစ်သက်ဖွယ် မရှိသဖြင့် စားသုံးခြင်း မပြုကြပါ။ ဆေးကျမ်းအလိုအရကား ကလျာဏီအင်ကြင်းသည် ချို၏။ အေး၏။ ကာမကို အားပေး၏။ တွန့်ရှုံ့ စေတတ်သောဓာတ်ရှိ၏။ ဝဖြိုးစေ၏။ လေကို ပွားစေ၏။ သည်းခြေကို ထုတ် ဆောင်တတ်၏။ ရေငတ်ခြင်း၊ ပူလောင်ခြင်း၊ ခယရုပ်ကြောင့်ဖြစ်သော အနာပေါက်များ သွေးဖောက်ပြန်ခြင်း တို့ကို ပယ်ဖျောက်တတ်၏ ဟူ၍ ဖော်ပြထားသည်။


ကလျာဏီအင်ကြင်းပင်မှ ရသော အစေးကား အလွန်အသုံးဝင်လှသည်။

လုမ္ဗိနီအင်ကြင်းခေါ်

# ကလျာဏီအင်ကြင်း

၏ ဆေးအသုံး

ဆေးသုတေသီ



◆ ကလျာဏီအင်ကြင်းပင်

တွန့်ရှုံ့စေသော သဘောရှိ၍ အလွန် စင်ကြယ်စေတတ်၏။ **အတိသာရ** **ဝမ်းသွားရောဂါ**(ပိတ်ကိုက်၍ သွား... သောဝမ်း)၊ **ဝမ်းပိုးနုန့်ခြင်း**(အဝ...



www.burmeseclassic.com


www.burmeseclassic.com

ကြောကြခြင်း)၊ ညောင်းကျခြင်း၊ ကာမသတ္တိအားနည်းခြင်းတို့ကို ကောင်းမွန်စေသည်။ များစွာအကျိုးပေးသည်။

ဖယောင်းချက်၊ ဆေးပလာစတာများ ပြုလုပ်ရာတွင်လည်း အသုံးပြုကြသည်။ အင်ကြင်းစေးဖြင့် ချက်ထားသော ဖယောင်းချက်သည် အလွန်ကုသရ ခက်ခဲသော အနာဟောင်းများ ပြည်မပေါက်နိုင်သော အနာများ၊ ကျက်နိုင်သော အနာများအတွက် များစွာအကျိုးရှိသည်။

ယင်းဆေးဖယောင်းချက်ကို လိမ်းပေးသော နေရာများ၌ သွေးအလွန်သွက်လက်လှုပ်ရှားစေတတ်၏။ သွေးသွားလာမှု နည်းပါးသော နေရာများ၌ လိမ်းပေးခြင်းဖြင့် သွေးအား လှုပ်ရှားခြင်း သွက်လက်စေသည်။

အင်ကြင်းစေးကို အခိုး ပြုလုပ်ပေးပါက အခန်းတွင်းရှိ ရောဂါဖြစ်စေတတ်သော ရောဂါပိုးမွှားများ လွင့်စဉ်၍ ကျန်းမာရေး အထောက်အကူ ဖြစ်စေသည့် အခိုး၊ အနံ့၊ လေကောင်းလေသန့်များ ဖြစ်စေနိုင်သည်။



အင်ကြင်းသီးများ

## လက်တွေ့သုံးဆေးနည်းများ

**အဆစ်အဆက်ရောင်နာ** ။ ။ အင်ကြင်းစေးမှ ရသော အဆီကို အဆစ်အဆက်ရောင်ရမ်းနာများ၌ လိမ်းကျံပေးပါက နာတာရှည် အဆစ်ရောင်ရောဂါများပင် ပျောက်ကင်းနိုင်သည်။

**နာစေးခြင်း** ။ ။ အင်ကြင်းစေးကို အမှုန့်ပြု၍ မီးကျီးခဲပေါ် ဖြူးကာ ထွက်လာသော အခိုးကို ရှူပေးပါက အအေးမိ အပူမိ၍ဖြစ်သော နှာရည်ယိုခြင်း၊ နှာစေးခြင်းများ ပျောက်ကင်းနိုင်သည်။

**သွားနာသွားကိုက်ခြင်း** ။ ။ သွားနာခြင်း၊ သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားဖုံးသွေးယိုခြင်းတို့တွက် အင်ကြင်းစေးကို အမှုန့်ပြု၍ သွားတိုက်ပေးခြင်း၊ နာရာ ကိုက်ရာတွင် သိပ်ပေးခြင်းတို့ဖြင့် သွားဝေဒနာများ ပျောက်ကင်းစေသည်။

**နားပြည်ယိုနားကိုက်ခြင်း** ။ ။ အင်ကြင်းခေါက်အမှုန့်ကို ဝါသီးနုနု သတ္တုရည် ပျားရည်တို့နှင့် သင့်အောင် ရော၍ နားတွင်းထည့်ပေးပါက နားကိုက်ခြင်း၊ နားပြည်ယိုခြင်းတို့ကို ပျောက်ကင်းစေသည်။

**ဆေးဖယောင်းချက်** ။ ။ အင်ကြင်းစေး၊ ပျားဖယောင်း၊ နှမ်းဆီ သုံးမျိုးအမျှပြု၍ မီးမျှဉ်းမျှဉ်းဖြင့် အရည်ပျော်ရုံချက်ပါ။

ဤဆေးဖယောင်းချက်ကို ဝဲနာ ယားနာ အနာမီး အနာလှိုံ အနာပေါက်မျိုးစုံ၊ အနာစက်မျိုးစုံတို့တွင် လိမ်းအုံပေးပါက နုလျှင်ပိန်၍ ရင့်လျှင် ပြည်ပေါက်စေသည်။ အသားနု မြန်စွာတက်၍ အနာကျက်မြန်စေသည့် ဆေးဖြစ်၏။ ***(အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် စတုတ္ထတွဲ၊ စာမျက်နှာ(၁၃၃)တွင် အကျယ်လေ့လာနိုင်သည်။)***

## ဆေးသုတေသီ

www.burmeseclassic.com



॥ မှတ်ပုံတင် - ၀၁၁၄၄/၁၁၀၇၃၆ လိုင်စင် ၇၂၀၁၁ တအထလတိုး (၁၃၁၂) ॥

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်






" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**


အမှတ်-(၈၂/၃၅၆)မောစီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၀၆၃၂

**ဖြောင်းဖြူ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



မီးမိုးတောင်ဆုတောင်းပြည့်စေတီ

# တက်သေါင်းပင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့ (၅)

မြဲကောင်စ (LL.B)

**ယခင်လမှ အဆက်**

တောနေ ရသေ့တစ်ပါး ဖြစ်ရန်မှာ လွယ်ကူလှသောအလုပ် မဟုတ်ကြောင်း သဘောပေါက်စ ပြုလာပြီ။ တောင်ခုလတ် တစ်နေရာ၌ ရေမရှိသော စမ်းချောင်းချောက်တစ်ခု တွေ့ရသည်။

စမ်းချောင်းအလယ်၌ ကျောက်ဖျာကြီး တစ်ချပ် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေနေသည်ကို တွေ့မြင်ရ၏။ အလျားအနံ ပေ(၂၀)စီမျှရှိသော ရေမကျောက်ဖျာကြီး ပေတည်း။

ကျောက်ဖျာကြီး၏ ထောင့်လေးထောင့်၌ က၊ ဃ၊ ဏ၊ ဠ ဟူသော ကြီးလေးကြီးအက္ခရာ ထွင်းထား၏။ အက္ခရာများအောက်၌ ငွေအိုးလေးလုံး ရှိသည်။ ကွမ်းပွဲ၊ လက်ဖက်ပွဲတင်၍ အစောင့်၌ တောင်းယူပါ။ ကျောက်ဖျာကို လှန်နိုင်လျှင် မိန်းမရုပ်တစ်ရုပ် တွေ့ရမည်။ ယင်းမိန်းမရုပ်ကိုကိုင်၍ "**နန်းရွှေရိခင်ဗျားနေတဲ့ဂူကို လိုက်ပို့ပါ**"


ဟု နှုတ်ကရွတ်ဆိုလိုက်ရင် အသက်ဝင်လာပြီး ရှေ့က လမ်းပြလိမ့်မည်။

ဂူထဲမှာ ဇော်ဂျီဖော်ထားသော ဆေးရိုင်း ယင်းဆေးကို ခွံညှင်းလုံးခန့်စားက ကာယသိဒ္ဓိ ပြီးသော ဝိဇ္ဇာဝိုရ်ဖြစ်သည်။

ဂူတွင်းသို့ ဆက်၍ ဝင်သွားပြန်လျှင် ပလ္လင်တစ်ခု ရှိသည်။ ပလ္လင်ပေါ်မှ ရွှေကလာပ်တွင် ဓာတ်လုံးသုံးလုံးတွေ့ လိမ့်မည်။ တစ်လုံးကိုယူလျှင် ဇော်ဂျီကြာ ရောက်လိမ့်မယ်၊ ဇော်ဂျီဖြစ်၍ လိုရာ တောင်း၍ စံပါလေ။ ထို့နောက် ဂူထဲသို့ ပြန်၍ ဓာတ်လုံးကို ထားခဲ့ရမည်။ ဒါလို ဝိဇ္ဇာရဲ့ သိုက်ညွှန်းမှာ ဖော်ပြထားတယ်။ မသမာ သူတွေက အညွှန်းအတိုင်းမလုပ်ကြတော့ဘဲ ကျောက်ဖျာကြီးကို မီးရှို့ဖိုက်ပေးပြီး တူကြီးတွေနဲ့ ထုခွဲဖိုက်ကြတယ်လေ၊ ပျက်စီးတာပဲ အပတ်တတ်ပါတယ်။

www.burmeseclassic.com





◆ နာကောင်းကမုန်း

မီးဖိုင်းတောင် ဆုတောင်းပြည့်စေတီကုန်းမှ ဖူးမြော်ရသော မီးဖိုင်းတွင်းအင်းနုံစေတီတော် ◆

အချိန်မနှောင်းမီ တောင်ထိပ်ရောက်ရန် စိတ်စောနေသဖြင့် ထိုနေရာကို အမြန်ခွာ၍ ခရီးဆက်ခဲ့ကြလေသည်။ တောင်အမြင့်သို့ရောက်လေ တောနက်လေဖြစ်၏။

သစ်ပင်ကြီးများမှာ မော့ကြည့်၍ မဆုံး။ လုံးပတ်လည်း ကြီးမားလှ၏။ ကျောက်ဆန်ကို ရေပုပ်နှင့်ချက်ရန် မီးဖိုင်းတောင်မှ ထင်းလိုအပ်သည်ဟု ဆိုရာတွင် မည်သို့သောအပင်မှ ထင်းကို ယူရမည်နည်းဟု ပဟေဠိအတွေး တစ်ခု ခေါင်းထဲ ဝင်လာမိသေးသည်။

သစ်ပင်တိုင်းမှ ထင်းတော့ဖြစ်နိုင်မည်မထင်။ သိဒ္ဓိရှိသောအပင်မှသာ ဖြစ်နိုင်ကောင်း၏။

မွန်းလွဲ လေးနာရီခန့်တွင် လှိုဏ်ကြီးတစ်ခုအတွင်း ဆင်းမိကြ၏။ အတော်ကျယ်သော စမ်းချောင်းတစ်ခု တွေ့ရသည်။ ရေတစ်ငုံမျှ အမောပြေ သောက်ကြ၏။

'ဒီချောင်းကို ဇော်ဂျီချောင်းလို့ ခေါ်တယ်။ ချောင်းအဖျားတွင် အလျားလေးတောင်၊ အနံ နှစ်တောင်၊ အထု ငါးထောင့်တစ်ထွာရှိသော ကျောက်ဖျာတွင် အလုံးကြီးတစ်လုံး ရှိ၏။

အလုံးကြီး လေးမျက်နှာတွင် အရှေ့မျက်နှာက **(က)**အက္ခရာ၊ တောင်မျက်နှာက **(ဝ)**၊ အနောက်မျက်နှာက **(ဃ)**၊ မြောက်မျက်နှာ **(ဓ)**စသော အက္ခရာများ ထွင်းထားသည်။


ကျောက်ဖျာအောက်၌ အိုးသုံးလုံးနှင့် ငွေစင်းငါးရာ ရှိသည်။ အနက်နှစ်တောင်တူးလျှင် အိုးသုံးလုံး ပေါ်မည်။ လူရုပ်အိပ်လျက် တွေ့လိမ့်မည်။ မုန့်၊ ယိုကွမ်း၊ဆေး၊လက်ဖက် ခေါ်ကြီး ယက်၍ကျွေး။ ကွမ်းသုံးယာနှင့် ဖယောင်းသုံးတိုင် ကျောက်ဖျာအလယ်တွင် တင်၍ တူး၍ ယူလေ။

ထိုကျောက်ဖျာမှ အရှေ့သုံးတာ အကွာ၌ ကျောက်တိုင် တစ်တိုင်ရှိ၏။ ကျောက်တိုင်အောက်၌ ရွှေစင်(၅၅) ကျပ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





◄ မီးဗိုင်းတော်ကြီးတောင်သိမ်အတွင်းမှ ကောဋ္ဌိမ်ဂူရသေးကြီး၊ လှူဒါန်းထားသော ထီးဖြူနှစ်လက်နှင့် ရွှေစေတီဗုဒ္ဓရုပ်ပွားတော်

မီးဗိုင်းတော်ကြီးတောင် ရသေ့ဂူတင် ကျောက်ပျာနှင့် အနောက်မှ ကျောက်နံရံကြီး ►

◄ မီးဗိုင်းတော်ကြီးတောင် သိမ်တော်တွင်းမှ ပန်းချီကားတစ်ချပ်



ဘယ်သူမှ ရောက်အောင် မသွားခဲ့ကြသေးဘူးကွယ့်'

တစ်နေ့တော့ ရောက်အောင်သွားမည်ဟု စိတ်တွင် တေးမှတ်ထားလိုက်သည်။ အမှောင်ဘက် လုလာလေပြီ။ တောင်ထိပ်ရောက်အောင် သုတ်ခြေတင်ကြပြန်သည်။

အချို့နေရာများ၌ လက်နှိပ်ဓာတ်မီး သုံးကြရ၏။ ည (၇)နာရီကျော်မှ တောင်ထိပ်သို့ ခြေချမိလေသည်။ စေတီငုတ်တိုတစ်ဆူကို ဖူးတွေ့ရ၏။ ရှိခိုးဦးချလျက် ခေတ္တ အမောဖြေကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးလျက်ရှိသည်။ စေတီမှ မလှမ်းမကမ်းတွင် ကျောက်သားလိုဏ်ဂူငယ်များရှိသည်။ လူတို့ ထွင်းထားဟန်ရှိ၏။ လူတစ်ကိုယ်စာ မိုးလုံလေလုံ ဖြစ်ရုံသာရှိသည်။

လက်နှိပ်ဓာတ်မီးဖြင့် ထင်းခြောက်များ ရှာဖွေ၍ ရပ်ပြင်တွင် မီးတစ်ပုံဖိုလိုက်

အနောက်တောင်အရပ်တွင် လူရုပ်နေသဏ္ဌာန် ကျောက်တိုင်တွေ့မည်။ ထိုကျောက်တိုင်အောက်၌ စဉ့်အိုးအပြည့် ငွေစင်ရှိ၏။

အရှေ့မြောက်ထောင့် ဝါးတစ်ရိုက်အကွာတွင် ခြင်္သေ့ရုပ်ရှိ၏။ ခြင်္သေ့ဝမ်း၌ ရွှေခွက်သုံးဆယ် ရှိသည်။ မျက်လုံးနှစ်ဖက်မှာ ပြဒါးသေ ထည့်ထားသည်။ ခြင်္သေ့ခြေလေးချောင်းအောက်၌ကြေးနီစိမ်း (၁၅၀၀)ရှိသည်။ ထိုကြေးနီတစ်ဆယ်ကျပ်၊ ပြဒါးတစ်ကျပ်ပစ်လျှင် ငွေစင်ဖြစ်မည်။

မြက်သုံးဆုပ်၊ ငါးရံ့ပြုတ်သုံးကောင်၊ အုန်းတစ်လုံး၊ ကွမ်းသုံးယာ၊ ပန်း သုံးကတော့ ခြင်္သေ့ကို ကျွေး၍ ဖယောင်းသုံးတိုင်ထွန်း၍ အနက်သုံးတောင် တူးယူလေ။ အလှူပေးပြီး အမျှဝေပါ။

အဲဒီလို ဝိဇ္ဇာဓိုရ်သိုက်ညွှန်းမှာ ရေးထားတယ်။ မြွေဆိုး၊ ကျားဆိုးအန္တရာယ်ကြီးမားလွန်းလို့ ဇော်ဂျီချောင်းဖျားကို

www.burmeseclassic.com





▲ ဖော်ကျီတောင်မှ ရသေ့ဂူတောင်ကို ညွှန်ပြနေသည့် ရသေ့ကြီး ဦးပညာဝံသ
မီးဝိုင်းဖော်ကျီတောင် ရသေ့ဂူတောင် ကျောက်ဆောင်ကြီးနှင့် ယင်းအောက်မှ တစ်ယောက်အိပ် ကျောက်လိုဏ်ခန်း ▶

ပြီးမှ ကျွန်ုပ် ညစာ စားရလေသည်။ ငါးခြောက် ဘာလချောင်ကြော်၊ သရက်သီးသနပ်တို့မှာ ထမင်းကြမ်းခဲ တစ်ထုပ်ကို တက်တက်စင် ပြောင်သွားစေခဲ့၏။

ဂူနှင့် မနီးမဝေးတွင် တွင်းဝ အချင်း တစ်တောင်သာသာရှိသော နတ်ရေတွင်းမှ ရေကြည်အေးမြ ရရှိသဖြင့် အဆင်ပြေရပါတော့သည်။ နတ်တို့ဖန်ရေကန်အသင့်၊ ကြာအသင့်ဆိုသော စကားပောင်းအတိုင်း သတိရမိလိုက်သေးသည်။

မြိုင်ကြီးငူဆရာတော်ဟာ မီးဝိုင်းတောင်မှာပဲ အကျွတ်တစ်ခန်း အောင်မြင်ခဲ့တာကွယ်။ နှစ်စဉ်မီးဝိုင်းတောင်မှာ ဘုရားပွဲတို့ ဆီမီးတစ်ထောင်ပွဲတို့ ပူဇော်ပွဲတွေ လုပ်လေ့ရှိတယ်။ ဒီနှစ်လဲ မကြာခင် လုပ်လိမ့်မယ်လို့ ရွာသားတွေဆီက သတင်းရခဲ့တယ်။

ဒီနယ်မှာ အစည်ကားဆုံးအချိန်ပေါ့။ မြိုင်ကြီးငူဆရာတော်ကို ကြည်ညိုကိုးကွယ်ကြတဲ့ တပည့်ဒကာတွေ ပေါများတော့ ပူဇော်ပွဲလုပ်မယ်ဟေ့ ဆိုလိုက်တာနဲ့ လူမကုန် ကျွဲမကုန် ဖြစ်လာရတယ်။ ရှေးဘဝက ပါရမီထူးတဲ့ ပုဂ္ဂိုလ်လို့ ဆိုရမှာပဲ။

ဒီတောင်မှာ အဓိဋ္ဌာန်ရက်ရှည် လာဝင်တုန်းက ဆရာတော်ကို ဝတ်ဖြူစင်ကြယ်နဲ့ ဝိဇ္ဇာဓိုရ်တစ်ပါး လာတွေ့ခဲ့သေးတယ်။ လွယ်အိတ်ထဲက ဓာတ်လုံးတွေကို ဆရာတော်ရှေ့မှာ သွန်ချပြလိုက်တာ ဓာတ်လုံးတွေဟာ လိမ့်ဆင်းမသွားဘဲ တစ်လုံးပေါ်တစ်လုံးစီပြီး ပဒေသာလို စုပုံပြီး စေတီသဏ္ဌာန် ဖြစ်နေတာ တွေ့ရတယ်။

ဝိဇ္ဇာက ဆရာတော် ဒီဓာတ်လုံးတွေ မလိုချင်ဘူးလား။ အလိုရှိသမျှ ပြီးမြောက်အောင် စီရင်နိုင်တယ်လို့ပြော တော့ ဆရာတော်က **“အလိုမရှိပါ ကိုယ်တိုင် ကြိုးစားအားထုတ်ရတဲ့ စရဏစွမ်းအားနဲ့သာလိုရာပြီးမြောက်**




www.burmeseclassic.com

www.burmeseclassic.com



▲ မီးဖိုင်းတောင်မှ တောင်ခရုခွံများ (ဆေးမင်တင်သည်)



▼ မီးဖိုင်းတောင်ကြီးတောင် ရသေ့ရှင်တောင်နောက်မှ ကျောက်လိုဏ်ဂူ

**စေပါမယ်**''လို့ ပြန်ပြောလိုက်တယ်။

အဲဒီအခါမှာ ဝိဇ္ဇာပုဂ္ဂိုလ်လဲ သာဓု သုံးကြိမ်ခေါ်ဆိုပြီး ရှိခိုးဦးချ ပျောက်ကွယ်သွားတော့တယ်။ ဒါဟာ ဆရာတော်ရဲ့ အဓိဋ္ဌာန်စခန်း ဂန္ဓာရီလမ်းက အတွေ့အကြုံတွေအနက် မီးဖိုင်းတောင် ဂန္ဓာရီစခန်း အတွေ့အကြုံတစ်ခုပဲ'

ရသေ့ကြီးမှ မီးဖိုင်းတောင်၌ မြိုင်ကြီးငူဆရာတော်၏ အဓိဋ္ဌာန်ဝင်စဉ် အတွေ့အကြုံများနှင့် ရသေ့ကြီးကိုယ်တိုင် လပေါင်းများစွာ သီတင်းသုံးခဲ့စဉ် ဝိဇ္ဇာမြို့တော် အလုံမြို့မှ ဝိဇ္ဇာမြို့သူမြို့သားတို့နှင့် တွေ့ကြုံခဲ့ရပုံ စသည်တို့ကို ဇဟာသုတအဖြစ် ပြောပြရင်း ညဦးအတော်နက်မှ အိပ်ရာဝင်ခဲ့ကြလေသည်။

အသင့်ယူဆောင်ခဲ့ကြသော စောင်၊ အနွေးတစ်ထည်မှာ မီးဖိုင်းတောင်ထိပ်၏ အအေးဒဏ်ကို ကောင်းစွာကာကွယ်နိုင်စွမ်း မရှိခဲ့ပေ။ မိုးမလင်းမီထ၍ မီးတစ်ပုံဖိုပြီး မီးလှုံကြရလေသည်။

ညဘက်မှာ အိပ်မက်အလွန်ကောင်းခဲ့၏။ ဝိဇ္ဇာမိုရ်ရဲတစ်ပါးက လာရောက်ခေါ်ဆောင်သဖြင့် မီးဖိုင်းတောင် အလုံမြို့သို့ ရောက်ခဲ့ရသည်။ မြို့သူမြို့သား၊ မင်း၊ မိဖုရား၊ မှူးကြီးမတ်ရာတို့၏ ဝတ်စားဆင်ယင်ပုံကို ကြည့်မြင်ခဲ့ရသည်။

ရှေးခေတ် မွန်ဘာသာစကားဖြင့် အပြောအဆိုကိုမူ နားမလည်ခဲ့။ ခေါင်းညိတ်ခေါင်းခါ လက်ဟန်ခြေဟန်ဖြင့် ဆက်သွယ်လျက် မိတ်ဆွေဖွဲ့ခဲ့ရလေသည်။

ထူးဆန်းအံ့ဩဖွယ် လျှို့ဝှက်ဆန်းကြယ်မှုများစွာကို တွေ့မြင်လေ့လာခဲ့ရသည်။ မီးဖိုင်းတောင်တစ်လျှောက် ထူးခြားသော နေရာများသို့လည်း လိုက်လံပို့ဆောင်ပေးခဲ့သည်။

ရုပ်သေးရုပ်ရှင်များ ကူးခပ်လှုပ်ရှားနေသော ရေကန်ကြီးတစ်ကန်အရောက်၌ ရုတ်တရက် ခြေချော်ကျသဖြင့် အိပ်ရာမှ လန့်နိုးခဲ့ရသည်ကို နှမြောတသမဆုံး ဖြစ်ရသည်။ အိပ်ရာမှ နိုးတော့ စောင်တခြား၊ လူတခြား ဖြစ်နေသည်။

အသင့်ယူဆောင်သွားသော စစ်သုံးဟန်ကောခိုင့်ဖြင့် မီးပုံ၌ပင် ထမင်းချက်လိုက်သည်။ ရသေ့ကြီးအား အရုဏ်ဆွမ်းကပ်ပြီးမှ ကျွန်ုပ်က နံနက်စာစားလေသည်။

နှင်းတဖွဲဖွဲ ကျနေသဖြင့် နံနက်(၇)နာရီထိုးသည့်တိုင် ကိုက်(၃၀)ခန့်ကို သဲကွဲစွာ မမြင်ရသေးပေ။ နေထွက်၍ နှင်းကွဲသည့် အချိန်ထိ စောင့်ကြရ၏။

'မီးဖိုင်းတောင်မှာ အဂ္ဂိရတ်ဓာတ်ပစ္စည်းတွေ ကျောက်အမျိုးအစားတွေ အလွန် ပေါတယ်။ ရွှေဆတ်ကျောက် (၅)မျိုးလဲ ဒီမှာရှိတယ်။ ပြီးတော့ ကြားဖူး သိဖူးသူနည်းတဲ့ ငွေဆတ်ကျောက်ဆိုတာလဲ ဒီတောင်မှာရှိတယ်။


နောက်ပြီး ရွှေနဲ့တူတဲ့ ဗဟန်း၊ ငွေနဲ့တူတဲ့ဗဟန်းကျောက်တွေလဲ ရောနှောတွေ့ရတတ်တယ်။ ရွှေဆတ်ကျောက်ငါးမျိုးကတော့ ငါးမူးရည်ကိုက်ရွှေဆတ်



www.burmeseclassic.com

www.burmeseclassic.com





◄ မီးလိုင်းတော်ကြီးတောင် ရသေ့ရှုတောင် ကျောက်ပြာအနောက်မှ လှိုဏ်ဂူလိုက်ဂူသို့ လိုက်ပြနေသော ရသေ့ကြီး ဦးပညာကုသို

◄ ဈေးပေါင်းသမိုင်းတင် မီးလိုင်းဘုရား၏ ဈေးပေါင်းထီးတော်မှ အစိတ်အပိုင်းတစ်ခုကို ရသေ့ကြီး ဦးပညာကုသိုလ် ပြသနေပုံ

ကျောက်၊ ခုနစ်မှုးရည်ကိုက် ရွှေဆတ်ကျောက်၊ ရှစ်မှုးရည်ကိုက် ရွှေဆတ်ကျောက်နဲ့ ကိုးမှုးရည်ကိုက် ရွှေဆတ်ကျောက်တွေပဲ မှတ်တင်ပြီး ခွဲခြားထားတယ်။

ရွှေဆတ်ကျောက် ရှာချင်ရင် ဒီတောင်မှာ တူးဖို့ဆွဖို့ မလိုဘူး။ မိုးသဲသဲမဲမဲရွာပြီးတဲ့အခါ ဒီတောင်ရိုးတစ်လျှောက် လိုက်ရှာရင် မြေထဲ၊ ကျောက်ထဲမှာ ပေါ်နေတာ အလွယ်နဲ့ တွေ့ရှိနိုင်တယ်။

ရွှေအဆင်းနဲ့တူတာ ' ရွှေဆတ်ကျောက်၊ ငွေအဆင်းနဲ့တူတာ ငွေဆတ်ကျောက်ပေါ့။ ဒါပေမယ့် ဗဟန်းရွှေကျောက်၊ ဗဟန်းငွေကျောက်တွေနဲ့ အရောင်တူပြီး မကွဲမပြား ဖြစ်နေတတ်သေးတယ်။

ခွဲခြားချင်ရင်တော့ အဲဒီကျောက်တွေကို အမှုန့်ထောင်းပြီး ဓားကို မီးရဲအောင်ဖုတ်။ ကျောက်အမှုန့်ကို ဓားပေါ်မှာ ဖြူးချလိုက်။ အခိုးအငွေ့နဲ့ အနံ့အသက်ထွက်ရင် ဗဟန်းရွှေ၊ ဗဟန်းငွေဖြစ်ပြီး အခိုးအငွေ့ အနံ့အသက်မထွက်ရင် ရွှေဆတ်ကျောက်၊ ငွေဆတ်ကျောက်စစ်တယ်'

'ဘရသေ့၊ အဲဒီကျောက်တွေ မရခဲ့ဖူးဘူးလား'

'ရခဲ့တာပေါ့၊ ရှာလဲ ရှာခဲ့တာပဲ။ ဟိုတုန်းက အဂ္ဂိရတ်ဝါသနာ ကြီး... တာကို။ ကိုယ်တိုင် စမ်းသပ်ဖူးတယ်... လုပ်နည်းမတတ်တော့ မဖြစ်ခဲ့ဘူး။ ... မိတ်ဆွေရသေ့တစ်ပါးက ယိုးဒယား (ထိုင်း)ထဲမှာ ရှမ်းဘုန်းကြီးတစ်ပါး ... နည်းသိကြောင်း ကြားဖူးတယ်။ ... သပ်လုပ်ကြည့်နိုင်းဖို့ ယူသွားပါ... ဆိုလို့ အကုန်ပေးလိုက်တာပဲ။ ... ပြန်မတွေ့ ကြသေးဘူး။ ဖြစ်... မဖြစ်လားလဲ မသိရဘူး'

ရွှေလ ဆက်ဇတ်ပါ(ဂွ)

**အောင်မြ(LL.B)**

www.burmeseclassic.com

# အသက်ကြီးရင် အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် ...နာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ ...နေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ... လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ...ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ...ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို ...သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ...ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ...ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု ...ဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ...ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း ...ရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး ...များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် ...အကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ...ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ...ပါ၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ ...အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ...မှောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ...ပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ...လည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ ...တော့တာပေါ့ရှင်။

...ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း ...ကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ...တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ...ကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ...ပါသွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ...အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု ... အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ...မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ...တော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိသန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေ့ါ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေး မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုး များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက် ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအော ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက် မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မ အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသေ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက် စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေ ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်း ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ် တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသ**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိ ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန် တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ်

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၄၊ ၀၉၇၃၁

www.burmeseclassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိုးပူဇော်ဂါထာတော်များ (၂၁)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ခြသေ့် ၃၀ စေတီတော်

**နမောတဿ ဘဂဝတော အရဟ
တော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်
ဆိုပါ။]*

သံဃ ဥပါသကေန မာပိတံ၊
တိဿ သီဟ စေတီယံ။
ပဗ္ဗတဂ္ဂေ မဏိထူပံ၊
ဝန္ဒေတံ သိရသာမဟံ။

မြန်မာပြန်

**သံဃ ဥပါသကေန၊** သီဟိုဠ်
(သီရိလင်္ကာ)ပြည် ရဟန်းတော်မြတ်၏
ဆည့် ဒါယကာသည်။

**တိဿသီဟစေတီယံ၊** ခြသေ့် ၃၀
စေတီတော်မြတ်အား။

**ပဗ္ဗတဂ္ဂေ၊** စစ်ကိုင်းဖေယျာ တောင်
ထိပ်လာတွင်။

**ယံ မဏိထူပံ၊** အကြင် ခြသေ့်
၃၀ စေတီတော်မြတ်ကို။

**မာပိတံ၊** တည်ထား ကိုးကွယ်ခဲ့လေ
ပြီ။

**တံ၊** ထို ခြသေ့် ၃၀ စေတီတော်မြတ်
အား။

**အဟံ၊** "......"ဟု နာမ သမုတ်
အပ်သော်နိုင်သည်။

**မှတ်ချက်။** ။**"......"နေရာတွင်
မိမိအမည် ထည့်ဆိုရန်]**


**ဝန္ဒေဝန္ဒာမိ၊** ရှိသေသမှု အားကိုး
ဖြင့် ရှိခိုးပါ၏။

သမိုင်းတည်နှစ်

သက္ကရာဇ် ၇၉၄ ခုနှစ်။

ဒါယကာ

သီဟိုဠ် (သီရိလင်္ကာ)ပြည် ရဟန်း



ခြသေ့် ၃၀ စေတီအား ရှုထောင့်မှ အနေအထားအားဖြင့်
စနေတောင်မှ မူမြင်ကွင်း

တော်၏ ဒါယကာ။


တည်နေရာ

စစ်ကိုင်းတောင်ရိုး ပြာပုံတောင်၏ အရှေ့ဘက်တောင်ကုန်း။

ပွဲတော်ရက်

နှစ်စဉ် တော်သလင်းလဆန်း

www.burmeseclassic.com



ခြင်္သေ့ ၃၀ စေတီတော်မှ ခြင်္သေ့များ အနီးကပ်ပုံ

(၅) ရက်။

အောင်မြေ

ရင်ပြင်တော်၏ အရှေ့တောင်ထောင့်၊

အစောင့်အရှောက်

တောင်စောင့်ဘိုးဘိုးကြီး။


ထူးခြားချက်

သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ ပြန်ကြလာသော အရှင်သိရိ သဒ္ဓမ္မာလင်္ကာရမထေရ်နှင့် အရှင်သီဟဠသာမိ မထေရ်မြတ်နှစ်ပါးမှ ပင့်ဆောင်လာသော သရီယဓာတ်တော်များကို မိုးညှင်းမင်းတရားအား ချီးမြှင့်ပေးအပ်၍ ရတနာစေတီ ဆင်များရှင်စေတီကြီးအား တည်ထားလေ၏။

ယင်းနောက် စစ်ကိုင်းတောင်ရိုးပြာပုံတောင်အနီး၌ ကျောင်းသင်္ခမ်းဆောက်လုပ်၍ သိတင်းသုံးတော် မူကြလေသည်။

ကျောင်းသင်္ခမ်း၏ အနီးတွင်

ခြင်္သေ့ ၃၀ စေတီတော်သို့ တက်ရာမုခ်ဦး



**"သုံးလူမှန်ကူ စေတီတော်"**အား ထပ်မံ တည်ထားတော်မူကြလေ၏။

ထိုမှ နောက်(၂)နှစ်ခန့်တွင် တပည့်ရင်း ဒကာရင်းဖြစ်သူ၏ လျှောက်ထားတောင်းပန်ချက်ကြောင့် သုံးလူမှန်ကူစေတီတော်၏ အထက် တောင်ကုန်းထက်တွင် ခြင်္သေ့ ၃၀ စေတီတော်မြတ်အား တည်ထားတော်မူလေသည်

### ခြင်္သေ့ ၃၀ စေတီ၏ ပုံဟန်


စေတီတော်၏ သဏ္ဍာန်တော် ... ဖိနပ်တော်မှ အထက်ပစ္စယံ(၃) ... တိုင်အောင် အရပ်ရှစ်မျက်နှာ ... ရည်မှန်း၍ ရှစ်ထောင့်ချိုး ဖြစ် ...





www.burmeseclassic.com

www.burmeseclassic.com



▲ မြသိန်း ၃၀ စေတီတော်မှ သားဆုပန်၍ ဖောင်မြင်သူများ၏ အလှူတော် မွှောင်ရုံကြီး



မြသိန်း ၃၀ စေတီတော် မွှောင်ရုံအတွင်းမှ အပူဇော်ခံနေသော ရုပ်ပွားတော် ▶

သည်။

တတိယပစ္စယံ၏ အထက် ခေါင်းလောင်းမှောက်ပုံဟန်မှာ ရေစစ်ဖလားအသဏ္ဍာန် ပြောင်ချောဖြစ်၍ ခါးစည်းထည့်မထားပါ။

ခေါင်းလောင်းမှောက်၏ အထက်တွင် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် မျက်နှာ(၄)ဘက် (၄)ထောင့်

ပလ္လင်ထက်ဝယ် ဖောင်းရစ်ရှစ်ဆင့်တင်ပြီး ခရေသီးထက်၌ ရွှေထီးတော်


◀ မြသိန်း ၃၀ စေတီတော်၏ ဂူပ်ထောင့်မြီး နေရာများတွင် တစ်ကောင်စီတည်ရှိသော "ဖင်နှစ်ခွခြင်္သေ့"များ





www.burmeseclassic.com

www.burmeseclassic.com





◆ သုံးလှူမှန်ကူစေတီတော်အား ပူမြင်ရပုံ

◆ ခြသေ့ ၃၀ စေတီခြေတော်ရင်းမှ "ခဲပစ်ငွ"ဩ ခဲပစ်နတ်ခင်း၏
အုတ်နန်းနှင့် ပစ်ထားသောခဲများပုံ


◆ သုံးလှူမှန်ကူစေတီတော်ဂူပိုက်အတွင်းမှ
အင်းဝခေတ် ရှေးဟောင်း ရုပ်ပွားတော်

◆ ခြသေ့ ၃၀ စေတီတော်မှ
တောင်စောင့်ဘိုးတို့အား
တိုက်နန်းအတွင်းမှ မြင်တွေ့ရပုံ




◆ ခြသေ့ ၃၀ စေတီတော် စနေထောင့်မှ သိုက်နန်းရှင်များအား မြင်တွေ့ရပုံ




www.burmeseclassic.com

www.burmeseclassic.com





▲ သီဟိုဠ်(သီရိလင်္ကာ)ပြန် ဆရာတော်(၂)ပါး၏ ကုသိုလ်တော် သုံးလုံးနှုန်းကူစေတီတော်

ခြသေ့် ၃၀ စေတီတော်မြတ်အား ရဟန်းတော်များ ကျောင်းသင်္ခမ်းအထက် ကုန်းတော်ပေါ်တွင် တည်ရှိပုံ ▶

အထွဋ်တင်ထားလေသည်။

ဘုရားဒါယကာမှာ အင်္ဂါသားဖြစ်၍ အသက်(၆၀)ရှိပြီ ဖြစ်သောကြောင့် ခြသေ့်(၆၀)ရုပ် (၆၀)ကို အသက်နှင့် ထပ်တူ ရည်ရွယ်ပြီး ထုဆစ်ထားခဲ့လေ၏။

ပစ္စယံ(၃)ဆင့်ကို ရှစ်ထောင့်ချိုးဖြင့် စီမံထားလေရာ ထောင့်တိုင်းတွင် ခြသေ့်ရုပ်တစ်ရုပ်စီနှင့် ထောင့်တစ်မျက်နှာ၏ ဗဟိုတွင် ခြသေ့်ရုပ်တစ်ရုပ်စီ ထည့်သွင်းထားလေသည်။

ပစ္စယံတစ်ဆင့်လျှင် ခြသေ့်ရုပ် (၁၆)ရုပ် ထည့်သွင်းထားလေရာ ပစ္စယံ (၃)ဆင့်ပေါင်းပါက ခြသေ့်ရုပ် (၄၈)ရုပ် ရှိလေသည်။

ပစ္စယံ၏ ဖိနပ်တော်တည်ရှိရာ ထောင့်ရှစ်ထောင့်၌ ဖင်နှစ်ခွပါသော ခြသေ့်ရုပ် (၈)ရုပ် စောင့်ကြပ်လျက်ရှိလေ၏။

ခေါင်းလောင်းမှောက်၏ အထက်ရေကန်တွင်လည်း မျက်နှာစာတစ်ဖက်လျှင် ခြသေ့်ရုပ်တစ်ရုပ်စီ ထားရှိလေရာ စုစုပေါင်း ခြသေ့်ရုပ် (၆၀)ဖြစ်လေတော့သည်။

ကေန်စင်စစ် ခြသေ့်ရုပ် (၆၀)ထည့်သွင်းထားရခြင်း ရည်ရွယ်ချက်မှာ ဘုရားဒါယကာသည် အင်္ဂါသားဖြစ်၍ အသက် (၆၀)ကို ရည်ညွှန်းလိုခြင်းဖြစ်လေသည်။

ဖောင်းရစ် ရှစ်ရစ်မှာလည်း အင်္ဂါဂြိုဟ်သက် ဖြစ်လေ၏။

ဒေသခံများက **"ခြသေ့် ၆၀ စေတီ"** ဟု ခေါ်ဆိုခြင်း လုံးဝမရှိပါ။ စစ်ကိုင်းတောင်ရိုးရှိ "ဥမင် ၃၀ စေတီ" အား ခေါ်တွင်သကဲ့သို့ အခေါ်လွယ်ကူသောကြောင့် "ခြသေ့် ၃၀ စေတီ"ဟူ၍သာ အမည်တွင်လေတော့သည်။

ဘုရားဒါယကာသည် ယခုအသက်တိုင်အောင် သားသမီးရတနာ မထွန်းကားသောကြောင့် သားရတနာရရှိရန် အဓိဋ္ဌာန်ဖြင့် တည်ထား ကိုးကွယ်ခဲ့လေသည်။

မိမိကဲ့သို့ သားသမီးရတနာ မထွန်းကားသော လူများအတွက်လည်း စိတ်ရည်သန် အဓိဋ္ဌာန်ထားခဲ့လေရာ မိမိကိုယ်တိုင် သားရတနာ ရရှိ ခဲ့ကြောင်း ပြောစမှတ်ရှိခဲ့လေ၏။

စေတီတော် တည်ထားပြီးသော အခါ ဒါယကာသည် အောက်ပါအတိုင်း သစ္စာတိုင်ဆုတောင်းခဲ့လေသည်။

'ဤတောင်ကုန်းထက် ဤနေရာမြတ်တွင် စေတီတည်ထား ပူဇော်ပါသည်။ ဤသို့ ကောင်းမှုကံစေတနာကြောင့် အရိယာသူတော်ကောင်းကြီးများသည် မိမိရယူလိုသော ဗောဓိဆုကို ရရှိကြသကဲ့သို့ တပည့်တော်သည်လည်း ဗောဓိဆု ရရှိပါစေသား။ အထူးသဖြင့် တပည့်တော်နှင့်တကွ သားသမီး ရလိုသူတိုင်း သားသမီးရတနာ ထွန်းကားပါစေသား'

ဟု သစ္စာအဓိဋ္ဌာန် ပြုခဲ့လေသည်။

ထိုသစ္စာအဓိဋ္ဌာန်ကြောင့် ယနေ့တိုင် သားဆုပန်သော လူတိုင်းနီးပါး အောင်မြင်မှု ရရှိကြလေ၏။

စေတီတော်၏ စနေထောင့် မျက်နှာစာဖြစ်သော ပထမပစ္စယံထက်တွင် ထူးခြားသော ခြသေ့်ရုပ်တစ်ရုပ် ပြုလုပ်စီမံထားရှိလေသည်။

ယင်း ခြသေ့်ရုပ်တု၏ပုံဟန်မှာ ဓာတ်ပုံပါအတိုင်း လူသားယောကျ်ားကလေးအား မိမိ၏ ဘယ်လက်ဖြင့်

www.burmeseclassic.com

သားပိုက်ထားသော ခြင်္သေ့မင်းနှင့်
သားငယ်အား အောက်ခြေမှ မြင်ရပုံ ➧



ထားဟန်ပြုလုပ်ထားခြင်းဖြစ်လေသည်။
ယင်း သားပိုက်ခြင်္သေ့ရုပ်တုတွင် သားသမီးရတနာ ရယူလိုသော မိခင်လောင်းများသည် ဆုတောင်းအဓိဋ္ဌာန်ပြုနိုင်ကြလေ၏။

### ဆုတောင်း အဓိဋ္ဌာန်ပြုပုံ

သားသမီးရတနာရယူလိုသော မိခင်လောင်းများသည် မင်္ဂလာရှိသော နံနက်စောစော အချိန်ကာလတွင် သရဏဂုံ(၃)ပါးနှင့်တကွ ငါးပါးသောသီလကို ခံယူ၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင်များဖြင့် ခြင်္သေ့ ၃၀ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြရလေ၏။
လှူဒါန်းပြီးပါက **ထိုခြင်္သေ့ပိုက်ရုပ်တု၏ ဦးခေါင်းထက်မှ လင်ယောကျ်ားဖြစ်သူသည် သောက်ရေသန့်သန့်ဖြင့် မိမိသက်စေ့ရေလောင်း၍ စီးကျစေရလေ၏။**
ခြင်္သေ့ဦးခေါင်းထက်မှ အစဉ်အတိုင်း စီးကျလာသောရေကို ဇနီးဖြစ်သူမှ ခွက်ဖြင့် ရိုသေစွာခံယူ၍ ထိုရေစင်ကို အဓိဋ္ဌာန်ပြု သောက်သုံးပါက သားသမီးရတနာ ထွန်းကားလာကြောင်း မှတ်သားရလေ၏။
သားဆုပန်၍ သားသမီးရတနာ ထွန်းကားကြသောကြောင့် ခြင်္သေ့ ၃၀ ဓမ္မာရုံကြီးနှင့်တကွ ဝေယျာဝစ္စကုသိုလ်များဖြင့် ထပ်မံပူဇော်ကြလေသည်မှာ အထင်အရှားပင်။

### ၃–မည်တွဲ့ရခြင်း

၁။ စေတီတော်၏ပုံဟန်မှာ ရှစ်ထောင့်ချိုးပုံစံဖြစ်သောကြောင့် အချို့သောဒကာများက "**ရှစ်ထောင့်စေတီ**" တော်ဟူ၍ ခေါ်ဆိုကြလေ၏။


◆ သားပိုက်ထားသော ''သူငယ်''အား အနီးကပ် တွေ့မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com



▲ ခြသေ့် ၃၀ စေတီတော်ရင်ပြင်မှ ဖူးမြော်ရသော

"ရှင်ပင်နှန်ကိုင်း" စေတီတော်မြတ်နှင့် ကြေးသွန်းရုပ်ပွားတော်ကြီး

▼ ခြသေ့် ၃၀ စေတီခြောက်မှ နတ်ရဲ့ မန်ကျည်းပင်ကြီး



ခြသေ့် ၃၀ စေတီ အဝင်ဝမုခ်ဦးအား

အဓိဋ္ဌာန်အောင်အလှူရှင်များမှ လှူဒါန်းထားပုံ



၂။ သားသမီးရတနာများ ဆုပန်ရရှိကြသောကြောင့်လည်း **"သားပန်ဘုရား"** ဟူ၍လည်း ခေါ်ဆိုကြလေ၏။

၃။ စစ်ကိုင်း တစ်မြို့နယ်လုံးကမှ **"ခြသေ့် ၃၀ ဘုရား"** ဟူ၍သာ ခေါ်ဝေါ်အမည်တွင်လျက် ရှိကြသောကြောင့် ဘွဲ့အမည် ၃-ခုဖြင့် ထူးခြားသော စေတီတော်တစ်ဆူ ဖြစ်လေ၏။

စေတီတော်ကြီး၏ မှတ်လေ့ကား အနီးတွင်လည်း ထူးခြားသော နတ်ဂူ တစ်ခု တည်ရှိနေပါသည်။ ထိုနတ်ဂူမှာ **"ခဲပစ်ဂူ"** ဟူ၍ အမည်တွင်လေသည်။ ထုံးဘိုရပ်ကွက်၏ ရွာတော်ရှင်လည်းဖြစ်၍ ခြသေ့် ၃၀ စေတီသို့ လာရောက် ဖူးမြော်ကြသူများသည် **ထိုနတ်ဂူအား ခဲဖြင့်ပစ်၍ ဆုတောင်းကြရလေ၏။** ထူးဆန်းသော အလေ့အထတစ်ခု ဖြစ်လေတော့၏။

ယုံကြည်မှုမရှိ၍ ခဲမပစ်သော်လည်း ဘာမျှ မဖြစ်ပါ။ အပြစ်တင်ပြောဆိုရင်း ရှုံ့ချမှု ပြုခဲ့ပါက ဆိုးကျိုးကိုသာ ဖြစ်စေတတ်၍ သတိချပ်သင့်ကြလေ၏။

နှစ်ရာကျော် သက်တမ်းရင့် နတ်ရဲ မန်ကျည်းပင်ကြီး၌ အဓိဋ္ဌာန်တင် ပုတီးစိပ်ပါက ပုဂ္ဂိုလ်ထူးများနှင့် အခါအားလျော်စွာ အာရုံရရှိတတ်ကြလေသည်။ **ရှုကွက်မှုကျင့်စဉ်အတွက် နေရာဌာနကောင်း ဖြစ်လေ၏။**

ခြသေ့် ၃၀ ဘုရားပွဲတော် ကျင်းပကြသော စေတနာရှင် ကုသိုလ်ရှင်များမှာ ထူးထူးခြားခြား စစ်ကိုင်းမြို့သား၊ မြို့သူများ မဟုတ်ကြပါ။

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာ မြို့နယ်မှ ဒါယကာများသာ ဖြစ်လေသည်။ နှစ်စဉ် ကျင်းပ လှူဒါန်းနေသည်မှာ နှစ်ပေါင်း (၅၀)မျှ ရှိနေပြီ ဖြစ်လေ၏။

သားဆုပန်ရရှိသူမှ စတင်ခဲ့သော ကြောင့် ယနေ့တိုင် အဆက်အနွယ်များမှ ဘုရားပွဲတော် **"ဆွမ်းလောင်းပွဲ"** ကို ကျင်းပကြခြင်းဖြစ်သည်ဟု သိရလေ၏။

ခြသေ့် ၃၀ စေတီတော်မြတ်သည်ကား **သစ္စာနှင့် အလှူဒါနကို အထူးပြုသောကြောင့်** မိမိတို့ လိုအပ်ရာ လောကီလောကုတ်အကျိုးစီးပွားအတွက် သီလ၊ သမာဓိ၊ သစ္စာဖြင့် အောင်မြင် ပေါက်မြောက်နိုင်ကြလေသည်။

**အောင်ရွှေမြတ်**
**(စစ်ကိုင်းဆောင်)**

www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ပိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး** ဝရ၁၁ Y၀၀၉၀၅၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ဝရ၁၁ Y၀၀၉၀၅၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ဝရ၁၁ Y၀၀၉၀၅၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဒေါ်ဆေးဆေးမူ၏

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ဝ၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွှရွှတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် **အဖြေကျော်လေဆေးလျက်ဆား၊** ဝရ၁၁ Y၀၀၉၀၅၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနိုရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အပြင် မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သီလတန်ခိုးဖြင့် အများအကျိုး၊ သာသနာအကျိုး သယ်ပိုးခဲ့သည့်

# ဆရာကြီး ဦးဘိုးကောင်း

၏ ဓမ္မဝိညာဉ်ကျင့်စဉ် (၂)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



◆ ဆရာကြီးဦးမြစ်

**ယခင်လမှ အဆက်**

တတိယအိမ်ထောင်မှာ ဒေါ်အေးတင့် ဖြစ်သည်။ ယခင် အိမ်ထောင်နှစ်ဆက်တွင် သားသမီး မထွန်းကားခဲ့ပါ။ တတိယအိမ်ထောင်နှင့် သမီးသုံးဦး မွေးဖွား၏။ မလှအေး၊ မတင်ကြည်၊ မပြုံးကြည်တို့ ဖြစ်သည်။ *[ယခုအခါ ဒေါ်ပြုံးကြည်(၆၈နှစ်) တစ်ဦးတည်းသာ ကျန်တော့၏။]*

ဦးဘိုးကောင်း အသက်(၅၂)နှစ်အရွယ် (မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်)တွင် အိမ်ထောင်ဖက်များနှင့်ပတ်သက်၍ ကွေကွင်းရခြင်းဒုက္ခကို စတင်ဆင်ခြင်ကာ ငါးပါးသီလနှင့် ဒုစရိုက်ဆယ်ပါးကို လုံခြုံအောင် ဂရုပြုကျင့်ကြံခဲ့သည်။

ဆယ်နှစ်ခန့်အကြာ ၁၃၁၅ ခုနှစ်တွင် သီလာနုဿတိကမ္မဋ္ဌာန်း အကျိုးအားကြောင့် နတ်ဒေဝတာ လာရောက်ပြောဆိုသည်ကို တွေ့ကြုံရသည်။

စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလကို သစ္စာဆိုကာ လက်နှင့်ထိကိုင်ရုံမျှဖြင့် ဝေဒနာရှင်များ၏ ရောဂါဝေဒနာကို ပျောက်ကင်းစေလိမ့်မည်ဟု ပြောဆိုကြသည်။

ဦးဘိုးကောင်းက နတ်ဒေဝတာ အစစ်အမှန်ဖြစ်ပါက သင်တို့နေရာ ဗိမာန်ကို ပြပေးပါဟု ပြောရာ ခေါ်ဆောင်သွားသဖြင့် ထည်ဝါသော ဗိမာန်ကို မြင်ရ၏။ သို့သော် ထိုဗိမာန်သည် မိမိ၏ အိမ်ခြံမြေကွက်လပ်၌ ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရ၏။

သို့နှင့် ဦးဘိုးကောင်းသည် ဝေဒနာရှင်တစ်ဦးအား လက်ဖြင့် ထိတွေ့ကိုင်တွယ်လျက် သစ္စာဆို မေတ္တာပို့ပေးခဲ့ရာ ဝေဒနာမှာ သိသာစွာ သက်သာပျောက်ကင်းသွားသည်ကို တွေ့ရ၏။

ထို့ကြောင့် နတ်ဒေဝတာများ ပြသပေးသဖြင့် မြင်ရသည့် ဗိမာန်တိုင်နေရာ

www.burmeseclassic.com




◆ တပည့်များ၏ အပူဇော်ခံယူနေသည့် ဦးမြစ်

◆ ပေထောဘကျောင်းကုန်းရွာမှ ထောက်ကြီး ဦးမြစ်နေအိမ်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာကြီးဦးမြစံနှင့် ဒေါ်စီစီ



ရေပုတ်ရွာမှ ဆရာဦးသန်းမောင် ◆



◆ ဦးမြစံ၏ ဇနီး ဒေါ်မြရီ

များကို လက်ညှိုးညွှန်ပြကာ တပည့် **ဦးရာကျော် (ဓမ္မဝိဇ္ဇာ မဖြစ်လိုက်၊ တရားထူး ပေါက်မြောက်ခြင်း မရှိခဲ့ပါ။)**က အမှတ်အသားပြုကာ အိမ်တော်မင်္ဂလာကို ဆောက်လုပ်ဖြစ်ခဲ့သည်။

နောင်တွင် ပညာဆည်းပူးသူ တပည့်များအား ထိုအိမ်တော်မင်္ဂလာတွင် လက်ခံတွေ့ဆုံကာ တရားဓမ္မ ဆွေးနွေးဩဝါဒပေးခဲ့သည်ဟု သိရသည်။

## စွဲမြဲစွာ စောင့်ထိန်းရသော သီလ

ဤတွင် စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလဂုဏ်ကို စွဲမြဲစွာ အောက်မေ့ရခြင်းသည် နက်နဲ ကျယ်ပြန့်လှသည်။


ဒေါ်စီစီက ဤသို့ဆို၏။

လူမှာ ကတိဆိုတဲ့အတိုင်း ကတိတည်ဖို့ အရေးကြီးတယ်။ မသတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ဝင်တော်မင်္ဂလာ

ဆိုတဲ့ ကျင့်ဝတ်သီလ တစ်ပါးတည်းကို ကျွန်မ အကြိမ်ကြိမ် စီစဉ်၊ အောက်မေ့ပြီး (၃)နှစ်ကြာမှ ဒီမသတ်ခြင်းကံကို ထိန်းနိုင်ပြီလို့ ဆရာကြီးကို အတည်ပြု ပြောကြားခဲ့တယ်။

တခြားကျင့်ဝတ်တွေလဲ ဒီလိုပဲ အထပ်ထပ်အဖန်ဖန် စီစဉ်ပြီးမှ လုံ့မလုံ ကိုယ်တိုင်ပဲ ဆုံးဖြတ်သိရှိနိုင်တယ်။ မခိုးပါဘူးဆိုတဲ့ ကံဆိုပါတော့...အလုပ်ရှိလို့ အမေ့အိမ်က ပေါက်ပြားကလေး ခဏငှားလာတယ်။ ညနေကျရင် ပြန်ပေးပါမယ်ပေါ့။ ညနေစောင်းတော့ အလုပ်များနေလို့ မပို့ဖြစ်ဘူး။ ငါ့အမေပဲလေ၊ နောက်နေ့မှပို့လဲ ရပါတယ်။ ခိုးတာမှ မဟုတ်တာလို့ တွေးနိုင်ပေမယ့် ဒါ ခိုးတာပဲ။

လမ်းပေါ်မှာ ကောက်ရတဲ့ ပိုက်ဆံ၊ ကိုယ့်ပိုက်ဆံမှ မဟုတ်တာ။ ဒါကို ကောက်ယူလိုက်ရင် မခိုးခြင်း သီလ ပျက်တယ်။ ဈေးဝယ်ရင် ငွေပိုအမ်းတာကို ယူမိရင်လဲ ဒီအတိုင်းပါပဲ။

ကျွန်မက အရင်တုန်းက ပွဲရုံလုပ်ငန်း လုပ်တယ်။ သိန်းထီခေတ်မှာ ကျွန်မ ပွဲရုံက ဝင်ငွေ နေ့စဉ် တစ်သိန်းကျော် ရှိတယ်။ ဒီကျင့်ဝတ်သီလတွေ စောင့်ထိန်းမယ် ဆုံးဖြတ်တော့ ခင်ပွန်းကို လုပ်ငန်း ဦးစီးခိုင်းရတယ်။

ဈေးသည်ဆိုတာ မုသားမပါ လက်ဘ မချောဘူး။ စီးပွားရေးလုပ်ငန်း အားလုံး လိုလို ဒီအတိုင်းပဲလေ။ စီးပွားရေးကို လုံးဝ စွန့်လွှတ်နိုင်ဖို့ ပြင်ဆင်ရတာပါ။

ကောက်ပဲသီးနှံထွက်တဲ့ ရာသီမှာ သီးနှံတွေစုပြီး ဒိုင်သွင်းတဲ့ တစ်နေ့မှာ တကယ့်အကျဉ်းအကျပ် ဆုံရတယ်။ ကျွန်မ ရသင့်တဲ့ငွေထက် ငွေတစ်အုပ် ပိုပေးတယ်။ တစ်သိန်းအုပ်ပေါ့။

'ဝါတောင်းတာလဲ မဟုတ်၊ ခိုးတာလဲမဟုတ် သူ့ဘာသာ မှားပြီးပေးတာ'

ဒီလို အတွေးလေး ဝင်လာတယ်...
ငွေပမာဏက မနည်းဘူးလေ...
အတော်ကြီးကြာအောင် ချီတုံချတုံဖြစ်...
ပြီးမှ ကျွန်မ ပြန်ပေးလိုက်နိုင်တယ်...


အဲဒီတုန်းကသာ စိတ်အလိုလိုက်...
ရင် ဒီနေ့ ကျွန်မဒီလိုဝေဒနာရှင်တွေ...
ကယ်တင်နိုင်မှာ မဟုတ်တော့ပါဘူး...
ရှင်။ ဈေးဝယ်ရင်း(၅)မူး၊ တစ်ကျပ်...
အမ်းတာကို ပြန်ပေးနိုင်ပေမယ့် ဒီအ...
မှာတော့ အတော့်ကို ခက်ခက်ခဲခဲ...
ဆုံးဖြတ်ခဲ့ရတာပါ။

ဒီအတိုင်းပါပဲ... ရေတစ်ပေါ...
လောက် သောက်ပါရစေဆိုပြီး ...
ခွက် သောက်လိုက်ရင် လိမ်တ...
တာပဲ။ ငရုတ်သီးတစ်တောင့်လော...
ဆိုပေမယ့် နှစ်တောင့်ပေးတာကို ...



www.burmeseclassic.com

www.burmeseclassic.com



◆ အိမ်တော်မင်္ဂလာ

မိရှင်လဲ အတူတူပဲ။ အမြဲသတိထား အောက်မေ့နေရပါတယ်။

ဆရာကြီးဦးမြစံဆီကိုလဲ သကြၤန်ကာလတိုင်း မပျက်မကွက်သွားပြီး ညြဝါဒခံယူတာ (၁၆)နှစ်ကြာခဲ့တယ်။ သီလကို လုံအောင် ထိန်းနိုင်ပေမယ့် အတိတ်ကံ အကုသိုလ်အကျိုးဆက်တွေ ရှိသေးတော့ သည်းခံဖို့ ခန္တီတရားထားဖို့ အမြဲတမ်းဆုံးမလေ့ရှိပါတယ်။

**[ရေပုတ်ရွာ၊ ဆရာဦးသန်းမောင်က...**

'သည်းခံတယ်ဆိုတာ အဆင်း အသံ အနံ့ အရသာ၊ အတွေ့ အတွေးဆိုတဲ့ အာရုံ(၆)ပါးမှာ အာရုံဆိုးတွေနဲ့ကြုံရတဲ့အခါ ခံနိုင်ရည်ရှိအောင် ချစ်မုန်းကင်းအောင် ကြိုးစားတာပါပဲ'

ဟု ရှင်းပြသည်။ ဘုရားခန်း သို့မဟုတ် ကမ္မဋ္ဌာန်းကျောင်းတွင်း၌သာ အချိန်တာ သတ်မှတ်၍ အားထုတ်ရသော ကမ္မဋ္ဌာန်းမျိုးမဟုတ်ဘဲ **နေထိုင်၊ သွားလာ၊ ပြောဆို၊ စားသောက်ရာ အချိန်တိုင်းတွင် သီလကို စင်ကြယ်အောင် စွဲမြဲစွာ သတိမပြတ်ထားနေရသည့် သီလာနုဿတိကမ္မဋ္ဌာန်းဖြစ်ကြောင်းလည်း ပြောပြခဲ့သည်။]**

ဉာဏ်ပူဇော်ခအနေဖြင့် စတင်ကုသပေးသော သုံးနှစ်တာကာလအတွင်း အခမဲ့ ကုသပေး၍ သုံးနှစ်ပြည့်ပြီးနောက်တွင်သာ သင့်တင့်သော နှုန်းထားသတ်မှတ် အလှူခံသည်။


ရလာသော အလှူငွေကို သုံးပုံခွဲကာ မရှိနွမ်းပါးသူတို့အား တစ်ပုံ၊ ဘုန်းကြီးကျောင်းအား တစ်ပုံနှင့် မိမိအတွက် တစ်ပုံယူ၍ ခွဲဝေသုံးစွဲလှူဒါန်းလေ့ရှိကြောင်း ဒေါ်စီစီက ပြော၏။

## ညောင်ပင်စောက်ရွာတွင်

ညောင်ပင်စောက်ရွာသည် ပေတောကျောင်းကုန်းရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ရှိ၏။ ဆရာကြီး ဦးဘိုးကောင်း တရားထူးသိမြင်ရာ သတ္တဝါကယ်တင်ရာ အိမ်တော်မင်္ဂလာသို့ ရောက်သောအခါ သမီးတွေးဖြစ်သူ ဒေါ်ပြုံ့ကြည်က သူ သိမီရသလောက် ရှင်းပြောပြခြင်း ဖြစ်သည်။

ဦးဘိုးကောင်းနေထိုင်ရာ နေအိမ်၏ မြောက်ဘက်ကပ်လျက်တွင် အိမ်တော်မင်္ဂလာရှိ၏။ ဤအဆောက်အအုံကို ၁၃၁၅ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ဗိသုကာဆရာများက စနစ်တကျ တိုင်းထွာတွက်ချက်၍ ပန္နက်ရိုက်ခဲ့ခြင်း မဟုတ်ဘဲ ဦးဘိုးကောင်းက သူ၏အာရုံတွင် မြင်ခဲ့ရသော နတ်ဗိမာန်၏ တိုင်ခြေနေရာများကို လက်ညှိုးညွှန်ကာ တပည့်ဦးရာကျော်က မှတ်သားခဲ့ရခြင်းဖြစ်သည်ဟု ပြောပြကြသည်။ ဒေါ်ပြုံ့ကြည်က...

www.burmeseclassic.com



အိမ်တော်မင်္ဂလာ(လှေကားအနီးတိုင်ကို နဖူးထိ၍ အဓိဋ္ဌာန်ပြုကြ၏။)

'အဖေရှိတုန်းက တပည့်တွေ ရောက်လာရင် မရပ်မနား ပြောတော့တာပဲ၊ အားလုံးက လေးလေးစားစား နားထောင်ကြတယ်၊ ပြောရင်းပြောရင်း အသံက ကျယ်ပြီး "အောင်"လာတယ်၊ လူတွေပြောကြတာက အဖေ့အသံက (ငါးရာတွင်း)ကြားရသတဲ့၊ တစ်ယောက်တည်းရှိနေရင်တော့ လျှောင်းပြီး တရားမှတ်နေတာပဲ၊ အိမ်သားတွေနဲ့ အာလာပသလ္လာပ ပြောနေလေ့မရှိဘူး' ဟူ၍ ပြောသည်။

**(မြန်မာ့အတိုင်းအတာ ယူနစ်မှာ တစ်တာ= ခြောက်တောင်ဖြစ်ရာ တာငါးရာ= ၆ ×၅၀၀ = ၃၀၀၀ တောင်= ၄၅၀၀ပေမှ ကြားရသည်ဟု ဆိုလိုခြင်း ဖြစ်သည်။)**

ပညာဆည်းပူးသူတို့သည်...

'လှေကားအနီးရှိ တိုင်တွင် ဦးခေါင်းထိ၍ (နဖူးတိုက်၍) စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးဖြစ်သော သီလဂုဏ်ကို စွဲမြဲစွာ မပြတ်ဆင်ခြင် အောက်မေ့ပါမည်။

ဤသို့ စောင့်ထိန်းခြင်း အမှန်သစ္စာစကားကြောင့် ဝေဒနာရှင်တို့ ချမ်းသာရာ ရစေရန် ကူညီကယ်မပေးပါမည်'

ဟု အဓိဋ္ဌာန်ပြုလေ့ရှိကြကြောင်း သိရသည်။

အိမ်တော်မင်္ဂလာ၏ အောက်တွင် စင်ငယ်တစ်ခုရှိ၍ **စင်တော်မင်္ဂလာ**ဟု ခေါ်တွင်ကြသည့် **ဓမ္မဝိဇ္ဇာ (တရားအသိထူးရပြီးသူ)**တို့ သစ္စာအဓိဋ္ဌာန်ပြုရာဖြစ်သည် ဆို၏။

ဦးဘိုးကောင်းသည် ဝေဒနာရှင်များကို ကယ်တင်ခြင်း မပြုမီက တောင်သူအလုပ်ဖြင့် ရိုးသားစွာ အသက်မွေးခဲ့သည်။ အလုပ်ကို အလွန်ကြိုးစားသည်။ လယ်ထွန်ချိန်တွင် အိပ်ချိန်အနည်းငယ်သာရှိကာ နေ့ညမပြတ် လယ်ထွန်သည်။

နွားနှစ်ရှဉ်းရှိရာ နေ့ဘက်တွင်မျက်စိကောင်းသောနွားနှင့် ထွန်ယက်၍ ည အချိန်တွင် မျက်စိမမြင်သော နွား တစ်ရှဉ်းနှင့် ထွန်ယက်လေ့ရှိသည်။

လယ်ကွက်အတွင်း ပေါင်းရှင်းသော အခါ ပိုးကောင်(မြွေ)များ သူ့အလ အလျှောက် ရှောင်တိမ်းသွားတတ် သည်ဟု သိရလေသည်။

ဦးဘိုးကောင်း၏ နေအိမ်အပြင် ဘက် ခေါင်းရင်းကပ်လျက်တွင် ဝ ငယ်တစ်လုံး တွေ့ရသည်။ ဤ ကလေးတွင် တစ်ဦးတည်းနေထိုင်က ကျင့်ကြံအားထုတ်ခဲ့သည်ဆို၏။

## ရွာလယ်ဇရပ်

ဒေါ်ပြန့်ကြည်နှင့် သားသမီးများ သူတို့ကြားသိသမျှ ပြောပြသည် မှတ်သားပြီးနောက် နှုတ်ဆက်စကား ဆိုကာ ရွာလယ်ဇရပ်သို့ ထွက် ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးဘိုးကောင်းသည် ဝေဒနာရှင်များကို ကယ်တင်ခြင်း သာမက ရေတွင်းရေကန် တူးဖော်ခြင်း၊ သမ်းတံတားဖောက်လုပ်ခြင်း၊ ဇရပ်အန်ဆောင်း ဆောက်လုပ်ခြင်း စသည် ဖြင့် ပရဟိတအကျိုးအတွက်လည်း လှူဒါန်းခဲ့သည်။

ဆရာကြီးသည် ဓမ္မဝိဇ္ဇာ(တရားထူးသိမြင်ခြင်း)ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပါ။ ဤရွာလယ်ဇရပ်ကြီး ဆောက်လုပ် လှူဒါန်းခြင်းကြောင့်သာ သိရှိရသည်ဟု ဆို၏။ ဇရပ်မှာ ရှစ်ခန်းတွဲ ဇရပ်ကြီးဖြစ်ကာ ရွာလူထုက ဆက်လက်မွမ်းမံ ထိန်းသိမ်းထားသည်ကို တွေ့ရသည်။

**ဓမ္မဝိညာဉ်ကျင့်စဉ်ကို အားထုတ်ဆည်းပူးကြသူများသည် အများနှင့်သက်ဆိုင်သောကိစ္စ ဥပမာ ရေချမ်းစင် ဆောက်လုပ်ခြင်းမှအစ မိမိစိတ်သဘောဖြင့် တည်ဆောက်ခြင်း မပြုရ။ အာရုံနိမိတ်၊ အိပ်မက်နိမိတ် (ညွှန်ကြားမှုကို) ထင်မြင်ရရှိမှသာ ဆောက်လုပ်လှူဒါန်းကြရသည်ဟု သိရလေသည်။**

## နှုတ်ဆက်ဂါရဝပြုခြင်း

ထို့နောက်တွင် ရွာပြင်သုသာန်ရှိ ဆရာကြီးဦးဘိုးကောင်း၏ အထိမ်းအမှတ်အုတ်ဂူအား သွားရောက်ဂါရဝပြုသည်။ လေးထောင့်အုတ်ခုံအထက်တွင် ရှစ်မြှောင့် မြောင်းဖော်ထားသည့် ကျောက်တိုင် (အင်္ဂတေ)ကို စိုက်ထူထားကာ တိုင်အထက်တွင် လခြမ်းငယ်နှင့် ကြယ်တစ်ပွင့်ကို သရုပ်ဖော်ထားသည်။

မြတ်ဘုရား၏သာသနာတော် အဓွန့်ရှည် တည်တံ့၍ ထွန်းလင်းတောက်ပရေးတွင် ကြယ်ရောင်ပမာ၊ ဆန်းစလရောင်ပမာ ပါဝင် ဆောင်ရွက် ပူဇော်ခဲ့ခြင်းကို ရည်ညွှန်းသည်ဆို၏။

မှောင်မိုက်သော ညကာလတွင် ကြယ်ရောင်သည် လည်းကောင်း၊ ဆန်းစ လကွေးကွေး၏ အလင်းရောင်သည် လည်းကောင်း လူသားတို့အတွက် အားတက်စေသကဲ့သို့ ဝေဒနာခံစားနေရသူတို့အတွက် တတ်စွမ်းသမျှ ကယ်တင်ပေးခဲ့သော ဆရာကြီး၏ သီလသစ္စာတန်ခိုးအာနိသင်ကိုရည်ညွှန်းခြင်းလည်းဖြစ်ကြောင်း သိရလေသည်။

အုတ်ခုံတွင် အောက်ပါ ကမ္ပည်းစာကို ရေးထိုးထားသည်။

'သဒ္ဓါ မေတ္တာ သစ္စာ သီလ သတိ
သမ္မာ သမာဓိ ဣန္ဒြိယ သံဝရ
သီလနှင့်ပြည့်စုံသော
ဓမ္မဝိဇ္ဇာ ဆရာကြီးဦးဘိုးကောင်း
သက္ကရာဇ် ၁၃၃၃ ခု ပြာသိုလပြည့်ကျော်
(၅)ရက် (၅-၁-၇၂) သက်တော်(၇၀)နှစ်
တွင် ကွယ်လွန်အနိစ္စရောက်သည်'

ဆရာကြီးဦးဘိုးကောင်း၏ ဓမ္မဝိညာဉ်သီလကျင့်စဉ်နှင့် ပညာအမွေကို ပေါက်မြောက်စွာ ဆက်ခံနိုင်သူ ဆရာကြီးဦးမြစံတစ်ဦးသာ ထင်ရှားခဲ့သော်လည်း ဆက်လက်၍ ဆည်းပူးကျင့်ကြံလျက်ရှိသော တပည့်များစွာ ရှိနေသေးကြောင်း သိရပေသည်။

အများအကျိုး သယ်ပိုး၍ ဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်ကြာရေးအတွက် တစ်ထောင့်တစ်နေရာတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဆရာကြီးဦးဘိုးကောင်း၏ သက်ဆုံးတိုင် မပြတ်စောင့်ထိန်းခဲ့သည့် သီလဂုဏ်ကို လေးစားစွာဖြင့် ဂါရဝပြုလျက် ညောင်ပင်စောက်ရွာမှ ပြန်လည် ထွက်ခွာခဲ့လေသည်။

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

## စာရှုသူများသို့ ပန်ကြားလွှာ

ကျွန်တော်၏ နယ်လှည့်အယ်ဒီတာအား တာဝန်ပေး၍ လေ့လာ စုဆောင်းမိသမျှမှာ ဤမျှသာ ဖြစ်ပါသည်။ မြန်မာပြည်အရပ်ရပ်မှ ဓမ္မဝိဇ္ဇာဆရာကြီး ဦးဘိုးကောင်း၏ တပည့်များမှ ကွက်လပ်ဖြစ်နေသော ကွင်းဆက်များအား တတ်နိုင်သမျှ ဖော်ထုတ်တင်ပြပေး၍ မှတ်တမ်းတင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်


# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာဓနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် သဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၇၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနံ့ပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အိုးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်,အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ဟိုးထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆ-ရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com



နယ်လှည့်သုတေသီ

ထီးပြူဆောင်လိုက်တွင်မြင်ကွင်း

# ဝေဝေါ်ဝင် သာသနာပြုမှု

## နေရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ (၅)

**ယခင်လမှ အဆက်**

လေးအင်းတိုင်စေတီ၌ အင်းတိုင်သည် **တနင်္ဂနွေ+စနေ=၁+၇=၈** ဖြစ်၍ လေးအင်းတိုင်=(၈)လေးခု ဖြစ်သည်။ ၈=ရာဟုဂြိုဟ်ညွှန်းသင်္ချာဖြစ်ရာ ရာဟု၊ တနင်္ဂနွေ အင်္ဂါ၊ စနေ ပါပဂြိုဟ်လေးလုံး၏ အဆိုးကို ထိန်းချုပ်ထားခြင်း လည်းဖြစ်သည်။

၈ × ၄ = ၃၂ ဖြစ်၍ လေးအင်းတိုင်စေတီ၌ ကာယဂတာသတိကမ္မဋ္ဌာန်း (၃၂-ကောဋ္ဌာသ)ကို စီးဖြန်း၍ ဘာဝနာကုသိုလ် ပြုသင့်ပေသည်။

တဝစေတီ အရှေ့ဘက်တွင် ကရဝိက်ဖောင်တော်ပေါ်၌ ဆရာတော်၏ ရုပ်တုကို ဖူးတွေ့ရသည်။

တဝစေတီမှ အနောက်ဘက် မလှမ်းမကမ်းတွင် ဆူးလေဘိုးဘိုး၊ ပိသနိုးဘိုးဘိုးတို့ကို နန်းဆောင်နှင့်တကွ တွေ့မြင်ရသည်။ ဤကဲ့သို့ နတ်မင်းများသာမက (၃၁)ဘုံတွင်ရှိ နတ်များကိုလည်း သူ့ပရိသတ်နှင့်သူ နန်းဆောက်၍ ထားပေးတော်မူသည်။

တောင်ဘက် အနည်းငယ် လှမ်းသော နေရာရှိ စောမွန်လှကောင်းမှု မြတာဘက်စေတီ အနီးဝန်းကျင်နေရာသည် ရှေးယခင်က နေစောင်းလျှင် မသွားမလာဝံ့ကြပေ။ စက်ဘီးဖြင့် သွားပါက ဘီးများကို ကိုင်မြှောက်ထားခြင်း စသည့် ကြောက်မက်ဖွယ် ထိတ်လန့်ဖွယ်ရာများ ကြုံရသည်။

ဆရာတော်ကြီးသည် ညနေ နေဝင်ဆည်းဆာအချိန်တွင် ထိုနေရာသို့ တစ်ပါးတည်းကြွကာ ချော့ချွတ် တရားဟောတော်မူသည်။ တပည့်သာဝက တစ်ဦးတစ်ယောက်မျှ မလာကြရန်လည်း မိန့်မှာတော်မူခဲ့သည်။

ထို့နောက်တွင် သိမ်မွေ့လာကြကာ နတ်များက ဆရာတော်အား နေထိုင်


www.burmeseclassic.com




ဘူလေဘိုးဘိုး


ဝိသနိုးဘိုးဘိုး

ကရဝိက်ဆောင်




www.burmeseclassic.com

www.burmeseclassic.com



▲ ကမ္ဘာလုံးစေတီ

▼ ဆရာတော် စတင် ကျင့်ကြံရာ ကမ္မဋ္ဌာန်းလိုဏ်



ခွင့်ပေးရန် လျှောက်ထားကြသည်ဆိုင်၏။ ဆရာတော်က...

'(၁၁)တုံလုံး နေခွင့်ပေးပါတယ်။ ပိတ်ပင်တားဆီးမှု မရှိပါဘူး'

ဟု မိန့်ကြားလျက် နတ်နန်းများဆောက်ခွင့်ပြုခဲ့သည်။

ထိုနေရာကို **သုဝဏ္ဏဒီပ**ကုန်းမြေဟုခေါ်တွင်စေ၍ ဂန္ဓာရာဇ်နတ်၊ မဇ္ဈိမနတ်၊ မြည်တွင်းနတ်များ စုံလင်စွာ ရှိ၏။ နတ်ကတော် သန္တာကျော်က ဆရာတော်ကြီး မိန့်ကြားချက်အတိုင်း ဗလိနတ်စာကျွေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

နတ်များနှင့် ပတ်သက်၍ ဆရာတော်က ဤသို့ မိန့်ကြားခဲ့သည်။

'ဒါက နတ်တွေကို ရှိမခိုးဘူး။ မင်းတို့လဲ ရှိမခိုးနဲ့၊ ရှိခိုးရမယ့် အရာမဟုတ်ဘူး။ ရှိခိုးပသရာမှာက ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးပဲရှိတယ်။ ပရလောကရောက်နတ်တွေက လူတွေလောက် ကုသိုလ်မလုပ်နိုင်ကြဘူး။ သူတို့အတွက် ကုသိုလ်ပြုပြီး ဆင်းရဲဒုက္ခကလွတ်အောင် အမျှပေးဝေကြပါ'

***(ရွှေပေါ်ကျွန်း ဆရာတော်ကြီး သာသနာပြုစခန်းနှင့် စေတော်ဝင်ခရီးသည် စာမျက်နှာ ၄၈၊ ၁၄၅၊ ၁၈၀)***

မူလ ကမ္မဋ္ဌာန်းလိုဏ်

တဝစေတီဝန်းကျင် လှည့်လည်ကြည့်ရှုပြီးနောက် အရှေ့တောင်ထောင့်ယွန်းယွန်းရှိ ကမ္ဘာလုံးစေတီသို့

www.burmeseclassic.com

သွားရောက်သည်။ အစီအရီ ရှိနေသော ကျောင်းဆောင်များကို ဖြတ်သန်းသွားရသည်။ ဆရာတော်ကြီး၏ တပည့်သာဝကများ နေထိုင်ရာ အဆောက်အအုံဖြစ်ကာ **ကျောင်းဆောင်**ဟုပင် ခေါ်ဝေါ်ရသည်။


စေတော်ဝင် သာသနာမြေအတွင်း ကျောင်းဆောင်ပေါင်း (၅၀၀)နီးပါးရှိသည်ဟု သိရသည်။ ဆရာတော်ကြီးက မြေကွက်ချပေးကာ နေထိုင်သူတို့က မိမိတို့ အင်အားအရ ဆောက်လိုသော ပုံစံ ပျဉ်ထောင်၊ အုတ်တိုက် စသည်တို့ကို ဆရာတော်အား လျှောက်ထားတင်ပြရသည်။

ဆရာတော် မိန့်ကြားချက်အရ စေတော်ဝင် ဗိသုကာများက တည်ဆောက်ပေးကြသည်။ အိမ်တက်ပွဲဖော် ရေစက်ချပွဲ ပြုလုပ်နိုင်သော်လည်း ကျောင်းဆောင်အား ရေစက်ချလှူဒါန်းခြင်းကို ခွင့်မပြုကြောင်း သိရပေသည်။

ကမ္ဘာလုံးစေတီကား ဆရာတော်ကြီး တောရဆောက်တည်စဉ် ကျင့်ကြံအားထုတ်ခဲ့သော မြေလိုဏ်ဂူအနီး အထိမ်းအမှတ် တည်ဆောက်ခြင်းဖြစ်ကာ တန်ဆောင်းအတွင်း ကမ္ဘာလုံးကြီးနှင့် အထက်တွင် ဆရာတော်၏ ကြေးသွန်းရုပ်တုရှိသည်။

တန်ဆောင်းအထက်၌ စေတီငယ် တည်ထားသည်။ စေတီအနီး ကုန်းကမူစောင်းတွင် ကမ္မဋ္ဌာန်းလိုဏ်ဂူကို အုတ်အင်္ဂတေ မွမ်းမံကာ သံတံခါးတပ်ဆင်ထားသည်။ ဂူဝတွင် ဝါးပေါင်းမိုးနှင့် ထန်းကုလားထိုင်တစ်လုံး တွေ့ရသည်။

ဆရာတော်သည် ခုတင်အိပ်ရာတို့ဖြင့် အိပ်စက်နားနေခြင်း မရှိ။ အများအိပ်ချိန်တွင် ဤသို့ ထန်းလက်ကုလားထိုင်တစ်လုံးဖြင့် ချမ်းချမ်းအေးအေး



◆ တန်ဆောင်းတွင်းမှ ကမ္ဘာလုံးနှင့် ဆရာတော်ရုပ်တု

ခြင်ကိုက် မှက်ကိုက်ခံ၍ ဘာဝနာပွားနေတတ်သည်ဟု သိရပေသည်။

အထူးသဖြင့် ဓုတင်အကျင့်ကြောင့် အရိပ်အာဝါသနှင့် နေထိုင်ခြင်းနည်းပြီး သစ်ပင်ရင်း လဟာပြင် စသည်တို့၌ အချိန်ကုန်ရတတ်သည်။ ဓုတင်(၁၂)ပါး (သုသာန်ဓုတင်မှလွဲ၍) အောင်တော်မူသည်ဟု သိရ၏။

ဆရာတော်က သမထ ဝိပဿနာနှင့် စပ်လျဉ်း၍ ဤသို့ မိန့်ကြားသည်

'သမထသည် တစ်ဘဝ တစ်နပ်စာ
သည်။ ဝိပဿနာသည် နိဗ္ဗာန်ရောက်
လို့ဆိုတယ်။ သာသနာပ သမထဟာ
ပါတယ်။ ဗြဟ္မာဘုံလားတယ်ဆိုတာ

သာသနာတွင်း သမထကျတော့
၏ အရှိန်အဝါ အာနိသင်ရဲ့ပြုပြင်မှု
ဒါက မဂ်သစ္စာ၊ ဒီလမ်းကို သွား ဒီ
တက်ဆိုပြီး သမထနဲ့ ဝိပဿနာကို




www.burmeseclassic.com

www.burmeseclassic.com







လက်ညှိုးထိုးပြနိုင်ပါတယ်။

သမထက ဓာတ်ခဲအားနဲ့ တူပြီး ဝိပဿနာက ဖန်သီးနဲ့တူတယ်။ ဓာတ်ခဲအားကောင်း သလောက် လင်းမယ်။ ဓာတ်ခဲ အားနည်းရင် အလင်းလဲ အားနည်းမယ်'

ဟူ၍ ဖြစ်သည်။ ဆရာတော်သည် လယ်တီဆရာတော်ကြီး၏ စာများကို ဖတ်တိုင်းမဝ၊ အားမရ အထပ်ထပ် ဖတ်ရှုသည်ဟု ခန္ဓာဝန်ချခါနီး နှစ်လ အလိုခန့်အထိ မိန့်ကြားလေ့ရှိရာ ဝိပဿနာနည်းနာများကို လယ်တီ ဆရာတော်ထံမှ မှီးယူကြောင်း ယူဆကြလေသည်။

ဆရာတော်၏ ကမ္မဋ္ဌာန်းလိုဏ်နှင့် ကမ္ဘာလုံးစေတီအနီးတွင် နဂါးရုံရုပ်ပွား တစ်ဆူ ကိန်းဝပ်တော်မူသည်။ နဂါး ကိုးကောင်ရံထားသည်။ ကြာရွက် သဏ္ဌာန် လှေကားဖြင့် ရှေ့တော်မှောက် သို့ သွားရောက်ဖူးမြော်နိုင်သည်။

နဝင်းကိန်းဆောင်သည့် ဤနဂါး ကိုးကောင်ရုပ်ပွားတော်အား ကိုးပါး သီလခံယူ၍ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးရွတ်ဆိုခြင်း၊ ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်း ပွားများပါက ထူးခြား သော အကျိုးသွားများ ခံစားရနိုင် ကြောင်း မှတ်သားရလေသည်။

## ဆရာတော်၏
## ကုန်းသားရှောင်ကြဉ်ရေး
## မေတ္တာရပ်ခံချက်

ယင်းနောက်တွင် လိုက်ပါကူညီပေး သူ ဒေါ်သင်းသင်းနွယ်အား နူတ်ဆက် ကျေးဇူးစကားဆိုကာ မူလ ကျောင်း ဝင်းသို့ ပြန်လာခဲ့ရာ နေမွန်းတည့်ပြီ ဖြစ်၍ ကျောင်းဝင်း အရှေ့ဘက်ကို

www.burmeseclassic.com



◆ ဆောမွန်လှကျောင်းမှ မြတ်ဘက်စေတီ

စေတော်ဝင် ဈေးတန်း၌ ထမင်းသုပ်ဝင်စားသည်။ ဟင်းအဖြစ် ကြက်ဥမရှိပါ။ ငါးသေတ္တာသုပ် ရနိုင်သည်။ ကုန်းသတ္တဝါ မတင်ပါဟုဆိုသည်။

ဆရာတော်ကြီးက...

'ကုန်းသတ္တဝါကို အထူးရှောင်ခိုင်းပြီး ရေသတ္တဝါကျတော့ အရှောင်မခိုင်းတာ ဘာကြောင့်လဲ၊ အမြဲက လွတ်သလားလို့ မေးစရာရှိတယ်။ ရေသတ္တဝါက အနေမမှောက်အောင် ဖြေဖျောက်လို့ရှိရင် ရနိုင်တယ်။ ကုန်းသတ္တဝါက မရဘူးတဲ့။ ဖြေဖျောက်လို့ မရနိုင်ဘူးတဲ့။

ဒါကြောင့် အဓိကဖြစ်တဲ့ ကုန်းသတ္တဝါကို ရှောင်ပြီးတော့ လူကြပါ။ ဆွမ်းလေးတစ်အုပ်ပဲပို့ပို့၊ ဘယ်မင်္ဂလာပဲရှိရှိ ဒါတွေကို မပါပါစေနဲ့။ ပါလိုက်ရင် ဒီအလှူဟာ မစင်ကြယ်တော့ဘူး'

## နိုင်ငံပြန်ကြားလွှာ

ရွှေပေါ်ကျွန်း စေတော်ဝင်သာသနာပြုစခန်း မူလ ဦးဆောင်ဆရာတော် အရှင် ဇေယျသိဒ္ဓိမေဓာဉာဏိကသည် သမထ အားကောင်းသည့်အလျောက် တပည့်သာဝကတို့၏ အနာဂတ်၌ ကြုံတွေ့ရမည့် ကိစ္စများကို ကြိုတင်သတိပေးကာ လောကီ၊ လောကုတ္တရာ ကောင်းကျိုးသုခများ ပြည့်စုံစေခဲ့သည့် ထူးခြားအံ့သြဖွယ် ဖြစ်ရပ်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆရာတော်၏ သာဝကများက မကြာခဏ ရေးသားပူဇော်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် စေတော်ဝင် သာသနာပြုစခန်းတွင် ထူးခြားသော နေရာအချို့နှင့် ဆရာတော်ကြီး၏ မှတ်သားဖွယ် ဩဝါဒများကိုသာ မှတ်တမ်းတင်ပြရပါသည်။

စေတော်ဝင် သာသနာမြေသို့ ရပ်ဝေးမှ လာရောက်လေ့လာလိုသူများအတွက် **ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၃၁၁) (၅)ဖာလုံနှင့် (၆)ဖာလုံကြားတွင် ဆင်းကာ တစ်မိုင်သာသာရှိသော လမ်းကလေးအတိုင်း လွယ်ကူစွာ လာရောက်နိုင်ကြောင်း လမ်းညွှန်တိုက်တွန်းလိုက်ရပါသည်။**

**နယ်လှည့်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

**အလွန်ငြိမ့် မဟာနာဂဝံသကျောင်းတိုက်**
**ဆရာတော် အဂ္ဂမဟာပဏ္ဍိတ**
**ဘဒ္ဒန္တဓမ္မာဘိဝံသအား ဂါရဝပြု**
**ပူဇော်ခြင်း**

ဆရာတော်သည် **၁၂၈၄ ခုနှစ်၊ နယုန်လဆန်း(၉)ရက် စနေနေ့တွင်** မွေးဖွားရာ ၃-ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

**၃-ကြွင်းမဟာဘုတ်အရ ကြည့်ရင်...**

| | | |
|---|---|---|
| | ၀ | |
| (၂) | ၅ | ၁ |
| ၆ | ၃ | ၄ |

**၂-လ်ာဂြိုဟ်သည် အထွန်းအိမ်၌ ရပ်တည်နေသဖြင့်...**

÷ ဝတ္ထုငွေကြေး အလှူခံရလွယ်ခြင်း။
÷ အလှူအတန်းဝါသနာပါခြင်း၊
÷ ငွေကြေးကို မမက်မောတတ်ခြင်း...

စသည်တို့ပါပဲ။

ထို့ပြင်...

**၁-နေဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေသဖြင့်...**

✦ အကြီးအကဲဖြစ်ရခြင်း၊
✦ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊
✦ ကျောင်းကောင်း၊ အဆောက်အအုံကောင်းနှင့် နေရခြင်း...

စသည်တို့ပါပဲ။

ထို့ပြင်...

**၅-တေးဂြိုဟ်သည် သိုက်ဂြိုဟ်ဖြစ်သဖြင့်...**

✦ ပညာထူးချွန်ခြင်း၊
✦ ပရိယတ္တိစာသင်တိုက်ရဲ့ ဦးစီးခေါင်းဆောင်ဖြစ်ရခြင်း၊
❖ ဉာဏ်ပညာ ထက်မြက်ခြင်း...

စသည်တို့ပါပဲ။

ထို့ပြင်...

**စနေဂြိုဟ်သည် အဓိပတိအိမ်၌ ရပ်တည်နေသဖြင့်...**

○ ရပ်ဝေးသို့ ခရီးသွားရခြင်း၊
○ ဘာသာရေး ဆိုင်ရာ ဘွဲ့တံဆိပ်ရခြင်း၊
○ ဘာသာရေးသာသနာရေးဆိုင်ရာ၌ အကြီးအကဲဖြစ်ရခြင်း...

တို့ပါပဲ။

**၃-ဂီသည် ဘင်္ဂအိမ်၌ ရပ်တည်နေသဖြင့်...**

✦ စိတ်လှုပ်ရှား လွယ်ခြင်း၊
✦ စိတ်ခံစားမှု ပြင်းထန်ခြင်း၊
✦ သို့လောသို့လော သံသယစိတ်များ ရှိတတ်ခြင်း...

စသည်တို့ပါပဲ။

**၆-ကြာသည် မရဏအိမ်၌ ရပ်တည်နေသဖြင့်...**

✦ စကားပြော မကောင်းတတ်ခြင်း၊ ဘွင်းဘွင်း တဲ့တိုးပြောတတ်ခြင်း၊
✦ အစားအသောက် ရွေးချယ်တတ်ခြင်း၊
✦ ရုတ်တရက် ခရီးသွားရ၊ ကြွရတတ်ခြင်း...

တို့ပါပဲ။

**၄-ဟူးသည် ပုတိအိမ်၌ ရပ်တည်နေသဖြင့်...**

❋ ဝမ်းဥပဒ်ပေးတတ်ခြင်း၊
❋ လေနာ အစာအိမ်ဝေဒနာ ပေါ်တတ်ခြင်း၊
❋ လူလိမ်လူကောက် တွေ့ရတတ်ခြင်း...

စသည်တို့ပါပဲ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**



◆ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာဘိဝံသမထေရ်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး





# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား

ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ""ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ၊ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၀၉၁၀၉၁၁ ၇၂၂၅၄။


www.burmeseclassic.com

www.burmeseclassic.com

# ပေါ်တော်မူကျောင်းမှ


## မြန်မာ့အစီအရင် ရုပ်ပွား၊ ရုပ်တုများ

ညွန့်ဦးဝင်း



▲ ဆေးမြစ်ထုံ သရိုအဘုရား

▼ ဆင်မာန်စွယ် ရုပ်တု



ချောက်တွယ်မြို့ အနောက်ဘက် နတ်က်သွားကားလမ်း သုံးမိုင်ခန့်အကွာတွင် **ကျောက်တိုင်ရွာ** တည်ရှိသည်။ ကျောက်တိုင်ရွာ၏ အရှေ့ဘက် မိုင်ခန့်အကွာ ပေါ်တော်မူကျောင်း ို့ ဝင်ရောက်လေ့လာစဉ် ထူးဆန်း ည့်အဖြစ်ကလေးကို တွေ့ရသည်။

ကျောင်းဝင်းအတွင်း ဝင်လာသူ ည် ဦးထုပ်၊ ထီး စသည် တစ်ခုခု ောင်းလာပါက ကျောင်းရှိခွေးများ ုံ ကိုက်ခဲလေ့ရှိကြသည်။ ဦးခေါင်း ချွတ်လိုက်သောအခါ အလိုလို က်ဆုတ်သွားကြလေသည်။

သို့သော် ဆိုင်ကယ် စသည် တစ်ခုခု င်းလာလျှင်မူ ဦးထုပ်ဆောင်းထား ာ်လည်း အရေးမစိုက်ကြချေ။

ညီပို့ဆောင်ပေးသူ အကယ်ဒမီ တ်ပုံတိုက်မှ ကိုပီတာသည် နေပူ ်ကြောင့် ကတ်ဦးထုပ်ကလေး ောင်းလေ့ရှိသည်။ ကျောင်းတွင်း က်ရှိ၍ စကားပြောဆိုနေစဉ် ီတာက အပေါ့အပါးသွားရန် ောင်းထောင့် သစ်ပင်ရိပ်သို့ ဆင်း ားသည်။

ဆူဆူညံညံ အသံများနှင့်အတူ ီတာတစ်ယောက် ကျောင်းပေါ် ်တက်လာသည်။ ထိုအခါတွင်မှ ဆန်းသော ဤခွေးအကြောင်း သိရ ြစ်လေသည်။


## ကျောင်းပေါ်မှ ဆေးရုပ်ပွား

ကျောက်တိုင်ရွာ ပေါ်တော်မူ ောင်းထိုင် ဆရာတော်အား ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com



(ယာ)အဝင် ထိုးစစ်ပုံ (ဝဲ)အထွက် ခံစစ်ပုံ

ကာ ပေါ်တော်မူ ရုပ်ပွားတော်များနှင့် ပတ်သက်၍ သိမီသမျှ မိန့်ကြားချက်များကို နာကြားသည်။

ထို့နောက် ပျံလွန်ပြီးသော ယခင်ဆရာတော် ဦးကုမရလက်ထက် ပြုလုပ်ပူဇော်ခဲ့သည့် **ဆေးရုပ်တော်**ကို ဖူးမြော်ခွင့်ပေးသည်။

**အစွမ်းထက် ဆေးမြစ်များဖြင့် ပြုလုပ်ထားသော ဆေးရုပ်များ၊ သစ်စေးသရိုးမဲ့ လက်ရာဖြစ်သည်။ ဆေးအင်းမန္တန် စီရင်ထားသော သာမန် ရောဂါဝေဒနာများ အပြင် ဝိဇ္ဇာဓရဆိုင်ရာ ဝေဒနာများကို လည်း ကုသ ကယ်မပေးနိုင်သည်။**


**အမှုတဘောင်ကိစ္စ၊ အငြိုးအဆိုင် ယှဉ်ပြိုင်ရသောကိစ္စများတွင် ပလ္လင်အောက်မှ လက်သည်းခွံဖြင့် အနည်းငယ် မွဲယူဆောင်သွားပါလျှင် အနိုင်ရစေသည်၊ ကုန်အရောင်းအဝယ် မြတ်စွန်းစေသည်ဟု** သိရသည်။

ဆေးဘုရားအနီးတွင် **ဆင်မာန် စွယ်ကို ထုလုပ်ထားသည့် ဆင်ရုပ် တစ်ခု** တွေ့ရသည်။ ရှေ့ခြေနှစ်ချောင်း မတ်မတ်ရပ်၍ နောက်ခြေများဖြင့် အား ပြုကာ ဦးကင်းတည်မာန်ဖီနေသော ပုံဟန်ဖြစ်သည်။ နှာမောင်းနေရာတွင် ကျိုးပျက်နေသည်ကို တွေ့ရသည်။

ဤဆင်ရုပ်ဖြင့် ကုသရန် ခက်ခဲ သော ရောဂါကြီးများကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်ဟု သိရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီး နောက် ဆက်ခံမည့် သိနားလည်သူ မရှိတော့သဖြင့် ဤအတိုင်းသာ ပူဇော် ထားရသည်။

ဆရာတော် ဖတ်ရှုခဲ့သော ဆေး ကျမ်းအချို့နှင့် မှတ်တမ်းများ ကျန်ရ သည်ဟု သိရသဖြင့် လေ့လာကြည့် တိုင်းရင်းဆေးဝါး မှတ်စုများ၊ ၁၉ ပြည့်နှစ်ကျော်က ပုံနှိပ်ထုတ်ဝေသော ဆေးကျမ်းအချို့နှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း စသည့် အပိုင်း အစများတို့ကို တွေ့ရသည်။ စ တကျ စုစည်း ထိန်းသိမ်းနိုင်လျှင် အဖိုးတန်ပညာရပ်များ တည်တံ့အ

မြင်သောရန် မတိုက်နိုင်စေရန်



အတွင်းရန် ကွယ်ပျောက်စေရန်




www.burmeseclassic.com

www.burmeseclassic.com



◆ မကောင်းသော နက္ခတ်ဂြိုဟ်ဆိုး အာနိသင် ကွယ်ပျောက်စေရန်



◆ ပေါ်တော်မူကျောင်း

◆ ပေါ်တော်မူကျောင်း ဆရာတော် ဦးဝိသုဒ္ဓ



ရှိပေမည်။

ဘေးဆီးရန်ကာ

အစီအရင် ရုပ်တု

ဆရာတော်က ဗီရိုတွင်းမှ အထုပ်ကလေးတစ်ခု ယူထုတ်ကာ ဖြေပြသောအခါ **ထိုးကွင်း မင်ကြောင် အထင်းသား၊ ခါးတောင်းမြှောင်အောင် ကျိုက်ထားသော သျှောင်ကြီးဖွေ ရှေးမြန်မာကြီးများ ကြေးရုပ်ဖြစ်သည်ကို တွေ့ရသည်။**

အမြင့်တစ်မိုက်ခန့် ရှိသည်။ ဝဲခြေရှေ့ ထုတ်၍ ဝဲလက်ကာမ်းကာ ဓားကွက်နှင်း စိန်ပေါ်နေပာန်ဖြစ်သည်။ ယာလက်ကို ဆုပ်ထားရာ တစ်ပုံ(ယာ)မှာ ရင်ပေါင် တန်းခြေကာ်၍ အားအောင်အပြည့်ထီးကာထားပုံ ဖြစ်၍ ကျန်ပုံ(ဝဲ)မှာ လက်သီးကို ခါးပေါ်တင်လျက် ရေအိုးမိုက် သက်သောင့် သက်သာ အနေအထားရှိသည်။ ယာပုံ သည် တိုက်စစ်(အဝင်)ပုံဖြစ်၍ ဝဲဘက်မှာ ခံစစ်(အထွက်)ပုံဖြစ်သည်။

**တိုက်စစ်(အဝင်)ပုံတွင်** ရှေ့ထွက်နေသော ဝဲခြေဒူးကွေး၍ အခိုင်အမာ ရှိသည်။ ယာဒူးကိုလည်း ကွေး၍ ရှေ့လှမ်းတက်ရန်အားယူထားသည်။ ကမ်းထားသော ဝဲလက်ဖြင့် ရန်သူကို ဆွဲကိုင်ကာ ယာခြေရှေ့တက်၍ ရင်ပေါင်တန်းထားသော ယာလက်သီးဖြင့် တိုက်ခိုက်ရန်ဖြစ်သည်။

မိမိမှ စတင် ထိုးဖောက်ရမည့် ကိစ္စရပ်များတွင် ဤရုပ်တုကို အသုံးပြုရသည်။ ရန်သူအား အလစ်အငိုက် တိုက်ခိုက်ခြင်း၊ သီးခြား ထောင်လွှားပုန်ကန်သော လက်အောက်မြို့ရွာသားများအား ဆုံးမနှိမ်နင်းခြင်း၊ ဈေးကွက်သစ်ချဲ့ထွင်ခြင်း၊ စီးပွားရေးလုပ်ငန်းသစ် စတင် ထူထောင်လုပ်ကိုင်ခြင်း၊ ကိုယ်ခံပညာသင်ယူခြင်း၊ ခရီးလမ်းသွားလာခြင်း၊ တီထွင်ဖန်တီးခြင်း စသော အမှုကိစ္စများအတွက် ဂါထာမန္တန်စုတ်ကာ အောင်မြင်ရေး ဦးတည်လျက် **ထွက်လေ(ထွက်သက်)ဖြင့် အဆောင်ပြုရသည်။**

**ခံစစ်(အထွက်)ပုံမှာ** နောက်ခြေကို အားပြုကာ ရှေ့ခြေဒူးကွေးလျက် ကြွသာဆုတ်သာ အခြေအနေရှိသည်။ လက်သီးကို ခါးစောင်းတင်ကာ အရှုံသဘောထားသည်။ ခြေခြေကျော်၍ ခတ်မည့်အနေအထား ဖြစ်သည်။

www.burmeseclassic.com

ခြေတံသည် လက်တံထက် အလျားရှည်သဖြင့် ပိုမို ထိရောက်စေသည်။ မျက်နှာပုံစံအရ မေးရိုးခိုင်ခံ့ကာ ထိုးဖောက်ခြင်းထက် ကြံ့ကြံ့ခံ တွန်းလှန်မည့် စိတ်ဖွဲ့ကို ဖော်ပြနေသည်။

ဤရုပ်ပုံကို မိမိမှ စောင့်ဆိုင်းသင့်သော၊ တည်မြဲတောင့်တင်းစွာ ကာကွယ်ထားသင့်သော ကိစ္စများအတွက် အသုံးပြုသည်။

ဝိဇ္ဇာရေးဆိုင်ရာကိစ္စများ၊ မြို့ရွာတည်တံ့စည်ပင်စေခြင်း၊ ရာထူးစည်းစိမ် တည်မြဲခြင်း၊ ရောဂါဘယကင်းကွာစေခြင်း၊ ဆုံးရှုံးပျက်စီးမှုများ အရင်းအစားပြန်ရခြင်း၊ မူလအခြေအနေဇာတိမြေသို့ပြန်ခြင်း၊ နေအိမ်ဂေဟာမိသားစုနှင့် တွေ့ဆုံခြင်း၊ ကျူးကျော်လာသူများအား ကာကွယ်ခြင်း၊ အသက်ရှည်အနာမဲ့ခြင်း၊ နေအိမ်မြို့ရွာနိုင်ငံ လုံခြုံစေခြင်း စသည့်ကိစ္စများအတွက် အစီအရင်ပြုသောပုံ ဖြစ်သည်။

**ဤရုပ်တုနှစ်ခုအား ရှေ့နောက်စီတန်း၍ အဝင် တံခါးအပြင်ဘက်သို့ လှည့်ထားပါလျှင်** နေအိမ်(မြို့ရွာ၊ကျောင်း) ပြင်ပမှ အနှောင့်အယှက် အန္တရာယ်များ ကွယ်ပျောက်စေသည်။

**တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ယှဉ်ထားပါက** အတွင်းရန် အနှောင့်အယှက်များ ပျောက်ကွယ်စေသည်။ ဘေးတိုက်ယှဉ်လျက် ရင်ပေါင်တန်းထားပါက စီးပွားဥစ္စာတိုးပွားစေလေသည်။

**အထွက်ရုပ်တစ်ခုတည်းကို အ[…] တွင်းလှည့်ထားပါက** မကောင်းသော[…] နက္ခတ်ဂြိုဟ်အစီးအနင်းမှ လွတ်ကင်[…] စေပါသည်။

တိမ်မြုပ်နေသော မြန်မာ့အစီအရ[…] ပညာများ ပေါ်ထွန်းပါစေဟု ဆန္ဒ[…] လျက်…

*(ပေါ်တော်မူကျောင်း ဆရာတော်[…] အရှင်ဝါယမအား ရှိသေစွာ ကန်တော့[…] လျက် ကူညီပေးကြသော ကျောက်ထု[…] ရွာသား အဘတို့အား ကျေးဇူးတ[…] တင်ရှိပါသည်။)*

**ခွန်စိုင်းဝမ်း**

စာမျက်နှာ (၁၂၅)မှ အဆက်

ဣဒ္ဓိယာ သေဝနာ ဗုဒ္ဓေါ
ဣဒ္ဓိယာ ပန တေ နမော။

အနက်

**ဗုဒ္ဓေါ**၊ ဘုရားရှင်တို့သည်။ **ဣဒ္ဓိပညာဝါစာ**၊ တန်ခိုးပညာစကားရှိကုန်၏။ **ဣတိပိ**၊ ဤသို့ တန်ခိုးရှိခြင်းကြောင့်လည်း။ **သော**၊ ထို မြတ်စွာဘုရားသည်။ **တိလောဝါ**၊ နှမ်းလုံးစေ့ခန့်ငယ်အောင် ဖန်ဆင်းနိုင်၏။ **တေ**၊ အရှင်ဘုရားအား။ **ဣဒ္ဓိယောပသညီတော**၊ တန်ခိုးနှင့် စပ်တော်မူ၏။ **ဣဒ္ဓိ**၊ တန်ခိုးသည်။ **လောကေသု**၊ လောကတို့၌။ **ပူဇိတော**၊ ပူဇော်ထိုက်၏။

**တထာဂတော**၊ မြတ်စွာဘုရားသည်။ **ဣဒ္ဓိယာ**၊ တန်ခိုးဖြင့်။ **ဣဒ္ဓိသမ္ပန္နော**၊ တန်ခိုးနှင့်ပြည့်စုံ၏။ **ဣဒ္ဓိဝဂ္ဂေ**၊ တန်ခိုးရှိ၏။ **ဗုဒ္ဓေါ**၊ မြတ်စွာဘုရားသည်။ **ဣဒ္ဓိယာ**၊ တန်ခိုးဖြင့်။ **သေဝနာ**၊ မှီဝဲလေ့ရှိ၏။ **တေ**၊ အရှင်ဘုရားအား။ **ဣဒ္ဓိယာပန**၊ တန်ခိုးဖြင့်ကား။ **နမော**၊ ရှိခိုးပါ၏။ **တစ်နည်း ဣဒ္ဓိယာ**၊ တန်ခိုးရှိသော။ **တေ**၊ အရှင်ဘုရားအား။ **နမော**၊ ရှိခိုးပါ၏။

*(ဣ-ရှစ်ချက်အစ ဂါထာတော်ဟုလည်း ခေါ်ကြပါသေးသည်။ တချို့[…] ဣဒ္ဓိရှစ်ချက်ဂါထာဟုလည်း ဆိုကြ[…] သည်။ စာရေးသူ)*

ကောင်းစွာ အသက်မွေးခြင်း[…] လာဘ်ကြီးတွေဝင်ပြီး စီးပွားဥစ္စာ[…] ရတနာများစွာနှင့် လောကီချမ်းသာ[…] ရကြပြီး၊ ဘာသာ သာသနာတော်[…] အတွက် ထမ်းရွက်နိုင်ကြပါစေ[…] ဆန္ဒပြုလိုက်ရပါတော့သည်။

**အောင် (သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

စာရှုသူ သူတော်သီနှင့် ဝါသနာရှင်များသို့ . . .

**ဤ မဇပုံ (၂)ခုတွင် စမအကွရာများနှင့် ရေးဆွဲနည်းများ မပါရှိပါ၍ တတ်သိကျွမ်းကျင်သူပညာရှင်များမှ စမအကွရာနှင့် ရေးဆွဲနည်းများကို စနစ်တကျ ဖော်ပြရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိ[…]**
**စာတည်းမှူး[…]**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

အဘယ လာဘ

# သိဒ္ဓိအောင်

ဒီစမကိုဆောင်

ဩကာင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

ရှေးနှစ်ပေါင်းများစွာက မဟာဂန္ဓာရီလမ်းဖြင့် ခရီးပေါက်သွားကြသော ဆရာသခင်ကြီးများသည် သီလစောင့်ထိန်းခြင်းနှင့် မေတ္တာပွားနိုင်သောသူများအတွက် ထားရစ်ခဲ့သော ပညာရပ်များစွာပင် ရှိခဲ့ပါသည်။


စာရေးသူတို့၏ အဘိုးအဘွားများကပင် အရပ်စကား ပြောခဲ့သော စကားများအရဆိုလျှင် **"ဆေးကောင်းရင် တစ်စက်၊ အင်းကောင်တော့ တစ်ကွက်"**ဟု ဆိုစမှတ် ပြုခဲ့ကြပါသည်။ တကယ်ဟုတ်၍ အမှန်ပြောခဲ့ကြခြင်း ဖြစ်ပါသည်။

စာရေးသူ လက်လှမ်းမီသမျှအရ ရေးသားတင်ပြပါမည်။ ဝိဇ္ဇာဓရ ဂမ္ဘီရ ပညာရှင် ဆရာသခင်ကြီးများသည် **မိမိတို့၏ အာရုံ မနောပေါက်သည့်အတိုင်း စီမံထားခဲ့ကြသောကြောင့်** အင်းတွင် လည်းကောင်း၊ အိုင်တွင် လည်းကောင်း၊ စမများတွင် လည်းကောင်း မှုကွဲများစွာ တွေ့နေရပြန်ပါသည်။

**ယခု စာရေးသူ တင်ပြမည်ဖြစ်သည့် စမတို့သည် ရှင်စမများ ဖြစ်ပါသည်။ စမပုံတော်များသည် ရှင်သီဝလိပုံတော်စမနှင့် ရှင်ဥပဂုတ္တ စမပုံတော်ပင် ဖြစ်ပါသည်။**

ထိုရုပ်စမများဖြစ်သော **ရှင်သီဝလိစမပုံတော်နှင့် ရှင်ဥပဂုတ္တစမပုံတော်**တို့ကို အောက်တွင် ဖော်ပြထားပါသည်။ ထို ပုံတော်(၂)ခုကို **ပုံတွင်ရေးကူးခြင်း၊ ပုံတူရေးဆွဲခြင်း** ပြုလုပ်၍ မိမိနှင့်မကွာဘဲ သွားလေ လာလေရာတွင် အမြဲဆောင်သင့်သော **စမတော်များ** ဖြစ်ပါသည်။

* * *




ရှင်သီဝလိ စမ




ရှင်ဥပဂုတ္တ စမ

ရှင်သီဝလိစမတော်နှင့် ရှင်ဥပဂုတ္တစမတော်များကိုတွဲပြီး ဆောင်ထားသောသူသည် ဘေးရန်အပေါင်းကို ကာကွယ်မည်။ တစ်စုံတစ်ရာအန္တရာယ်တို့မှ ကင်းလွတ်မည်။ မလွှဲမရှောင်သာ ဆင်းရဲနှင့် ကြုံကြိုက်ပါကလည်း တစ်ခဏနှင့်ပင် လွတ်မြောက်မည် ဖြစ်ပါသည်။

အရပ်လေးမျက်နှာမှ လူအပေါင်း၏ ချစ်ခင်လေးစားခံရခြင်း၊ လာဘ်လာဘကောင်းလာခြင်းတို့ဖြင့် ကြုံတွေ့ရမည် ဖြစ်ပါသည်။ အထူးဆင်ခြင်ရန် အကြောင်း ရှိပါသည်။

ထိုစမတော်(၂)ခုကို ကိုယ်နှင့်မကွာ ဆောင်ထားသူသည် အရက်သေစာ သောက်စားခြင်း လုံးဝ မပြုလုပ်ရပါ။ အကယ်၍ ပြုလုပ်လျှင် မိမိအမှန် ရရှိခံစားရမည်ဖြစ်သော အကျိုးအာနိသင်များ ဆိတ်သုဉ်းသွားမည် ဖြစ်ကြောင်းလည်း အသိပေးအပ်ပါသည်။

ရှင်သီဝလိစမနှင့် ရှင်ဥပဂုတ္တစမကို ဆောင်သောသူသည် နေ့စဉ်နံနက်တိုင်း(နေတက်ချိန်)တွင် အောက်၌ ဖော်ပြထားသော ဂါထာတော်ကို ကိုးခေါက် အမြဲရွတ်ဖတ်ရမည် ဖြစ်ပါတော့သည်။ ထိုဂါထာတော်ကို ရွတ်ဖတ်ခြင်းဖြင့်လည်း ဂုဏ်ကျက်သရေ တိုးပွားစေပါသည်။

## ရွတ်ဆိုရန် ဂါထာတော်

ဣဒ္ဓိ ပညာ ဇိတာ ဗုဒ္ဓါ
ဣတိပိ သော တိလောကဂ္ဂါ။
ဣဒ္ဓိယော တေ ပသည္ဒိတော၊
ဣဒ္ဓိ လောကေသု ပူဇိတော။
ဣဒ္ဓိယာ ဣဒ္ဓိမန္တော၊
ဣဒ္ဓိဝန္တော တထာဂတော။

 စာမျက်နှာ (၁၂၄) သို့

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ နှိုဝင်ဘာလ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | အရသာ | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | ဆီးအိမ် | အပြာ | ၁ | အငန် | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား | အစာအိမ် | အညို | ၈ | အချို | ကောက်ညှင်း | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| ကျား | အစာအိမ် | အညို | ၈ | အချို | ကောက်ညှင်း | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | အသည်း | အစိမ်းနု | ၃ | အချဉ် | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး | သည်းခြေ | အစိမ်းရင့် | ၄ | အချဉ် | ဂျုံ | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြွေ | သည်းခြေ | အစိမ်းရင့် | ၄ | အချဉ် | ဂျုံ | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | နှလုံး | အနီ | ၉ | အခါး | ပြောင်း | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် | သရက်ရွက် | မြေဖြူ | ၂ | အချို | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ |
| မျောက် | သရက်ရွက် | မြေဖြူ | ၂ | အချို | ကောက်ညှင်း | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | အဆုတ် | ရွှေဝါ | ၇ | အစပ် | ဆန် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး | အဆုတ် | အဖြူ | ၆ | အစပ် | ဆန် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဝက် | အဆုတ် | အဖြူ | ၆ | အစပ် | ဆန် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

* * *

နှိုဝင်ဘာလတွင် **မြင်းနှစ်ဖွား၊ ဆိတ်နှစ်ဖွား၊ ခွေးနှစ်ဖွားတို့မှာ** ကျန်းမာရေး ချို့ယွင်းတတ်ပါသည်။ ဤလအတွက် အကြံပေးချက်များကို ဆိတ်နှစ်ဖွားတို့အား စံပြု၍ ရှင်းပြပါမည်။

**ဆိတ်နှစ်ဖွားတို့သည်** သရက်ရွက်နှင့်ပတ်သက်သော ရောဂါဝေဒနာများ ဂရုစိုက်ကာကွယ်ပါ။ (၂)ဂဏန်း၊ မြေဖြူရောင်၊ အနောက်တောင်ထောင့်အရပ်တို့က ကံလာဘ်ပွင့်လင်းစေလိမ့်သည်။

ချိုသောအရသာ၊ ကောက်ညှင်းဖြင့် ပြုလုပ်ထားသည့် စားဖွယ်များက ကျန်းမာရေးကို အထောက်အကူ ပေးနိုင်ပါလိမ့်မည်။



ဆိတ်နှစ်ဖွား၊ ဝက်နှစ်ဖွား၊ ယုန်နှစ်ဖွားတို့မှ မိတ်ဖက်များ ဖြစ်ကြ၍ အကြောင်းကိစ္စ တစ်စုံတစ်ခုပေါ်ပေါက်ပါက စနေသားသမီးက ကူညီပေးနိုင်လိမ့်မည်။ တနင်္လာနေ့ နေ့ကောင်းနေ့မြတ်ဖြစ်ပါသည်။

ကျန်နှစ်များလည်း ဤပုံစံအတိုင်း ကောက်ချက်ချနိုင်ကြပါသည်။

**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၈၁၃ Y ၁၁၀၆၇၂) (တာသ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံး၀ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံး၀ပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျိုးဂျိုး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံး၀ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီးရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေကတစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုးခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့်မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၆၇၃ ၂၂၂၃၁။




www.burmeseclassic.com


www.burmeseclassic.com

စံလွင်နှင်းသာ

ပျော်ဘွယ်မြို့မှ ပန်းစုံကျောင်းတိုက်နှင့်

# ရွှေစေတီကုန်းတော်သို့ (၂)





◆ မာန်ပြေရုန်ပြေစေတီ

◆ ပတ္တပါဏွာမုဉ်ဗြာမတ်ရပ်တော်

**ယခင်လမှ အဆက်**

'ဒကာ ဘယ်မှာနေတာလဲ'

'ရှမ်းပြည်နယ်မှာ နေပါတယ်။ သထုံမြို့ဇာတိပါ။ အဝေးပြေးကားမောင်းပါတယ်'


'အခု ကားမပါလာဘူးလား'

'ပါ,ပါတယ် ...မှာ ရပ်ထားပြီး ခြေကျင် လျှောက်လာတာပါဘုရား'

သူ့ကား ရပ်ထားရာနေရာမှာ လေးမိုင်မျှ ကွာဝေးနေရာ အတွေးရခက်နေစဉ် နှုတ်ဆက်၍ ပြန်သွားသည်။

စာအုပ်ကို လှန်ကြည့်ရာ ရွှေစေတီတည်ရာ ကုန်းတော်သည် မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ထီပါးလာသော ဂျွမ်းလူမျိုးတို့၏ရန်ကို ကာကွယ်ရန် ပုဂံဘုရင်အနော်ရထာမင်း စစ်သည်များ စေလွှတ်ကူညီပြီးနောက် အင်အားနည်းပါးနေသော သထုံပြည်တွင်နောင် အန္တရာယ်ကျရောက်မည်ကို တွေးဆလျက် မနူဟာမင်းနှင့် မိဖုရားနင်္ဂလာဒေဝီတို့အား ပုဂံသို့ ဖိတ်ခေါ်ခဲ့သည်။

www.burmeseclassic.com





▲ နဂါးရုံရုပ်ပွားတော်

◀ မာန်ပြေရှုန်ပြေ ရုပ်ပွားတော်

ဝပ်ရာ အနီးတစ်ဝိုက် ရပ်ကွက်ကို မြင်းဘက် ရပ်ဟု ခေါ်တွင်၍ "ဆင်ဘက်"အရပ်ဟူ၍ကား မရှိခဲ့ဟု ဆိုကြသည်။)

ပုဂံတွင် ခိုလှုံရန် ကြွလာသည့် မနူဟာမင်းသည် ဓာတ်တော်မွေတော်များ၊ ပိဋကတ်တော်များ၊ ရုပ်ပွားတော်များ၊ ရဟန်းတော်များနှင့် အတတ်အသိပညာ၊ ဗိသုကာပညာရှင်များကိုပါ ပင့်ဆောင်ခေါ်ယူလာခဲ့ရာ ပျော်ဘွယ်မြို့အရောက်တွင် ဤကုန်းစောင်း၌ ကွန်းခိုနားနေခဲ့ကြသည်။

ထိုသို့ ယာယီစံမြန်းနေစဉ်အတွင်း ကုန်းတော်ထက်၌ စေတီတည်ကာ ဉာဏ်တော်တစ်မိုက်ခန့်ရှိသော ရွှေသားစစ်ရုပ်ပွားတော်တစ်ဆူနှင့် ရွှေမောင်းငွေမောင်းများကို ဌာပနာပြုပူဇော်ခဲ့သည်။

ကုန်းတော်၏ အရှေ့တောင်ထောင့် ခြေရင်း၌ မနူဟာမင်း၏ ဆင်များ စခန်းချခဲ့သည်။ (ယခုဓာတ်ပေါင်းစု စေတီအနီး၌ ဖြစ်သည်။) ထိုမှ အရှေ့ဘက် မနီးမဝေးတွင် မြင်းတပ်စခန်းဖြစ်သည်။ **(ယခုအခါ ရွှေစေတီ ကိန်း**

မနူဟာမင်းသည် ခင်ပွန်း၏ ကျေးဇူးတရား သိနားလည်သည့်အနေဖြင့် ရွှေစေတီဒါယကာအဖြစ် အနော်ရထာမင်းကိုသာ သတ်မှတ် ရေစက်ချခဲ့သည် ဆိုလေသည်။ ဆရာတော်က ဤသို့ မိန့်ကြား၏။

'ကျုပ်လဲ ဒါကို ဖတ်ရတော့ ရာဇဝင်မှာ ရေးတာတွေနဲ့ ကွဲလွဲနေတယ်။ အဲဒီတုန်းက ဆရာတော်ဦးဇဋိလကို ပြောပြပြီး စာအုပ်ကို အပ်လိုက်တယ်။ ဆရာတော်က တခြား ဆရာတော်ကြီးတွေ သုတေသီတွေနဲ့ တိုင်ပင်ဦးမယ်ဆိုပြီး ဒီအတိုင်းထားလိုက်တယ်။

နောက်နှစ်ရက်လောက် ကြာတော့ စာအုပ်ပိုင်ရှင် ဒကာရောက်လာပြီး စာအုပ်ပြန်တောင်းသွားတယ်။ ကျုပ်လဲ ကူးမထားမိလိုက်ဘူး။ သထုံကို ကြွခဲ့ပါ။ ဦးပဋ္ဌင်း လိုချင်တာ ရပါစေ့မယ်လို့တော့ ပြောသွားတယ်။ ကျုပ်လဲ ကျောင်းတာဝန်၊ သံဃာ့တာဝန်တွေ... မအားလို့ မကြွဖြစ်ပါဘူး'

ဆရာတော်သည် ကမ္မဋ္ဌာန်း အား... ထုတ်ပွားများမှု အားကောင်းလှသ... ရွှေစေတီဌာပနာတိုက်တွင်းရှိ ရွှေဆ... တု နှင့် ရွှေမောင်းငွေမောင်းတို့... အာရုံတွင် မြင်တွေ့ရသည်ဟု မိန့်တော်... မူသည်။

ပျံလွန်သွားပြီဖြစ်သော တော... ရဟန်းကြီးဦးကုန္ဒကသည်လည်း ရွှေ... စေတီတွင် အားထုတ်စဉ်က ဤသို့... အာရုံတွင် မြင်တွေ့ရကြောင်း လွန်... သည့် ဆယ်နှစ်ခန့်က တွေ့ဆုံစဉ် မိ... ကြားခဲ့ဖူးလေသည်။ ဆရာတော်... ဦးအာသဘက...

'မြန်မာရာဇဝင်တွေကလဲ ဘုရင်ခေတ်... မင်းမိန့်နဲ့ ပြုစုကြရတာဆိုတော့ မင်းလိုလို... မင်းကြိုက်ဆောင်ပြီး ရေးရတာလဲ ရှိ... တယ်။ ဒါကြောင့် ဘယ်ဟာက မှန်... မှားတယ်လို့ ပြောရခက်ပါတယ်။ သုတေ... တွေအတွက် အကျိုးထူးနိုင်ပါတယ်... ကြီး'

ဟု မှတ်ချက်ပေးတော်မူသည်။ ... ယင်းနောက် ဆရာတော်အား ...





www.burmeseclassic.com

www.burmeseclassic.com



▲ ကုန်သည်ညီနောင်အား ဆံတော်ရှင်မြင်ပုံ



ဓာတ်ပေါင်းစုစေတီ ▶

သိလိုရာကိစ္စအတွက် မေးလျှောက်သည်။

တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာအနီးရှိ ဂျိုးဖြူသာသနာမြေမှ သာသနာအဖေကြီး ဦးအေးဖေခေါ် ဆရာတော်ဦးအဂ္ဂသာရ စွန့်လှူခဲ့သည့်ဓာတ်သား သန်လျက်ငယ်ကလေးအကြောင်း ဖြစ်သည်။ ဆရာတော်က သန်လျက်ငယ်ကို လက်တွင်းဆုပ်၍ ဘုရားရှိခိုး ဦးချကာ အာရုံယူသည်။ ခဏအကြာတွင် ပြန်ကြွလာကာ…

'အဘကြီးက ခရီးသွားလာနေရတော့ အနှောင့်အယှက်တွေ ကင်းစင်အောင်၊ အဆင်ပြေချောမွေ့အောင် ဆိုပြီး စွန့်ပေးတာပါ'

ဟု မိန့်တော်မူလေသည်။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ပျော်ဘွယ်မြို့ ပန်းစုံကျောင်း၏ လက်ရှိ(စတုတ္ထ) ဆရာတော် ဦးအာသဘ လောင်းလျာ မောင်အုန်းမောင်ကို ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့တွင် ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးအုပ်စု၊ သစ်ဆိမ့်ပင်ရွာနေ ဦးထွန်းကြည်၊ ဒေါ်ပိုင်းရှင်တို့မှ ဖွားမြင်ခဲ့သည်။

မွေးချင်း(၆)ဦးအနက် စတုတ္ထ ဖြစ်သည်။ ၁၃၄၂ ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့တွင် ပန်းစုံကျောင်း တတိယဆရာတော်ဦးကုဏ္ဍကအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိ၏။ ဘွဲ့မည် ဦးအာသဘတွင်၏။

ရဟန်းဖြစ်ပြီးနောက် ပဲခူး၊ ရန်ကုန်စသည့် မြို့များတွင် စာဝါသင်ယူကာ ၁၃၄၈ ခုနှစ်တွင် ပန်းစုံကျောင်း စတုတ္ထဆရာတော်အဖြစ် တာဝန်ယူတော်မူသည်။

ဆရာတော်သည် ရွှေစေတီကုန်းတော်ရှိ စေတီပုထိုး သာသနိကအဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်း၊ ဇာတိသစ်ဆိမ့်ရွာတွင် ကျောင်းကန် ဘုရားတည်ခြင်း၊ လမ်းပြင်တံတားခင်းခြင်း စသည်တို့အပြင် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာပြန့်ပွားစေရေးအတွက် ရည်ရွယ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ **"ဝိနယာဝိက"** စာမေးပွဲကြီးကို ဦးစီး ကျင်းပပေးခဲ့သည်။

ယခုအခါ ပျော်ဘွယ်မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် သံဃာ့တာဝန် ထမ်းဆောင်ကာ သာသနာပြုတော်မူလျက်ရှိသည်။

## ရွှေစေတီကုန်းတော်

ထို့နောက်တွင် ဆရာတော်အား နှုတ်ဆက်ကန်တော့၍ ပန်းစုံကျောင်းမှ ဆင်းသက်ကာ ရွှေစေတီကုန်းတော်သို့ သွားရောက် ဖူးမြော်သည်။ ကျောင်းသို့ အဝင်လမ်း၏ လက်ယာဘက် ကုန်းမြင့်ထက် မြောက်ဘက်အစွန်၌ ကိန်းဝပ်တော်မူသည်။


လေးထောင့်ပစ္စယံ သုံးဆင့်အထက် ထည်ဝါသော ခေါင်းလောင်းမှောက်စေတီပေါက်ထားသည်။

အရှေ့ဘက် အာရုံခံတန်ဆောင်း တစ်ဆောင်နှင့် တန်ဆောင်းတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်သုံးဆူ စံပယ်

www.burmeseclassic.com

www.burmeseclassic.com





◆ သုမေဓာရသေ့ ဗျာဒိတ်ခံယူဟန်

◆ သုဇာတာသတို့သမီး ဃနာနို့ဆွမ်းကပ်လှူဟန်

တော်မူသည်ကို ဖူးတွေ့ရသည်။

တောင်ဘက်ကပ်လျက် ဉာဏ်တော် အနည်းငယ်နိမ့်သည့် မာန်ပြေရန်ပြေစေတီ၌ကား အရှေ့လှည့်လိုဏ်ဂူရှည်တစ်ခုပါရှိ၍ အတွင်း၌ မင်းဝတ်ဘုရားတစ်ဆူ ပူဇော်ထားသည်။ ကမ္မဋ္ဌာန်းအားထုတ်နိုင်ရန် ရည်ရွယ်သည်ဟု ယူဆရသည်။

ထိုစေတီအနီး ကျောင်းဝင်း အဝင်လမ်းနံဘေး၌ လှေကားတပ်ဆင်ထားသည့် ဘုံဆောင်မြင့်ရှိ၍ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ ကြွဆင်းတော်မူဟန် သွန်းလုပ်ထားသည်။ ထီးကိုင်၊ ယပ်ကိုင်နတ်သား ရုပ်များခြံရံထားလေသည်။

ကုန်းတော် အရှေ့ဘက်ကပ်လျက်တွင် ရွှေစေတီရေကန် ရှိသည်။ စေတီတည်စဉ် အုတ်ဖုတ်ရန် မြေတူးခဲ့ဟန်တူ၏။ ကန်အလယ်တွင် ရှင်ဉပဂုတ္တ ကျောင်းဆောင်ရှိ၍ အတွင်း၌ ရှင်ဉပဂုတ္တဆွမ်းဘုန်းပေးဟန် **ဘတ္တဟတ္ထ မုဒြာပုံတော်**ကို ဖူးမြင်ရသည်။

လမ်းတစ်ဖက်တွင် ခတ်ပေါင်းစုံစေတီတော်နှင့် ရုပ်တုရုပ်ပွားများ စံပယ်တော်မူကြသည်။

အရှေ့ဘက်အစွန်တွင် နဂါးရုံရုပ်ပွားတော်၊ မတ်ရပ်တော်များ ဖူးမြင်ရကာ စေတီအနီးတွင် ဘုရားရှင်အား ပထမဦးဆုံး ဆွမ်းကပ်လှူခွင့်ရသော မြန်မာနိုင်ငံသားနှစ်ဦးနှင့် ဆံတော်ချီးမြှင့်တော်မူသော မြတ်စွာဘုရားရှင် ရုပ်ပွားတော်တို့ကို ဖူးမြော်ရသည်။

သဗ္ဗညု မြတ်စွာဘုရားရှင်သည် ဗောဓိပင်ရင်း သတ္တဋ္ဌာန၌ (၇)ရက်စီ အလှည့်ကျ စံတော်မူပြီးနောက် (၄၉) ရက်ပြည့်၍ နောက်တစ်နေ့၌ လင်းလွန်ပင်ရင်းတွင် သီတင်းသုံးတော်မူသည်။

ထိုအခါ ဉက္ကလာပတိုင်း ပေါက္ခရဝတီမြို့မှ တပုဿနှဲ့ ဘလ္လိကကုန်သည်ညီနောင်သည် မဇ္ဈိမဒေသသို့ ကုန်သွယ်လာကြရာ မဟာဗောဓိပင်ရင်းသို့ ရောက်လျှင် အတိတ်ဘဝက ဆွေမျိုးတော်စပ်ခဲ့သည့် ရုက္ခစိုးနတ်က တိုက်တွန်းသဖြင့် မြတ်စွာဘုရားထံ သွား ရောက်ဖူးမြော်သည်။

ဘုရားရှင်အား မုန့်ကြွပ်ကျစ်၊ ပျား မုန့်ဆုပ်တို့ လှူဒါန်းကာ"**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ**"ဟူ ဒွေဝါစိက သရဏဂုံတည်ကြကုန် ထိုစဉ်အခါက သံဃာရတနာ မပေါ် သေးသဖြင့် ဘုရား၊ တရားတည် ဟူသော ရတနာနှစ်ပါးသာ ဆည်းက ကိုးကွယ်ခဲ့သည်။ တပုဿနှဲ့ ဘလ္လိက ညီနောင်မှာ မြတ်စွာဘုရားအား ပထ ဆုံး ဆွမ်းကပ်ခွင့်ရသူ၊ ပထမဦးဆုံ သရဏဂုံ တည်ကြသူများ ဖြစ်ကြေ သည်။


ဘုရားရှင်က ကုန်သည်ညီနော အား ဆံတော်(၈)ဆူချီးမြှင့်တော် သဖြင့် ပင့်ဆောင်လာကြကာ ဉက္ကလာ မင်းကြီးဦးဆောင်၍ ရွှေတိဂုံစေ တော်ကြီး တည်ဆောက်ပူဇော် လေသည်။

ယင်းအနီး၌ သုဇာတာသ ဃနာနို့ဆွမ်းကပ်လှူခန်း၊ ဘု လောင်း သုမေဓာရသေ့ကိုယ် တံတားခင်း၍ ဗျာဒိတ်ခံယူခန်း စသ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တတန်ဆောင်း

ဖြင့် စုံလင်စွာ ဖူးတွေ့ရသည်။

## နှုတ်ဆက်ပူဇော်ခြင်း

ဤသို့လျှင် လောက၏ အပွားအစီးကို ဖြစ်စေသော အတွင်းမိတ်ဂြိုဟ်တွဲဆောင် ''ပန်းစုံ''ကျောင်းနှင့် လောကအပွားအစီးကိုဆောင်သော ခင်ပွန်းဆယ်ပါး ကျေးဇူးတရားကို အလေးအနက်ထားသည့် မန္တလေးမင်း၏ ရွှေစေတီပူဇော်မှု နိဂုံးအဖြစ် ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးတရားကို စာတည်းချုပ်မှတစ်ဆင့် လက်ဆင့်ကမ်း၍ နှုတ်ဆက် ပူဇော်တင်ပြလိုက်ပါသည်။

## ခင်ပွန်းကြီးဆယ်ပါး

၁။ မြတ်စွာဘုရားရှင်အပေါင်း။
၂။ ပစ္စေကဗုဒ္ဓါအရှင်မြတ်အပေါင်း။
၃။ အဂ္ဂသာဝက မဟာသာဝက ရဟန္တာအပေါင်း။
၄။ ပကတိသာဝက ရဟန္တာအပေါင်း။
၅။ ကျေးဇူးကြီးလှသော မိခင်အပေါင်း။
၆။ ကျေးဇူးကြီးလှသော ဖခင်အပေါင်း။
၇။ လိမ္မာစေရန် ဆုံးမတတ်သော ဆရာအပေါင်း။
၈။ သီလ၊ သမာဓိ၊ ပညာ ဆည်းပူးကြသော လူရဟန်းအရိယာအပေါင်း။
၉။ တရားဓမ္မဟောပြ လမ်းညွှန်သော ဆရာအပေါင်း။
၁၀။ ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ်ဖြစ်စေ ပစ္စည်းပေးကမ်းထောက်ပံ့မှုသော ပုဂ္ဂိုလ်အပေါင်း။

ဤခင်ပွန်းကြီး(၁၀)ပါး၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ခြင်း ယင်းတို့အပေါ်၌ ပြစ်မှားမိသော အပြစ်များရှိလျှင် ပျောက်ပါစေကြောင်း ဝန်ချတောင်းပန်ခြင်းဖြင့် ပူဇော်ပါက...

၁။ တစ်နယ်တစ်ကျေးသို့ သွားလျှင် အစားအစာ မရှားပါးခြင်း၊
၂။ ရန်သူမျိုးငါးပါး မနှိပ်စက်ခြင်း၊
၃။ ချစ်ခင်သူပေါ်များခြင်း၊
၄။ မည်သည့် ပရိသတ်အလယ်တွင်မဆို တင့်တယ်ခြင်း၊
၅။ ရောက်လေရာအရပ်၌ လေးစားပူဇော်ခံရခြင်း၊
၆။ ကောင်းသော ဂုဏ်သတင်းကျော်စောခြင်း၊
၇။ အခြံအရံမပြတ်ရှိခြင်း၊
၈။ မွေးမြူသော တိရစ္ဆာန်၊ စိုက်ပျိုးသော သီးနှံဖြစ်ထွန်းခြင်း၊
၉။ ဘေးဒုက္ခ ရောက်သောအခါ အကူအညီ အမိုအကွယ်ရရှိခြင်း၊
၁၀။ သားသမီးစီးပွား ဉစ္စာကောင်းမွန်ဖြစ်ထွန်းခြင်း

စသည့် အကျိုးထူးများ ရရှိခံစားနိုင်ကြကြောင်း ဖော်ပြထားသည်။

ခင်ပွန်းကြီး(၁၀)ပါးအနက် တစ်ပါးပါးကို ကာယကံ၊ ဝစီကံဖြင့် ပြစ်မှားကျူးလွန်မိပါက အောက်ပါ **ဘေးဒဏ်(၁၀)ပါး ထိပါး ကျရောက်တတ်၏။**

၁။ သွေးအန်ရောဂါ အတွင်းဝေဒနာခံစားရခြင်း၊
၂။ စီးပွားအလုပ်အကိုင် ပျက်စီးခြင်း၊
၃။ ခြေလက်အင်္ဂါ ချို့ယွင်းပျက်စီးခြင်း၊
၄။ ကုဋ္ဌနူနာ အပြင်ပန်းရောဂါများခံစားရခြင်း၊
၅။ စိတ်ပျံ့လွင့် ရူးသွပ်ခြင်း၊
၆။ မင်းဒဏ်သင့်ခြင်းခြင်း၊
၇။ မဟုတ်မတရား စွပ်စွဲခံရခြင်း၊
၈။ အားထားလောက်သော ဆွေမျိုးမိတ်သင်္ဂဟပျက်စီးခြင်း၊
၉။ ဆင်းရဲဒုက္ခ အသွယ်သွယ် ကြုံဆုံရခြင်း၊
၁၀။ အိမ်ဂေဟာ ကွန်းခိုရာသို့ မိုးကြိုး၊ လောင်မီးနှင့် ပကတိမီး ထိခိုက်လောင်ကျွမ်းခြင်း စသည်ဒဏ်များအပြင် မင်္ဂလာဒဏ်၊ ဖိုလ်ဒဏ်ကိုလည်း တားနိုင်သည်ဟု ပါရှိသည်။

***[အကျယ်ကို သိလိုပါက မိုးညှင်းသိင်္ဂီကျောင်းတိုက် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)၏ ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခန်း စာအုပ်တွင် လေ့လာနိုင်ကြပါသည်။]***

**စံထွန်းသာ**

www.burmeseclassic.com

# သဘောသီးအတွင်းမှ

## ပေါ်တော်မူ ဘုရားတစ်ဆူနှင့် ထူးခြားဆန်းကြယ် ဖြစ်ရပ်များ

ဆရာတော် ဘဒ္ဒန္တနန္ဒက


သဘောသီးပေါ်တော်မူဘုရား

**၁၃၆၆ခုနှစ်က အဖြစ်အပျက် တစ်ခု ဖြစ်ပါသည်။**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မြောက်ဘက် (၁၀)မိုင်ခန့်အကွာရှိ အောင်မြေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေသော ဆရာတော် ဦးဇောတိကသည် **၁၃၆၆ ခုနှစ်၊ ကဆုန်လ**အတွင်း အဖျားရောဂါ ကပ်ရောက်လာသဖြင့် ဆေးဝါးအမျိုးမျိုးကို သုံးဆောင်သော်လည်း အဖျားရောဂါမှာ ပြတ်သွားခြင်းမရှိဘဲ တစ်နေ့ထက်တစ်နေ့ အခြေအနေ ဆိုးရွားလာခဲ့ရာ မိမိကိုယ်ကို...


'ငါ မုချသေရတော့မည်။ ဤရောဂါမှာ ပျောက်ကင်းနိုင်မည့်အခြေအနေ မရှိတော့ပြီ'

ဟု စိတ်ကို ဆုံးဖြတ်ကာ သေရမည့်နေ့ကို စောင့်မျှော်နေသည်။ ထိုစဉ် တစ်နေ့သော ညဉ့်သန်းခေါင်းကျော် တစ်နာရီအချိန်ခန့်တွင် အိပ်မပျော်ဖြစ်နေ၍ ကျောင်းပြတင်းကို ဖွင့်ကြည့်လိုက်ရာ **ကျောင်းအနောက်တောင်ထောင့် ကွင်းပြင်၌ လူပရိသတ် အမြောက်အမြား ကြိတ်ကြိတ်တိုး ပြည့်နှက်နေသည်ကို လရောင်ဖြင့်ထင်ထင်ရှားရှား မြင်ရလေသည်။ ထိုနည်းတူ သုံးညဉ့်ဆက်တိုက် မြင်ရသောကြောင့် သေရတော့မည့်နိမိတ် ပြလာသည်ဟု ယူဆကာ မိမိကိုယ်ကို အမှန်ပင် သေရတော့မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။**


ဒကာ၊ ဒကာမများက ဆေးထိုးရန် တောင်းပန်လာသော်လည်း လက်မခံဘဲ အတန်တန် ငြင်းဆန်ခဲ့လေသည်။ အကြိမ်ကြိမ် လျှောက်ထားတောင်းပန် လာကြပြန်သဖြင့် အားနာစွာ ဆေးထိုး ခံလိုက်ရာ နှစ်ရက်၊ သုံးရက်အတွင်းမှာ ပင် အဖျားရောဂါ ပျောက်ကင်းသွား တော့သည်။

ထို့နောက် မကြာမီ **၁၃၆၆ခုနှစ်**

www.burmeseclassic.com




သဘော်သီးအတွင်းမှ ရရှိသော ရုပ်ပွားတော်ငယ်




**နယုန်လပြည့်ကျော် (၂)ရက်နေ့တွင်** ကျောင်းဝင်း၌ စိုက်ပျိုးထားသော **သဘော်ပင် (ဗဒကာပင်)မှ သဘော်သီး (ဗဒကာသီး) အမှည့်တစ်လုံးကို ဆွတ်ခူး၍ စားရန်ခွဲစဉ် ကွမ်းသီးလုံး အရွယ်ခန့် မျက်စိ၊ နှာခေါင်း၊ ပါးစပ် အစုံအလင်ဖြင့် လူ ဦးခေါင်းပုံတစ်ခုကို တွေ့ရှိရလေသည်။**

ယင်းကို ဆေးကြောပြီး သေချာစွာ သိမ်းဆည်းထားရာ မကြာမီပင် ယင်းအပင်မှ သဘော်သီး တစ်လုံးမှည့်ပြန်၍ စားရန် ခွဲစဉ် ယခင်နည်းတူ လူဦးခေါင်းပုံတစ်ခုကို တွေ့ရပြန်သည်။

နောက် များမကြာမီ တတိယ အကြိမ် တစ်လုံးကိုလည်း ထိုနည်းတူ စွာပင် တွေ့ပြန်သည်။ မကြာမီ **စတုတ္ထ မြောက်တစ်လုံး မှည့်ပြန်ရာ** စားရန် ခွဲ၍ အစေ့များကို ဇွန်းဖြင့် ဖယ်ရှား နေစဉ် **သဘော်သီးမှည့်အရောင်ရှိသော ဗုဒ္ဓရုပ်ပွား ဉာဏ်တော် တစ်လက်မခွဲအရွယ် ထိုင်တော်မူ တစ်ဆူကို တွေ့ရှိ ဖူးမြင်ရလေသည်။** ဓာတ်ပုံ(၁)ကိုကြည့်ပါ။ ထိုသတင်းကို ကြားရ၍ ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူ များ လာရောက်ဖူးမြော်ကြသည်မှာ အဝင်မစဲ အထွက်မစဲပင် ဖြစ်နေတော့သည်။

## တိတ်နိမိတ်တစ်မျိုး ထင်လာ

**လွန်ခဲ့သော (၂)နှစ်ခန့်က** သိမ် ကျောင်းဆောက်လုပ်ရန် အစီအစဉ် ပြုလုပ်စဉ်တစ်နေ့သောညဥ့်သန်းခေါင်း ကျော် တစ်နာရီအချိန်ခန့်တွင် လူငါး ယောက် ရောက်လာကာ သိမ်အပြင် ဘက်မှရပ်ပြီး သိမ်ကို လက်ညှိုးညွှန်ပြ လျက် စာရင်းစာအုပ်ကို ဖြန့်ကြည့် နေသည်ကို ထင်ရှားစွာ တွေ့မြင်ရ လေသည်။ အုတ်တိုက်သွပ်မိုး သိမ် ကျောင်းဆောင်မှာ မကြာမီ လွယ်လင့် တကူ ပြီးစီးခဲ့လေသည်။

မှတ်ချက်

**(ရခိုင်သဘော်သီးကို ဗဒကာသီး ဟု ခေါ်သည်။)**

ကြုံတောင့်ကြုံခဲ အလွန်ပင် ထူး ဆန်းအံ့ဩဖွယ်ကောင်းသည်ကို တွေ့ မြင်ရသဖြင့် ဗုဒ္ဓဘာသာဝင် သူတော် စင်များ ဂုဏ်ယူဝင့်ကြွားကာ ကုသိုလ် ပွားနိုင်စေရန် ရည်သန်၍ ဤအဖြစ် ဆန်းကို တင်ပြလိုက်ရပါသည်။

ယင်း သဘော်ပင်၌ နောက် **သဘော်သီးတစ်လုံး ကျန်နေသေး သည်။** ထူးခြားမှုရှိလျှင် နောက်ထပ် တင်ပြပါဦးမည်။ **ဓာတ်ပုံ(၂)ကိုကြည့် ပါ။**

**ဆရာတော် ဘဒ္ဒန္တ နန္ဒက**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၀ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**

**သင်္ဃာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၅၂၂၆၄**




www.burmeseclassic.com

www.burmeseclassic.com

# စံကားသောက်နှင့် ဗုဒ္ဓရုပ်ပွားများ

နိုင်မြင့်သို



စာရေးသူ ဒီဇင်ဘာလထဲ၌ ရုံး ခန်းတစ်ခုဖြင့် ရှမ်းပြည်နယ်မြောက် ပိုင်း သီပေါမြို့နယ်သို့ သွားရောက်ခဲ့ရ ပါသည်။ ရှမ်းချော(အပျိုချော)သီပေါ၊ မြို့ချော သီနွော(သီန္နီ)ဟု စကားအလာ တည်ရှိခဲ့သည့် ဒေသတစ်ခုကို သွားလာနိုင်ရမည့်အပြင် ဘော်ကြိုရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘုရားဖြစ်သော ဘော်ကြိုမုဋ္ဌောစေတီ တော်မြတ်ကြီးကိုလည်း ဖူးတွေ့ရမည် ဖြစ်သည့်အတွက် အလွန်ပင် ဝမ်းသာ ပျော်ရွှင်နေမိပါသည်။

တစ်ရက်တွင် စာရေးသူ၏မိတ်ဆွေ သီပေါမြို့ခံမှ လိုက်ပို့သဖြင့် မန္တလေး– လားရှိုး အမြန်လမ်းမကြီးနံဘေး ဘော်ကြိုရွာအနီးရှိ မုဋ္ဌောစေတီတော် မြတ်ကြီးအား ဖူးမြော်ခွင့်ရခဲ့ပါသည်။

နေ့လယ်(၁)နာရီခန့်တွင် ဘော်ကြို ရွာသို့ရောက်ရှိပြီး ဘုရားကြီးအား ဖူး မြော်ကန်တော့ပြီးနောက် ဘုရားကြီး ဝင်းအတွင်း လှည့်လည်ကြည့်ရှုရာ အနောက်ဘက်မုခ် ရတနာဈာန်အောင် ဘုရား၏ အာရုံခံတန်ဆောင်းအဆင်း၊ ဘက်ဝဲဘက်နံဘေးတွင် ကြီးထွားမြင့် မားစွာ ပေါက်ရောက်နေသော စံကား ပင်ကြီးကို မြင်တွေ့လိုက်ရပါသည်။ စာရေးသူ အလွန်ပင် စိတ်ဝင်စားသွား ပါသည်။

စံကားပင်၌ ကပ်ထားသော သမိုင်း အကျဉ်းကို ဖတ်ပြီးသည့်နောက် ဗုဒ္ဓရုပ် ပွားတော်များ၏ ပုံတော်ထုလုပ်တိုင်း ကြီးမြင့်မွန်မြတ် ရှားပါးလှသော စံကား ပင်၏အသားနှင့်သာ ထုလုပ်ပူဇော်ကြ သည်ကို နှောင်းလူငယ်တို့ သိမှတ်ထား သင့်သဖြင့် ဗဟုသုတရရန် အလို့ငှာ ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါသည်။

အကျော်စမ္ပာနီ(စံကား)၊ အကျော် (သစ်မွှေး)၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသည့် အပင်များမှာ ရှေးမြန်မာမင်း များလက်ထက်ကတည်းက စဉ်ဆက် မပြတ် သုံးစွဲလာကြသည့်အပြင် တန်ဖိုး မှာလည်း အဖိုးအနဂ္ဃထိုက်တန်လှပေ သည်။ နတ်သတ်မှ သေသည့်အပင်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များမှ စောင့်ရှောက်တော်မူသော အပင်ဟု တန်ဖိုးမြင့် အစွဲရှိခဲ့ကြပါသည်။

အအေးပိုကဲ စိုးမိုးသည့် ဆောင်းလ ချမ်းတွေထဲမှ အအေးဆုံးလဖြစ်သော


www.burmeseclassic.com

ပြာသိုလရောက်တိုင်း ဘုရားရှင်အား နံ့သာဖြူ၊ ကရမက်၊ နံ့သာနီ၊ သနပ်ခါး သစ်မွှေးများဖြင့် မီးပုံပူဇော်ပွဲများ ကျင်းပသော ဓလေ့မှာလည်း စာရေးသူတို့ မြန်မာနိုင်ငံတွင် ချစ်စရာယဉ်ကျေးမှု၊ ဘာသာရေးဓလေ့များ ဖြစ်သည်ကို ဂုဏ်ယူစွာ ဝင့်ကြွားနိုင်ပေသည်။ ရှေးမြန်မာ တိုင်းရင်းဆေးဝါးများတွင်လည်း မပါမပြီး တန်ဖိုးရှိသော အပင်များ ဖြစ်ပါသည်။

ရှမ်းဘာသာ၌လည်း ရှမ်းတိုင်းရင်းသားများမှ စံကားနှင့်ပတ်သက်၍ လေးစားတန်ဖိုးထားသည့် သာဓကများရှိပါသည်။ **ဥပမာ။ ။** ကျေးသီးနမ်ဆံနယ်ကို(စံကားနယ်)၊ ယင်းဒေသရှိ ရွာအမည်များမှ စံဖိတ်ကို (စံကားဖြူ)၊ စံလှိုင်ကို (စံကားနီ)၊ စံခမ်းကို(ရွှေစံကား)၊ မန်ဆန်ကို (စံကားရွာ)စသည်ဖြင့် အလေးအနက်ထား သုံးစွဲကြသည်ကို လေ့လာ တွေ့ရှိရပါသည်။

စံကားသားကို ရှေးမြန်မာမင်းများနှင့် ပြည်သူအများ အဘယ်ကြောင့် တန်ဖိုးထားကြောင်းကို လေ့လာကြည့်ရာ မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး စတင်ဝင်ရောက်လာစဉ် (စမ္ပာနဂိုရ် ခေါ် စမ္ပာနဂရ)အရပ်မှ မျိုးပင်(ပျိုးပင်)ပါလာသည့် စမ္ပာ၊ စမ္ပာမှ စက နောက်ပိုင်းတွင် စကား၊ ထိုမှ စကားဖြစ်လာ၍ သာသနာတော်နှင့် ထပ်တူကျနေကြောင်း ကျမ်းဂန်များ၌ ပြဆိုထားပါသည်။

ပုဂံနှင့်တစ်ဝန်း ဗုဒ္ဓဘာသာ သာသနာတော်ကြီး ပြန့်ပွားစဉ်ကာလ ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်ရာ မူလဘူတမှပင် စကားသားဖြစ်နေခြင်း၊ အလွန့်အလွန် ရှားပါးခြင်း၊ တန်ဖိုးဖြတ်မရခြင်းတို့ကြောင့် ရှေးအစဉ်အဆက်မင်းများ လက်ထက်တော်မှစ



နောင်မင်းများလက်ထက်သို့ တိုင်အောင် ဆင့်ကဲ ပြန့်ပွားခဲ့ဟန် ရှိပါသည်။ **(ဤနေရာ၌ ယနေ့ခေတ်စားနေသော အကျော်သစ်မွှေးနှင့် အကျော်စံကားပင်ကို မရောထွေးစေချင်ပါ။ *စာရေးသူ*)**

ပုဂံရာဇဝင်တွင် နရပတိစည်သူမင်းကြီး(ခရစ်နှစ် ၁၁၇၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၅၃၆)ကို စံကားသားဖြင့် ကျောင်း(၉)ကျောင်း၊ စံကားသား(၉)ပိုင်းဖြင့် ဗုဒ္ဓရုပ်ပွားတော် ထုလုပ်လှူဒါန်းခဲ့သည့်အတွက် စံကားကိုးပိုင်းဒါယကာနှင့် စံကားကိုးကျောင်းဒါယကာဟူ၍ ဂုဏ်ပြု မှည့်ခေါ်ကြကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် မင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်သော ဝေဠုဝတီမင်းသမီးကလည်း စံကားသားဖြင့် ကျောင်း(၅)ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ကျောင်း (၅)ကျောင်း ဒါယိကာမကြီး ဝိသေသပြုထားခဲ့ပါသည်။

ယခု ဘော်ကြိုမုဋ္ဌောစေတီ အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်လေးမုခ်တွင် စံကားသားရုပ်ပွား တော်များ လှူဒါန်းခဲ့မှာ အ ဒါယကာကြီး နရပတိစည်သူမင်း



www.burmeseclassic.com

www.burmeseclassic.com

...င်း ဖြစ်ပါသည်။ ထိုလှူဒါန်းခဲ့သော ရုပ်ပွားတော်လေးဆူမှာ စံကားသား (၉)ပိုင်း၏ အရင်းပိုင်း(၁)ပိုင်းမှ ထုလုပ်ထားသော ရုပ်ပွားတော်(၄)ဆူဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ယခု သီပေါ၊ ယခင် အုန်းဘောင်၊ ဘော်ကြိုအရပ်ရှိ မုဋ္ဌောစေတီတော်ကြီး၏ မုခ်လေးမုခ်အတွင်းမှ ဘုရား(၄)ဆူမှာ စံကား(၉)ပိုင်း ရုပ်တုများဖြစ်ပြီး အောင် ကိန်းဝပ်သောနှစ်မှာ မြန်မာသက္ကရာဇ်(၅၃၆) နရပတိစည်သူမင်းကြီး နန်းတက်သောနှစ်မှာပင် ဖြစ်ကြောင်းကို ရုပ်ပွားတော်များ၏ အောက်ခြေတွင် ကမ္ဗည်းရေးထိုးဖော်ပြထားကြောင်း ကျမ်းဂန်မှာ ဆိုပါသည်။

ထိုစံကားသားဖြင့် ထုလုပ် လှူဒါန်းခဲ့သော ဘုရား(၄)ဆူမှာ...

၁။ အရှေ့ဘက်မုခ်တွင် ရတနာမာရ်အောင် ရုပ်ပွားတော်၊
၂။ တောင်ဘက်မုခ်တွင် ရတနာဉာဏ်အောင် ရုပ်ပွားတော်၊
၃။ မြောက်ဘက်မုခ်တွင် ရတနာရန်အောင် (နဂါးရုံ)ရုပ်ပွားတော်၊
၄။ အနောက်ဘက်မုခ်တွင် ရတနာစျာန်အောင် ရုပ်ပွားတော်...

များ ဖြစ်ကြပါသည်။ ထို့ပြင် နရပတိစည်သူမင်းကြီး စံကား(၉)ပိုင်း ရုပ်ပွားတော်(၁၂)ဆူကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်၊ ကျေးရွာများတွင် ထပ်မံ လှူဒါန်းခဲ့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ ယင်းရုပ်တုတော်တို့မှာ...

**ရှမ်းပြည်နယ် တောင်ပိုင်းတွင်...**

| | |
|---|---|
| ၁။ ကျေးသီးမန်ဆန်မြို့နယ်၊ ကိုးလင်ကျေးရွာတွင် | (၁)ဆူ |
| ၂။ ပိုင်းကိုင်မြို့နယ်၊ ပိုင်းကိုင်တွင် | (၁)ဆူ |

**ရှမ်းပြည်နယ် မြောက်ပိုင်းတွင်...**

| | |
|---|---|
| ၁။ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာတွင် | (၁)ဆူ |
| ၂။ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာတွင် | (၄)ဆူ |
| ၃။ ကျောက်မဲမြို့နယ်၊ မင်းတုန်းကျေးရွာတွင် | (၁)ဆူ |
| ၄။ နမ့်ဆန်မြို့နယ်၊ လွယ်ဆိုင်တောင်တွင် | (၁)ဆူ |
| ၅။ မိုးမိတ်မြို့နယ်၊ မိုးမိတ်မြို့တွင် | (၁)ဆူ |
| ၆။ လားရှိုးမြို့နယ်၊ မိန်းပိုင်ကျေးတွင် | (၁)ဆူ |
| ၇။ သိန္နီမြို့နယ်၊ ဟိုမိန်းကျေးတွင် | (၁)ဆူ |

စုစုပေါင်း စံကား(၉)ပိုင်း၊ ရုပ်ပွားတော်(၁၂)ဆူ ဖြစ်ပါသည်။ အထက်ပါ (၉)မြို့၌ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကြီးများကို နှစ်စဉ် ပုံမှန် ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ စံကားသားနှင့် ဗုဒ္ဓရုပ်ပွားတော်များ၏ ဆက်စပ် ပတ်သက်သမျှကို စာဖတ်ပရိသတ်ကြီးများ ဗဟုသုတရရှိပြီး ဆင့်ပွားမျှဝေနိုင်ရန်နှင့် ကြုံကြိုက်၍ ရောက်ရှိခဲ့ပါကရှားပါး မျိုးစိတ်ဝင် သစ်ပင်ဖြစ်သော ဘော်ကြို မုဋ္ဌောစေတီတော်မြတ်ကြီး၏ ပရိဝုဏ်တွင်းရှိ **ပေ(၅၀)ခန့်ရှိ စံကားပင်ကြီး**ကို ကြည့်ရှုလေ့လာစေလိုကြောင်းကိုပါ ရေးသားတင်ပြလိုက်ပါသည်။

**မှတ်ချက်။ ။ အိမ်ရှေ့ သို့မဟုတ် ခြံဝင်းအတွင်း စိုက်ပျိုးသော ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်ပင်နှင့် မည်သို့မျှ သက်ဆိုင်မှုမရှိပါ။**

*ဗုဒ္ဓသာသန် စိရံတိဋ္ဌတု*

**နိုင်မင်းညို**

ကျမ်းကိုး

၁။ ဘော်ကြိုဘုရား ကျောက်စာဟောင်း။
၂။ ဘော်ကြို မုဋ္ဌောစေတီတော်နှင့် ဘုရားလေးဆူသမိုင်း။

စာမျက်နှာ (၁၄၀)မှ အဆက်

တွက်နည်းလေကား

အသက်တည်ထား နေ့စဉ်မှာ မြှောက်ပြီးခါမှ အဋ္ဌတစ်ဖန် စားမြဲရှစ်ခု သေသည်ရှုလော့ တစ်ခုသေသန် နှစ်တန်ပြုရာ၊ သုံးမှာအကြွင်းတိတကျ၊ အကျိုးသတည့် သုညာနေရာ ပျက်ပျက် ဆတေးဥတ္တရာ၊ သစ္စာပါယင်၊ ဤရှစ်ရပ်ကို ရှာအပ်စီးပွား လာဘ်ရများသည်၊ မှတ်သားဖို့လိုလှ အကျိုးတည်း...။

**လက်ာ၏ တွက်နည်း၊ အဓိပ္ပာယ်မှာ...**

တွက်လိုသူ၏ ရောက်သက်ကို တည်ပြီး (၂၉)နှင့် မြှောက်ပါ။ ပြီးလျှင် (၈)နှင့် စားပါ။ အကြွင်းကိုကြည့်ပြီး မိမိနှင့် တစ်နှစ်တာ အကျိုးပြုမည့်အရပ်ကို ရှာရမည်ဟု အဟောပါ တစ်ပါတည်း ပါ,ပါသည်။ အရပ်အမည်အခေါ်အသုံးတို့ကို ထပ်မံ ရှင်းပြပါမည်။

* * * *(ဇယား-၁)*

အထက်ပါ အကြွင်းအရပ်ဒေသသို့ တစ်နှစ်တာအတွင်း စီးပွားရှာလျှင် အကျိုးပြုမည်ဟု ဆိုပါသည်။ တွက်နည်း ပိုမိုရှင်းလင်းစေရန် လက်တွေ့တွက်ပြပါမည်။

**ဥပမာ ။ ။ အသက်(၃၀)ရှိသူကို တွက်ကြည့်မည် ဆိုပါစို့...။**

* * *

**အသက်** ၃၀
× ၂၉
―――
၈ ÷ ၈၇၀ = ၁၀၈
၈၆၄
―――
၆ – အကြွင်း

အသက်(၃၀)ရှိသူသည် (၆)ကြွင်းသောကြောင့် (၆)ကြွင်း ဥတ္တရာဆိုထားခြင်းကြောင့် ယခုနှစ်အတွက် မြောက်အရပ်သည် ထိုသူ၏ အကျိုးပြုရာအရပ်ဖြစ်ပါသည်။

**သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိပါစေ။**

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်တာ သင့်အတွက်

# စီးပွားရှာရန် အရပ်ရှစ်မျက်နှာ တွက်နည်း

ကောင်းသန့် (သခွတ်မြေ)
ဝတ်လက်



လူတို့တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် မွေးဖွားရာဒေသချင်း၊ မွေးဖွားချိန်ချင်း၊ မွေးဖွားပုံချင်း မတူညီကြသကဲ့သို့…

ဘဝကံကြမ္မာတွင်လည်း ဆင်းရဲပင်ပန်းစွာ လုပ်ကိုင် အသက်မွေးရသူတို့ ရှိသလို မွေးဖွားစဉ်ကတည်းက ရွှေမှုန်စား၍ ဖွားမြင်ကာ စီးပွားဉစ္စာ ပြည့်စုံချမ်းသာစွာနှင့် နေထိုင်နိုင်ကြသူတွေလည်း ရှိကြ၏။

ရှေးအတိတ်ကံ အကျိုးပေးကြောင့် မွေးဖွားစဉ်ကတည်းက ချမ်းသာလာကြသူတွေမှ အပထား၍ မိမိအတွက် အကျိုးပေးမည့် လုပ်ငန်းနှင့် မိမိအတွက် စီးပွားဖြစ်စေမည့် အရပ်ဒေသတို့သည် လူတိုင်းတွင် ရှိကြ၏။

ထိုအလုပ် ထိုဒေသတို့ကို မိမိကိုယ်၌က မသိနိုင်၍သော်လည်းကောင်း၊ မိမိနှင့် ချမ်းသာရမည့် ကံကြမ္မာက တိုက်ဆိုင်မှု မတွေ့သေး၍သော်လည်းကောင်း လက်ရှိကာလတွင် ပင်ပန်းဆင်းရဲမှုကို ရင်ဝယ်ပိုက်ပြီး နေထိုင်လုပ်ကိုင်နေရခြင်းပင် ဖြစ်သည်။

အကယ်၍ မိမိကို စီးပွားဖြစ်စေမည့် အရပ်ဒေသကို ကြိုတင်၍ သိရမည်ဆိုလျှင် လူတိုင်းပင် သိလိုကြပေမည်။

ထို့ကြောင့်လည်း မိမိ၏ ကံကြမ္မာကို တွက်ကြည့် အဖြေပေးနိုင်သော ဗေဒင်ဆရာ၊ အကြားအမြင်ဆရာတို့ထံသို့ သွားရောက်မေးမြန်းကြခြင်း ဖြစ်၏။

နက္ခတ်ဗေဒင်ပညာတွင် မိမိ၏ ဇာတာမှ မူလ လက်စန်း၏ ဆယ်တန့်အိမ်သည် မိမိအလုပ်ကိုသော်လည်းကောင်း၊ မိမိကို အကျိုးပေးမည့် အရပ်ဒေသကိုသော် လည်းကောင်း ညွှန်ပြရာ အိမ်ဌာနဖြစ်သည်။

သို့သော် ထိုတွက်နည်း၊ ဝေဖန်နည်းတို့သည် ဗေဒင်ပညာကို ကျွမ်းကျင်သောဗေဒင်ဆရာတို့မှသာ တွက်နိုင် သိရှိနိုင်သည့် နက်နဲခက်ခဲသောပညာ ပိုင်းဖြစ်၍ နက္ခတ်ဗေဒင်ပညာ ကျွမ်းကျင်မှု မရှိသေးသော ဝါသနာရှင် တို့အတွက် ထိုနည်းကို မရေး ပေါင်းနှုတ်မြှောက်စား အနည်းငယ် တတ်ကျွမ်းရုံနှင့် တစ်နှစ်တာအတွက် အကျိုးပြုမည့် အရပ်ဒေသကို အလွယ် တွက်ကြည့် သိရှိနိုင်သည်။ နည်းတ

| | | | | | | |
|---|---|---|---|---|---|---|
| ၁-ခု | ကြွင်းမူ | ➡ | သေန်အရပ် | ➡ | အရှေ့မြောက် | (ဇယား-၁) |
| ၂-ခု | ကြွင်းမူ | ➡ | ပြုဗ္ဗာအရပ် | ➡ | အရှေ့ | |
| ၃-ခု | ကြွင်းမူ | ➡ | အဂ္ဂိအရပ် | ➡ | အရှေ့တောင် | |
| ၄-ခု | ကြွင်းမူ | ➡ | ဒက္ခိဏာအရပ် | ➡ | တောင် | |
| ၀-ခု | ကြွင်းမူ | ➡ | နရတီအရပ် | ➡ | အနောက်တောင် | |
| ၅-ခု | ကြွင်းမူ | ➡ | ပစ္ဆိမအရပ် | ➡ | အနောက် | |
| ၆-ခု | ကြွင်းမူ | ➡ | ဥတ္တရာအရပ် | ➡ | မြောက် | |
| ၇-ခု | ကြွင်းမူ | ➡ | ပါယပ်အရပ် | ➡ | အနောက်မြောက် | |

အရှေ့မြောက် — အရှေ့ — အရှေ့တောင်

| | | |
|---|---|---|
| သေန် | ပြုဗ္ဗာ | အဂ္ဂိ |
| ဥတ္တရာ | | ဒက္ခိဏာ |
| ပါယပ် | ပစ္ဆိမ | နရတီ |

မြောက် (ဘယ်) — တောင် (ညာ)

အနောက်မြောက် — အနောက် — အနောက်တောင်

အရပ်ရှစ်မျက်နှာနှင့်အခေါ်

နည်းကို ဝါသနာရှင်တို့အတွက် စေတ ထား၍ ရေးသားလိုက်ပါမည်။


**(ယခု တွက်နည်းသည်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လ မြို့နယ်၊ သခွတ္တောရွာ ဥတ္တရာ ရာ ကျောင်းဆရာတော်ကြီး ဦးတေ မှတ်စုစာအုပ်ထဲမှ တွက်နည်း အကျဉ်းကို ဝါသနာရှင်တို့မျှင်းလ စွာ သိရှိနိုင်ရန် အကျယ်အာ ရေးထားခြင်း ဖြစ်ပါသည်။)**





www.burmeseclassic.com

www.burmeseclassic.com



# မြေကောင်းတွက်လေသော

## သေချာပေါက် နည်းပညာတစ်ခု

ကောင်းမြင့်မြတ်စိုး

တစ်နေ့မှာ ကျွန်တော့်အိမ်သို့ နည်းပညာတက္ကသိုလ် (တောင်ကြီး)မှ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် ဆရာအောင်တို့ဇနီးမောင်နှံ ရောက်လို့လာပါတယ်။ နံနက်(၉)နာရီလောက် ရောက်လာတာပါ။

ကျွန်တော့်အိမ်ကလဲ နည်းပညာတက္ကသိုလ်နဲ့ မဝေးလှပါဘူး။ အိမ်ကလှမ်းကြည့်လျှင် နည်းပညာတက္ကသိုလ်ကြီးကို အတိုင်းသား မြင်နေရပါတယ်။ ဆရာအောင်ဟာ ကထိကတစ်ဦးဖြစ်သလို သူ့ဇနီးကလဲ အထက်တန်းပြ ဆရာမတစ်ဦးပါ။

အဲဒီနေ့က ဆရာအောင်တို့ ဇနီးမောင်နှံဟာ ကျွန်တော့်အိမ်ကို အလည်သက်သက်လာတာ မဟုတ်ပါဘူး။ ဆရာအောင်ဝယ်ထားတဲ့မြေကွက် ပြန်ရောင်းချင်လို့ ဈေးကောင်းရနိုင် မရနိုင် လာစုံစမ်းတာပါ။

ကျွန်တော့်အမျိုးသမီးက မြေကွက်အရောင်းအဝယ်ကိစ္စလေးတွေ လုပ်ပေးနေသူမို့ သူတို့က လာစုံစမ်းတာပါ။ ကျွန်တော့်အမျိုးသမီးဟာ သူ့မိတ်ဆွေ မြေပွဲစားတွေနဲ့ ဖုန်းဆက် စုံစမ်းပေးပါတယ်။

ဆရာအောင်တို့ ယခုဝယ်ထားတဲ့ မြေကွက်က ဂရန် မပေါက်တဲ့ မြေကွက် ဖြစ်နေကြောင်း၊ ဈေးကောင်းမရနိုင်ကြောင်း၊ ဝယ်သူအလွန်နည်းကြောင်း၊ အဲဒီမြေကွက်ကို ကြိုက်တဲ့သူ သိပ်မရှိကြောင်း ပြောပြလိုက်ပါတယ်။

ဆရာအောင်တို့ ဇနီးမောင်နှံဟာ အလွန် စိတ်ဓာတ်ကျသွားပါတယ်။ ကျွန်တော်က အားပေးစကားပြောရင်း စကားလမ်းကြောင်းပြောင်းကာ ရှေးဟောင်းနှောင်းဖြစ်စကားတွေ ပြောပေးခဲ့ရပါတယ်။

အဲဒီနေ့က ဆရာအောင်ရဲ့ဇနီးဟာ (ဆရာအောင်ကို ဘာလို့ ဒီလို မြေကွက် ဝယ်ရတာလဲ၊ ဘာလဲ ညာလဲ)နဲ့ အပြစ်တင်ပြီး ပူညံပူညံ လုပ်နေပါသေးတယ်။ ဆရာအောင်ကတော့ မျက်နှာပျက် နေရှာပါတယ်။

သူတို့ဇနီးမောင်နှံဟာ အခါတိုင်းလို အိမ်မှာ ကြာကြာတောင် ထိုင်မနေကြတော့ပါဘူး။ ခဏကြာတော့ ပြန်သွားကြပါတယ်။

နောက် (၂၅)ရက်လောက်ကြာတော့ ကျွန်တော်ဟာ ဆရာအောင်ရဲ့အိမ်ကို ရောက်သွားပါတယ်။ အဲဒီနေ့က ဆရာအောင်ဟာ ပြုံးပြုံးကြီးနဲ့...

'ဆရာရေ ကျွန်တော့်မြေကွက် ရောင်းထွက်သွားပြီ'

တဲ့...။

'ဟာ မြန်လှချည်လား ဆရာရဲ့။ ဘယ်လောက်နဲ့ ရောင်းလိုက်ရလဲ'

'ဒီလို ဆရာရေ၊ ကျွန်တော့်မြေကွက်က အလျားပေ(၁၀၀)နဲ့ အနံ ပေ(၅၀) ရှိတယ်။ ကျွန်တော်ဝယ်တုန်းက သိန်း(၅၀)ပေးခဲ့ရတယ်။ အခု ကျွန်တော့်ရဲ့ အဲဒီမြေကွက်ကို တစ်ဝက်ပဲပိုင်းရောင်းလိုက်တာ (၄၅)သိန်းနဲ့ ရောင်းလိုက်ရတယ်ဆရာ'

'ဟာ ဝမ်းသာပါတယ်ဆရာ။ အရောင်းအဝယ်ဖြစ်သွားပုံလေး ပြောပြပါဦး'

'ကျွန်တော်တို့လင်မယားနှစ်ယောက် ဆရာ့အိမ်က မြေကွက်ဈေးစုံစမ်းပြီး စိတ်ညစ်ညစ်နဲ့ ပြန်လာပြီးတော့ ကျွန်တော် မရရအောင် ရောင်းထွက်အောင်လုပ်မယ်လို့ ဆုံးဖြတ်လိုက်

www.burmeseclassic.com



တယ်။

ကျွန်တော့်အမျိုးသမီးကလဲ ပူညံ ပူညံလုပ်နေတော့ ချက်ချင်း ကျွန်တော် ဟာ **"မြေကွက်ရောင်းမည်"** ဆိုတဲ့ ဆိုင်းဘုတ်ရေးပြီး မြေကွက်ရှေ့မှာ သွား ထားလိုက်တယ်။ နီးစပ်တဲ့သူတွေကိုလဲ မြေကွက်ရောင်းမယ်လို့ သတင်းဖြန့် ထားရတာပေါ့'

'အဲ တစ်နေ့မှာတော့ ကျွန်တော့် တူတော်မောင်က သူ့ရဲ့ယောက္ခမ အဘိုး ကြီးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေး တယ်။ အဲဒီအဘိုးကြီးဟာ အိမ်မှာ သိပ်မနေဘူးတဲ့၊ ဗေဒင်ဆရာ၊ ဂမ္ဘီရ သမားကြီးတဲ့။ နယ်လှည့်ပြီး ဗေဒင် ဟောဓာတ်ခိုက် လုပ်ငန်းတွေ လုပ်နေ တာတဲ့။

ဒါကြောင့် ကျွန်တော်က မြေကွက် ရောင်းထွက်ချင်လို့ အကူအညီပေးနိုင် ရင်ပေးဖို့ ပြောကြည့်တော့ အဲဒီအဘိုး ကြီးက လွယ်လွယ်ကူကူပဲ ပြောပြခဲ့ပါ တယ်။ ဒါပေမယ့် ကျိန်းသေပေါက် ရောင်းထွက်စေရမယ်လို့ အာမခံတယ်။ ယုံယုံကြည်ကြည်သာလုပ်တဲ့'

'စိတ်ဝင်စားဖို့ကောင်းလာပြီ ဆရာ။ ဆက်ပြောပါဦး'

'အင်္ဂါနေ့ နံနက်(၆)နာရီ (၄၀)မိနစ်မှာ မြေကွက်ရဲ့ အရှေ့တောင်ဘက်ကနေ အနောက်မြောက်ဘက်လှည့်ပြီး ငါး(ဆီး)ကိုင်း ဒါမှမဟုတ် ညောင်ကိုင်းရစ်ကိုင်းနဲ့ အင်္ဂါသား သမီးတစ်ဦးက ရှစ်ချက်တိတိ မြေကြီးကို ရိုက်ရမယ်တဲ့...။

ရိုက်နေရင်းနဲ့ "မြေကွက် အမြန်ရောင်းထွက် စေ"လို့လဲ ပြောရမယ်တဲ့။ ဒါနဲ့ ကျွန်တော် သူပြောတဲ့အတိုင်း တစ်သွေမတိမ်း လုပ် လိုက်တာပါပဲ'

ထိုအခါ ကျွန်တော်က...

'ဘယ်နှစ်ရက်လောက်ကြာမှ ထွက် သွားလဲဗျ'

'တစ်ပတ်တောင် မကြာလိုက်ဘူး ဆရာ။ ဝယ်မယ့်သူကိုယ်တိုင် ကျွန်တော့် အိမ်ကို ရောက်လာပြီး အရောင်းအဝယ် ဖြစ်သွားတာပဲ ဆရာရေ'

ကျွန်တော်နဲ့ ဆရာအောင်တို့ဟာ ဗေဒင်လက္ခဏာစတဲ့ ဂမ္ဘီရပညာ ဝါသနာပါသူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့နှစ်ဦးဟာ ဒီဓာတ်ဆင် ဓာတ်ရိုက်နည်းပညာနဲ့ ပတ်သက်လို့ ဆွေးနွေးသုံးသပ်ခဲ့ကြပါ တယ်။

ကျွန်တော်က...

'အင်း ဆပွတ်ဂြိုဟ်ကို အဆင့်ဆင့် သုံးပြီး ဓာတ်ရိုက်ထားတာပဲနော်'

ထိုအခါ ဆရာအောင်က...

'ဟုတ်တယ်ဆရာ။ မြေကြီး ကြာသပတေး ရဲ့ မြောက်ခုမြောက် ဆပွတ်ဂြိုဟ် အင်္ဂါနံ တွေ သုံးထားတယ်နော်။ အဲဒီ အဘိုးကြီးက ပြောသေးတယ်။ ငါး(ဆီး)ကိုင်းထက် ညောင် ကိုင်းဆိုရင် ပိုကောင်းတယ်တဲ့'

'ဟုတ်လားဆရာ။ ပြီးတော့ **အချိန် ကလဲ နံနက်(၆)နာရီ (၄၀)မိနစ် တဲ့နော်။** တခြားဆရာတွေလို (၄၅) မိနစ်လဲ မဟုတ်ဘူး'

'အဲဒါလား ကျွန်တော် ယူဆတာ ကတော့ အင်္ဂါအချိန် အားကောင်းတဲ့ အခါကို ဖမ်းထားတာ ဖြစ်မှာပါ။ မြေရောင်းထွက်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောချင်တာ ရှိသေးတယ်။

မြေဆိုတာ တခြားပစ္စည်းတွေလို ရောင်းဝယ်လို့ မလွယ်ဘူးထင်တယ်။ ရောင်းချင်တဲ့သူနဲ့ ဝယ်ချင်တဲ့သူ တိုက်ဆိုင်ဖို့လဲ အတော်ခက်ပါတယ်။ နှစ်တွေလတွေချီပြီးလဲ ရောင်းလို့ မထွက်တာမျိုး ဖြစ်နိုင်တယ်။

'ဒီတော့ ကျွန်တော်ကတော့ အကင်း ပါးပါးနဲ့ ဝယ်သူတွေ့တုန်း တည့်အောင် ကို ရောင်းလိုက်တာပဲ။ ပြီးတော့ ကျွန်တော်က ပဋ္ဌာန်းတရားတော်ကိုလဲ နေ့တိုင်း မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်တယ်။ ဆုလဲ တောင်းရတာပေါ့ ဆရာ'

'ဪ ဒါကြောင့်ကိုး။ ဆရာရဲ့ အကြံဉာဏ်ကောင်းတွေကြောင့်လဲ မြေ ရောင်းထွက်သွားတာပဲဗျာ။ မြေရောင်း ချင်တဲ့သူတွေ အတုယူစရာပေါ့ဗျာ'

'ဟဲ...ဟဲ...ဟဲ'

ဆရာအောင်ဟာ သဘောကျပြီး ရယ်နေပါတော့တယ်။

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

(ကြွရွာလေတော်မူ)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပင်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခဲတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခဲတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့ တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တ၁၁၀တ(စာနယ်ဇင်း)(၁၁၂/၁၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းက တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်း ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲ ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံ ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျ ခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက် ထွက်ခြင်း၊ သွေးခတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေ ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်၊ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉-၇၃၁၉၇၅၂၄။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သမားတော်တိုင်းရင်းဆေးကုခန်း

# ဆရာ ဦးကိုကိုကြီး

(တဆ-၀၃၂၁၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အသက်ရှည်ရာ အနာမဲ့ကြောင်း

နည်းလမ်းကောင်းများ

မြောင်းမြ မောင်ယဉ်ဝင့်

**"အရောဂျံ ပရမံလာဘံ"** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ပါတယ်။ ကျန်းမာပြီး အသက်ရှည်ဖို့လဲ လိုပါတယ်။ အာယုဒီဃယုဂ်ရကာ သက်ရှည်ကျန်းမာပြီး ရောဂါဝေဒနာကင်းတဲ့ တိုင်းရင်းဆေးဆရာကြီး ဦးကိုကိုကြီးကို မြောက်ဥက္ကလာပမြို့နယ်ရောက်တဲ့အခါ သွားရောက် တွေ့ဆုံခဲ့ပါတယ်။

အသက်(၉၀)နီးပါး ရှိနေပြီဖြစ်တဲ့ ဆရာကြီး ဦးကိုကိုကြီးနဲ့ တွေ့ဆုံဆွေးနွေးချက်များဟာနက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက်အထောက်အကူဖြစ်မှာ ဖြစ်တဲ့အတွက် ဝါရင့် တိုင်းရင်းဆေးဆရာကြီး ဦးကိုကိုကြီးနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ရပါတယ်။

■ **'ဒီတစ်ပတ် ဆရာကြီးနဲ့ ဆွေးနွေးချင်တာကတော့ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အရ ပထမ အသက်ရှည်ခြင်းရဲ့ အဓိကအချက်ကို သိပါရစေ'**

❐ 'ကျန်းမာမှ အသက်ရှည်မှာ ဖြစ်တာကြောင့် ကျန်းမာဖို့ဆိုရင် **ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရားလေးပါးကို** ညီညွတ်မျှတအောင် နေထိုင်စားသောက်ဖို့ လိုပါတယ်။

အထူးသဖြင့် **"သောက်သမျှ ပေါက်မှ မြိုသမျှ ယိုမှ"** ဆိုတဲ့ စကားလို ဆီး၊ ဝမ်း၊ လေ မချုပ်အောင်အမြဲပြုပြင် နေထိုင်စားသောက်ဖို့ လိုပါတယ်'



▲ ဆရာ ဦးကိုကိုကြီး (တဆ-၀၃၂၁၂)

■ **'ဆရာကြီးအနေနဲ့ အသက် (၈၈) နှစ်ပြည့်တဲ့အထိ သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါ၊ နှလုံးရောဂါမရှိအောင် ဘယ်လို နေထိုင်စားသောက်ပါသလဲ ပြောပြပေးပါဦး'**

❐ 'သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါ၊ နှလုံးရောဂါသာမက ရောဂါအမျိုးမျိုးကင်းဝေးအောင် ရသာ(၆)ပါးကို မျှတအောင် စားဖို့လိုပါတယ်။ ငန်လွန်းတဲ့ အစားအစာ၊ ချိုလွန်းတဲ့ အစားအစာ၊ ချဉ်လွန်းတဲ့ အစားအစာ၊ စပ်လွန်းတဲ့ အစားအစာတွေ (တစ်ဖက်သတ်လွန်ကဲသော အစားအစာ)ကို မစားဖို့ လိုတယ်။

ချိုလွန်းဆိမ့်လွန်းတဲ့ အစားအစာတွေစားရင် ဆီးချိုရောဂါကို ဖိတ်ခေါ်သလိုဖြစ်မှာမို့ သတိထားပြီးစားရင်၊ စားသမျှ အာဟာရဖြစ်ပြီး ကျန်းမာမှာဖြစ်ပါတယ်'

■ **'ဆရာကြီး အစားအစာတွေထဲမှ ရှောင်ကြဉ်တဲ့ အစားအစာများ ရှိပါသလား သိပါရစေ'**

❐ 'အမဲသားကို ရှောင်ပါတယ်။ အဓိက စားသောက်တာကတော့ ကြက်သားနဲ့ငါးကို စားပါတယ်။ ငါးကို တစ်ပတ်မှာ(၂)ကြိမ်မှ (၃)ကြိမ်စားပြီး ကြက်သားကို ရံဖန်ရံခါ စားတယ်။

အသီးအရွက်ကို အစိမ်းကြော်၊ ချဉ်ရည်ဟင်းတစ်မျိုးမျိုးနဲ့ တွဲဖက်စားတယ်။ ဆီကိုလဲ ပဲဆီနဲ့ နှမ်းဆီပဲ စားတယ်။ အကြော်ဆီတို့၊ စားအုန်းဆီတို့ကို လုံးဝမစားဘူး။ နေ့စဉ် ထမင်းစားရင် ချဉ်ရည်ဟင်းဖြစ်ဖြစ်၊ ဟင်းချိုဖြစ်ဖြစ် တစ်မျိုးမျိုးနဲ့ တွဲစားတယ်'

■ **'အသီးအနှံတွေထဲမှာ ဘယ်လို အသီးအရွက်တွေကို ဦးစားပေး စားတယ်ဆိုတာ ဆက်ပြောပြပေးပါဦး'**

❐ 'အသီးအရွက်တွေစားတာပြောရင်

www.burmeseclassic.com

ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီး၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ရုံးပတီသီး၊ ပဲသီး၊ ရှောက်သီး၊ သံပရာသီး၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရိုးနီတို့ကို အစိမ်းကြော်၊ ကြော်စားခြင်း၊ အချို့ကို ချဉ်ရည်ဟင်းချက်စားခြင်း သင့်သလို ချက်ပြုတ်စားသောက်ပါတယ်။

ရာသီစာတ်စာအနေနဲ့ ပန်းသီး၊ သစ်တော်သီး၊ ကျွဲကောသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ထောပတ်သီး၊ ဩဇာသီး၊ ကန်စွန်းဥစတဲ့ အစားအစာတွေကို ဖြည့်စွက်အနေနဲ့ စားပါတယ်။ ပန်းသီးနဲ့ နာနတ်သီးကိုတော့ ပိုပြီး စားဖြစ်ပါတယ်။

ပန်းသီးက ဝမ်းမှန်စေရုံမက ရောဂါအမျိုးမျိုးကို ကာကွယ်ပါတယ်။ နာနတ်သီးကတော့ ဒူးနာရောဂါအတွက် သင့်တော်တဲ့ အစားအစာဖြစ်လို့ မကြာခဏ စားပါတယ်'

■ **'အသက်(၄၀)မှာ မိခင်နို့သက် ကုန်တယ်လို့ သက်ကြီးစကား ကြားဖူးပါတယ်။ ဆရာကြီးအနေနဲ့ အသက်(၄၀)ပြည့်စဉ်က ဘယ်ဆေး၊ ဘယ်အစာ စားခဲ့ပါသလဲ သိပါရစေ'**

□ 'အသက်(၄၀)မှာ မိခင်နို့သက်ကုန်တယ်ဆိုတာ ရှေးရိုးစဉ်အလာ စကားတစ်ခုပါ။ အသက်(၄၀)မှာ ဘဝကို စတယ်ဆိုတဲ့စကားလဲ နိုင်ငံတကာရဲ့ အဆိုအမိန့်ရှိပါတယ်။

ဆရာ့အနေနဲ့ အသက်(၄၀)ပြည့်တဲ့နေ့မှာ နွားနို့စိမ်းသန့်သန့် (၁)ပိဿာကို နံနက်၊ နေ့လယ်၊ ညနေ (၃)ကြိမ်ခွဲပြီး နွေးချင်းပြီး သောက်ပါတယ်။ (၇)ရက် ဆက်သောက်တယ်။ အဲဒီလို သောက်တဲ့အခါ ဆီး၊ ဝမ်း၊ လေမှန်ကာအားလဲပြည့်ပြီး အိပ်ပျော် စားဝင်ပါတယ်'

■ **'ဆရာကြီး အထက်မှာပြောခဲ့တဲ့ စကားတွေထဲမှာ ဒူးနာသက်သာဖို့ နာနတ်သီးစားတယ်လို့ ပြောခဲ့ပါတယ်။ အခြား ဒူးနာသက်သာဖို့ ဘယ်လို အစားအစာတွေကို စားသင့်ပါသလဲ သိပါရစေ'**

□ 'နာနတ်သီးအမှည့်ဟာ ဗီတာမင်စီဓာတ်တွေ ပြည့်ဝပြီး ဒူးနာသက်သာစေတာကို သိပ္ပံပညာရှင်တွေ ဖော်ထုတ်တွေ့ရှိသလို မြန်မာ့ရှေးအစဉ်အလာအရ ရုံးပတီသီးဟာလဲ ရိုးတွင်းချဉ်ဆီအားကောင်းပြီး ဒူးနာသက်သာ ပျောက်ကင်းကြောင်း သိရှိရပါတယ်။

ဒူးနာ၊ ခါးနာတာနဲ့ ရိုးတွင်းချဉ်ဆီအားကောင်းဖို့ဆိုရင် ကြက်ရိုးရင့်ရင့်စွပ်ပြုတ်၊ အမဲရိုးတွင်းချဉ်ဆီ၊ ဆိတ်ရိုးတွင်းချဉ်ဆီစွပ်ပြုတ်တွေကလဲ ဒူးနာသက်သာ ပျောက်ကင်းစေပါတယ်။ ရိုးတွင်းချဉ်ဆီ အားကောင်းစေပါတယ်။

လေးဖက်နာရောဂါလို့ ခေါ်တဲ့ အဆစ်ရောင် အဆစ်ကိုက်ရောဂါရှင်တွေကို အဲဒီ ကြက်ရိုးစွပ်ပြုတ်၊ အမဲရိုးတွင်းချဉ်ဆီစွပ်ပြုတ်၊ ဆိတ်ရိုးတွင်းချဉ်ဆီစွပ်ပြုတ်ထဲမှာ ကြက်သွန်ဖြူနဲ့ ချင်းကို သင့်တော်သလိုထည့်ပြီး ပြုတ်သောက်ရင် အရိုးအက်ဆစ်ရောဂါအတွက် အကောင်းဆုံး ဆေးတစ်လက်ပါပဲ'

■ **'လိင်ဆက်ဆံမှု (မေထုန်ကိစ္စ)ဟာ အစောဆုံး ဘယ်အသက်အရွယ်မှာ ပြုသင့်ပြီး၊ နောက်ဆုံး ဘယ်အသက်အရွယ်မှာ ရပ်သင့်တယ်ဆိုတာ ဆက်ပြီး ပြောပြပေးပါဦး'**

□ 'ရသရည်မှ သုက်တိုင်အောင် ဓာတ်(၇)ပါး မပြည့်စုံသေးတဲ့ အသက်(၁၆)နှစ်ထက်လျော့သော အရွယ်ရှိသူတို့သည်လည်းကောင်း၊ အသက်(၇၀)အထက် ရှိသူတို့သည် လည်းကောင်း၊ အကယ်၍ အသက်ရှည်လိုငြားအံ့ မည်သည့်အခါမှ မေထုန်မှီဝဲခြင်းမပြုရလို့ **စရကသံဟိတာကုထုံးကျမ်း စာမျက်နှာ (၇၈)**မှာ အတိအလင်း ဖွင့်ဆိုထားပါတယ်။

အမျိုးသားများအနေနဲ့ ဖွဲ့တစ်ဆုပ်နိုင်သည်အထိ ကာမဂုဏ်စိတ်ရှိတယ်ဆိုတာ လူတိုင်းသိထားတဲ့ စကားတစ်ရပ်တစ်ခုပါ။ ဒါပေမယ့် အထက်မှာပြောခဲ့တဲ့အတိုင်း ကျင့်ကြံရင် အသက်ရှည်ပြီး ရောဂါကင်းမှာ ဖြစ်ပါတယ်။

သိပ္ပံဆေးပညာရှင်တွေ ဖွင့်ဆိုထားတာကတော့ တစ်ပတ်(၇)ရက်မှာ လိင်ဆက်ဆံမှု (၂)ကြိမ်မှ (၃)ကြိမ်ထိ ပြုခြင်းဟာ ကျန်းမာရေးအတွက် မှန်ကန်တဲ့ လုပ်ဆောင်ချက် ဖြစ်ကြောင်း ဆောင်းပါးတွေမှာ အတိအလင်း ရေးသားထားပါတယ်။

ဒါပေမယ့် ဘယ်အသက်အရွယ်အထိ လိင်ဆက်ဆံမှု ပြုသင့်တယ်ဆိုတဲ့ အချက်ကိုတော့ ဖော်ပြထားတာ ကျွန်တော် မတွေ့ရှိသေးပါဘူး။ ကျွန်တော်ပဲ မဖတ်မိတာလား၊ သိပ္ပံဆေးပညာရှင်တွေရဲ့ ဆောင်းပါးမှာ မပါတာလားဆိုတာ ဝေခွဲလို့ မရပါဘူး။

အထူးပြောချင်တာကတော့ ဘယ်အသက်အရွယ်မဆို လိင်ဆက်ဆံမှုပြုရင် တစ်လင်တစ်မယားစနစ်ကျင့်သုံးတာဟာ အသက်ရှည်ရာ အနာခံကြောင်း နည်းကောင်းတစ်ခုကို ပြောချင်ပါတယ်'

■ **'အစာလဲဝေဝေး၊ ဆေးလဲအစာ ... သလိုဖြစ်အောင် အာနိသင်ပြည့်စေဖို့ ဘယ်... အစားအစာတွေစားရင် သင့်တော်... မယ်ဆိုတာ ဆက်ပြီး ပြောပြပေးပါဦး ဆရာကြီး'**

□ 'အသက်(၅၀) ကျော်လာရင် ... လေအား ယုတ်လာတတ်ပါတယ်...

www.burmeseclassic.com

www.burmeseclassic.com

အစာလဲဆေး၊ ဆေးလဲအစာအဖြစ် စားချင်ရင် ငှက်ပျောသီးဖီးကြမ်း (အိုးဖော်မမှည့်မီ)နဲ့ ဝက်သား အသားချည်းသက်သက်နှင့် ချက်စားခြင်း၊ ငါးလင်ပန်းကို သဘော်သီးစိမ်းနဲ့ ချက်စားခြင်း၊ ဆိတ်ဝေးစေ့ကို ဆူးပန်းရွက်နဲ့ ကြော်စားခြင်းဟာ ကာမအား အကြောအားကို ကောင်းစေပါတယ်။

ချက်တဲ့ကြော်တဲ့အခါ နှမ်းဆီစစ်စစ်နဲ့ ကြော်စားခြင်း၊ ချက်စားခြင်း ပြုလုပ်ရပါမယ်။ နှမ်းဆီစတီးဇွန်းတစ်ဇွန်းခန့် မကြာခဏသောက်ပေးရင် စမြင်းကြေဝမ်းသွားအား ကောင်းစေပါတယ်။ ငှက်ပျောသီးဖီးကြမ်းမှည့်မှည့်ကို ထန်းလျက်နဲ့ တွဲဖက်စားခြင်းဟာလဲ ဝမ်းမှန်စေပါတယ်'

BURMESE CLASSIC

■ **'ဆရာကြီးအနေနဲ့ သက်ရှည်ကျန်းမာခြင်းအတွက် ဘယ်လိုကျွမ်းကြီး စားသောက်တယ်ဆိုတာ သိပါရစေ'**

❒ 'ရှေးက သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးတွေပြောခဲ့တဲ့ ဆောင်ပုဒ်ရှိပါတယ်။ အဲဒါက **"ကြောင်လိုစား၊ နွားလိုသောက်၊ မျောက်လိုနေ"**ဆိုတဲ့ ဆောင်ပုဒ်ပါပဲ။

အဓိပ္ပာယ်က လတ်လတ်ဆတ်ဆတ်စား၊ ရေ,ဝအောင်သောက် လှုပ်လှုပ်ရှားရှားနေဆိုတဲ့ သဘောပါ။ လတ်ဆတ်တဲ့ သားငါး၊ ဟင်းသီးဟင်းရွက် စားပြီး ရေကို ပုံမှန် (၅)ခွက်မှ (၈)ခွက်ထိ သောက်တယ်။

အိပ်ရာထဲလှဲမနေဘဲ ကိုယ့်ခြံ ကိုယ့်ပတ်ဝန်းကျင်မှာ လှုပ်လှုပ်ရှားရှားနေခြင်းဟာ သက်ရှည်ကျန်းမာခြင်းရဲ့ အဓိကသော့ချက်ပါပဲ။ လူတိုင်း ကျင့်ကြံ စားသောက်နေထိုင်ရင် အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်းဆိုတဲ့ ရလဒ်ကို ရကြမှာ ဖြစ်ပါတယ်'

■ **'ဆရာကြီးအနေနဲ့ လုံးဝရှောင်ကြဉ်တဲ့ အစားအသောက်များ ရှိပါ သလား'**

❒ 'လုံးဝ ရှောင်ကြဉ်တာတွေကတော့ အရက်၊ ဆေးလိပ်၊ ကွမ်းနဲ့ တညင်းသီးတွေပါပဲ။ ကျန်းမာရေးကို လုံးဝ အထောက်အကူမပြုဘဲ ဆိုးကျိုးကိုသာ ပေးတတ်တဲ့ အစားအသောက်တွေမို့ပါ။

ဆေးလိပ်နဲ့အရက်က အဆုတ်ရောဂါ၊ အသည်းရောဂါ ရရှိစေနိုင်သလို ကွမ်းကလဲ လျှာကင်ဆာဖြစ်နိုင်ပါတယ်။

တညင်းသီးဟာ နှစ်ပေါင်း(၁၀၀) ကျော် လူတွေ စားသောက်ခဲ့တာ မှန်ပေမယ့် အကျိုးပြုတဲ့ဗီတာမင် လုံးဝမပါဘဲ စားသောက်မှု လွန်ကဲရင် ကျောက်ကပ်ပျက်စီးစေတဲ့ အသီးတစ်မျိုးမို့ အဲဒါတွေကို လူမှန်းသိတတ်ကတည်းက လုံးဝရှောင်ကြဉ်ခဲ့ပါတယ်'

■ **'ဆရာကြီးအနေနဲ့ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် ရင်တွင်းစကား ပြောကြားပေးပါဦး'**

❒ 'အထက်မှာ ပြောခဲ့သလို ကံ၊ စိတ်၊ ဥတု၊ အာဟာရကို လွန်၊ ယုတ်၊ လွဲမှားမလုပ်ဘဲ စိတ်ကိုဖြူစင်အောင်ထား၊ အကောင်းမြင်ဝါဒကို ကျင့်သုံးပြီး ဥတုနဲ့ အာဟာရကို လိုက်လျောညီထွေအောင် နေထိုင်စားသောက်ရင် သက်ရှည်ကျန်းမာပြီး ရောဂါဝေဒနာ ကင်းဝေးမှာဖြစ်ကြောင်း ပြောလိုက်ပါရစေ'

■ **'ကျေးဇူးတင်ပါတယ် ဆရာကြီး'**

ဆရာကြီး ဦးကိုကိုကြီးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးကိုကိုကြီး**
**သမားတော်တိုင်းရင်းဆေးခန်း**
အမှတ်(၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊
(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

**မြောင်းမြ မောင်ယဉ်တင့်**



# ခွေးလေးခွေးလှ

**ထင်းဝေးအောင် ဘူးသီးခြောက်ကိုဆောင်**

'ဟယ်... ခွေးပေါက်စလေးတွေ အများကြီးပါလား၊ ခွေးသားအုပ်မ ထွက်ကိုက်ပါဦးမယ်၊ ခွေးကြည့်ပေးကြပါဦးဟေ့'

ဆိုတဲ့အသံကြောင့် ကျွန်မ အိမ်ရှေ့ထွက်ကြည့်လိုက်မိပါတယ်။ ကြီးကြီးအုန်းပါလား။ "လာ...လာ ကိုရေ... ကြီးကြီးအုန်း လာလည်တယ်တော့" ဆိုပြီး အိမ်ထဲမှ ခင်ပွန်းသည်ကို အော်ခေါ်ပြောလိုက်ပါတယ်။

ကျွန်မလဲ ကြီးကြီးအုန်းအတွက် ရေနွေးကြမ်းငှဲ့ပေးရင်း...

'ဟုတ်တယ် ကြီးကြီးအုန်းရယ်... ခွေးတွေက မနိုင်နိုင်အောင်ဘဲ၊ ခေါင်းရင်းအိမ်က ညိုလုံးက (၁၀)ကောင်၊ ဒီအိမ်က ရွှေနီမက (၉)ကောင် ဘယ်လိုမှ မနိုင်နိုင်ဘူး။ ကြီးကြီးအုန်းရေ'

ကျွန်မ ညည်းညည်းညူညူ ပြောဆိုနေပုံကို ကြီးကြီးအုန်းက ရေနွေးသောက်ရင်း ပြုံးကြည့်နေပါတယ်။ ပြီးမှ သောက်လက်စ ရေနွေးပန်းကန်ကို အသာချပြီး...

'ဒါက အလွယ်လေးပါ အင်ကြင်းရယ်... ဘူးသီးခြောက်ရှိရင်ရပြီ၊ ဘူးသီးခြောက်ကို ထိပ်ဘက်က တစ်ဝက်ဖြတ်၊ အဲဒီတော့ ခွက်ပုံစံဖြစ်သွားရော၊ အဲဒီခွက်ထဲ ထမင်းထည့်ပြီး ခွေးမကို ကျွေး၊ အဲဒီခွေးမက သားမတင်တော့ဘူး အင်ကြင်းရဲ့'

'ဟယ် တကယ်လား ကြီးကြီးအုန်း၊ ကျေးဇူးတင်လိုက်တာ ကြီးကြီးအုန်းရယ်'

လို့သာ ကျွန်မ ပြန်ပြောလိုက်မိပါတော့တယ်။

**(ဤအကြောင်း ပြောပြသော ထန်းကိုင်ရေနံမြေမှ ညီမလေးယုယုအား ကျေးဇူးအထူးတင်ပါသည်။)**

**အင်ကြင်းပန်း**



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မြတ်
(ကလေး)

# ပူဇာသဂါထာအင်း

## အစီအရင်နှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ

ဤအစီအရင်ကို ရေစကြိုမြို့ရှိ ဘုန်းတော်ကြီးတစ်ပါးထံမှ ကိုအောင်ကျော် ရရှိခဲ့သော အင်းသောက်ဆေး အစီအရင် ဖြစ်ပါသည်။

ကိုအောင်ကျော်သည် ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်တွင် နေထိုင်ပြီး ဆေး၊ အင်းအတတ်ပညာများကို ဝါသနာအလျောက် လေ့လာလိုက်စား နေသူ ဖြစ်သည်။ သူကဲ့သို့ ဝါသနာပါသူများမှာ (၇)ယောက်၊ (၈)ယောက်ခန့်ရှိ၍ ကိုကြည်သန်းနှင့် ကိုအုန်းမြင့် ဆိုသူတို့မှာ ကိုအောင်ကျော်နှင့် အမြဲ လက်တွဲဖော်များ ဖြစ်ကြသည်။

သူတို့သည် ဤအစီအရင်ကို မပြုမီ ကာလ အတော်ကြာကပင် တောင်ဖီလာတောရကျောင်း၌ သုံးနှစ်ဆက်တိုက် ကထိန်ခင်းခြင်းကို ပြုလုပ်ခဲ့ကြ၍ ကထိန်အလှူငွေမှ ပိုလျှံသော ငွေများကိုလည်း တောင်ဖီလာဘုန်းတော်ကြီးကျောင်း ပြုပြင်ခြင်း၊ နှစ်ထပ်ရေလောင်းအိမ်သာ ဆောက်လုပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့သို့ ရောက်တိုင်း တောင်ဖီလာတောင်ပေါ်ဘုရား၌ ဆီမီးတစ်ထောင်ပူဇော်ပွဲများ ပြုလုပ်ခဲ့ကြသည်မှာ (၁၁)ကြိမ်မြောက်အထိ ရှိခဲ့သည်။

ဤနေရာ၌ သူတို့ ပြုလုပ်သည့် ဆီမီးတစ်ထောင် ပူဇော်ပွဲမှာ အများနှင့် မတူ တစ်မူထူးခြား ဆောင်ရွက်သည်ကို တွေ့ရှိရသည်။ သူတို့ ပြုလုပ်သော ဆီမီးတစ်ထောင်ပွဲတွင်...

၁။ ဆီမီးတစ်ထောင်ကို တောင်အနှံ့ ဘုရားဝန်းကျင်တစ်ခွင်လုံး ထွန်းညှိ ပူဇော်ခြင်း၊

၂။ ဆွမ်းတစ်ထောင် ကပ်လှူခြင်း ပြုရာတွင် ဆွမ်းကို ဟင်းစားဖွန်းချင်တွယ်၍ ဇလုံကြီးတစ်လုံးဖြင့် ဆက်ကပ်လှူဒါန်းနိုင်ခြင်း၊

၃။ အမွှေးတိုင်တစ်ထောင် ကပ်လှူရာတွင် ငှက်ပျောလက်များကို အသုံးပြု၍ ဘုရားဝန်းကျင်အနှံ့ ထားရှိကာ ပူဇော်ခြင်း၊

၄။ ရေတော်တစ်ထောင် ကပ်လှူရာတွင် ငှက်ပျောလက်များကို အသုံးပြု၍ ဘုရားဝန်းကျင်အနှံ့ ထားရှိကာ ပူဇော်ခြင်း၊

၅။ ပန်းပွင့်တစ်ထောင် ပူဇော်ရာတွင် ဆန့်လောက်သည့် မြေအိုးကြီး တစ်လုံးတွင် ပန်းများကို ညှောင်[illegible] အိုး ထိုးသကဲ့သို့ထည့်ကာ လှူဒါန်း[illegible] ခြင်းဆိုသည့်(ဆွမ်း၊ ဆီမီး၊ [illegible] ရေချမ်း၊ အမွှေးတိုင်) လှူဖွယ်[illegible] မျိုး တစ်ထောင်ကျစီပါအောင်[illegible] ဆောင်ရွက်ကြခြင်းဖြစ်သည်။

အထက်ခေါင်းစည်းပါ အစီအရင်[illegible] အရေးကြီးသော ကန့်သတ်ချက်[illegible] ရှိပါသည်။ ယင်းတို့မှာ...

၁။ အစီအရင်ကို **သီတင်းကျွတ်လပြည့်နေ့ (သို့မဟုတ်) တန်ဆောင်မုန်းလပြည့်နေ့များ**[illegible]သော [illegible] လုပ်နိုင်ခြင်း၊

www.burmeseclassic.com

၂။ အစီအရင် ပြုရာတွင် ပါဝင်သူများသည် **ရှစ်ပါးသီလကို** ခံယူဆောက်တည်ရသည်။

၃။ ဘုရားပွဲအဖြစ် **အုန်း၊ ငှက်ပျောပွဲ တစ်ပွဲ** ပါရသည်။

၄။ **သာသနာစောင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအတွက်** ငှက်ပျောပွဲ တစ်ပွဲ ရပါသည်။

၅။ **ရှေးဟောင်းတောသိမ် တောင်သိမ်**များတွင်သာ ပြုရသည်။

၆။ **ဖုဋ္ဌသအင်းကွက်ချခြင်း**ကို အင်းသောက်မည့်သူ နေ့သားအရေအတွက်အလိုက် ပြု၍ တစ်ဦးစီ၏ ရှေ့တွင် ပန်းကန်တစ်ချပ်စီဖြင့် ချထားသည်။

၇။ အင်းအစီအရီတွင် **(ဂါထာတစ်ထောင်)စုပ်ရ(ရွတ်ရမည့်) ဂါထာ**ကို အင်းသောက်မည့်သူများက ရရှိပြီး ကိုယ်တိုင်ရွတ်ရမည်။

အစီအရင် ပြီးဆုံးက လိုရာဆုတောင်း၍ အင်းကို ပြာချပြီး ဘုရားသောက်တော်ရေနှင့် သောက်ကြရသည်။

---

ထူးခြားသော

အကြောင်းတရားနှင့် တွေ့ရခြင်း

---

ကိုအောင်ကျော်တို့ (၃)ယောက်သည် တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင် ပူဇော်ပွဲရက်တွင် အထက်ပါဆေး အစီအရင်ကို ပြုရန် ကြိုတင်စီမံထားကြသည်။ လပြည့်မတိုင်မီ အဖိတ်နေ့ကတည်းက အကြိုဥပုသ်စောင့်၍ ပစ္စည်းအစုံနှင့် တောင်ဖီလာ သိမ်ကျောင်းသို့ ရောက်ကြသည်။

နောက်နေ့တွင် လှူဒါန်းပြုလုပ်မည့် အစီရင်ပါ ပစ္စည်းများကိုလည်း သိမ်ကျောင်းဘုရားရှေ့တွင် ကြိုတင်ပြင်ဆင်ထားကြသည်။

ထိုနေ့ညက နေဝင်သည်နှင့် ဆီမီး၊ ဖယောင်း၊ အမွှေးတိုင်များကို ထွန်းညှိ၍ ကိုအောင်ကျော်၊ ကိုကြည်သန်း၊ ကိုအုန်းမြင့်တို့ ဘုရားဝတ်ပြုကြရာ၌ ကိုအောင်ကျော်မှ ဦးဆောင်ပြီး **"နမောတဿ"** သုံးကြိမ်ရွတ်ဆို၍ ဘုရားပင့်ကို စတင်လိုက်သည်နှင့် မိမိတို့ ဘုရားဝတ်ပြုရာ၌ သိမ်၏ အနောက်ဘက်ရှိ ညောင်ပင်ကြီးဆီမှ(ဟီး... ဟီး... ဟီး)ဟူသော အသံနက်ကြီးမှာ တစ်တောလုံး မြည်အောင် ဟိန်းပြီး တောင်ကြောတစ်လျှောက် အနောက်ဘက်ဆီသို့ ပြေးသွားသည်ကို ကြားလိုက်ကြရသည်။

ထို့နောက် ဘုရားဝတ်ပြုခြင်း၊ သီလကံထပ်ခြင်း၊ ပုတီးစိပ်ခြင်းများကို အေးဆေးစွာ ဆက်လက်ပြုလုပ်ကြသည်။

သူတို့သုံးဦးသည် ဤအစီအရင်မစမီ ဝါတွင်းကာလ ဥပုသ်ရက်တစ်ရက်ကလည်း ဤအတွေ့အကြုံမျိုး တွေ့ဖူးထား၍ ကြောက်ရွံ့စိုးထိတ်မှု တစ်စုံတစ်ရာ မရှိကြတော့ပါ။

ပထမတစ်ကြိမ် တွေ့စဉ်က သုံးယောက်သား ဘုရားဝတ်ပြုအပြီး၌ ဖယောင်းတိုင်(၁၀)တိုင် ထုပ်ကြီးမှ တစ်တိုင်ကို ဘုရားမီးပူဇော်လျက် ကိုအောင်ကျော်မှ...

'တို့သုံးဦး ဒီဖယောင်းတိုင် ကုန်အောင် ပုတီးစိပ်ကြမယ်။ မစိပ်နိုင်သူ အရှုံးပဲ။ စိပ်နိုင်သူကို ဆရာခေါ်တမ်း'

ဟု အလောင်းအစားပြုပြီး ပုတီးစိပ်ကြရာ ဖယောင်းတိုင်တစ်ဝက်ခန့် အရောက်တွင် သုံးဦးသား အကြားသို့ သိမ်ခေါင်မိုးအထက်မှ အထုပ်ကြီး တစ်ထုပ် ပြုတ်ကျလာသည့်အလား ဘုန်းခနဲ အသံကြီးကို ကြားရ၍ ပုတီးစိပ်ကိုရပ်ပြီး မျက်လုံးဖွင့်ကြည့်ကြရာ ဘာမှ မရှိသည်ကို တွေ့ရှိခဲ့ကြသည်။

သို့နှင့် သူ့နေရာ ကိုယ့်နေရာမှာပင် ပုတီးများ ပြန်စိပ်ပြီး မီးငြိမ်းလျှင် နောက်တစ်တိုင် ထွန်းညှိကာ ညလုံးပေါက် နိသဗ္ဗိကဓူတင်ဆောင်ကာ မေတ္တာအစ ဘာဝနာအဆုံး ရွတ်ပွားပြီး နေခဲ့ကြသဖြင့် ယခုအခါမှာတော့ သမာဓိအားနှင့် အကြောက်အလန့် မရှိကြတော့ပါ။

ဤသို့ဖြင့် နောက်နေ့တွင် ပြုလုပ်သော သီတင်းကျွတ်လပြည့်ည၏ အင်းစမအစီအရင်ကား အနှောင့်အယှက်မရှိ ပကတိအေးချမ်းမှု အပြည့်ဖြင့် အောင်မြင်ခဲ့ပါတော့သည်။

သို့ရာတွင် သူတို့သုံးဦး အစီအရင်ပြီး၍ အိမ်ပြန်ရန် အသင့်ဖြစ်နေချိန် နံနက်(၁၀)နာရီခန့် ဖြစ်မည်ထင်သည်။

'မောင်အုန်းမြင့် မင်းတို့ သုံးယောက်ထဲက ဆရာ ဘယ်သူလဲကွ'

'ဆရာလဲမရှိ တပည့်လဲ မရှိဘူး။ ခင်ဗျားက ဘာဖြစ်ချင်တာလဲ'

ကိုအုန်းမြင့်က ထိုသို့ မေးလာသူကို ပြန်ပြောလိုက်ရာ ထိုသူက ကိုအောင်ကျော်ကို လက်ညှိုးထိုး၍...

'မင်းက ဒီအဖွဲ့မှာ ဆရာကြီးပေါ့။ တော်တော် လက်စွမ်းပြချင်တဲ့ အကောင်ပဲ။ ငါ့အကြောင်း မင်းမသိသေးဘူးထင်တယ် အကြောင်းပြရသေးတာပေါ့'

'ပြလိုက်လေ အခုပြ၊ ခင်ဗျား ဘာပြမှာလဲ၊ ဒီတောင်မှာ ခင်ဗျား ဘာလုပ်ထားတာရှိလဲ၊ ဘာလှူထားတာရှိလဲ'

စသည်ဖြင့် အပြန်အလှန် စကားပြောကြရာ ကိုအောင်ကျော်၏ မနော စိတ်တွင် **"ဂုဏဝုတ္တိ၊ ဧရုဝုတ္တိ သတိထား၊ မှားမယ်"**ဟု သတိပေး



www.burmeseclassic.com

www.burmeseclassic.com

သံ ပေါ်လာသဖြင့် နှုတ်ပိတ်ကာ စကားနည်း ရန်စဲပြု၍ မိမိတို့ ပစ္စည်းများကို စက်ဘီးကိုယ်စီတင်ပြီး အိမ်ပြန်ခဲ့ကြသည်။

သို့သော် ကိုအောင်ကျော်တစ်ယောက် ထိုနေ့ နောက်ရက်မှစ၍ တစ်လခန့် ဖျားနာနေကြောင်း သိရှိရသည်။

## အခြား ထူးခြားဖြစ်စဉ်များ

ဆီမီးတစ်ထောင်ပူဇော်ပွဲတွင် နှစ်စဉ်လိုလို မီးထွန်းညှိချိန်၌ တောင်၏မြောက်ဘက်ရှိ လယ်ကွင်းပြင်ဆီမှ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် လာရောက်၍ ဆီမီးလှူသည်ကို တွေ့ရခြင်း...


ကထိန်ပွဲ ဆီမီးပွဲလှူတိုင်း အကျွေးအမွေး ပြုရာ၌ ပရိသတ် မည်မျှလာသည်ဖြစ်စေ အလိုမရှိ အပိုမရှိသည်ကို တွေ့ရခြင်းတို့အပြင် ကိုအုန်းမြင့်မှ...

'ကျွန်တော်တို့ သုံးယောက်စလုံး အင်းစမ အစီအရင် ပြီးကတည်းက စီးပွားတက်ကြတယ်။ ဘာအရင်းအနှီးမှ မရှိတဲ့ ကိုကြည်သန်းက ကုန်သည်ကြီးဖြစ်ပြီး တိုက်နဲ့ကားနဲ့ ဖြစ်သွားတယ်။ ကိုအောင်ကျော်လဲ စီးပွားရေး အဆင်ပြေတယ်။

အရင်က ကလေးမြို့နဲ့ တောင်ဖီလာ စက်ဘီးစီးသွားကြရတဲ့ ကျွန်တော်တို့ တစ်တွေ အခုတော့ ဆိုင်ကယ်ကိုယ်စီနဲ့ပေါ့။ ကျွန်တော့်အတွက် မှတ်မှတ်ရရ အသက်အန္တရာယ်က လွတ်တာ နှစ်ကြိမ် ကြုံဖူးတယ်ဗျ'

'ဟုတ်လား အဲဒီအကြောင်းလဲ ဆက်ပြောပါဦးဗျ'

စာရေးသူမှ ကိုအုန်းမြင့် ပြောပြနေသော စကားများတွင် ရှာန်ဝင်နေရာမှ ဆက်ပြောပြပေးရန် ခွင့်ပန်လိုက်သည်။



'ဒီလိုဗျ... ပထမတစ်ကြိမ်ကတော့ တောင်ဖီလာမှာ ဖြစ်တာပဲ။ သုံးယောက်သား ဝါတွင်းကာလ ဥပုသ်နေ့ ညနေပိုင်း ဥပုသ်စောင့်အပြန် စက်ဘီးကိုယ်စီနဲ့ ဂေါက်ကွင်းလမ်းက ပြန်ကြတယ်။ လူရှင်းတယ်ဆိုတော့ ရင်ပေါင်တန်းပြီး စီးလာကြတာပေါ့။

အဲဒီအချိန်မှာ ရှေ့တည့်တည့်ဆီက ရိုက်လွှတ်လိုက်တဲ့ ဂေါက်သီးတစ်လုံးဟာ ကျွန်တော့်မျက်နှာရှေ့တည့်တည့်ကို ဝင်လာတယ်။ သုံးယောက်စလုံးလဲ မြင်ရတယ်။ ဟာဆိုပြီး သုံးယောက်ပြိုင်အော်လိုက်ချိန်မှာတော့ ဂေါက်သီးဟာ မျက်နှာမှန်မည်ပြုပြီးခါမှ တစ်ယောက်ယောက်က လက်နဲ့ရိုက်ထုတ်ပစ်လိုက်သလို ဘေးဘက်ခပ်ဝေးဝေးကို လမ်းကြောင်းပြောင်းပြီး ပြေးထွက်သွားတယ်။

ဒါကို ဘေးနှစ်ယောက်က ကျွန်တော့်လက်နဲ့ ပုတ်လွှတ်တယ် ထင်ကြလို့ **"မင်း အတော်လျင်တာပဲ"** ပြောတာနဲ့ ကျွန်တော် ဘာမှ မလုပ်ရပါဘူးလို့ အတော်ပြောယူရတယ်။ အဲဒါက တစ်ကြိမ်ပေါ့'

'ခင်ဗျားဟာကလဲ သည်းထိတ်ရင်ဖိုကြီးပါလားဗျာ၊ အချိန်မီသာ ကယ်မယ့်သူ မရှိရင် မျက်စိလား၊ မျက်နှာလား၊ နဖူးပဲလား။ ကိုယ်ကအသွား၊ သူကအလာ ဆုံကြမှာဆိုတော့ ရမယ့်ဒဏ်ရာကလဲ ပြင်းမှာပဲ'

'ဟုတ်တာပေါ့ဗျာ၊ သူတော်ကောင်း နတ်ကောင်းမဆိုတဲ့စကား ရှိသကိုး
နောက်တစ်ကြိမ်ကတော့ ဒီထက်ဆိုး
တယ်။ မသေကောင်း မပျောက်ကောင်း
ပါပဲ။

'ကျွန်တော် ကလေးမြို့ရောက်ခါစ
က စီးပွားရေးအခြေအနေက မကောင်း
သေးဘူးပေါ့ဗျာ။ ဒါပေမယ့် အခု
လှူရေးတန်းရေးနဲ့ နိဗ္ဗာန်ဆော် အလု
တွေတော့ လုပ်နေပြီ။ အဲဒီအချိန်က
အခု မိန်းလမ်းကြီးဘေး ကလေး
ကားဂိတ်နားမှာ ပုံ့ကျွဲဈေးရောင်းတယ်

ရောင်းတဲ့ကုန်က ကားတာယာဖိနပ်
ပါ။ မုံရွာက သယ်ပြီး ကလေးမှာ ရောင်း
တယ်။ အဲဒီတုန်းက ကားတာယာဖိနပ်
ခေတ်စားတယ်။ လယ်သမား၊ အလုပ်
သမား၊ အလုပ်ကြမ်းသမားတွေ
အကြိုက် ပေါ့။

တစ်နေ့တော့ ဈေးရောင်းနေတုန်း
ဈေးဦးမပေါက်သေးမီ ဝယ်သူတစ်
ယောက် ရောက်လာပြီး ဖိနပ်
လက်ညှိုးထိုးပြီး ဈေးမေးတယ်
ကျွန်တော်က နှစ်ကျပ်ခွဲလို့ ပြောလိုက်
တယ်။ ဈေးဦးက မပေါက်သေး
အတတ်နိုင်ဆုံး မျက်နှာကို ချိုပြီး ပြော
တာပါပဲ။

ဒါပေမယ့် သူက ခင်ဗျား ဈေး

www.burmeseclassic.com

www.burmeseclassic.com

ဘာ ကြည့်ပြောပါ။ မလျှော့တော့ဘူး ဘားမေးတော့ ရောင်းဈေးပါခင်ဗျာ။ အမြတ်လဲ သိပ်မတင်ပါဘူး။ ဈေးဦး ဈေးဖျားမို့ အကြိုက်တွေ့ရင် ဝယ်စေ ချင်ပါတယ်။ လျှော့လဲ မရောင်းနိုင် ပါဘူးခင်ဗျာလို့လဲ ပြောလိုက်ရော ခင်ဗျား ကျုပ်ကို ဘယ်လိုကောင် ထင် သလဲ ပြောပြီး ထိုင်နေတဲ့ ကျွန်တော့် မျက်နှာကို သူ့ခြေထောက်နဲ့ လှမ်းကန် တယ်။

ကျွန်တော်လဲ ထိုင်ရာမှ ရှောင်ပြီး ထလိုက်တယ်ဆိုရင်ပဲ သူ့ခါးကြားမှာ အသင့်ပါလာတဲ့ ဓားမြှောင်နဲ့ ကျွန်တော့်ကို လိုမ့်ထိုးတော့တာပဲ။ ကျွန်တော် ဘယ်လိုက ဘယ်လို ရှောင် မိတယ်မသိဘူး။ ဘေးကလူတွေ ပြေးဝင်လာမှ ဓားထိုးရပ်ပြီး ပြန်ထွက် သွားတယ်။ စိတ်ထဲမှာတော့ အရှုံးလား မသိလို့ စိတ်မနှံ့သူတစ်ယောက်လို့ အောက်မေ့မိတယ်။

ဘေးက လူတွေက ဝိုင်းကြည့်ကြ ရင်းနဲ့ ကျွန်တော့်မှာ အဝတ်အစားတွေ စုတ်ပြတ်ပြီး ဒဏ်ရာအနာတရ ဘာမှ မရှိလို့ အံ့သြကြတယ်။ ပြီးတော့ လူတစ်ယောက်က ပြောတယ်။ အဲဒီ လူက မြို့ထွက် ရွာတစ်ရွာက သိုင်း သမားတဲ့၊ ကျွန်တော်လဲ သူ့အကြောင်း ကို အတော်စုံစမ်းပြီးမှ အမှုဖွင့်တိုင်ရ တယ်။ ကျွန်တော့်မှာသာ ပုဂ္ဂိုလ်ထူး တွေ မစောင့်ရှောက်ခဲ့ရင် အဲဒီနေ့က ပွဲချင်းပြီး သေနေ့လို့ အောက်မေ့မိ တယ်'

'ကံထူးလေစွ ကိုအုန်းမြင့်ရေ ခင်ဗျားကို ဒီနေ့ကစပြီး ကိုဘုန်းမြင့်လို့ ခေါ်တော့မယ်ဗျာ'

အင်းမစအစီအရင်တွင် ပါရှိသော ခေါက်ရေတစ်ထောင် စုတ်(ရွတ်)ရ သည့် ဂါထာမှာ...

ဖုဒ္ဓသ လောကဝမ္မေဟိ၊
စိတ္တံ့ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊
ဟူ၍ ဖြစ်၏။

**[ဖြစ်ရပ်မှန် ပြောပြသူ ကိုအုန်းမြင့် လေးအား အထူးကျေးဇူးတင် လျက်...]**

**သဗ္ဗေသတ္တာ ကမ္မသကာ**

**အောင်မြင့်မြတ်(*ကလေး*)**

# ဓာတ်လုံးအဆောင်

## အညစ်အကြေး ကင်းအောင်

ဝါသနာအရပဲဖြစ်ဖြစ်၊ အဆောင် သဘောမျိုးနဲ့ပဲဖြစ်ဖြစ် တချို့မှာ ဓာတ်လုံးအဆောင်များကို ဆောင်ဖြစ် ကြပါတယ်။

**"ဒီဓာတ်လုံးကိုဆောင်"**လို့ ပြော လို့သာ ဆောင်ရပေမယ့် ကြာလာလို့ ဓာတ်လုံးမှာ အညစ်အကြေးတွေ များ လာပြီး မသန့်စင်မှုတွေ ဖြစ်လာရင် ဘာလုပ်ရမှန်းမသိဘဲ ကြည့်မကောင်း အောင်ပင် ဖြစ်နေတတ်ပါတယ်။

ဒါကြောင့် ကျွန်တော့်ရထားတဲ့ နည်းကလေးကို ဖောက်သည်ချပါရ စေ။ နည်းကတော့ ဘာဓာတ်လုံးပဲ ဖြစ်ဖြစ် အညစ်အကြေးကင်းအောင် လုပ်တဲ့နည်းပါ။

ဒီနည်းကို ကိုယ်တိုင်လုပ်ပြီး အောင် မြင်နေတဲ့ ပေါင်းတည်က ဆရာတစ်ဦး က ပြောလိုက်တာပါ။

**နည်းကတော့...**

ဟင်းနုနယ်ဆူးပေါက်ပင်ကို ပြာချ ရက္ခမှု ဆားချက်ပါ။ ပြီးရင် လုံထဲကို ဓာတ်လုံး ထည့်ပါ။ ရက္ခမှုဆားထည့်ပါ။ ပြီးရင် ဖိုမှာ မီးထိုးပါ။ အရည်ပျော်လာတဲ့အထိ ထိုးပေး သွားပါလေ။

ဒါဆိုရင် အညစ်အကြေးတွေ ကင်း စင်သွားပါလိမ့်မယ်။ ပြီးမှ အအေးခံပြီး လုံထဲက မိမိ ဓာတ်လုံးကို ပြန်ယူပါ လေ။ လုံးဝ အညစ်အကြေး မရှိတော့ တဲ့ ဓာတ်လုံးကို ရပါလိမ့်မယ်။

ဓာတ်လုံးရဲ့ ပမာဏအရ...

လုံနံပါတ်ကို ရွေးချယ်ပါ။ မိမိ နားမလည်ရင် နားလည်သူကို ပြ၍ သုံးပါလေ။

**ဟင်းနုနယ်ဆူးပေါက်ပင် ဆို သည်မှာ ဝက်များအား ကျွေးသော**



**ဆူးပါတဲ့အပင်များဖြစ်ပြီး ပေါပါ တယ်။** လူခပ်များများကို မေးကြည့် ပါကလွယ်လင့်တကူသိနိုင်ပါကြောင်း...။

**စည်သူကျော်နိုင်**

www.burmeseclassic.com

အရသာရှိသည့်

# ကင်းပုစွန်

## သဲမဝါအောင် ပြုလုပ်နည်း

ကင်းပုစွန်သည် နီကြန်ကြန် ဝမ်းဗိုက်၊ ခြေချောင်းများနှင့် ကျောဘက်တွင် အဖြူ၊အနက်ကျား အစင်းအရစ်များပါရှိသည့် ပင်လယ်ပုစွန်တစ်မျိုးဖြစ်သည်။

ရေချိုပုစွန်ထက် အကောင်ကြီးကာ ဈေးသက်သာ၍ အရသာမှာလည်း လေးလေးပင်ပင်ရှိသည်။ သို့သော်ကြော်၊ ချက်စားသောအခါ သဲတရှပ်ရှပ်နှင့် ဖိမ်ပျက်လှသည်။

ထိုအကြောင်းကို အိမ်နီးချင်း မွန်တိုင်းရင်းသူ အဘွားအိုဒေါ်ပွင့်နှင့် စကားစပ်မိသောအခါ **"မနက်ဖြန်ကျရင် ဝယ်ထားနှင့်၊ သဲမရှပ်အောင် ငါ လုပ်ပေးမယ်"**ဟု ဆိုသဖြင့် ပုစွန်အစိတ်သားခန့်ဝယ်၍ သူ့ထံ ယူဆောင်သွားသည်။


ဒေါ်ပွင့်က အခွံခွာ၊ ခေါင်းချိုးကာ **ကျောဘက်နားရှိ အကြောမည်းမည်းကလေးကို အသာအယာ ဆွဲထုတ်ပစ်လိုက်သည်။**

'အဲဒါ သဲကြောပဲကွယ့်။ သဲမှုန်ကလေးတွေ စုနေတာ၊ ကျောကိုဓားနဲ့ ဟက်ပြီး ဆွဲထုတ်ရင်လဲ ရတယ်'

ဟု လည်း ရှင်းပြသည်။

ထိုအခါမှပင် ရာသီပေါ် ကင်းပုစွန်ဟင်းကို အရသာရှိစွာ ချက်ပြုတ်စားသောက်နိုင်လေတော့သည်။

**စောသိင်းလ**




ကင်းပုစွန်အရှိ.

ပုစွန်ကျောမှ သဲကြော



www.burmeseclassic.com

www.burmeseclassic.com



ထက်မြင့်ကျော်စွာ

◆ လဝန်းအဖိုပွင့်

ဖြန့်ဘေး ဟူသမျှကို တွန်းလှန်ကာကွယ်ပေးသည့်

# လဝန်းဗေဒင်နဲ့

‘ဟော အစ်ကိုကြီး ရန်ကုန်မှာနေတယ်ဆို။ ကျွန်တော်တို့ မတွေ့ရတာ နှစ်,နှစ်ဆယ်နီးပါးရှိရော့မယ်။ မကြာခဏတော့ သတိရပါတယ်။

‘ရန်ကုန်မှာရယ်လို့တော့ မဟုတ်ပါဘူး။ နယ်လှည့်တာဝန်နဲ့ဆိုတော့ နယ်တကာအနှံ့ သွားလာနေရတာပါပဲ။ မင်းကော အခု ကထိက ဆရာပဲလား’

‘အနားယူလိုက်ပြီ အစ်ကိုကြီး၊ ဆေးပင်စင်နဲ့ပါ။ ကြုံကြိုက်တုန်း မေးပါရစေ။ ကျွန်တော့်ညီ တင်မောင်ဦးကို မှတ်မိတယ် မဟုတ်လား’

‘မှတ်မိပါရဲ့၊ သဘော်သားလုပ်နေတယ်လို့ ကြားမိတယ်’

‘သူ သဘော်ကဆင်းပြီး စုဆောင်းရတာလေးနဲ့ ဘားအံမြို့မှာ အခြေချနေတယ်။ အစပိုင်းမှာ မဆိုးပေမယ့် အခုတလော ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကအစ နည်းနည်းချျချာပြီး အတိုက်အခံတွေ ကြုံနေရတယ်။


နက္ခတ်ဆရာတွေက ဂြိုဟ်အစီးအနင်းကြောင့် မကောင်းတဲ့ ထူလ၊ အန္တရဒသာတွင်း ရောက်နေလို့တဲ့။ ဂမုန်းဝါသနာပါလို့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းက ထူးခြားသစ်ပင် ဆောင်းပါးတွေကို ရွေးပြီး သူ့ကွန်ပျူတာထဲမှာ ထည့်ထားတယ်။ ဂမုန်းပေါင်းချုပ်စာအုပ်တွေလဲ ထွက်တိုင်းစုတယ်။

“ဂမုန်းသုတေသီ”ဆိုသူ တစ်ယောက်က လဝန်းဂမုန်း အစိုက်မှားလို့ ဖြစ်ရတယ်ဆိုတယ်။ ဒါကြောင့် အစ်ကိုကြီးနဲ့တွေ့ရင် လဝန်းဂမုန်း အစိုက်မှားလို့ဖြစ်ရတယ် ဆိုတယ်။ ဒါကြောင့် အစ်ကိုကြီးနဲ့တွေ့ရင် လဝန်းဂမုန်း အစီအစဉ်မှန်အောင် စိုက်ပျိုးနည်း မေးပေးပါတဲ့။

‘လဝန်းဂမုန်းက တန်ပြန်ကောင်းတာပဲ။ အတိုက်အခံရှိရင်တောင် သူ့အလုပ်က သူ့ဆီ ပြန်သွားတယ်။ လဝန်းဂမုန်း အစိုက်မှားလို့ ဒုက္ခရောက်တာတော့ မကြားမိဘူး။ ကောင်းကျိုးကို မခံစားရရုံဘဲရှိမယ်။ ဆိုးကျိုး မပေးပါဘူး’

‘ဟုတ်ကဲ့။ အခု အခြေအနေက သူ့အတိတ်ကံအရ ညံ့တဲ့အခိုင်း ရောက်နေလို့ ဖြစ်နိုင်ပါတယ်။ ကောင်းကျိုးခံစားရအောင် ဘယ်လိုစိုက်ပျိုးရ

www.burmeseclassic.com





◀ လဝန်းအဖွင့်

ယှဉ်တွဲရိုက်ပြထားသည့်
လဝန်းအပိုးနှင့် အပင်များ ▶

တယ်ဆိုတာ ပြောပြပါဦး’

‘ဘုရားကျောင်းမှာ စာဆွဲဗေဒင်မေး ကြည့်တော့ ဟောစာတမ်းက တရုတ်စာ ဖြစ်နေတယ်။ ဘုရားကျောင်း တာဝန်ခံက ရှင်းပြပါတယ်။ “**အားလုံး အဆင်သင့်ဖြစ်နေပြီ။ လေတိုက်ဖို့ပဲ လိုပါတော့တယ်**”တဲ့ တိုက်ရိုက် အဓိပ္ပာယ်ဖြစ်နေတယ်။ ဘယ်လို ကောက်ချက်ချရမှန်း မသိဘူး’

ဒါက ရှေးတရုတ်နိုင်ငံ စစ်သူကြီး များခေတ်ကာလက “**နာမည်ကျော် စစ်သူကြီးဆောင်ဆောင်း**”ပြောခဲ့တဲ့ စကားပဲ။ ရန်သူက မြစ်ညာမှာ အင်အား လဲ ပိုများတယ်။ ဒါကို နိုင်အောင်တိုက် ဖို့ ပရိယာယ်ဆင်ရတယ်။

ကောက်ရိုးတွေနဲ့ စစ်သည်အတု လုပ်ပြီး လေအဆန်မှာ မီးရှို့လွှတ် လိုက်ရင် နိုင်ခြေရှိတယ်။ ယခုအားလုံး ပြင်ဆင်ပြီးနေပြီ။ လေဆန်ကို စောင့် နေချိန် စိုးရိမ်စိတ်ကြီးပြီး တစ်ခုခု မလုပ် မိဖို့ အရေးကြီးတယ်။ စောင့်နေရုံ ကလွဲပြီး ဘာမှ မတတ်နိုင်ဘူး။ မကြာ ခင် လေဆန်တိုက်လာတော့မှ ညီညီ ညာညာ လှုပ်ရှားရမယ်။

ဗေဒင်ဟောကိန်း အလိုအရတော့ “**သည်းခံပြီးစောင့်ပါ။ မကြာခင် ကောင်းလာတော့မယ်**”လို့ အားပေး တာပါ။

ကဲ ဂမုန်းအကြောင်း ဆက်ကြစို့။ ဂမုန်းလဝန်းက တန်ပြန်ဂမုန်း(၆)မျိုးထဲ မှာပါတယ်။

(ဒ/က)တန်ပြန်ဂမုန်း(၆)မျိုး

၁။ **ရစ်ဂမုန်း** ။ ။ အနီရောင် သန်း… အရွက်ပေါ်မှာ ပြာစိမ်းစိမ်း အရော… အညှင်းအပြောက် အစင်းကလေ… တွေ ပါတတ်တယ်။ အပင်ပုံသဏ္ဌာ… က နှန်းပင်နဲ့ တူတယ်။

၂။ **ဂမုန်းလဝန်း** ။ ။ ခတ္တာပင်… တယ်။ အပင်ရင်း နီကြ… အမြစ်ဥက ကြက်သွန်… ကို လုံး… တယ်။ အဖိုအမ နှစ်မျိုးရှိပြီး အ…





www.burmeseclassic.com

www.burmeseclassic.com

ရွက်က ရှည်တယ်။ အမရွက်က ဝိုင်းတယ်။

၃။ **ဂမုန်းရန်မီး** ။ ။ ကွင်းထိုးခတ္တာရွက်နဲ့တူတယ်။ အပင်မကြီးကို အပင်ငယ်တွေ ဝန်းရံပြီး ပေါက်တတ်တယ်။

၄။ **ဂမုန်းလက်ဆက်** ။ ။ ဂမုန်းသံဆက်၊ ဂမုန်းလက်ယှက်၊ ကွင်းထိုးဂမုန်း စသည်ဖြင့်လည်း ခေါ်ကြတယ်။ ကွင်းထိုးရင် ငွေစုမိတယ်လို့ ယူဆကြတယ်။

၅။ **ဂမုန်းကြက်ညွှတ်** ။ ။ စပါးလင်ရွက်နဲ့တူတယ်။ ဂမုန်းကြက်လာ ဂမုန်းကျက်သရေလို့လဲ ခေါ်ကြတယ်။

၆။ **ဂမုန်းဂေါ်သဇင်** ။ ။ နေအိမ်တွေမှာ အလှစိုက်ကြတဲ့ ဂေါ်သဇင်ပန်းပါပဲ။

---

လဝန်းဂမုန်း

---

တန်ပြန်ဂမုန်း(၆)မျိုးထဲမှာ ဖိုမတွဲလျက်နေတာ လဝန်းဂမုန်းတစ်မျိုးပဲရှိတယ်။ လဝန်းဂမုန်းအဖိုကို **နေဝန်းဂမုန်း**လို့လဲ ခေါ်ကြတယ်။

စိုက်ပျိုးရာမှာ **ဖိုမရောနှောပြီး စိုက်ပျိုးတာ ပိုကောင်းတယ်။** ဖိုနဲ့မ ပေါင်းစည်းခြင်းအားဖြင့် တိုးပွားခြင်း လက္ခဏာကို ဆောင်တယ်။

အရွက်ပုံစံ မတူကြပေမယ့် အပွင့်ပုံစံဆင်တူတယ်။ ရိုးတံထွက်ပြီး သုံး,လေးပွင့် ဖူးပွင့်ကြတယ်။ အမပွင့်က အနွမ်းမြန်တယ်။ ဒါကြောင့် ပွင့်ဖတ်နားတွန့်လိပ်နေတဲ့ ပုံစံနဲ့ အတွေ့အမြင်များတယ်။

ခြံမြေမှာ မြေမရှိရင်လဲ ပန်းအိုးထဲမှာ ဖိုမနှစ်မျိုးကို ရောစိုက်ထားပြီး နံ့သာငါးပါးရည်ကို ဂါထာစုတ် နေ့စဉ်လောင်းပေးရတယ်။

'နံ့သာငါးပါး ဆိုတာကို ရှင်းပြပါဦး အစ်ကိုကြီး'

**နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ ကရမက်၊ တောင်တန်ကတိုး ငါးမျိုးပေါင်းအရည်ပါ။** ငါးမျိုး မစုံရင်တောင်မှ အနည်းဆုံး နှစ်မျိုးရှိသင့်ပါတယ်။ နံ့သာရည်ကို စုတ်ရမယ့်ဂါထာက **စီးပွားတိုးတက်ဖို့ဆိုရင်...**

'ဥုံ အာဂစ္ဆဟိ တိဝတ္တမ္ဘော သောဟ္တ္တိ'
(၃၇-ခုစ်)

**(အုံ အာဂစ်ဆဟိ တိဝတ်တပ်ဘော အေသာညတ်ထိ)**

**တန်ပြန်အတွက်ရင်...**

'ဥုံ ဂစ္ဆ အမ္ဘုမ္မိသြကာသေ တိဌာတိ သောဟ္တ္တိ'(၃၇-ခုစ်)

**(အုံ ဂစ်ဆ အမ်မှုံမိ အောကာ သေတိတ်ထာဟိအေသာညတ်ထိ)**

'ကျွန်တော် သတိရလာပြီ။ ကျွန်တော် ကိုရင်ဘဝ အစ်ကိုကြီးက ဦးပဥ္စင်းဘဝနဲ့ ဘုရားကြီးကျောင်း ဆရာတော် ဦးပညာဒီပဆီမှာ သင်ခဲ့ရတဲ့ ဂါထာတွေပဲ'

'အေး မှတ်မိလာပြီပဲ။ ကျန်တာတွေ သိရောပေါ့'

'အာ မလုပ်ပါနဲ့ ဒါလေးပဲ မှတ်မိတာပါ။ **အင်း ခံပြီး** စိုက်ရင် ပိုကောင်းတယ်လို့ သိတယ်။ အင်းရေးတာ မေ့သွားပြီ။ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပေးပါဗျာ'

**မိတ်ဂြိုဟ်အင်း**လို့ ခေါ်တယ်။ ကျောက်သင်ပုန်းဖြစ်စေ အုတ်ကြွပ်အုတ်ချပ် ဒါမှမဟုတ်တော့ ကျောက်ပျဉ် (တောတွင်း၌ တွေ့ရသော မျက်နှာပြင်ညီကျောက်ပြား)မှာဖြစ်စေ အင်းချရတယ်'

* * * ——————→

အင်းအပြင်ပတ်လည်တွင် **အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း** ဂြိုဟ်တွဲများ၊ ရထားသွား အစဉ်အတိုင်း တစ်ပတ်ပြည့်အောင် ရေးသွင်းထား၏။ အတွင်း၌...

'ဖုဒ္ဓသ လောကမေ့မှိ စိတ္တံ ယသသန ကမ္ပတိ'

(၁၆)လုံးကို မြင်းသွားရေးသွင်းထား၏။

အလွယ်ဗဟိုတွင် စိုက်ပျိုးသူ အိမ်ထောင်ဦးစီး၏ မွေးနံဖြည့်သွင်းရန် ဖြစ်သည်။

အင်းရေးဆွဲရာတွင် သတိပြုရန်မှာ **နေကို ကျောမခိုင်းရန် ဖြစ်သည်။** ဆိုလိုသည်ကား နံနက်ပိုင်းဖြစ်က အရှေ့အရပ်သို့ မျက်နှာမူ၍ **မွန်းလွဲညနေပိုင်းဖြစ်က** အနောက်အရပ်သို့ မျက်နှာမူ၍ ရေးဆွဲဖြည့်သွင်းရန် ဖြစ်သည်။

ဂဏန်းခြေများကို အင်းသချာဖြင့်

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ဖု စိ | လော၊ သ | မွေ့ မှ | ၂၄ |
| ၃၆ | ဓ၊ က | နံ | ဒ္ဓ တ္တံ | ၃၆ |
| ၂၄ | သ၊ ယ | ဟိ၊ တိ | က၊ န | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

မိတ်ဂြိုဟ်အင်း

| | | | | |
|---|---|---|---|---|
| အောင်ပွဲ | ကုလား | ဆွေသား | တော်ရင်း | အောင်ပ |
| တော်ရင်း | ၁၊ ၉ | ၄ ၁၂ | ၇၊ ၁၅ | ကုလား |
| ဆွေသား | ၆၊ ၁၄ | နံ | ၂ ၁၀ | ဆွေသား |
| ကုလား | ၃၊ ၁၁ | ၈၊ ၁၆ | ၅၊ ၁၃ | တော်ရင်း |
| အောင်ပ | တော်ရင်း | ဆွေသား | ကုလား | အောင်ပ |

အင်းဆန့်သွင်းပုံ



www.burmeseclassic.com

www.burmeseclassic.com

လည်း (ရေးသွင်းလိုက) ရေးသွင်းနိုင်ကြောင်း ဆရာတော်ကြီးက မိန့်တော်မူခဲ့သည်။

ထိုအင်းကို အောက်တွင်ခံ၍ လဝန်း ဂမုန်း ဖို့မည်များ အထက်၌တင်၊ မြေဖို့ကာ ဆိုင်ရာဂါထာ စုတ်ထားသော နံ့သာရည် ပက်ဖျန်းရသည်။

အတိုက်အခိုက် ရန်ပြေပျောက်ခြင်း စီးပွားလာဘ်လာဘ တိုးတက်ပွားများခြင်း နှစ်ခုစလုံး အလိုရှိပါက ဂါထာနှစ်ပုဒ်စလုံးကို (၃၇)အုပ်စီ စုတ်၍ လောင်းပေးရန်ဖြစ်သည်။

**'တန်ပြန်ဆိုတာက** မှန်မှာ ပုံရိပ်ထင်သလိုပါပဲ။ မှန်ကိုကြည့်ရင် ကြည့်သူရဲ့ပုံရိပ် ထင်တယ်။ မကောင်းကြံထားရင် မကောင်းတာ ပြန်ပြီးခံစားရမယ်။ ကောင်းတာဆိုရင်လဲ ကောင်းတာ ပြန်ရမှာပဲ။ မိမိ လုံ့လဥဿဟ မလိုဘူး။ သူပြုသမျှ သူခံရတာ။

မိမိက မှန်လိုပဲ မှန်မှန်ကန်ကန် ကျင့်ကြံနေထိုင်ပါ။ ရန်တုံ့မမူနဲ့။ ခမာဂုဏ်နဲ့ နေရမယ်။ **ခမာဂုဏ်ဆိုတာ ဘာလုပ်လုပ် သည်းခံတဲ့ ခန္တီနဲ့ မတူဘူး။** ရန်စပွားမယ့် အရိပ်အယောင်မြင်ရရင် ကြိုတင် ရှောင်လွှဲသွားတာမျိုးပါ။

စစ်ကိုင်းတောင်မှာ အရှေ့ အနောက် ပရက္ကမဆရာတော် နှစ်ပါးဟာ ရဟန္တာဆိုပြီး လူတွေ ကြည်ညိုဆည်းကပ်ကြတယ်။ ရဟန်းထူး ပုဂ္ဂိုလ်ထူးတွေပါပဲ။ အနောက်ပရက္ကမ ဆရာတော် ပျံတော်မူသွားတဲ့အခါ တစ်ပါးတည်း ကျန်တဲ့ အရှေ့ပရက္ကမဆရာတော်က ပိုပြီး တန်ခိုးကြီးလာတယ်။ ကြည်ညိုဆည်းကပ်သူ ပိုများလာတာကို ပြောတာပါ။

အဲဒီတော့ အနောက်ပရက္ကမချောင်က ခန်းနေဦးပဥ္စင်းတစ်ပါး မရှုဆိတ်နိုင်ဘူး။ အရှေ့ပရက္ကမဆရာတော်ကို သွားပုပ်လေလွင့် ပြောဆိုရေးသားလာတယ်။ ဒီအခါ ဆရာတော်ကြီးက တုံ့ပြန် ဖြေရှင်းခြင်းမပြုဘဲ စစ်ကိုင်းတောင်ခြေ ကန္နီကွေ့နားက ရွာလေးထဲကျောင်းကို ပြောင်းပြီး သီတင်းသုံးတယ်။

ရန်စပွားပြီး ကြီးထွားလာမှာကို ရှောင်လွှဲတာပဲ။ ဒါကို ခမာဂုဏ်နဲ့ ပြည့်စုံတယ်လို့ ခေါ်ကြောင်း မယ်တော်ကြီး ဒေါ်သုမင်္ဂလ ရှင်းပြဖူးပါတယ်။

'ကဲ တင်မောင်ဦးကို ပြောပြလိုက်ပါ။ ဒီအတိုင်း စီရင်စိုက်ပျိုးပြီး နံ့သာရည် နေ့စဉ် လောင်းပေးပါ။ ကိုယ့်စရဏာနဲ့ကိုယ် မှန်မှန် ကန်ကန် ကျင့်ကြံနေထိုင်သွားပါ။ လဝန်း ဖို့မအပွင့်တွေ ပြိုင်တူ ဖူးပွင့်လာတဲ့အခါ ကောင်းကျိုးအဖြာဖြာကို ခံစားရပါလိမ့်မယ်

(ထက်မင်းကျော်စွာ)

### စာမျက်နှာ (၁၅၇)မှ အဆက်

**လက္ခဏာပဓာနဲ့ အခြေများ**


**၁။ ပညာရေးမှာ ဘွဲ့လွန် ရရှိနိုင်သည်။**

အဘယ်ကြောင့်ဆိုသော်...

ပညာရေးနှင့် ပတ်သက်သော ဉာဏ်လမ်းကြောင်း ရှည်လျားပြီး လမ်းကြောင်းပေါ်မှာ **တြိဂံပုံ သင်္ကေတများ** ရှိခြင်း၊ လမ်းကြောင်းအဆုံးမှာ **ကြာဖူးပုံရှိခြင်း**တို့ကြောင့် ပညာဉာဏ် ထူးချွန်ခြင်း၊ ဘွဲ့ထူး ဂုဏ်ထူးများစွာ ရရှိခြင်း ဖြစ်စေနိုင်သည်။

**'က' အကွရာ။**

* * *





**၂။ အိမ်ထောင်ရေး ကံကောင်း နိုင်သည်။**

အဘယ်ကြောင့်ဆိုသော်...

**နှလုံးလမ်းကြောင်း အဖျား ခက်ရင်းသုံးခွပုံ ထင်ရှားလှပနေခြင်းကြောင့်** ဖြစ်သည်။ ခင်ပွန်းကောင်းရပြီး သာယာပျော်ရွှင် ခိုင်မြဲသော အိမ်ထောင်ရေးဘဝ တည်ဆောက်နိုင်လိမ့်မည်။ **"ခ"အကွရာ**

* * *





**၃။ နိုင်ငံခြား သွားရောက် ပညာသင် ရကိန်း ရှိပါသည်။**

အဘယ်ကြောင့်ဆိုသော်...

အသက်လမ်းကြောင်း အောက်ခြေမှာ နိုင်ငံခြားခရီးလမ်း ထင်ရှားရှိခြင်း၊ နိုင်ငံခြားနှင့်ပတ်သက်သော တနင်္ဂနွေဂြိုဟ်ခုံမှ စတက်သည့် ကံလမ်းကြောင်းမှာ ပညာရေးနှင့် ပတ်သက်သော ဉာဏ်လမ်းကြောင်းနှင့် သွားရောက်ထိတွေ့ ပူပေါင်းနေခြင်းတို့ကြောင့် ဖြစ်သည်။

**"ဂ" အကွရာ နှင့် 'ဃ' အကွရာ**


* * *




**၄။ ကိုယ်ပိုင် တိုက်တာ၊ ယာဉ်ကား ပြည့်စုံပိုင်ဆိုင် ရနိုင်သည်။**

အဘယ်ကြောင့်ဆိုသော်...

နှလုံးလမ်းကြောင်းနှင့် ဉာဏ်လမ်းကြားစတုဂံလွင်ပြင်မှာ **ဗိမာန်သင်္ကေတ (စတုဂံကွက်)များ ထင်ရှားရှိခြင်းကြောင့်** ဖြစ်သည်။ **'င' အကွရာ။**




* * *

ထိုသင်္ကေတများမှာ ကိုယ်ပိုင်တိုက်တာ၊ ယာဉ်ကား၊ မြေကွက်ကျယ်များစွာ ပိုင်ဆိုင်ပြည့်စုံနိုင်ပြီး ကျောင်း ဇရပ်၊ သိမ်၊ ဓမ္မာရုံစသည်ဖြင့် သာသနာ့အဆောက်အအုံများလည်း ဆောက်လုပ် လှူဒါန်းနိုင်မည်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ၊*
*အောင်မြင်ကျော်ကြား ချမ်းသာကြွယ်ဝ ပွားအောင်...*

**ဆရာကြီး ဦးအောင်မြင့်**
(ဥပဒေသ)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

ဘယ်လက်ဖဝါးပုံစံ


အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်သုံးဆယ်ကျော် မန္တလေးဇာတိ အမျိုးသမီး** ဖြစ်ပါသည်။

လက်ဖဝါးပြင်ကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ပညာရေးမှာ ဘွဲ့လွန် ရရှိနိုင်ပါသလား။
၂။ အိမ်ထောင်ရေး ကံကောင်းနိုင်ပါသလား။
၃။ နိုင်ငံခြား သွားရောက် ပညာသင်ရကိန်း ရှိပါသလား။
၄။ ကိုယ်ပိုင် တိုက်တာ ယာဉ်ကား ပြည့်စုံ ပိုင်ဆိုင် ရနိုင်သလား။




မိမိတို့၏ အဖြေကို သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေနှင့် ညှိနှိုင်းတိုက်ဆိုင်ကြပါရန် တိုက်တွန်း အပ်ပါသည်။

ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၅၆ )တွင် ကြည့်ရှုပါရန်။

www.burmeseclassic.com

# သင်္ကေတများ၏

ဟုလွင်ဖြိုး

ဘာသာစကား ( ၄၀ )



### ရွှံ့ဗွက်

လောကကြီးရှိ သက်ရှိသက်မဲ့ အရာအားလုံးကို လက်ခံရန် အသင့်ရှိနေသော မဟာပထဝီမြေကြီး၏ အပေါင်းအစု ပုံသဏ္ဌာန်တစ်ခုဖြစ်သော ရွှံ့ဗွက်သည် အရာရာတိုင်း၏ ပြောင်းလဲဖြစ်တည်မှုအတွက် အလယ်အလတ် အခြေအနေကို ညွှန်ပြပေးသည်။

ရွှံ့ဗွက်သည်ကား အလှည့်အပြောင်းနှင့် လက်ခံလွှဲပြောင်းပေးခြင်း၏ သင်္ကေတဖြစ်ပေသည်။

ခန္ဓာဗေဒဖြစ်စဉ်၊ ဇီဝဗေဒဖြစ်စဉ်နှင့် ပြောင်းလဲဖြစ်တည်မှု ဖြစ်စဉ်များတွင် အခြေခံကျသော လိုအပ်ချက်တစ်ရပ် အဖြစ်လည်း တင်စား ရည်ညွှန်းတတ်ကြသည်။

အင်္ဂလိပ်စာပေတွင် Muddleသည် ဖရိုဖရဲ၊ ကမောက်ကမဖြစ်ခြင်း၊ ရောနှော ရှုပ်ထွေးခြင်းဟု အနက်ဖွင့်၍ Muddledသည် **"မပြတ်မသား၊ မရေမရာသော"**ဟူသည့် နာမဝိသေသန အဖြစ်လည်းကောင်း၊ Muddy**(ရွှံ့ဗွက်ထူသော)**ကို စိတ်ရှုပ်စရာဟူ၍ လည်းကောင်း အနက်ဆောင် သုံးနှုန်းကြလေသည်။

တရုတ်ဓလေ့တွင်ကား ရွှံ့ဗွက်ကို ပန်းရန်လုပ်ငန်းနှင့် တွဲဖက်၍ အမှတ်အသားပြုကြသည်။ ပန်းရန်ပညာကို Nǐ Gōng"နီကုန်း"(ရွှံ့အလုပ်)၊ သံလက်ကို Nǐ Gāo"နီတောင်း"(ရွှံ့မား)၊ ပန်းရန်ဆရာကို Nǐ Shǔi Jiàn နီးရွှေကျန့်(ရွှံ့ရေဆရာ) စသည်ဖြင့် ဝေါဟာရပြုသကဲ့သို့ Nǐ Shā Jù Xià **"နီရှားကျွီရှား" (ရွှံ့နှင့် သဲအားလုံးကျလာသည်။)**ဟုဆိုလျှင် အုတ်ရောရော ကျောက်ရောရော ဖြစ်နေခြင်းဟု ဆိုလို၍...

'ရွှံ့ရုပ်တု မြစ်ဖြတ်ကူးသလို၊ ကိုယ့်ကိုယ်ကိုယ် အရည်မပျော်အောင် အနိုင်နိုင် ထိန်းနေရသည်'

ဟူသော ဆိုရိုးမှာ...

'တောင်မင်းမြောက်မင်း မကယ်နိုင်၊ ကိုယ်မရှိ အမိတော်လည်း သားတော်ခဲ'

ဟု ဆိုလိုခြင်း ဖြစ်သည်။ အလားတူပင် **"သဲထဲရေသွန်"**ဟူသော မြန်မာ့စကားနှင့် ဆင်တူသော ဆိုရိုးတစ်ခုမှာ **"ရွှံ့နွား ပင်လယ်တွင်းဆင်းသည့်"** ဟူ၍ ဖြစ်လေသည်။

Nǐ Niú Rù Hǎi **"နီချိုင်းရုဟိုင်" (ရွှံ့နွားရုပ် ပင်လယ်တွင်းဆင်းသည်)**ဟူသော စကားသည် ဘယ်တော့မှ ပြန်မပေါ်နိုင်တော့သည်ဖြစ်ရာ **"စူဠလိပ် ရေထဲလွှတ်"** ဟူသော မြန်မာစကားနှင့်လည်း အဓိပ္ပာယ်ဆင်တူပါသည်။

### ဂီတပညာရှင်

ဂီတပညာရှင် (Musician)ဟူသော သင်္ကေတ၏ အသုံးများသော ယေဘုယျဖွင့်ဆိုချက်မှာ **"သေမင်း၏ ညို့ငင်အား"**ဟူ၍ ဖြစ်သည်။

ဂီတသည် မတူကွဲပြားခြားနားသော သဘာဝနှစ်ရပ်၊ ရုပ်ပိုင်းဆိုင်ရာ ဝေါဟာရနှစ်ခုနှင့် စိတ်စွမ်းအင်ဆိုင်ရာ ခန့်မှန်းရခက်ခဲသော နယ်ပယ်နှစ်ရပ်တို့အကြား ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားဖြစ်သည်။

သို့ဖြစ်လေရာ ဂီတကို ဖန်တီးသူ ဂီတပညာရှင်အားလည်း သဘာဝ နယ်ပယ်နှစ်ရပ်ဖြစ်သော အသက်ရှင်နေထိုင်မှုနယ်ပယ်နှင့် တမလွန်တို့အကြား ဆက်စပ်ပေးသူ၊ သေမင်း၏ ညို့ငင်အားအဖြစ် သင်္ကေတပြုကြခြင်း ဖြစ်သည်။

ရှေးဂရိလူမျိုးတို့၏ ဓလေ့တွင် သေမင်း၏ ညို့ငင်အားအဖြစ် "လူငယ်ဂီတပညာရှင်"တစ်ဦးပုံသဏ္ဌာန် သရုပ်ဖော်ခဲ့ကြလေသည်။

### မြူခိုး

ရေနှင့်လေတို့ ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာသည့် မြူခိုး၊ မြူနှင်းကို ဝေခွဲသတ်မှတ်ရခက်ခြင်း၊ ပုံဖော်ရန်ခက်ခဲခြင်း၏ သင်္ကေတအဖြစ် သုံးစွဲကြသည်။

**"မီးတောက်၏ မြူခိုး"**ဟု ဆိုပါက အစိုင်အခဲ၊ အငွေ့၊ အရည်ဖြင့်စင် အခြေအနေသုံးရပ်တို့ သတ်မှတ်၍ မရနိုင်အောင် ဖရိုဖရဲ ပရမ်းပတာဖြစ်နေကြောင်း ဖော်ညွှန်းခြင်းဖြစ်သည်။

**(မြန်မာ့ရေမြေတွင် ဆောင်းတွင်း မြေပြင်၊ တောင်တန်း စသည်တို့၌ ဆိုင်းနေသော ရေငွေ့၊ ရေမှုန်ထုကို**



www.burmeseclassic.com

www.burmeseclassic.com

**"မြူ"ဟုခေါ်၍ ပင်လယ်ပြင်၊ မြစ်ပြင်စသည့် ရေပြင်ထက်၌ ဆိုင်းဖွဲ့နေသည့် ရေငွေ့၊ ရေမှုန်အစုအဝေးကို "မှိုင်း"ဟု ခေါ်ဝေါ်၏။)**

ကျီးပေါင်း

အပင်တစ်ပင်၏ အထက်တွင် ထပ်ဆင့် ပေါက်ရောက်ရှင်သန်နေသော အပင်ငယ်တစ်မျိုးဖြစ်သည်။ **"ကျီးပေါင်း"**ပင်ဟု ခေါ်သကဲ့သို့ အချို့သော ဒေသများ **ဥပမာ**–(ချင်းတွင်းမြစ်အထက်ပိုင်းဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ)တွင် **"မစ်စယ်တိုး"** ဟု ခေါ်ဝေါ်တတ်ကြသည်။ Mistletoe ဟူသော အင်္ဂလိပ်ဝေါဟာရကို မွေးစားကာ မြန်မာမှုပြုထားခြင်း ဖြစ်သည်။

ကျီးပေါင်းပင်ကား မိသားစုဘဝ၏ မျိုးဆက်အမွေခံ တစ်ဖန် ရှင်သန်လာခြင်း၏ သင်္ကေတဖြစ်သည်။

ကျီးပေါင်းပင်သည် ပင်မသစ်ပင်၏ အကိုင်းအခက်တွင် မှီတွယ်ကာ မြေဆီဩဇာများ စုပ်ယူရှင်သန်ရသော ညှို့သည့်အပင်ဖြစ်ကာ ဤသို့သော သဘောသဘာဝရှိသောကြောင့် ပြန်လည်ရှင်သန်လာသော မျိုးဆက်၏ သင်္ကေတဟု ဖွင့်ဆိုကြခြင်းဖြစ်၏။

ပဋ္ဌလက်ပညာတွင်မူ **ကျီးပေါင်းပင်** (Mistletoe)သည် ဖုံးကွယ်မြှုပ်နှံထားသော ရတနာသိုက်များ ရှာဖွေရန်အတွက် အကူအပံ့စွမ်းအင်များ ပေးစွမ်းနိုင်သည့် ကာရကာသစ်ပင်ဖြစ်သည်ဆို၏။

အရှေ့တိုင်း တရုတ်ဓလေ့တွင် (槲寄生)Hú Jì Shāng **"ဟူကျိရှဲန်း"** ဟု ခေါ်၍ ထပ်ဆင့် မွေးဖွားရှင်သန်ခြင်း အနက်ဆောင်ပါသည်။

**(ကျီးပေါင်းပင်မှာ တရုတ်နှင့်**  **အနောက်တိုင်းဒေသများ၀က်သစ်ချပင်၌သာ ပေါက်ရောက်ရှင်သန်လေ့ရှိသော်လည်း မြန်မာ့ရေမြေတွင် မည်သည့်ပင်လတ်၊ ပင်ကြီးမျိုးမဆို၌ ပေါက်ရောက် ရှင်သန်နိုင်ကြသည်။**

**ကျီးပေါင်းပင်များအနက် ဝါးပင်၊ ကြိမ်ပင်၊ ငှက်ပျောပင်၊ ပိန်းပင်များကိုမူ ကျီးပေါင်းဟု မခေါ်ဘဲ ဝါးပျံ၊ ကြိမ်ပျံ၊ ငှက်ပျောပျံ၊ ပိန်းပျံဟု ခေါ်ဝေါ်ကြသည်။**

**ဝါးပျံနှင့် ကြိမ်ပျံကို လာဘ်လာဘ အရာ၌ အသုံးပြု၍ ငှက်ပျောပျံ၊ ပိန်းပျံတို့ကိုမူ တခုတ်တရ သုံးစွဲလေ့ မရှိကြသည်ကို တွေ့ရလေသည်။)**

မျောက်

မျောက်ကို အားအင်ပြည့်စုံ၍ ညို့မှောင်ခြင်း သို့မဟုတ် အငြိမ်မနေ၊ အစဉ်အမြဲ လှုပ်ရှားနေတတ်ခြင်း၏ သင်္ကေတအဖြစ် အသုံးပြုလေ့ရှိကြသည်။

မျောက်တွင် အရည်အချင်းနှစ်ခု ယှဉ်တွဲတည်ရှိ၏။ လက်တစ်ဖက်တွင် အငြိမ်မနေတတ်သော အကျင့်စရိုက်ကြောင့် အန္တရာယ်များလှသည့် အားအင် ပြည့်စုံမှုရှိ၍ ယင်းအရည်အချင်းက ပုဂ္ဂလိကမိဒ္ဓာန်အားဖြင့် အထင်အမြင်သေးဖွယ်ဖြစ်သော်လည်း မှန်းဆရန်ခက်ခဲလှသည့် မတည်ငြိမ်သော စွမ်းအင်၊ အငြိမ်မနေတတ်သော ဓလေ့စရိုက်က အသက်ရှင်သန်ရန် မျှော်လင့်ချက်အချို့ကိုလည်း ပေးစွမ်းနိုင်လေသည်။

အခြားလက်တစ်ဖက်တွင်ကား သူ၏ စိတ်အတွင်းသန္တာန်မှ ဝိညာဉ်စွမ်းအင်၊ သန္ဓေပါစွမ်းအင်ဖြစ်သည်။ ဤစွမ်းအင်က သူမတူအောင် ပါးနပ်လိမ္မာမှုကို ဖော်ပြပေးသည်။

ထို့ကြောင့်ပင် အရှေ့တိုင်း တရုတ်ဓလေ့၌ မျောက်ကို ထက်မြက်သော အင်အားနှင့် ပါးနပ်လိမ္မာခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ အောင်မြင်ခြင်းနှင့် ခုခံကာကွယ်နိုင်ခြင်း၏ သင်္ကေတအဖြစ် ဖွင့်ဆိုထား၏။

မျောက်တို့၏ လိမ္မာပါးနပ်မှုရှိခြင်းကို ဤသို့ တင်စား၏။ **(မျောက်သည် သူတစ်ပါး၏ မျက်လုံးပေါ်မှ မျက်တောင်မွေးကို မျက်တောင်တစ်ချက်မှ မခတ်မိစေရန် နုတ်ယူနိုင်စွမ်းရှိ၏)** ဟူလေသည်။

မျက်တောင်တစ်ချက်ပင် မခတ်မိ၊ လုံးဝ သတိထားမိခြင်းမရှိအောင် လိမ္မာပါးနပ်စွာ နုတ်ယူနိုင်သည်ဆို၏။

**"အနောက်သို့ ခရီးသွားမှတ်တမ်း"**ဒဏ္ဍာရီတွင် **မျောက်မင်း "စွန်းဝူခုံး"**၏ စွမ်းရည်များကို ပမာပြုလေ့လာနိုင်ပေသည်။

တရုတ်ပြက္ခဒိန်တွင် Shǔ Xiāng **"ရှုရှမ်း"**ခေါ် ဇာတ်ပုံရိပ်(၁၂)ပါး၌ မျောက်ကို နှစ်သခင်၊ ပုံရိပ်တစ်ခုအဖြစ် ထည့်သွင်းထားသည်။ ခရစ်ပြက္ခဒိန်နှင့် တိုက်ဆိုင်ကြည့်ပါက ၁၉၉၆ ခုနှစ်၊ ၂၀၀၈ ခုနှစ်တို့သည် မျောက်ပုံရိပ်ပိုင်မိုးသောနှစ်များ ဖြစ်ကြလေသည်။ တရုတ်ရိုးရာ ဓာတ်ကြီးငါးပါး ပိုင်ဆိုင်မှု

www.burmeseclassic.com

အရ မျောက်သည် သတ္တုဓာတ် စိုးမိုး ပါသည်။

ဒေဝတာပုရာဏ်အချို့တွင် မျောက်ကို ဝိညာဉ်အဖြစ်လည်းကောင်း ဂမ္ဘီရပညာရှင်အဖြစ် လည်းကောင်း၊ နတ်မင်းအဖြစ်လည်းကောင်း အမျိုးမျိုး တင်စားရေးဖွဲ့ကြလေသည်။

## ကျောက်သားတိုင်ကြီး

ကြီးမားခိုင်ခံ့သော ကျောက်သားတိုင်ကြီးများသည် သူ၏ ခံ့ညားသော ဖွဲ့တည်ပုံအရ နတ်ဘုရားများကို ကိုယ်စားပြုသင်္ကေတဟု ဖွင့်ဆိုကြသည်။

ရှေးဂရိလူမျိုးတို့သည် သူတို့၏ နတ်ဘုရားများ အမည်နာမများကို ကျောက်သားတိုင်တွင် ရေးထွင်းကာ ပူဇော်ပသလေ့ရှိကြသည်။

ဤကား ယေဘုယျ ဖွင့်ဆိုချက်ဖြစ်၍ တွဲဖက် အဓိပ္ပာယ်အနေဖြင့် ထုဆစ်ပုံဖော်ထားသော ပုံစံအရ အမျိုးမျိုး ကွဲပြားကြသည်။

**ဥပမာ။ ။** လူသားတို့အား ဘေးရန်အပေါင်းမှ ကာကွယ်ပေးသည့် **စဖင့်ချ်** (Sphinx) **ရုပ်တုများ (မြန်မာဓလေ့တွင် နရသီဟ သို့မဟုတ် မနုသီဟနှင့် သဘောချင်းဆင်တူသည်။)**ကို လေ့လာနိုင်သကဲ့သို့ ရေးထွင်းထားသော ကမ္ပည်းစာ၊ ရုပ်ပုံ၊ သင်္ကေတ၊ အကာအကွယ် အပြင်အဆင် **(မြန်မာမှုတွင် အင်းစမနှင့် ဆင်တူ၏။)**ကို များအရလည်း သက်ဆိုင်ရာ အနက်အဓိပ္ပာယ်အသီးသီးကို သီးခြား ဖော်ဆောင်ကြပေသည်။

## စိမ့်မြေ၊ စိမ့်တော

မြေဓာတ်နှင့် ရေဓာတ်၏ ပေါင်းစပ်မှုအစုဖြစ်၍ လေဓာတ်နှင့် မီးဓာတ်ချို့တဲ့သော လက္ခဏာဖြစ်သည်။ ဤ







သင်္ကေတကို **"ပုပ်သိုးဆွေးမြည့်နေသည့် ဝိညာဉ်များ"**ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ရှေးအလယ်ခေတ်ကာလ ဒေဝတာပုရာဏ်များအရ ဖွင့်ဆိုခြင်းဖြစ်ကာ အဓိက ဆိုလိုချက်မှာ ကျဆုံးခြင်း သို့မဟုတ် သေဆုံးခြင်းအတွက် ကြိုတင်သတိပေးသောသင်္ကေတ ဖြစ်သည်။

အပြီးအပြတ်၊ ပြည့်ဖုံးကားချလိုက်ခြင်း၊ ယတိပြတ် သံယောဇဉ်ဖြတ်ခြင်း အဓိပ္ပာယ်ကိုလည်း ရည်ညွှန်းသည်။

ဝတ္ထုပစ္စည်း သို့မဟုတ် အခြေအနေဖြစ်ရပ်များ တိုက်ဆိုင်လျှင်သော်မှ လွမ်းစရာ၊ သတိရစရာ သံယောဇဉ်အကြွင်းအကျန်မရှိတော့ပါဟု ဆိုခြင်းဖြစ်လေသည်။ **(မြန်မာမှုတွင် စိမ့်မြေကို ညွှန်ပျောင်းဟု သုံးနှုန်းသည်။)**

## မကာရ(makara)

မကာရ(makara)သည် အိန္ဒိယရှေးဟောင်းဒဏ္ဍာရီလာကမ္ဘာဦးသတ္တဝါဖြစ်သည်။ ပုံသဏ္ဌာန်မှာ မိကျောင်းတစ်ပိုင်း ငါးတစ်ပိုင်းဖြစ်၍ ရေကြောင်းသွားလာမှုတွင် အထူး အန္တရာယ်ကင်းရှင်းလုံခြုံစေသည်ဟု ယုံကြည်ကြသည်။

အင်ဒိုနီးရှားတို့၏ လက်မှုအနုပညာတွင် တွင်ကျယ်စွာ အသုံးပြုကြသည်။ **(မြန်မာမှုတွင် မကန်း သို့မဟုတ် မကရ်းဟု ခေါ်ဝေါ်၍ အထူးသဖြင့် စေတီပုထိုး နတ်လမ်းလှေကား အောက်ခံ အဆင်တန်ဆာအဖြစ် သွန်းလုပ်လေ့ရှိကြ၏။ ပါဠိဘာသာ မကာရမှ ဆင်းသက်လာခြင်း ဖြစ်သည်။)**

## ပြောင်း

တရုတ်ဓလေ့အရ အသုံးများသော သင်္ကေတ(၈)မျိုးတွင် ပါဝင်သော ပြောင်း(ပြောင်းဖူး)ဖြစ်သည်။ ဤသင်္ကေတ၏ဖွင့်ဆိုချက် **"မျိုးနွယ်ဆက်"**ဟူ၍ ဖြစ်သည်။

တရုတ်လူမျိုးတို့၏ တန်ဆာဆင်အနုပညာတွင် တွင်ကျယ်စွာ တွေ့ရတတ်သည်။ **"ပြောင်း"**ကို တရုတ်ဘာသာဖြင့် Yù mǐ **"ယွိမီ"**ဟု ရေးသားခေါ်ဝေါ်၏။

**"ယွိ"**မှာ **"ကျောက်စိမ်း"**ဖြစ်၍ **"မီ"**မှာ **"ဆန်"**ဟု အဓိပ္ပာယ်ရ၏။ **"ကျောက်စိမ်းဆန်"**ဟု တိုက်ရိုက် အဓိပ္ပာယ်ရသည်။ မြင့်မြတ်သော ကျောက်စိမ်းနှင့် တွဲဖက်တင်စား ခေါ်ဝေါ်ထားခြင်းဖြစ်၏။

ထို့အပြင် အသံတူ ရေးထုံးကွဲသော (育) ယွိ Yù စာလုံးမှာ မွေးမြူပြုစုခြင်း၊ သားသမီးများကို ပြုစု ပျိုးထောင်ခြင်းဟု အဓိပ္ပာယ်ရရှိလေရာ **"ယွိမီ"** ဟူသော **"ပြောင်း"**သည် **မျိုးနွယ်ဆက်**၏ သင်္ကေတဖြစ်ရလေသည်။

(တရုတ်ဓလေ့) ဓာတ်ကြီးငါးပါးတွင် မီးဓာတ်စိုးမိုးသော သီးနှံဖြစ်သည်။

## ဟူဂျင်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သုမနဝိစိတ္တ
(B.Sc,H.G.P,Dip.Ed)

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော် ဘဒ္ဒန္တသုဓန
(သက်တော် (၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ)

# ခန္တီးဆရာတော်ကြီး

စာရေးသူ ငယ်နုစဉ် (၅)နှစ်သမီး ...င် စာရေးသူ၏ဖခင်ကြီး အမြဲတစေ ...ပြောသံကြား၍ ရင်းနှီးကြည်ညိုနေ ...သော ဆရာတော်ကြီး(ခန္တီး)တစ်ပါး ...ပါသည်။ ဧွေရာသီ ကျောင်းပိတ်ချိန် ...ိုင်း ဦးချစ်မောင်(ကျောင်းအုပ် ဆရာကြီး)နှင့် ဖခင်ကြီး(ကျောင်းအုပ် ဆရာကြီး)တို့ ဝန်းသိုမြို့သို့ သွားခဲ့ကြပါ သည်။

ခန္တီးရိပ်သာတွင် တရားအားထုတ် ...န် သွားကြပါသည်။ ရက်ရှည် တရား အားထုတ်ကြပါသည်။ ကျောင်းဖွင့်အမီ ...နေ့လာကြပါသည်။

စာရေးသူ (၁၀)နှစ်အရွယ်က ဖခင် ကြီး(ခရီးထွက်ရန်)ကို အိမ်မှ သဘော် ...င်အထိ(မြင်းလှည်းစီးပြီး) လိုက်ပို့ပေး ...ခဲ့ပါသည်။ သဘော်ကြီးအမည်က ...ပါက်တန်း(ငယ်စဉ်က မှတ်သားခဲ့ ခြင်း)ပါ။

ကသာခရိုင်၊ ဝန်းသိုမြို့ ခန္တီစာသင် ...ိုက်နှင့် ရိပ်သာကျောင်းတိုက်ကြီး၏ ...းမဟာနာယက ဖြစ်တော်မူသော ...ဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌ ...ရု ခန္တီးဆရာတော်ကြီးထံမှောက်၌ ...က်ရှည်တရားအားထုတ်ရန် သွားခဲ့ ကြပါသည်။

ခင်ကြီး ပြောသံကြားသည့်နှင့် ...ည်းကောင်း၊ ဆရာတော်ကြီး၏ ခန္တီး ...တ်ရွတ်စဉ်ဖြင့် လည်းကောင်း၊ ...ယ်စဉ်က ကျွမ်းဝင်နေခဲ့ရပါသည်။ ...ဆရာတော်ကြီး၏ ကျမ်းစာများတွင် ...သော ပုံတော်ကို တွေ့ရပါ၏။ ဆရာ ...တော်ကြီး၏ လုံးနေသော ဆံတော်များ ...ကို ...ုးရပါ၏။

စာရေးသူ ဝိဇ္ဇာ–သိပ္ပံ တက္ကသိုလ် ...တက်စဉ်က ချစ်ကျွမ်းဝင်သော သူငယ် ...ချင်း ရှိခဲ့ပါသည်။ ဝန်းသိုမြို့သူပါ။ ...မနှစ်ကတည်းက ဝန်းသိုကဆို သော အသိနှင့် ချစ်ကျွမ်းဝင်ရခြင်းပါ။ (ငယ်စဉ်က စိတ်ပုံရိပ်) ဝန်းသိုမြို့၏ အစွဲအလမ်းပါ။ သမီးချင်း ရင်းနှီးပြီး မိဘချင်းလည်း ရင်းနှီးနေကြပြီ ဖြစ်ခဲ့ ၏။

ခန္တီးဆရာတော်ကြီး၏ ဒကာရင်း (ဦးမောင်ကြီး+ဒေါ်သီ)၏ မြေးမ ဖြစ် ပါသည်။ (၁၃၃၃ ခုနှစ်၊ နတ်တော်လ) ဒီဇင်ဘာ ကျောင်းပိတ်ရက်တွင် ဝန်းသိုမြို့သို့ သွားရောက်ခဲ့ကြပါသည်။ သူငယ်ချင်းက အလည်ခေါ်ပါသည်။

သူငယ်ချင်းနှင့် စာရေးသူ မန္တလေး မြို့မှ ညထွက်သော မီးရထားဖြင့် စီးခဲ့ကြပါသည်။ ဝန်းသိုမြို့သို့ နံနက် (၂း၀၀)နာရီတွင် ရောက်ပါသည်။ ဘူတာ၌ သူငယ်ချင်း၏ဖခင်(ဆန်စက် ပိုင်)က ကြိုဆိုခဲ့ပါသည်။

ဘူတာမှ ချွန်းတောင်တန်းရပ်သို့ ခြေကျင်သွားရပါသည်။ ခိုက်ခိုက်တုန် အေးပါသည်။ မိခင်ကြီးမှာ မီးလင်းဖို ကြီးရှေ့မှ ဆီးကြိုခဲ့ပါသည်။ မီးလှုံစေ ပါသည်။ ကော်ဖီတိုက်ပါသည်။ အိပ်ရာ





www.burmeseclassic.com

www.burmeseclassic.com

ဝင် နားနေစေခဲ့ပါသည်။

စာရေးသူတို့ နံနက်(၇း၃၀)မှ အိပ်ရာထပါသည်။ နေမမြင်ရ။ နှင်းများ ပိတ်ဖုံးနေပါသည်။ ဝန်းသိုဈေးထဲသို့ ခေါ်သွားပါသည်။ ရေနံဆီမီးခွက်များ ထွန်းပြီး ရောင်းချသော ဈေးပါတဲ့။ ဈေးကွဲနေပါပြီ။

တစ်နေ့လုံးရောင်းချသော ဆိုင်ခန်းများ ရှိပါသည်။ မုန့်ဈေးတန်းတွင် ရောင်းချသူပင် မရှိတော့ပါ။ ဆန်ခေါက်ဆွဲကျွေးပါသည်။ ခေါက်ဆွဲကျွေးပါသည်။ ခေါက်ဆွဲ(၁)ခွက်(နှစ်ဆယ့်ငါးပြား)ပါ။ ကြွေပန်းကန်လုံးကြီး အပြည့်အမောက်ပါ။ ငါးနိုင်းချင်း၊ ဘဲဥနိုင်းချင်း ခေါက်ဆွဲပါ။

မကုန်နိုင်ကြောင်း စာရေးသူက ပြောသောအခါ ပန်းကန်လုံးသေးဖြင့် ထည့်ပေးပါသည်။ (တစ်ဆယ်ပြားဖိုးပါ။) မကုန်နိုင်ပါ။ ဝဒီလုပါပြီ။

ဈေးမှ ပြန်လာသောအခါ ထမင်းကျွေးပါသည်။ သူတို့ထုံးစံမှာ နံနက်(၈း၀၀)နာရီတွင် နံနက်စာ စားပါသည်တဲ့။ မစားနိုင်ပါ။ ဆန်ခေါက်ဆွဲတန်ခိုးကြောင့် ဗိုက်ပြည့်နေပါပြီ။

နံနက်(၉း၀၀)နာရီတွင် ချွန်းတောင်တန်း နေအိမ်မှ စ၍ထွက်ပါသည်။ တစ်အိမ်နှင့်တစ်အိမ် ဝေးပါသည်။ ခြံဝန်းကျယ်ကြီးများတွင် စားပင်သီးပင်များဖြင့် အုပ်ဆိုင်းနေခဲ့ပါသည်။

မြို့ပြင်မှထွက်ပြီး မကြာမီ ဒေါင်းမြူးချောင်း ရောက်ပါသည်။ ရေမနက်လှပါ။(မိုးတွင်း၌ ချောင်းရေနက်ပြီး ရေစီးကြမ်းသော ချောင်းပါတဲ့။) ရေကူး၍ ဖြတ်ရပါသည်။(ချောင်းကူးတံတား မရှိသေးပါ။)

ချောင်းတစ်ဖက်ကမ်း ရောက်သောအခါ လှည်းသွားလမ်းကို တွေ့ရပါသည်။ တောင်ပေါ်တက်ရသော လမ်းပါ။ ရွှေးစေ့နီနီများဖြင့် (ရွှေချိန်သောရွှေးစေ့) တန်ဆာဆင်ထားသော အပင်များက လမ်းဘေးတွင် ကပ်ပေါက်နေပါသည်။ သစ်ပင်ကြီးများ၏ အရိပ်ကြောင့် မပူပါ။ မမောပါ။ ပျော်ပျော်ရွှင်ရွှင် တောင်ပေါ် ရောက်သွားခဲ့ကြပါသည်။ ခတ္တိုးရိပ်သာ အဝင်နားတွင် ခွေးအကောင်(၂၀)ကျော်က ကြိုဆိုနေကြပါသည်။ (အမြီးများနန့်၍ လူအနီးသို့ကပ်ပြီး ကြိုကြပါသည်။ မဟောင်ပါ။)

နံနက်(၁၀း၃၀)နာရီတွင် ရောက်ပါသည်။ ဆွမ်းစားဆောင်သို့ ဦးဆုံးသွားပါသည်။ ဆွမ်းချိုင့်များ(အခြားသူများက ပါးလိုက်သော ဆွမ်းချိုင့်များလည်းပါသည်။) ငှက်ပျောသီး(ရွှေနီ)၊ သဘော်သီးမှည့်များ၊ ထိုးမုန့်ထုပ်များ၊ ကျောက်ဖရုံသီးများကို ကပ္ပိယထံ အပ်နှံပါသည်။ ဆွမ်းပွဲပြင်နေသော ကပ္ပိယကြီးနှင့် ဝေယျာဝစ္စ ကုသိုလ်ရှင်များ ရှိပါသည်။

ကပ္ပိယမှ မိခင်ကြီးကို ဝမ်းသာအားရ ဆရာတော်ကြီး မိန့်ကြားထားသော စကားတော်ကို ပြန်ပြောပြပါသည်။(ရင်းနှီးပွင့်လင်းမှု အပြည့်ဖြင့် ပြောကြားခြင်းပါ။) နံနက်အရုဏ်ဆွမ်းဘုဉ်းပြီးစတွင် ဆရာတော်ကြီးက **"တောင်ပေါ်သို့ လူ(၁၀)ဦးလာမည်။ လူ(၁၀)ဦးစာ အစားအသောက် ပြင်ဆင်ထားဖို့ မိန့်ပါသည်"**တဲ့။ (စာရေးသူတို့ အိပ်ပျော်နေချိန်တွင် မိန့်ကြားခြင်းပါ။)

သူတို့ကလည်း (၁၀)ယောက်စာ ပြင်ထားပါသည်တဲ့။ စာရေးသူ အပါအဝင် သူငယ်ချင်း၊ မိသားစု(မိခင်၊ သူငယ်ချင်း၊ မောင်နှစ်ယောက်) (၅)ယောက်သာလာရန် မိခင်ကြီးက စီမံထားပါသည်တဲ့။

စာရေးသူတို့ ထွက်လာမှ ဆွေမျိုး များ၊ မောင်၏ သူငယ်ချင်းများ လိုက်ခဲ့ကြခြင်းပါ။ မချိန်းထား (၁၀)ယောက် ပြည့်သွားခြင်းပါ။ **(ဆရာတော်ကြီး၏ မိန့်စကားကလည်း (၁၀)ယောက်ပါပဲ။)**

ဆရာတော်ကြီး၏ကျောင်း (နှစ်ထပ် တိုက်ကြီး)မှာ ခမ်းနားလှပါသည်။ ခေတ်အနေဖြင့်ဆိုလျှင် တန်ဖိုးကြီး သော ကျောင်းကြီးပါ။ ဆရာတော်ကို မဖူးတွေ့ရပါ။ ဆရာတော်ကြီး(တောင် ပေါ်သို့ရောက်စ) စစ္စာ ဦးတဲကျောင်း ကလေး ရှိခဲ့ပါသည်။ ထိုတဲကျောင်း ပေါ်တွင် တစ်နေ့လုံး(နေသန့်) ထိုင် လျက် သီတင်းသုံးပါသည်။

ထိုတဲကျောင်း ဝါးကြမ်းခင်းပေါ်တွင် ထိုင်ပြီး စာရေးနေပါသည်။ ဝါးကြမ်း ခင်းပေါ်တွင် နေရာထိုင်ခင်းပြီး ထိုင် ပါသည်။ ဖျာကြမ်းပေါ်တွင် ရေးလက် (ကျမ်းစာရွက်များ)များ ရှိနေပါသည် လေးထောင့် ခုံသေးသေးပေါ်တွင် စာရွက်တင်ပြီး ခဲတံဖြင့် စာရေးနေခြင်း ဖြစ်ပါသည်။

အသက်(၈၀)နီးနေပါပြီ၊ သို့သော် ဆရာတော်ကြီး မျက်မှန် မတပ်ထား ကြည်လင်တောက်ပဆဲ မျက်စိများ စာရေးနိုင်ဆဲပါပဲ။ မပြုံးသော်လည်း ကရုဏာမျက်နှာတော်ဖြင့် ကျက်သရေ တော် ရှိလှပါသည်။ ငယ်စဉ်က ကျွမ်း ရင်းနှီးရသော မျက်နှာတော်ပါ။

စာရေးသူတို့မှ ဖယောင်းတိုင် များ၊ ဝတ္ထုငွေများ၊ ဆပ်ပြာများ၊ သွား တိုက်ဆေးတံများ၊ လှူဖွယ်များ လင်ပန်း၊ ကြွေရည်သုတ်လင်ပန်း တွင်ထည့်ပြီး လှူကြပါသည်။ သည်။ မေတ္တာပို့ပါသည်။ ကျော ဒကာကြီး ဦးကြီး+ဒေါ် ကျန်းမာရေး မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူကိုလည်း ဖခင်ကြီး၏ သမီးဖြစ်ကြောင်း သိရသောအခါတွင် ဆရာကြီး ဦးချစ်မောင်နှင့် ဖခင်ကြီး အကြောင်း အနည်းငယ် ပြောပါသည်။ ဉာဏ်ကောင်းလိုလျှင် ဝင်လေ ထွက်လေ မှတ်ပါရန် မိန့်မှာပါသည်။ နာရီဝက်လောက်ပဲ မှတ်ခိုင်းတာပါ။ (စာရေးသူ၏ဖခင်က အလေ့အကျင့် လုပ်ပေးထား၍ (၇)နှစ်သမီးကပင် ဝင်လေထွက်လေ ကောင်းစွာ မှတ်တတ်ပါသည်။) **အဘိဏှသုတ်နှင့် ဒေဝဒူတသုတ်** အမြဲ ရွတ်ဖတ်ပါ။ ဉာဏ်ကောင်းစေ၏၊ တရားရလွယ်၏ဟု မိန့်ကြားတော်မူပြန်ပါ၏။

ဖခင်ကြီး **အဘိဏှသုတ်နှင့် ဒေဝဒူတသုတ် အမြဲရွတ်ခြင်းကို ဆရာတော်ကြီး မိန့်တော်မူမှ သဘောပေါက်ရပါ၏။**

စာရေးသူမှာ တောင်ပေါ်ရောက်စကတည်းက ရေဆာနေ၏။ ဆရာတော်ကြီးကို ဖူးမြော်နေရိုက်လည်း ရေဆာသည်။ ဆရာတော်ကြီးမှ ဖိုးလုံး၏ အငယ်ကို ခေါ်ပါသည်။ ရေတစ်ခွက် ခပ်စေပါသည်။ တဲကျောင်းမှ ရေအိုးစင်မှ ဖိုးလုံးက ရေခပ်လာပါ၏။

မိခင်ကြီးကထ၍ ပန်းကန်ပြားခံသော ရေဖန်ခွက်ကို ဆရာတော်ကြီးအား ဆက်ကပ်ပါသည်။ ဆရာတော်ကြီးက မေတ္တာပို့ ဆုပေးပါသည်။ ပြီးလျှင် စာရေးသူအား လက်ယပ်ခေါ်ပါသည်။ စာရေးသူအား ရေခွက်ကို ပေးပြီး သောက်စေပါသည်။

'ရေကဲ့သို့ အေးမြပါစေ၊ ဤဘဝ၌ လျှင်မြန်စွာ တရားရပါစေ၊ အေးငြိမ်းသော တရားအရသာ တွေ့ပါစေ'

ဟု ဆုပေးပါသည်။

စာရေးသူဘဝတွင် ဤကဲ့သို့ ကောင်းမွန်သောရေကို (ဆရာတော်



ကြီး ပေးစွန့်သောရေမျိုးကို) မသောက်ဘူးပါဟု ထင်မိပါသည်။

ရေဆာလည်းပြေ တစ်ကိုယ်လုံးလည်း အေးမြရွှင်လန်းလာပါ၏။ **(ညအိပ်ရေးပျက်သည့်အပြင် တောင်ပေါ် တက်လာရသောကြောင့် မကြည်မလင် ဖြစ်နေခြင်းများ ပျောက်ကွယ်သွားရပါသည်။)** အင်အားများ တိုးလာသကဲ့သို့ ခံစားရပါ၏။ ဆရာတော်ကြီး မေတ္တာရေပါ။

(၁၁း၀၀)နာရီ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပါသည်။ စာရေးသူတို့က မလှမ်းမကမ်းမှ ကြည်ညိုကြပါသည်။ သင်္ကန်းပေါ်တွင် အဝတ်ဖြူကြီး ခင်းပါသည်။ သပိတ်တွင် ဆွမ်းအနည်းငယ် ထည့်ပါသည်။ (ဆွမ်းဇလုံကြီးမှ (၂)ဇွန်း၊ (၃)ဇွန်းပဲ ခပ်ပါသည်။) ဆွမ်းစားပွဲအပြည့် ဟင်းခွက်များမှ တစ်ဇွန်းစီ (ဇွန်းသေး) ခပ်ယူပါသည်။ နယ်ဖတ်ပြီး လက်ဆေးပါသည်။

ပြီးလျှင် အလုတ်သေးသေးလေးဖြင့် အကြာကြီး ဝါးပြီးမှ မျိုချပါ၏။ သတိကပ်၍ ဘုဉ်းပေးခြင်းပါ။ အမြင်ဆန်းလှပါ၏။ ဆွမ်း၊ ဆွမ်းဟင်းများ ထပ်ထည့်ခြင်းမရှိပါ။

ဆွမ်းသပိတ်၌ ကျန်နေသော ဆွမ်းများကို ဆွမ်းဇလုံကြီးထဲသို့ လောင်းထည့်ပါသည်။ ဆွမ်းဟင်းခွက်များကိုလည်း ဇလုံကြီးထဲသို့ လောင်းထည့်ပါသည်။ ရေနယ်ပါသည်။ ကပ္ပိယကြီးမှ ဆရာတော်ကြီးလက်ကို ရေလောင်းပေးပါသည်။ လက်သုတ်ပဝါ ဆက်ကပ်ပါသည်။

ဆွမ်းဇလုံကို ပိုက်ပြီး ကပ္ပိယကြီးက ရှေ့ကသွားပါသည်။ ဆရာတော်ကြီးက နောက်မှလိုက်ပါသည်။ (တောင်ဝှေး မဆောင်ရပါဘဲ ဖျတ်ဖျတ်လတ်လတ် လျှောက်နိုင်ပါသည်။) ထန်းပင်ရင်းတွင် ကြွေရည်သုတ် ပန်းကန်ပြားများ ရှိပါသည်။ ခွေးအကောင် (၂၀)ကျော်ကလည်း ပန်းကန်ပြားအနီးတွင် ဝပ်နေကြပါသည်။

ဆရာတော်ကြီးက ဆွမ်းဇလုံကြီးထဲမှ ရေနယ်ထားသော စားဖွယ်များကို ပန်းကန်ပြားများတွင် (တစ်ဆုပ်၊ နှစ်ဆုပ်) ထည့်ပေးပါသည်။ (ခွေးအရွယ်အစားအတိုင်း ကျွေးပါသည်။)

ခွေးများသည် ငြိမ်သက်စွာ စားကြပါသည်။ ကုန်လျှင်လည်း အခြားပန်းကန်ပြားမှ လုယူပြီး ကိုက်ကြခြင်း ဟောင်ကြခြင်း မရှိပါ။ စားပြီးလျှင် (သပိတ်ဟောင်းကြီးတွင် ရေထည့်ထားပါသည်။) ရေသောက်ချင်လျှင် သောက်ကြ၏။ မသောက်လိုသော အခြားခွေးများက သရက်ပင်ခြေရင်း၊ မရန်းပင်ခြေရင်း၌ အိပ်ကြပါတော့၏။ **အထူးအဆန်းသဖွယ် စိတ်က ခံစားရပါ၏။**

ရေကန်ကြီးတွင် ဆရာတော်ကြီး ဆပ်ပြာနှင့် လက်ဆေးခြင်း၊ ပါးစပ်ဆေး

www.burmeseclassic.com

ခြင်းများ ပြုလုပ်ပါသည်။ ဆရာတော်ကြီး လက်သုတ်ပဝါဖြင့်(ဆေးကြောမှု)ကို သန့်စင်ပြီးပါပြီ။ ဆရာတော်မှ လှမ်း၍ ကပ္ပိယကြီးကို မိန့်ပါသည်။

"ကလေးတွေကို ဆွမ်းကျွေးပါ။ ဝအောင်ကျွေးပါ။ ငရုတ်သီးစပ်သော ဟင်းများ မကျွေးပါနဲ့"တဲ့(ငရုတ်သီးစပ်ခြင်းကို အလွန်မတန် ကြောက်သော စာရေးသူ ဝမ်းသာလှပါ၏။) ဆရာတော်ကြီး တဲကျောင်းသို့ ကြွသွားပါပြီ။ တဲတံခါးပိတ်ပြီး တရားအသိနှင့် နေပါမည်။ မည်သူ့ကိုမျှ အတွေ့မခံတော့ပါ။ ညနေစောင်းမှ တဲတံခါး ဖွင့်ပါတော့မည်။

ဆွမ်းစားဆောင်တွင် စားပွဲများဖြင့် စာရေးသူတို့အတွက် စားသောက်ဖွယ် ပြင်ဆင်ထားပါသည်။ ထမင်း ဟင်း အပြင် ဒေသထွက် ရိုးရာအစားအစာ များကိုလည်း ပြင်ဆင်ထားပါသည်။

ထိုစဉ်အခိုက် စာရေးသူတို့ စားပွဲပေါ်သို့ ခရမ်းချဉ်သီးပန်ထွေဖျော် တစ်ပန်းကန် လာတင်ပါ၏။ ကလေးများ စားနိုင်ရန် ခရမ်းချဉ်မီးဖုတ်ပြီး ငရုတ်သီးမထည့်တော့ဘဲ ပြုလုပ်ထားပါသည်ဟု ပြောပါ၏။ ပူပူနွေးနွေးပါ။

စာရေးသူက ထမင်း (၂)ဇွန်း၊ (၃)ဇွန်းကို ခရမ်းချဉ်သီးပန်ထွေ၊ မုန့်ညင်းစောဖြင့် စားပါသည်။ မိခင်ကြီးက ငါးဖယ်ဆုပ်ချက်၊ ဘဲဥကြော်များ ထည့်ပေးပါသည်။ (စာရေးသူက ခြေလေးချောင်းသား မစားသည်ကို သိ၍ အထူးဂရုစိုက်၍ ထည့်ပေးတာပါ။)

ငါးဆုပ်ချက်၊ ခရမ်းချဉ်သီး ပန်ထွေကို တွေ့တော့လည်း ဖခင်ကြီး၏ စကားကို သတိရမိပါသည်။ ဖခင်ကြီးတို့ ခန္တီးဆရာတော်ကြီးထံ၌ တရားလာမှတ်သော နှစ်တစ်နှစ်တွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာပါ။

တရားရှုမှတ်သူများကို တစ်ပါးနေ တဲကျောင်းများတွင် အားထုတ်စေပါသည်။ စားချိန်ကြလျှင် ဝေယျာဝစ္စများက လင်ပန်းများဖြင့် တဲကျောင်းဝရန်တာတွင် လာပို့ပါသည်။ လိုသော ပစ္စည်းများကို စာရေး၍ မှာကြားနိုင်ပါသည်။ **(စကားမပြောရပါ။)**

တစ်နေ့တွင် စာရေးသူဖခင်ကြီး တရားမှတ်နေခိုက် ဝမ်းဆာလှပါသည်တဲ့။(နံနက်အရုဏ် ဆန်ပြုတ်သောက်တာ နည်းသွားပါသတဲ့။) ဆာသည်၊ ဆာသည်ဟု မှတ်ရမည့်အစား ပန်ထွေဖျော်နှင့် ငါးဆုပ်ချက် စားရလျှင် ကောင်းမည်ဟု စိတ်ပုံ့လွင့်နေပါသည်တဲ့။

နောက်တော့ ပြန်ပြီး အမှတ်ကောင်းတော့ မေ့သွားပါသတဲ့။ ဆွမ်းစားကြေးစည်ရိုက်လာပါပြီ။ ဖခင်ကြီးက အမှတ်သတိဖြင့် တဲရှေ့ဝရန်တာ ထွက်လာပါသည်။ ဝေယျာဝစ္စကသိုလ်ရှင် ဆွမ်းလင်ပန်း သယ်လာပြီး ရှေ့ချပါသည်။

ဖခင်ကြီးက လက်ဆေး၊ ထိုင်ပြီး ပစ္စဝေက္ခဏာဆင်ခြင်ပြီး မေတ္တာပို့နေစဉ် ကပ္ပိယကြီးမှ ဆွမ်းလင်ပန်း တစ်ချပ်ဖြင့် ရှေ့မှောက် ရောက်လာပါသည်တဲ့။

လင်ပန်းမှ ချပေးသော ဟင်းခွက်မှာ ခရမ်းချဉ်ပန်ထွေဖျော်နှင့် ငါးဆုပ်ဟင်းပါတဲ့။ ကပ္ပိယမှ လေသံဖြင့် (တစ်ဖက်တဲမှ ယောဂီများ မကြားစေရန် စကားမပြောရဆိုသော ဆရာတော်ကြီး စည်းကမ်းကို မဖောက်ချင်၍ ဆရာတော်ကြီး ပို့ခိုင်းလိုက်ပါသည်တဲ့။(တဲကျောင်း(၃)ယောဂီဟု ဆိုသဖြင့် ဖခင်ကြီးထံ လာပို့ခြင်းပါ။)

ဖခင်ကြီးမှာ ဆရာတော်ကြီးအား အကြိမ်ကြိမ် ရှိခိုးဦးခိုက်မိပါသည်...
(သူတစ်ပါး၏ စိတ်အကြံအစည်... သိနိုင်သော ဉာဏ်တော်ကို ...ခြင်းပါ။) ဆွမ်းမစားမီ ဆရာ... တဲကျောင်းကို အကြိမ်ကြိမ် ရှိ... ခြင်းကို ဆရာကြီး ဦးချစ်မောင်... သတိထားမိလာပါသည်တဲ့။ (... သောအခါမှ ပြောဖြစ်ကြပါသည်...

ဆရာကြီး ဦးချစ်မောင်လည်း ထို... သို့ အဖြစ်မျိုး ကြုံဖူးပါသည်တဲ့။ ... ဆရာတော်ကြီး ခွေးများကို ကျွေး... အဖြစ်အပျက်ကို ချက်ချင်း သတိ... သည်။ ခွေးများမှာ ဝပ်လျက် လက်... ဖက်ရှေ့ချ ဦးခေါင်းထိပြီး ငြိမ်... ပုံကိုပါ။ ခွေးများတောင် ဆရာ... ကြီးကို ရှိခိုးကြပါလားဟူသော အ... ပါ။

တဲကျောင်းကလေးများကို ... ကြပါသည်။ စေတီတော်မြတ်ကို ... ကြပါသည်။ ရင်ပြင်ကို တံမြက် ... လှည်းကြပါသည်။ သစ်ရွက် ... ကြပါသည်။ တောင်ပေါ်မှ ဆင်း... ပါသည်။ နေ့(၂း၀၀)နာရီလောက်... ဝန်းသိုမြို့ကို ပြန်ရောက်ပါသည်...

နောက်နေ့များတွင် ဝန်းသိုမြို့ ... ဘုရားများဖူးခြင်း၊ ဝန်းသိုစော်ဘွား... ၏ ဦးအောင်မြတ်၏ ဟော်ကုန်း... ခြင်း၊ ခန္တီးစာသင်တိုက်သို့ သွား... ခြင်းများ ပြုခဲ့ပါသည်။ ခန္တီးစာသင်... နှင့် ခန္တီးရိပ်သာကျောင်းတိုက်... ဦးစီးမဟာ နာယက ခန္တီးဆရာ... ကြီး၏ ထေရုပ္ပတ္တိများ သိ... သည်။

ခန္တီးဆရာတော်ကြီး၏ ...
**ဘဒ္ဒန္တသုဇနပါ။** အဂ္ဂမဟာ... အဘိဓဇမဟာရဋ္ဌဂုရု ... မကွေးတိုင်းဒေသကြီး ... မြို့နယ်၊ ကဖွန်းထောင့်ဇာတိ...

www.burmeseclassic.com

ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက် သောကြာနေ့ နံနက်(၄)ချက်တီးတွင် မီးရှူးဖွားတော်မူခဲ့ပါသည်။

ခမည်းတော် ဦးလယ်ရောက်၊ မယ်တော် ဒေါ်ရွှေမြင့်ပါ။ သားသမီး တစ်ကျိပ် နှစ်ယောက်တွင် ဒုတိယ သားပါ။ မွေးဖွားကစပြီး စီးပွားတိုးသဖြင့် မောင်သားတိုးဟု မှည့်ခေါ်ခဲ့ပါသည်။ အလွန်မတန် နူးညံ့သိမ်မွေ့ လိမ္မာအေးဆေးပါသည်တဲ့။

ငယ်စဉ်ကပင် စိတ်ကောင်းစိတ်မြတ်များစွာ ရှိပါသည်။ စားစရာများကို မောင်နှမများ၊ သူငယ်ချင်းများကို ကျွေးလေ့ရှိပါသည်။ သူများစားတာ ဝမ်းသာပြီး ကိုယ်တိုင်ကတော့ အဆာခံပါသည်တဲ့။

အသက်(၁၂)နှစ်တွင် ကိုရင်ဝတ်ပါသည်။ ဉာဏ်ထက်မြက်၍ လောကုတ္တရာစာပေများ ပေါက်ရောက်တတ်မြောက်ပါသည်။ လောကနီတိ၊ ဗေဒင်လက်ရိုးများကို သြချလောက်အောင် တတ်ကျွမ်းပါသည်။

အသက်(၁၇)နှစ်တွင် ပခုက္ကူတွင် စာသင်ကြားပါသည်။ ဝန်းသို အရှင်စန္ဒိမာသည် ဆရာဖြစ်ခဲ့ပါ၏။ ဝန်းသို အရှင်စန္ဒိမာနောက်သို့ လိုက်ပါလျက် ဝန်းသိုခန္တီးကျောင်းသို့ ရောက်ခဲ့ပါသည်။

ပထမ ခန္တီးဆရာတော်ကြီးမှ မန္တလေးမြို့ လေးပြင်လေးရပ် ဆရာတော်ကြီးများထံတွင် ခန္တီးဆရာတော်ဖြစ်လာမည့် ဦးပဥ္စင်းလေးကို စာပေသင်ကြားစေခဲ့ပါသည်။

ထူးခြားထူးချွန်စွာဖြင့် ပါဠိတော် အဋ္ဌကထာ ဋီကာ နိကယ်ငါးရပ်တို့ကို တတ်မြောက်တော်မူခဲ့ပါသည်။ ရဟန်း (၁၂)ဝါတွင် ခန္တီးစာသင်တိုက်၏ တိုက်အုပ်စာချအဖြစ် ချီးမြှောက်ခြင်း ခံရပါသည်။

(၁၉)ဝါအရတွင် ခန္တီးတိုက်ဦးစီး မဟာနာယက ပထမခန္တီးဆရာတော်ကြီး ပျံလွန်တော်မူပါသည်။ ဆရာတော်ကြီးကို ဒုတိယခန္တီးဆရာတော်ကြီး အဖြစ် သတ်မှတ်ခဲ့ကြပါ၏။

ခန္တီးဆရာတော်ကြီးသည် စာသင်သားများ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ စာပေ ကြိုးစားအားထုတ်ရေးတို့ကို ဆောင်ရွက်တော်မူပါသည်။ ပရိယတ္တိလမ်းစဉ် တိုးတက်အောင်မြင်ခဲ့ပါသည်။

စာပေသင်ကြားရင်း ဝိပဿနာ တရားများ အားထုတ်ခဲ့ပါသည်။ တရားဟော တရားပြပေးပါသည်။ ကျမ်းစာအုပ်များ ရေးသားခဲ့ပါသည်။ (၂၇) ကျမ်းပြုစု ခဲ့ပါသည်။

ဘာသာအလင်းပြ(ပ၊ ဒု၊ တ) (၃) ကျမ်းမှာ အလွန်မတန် အဖိုးထိုက်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့ သဘောကျ နှစ်သက်ကြပါသည်။ **သစ္စာအလင်းပြကျမ်းကြီး**မှာ အပြည့်စုံဆုံး ကျမ်းကြီး ဖြစ်ပါသည်။

ခန္တီးဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိဝိသောဓေတာဝန်နှင့် ဆဋ္ဌသံဂီတိဘာဏကတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ကသာခရိုင် ဝိနိစ္ဆယဌာနတွင် ဝိနည်းဓိုရ်ဆရာတော်အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။

ဝန်းသိုမြို့နယ် (၅)ဂိုဏ်းအုပ်၊ (၅)ဂိုဏ်းချုပ်အဖြစ် သာသနာ့တာဝန်ကို ကျေပွန်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ် မော်ဘီ သာသနာတော်သန့်ရှင်းရေး ဦးစီးဆရာတော်(၂၁)ပါးတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၃၄၂ ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်တွင် သံဃာ့ဂိုဏ်းပေါင်းစုံ အစည်းအဝေးတွင် သြဝါဒစရိယဆရာတော် အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ခန္တီးဆရာတော်ကြီးသည် ၁၃၂၃ ခုနှစ်တွင် "**အဂ္ဂမဟာပဏ္ဍိတ**"ဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံ ရရှိခဲ့ပါသည်။ ၁၃၄၁ ခုနှစ်တွင် "**အဘိဓဇမဟာရဋ္ဌဂုရု**" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိခဲ့ပါသည်။

သက်တော်(၅၈)နှစ်၊ သိက္ခာတော် (၃၉)ဝါတွင် ဝန်းသိုမြို့နှင့် တစ်မိုင်ကွာ တောင်ပေါ်၌ ခန္တီးရိပ်သာကျောင်း တည်ဆောက်ပြီး တောမှီခဲ့ပါသည်။ တရားပြသခဲ့ပါသည်။

တပည့် အရှင်ဣန္ဒကနှင့် အရှင်ကုသလ နှစ်ပါးတို့ကို ခန္တီးစာသင်တိုက် လွှဲအပ်တော်မူခဲ့ပါသည်။ (စာရေးသူတို့ သွားခဲ့သော ၁၃၃၃ ခုနှစ်တွင် ဦးဣန္ဒကနှင့်ဦးကုသလတို့ စာသင်တိုက်ကို အုပ်ချုပ်နေပါသည်။ [ဆရာတော်ကြီး တရားထွက်သောနှစ်(၁၃၁၅ ခုနှစ်)တွင် ရဟန်းနှစ်ပါးကို လွှဲအပ်ခဲ့ပါသည်။]

ခန္တီးဆရာတော်ကြီးကို "ရဟန္တာ" ဟု သမုတ်ခေါ်ဝေါ်ခဲ့ကြပါသည်။ အဘိုးနီ၏ ပြောပြချက်ကို ရေးပြပါမည်။ တစ်ခုသော ဝါဆိုလပြည့်နေ့တွင် ခန္တီးစာသင်တိုက်၌ ဝါဆိုသင်္ကန်းကပ်ရန် ရှိပါသည်။

တောင်ပေါ်မှ ခန္တီးဆရာတော်ကြီးကိုလည်း ပင့်လျှောက်ထားပြီး ဖြစ်ပါသည်။ ဒေါင်းမြူးချောင်း ရေကြီးနေသဖြင့် လှေဖြင့်ပင့်ရန် အစီအစဉ် ရှိခဲ့ပါသည်။ အဘိုးနီနှင့် ဒါယကာတစ်ဦးက လှေဖြင့် ပင့်ဆောင်ရန် သွားကြပါသည်တဲ့။

မိုး သည်းထန်စွာ ရွာနေပါသည်တဲ့။ ဝန်းသိုမြို့ဘက် ဒေါင်းမြူးချောင်းကမ်းပါး၌ ဆရာတော်ကြီးကို တွေ့ကြရပါသတဲ့။ သင်္ကန်းကို ရေမစို[illegible]ဆောင်း

www.burmeseclassic.com

ထားပါ။) ခြေတွင် ရေ့နွံ့ မကပ်ဘဲ တွေ့ကြရပါသတဲ့။

အဘိုးနီတို့က "ဆရာတော် ဘယ်လို ကြွလာပါသလဲ"ဟု မေးလျှောက်သော်လည်း မိန့်တော်မမူပါတဲ့။ **(အဘိုးနီတို့ နားလည်သဘောပေါက်ကြပါသည်တဲ့။)**

ထီးမပါဘဲ သင်္ကန်းမစိုစွတ်ခြင်း၊ လှိုင်းထန်ရေလျှံနေသော ချောင်းကို ဖြတ်လာသော်လည်း ခြေတွင် ရေမစိုနွံ့မကပ်ခြင်းသည် သဘာဝလွန် ဖြစ်ရပ်ပါတဲ့။ စိတ်ထဲတွင် သိပြီး ဝမ်းသာကြပါသတဲ့။

ဦးပဥ္ဇင်းတစ်ပါးကလည်း ပြောပြပါသည်။ ပြောပြချက်ကို ရေးပြပါမည်။ တစ်ခုသောအချိန်က ဖြစ်ပါသည်။ ခန္တီးစာသင်တိုက် တိုက်အုပ်ဆရာတော် (အရှင်ဣန္ဒက)နှင့် ဝန်းသိုမြို့ ရဟန်းပျိုများ ပြဿနာဖြစ်ကြပါသည်။

အရှင်ဣန္ဒကမှာ စာပေ အလွန်မတန် တတ်ကျွမ်းပါသည်။ ဝိနည်း စည်းကမ်း အလွန်ကြီးသူ ဖြစ်ပါသည်။ စည်းကမ်းဖောက်သူကို တိုက်မှ နှင်ထုတ်တတ်သူ ဖြစ်ပါ၏။

မသိသူများက ဒေါသကြီးလွန်းသူ၊ ကြမ်းတမ်းလွန်းသူဟု သတ်မှတ်ကြပါ၏။ စာသင်သားများကို စာသင်ခြင်း၊ မကျန်းမာသူ ရဟန်းများကို ဆေးကုခြင်းကို မသိကြ၍ ဝေဖန်ကြခြင်းပါ။ အရှင်ဣန္ဒကသည် အပြောကြမ်းသော်လည်း နှလုံးသားလှသူ ဖြစ်ပါသည်။

အရှင်ဣန္ဒကသည် မြို့နယ်ဝိနည်းမှိုရ်၊ ရဟန်းပျိုအဖွဲ့ အကျိုးဆောင်၊ ကျောင်းထိုင် ဆရာတော်များအဖွဲ့ အမှုဆောင်အဖြစ် ဆောင်ရွက်ပါသည်။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကဲ့သို့ ရဟန်းကြီး ဖြစ်ပါသည်။

ဝိနည်းစည်းကမ်း အလေးအမြတ်



ထားသော အရှင်ဣန္ဒကနှင့် ဝန်းသိုမြို့ ရဟန်းပျိုများ(ဝိနည်း စည်းကမ်း လွတ်ချင်ကြသော ရဟန်းပျိုများ) ပြဿနာပေါ်ကြပါ၏။

အရှင်ဣန္ဒကနှင့် ရဟန်းပျိုများ (ပြဿနာဖြေရှင်းခံရန်) တောင်ပေါ် ခန္တီးဆရာတော်ကြီးထံမှောက် လာရောက်ကြရပါသည်။ ဆရာတော်ကြီးကို (တဲကျောင်း၌ စာရေးနေစဉ်) လာရောက် လျှောက်ထားကြပါသည်တဲ့။

တိုက်ကျောင်းပေါ်၌ စောင့်ဆိုင်းရန် မိန့်ပြီး စာဆက်ရေးနေပါသည်တဲ့။ တစ်ခုတည်းသာရှိသော လှေခါးမှ ရဟန်းများ တက်ကြပါသည်၊ အချို့ကလည်း လှေကားခြေရင်း(မြေပြင်)ပေါ်၌ စုရုံးနေကြပါသည်။

တဲကျောင်းမှ ဆရာတော်ကြီးက မကြွလာပါတဲ့။ သို့သော် ပထမဦးဆုံး ရောက်သော သံဃာတော်(၃)ပါးက ကိုယ်စားတော်မြတ် (အလွန်မတန် သပ္ပါယ်လှသော ကြီးမားလှသည့် ရုပ်ပွားတော်မြတ်)ကို ဦးချပြီး မော့ကြည့်လိုက်သောအခါ တရားဟောပလ္လင်ပေါ်တွင် ခန္တီးဆရာတော်ကြီးကို ဖူးတွေ့ရပါသည်တဲ့။ အလွန် အံ့အားသင့်ကြပါသတဲ့။

ဒုတိယအသုတ် တတိယအသုတ်များလည်း တရားဟောပလ္လင်ပေါ်မှ ခန္တီးဆရာတော်ကြီးကို ဖူးတွေ့ရပါသတဲ့။ မြန်မြန်တက်လာကြပါ။ ဆရာတော်ကြီး ရောက်ရှိနေကြောင်း လှေကားထိပ်မှ ဆော်ဩကြပါ၏။

လှေကားတွင် တက်နေသော ရဟန်းများက မြေပေါ်မှ ရဟန်းများကို အဆင့်ဆင့် ပြောကြားကြပါသတဲ့။ မြေပြင်၌ရှိသော ရဟန်းများထဲမှ နှစ်ပါးက တဲကျောင်းသို့ အမြန်သွားကြ၏။

တဲကျောင်းတွင် ခန္တီးဆရာတော်ကြီး ကျမ်းစာရေးလျက်အတိုင်း ဖူးရပါသတဲ့။ ဒီလိုအမြင်ကို တွေ့ကြသည့်အခါ အမြင်မှန်ရကြသော ရဟန်းပျိုများက အရှင်ဣန္ဒကထံ တောင်းပန်ဝန်ချကြပါသတဲ့။

**[အရှင်ဣန္ဒကသည် ပထမခန္တီးဆရာတော်ကြီး၊ ဒုတိယခန္တီးဆရာတော်ကြီးကဲ့သို့ ဝိနည်း စည်းကမ်း လိုက်နာသူ ဖြစ်ပါသည်။ စစ်ကြီးဖြစ်နေစဉ်ပင် ယောနယ်မင်းရွာမပြန်ဘဲ ဒုတိယခန္တီးဆရာတော်ကြီး ထံပါး၌သာ သစ္စာရှိစွာ နေခဲ့သူ ဖြစ်ပါသည်။ တရားလည်း အလွန် အားထုတ်ပါသည်။]**

ပြောပြခဲ့ဖူးသော ဦးပဥ္ဇင်းမှာ ယခုအခါ အလွန်မတန် ဘုန်းကြီးသော ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်နေပါပြီ။

စာရေးသူ ဘွဲ့ရ ကျောင်းဆရာမ ဖြစ်ခဲ့ပါသည်။ ထိုစဉ်မှစ၍ ခန္တီးဆရာတော်ကြီး (အသက်တော် ၉၀ ကျော်) ပျံလွန်တော်မူသည်အထိ လှူဒါန်းခဲ့ပါသည်။

မွေးနေ့ပူဇာတွင် ဘုံတော်သလင်း


(စာမျက်နှာ (၁၆၈) သို့)

www.burmeseclassic.com

# လာဘ်ပွင့်စေတဲ့

## ကွမ်းရွက်အမြှာ

မောင်ရင်ငွေ
(မအူပင်)




မြို့နှင့် အလှမ်းဝေးကွာသော ကညင်ဝကျေးရွာရှိ ကျွန်တော့်မိတ်ဆွေ ကိုအောင်မြင့်အိမ်၌ ဧည့်သည်အဖြစ် ကျွန်တော် ရောက်ရှိနေသည်မှာ နှစ်ရက်ခန့် ရှိနေပြီ ဖြစ်ပါသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်မြို့သို့ ပြန်မည်ဖြစ်၍ မြို့မှ ကွမ်းဒိုင်တွင် သူ့ကွမ်းခြံမှ ကွမ်းရွက်များ ကျွန်တော်နှင့် လူကြုံပါး၍ ရောင်းချပေးနိုင်ရန် သူ့အိမ်၌ ကွမ်းရွက်ခူးသူ၊ ကွမ်းရွက်စီသူ အလုပ်သမများနှင့် လူစည်ကားပြီး အလုပ်ရှုပ်နေကြပါသည်။

ကိုအောင်မြင့် ကွမ်းခြံမှ ကွမ်းရွက်ခူးသည့်အသံ ကြားကြ၍ ရွာထဲမှ ကွမ်းရွက်စားလိုသူတို့ ကွမ်းရွက်လာဝယ်နေ၍ လူဝင်လူထွက် ပို၍ ရှုပ်နေပါသည်။

ကွမ်းရွက်စီနေသူ အလုပ်သမများလည်း ကွမ်းရွက်ခူးလာသူတို့ပေးလာသော ကွမ်းရွက်များကို လက်မလည်နိုင်အောင် စီနေကြရပါသည်။

ထိုသို့ ကွမ်းရွက်များ စီနေရင်း အလုပ်သမတစ်ဦးက ကွမ်းရွက်တစ်ရွက်ကို ကောက်ယူလိုက်ပြီး သူနှင့်အတူ ကွမ်းရွက်စီနေသူ အလုပ်သမများကို...

'ဟော့...ဟော့ ဒီမှာ ကြည့်ကြစမ်းအေ့ ကွမ်းရွက်အမြှာပူးတော်ရေ... ညည်းတို့ ယောက်ျားယူလို့ ကလေးမွေးရင် အမြှာပူးမွေးအောင် ဒီ ကွမ်းရွက် အမြှာပူးကို စားကြပါလားအေ့'

ဟု ထိုအလုပ်သမက သူ့အပေါင်းအသင်းများကို နောက်ပြောင်ကျီစား ပြောဆိုလိုက်ပါသည်။

ထိုသို့ နောက်ပြောင်ပြောဆိုလိုက်ချိန်တွင် ကွမ်းရွက်လာဝယ်သူများထဲမှ အသက်(၇၀)ကျော်ခန့်ရှိ အဘွားသိန်းဆိုသည့်အဘွားက ကွမ်းရွက်အမြှာပူးကိုင်ပြီး အပေါင်းအသင်းများကို နောက်ပြောင်ပြောဆိုနေသော ကွမ်းစီအလုပ်သမလေးကို...

'ဟဲ့...ဟဲ့ ကလေးမရဲ့ ကွမ်းရွက် အမြှာပူးစားလို့ ကလေးအမြှာပူးမမွေးဘူးအေ့ ကွမ်းရွက်အမြှာပူးကို အစီအရင်ကောင်းကောင်းနဲ့ စီရင်ပြီး ဆောင်ထားရင်တော့ လာဘ်လာဘပွင့်တာတော့ အမှန်ပဲအေ့'

နှုတ်ခမ်းတွင် ကွမ်းသွေးတို့ ရဲရဲနီအောင် ပေရေနေပြီး ဆံဖြူ၊ သွားကျိုး၊ ပါးရေနားရေတွန့်နေသည့် အဘွားသိန်း ပြောလိုက်သော စကားက ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ဖြစ်သွား၍ ကျွန်တော် အဘွားသိန်းအနား ကပ်သွားပြီး...

'အဘွား ကျွန်တော်က မြို့ကရောက်နေတဲ့ ကိုအောင်မြင့်ရဲ့ ဧည့်သည်ပါ။ အဘွားပြောတဲ့အတိုင်း ကွမ်းရွက်အမြှာပူးကို အစီအရင် ကောင်းကောင်းနဲ့ စီရင်ပြီး ဆောင်ထားရင် လာဘ်လာဘပွင့်တယ်ဆိုတာ တကယ်ပဲလား။ ဘယ်လိုစီရင်ပြီး ဆောင်မှ လာဘ်ပွင့်တာလဲဆိုတာ သိချင်လိုက်တာ အဘွား ကျွန်တော့်ကို ပြောပြပါလားဗျာ'

ကျွန်တော် အလေးထား မေးမြန်းလိုက်သည့် စကားကြောင့် အဘွားသိန်းက ကျွန်တော့်ကို စူးစိုက်ကြည့်လိုက်ပြီး သူ့ပါးစောင်တွင် ငုံထားသော ကွမ်းယာကို တစ်ချက်နှစ်ချက်ဝါး၍...

'မောင်ရင်က ဧည့်သည်ကိုကွယ့်။ ကဲ ကဲ ကွမ်းရွက်အမြှာကို ဘယ်လိုစီရင်ပြီး အသုံးပြုရင် လာဘ်လာဘပွင့်သလဲဆိုတာ ဧည့်သည်ဖြစ်တဲ့ မင်းလဲ နားထောင်၊ အိမ်ရှင်ဖြစ်တဲ့ ညည်းတို့လဲ နားထောင်ကြ'

ဟု ဆိုကာ ကွမ်းရွက်စီနေကြသော အလုပ်သမများကိုပါ အဘွားသိန်းက လှည့်ပြောလိုက်ပြီး...

'ဒီလိုဟေ့ ဒီလို ဂုဏ်ရှိခဲ့တဲ့ကိစ္စတွေက တို့ရှေးမြန်မာလူကြီးတွေ လက်ထက်ကတည်းကစလို့ ယုံယုံကြည်ကြည်နဲ့ လုပ်လာတာ။ နောက် ဒီလိုကိစ္စတွေက မသိသူကျော်သွားပြီး သိသူတွေက ဖော်စားနေကြတာ။ တို့ အဘိုးအဘွားလက်ထက်က အခုလို ကွမ်းရွက်အမြှာပူးရပြီဆိုတာနဲ့ အဲဒီ ကွမ်းရွက်အမြှာကို နံ့သာဖြူ အမွှေးတုံးသွေးပြီး နံ့သာဖြူရည်နဲ့ ဆေးကြော၊ ဆေးကြောလို့ သန့်ရှင်းသွားတဲ့ကွမ်းရွက်ရဲ့ ကျောဘက်မှာ ကွမ်းရွက်ပေါက်ပြဲမသွားအောင် "ဝင်ခွေ"လို့ ဖွဖွလေးထင်အောင်ရေး။

ကွမ်းရွက်ရဲ့ အတွင်းဘက်မှာလဲ "ခွေဝင်"လို့ ထင်အောင်ရေး။ အဲဒီလို ရေးပြီးရင် ကွမ်းရွက်

www.burmeseclassic.com

အမြွှာကို အခြောက်ခံလို့ မိမိတို့ရလာတဲ့ ဝင်ငွေ ငွေကြေးတွေ သိမ်းတဲ့နေရာမှာထား လိုက်ရင် တကယ်ပဲ ဝင်ငွေတိုးလို့ ငွေဝင်တော့တာပဲဟေ့'

အဘွားသိန်းက သူ့စကားကို အဆုံး သတ်ပြီးသော်လည်း သူ့စကားများ တွင် တစ်ခုခု လိုသွားသလိုဟန်ဖြင့် ကွမ်းစီနေသူ အလုပ်သမများ၏ အလယ်ရှိ ကွမ်းရွက်ပုံကြီးကို စူးစိုက် ငေးမောကြည့်ပြီး စဉ်းစားနေရင်းမှ သူ့စကားကို ဆက်ပြန်ပါသည်။

'အဘွားပြောတဲ့အထဲမှာ တစ်ခုလိုသွား တယ်ကွယ့်။ အခြောက်ခံလို့ရလာတဲ့ ကွမ်းရွက်အမြွှာကို အမွှေးတိုင်သုံးတိုင် ထွန်းညှိပြီး ကွမ်းရွက်ရဲ့အလယ်မှာရှိတဲ့ ကုဝေရနတ်၊ အရင်းမှာရှိတဲ့ ဘီလူး၊ အဖျားမှာ ရှိတဲ့ မိဿနတ်စတဲ့ ပုဂ္ဂိုလ်သုံးဦးကို ရည်မှတ်လို့ လာဘ်ပွင့်ဖို့ ဆုတောင်းရမယ်ကွယ့်'

ဟုဆိုကာ အဘွားသိန်းကသူ့စကား တို့ကို အဆုံးသတ်လိုက်ပါသည်။ အဘွားသိန်း စကားဆုံးသွားသည်နှင့် ကျွန်တော်မရှင်းသော အကြောင်းအရာ များကို အဘွားသိန်းအားမေးလိုက်ပါ သည်။

'အဘွားကို ကျွန်တော်မရှင်းလို့ မေးမယ်နော်။ ကွမ်းရွက်ရဲ့ ကျော ဘက်မှာ **"ဝင်ငွေ"**လို့ရေးပြီး ကွမ်း ရွက်ရဲ့ အတွင်းဘက်မှာ **"ငွေဝင်"**လို့ ဘာကြောင့် ရေးရတာလဲဗျ'

'ဒါက ဒီလိုရှိတယ် မောင်ရင်။ လောကီ ပညာတွေမှာ ကက်ကင်းဆာတ်ဆိုတာ ရှိ တယ်။ "ကွမ်းရွက်"၊ "ဝင်ငွေ"၊ "ငွေဝင်" ဆိုတာ ကက်ကင်းဆာတ်သဘောပေါ့။ ကက်ကင်းသဘောဆိုတာက ချက်ချင်း လက်ငင်း အကျိုးထူးစေတယ်'

ဟု ဆိုကာ ကျွန်တော်မရှင်းတာများ ကို အဘွားသိန်းက ရှင်းပြပေးလိုက် ပါသည်။ ကျွန်တော်လည်း ကွမ်းရွက် အမြွှာပူးကိုင်ထားသော ကလေးမထံမှ ကွမ်းရွက်အမြွှာကို တောင်းယူပြီး ကျွန်တော့်မှတ်စုစာအုပ်ကြား ညှပ်ထား လိုက်ပါသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော် မြို့သို့ ပြန်လာပြီး ကိုအောင်မြင့် လူကြုံ ပါးလိုက်သည့် ကွမ်းရွက်ရောင်းချခြင်း ကိစ္စ ဆောင်ရွက်ပြီး အိမ်သို့ ပြန်လာခဲ့ပါ သည်။

အိမ်ရောက်သည်နှင့် ခရီးရောက် မစိုက်ပင် မှတ်စုစာအုပ်ကြားမှ နွမ်းဖန့် ဖန့်ကွမ်းရွက်အမြွှာကို ထုတ်ယူပြီး အိမ်၌ အသင့်ရှိသည့် နံ့သာဖြူတုံးကို သွေးကာ နံ့သာဖြူရည်ဖြင့် ဆေးကြော သန့်စင်လိုက်ပါသည်။

ထို့နောက် ကက်ကင်းသဘော ဆောင်သည့် "ဝင်ငွေ"နှင့် "ငွေဝင်" ဆိုသည့်စာလုံးကို ကွမ်းရွက်အမြွှာ၏ ကျောဘက်နှင့် အတွင်းဘက်တွင် ရေးသားကာ ကွမ်းရွက်တွင် စောင့် ရှောက်သော ကုဝေရနတ်၊ ဘီလူး ဒေဝမိဿနတ်တို့ကို ရည်မှတ်၍ အမွှေး တိုင်သုံးတိုင် ထွန်းညှိကာလာဘ်လာဘ ပွင့်ရန် ဆုတောင်းလိုက်ပါသည်။

ထိုအစီအရင်ပြုလုပ်၍ ကွမ်းရွက် အမြွှာကို ဆောင်ထားခဲ့ရာ တစ်လခန့် အကြာ၌ ကျွန်တော့်လုပ်ငန်း၌ ဝင်ငွေ တိုးလို့ ငွေဝင်လာသည်ကို သိသိသာ သာ သိလိုက်ရပါသည်။

ဝင်ငွေရရန် အလုပ်လုပ်ကိုင်နေကြ သူတို့ ဝင်ငွေတိုးပြီး ငွေဝင်စေဖို့ ကွမ်း ရွက်အမြွှာ အစီအရင်ပြုလုပ်၍ ယုံကြည်စွာဆောင်ထားပြီး လာဘ်ပွင့် ကာ ငွေဝင်နိုင်စေရန် အကြံပြု ရေးသားတင်ပြလိုက်ရပါသည်။

***အလုပ်လုပ်ကိုင်သူတိုင်း ဝင်ငွေ တိုး၍ ငွေဝင်နိုင်ကြပါစေ။***

**မောင်ရင်ထွေး (မအူပင်)**

**စာမျက်နှာ (၁၆၆)မှ အဆက်**

လပြည့်ကျော် ၈-ရက်)တို့တွင် ဆွမ်း စားစဉ် အသုံးပြုသော ပဝါဖြူ(လက် ဖြင့် ကိုယ်တိုင်ချုပ်လုပ်ပါသည်။)၊ ဂျင်တန်(ဆရာတော်ကြီး အမြဲငုံပါ သည်။)၊ တဘက်များ၊ ဓတ္တုငွေများ ကပ်လှူခဲ့ပါသည်။ ဆရာတော်ကြီး၏ စာအုပ်များ အမြဲဖတ်ရှုခဲ့ပါသည်။

မြစ်ကြီးနား အ.ထ.က(၁)တွင် တာဝန်ထမ်းဆောင်နေစဉ်က တောင် ပုလုဆရာတော်ကြီးကို ဒုတိယအကြိမ်၊ တတိယအကြိမ် ဖူးမြော်ခွင့် လှူခွင့် ရခဲ့ပါသည်။

တောင်ပုလုဆရာတော်ကြီး တရားပွဲ ၌ ဓမ္မဒါနပြုသောပုံတော်(**ခုတင်တစ်ခု ပေါ်တွင် ခန္တီးဆရာတော်ကြီးနှင့် တောင်ပုလုဆရာတော်ကြီး ထိုင်နေ ပုံပါ။ ခန္တီးဆရာတော်ကြီးက တောင် ပုလုဆရာတော်ကြီး၏ လက်ကို ကိုင်ပြီး မေတ္တာဝေနေသောပုံပါ။ ဖူး၍မဝပါ။**)ကို ကိုးကွယ်ထားပါသည်။

တောင်ပုလုဆရာတော်ကြီး ပျံလွန် တော်မူသည်မှာ အရင်ကျပါသည်။ ရှစ်လခန့်အကြာတွင် ခန္တီးဆရာတော် ကြီး ပျံလွန်တော်မူခဲ့ပါသည်။

စာရေးသူ တက္ကသိုလ်ကျောင်းသူ ဘဝမှ ယနေ့တိုင် မန္တလေး-မြစ်ကြီးနား အစုန်-အဆန်(ရထား) စီးသွားတိုင်း ခန္တီးရိပ်သာ တောင်ပေါ်ကျောင်းကို လက်အုပ်ချီမိုး ရှိခိုးနေပါသည်။

ခန္တီးဆရာတော်ကြီး၏ ဓာတ်တော် များကို ဌာပနာ၍ စေတီတော် တည် ထားကိုးကွယ်ကြသည်။

ယခုတိုင်လည်း ခန္တီးစာသင်တိုက်နှင့် ခန္တီးရိပ်သာကျောင်း အောင်မြင်နေဆဲ ပါ။ ခန္တီးဆရာတော်ကြီး၏ အရှိန်အဟုန် ကြောင့် ခန္တီးတိုက်ထွက် ရဟန်းများ အောင်မြင်ကြဆဲပါ။

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင် ကြပါစေ။***

**ဒေါ်သုမနဝီထွ**
***(B.Sc, H.G.P, Dip Ed)***

www.burmeseclassic.com

www.burmeseclassic.com

# သာသနာပြု ဝိဏ္ဏာများ၏ သိုသုံးမစကားများ

ရွှေတည် မြစင်ဖြယ်


'ဒီနေ့ညတော့ တပည့် မောင်လူမော်ကို ဝိပဿနာတရား မဟောတော့ဘူး။ မြန်မာဗုဒ္ဓဘာသာ လူမျိုးတွေ မိမိတို့ အိမ်မှာ အိမ်နဲ့တွဲပြီးတော့ ဘုရားကျောင်းဆောက် ကိုးကွယ်မှုတွေ မှန်သွားအောင် အပြည့်အစုံ ပြောပြခဲ့မယ်။

နေရာဒေသ မြို့နယ်ရွာတွေမှာ အိမ်တွေ မီးလောင်ခံရကြတယ်။ အိမ်တွေနဲ့အတူ နေအိမ်တွေမှာ ကိုးကွယ်ထားတဲ့ ဘုရားစင်တွေ မီးထဲပါသွားတယ်။ ပါမှာပေါ့။ ဘုရားစင်တွေဲ စင်ဆိုတာက ရေအိုးစင် ပန်းကန်စင်၊ အဝတ်တင်စင်၊ ကြပ်ခိုးစင်၊ နတ်စင် တောရွာတွေမှာ မြက်စင် ဒါတွေကို စင်လို့ ခေါ်တာ။

ဘုရားသီတင်းသုံးတဲ့ နေရာကို ဘုရားစင်လို့ မခေါ်ရဘူး။ **"ဘုရားကျောင်းတော်"** လို့ ခေါ်ရမယ်။ ဘုရားသီတင်းသုံးဖို့ ဆောက်လုပ်ထားတဲ့ နေရာဖြစ်တယ်။ **ဘုရားကျောင်းတော်** လို့ စာရေးထားပါ။

ကဲ...ဘုရားသီတင်းသုံးဖို့ ကျောင်းတော်ကို အိမ်နဲ့ ပူးတွဲဆောက်ပြီး ဘုရားကိုလဲ အကွယ်ထားပြီး ဘယ်လို ကိုးကွယ်ဆည်းကပ်မလဲ သေသေချာချာမှတ်ပါ။

ဒီကျောင်းတော်ပေါ်မှာ ဂုဏ်တော် သီတင်းမက ဂုဏ်တော်တွေ၊ အနန္တ ဂုဏ်တော်တွေ၊ အနန္တမေတ္တာတော်တွေ၊ တန်ခိုးတော်တွေအနန္တနဲ့ ပြည့်စုံတဲ့ ဘုရားကိုယ်တော်မြတ်ကြီး သီတင်းသုံး ကိန်းဝပ်စံပယ်တော် မူနေတယ်လို့ စိတ်အာရုံမှာ စွဲစွဲမြဲမြဲထားပြီး ကိုးကွယ်ပါ။ **ဆိုလိုတာက ဒီကျောင်းတော်ပေါ်မှာ သက်ရှိဘုရားကြီး ရှိနေတယ်လို့ အစဉ် စွဲမှတ်ထားပါ။**



ကဲ...ဘုရားတော့ သီတင်းသုံးနေပြီ၊ ဘုရားဝေယျာဝစ္စ ဘယ်လို ဆောင်ရွက်မလဲ။ **ဘုရားကျောင်းတော်ပေါ်မှာ ဘုရား၊ တရား၊ သံဃာနဲ့ ဆက်စပ်တဲ့ ပစ္စည်းကလွဲလို့ လူ့အသုံးအဆောင်တွေ ဘာမှ တင်မထားရဘူး။** အပ်တစ်ချောင်းတောင် မတင်ထားရဘူး။ ဘုရားကျောင်းကို ကြီးကြီး သေးသေး သေချာစွာ သန့်ရှင်းထားရမယ်။

ဘုရားပန်းအိုးလဲ တစ်အိုး တတ်နိုင်ရင် တစ်အိုးပေါ့။ ပန်းတွေ ခြောက်မနေရဘူး။ ရေတွေ ပုပ်မနေရဘူး။ ညစ်ပတ်မနေရဘူး။ လဲလှယ်ပေးရမယ်။ နောက်ဆုံး ပန်း လုံးဝ မရှိတောင်မှ ရေကို သန့်သန့်ရှင်းရှင်း လဲပေးထားရမယ်။ **ပန်းမရှိလို့ မပူဇော်နိုင်တာ အပြစ် မဖြစ်ပါဘူး။**

မနက်စောစောကို မျက်နှာသစ်တော်ရေနဲ့ မျက်နှာသုတ်ပဝါ ကပ်ရမယ်။ မုန့်ပဲသရေစာဖြစ်စေ၊ ဆွမ်းဖြစ်စေ ကပ်နိုင်ရင် ပိုကောင်းတယ်။ ညပိုင်းကို ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် များ ကပ်လှူရမယ်။

မနက် ဆယ့်တစ်နာရီခန့် ဘုရား ဆွမ်းဘုဉ်းပေးရန် ဘယ်လို ဆွမ်းကပ်





www.burmeseclassic.com

www.burmeseclassic.com

မလဲ။ လူတွေ လုပ်နေတာက ကလေးကို ထမင်းကျွေးသလို ပန်းကန်ပြား သေးသေးလေးပေါ်မှာ ထမင်းတင်၊ ဟင်းနည်းနည်းပုံပြီး ကပ်ကြတယ်။

တချို့ ရေနွေးကြမ်းသောက်တဲ့ ရေနွေးပန်းကန် သေးသေးလေးနဲ့ ကပ်ကြတယ်။ လိုအပ်တာလွန်ရော၊ မလုပ်ရဘူး။ ကုသိုလ်တော့ ရပါတယ်။ အကျိုးပေး မသန်ဘူး။ အကျိုးပေးသန်အောင် ယုံယုံကြည်ကြည် စေတနာ အပြည့်နဲ့ လုပ်ရတယ်။

ဆွမ်းကို ပန်းကန်ပြားကြီးနဲ့ တစ်ပါးစာ သုံးဆောင်နိုင်ရန် အပြည့်ထည့်ရမယ်။ ဟင်းလဲ ဒီလိုပဲ အပြည့်အစုံပေါ့။ မိသားစု စားမယ့် ဟင်းတွေ အစုံတင် လှူနိုင်ရင် ပိုကောင်းပါတယ်။

တချို့ သံဃာကို ဆွမ်းကပ်သလို စားပွဲကို စားပွဲခင်း ခင်းပြီး အစုံအလင် တင်ကပ်တယ်။ သောက်တော်ရေနဲ့ လက်သုတ်ပဝါလဲပါတယ်။ အနားက ကျုံ့ကျုံ့ကလေးထိုင်ပြီး **"ဘုဉ်းပေးတော်မူပါဘုရား"**ဟု ဆိုပြီး ယပ်ကလေး ခတ်ခတ်ပေးတယ်။ ဘုရား ဆွမ်းဘုဉ်းပေးနေတာ မျက်စိမှိတ် အာရုံပြုပြီး တကယ် အာရုံအမြင်ထဲမှာ ပုံပေါ်လာအောင် အာရုံယူပြီး ကပ်လှူတယ်။

ဘုရားကို နာရီဝက်ခန့် ဆွမ်းကပ်ပြီး **"ဆွမ်းပွဲသိမ်းခွင့် ပြုတော်မူပါဘုရား၊ တပည့်တော်တို့လဲ စားသုံးခွင့် ပြုတော်မူပါဘုရား"**ဟု ဆိုပြီး ရှိခိုးဦးချ ဆွမ်းပွဲကို သိမ်းလိုက်တယ်။

ပြီးတော့ မိသားစုတွေ ဝေငှစားကြတယ်။ သိပ်ကောင်းတာပေါ့။ အထွတ်အမြတ်ပေါ့။ ဘုရားဝေယျာဝစ္စ ဆောင်ရွက်သူ ဘုရားဆွမ်းစားကောင်းတယ်။ သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်သူ သံဃာကျွေးတဲ့ပစ္စည်း စားကောင်းတယ်။

အဲဒီလို ဆွမ်းကပ်တဲ့သူဟာ သေရင် ဗေဒင်မေးမနေနဲ့၊ နတ်မေးမနေနဲ့၊ ဆွမ်းသွတ်မနေနဲ့ နတ်ပြည်မှာ သူနေဖို့ နတ်ဗိမာန်ပေါက်ပြီးသား မယုံမရှိကြနဲ့၊ ဒီဖြစ်စဉ်တွေ အများကြီးပဲ။ **စေတနာမှန် လုပ်နည်းမှန် ကံတရားက တူသော အကျိုးကို ပြန်ပေးတာပဲ။**

နောက်ပြီး ဘုရားကိုးကွယ်တဲ့နေရာမှာ ဘုရားကျောင်းတော်ကို ဝေယျာဝစ္စ ဆောင်ရွက်ရန် ကိုင်မယ်ကြရင် လက်အုပ်ချီပြီး **"ခွင့်ပြုတော်မူပါ ဘုရား"** လို့ ဆိုကာ ဘုရားကျောင်းတော်ကို ကိုင်ရတယ်။ ပြုဖွယ်ကိစ္စများ ပြီးတဲ့အခါမှာလဲ **"ခွင့်သနားတော်မူပါ ဘုရား"**လို့ဆိုပြီး လက်အုပ်ချီပြီး နောက်ပြန်ဆုတ်ရတယ်။

ဘုရားကို ပူဇော်လှူဒါန်းဆောင်ရွက်တဲ့နေရာမှာ ဖြစ်နိုင်ရင် အင်္ကျီလက်ရှည်ဝတ်ပြီး ဆောင်ရွက်ပါ။ မလွဲသာလို့ အင်္ကျီလက်တိုတို၊ စွပ်ကျယ်အင်္ကျီတို့ ဝတ်ထားရင်လဲ ပခုံးပေါ်တွင် တဘက်တို့၊ လောပတ်တို့တင်ပြီး ဆောင်ရွက်ပါ။

**ဝိဇ္ဇာဥက္ကဋ္ဌ ဘိုးတော် အောင်မင်းခေါင်ကတော့ အင်္ကျီလက်ရှည်ကို လက်မောင်းတွင် ပင့်ခေါက်ပြီး ဆောင်ရွက်တာတောင် မကြိုက်ဘူး။**

အိမ်မှာ လူကြီးမိဘများရှိလို့ ခေါင်းရင်းခန်းမှာ ထိုင်နေရင် ရှိသေစွာ ဦးညွှတ်သွားရသလို ဘုရားကျောင်းတော်ရှေ့ဝင်ရင် ဘုရားရှင် ရှိနေတဲ့အနေနဲ့ သေသေချာချာ ရှိသေရမယ်။ ပေါ့ပေါ့တန်တန် မလုပ်ရဘူး။

တချို့ ရှိသေးတယ်။ ဘုရားကျောင်းဆောင်ရှေ့မှာ အိပ်တာ။ အမျိုးသားဖြစ်ပြီး ရှိရှိသေသေအိပ်ရင် တော်သေးတာပေါ့။ အမျိုးသားလဲ ဘုရားကျောင်းတော်ရှေ့မှာ ဒူးထောင်ပေါင်ကား မအိပ်ရဘူး။ အမျိုးသမီးဆို လုံးဝ မအိပ်ရဘူး။ တချို့ အိမ်တွေမှာ ရှိသေးတယ်။ ဇနီးမောင်နှံစုံတွဲ အိပ်တာ။ မအိပ်ရဘူး။ သိပ်အပြစ်ကြီးတယ်။

ဒီလို လုပ်နည်းမှန် စေတနာမှန်နဲ့ သက်ရှိဘုရား တကယ်ရှိတယ် အမှတ်နဲ့ နေအိမ်မှာ ကိုးကွယ်ဆည်းကပ် ပူဇော်ထားတော့ ကောင်းကျိုးတွေ ပေးတာပေါ့။ ဘယ်သူက ကောင်းကျိုးတွေပေးတာလဲ။ လုပ်နည်းမှန် စေတနာမှန်တော့ နတ်တွေ၊ ဝိဇ္ဇာတွေက ကောင်းကျိုးပေးတာပေါ့။

စီးပွားလဲဖြစ်မယ်။ ဘေးအန္တရာယ် ကင်းမယ်။ ဘုရားလက်ထက်က ဘုရား သိတင်းသုံးတဲ့ ကျောင်းတော်ကို ရန်သူများ ဖျက်ဆီးမရသလို မိမိတို့ နေအိမ်မှာလဲ သက်ရှိဘုရား ရှိနေတယ်လို့ အကြွင်းမဲ့ ယုံကြည်ထားတဲ့အတွက် မီးဘေး စသော အန္တရာယ်အပါအဝင် အန္တရာယ်များ၊ ဘေးဒုက္ခများ မကျရောက်နိုင်ပါဘူး။

တစ်အိမ်လုပ် တစ်အိမ် အကျိုးပေးမယ်။ တစ်ရွာလုံးလုပ် တစ်ရွာလုံး အကျိုးပေးမယ်။ တစ်မြို့နယ်လုံးလုပ် တစ်မြို့နယ်လုံး အကျိုးပေးတာပေါ့။ ဒါပေမယ့် တကယ်လုပ်မယ့်သူက ရှားပါတယ်။ ဘာပြုလို့လဲ မသိလို့ပေါ့။ ဝိဇ္ဇာအသိ မရှိလို့ပေါ့။ တို့ကတော့ ကောင်းစေချင်ပါတယ်။ လူ့လောကကြီးအပေါ် စေတနာရှိပါတယ်။ သတ္တဝါတွေ ကယ်တင်ချင်ပါတယ်။ ဒါပေမယ့် တို့က လူတိုင်းကို လိုက်ပြောလို့ မ ဘူး။

မောင်လူမော်တို့က လူတွေကို သိအောင် လုပ်ပေးရမယ်။ ဒါ သာသနာပြုခြင်းတစ်မျိုးပဲ။ သတ္တဝါတွေ



www.burmeseclassic.com

www.burmeseclassic.com

စေတနာထား သနားပြီး မိမိစွမ်းနိုင်သမျှ ကယ်တင်ပေးရမယ်။

အထက်ဂိုဏ်းဆိုတာ အထက်တန်းကျတဲ့စိတ်ကို အမြဲမွေးမြူရမယ်။ လူတွေကို ဗုဒ္ဓဘာသာ လမ်းမှန်ပေါ်ရောက်အောင် ဆွဲတင်ပေးပါ။ **အကုသိုလ်ဆိုရင် ဒုစရိုက်ဆယ်ပါးထဲက သမ္ဖပ္ပလာပဆိုတဲ့ ကျူးလွန်ဖို့ အလွယ်ဆုံး ဝိနိဖျင်းတဲ့ စကားလေး** စကားပေါ့။ အရပ်စကား အညံ့ဖျင်းဆုံး ဝစီကံကိုတောင် မသုံးပါနဲ့။ ခံ့ခံ့ညားညားနေပါ။

တိရစ္ဆာန်တွေကို ကြင်နာသနားပြီး လူတွေကို မေတ္တာ သစ္စာတရားနဲ့ ဆက်ဆံပါ။ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်တတ်အောင် ဟောပြောပါ။ ဒီညတော့ ဒါလောက်ဆို တော်ပါပြီ။ တရားထိုင်ရမယ့် အချိန်ကလဲ ရှိသေးတယ်။ ပြန်ကြမယ်'

အထက်ပါ ဟောပြောချက်များသည် **အရိယာဝိဇ္ဇာဘဟ်သာမှ** ကျွန်တော်၏ဆရာ ဦးအောင်ရွှေအား ဟောပြောမိန့်မှာချက်များ ဖြစ်သည်။ ကျွန်တော်က ဦးအောင်ရွှေမှတစ်ဆင့် ပြန်ပြောချက်များကို တစ်ချိန်မှာ လိုအပ်လျှင် ဖြန့်ဝေနိုင်ရန် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။

ဆရာဦးအောင်ရွှေမှာ ဘိုးတော်အေး၊ ဘိုးတော်ပြူး၊ ဘိုးတော်ပွင့်တို့၏ ကုဏ္ဍာသယမဟိဒ္ဓိစေ ဂိုဏ်းတော်ကြီး၏ ပေါင်းတည်မြို့နယ် ဂိုဏ်းတော်ခွဲ ဂိုဏ်းချုပ် ဖြစ်ပါသည်။

ပေါင်းတည်မြို့ အနောက်ဘက် တစ်မိုင်ကွာ နတ်ပုတီးရွာ ကားလမ်းအနီးတွင် နေပါသည်။ ကျွန်တော်က ပေါင်းတည်မြို့ ရန်ကုန်-ပြည်ကားလမ်း ရွှေတောင်လမ်းတွင် နေပါသည်။ ဆရာနှင့် ကျွန်တော်က နေ့စဉ်လိုလိုပင် တွေ့ကြတာ များပါသည်။

ဆရာဦးအောင်ရွှေကို ကျွန်တော် စ,သိသည်မှာ ၁၉၈၃ ခုနှစ်ခန့်က ဖြစ်ပါသည်။ ယင်းအချိန်က ကျွန်တော် ပေါင်းတည်မြို့နယ် တိုင်းရင်းဆေးဆရာများအဖွဲ့တွင် အတွင်းရေးမှူးတာဝန် ထမ်းဆောင်စဉ်က စ၍ သိကျွမ်းခင်မင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာဦးအောင်ရွှေက မြို့နယ်တိုင်းရင်းဆေးဆရာအဖွဲ့ အဖွဲ့ဝင်ပါ။ ကျွန်တော်တို့၏ တိုင်းရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌဖြစ်သူမှာ ပေါင်းတည်မြို့ (၈)လမ်းမှ ဦးထွန်းရှိန်ဖြစ်ပြီး ဆရာဦးအောင်ရွှေ၏ ကုဏ္ဍာသယမဟိဒ္ဓိစေဂိုဏ်းမှ ကိုးဆင့်ရပြီးဆရာ ဖြစ်နေသဖြင့် ပို၍ ကျွန်တော်နှင့် နီးစပ်မှု ရှိသွားပါသည်။ ပို၍ ခင်မင်သွားပါသည်။

ယင်းအခါက ကျွန်တော့်မှာ ကုဏ္ဍာသယမဟိဒ္ဓိစေဂိုဏ်းဝင် မဟုတ်ပါ။ ရန်ကုန်မှာ ဓာတ်ခန်းအထိုင်ထားပြီး မြန်မာနိုင်ငံတစ်ခွင် လှည့်လည်သွားလာ မန္တန်ဘိသိက်ပွဲတွေ ကျင်းပပြီး ထွက်ရပ်ပေါက်လမ်းစဉ်ဖြင့် သာသနာပြုနေသည့် **မန္တန်ဝိဇ္ဇာဆရာကြီး ဦးမောင်မောင်၏ ဂိုဏ်းအဖွဲ့ဝင်ပါ။**

နောက်တော့ ဆရာဦးအောင်ရွှေနှင့် ရင်းနှီးပြီး အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေ ပေါ်လာကာ ကုဏ္ဍာသယ မဟိဒ္ဓိစေဂိုဏ်းကိုပါ ပူးတွဲလိုက်ခြင်း ဖြစ်ပါသည်။

ဆရာ ဦးအောင်ရွှေသည် မေတ္တာတရားနှင့် စိတ်ထား ဖြူစင်သလို အမြင်အကြားဓာတ်မှာ အလွန် ပီပြင်ထက်မြက်သောပုဂ္ဂိုလ် ဖြစ်ပါသည်။

အရိယာဝိဇ္ဇာ ထွက်ရပ်ပေါက်ဆရာတော်များ၊ ဘိုးတော်များ၏ တရားတော်များကို အနည်းဆုံး တစ်လလျှင် (၄)ကြိမ် လဆန်း၊ လဆုတ် (၈)ရက် (၂)ကြိမ်၊ လပြည့် လကွယ် (၂)ကြိမ် စုစုပေါင်း အမြဲ (၄)ကြိမ် နာရပါသည်။ တစ်ခါတစ်ရံ ကိစ္စရှိ၍ အခြားရက်များတွင် လာရောက် ဟောပြောတာလည်း ရှိပါသည်။

အရင်းနှီးဆုံးဘဝ အတူနေခဲ့သော ပဋ္ဌာန်းဆက်များဖြစ်၍ ကျွန်တော့်ကို အကုန် ပြန်ပြောပြပါသည်။ ဝိဇ္ဇာများက ကျွန်တော့်အား မှာစရာရှိတာများ ပြောစရာရှိတာများ ရှိလျှင်လည်း ကျွန်တော့်အား ပြန်၍ ရှင်းလင်းပြောပြပါသည်။

ဆရာဦးအောင်ရွှေနှင့် ပတ်သက်၍ ငယ်ရွယ်စဉ်ဘဝမှ ကျင့်စဉ်စခန်း ပြီးမြောက် ဘဝကူးသွားသည့်အထိ စိတ်ထား နမူနာယူစရာများ မှတ်သားစရာများကို ဓမ္မမိတ်ဆွေများအား ပြည့်စုံသွားအောင် ဆက်လက် တင်ပြပေးပါမည်။

ဒါမှ တချို့ မသိ၍ သာသနာပြု ဝိဇ္ဇာအစစ်များကို ဘိုးတော်၊ မယ်တော် အတုများနှင့် ရောနှောပြီး အပြစ်ပြောနေခြင်းမှ ကင်းလွတ်သွားမည်။ လူ အရိယာဖြစ်စေ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်စေ ပြစ်မှားမိလျှင် အပြစ်ကြီးတတ်ပါသည်။ အလွန် သတိထားရပါမည်။

**ဓာတ်ပုံမှာ**(အလယ်မှ) အညိုခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီအဖြူ၊ လောပတ် အညို သိုင်းထားသူမှာ ဆရာဦးအောင်ရွှေ ဖြစ်ပါသည်။ ဆရာ ဦးအောင်ရွှေ လက်ဝဲဘက်မှ အညိုရောင်များ ဝတ်ထားသူမှာ စာရေးသူ မြဖင်ယော် ဖြစ်ပါသည်။

***ဝိဇ္ဇာညာဏ် ရင့်သန်လျှင် အမှန် ဒုက္ခဘုံမှ လွတ်လိမ့်မည်။***

**ရွှေတည် မြဖင်ယော်**



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အသက်နှစ်ဆယ်ကျော် နိုင်ငံခြားသင်္ဘောသားတစ်ဦး** ဖြစ်ပါတယ်။

**"ကျော်မျိုးအေး"**ဆိုတဲ့ နာမည်သုံးလုံးအနက် ပထမဆုံးစာလုံး **ကျော်**ကို မြန်မာအက္ခရာစာလုံးနဲ့ ရွေးထိုးထားကြောင်း သိရပါတယ်။

ထိုးမြဲလက်မှတ်သင်္ကေတက ခွက်မှောက်သင်္ကေတ ဖြစ်လို့ ကံမကောင်းတတ်ပါဘူး။

မွေးသက္ကရာဇ်က မြန်မာသက္ကရာဇ် **၁၃၄၈ ခုနှစ်၊ ဝါခေါင်လ၊ တနင်္ဂနွေမနက်ဖွားဖြစ်လို့** မူလမဟာဘုတ်ခွင်၊ နာမက္ခရာတိုင်စဉ်နဲ့ ဝုဒ္ဓိတို့ မှန်မမှန်၊ ကောင်းမကောင်း ကြည့်ရအောင်...

* * *[နံပါတ်-၁]

**"ကျော်"**ဆိုတဲ့ စာလုံးကို လက်မှတ်ရွေးထိုးထားတာ မှန်ပါတယ်။ ဒါပေမယ့် လက်မှတ်သင်္ကေတ မကောင်းတာကိုတော့ ပြင်သင့်တယ်။

ဒီထိုးမြဲလက်မှတ်ပိုင်ရှင်ဟာ နိုင်ငံခြားသင်္ဘောတိုင်းမှာ စာချုပ်သက်တမ်းမပြည့်မီ ခိုက်ရန်ပြဿနာကြောင့် ပြန်ဆင်းခဲ့ရတယ်လို့ ဆိုပါတယ်။


လက်မှတ်ကို အောက်ပါအတိုင်း ပြင်သင့်တယ်။ လက်မှတ်ကို အင်္ဂလိပ်အက္ခရာစာလုံးနဲ့ထိုးခြင်း၊ အောက်ခြေမှာ တြိဂံပုံထည့်ခြင်း ပြုရမယ်။ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။ အလုပ်ခိုင်မြဲလာပါမယ်။


* * *



၂။

* * *






**"ဖြိုးမေချို"**ဆိုတဲ့ သူမရဲ့ နာမည်နောက်ဆုံးနှစ်လုံးဖြစ်တဲ့ **"မေချို"**ကို လက်မှတ်ရွေးထိုးထားကြောင်း သိရပါတယ်။

၁၃၃၇ ခုနှစ်၊ တပို့တွဲလ ဗုဒ္ဓဟူးဖွား ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရာတိုင်စဉ် ချကြည့်ရင်...

* * *[နံပါတ်-၂]

ဗုဒ္ဓဟူး အဓိပတိဖွားဖြစ်သူကို **ကြာသပတေးအစ တနင်္လာအဆုံး** နာမည်ပေးထားတဲ့အတွက် **ရာဇ+သိုက်** ဖ...




တနင်္လာ ရာဇဖွားဖြစ်သူကို **တနင်္လာစ၊ ကြာသပတေးအလယ်၊ တနင်္ဂနွေအဆုံး** ပေးထားတဲ့အတွက် မွေးနံကို အမြစ်အုပ် နာမည်ညှိတယ်။ နာမက္ခရာတိုင်စဉ်မှာ၊ ဝုဒ္ဓိမှာဖြစ်တယ်။

ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **အသက်သုံးဆယ် အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။

မိနေတဲ့နာမည် ဖြစ်တဲ့အပြင် နာမက္ခ... တိုင် မှားနေသေးတယ်။

ထိုးမြဲလက်မှတ်ကလဲ နှစ်လုံး... ရွေးထိုးမှုမှားနေတယ်။ ထိုးမြဲလက်မှ... သင်္ကေတလဲ ညံ့တယ်။ သူမရဲ့ အိ...




www.burmeseclassic.com

www.burmeseclassic.com

နံပါတ်–၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |




ထောင်ရေး ကံမကောင်းပါဘူး။ ကွဲကွာရတော့မယ့် အခြေအနေ ရောက်နေစဉ် ကျွန်ုပ်ထံ လာရောက်တွေ့ဆုံကာ ယတြာလုပ်ခြင်း ဖြစ်ပါတယ်။

ဤနာမည်ကို ပြုပြင်လိုက်သင့်ပါတယ်။ (သို့မဟုတ်) **ဖြိုးမေနှစ်လုံးတွဲ** သုံးရင်သုံးနိုင်တယ်။ "**ချို**"တစ်လုံးတည်း သုံးရင်သုံးနိုင်တယ်။ ထိုးမြဲလက်မှတ်အဖြစ် "**ချို**"တစ်လုံးတည်း သုံးခြင်းက ပိုကောင်းမယ်။

* * *



**လက်မှတ်အောက်က မျဉ်းမသားဘဲ ပွင့်ဖတ်(၄)ခုပါသော ပန်းပွင့်သင်္ကေတထည့်ခြင်း၊ အောက်ခြေပြား ငွေအိတ်သင်္ကေတ ထည့်ခြင်းပြုပါက** သာယာပျော်ရွှင် နိုင်မြဲခြင်း ဖြစ်လာပေလိမ့်မယ်။

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်ငါးဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။

"**ဖော်သိန်း**"ဆိုသော နာမည်နှစ်လုံးတွဲကို လက်မှတ်ထိုးထားခြင်း ဖြစ်ကြောင်း သိရသည်။

ထိုးမြဲလက်မှတ်သင်္ကေတမှာ ထိပ်စာလုံးက အမှားသင်္ကေတ အပေါ်ရောက်ပါရှိပြီး အလယ်မှာ အပြိုင်သင်္ကေတနှင့် အဆုံးမှာ အဖျားရှူးသင်္ကေတတွေကြောင့် ထိုးမြဲလက်မှတ်သင်္ကေတ ညံ့မည်။

**၁၃၂၅ ခုနှစ်၊ နယုန်လမွေးသော အင်္ဂါသားဖြစ်၍** မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ ချကြည့်လျှင်...

* * *[**နံပါတ်–၃**] ⟶

အင်္ဂါ ပုတိဖွားဖြစ်သူကို **အင်္ဂါစ၊ သောကြာအဆုံး** အပြင်မိတ်ဂြိုဟ်တွဲ၊ **ပုတိ+အဓိပတိ**နာမည်ပေး မှန်ပါသည်။

နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်သည်။ သို့သော် ထိုးမြဲလက်မှတ်သင်္ကေတ ညံ့လွန်းသဖြင့် ဘာလုပ်လုပ် အဆင်မပြေဖြစ်နေ၍ ကျွန်ုပ် လက္ခဏာဗေဒင်ဟောခန်းသို့ လာရောက်တွေ့ဆုံခြင်း ဖြစ်ပါသည်။

ထိုးမြဲလက်မှတ်သင်္ကေတ ကောင်းအောင်ပြုပြင်သင့်သည်။

* * *



ယင်းမှာ ခရီးသွားလာ လှုပ်ရှားလုပ်ကိုင်သူဖြစ်၍ ပုတိဌာနရှိ "**ဖော်**" အင်္ဂါစာလုံးကို သက်မှတ်ရွေးချယ်ထိုးသင့်ပြီး လက်မှတ်အဆုံးမှာ မြားဦးသင်္ကေတ ထည့်သင့်သည်။ အောက်ခြေပြားငွေအိတ်သင်္ကေတ ပါရှိပြီး အောက်မှ မျဉ်းမသားရပါ။

၄။


* * *



ယခုလအတွက် နံပါတ်(၄)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ ရေနံချောင်းမြို့ဇာတိ **အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

နံပါတ်–၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |



"**ဇာခြည်သင်း**"ဆိုသော နာမည် သုံးလုံးမှ ရှေ့နှစ်လုံးတွဲကို အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ်ရွေးထိုးထားကြောင်း သိရသည်။

လက်မှတ်သင်္ကေတမှာ **အပြိုင်နှင့် အမှား သင်္ကေတများ ပါသဖြင့် သင်္ကေတ ညံ့ပါသည်။**

၁၃၄၀ ပြည့်နှစ်၊ ဝါခေါင်လ၊ အင်္ဂါနေ့ဖွားဖြစ်၍ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်နှင့် ဝုဒ္ဓိတို့ ချကြည့်လျှင်...

* * *[**နံပါတ်–၄**]

အင်္ဂါ ဘင်္ဂဖွားဖြစ်သူကို **အင်္ဂါ+သောကြာ=ဘင်္ဂ+မရဏ** နာမည်ပေးထား၍ ညံ့ပါသည်။ သို့သော် နာမည်မှာ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်သည်။

ထိုးမြဲလက်မှတ်မှာ **အင်္ဂါ+တနင်္လာ** ဖြစ်၍ မွေးနံကို အမြစ်အုပ် ဖြစ်နေသော်လည်း **ဘင်္ဂ+အထွန်း**ဖြစ်၍ **အနိဋ္ဌ+ဣဋ္ဌ** အထိုက်အလျောက်ကောင်းပါသည်။ နာမက္ခရတိုင်စဉ်မှန်သော်လည်း ဝုဒ္ဓိမှားပါသည်။

ဤနာမည်မျိုးတွင် အထွန်းဌာနရှိ တနင်္လာနံသင့် အက္ခရာစာလုံး "**ခြည်**"ကိုသာ လက်မှတ်ရွေးထိုးသင့်သည်။

* * *




✦ လက်မှတ်အောက်က မျဉ်းမသားရပါ။

✦ ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့်သင်္ကေတ ထည့်ရမည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီးဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ




# ပိုက်ထုတ်နည်း



ယခုတစ်ဖန် အဂ္ဂိရတ်ဝါသနာရှင်များ သိသင့်သိထိုက်သော ပညာရပ်တစ်ခုကို မိမိ တွေ့ရှိထားသည့်အတိုင်း ဝါသနာရှင်အပေါင်းအား ရေးသားဖော်ပြပေးလိုက်ပါသည်။ ဝါသနာရှင်များ လက်တွေ့ လုပ်ဆောင်ကြည့်ကြစေလိုပါသည်။

ရေးသားတင်ပြပေးမည့် ပညာရပ်ကတော့ ဘုရားဆင်းတု အစရှိသည်တို့ကို ရွှေချရာ၌ ဝါဂွမ်းစနှင့် သိပ်၍သိပ်၍ ဖိကပ်ပေးရာ၌ ကပ်ငြိနေသော ရွှေမှုန်များကို ရွှေပြန်ထုတ်ယူသော ပညာရပ် ဖြစ်ပါသည်။

ဝါသနာရှင်များ အမှန်တကယ်သိသင့်သည်ဟု ထင်ပါသည်။ လုပ်နည်းလုပ်ဟန် မမှန်ကန်လျှင်လည်း ရွှေက ပြန်လည်ထွက်မလာပါ။

ထိုကဲ့သို့ ရွှေကို ပြန်ထုတ်ရာ၌ လိုအပ်သော ဆေးများမှာ...

(၁) ပိုင်ရှင်ဆော်အီ

(၂) ဇက်သား၊

(၃) ဆားလျော်၊

(၄) လက်ချားမီးပေါက်တို့ ဖြစ်ပါသည်။

ပထမ ထို(၄)မျိုးကို တစ်မျိုးစီ ညက်စွာထောင်းပါ။ အားလုံးထောင်းပြီးပြီ ဆိုပါလျှင် (၄)မျိုး အားလုံးပေါင်းပြီး ပြန်၍ထောင်းပါ။

နောက် ယင်းဆေး(၄)မျိုးနှင့် ရွှေထုတ်မည့် ပြာမှုန့်ကို ဆတူရောစပ်၍နယ်ပါ။ ဥပမာ ပြာမှုန့် ငါးကျပ်သားဆိုပါလျှင် ဆေး(၄)မျိုး ရောထားသော အမှုန့်ငါးကျပ်သား ထားရမည်ဖြစ်သည်။

လုံကို ရဲနေအောင် ပထမ မီးပေးရပါသည်။ ထိုကဲ့သို့ မီးပေးရာ လုံရဲ... ဆိုလျှင် ငါးမျိုး ရောထားသော အမှုန့်တို့ကို ဇွန်းဖြင့် နည်းနည်းချင်း ခပ်... ပေးပါ။ အရည်ဖြစ်သွားလိုက်၊ ခပ်၍ ထည့်လိုက် ပြုလုပ်ပေးရပါသည်။

ချော်ကြည်လင်နေအောင် ထိုးချပြီး အအေးခံ ခွဲကြည့်ပါက ရွှေအားလုံး... တစ်စမကျန် ဆင်း၍လာပါတော့သည်။

**ဦးသုမန (မစိုးရိမ်)**

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများ

# မီးယပ်ချွမ်းရောဂါ နှင့်

ပတ်သက်၍

မြမြဝင်း
(တောင်ငူ)

စာရေးသူသည် ၂၀၁၃ ခုနှစ်၊ ဖွန်လ ထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၂၃)၊ စာမျက်နှာ(၂၀၀)၌ ဦးလှကြည် (အောင်လံမြို့)မှ ရေးသားထားသော **"အမျိုးသမီးများ မီးယပ်ချမ်းရောဂါ အတွက် ဆေးတစ်လက်"**အား ဖတ်ရှုပြီးနောက် အမေ၏ ကျေးဇူးများစွာထဲမှ အမှတ်တရရှိခဲ့သော မှတ်တမ်းလေး တစ်ခုအား စာရှုသူများအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးရှိအောင် ရေးသားခြင်းဖြင့် အမေ၏ကျေးဇူးကို ဆပ်လိုပါသည်။

စာရေးသူသည် ၁၉၉၄ ခုနှစ်က သားကြီး "ကိုဖူး"ကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ဗိုက်ခွဲ၍ မွေးဖွားခဲ့ပါသည်။ (၉)ရက်မြောက်သောနေ့၌ ဆေးရုံမှ ဆင်းခွင့်ရပါသည်။

ဗိုက်ခွဲထားသည်ဖြစ်၍ အတွင်းချုပ်ရိုး အနာကျက်စေရန် ဆေးရုံမှ ပေးလိုက်သော အနောက်တိုင်း(အင်္ဂလိပ်)ဆေးများကို တစ်နေ့ (၃)ကြိမ် တစ်လတိတိ သောက်ရမည်ဟု ဆရာဝန်မှ ညွှန်ကြားသဖြင့် စာရေးသူမှာ နေ့စဉ်ဆေးသောက်နေရပါသည်။

ဆေးရုံတွင် (၉)ရက်ခန့် ရေမချိုးဘဲ နေခဲ့ရသဖြင့် နေအိမ်ရောက်လျှင် အမေ့အား...

'အမေ... သမီး ရေချိုး,ခေါင်းလျှော်ချင်တယ် ရလားဟင်'

ဟု မေးကြည့်ရာ အမေက...

'တို့မြန်မာနည်းတွေနဲ့ မီးဖွားတဲ့ အမျိုးသမီးတွေကတော့ (၇)ရက်ပြည့်ရင် မီးထွက်တယ်။ အဲဒီအခါ ရေချိုး, ခေါင်းလျှော်ကြတယ်။ ငါ့သမီးက ဆေးရုံမှာ (၉)ရက်နေခဲ့ရပြီးပြီဆိုတော့ ရေချိုးလို့ရပါပြီ'

ဟု ပြောပါသည်။

စာရေးသူမှာ ရေချိုး၊ ခေါင်းလျှော် ဆေးသောက်ပါသည်။ ထိုသို့ဖြင့် နေ့စဉ် ရေချိုးခွင့် ရရှိပါသည်။ နေအိမ်ပြန်ရောက်ပြီး (၇)ရက်မြောက်သောနေ့၌ ရေချိုးချင်သောဆန္ဒမရှိဘဲ ချမ်းသလို, အေးသလို ခံစားရပါသည်။

'အမေ သမီး ဒီနေ့ ရေမချိုးရဲဘူး ချမ်းနေတယ်'

အမေက...

'အေး...အေး ချမ်းနေရင် မချိုးပါနဲ့ စောင်ခြုံထား။ အင်္ဂလိပ်ဆေးတွေ သောက်နေရတော့ မြန်မာလိုလဲ မလုပ်ရဲဘူး'

ဟု ပြောရင်း နှစ်ထပ်စောင်ကြီးကို ခြုံပေးပါသည်။

'အမေ ချမ်းလိုက်တာ၊ ကျောထဲက စိမ့်ပြီး ချမ်းတယ်'

ဟု ပြောရင်း တုန်လာပါသည်။ ထိုအခါ အမေက...

'ငါ့သမီးတော့ မီးယပ်ချမ်းတ,တာ ဖြစ်မယ်။ ဝါးမီးလှုံရလိမ့်မယ်။ နေဦး...မီးမွှေးဦးမယ်'

ဟု ဆိုကာ မီးဖိုတွင် ဝါးခြမ်းပြားကလေးများဖြင့် မီးမွှေးကာ စာရေးသူအား မီးလှုံခိုင်းပါသည်။

အမေသည် ဝါးခြမ်းများ မလောက်ငမှာစိုးသဖြင့် ရနိုင်သမျှ ဝါးအခြောက်များကို ကောက်ရန် ခြံစည်းရိုးအဖြစ် ဘိုးဘွားတို့ စိုက်ပျိုးခဲ့သော ဝါးရုံတောများရှိရာသို့ ထွက်သွားပါသည်။

စာရေးသူတို့ ခြံစည်းရိုးတွင် တစ်ပင်တိုင်ဝါးရုံ၊ ကြခတ်ဝါးရုံနှင့် ဝါးနက်ဝါးရုံဟူ၍ ဝါး(၃)မျိုးလောက်တော့ရှိသည်။ ခြံစည်းရိုး အထူးကာရန်မလို၊ အိမ်ရှေ့မျက်နှာစာတွင် ပုဏ္ဏရိက်ပန်းအနီများ စိုက်ထားသည်။ စည်းရိုးသဖွယ် ဖြစ်သည်။

တစ်ပင်တိုင်ဝါးပင်မှာ ခပ်မြင့်မြင့်ဖြစ်ပြီး မိမိကိုယ်ကို ထီးတည်းရပ်တည်နိုင်သော ခိုင်ခံ့တောင့်တင်း ဖြောင့်မတ်ကြံ့ခိုင်သည့် ဝါးပင်ဖြစ်သည်။

ကျေးလက်တောရွာတွင် သက်ငယ်မိုး၊ ဝါးထရံကာသည့်နေအိမ်များ၊ နွားတဲ၊ ထင်းတဲများ ဆောက်လုပ်ရာ၌ အလွန် အသုံးဝင်သောဝါး ဖြစ်သည်။

ကြခတ်ဝါးပင်မှာ ဆူးများပါရှိပြီး ချုံနွယ်ကဲ့သို့ ရှုပ်ယှက်ခတ်နေသော အပင်နိမ့် ဝါးသေးမျိုးဖြစ်သည်။ ကြခတ်ဝါးရုံသည် စည်းရိုးအဖြစ် လည်းကောင်း၊ အရွက်နုကို နွားစာအဖြစ် လည်းကောင်း အသုံးပြုသည်။

www.burmeseclassic.com

ဤနေရာတွင် ဝါးရွက်နုများမှာ နွား တိရစ္ဆာန်အတွက် အရေးကြီးပုံကို အနည်းငယ် တင်ပြလိုပါသည်။ မည်သည့် ဝါးအရွက်နုကိုဖြစ်စေ မီးဖွားပြီးခါစ နွားမကြီးအား ကျွေးလျှင် နို့များများ ထွက်သည်။

**နွားအချင်း**(မိခင်နွားမကြီး၏ ဝမ်းဗိုက်အတွင်း၌ နွားပေါက်စကလေးရှိစဉ်က နွားပေါက်စကလေး ခိုအောင်းခဲ့သော အိတ်ပါး) မြန်မြန်ကျလွယ်သည်။ အချင်းကျပြီးမှ နွားသားအမိ ကျန်းမာရေးအတွက် စိတ်ချရပါသည်။

**ဝါးနက်ဝါးပင်မှာ** အစိမ်းရင့်ရင့် အရောင်ရှိပြီး ကိုင်းခွဲများ ဖြာထွက်လျက် အပင်မြင့်လေ တစ်ပင်နှင့် တစ်ပင် အကိုင်းအခက်များ ရှုပ်ယှက်ခတ်လေ ဖြစ်သည်။ ဝါးခုတ်သူများသည် ဆွဲယူရ အလွန်ခက်သော ဝါးဖြစ်သည်။ မြွေ၊ ရှဉ့်နှင့် ကျေးငှက်သာရကာမျိုးစုံတို့ အသိုက်ဆောက်၍ ကောင်းသည့် ကွန်းခိုရာနေရာဖြစ်သည်။

အမေသည် တစ်ပင်တိုင်ဝါးရုံးအောက်မှ **ဝါးမြစ်အခြောက်များ (ဝါးခုတ်ပြီးနောက် ကျန်ရစ်ခဲ့သည့် ငုတ်များမှာ ကာလကြာသော် အမြစ်နှင့်အတူ သေ၍ ခြောက်သွေ့နေခြင်း)**ကြခတ်ဝါးရုံအနီးမှ **ဆူးပါသော ကြခတ်ဝါးကိုင်း အခြောက်များ၊ ဝါးနက်ဝါးရုံအောက်မှ အကိုင်းခြောက်များ၊ အမြစ်ခြောက်များ** စသဖြင့် ရရာကို ကောက်ယူဆွဲငင်လာပြီး ဝါးမြစ်အခြောက်များကို မီးစွဲစေပြီးမှ ဝါးကိုင်းခြောက်များကို ဖြည်းဖြည်းချင်း မီးတောက်စေကာ စာရေးသူအား ကျောဘက်တစ်လှည့်၊ ရှေ့ဘက်တစ်လှည့် လှည့်ပြောင်း၍ မီးလှုံစေပါသည်။

ဝါးအမြစ်အခြောက်များသည် မီးလောင်ပြီးသော်လည်း မီးကျီးခဲ ရဲရဲကျန်နေခဲ့သဖြင့် မီးငြိမ်းသွားမှာကို စိုးရိမ်စရာ မလိုတော့ပါ။

စာရေးသူမှာ ဝါးမီး ကောင်းစွာ လှုံလိုက်ရသောကြောင့် တဖြည်းဖြည်း အချမ်းပြေလာသည်။ ခန္ဓာကိုယ်အတွင်းရှိ အောင်းနေသော ချွေးပုပ်များပါ ထွက်လာသည်။ ပေါ့ပါးလန်းဆန်းကာ နေလို့ အရမ်းကောင်းသွားပါသည်။

အမေက...

'မီးယပ်ချမ်းထရင် ဘာဆေးမှ မတိုက်ဘူး ဝါးမီးလှုံရတယ်။ အဲဒါ ငါ့သမီး တစ်သက်စာ သင်ခန်းစာလို့ မှတ်လိုက်ပေတော့'

စာရေးသူမှာ ဝါးမီး တစ်ခါသာ လှုံလိုက်ရသည်။ ယနေ့အထိ မီးယပ်ချမ်း မထတော့ပါ။


အမျိုးသမီးများ မီးယပ်ချမ်းရောဂါ ဖြစ်ခဲ့ပါက **မည်သည့်ဝါးအမျိုးအစားကို မဆို အသုံးပြု၍ ရနိုင်ပါကြောင်း** ကိုယ်တွေ့ဖြစ်ရပ်အား တင်ပြအပ်ပါသည်။

**[ကွယ်လွန်သွားရှာပြီ ဖြစ်သော အမေအား (၁၄)နှစ်ပြည့် အမှတ်တရ...]**

မြမြဝင်း(တောင်ငူ)

ချင်းရိုးရာ

## ဝမ်းပိတ်ဆေး



ယခုလို မိုးတွင်းကာလတွင် လူအများစုမှာ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားကြပါသည်။ တောင်ပေါ်ဒေသများတွင်လည်း မိုးရွာ၍ ကျဆင်းလာသော တောင်ကျရေများမှာ သန့်ရှင်းမှုမရှိသောကြောင့် ဝမ်းရောဂါများ အဖြစ်များကြပါသည်။

တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများမှာ တောင်ကျရေကိုသာ မှီခို အားထားနေရသောကြောင့် ကျိုချက်၍ မသုံးမိလျှင် ဝမ်းဗိုက်ရောဂါများ ဖြစ်ကြပါသည်။

ကျွန်မလည်း မိုးတွင်းကာလ တောင်ကျရေကိုပဲ သောက်သုံးရသည် ဖြစ်ရာ သတိမထားမိဘဲ မကျိုချက်မိ၍ ဝမ်းလျှောပါတော့သည်။

လက်လှမ်းမီရာ ဆေးများသောက်သော်လည်း ခဏပဲ သက်သာပြီး ပြန်ဖြစ်ပါတော့သည်။ ကြာတော့ နုံးခွေကာ ဒူးတွေချောင်ပြီး မထချင် မကြွချင် ဖြစ်လာပါသည်။

ဓာတ်ဆားရည် သောက်နေရ၍ တော်ပေသေးသည်။ ထိုစဉ် အိမ်အနီးမှ ချင်းတိုင်းရင်းသား မိတ်ဆွေတစ်ဦးမှ သိကာ ယင်းတို့ကို ရိုးရာတိုင်းရင်းဆေးကို တိုက်ပါသည်။

(၂)နာရီခြားတစ်ခါ သောက်ခြင်းဖြင့် (၃)ခါလောက်သောက်ပြီး သိသိသာသာ သက်သာလာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ယင်းဆေးနည်းအား အများပြည်သူများ သိစေရန် ဖော်ပြ ရေးသားလိုက်ရပါသည်။

**ချင်းရိုးရာ ဝမ်းပိတ်ဆေးနည်းမှာ...**

အလွယ်တကူရနိုင်သည့် ဆီး(နှမ်းဆီး ...ရရာ)တစ်ဇွန်းထဲသို့ သံပရာသီးတစ်လုံး ... ထည့်၍ သောက်ရပါမည်။ တစ်ခါ... သံပရာသီးတစ်လုံးဖြစ်ပါသည်။


(၂)နာရီခြားတစ်ခါ (၃)... လောက်သောက်ခြင်းဖြင့် သိသာ... ဝမ်းပိတ်သွားပါလိမ့်မည်။

ဝင့်ဝင့်အောင် (ခေတ္တ ဟားခါး)

www.burmeseclassic.com

# ပိတုန်းအဆောင် စီရင်နည်း

စန္ဒာမိုး (တောင်ငူ)



▲ ပိတုန်း၊ ပြွေး၊ ပိတောက် ရုပ်တုနှင့် အကြွမ်းဖော့

ပိတုန်း၊ ပြွေး၊ ပိတောက် စီရင်သူ ဆရာ ဦးကျော်ဇော (ပိဋကမဟာဒွိ) ▶



၂၀၁၄ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ် (၁၃၄)၏ စာမျက်နှာ(၂၈၉)တွင် **ဆရာ ဦးစိုင်းကြည်ဝင်း (ပထဝီ ဘီအေ၊ အာရ်အယ်လ်)က "သိဒ္ဓိအောင်လိုက ပိတုန်းဆောင်ကြ"** ခေါင်းစဉ်နှင့် ဆောင်းပါးကို ဖတ်ရှုရပါသည်။

အဲဒီဆောင်းပါးတွင် ပိတုန်းအဆောင်စီရင်နည်း မပါရှိသဖြင့် အသေးစိတ်ကို ဆက်လက်၍ စီရင်နည်းကို သိရှိသူများ ရေးသားပေးပို့ပါရန် ပန်ကြားလွှာထားတာကိုလည်း အကြောင်းကြားထားတာကိုလည်း ဖတ်ရှုရပါသည်။

အဲဒီ ပိတုန်းအဆောင် စီရင်နည်းနှင့် ပတ်သက်၍ စာရေးသူ၏ မိတ်ဆွေရင်းချာဖြစ်သူ **ဆရာကိုကျော်ဇော (ပိဋကမဟာဒွိ)က** သိရှိလုပ်ဆောင်ပေးနေသူဖြစ်တာကြောင့် သူ့ကို ရေးသားဆက်သွယ်တွန်းသော်လည်း သူက...

'အစီအစဉ်ကို ပြောပြပေးမည် ခင်ဗျားပဲ ရေးပါ'

ဟု ဆိုသဖြင့် သူ ရေးပေး၊ ပြောပြပေးသည့် ပိတုန်းအဆောင် အစီအရင်လေးကို နက္ခတ္တပရိသတ်အတွက် ရေးသား ဖော်ပြလိုက်ပါသည်။

ပိတုန်းအဆောင် စီရင်ပုံ

လှည်းမီးချပြီးသား ပိတောက်သားလှည်းပုံတောင်းအကျိုးကို အရှည် (၁ $\frac{၁}{၂}$)လက်မ၊ လုံးပတ် (၂)လက်မခန့် အတုံးကလေးပြုလုပ်၍ ကံ(၅)ပါး လုံခြုံသော ပန်းပုဆရာထံတွင် ပိတုန်းရုပ် ထုလုပ်ဖို့ အပ်ပါ။

စနေနေ့၊ နံနက် (၉း၄၅)နာရီအချိန်တွင် ပိတုန်းရုပ်ကို စတင်ထုလုပ်ရပါမည်။

ပိတုန်းရုပ်တု၏ ဦးထိပ်မှ အတောင်ပံများအထိ အရှည် (၁)လက်မခန့်ရှိသော ပျံနေဟန် ပိတုန်းရုပ်ကလေး ရရှိလာသောအခါ ပိတုန်းရုပ်တု၏ ဖင်ပိုင်းကို ဆူးဖြင့် လှည့်ဖောက်၍ လည်းကောင်း၊ အပေါက်ထဲသို့ ပြဒါးအရည်ကို လောင်းထည့်ပါ။ ပြီးနောက် အပေါက်ကို ပဒိုင်းသားလေးဖြင့် လုံအောင်ပြုလုပ်၍ ပိတ်ပါ။

ထို့နောက် နေအိမ်ဘုရားစင်ရှေ့တွင် လင်ပန်းအသေးတစ်ချပ်၌ ၂၄ ပစ္စည်းရွတ်ထားသော ပဋ္ဌာန်းအိုးကို ထည့်ပါ။ ယင်းပဋ္ဌာန်းအိုးထဲသို့ ပိတုန်းရုပ်နှင့် ပုတီးကိုထည့်ပြီး ပိတုန်းရုပ်ပေါ်သို့ စံပယ်ပန်း(၉)ပွင့်၊ ပဲနီပြား(၉)စေ့၊ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်ညွှန့် (၁)ညွှန့်၊ သြဇာညွှန့်(၁)ညွှန့်၊ အောင်သပြေညွှန့်(၁)ညွှန့်၊ ကြံညွှန့်(၂)ညွှန့် ထည့်စိုက်ပြီး ဂုဏ်တော်ကိုးပါးကို (၃၇)အုပ် ရွတ်ပါ။

တန်ခူးလအခါ အချိန်ကောင်းဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သည့် တနင်္ဂနွေနေ့ နေ့လယ် (၁း၄၅) နာရီအချိန်မှာ ဘုရားစင်မှာ သာသနာ (၅၀၀၀)ပွဲကို တင်ပါ။ *(ကပ်လှူပါ)*

**[သာသနာ ၅၀၀၀ ပွဲတွင် ကြေသုတ်ဇလုံအတွင်း၌ ငှက်ပျောသီး လှလှ (၅)ဖီး၊ အုန်းသီးစိမ်း (၁)လုံး၊ ရွှေထီး (၁)လက်၊ ငွေထီး (၁)လက်၊ သာသနာ့အလံ (၁)ခု၊ လက်ဖက် (၁)ထုပ်၊ ကွမ်းယာ၊ ဖယောင်းတိုင် (၅)တိုင်၊ အမွှေးတိုင် (၅)တိုင်တို့ ပါရှိရမည်။]**

ထို့နောက် ဖယောင်းတိုင်(၅)တိုင်နှင့် အမွှေးတိုင်(၅)တိုင်တို့ကို ထွန်းညှိပူဇော်ပါ။ ဘုရားငါးဆူကို ရှိခိုး ပူဇော်ပြီးနောက် သာသနာစောင့် နတ်မင်းကြီးလေးပါးကို တိုင်တည်၍...

'သိကြားမင်းနှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာ အပေါင်း၊ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မေဂီရဆရာတော်၊ ဗားမဲ့ဆရာတော်၊ ဗားကရာဆရာတော်၊ ပထမံ ဘိုးဘိုးအောင်၊ ဆံရှည်ရသေ့၊ ရှင်အဇ္ဇဂေါဏဆရာတော်၊ သိဒ္ဓိ၊ မဟိဒ္ဓိ ပုဂ္ဂိုလ်များ အားလုံးတို့ကို သာသနာ(၅၀၀၀)ပွဲ ကပ်လှူပူဇော်ခြင်း အတွက် ကြွရောက် ချီးမြှင့်ကြပါရန် ရိုသေစွာ တိုင်တည် အသိပေးလျှောက်ထား ဖိတ်ကြား အပ်ပါသည်။

ဟု ရွတ်ဆို၍ ဘုရားကန်တော့ပါ။

ထို့နောက် သာသနာ (၅၀၀၀)ပွဲရှေ့မှာ ပဋ္ဌာန်းအိုးကိုကိုင်၍...

'ဦး သိဒ္ဓိအပေါင်း ထောင်,သောင်းမက ထဆရာ,ထ၊ ကြွဆရာ,ကြွ နေ့ ပီယ၊ အောင်ဆရာအောင် လိုတ ရစေ'

ဂါထာကို ရွတ်ဆို၍...

'အောင်ပါစေ, သိကြား, ဒေဝ ကူညီပါစေ။ ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, အင်းဝိဇ္ဇာ, ဆေးဝိဇ္ဇာ, မန္တန်ဝိဇ္ဇာ ကူညီကြပါစေ'

ဟု ရွတ်ဆိုဆုတောင်းပြီး သမ္ဗုဒ္ဓေ ဂါထာ (၃၇)အုပ် ရွတ်ပါ။ စီရင်မှု ပြီးဆုံးပါပြီ။

ပိတုန်းအဆောင်ကို ကိုင်ဆောင်သူသည် အောက်ပါအချက်များကို လိုက်နာ ကျင့်ဆောင်ရပါမည်။

၁။ ငါးပါးသီလ လုံခြုံရမည်။
၂။ ကတိသစ္စာ သမာဓိ ပြည့်စုံရမည်။
၃။ မစ္ဆရိယစိတ် မထားရ။
၄။ နတ်တင်စာ မစားရ။
၅။ အမဲသား၊ သားကြီးငါးကြီး ရှောင်ရမည်။
၆။ အသုဘအိမ်သွားသည့်အခါ ပိတုန်းရုပ်ကို ယူမသွားရ။
၇။ အသုဘအိမ်တွင် ထမင်းနှင့် အခြားအစား... များ မစားရ။
၈။ မကောင်းသောနေရာ၊ မသန့်ရှင်းသောနေရာ (ထဘီတန်းလိုမျိုး)အောက် မဝင်ရ။
၉။ ပိတုန်းရုပ်ကို အမွှေးနံ့သာဆွတ်၍ ဘုရား... စင်လိုမျိုး အမြင့်တွင် ထားရမည်။

**မှတ်ချက်။ ။ တစ်ကျောင်း တစ်ဂ... ထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဆရာတစ်ဦးနှင့်တစ်ဦး စီရင်ပုံ နည်း... စနစ် ကွဲလွဲမှု ရှိကောင်း ရှိပါမည်။ ဂမ္ဘီရပညာရပ်တစ်ခု မပျောက်ကွယ်... ရလေအောင် ထိန်းသိမ်း မှတ်တမ်း... တင်ခြင်းမျှသာ ဖြစ်ပါသည်။**

*(စာရေးသူ...)*

*ကြံတိုင်းအောင် ဆောင်တိုင်း မြောက်... ကြပါစေ။*

**စေန္ဒာမိုး *(တောင်ငူ)***

စာမျက်နှာ (၁၇၉)မှ အဆက်

ဒီလိုလက္ခဏာမျိုးဟာ ကျန်းမာရေး ကောင်းဖို့ဆိုရင် ဦးနှောက်အာရုံကြောတွေ ပင်ပန်းအောင် အာရုံစူးစိုက်မှုများပြားတဲ့ အလုပ်မျိုး မလုပ်သင့်ဘူး။ ညဘက် အိပ်ပျက်မခံရဘူး။

နေ့စဥ် မနက်၊ ည ပုတီးစိပ်ခြင်း (သို့မဟုတ်) တရားရှုမှတ်ခြင်းတို့ကို ကိုယ်နဲ့စိတ်ကို အနားပေးမှုတွေ မှန်မှန်ပြုလုပ်သင့်တယ်။

လက္ခဏာရှင်ကို ဘာလုပ်သလဲလို့ မေးလိုက်တော့...

"**ကွန်ပျူတာအလုပ်**"တဲ့။

"**ခေါင်းမှာ ဒုက္ခမပေးဘူးလား**" လို့မေးလိုက်တော့...

"**ခေါင်း ခဏခဏကိုက်တယ်**" လို့ ပြန်ဖြေခဲ့ပါတယ်။ ဒါကြောင့် ခေါင်းကိုက်သက်သာဖို့ ကျန်းမာရေးကောင်းမွန်နေဖို့ နည်းလမ်းတွေ ပြောပြလိုက်ရတယ်။

စာဖတ်သူများလဲ မိမိတို့ရဲ့ လက်ချောင်းထိပ်တွေမှာ ကြိုး... အမျိုးအစားတွေသာ ဖြစ်တယ်ဆိုရင် ကွန်ပျူတာတို့၊ အင်... နက်တို့၊ ဂိမ်းတို့၊ ဖေ့ဘုတ်တို့ စသည့်ဖြင့် ဦးနှောက်အာရုံကြော... ကို ပင်ပန်းစေတဲ့၊ အာရုံစူးစိုက်ရလွန်းတဲ့ ကိစ္စတွေကို တတ်နိုင်... သမျှ ရှောင်ဖို့၊ လျှော့ဖို့ သတိပေးလိုက်ရပါတယ်။

*အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေတွဲ)*
**လက္ခဏာဗေဒင်ပညာသုတေသီ**





www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးအတွက်

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

## လက္ခဏာပညာ

ယခု ဖော်ပြပေးလိုက်တဲ့ ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ တနင်္သာရီတိုင်းဒေသကြီးဇာတိ၊ အသက်(၅၀)ခန့် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

'ဘဝမှာ ဘယ်ရောဂါက ဒုက္ခအပေးနိုင်ဆုံးလဲ'


လက္ခာရှင်အမျိုးသမီးက အဲဒီလိုမေးခွန်းထုတ်ခဲ့တာ ဖြစ်ပါတယ်။

သူမရဲ့ လက်ချောင်းထိပ်ဖျားတွေအားလုံး **ကြိုးဗွေအမျိုးအစား ဖြစ်ကြတယ်။**

ဒါကြောင့် လက္ခဏာပညာအရဆိုရင် အာရုံကြောရောဂါ ဒုက္ခပေးတတ်ပါတယ်။

**"က" အက္ခရာ**

* * *





ဦးခေါင်းလမ်းကြောင်းမှာလဲ ကျွန်းသင်္ကေတတစ်ခုနဲ့ ထိဖြတ်နေတဲ့ ဥပဒ်လမ်းတွေ (၅)ကြောင်းလောက် တွေ့ရတယ်။


ဒါဟာလဲ ဦးခေါင်းပိုင်းမှာ ရောဂါဝေဒနာခံစားရတတ်တဲ့ ကံကြမ္မာပါပဲ။

**"ခ" အက္ခရာ**

* * *




ဘယ်




www.burmeseclassic.com

www.burmeseclassic.com

# နမောပြန့်ဂါထာတော်

ပုတီးဖြင့် ပွားများနည်း

သန်းဝေါင်
(ပညာရေး)



▲ သစ်တံခါးဆရာတော်နှင့် လျှာလက္ခဏာရှင်ဆရာတော်ကြီး ဘဒ္ဒန္တ ပညာသာမိတို့ အမှတ်တရ

သစ်တံခါးဆရာတော်သည် ဇာတိမြေ ယောဒေသမှ လျှာလက္ခဏာရှင်ဆရာတော်ကြီး ဘဒ္ဒန္တပညာသာမိအား သွားရောက် ဖူးမြော်ရာ၌…

'ယောင်ရန်ကုန်… မင်းက ဘုန်းကြီးမှာရှိတဲ့ ဒီဂါထာကျင့်'

လို့ ဆရာတော်ကြီးက မိန့်လိုက်ပါတယ်။

ထို့ပြင် ပုဂ္ဂိုလ်ထူးတွေ တွေ့ရပြီး ကူညီပံ့ပိုးမှုရမယ်။ မင်းလုပ်ချင်တာတွေလဲ အောင်မြင်မယ်လို့ မိန့်သောကြောင့် သစ်တံခါးဆရာတော်လဲ အရင်ကတည်းက စိတ်ဝင်စားနေတဲ့အတွက် ကိုယ်ပိုင်ကျောင်းရက ပွားဖြစ်အောင်ပွားမယ်ဆိုပြီး အဓိဋ္ဌာန်ပြု အားခဲ ခဲ့ပါတယ်။

သစ်တံခါးဆရာတော် အဓိဋ္ဌာန်ပြု အောင်မြင်ခဲ့တဲ့ ယခုလက်ရှိ သီတင်းသုံးနေတဲ့ လှိုင်သာယာမြို့နယ် ကိုယ်ပိုင်ကျောင်းမြေ ရတဲ့အခါမှာ ဖွဲ့ကောင်းကောင်း၊ ဝီရိယကောင်းကောင်းနဲ့ ဝါတွင်း ရက်(၉၀) သိဒ္ဓိစခန်းကျင့်စဉ်ကို အားထုတ်ဖြစ်တော့ပါတယ်။ အောင်လဲ အောင်မြင်ခဲ့ပါတယ်။

မဟာသိဒ္ဓိစခန်းအတွက် ၅–လုံးတွဲစိပ်ပုံကိုလည်း (၁၀၈)ရက်စီ (၂)ကြိမ် အဓိဋ္ဌာန်ပြု အားထုတ်တာ သမာဓိအား အတော်ရလာပါတယ်။

သစ်တံခါးဆရာတော်က ဤစာစုဖြင့် လျှာလက္ခဏာရှင်ဆရာတော်ကြီးအား ကျေးဇူးဆပ် အမှူဝေလျက်ပါလို့ ရေးသားထားသည်ကိုလဲ ဖတ်ရှုရပြီး စာဖတ် ပရိသတ်အတွက် အကျိုးများစေချင်၍ ထပ်ဆင့်မျှဝေ ရေးသားလိုက်ရခြင်းလဲ ဖြစ်ပါပေတော့တယ်။

၇–လုံးကောက်ပုံစံ

* * * (ဇယား–၁)

၂–လုံးတွဲပြီး ပုတီးတစ်လုံးချ တစ်ပတ်စိပ်ပါ။

၂–လုံးတွဲ ၉–ပုဒ်ရှိသဖြင့် ဆုံးရင် ၉–ပတ်ရပါတယ်။ ဒုတိယပုဒ်ကိုလဲ ထို့အတူစိပ်ရင် ၉–ပတ်ရပါတယ်။ ပေါင်း ၁၈–ပတ်ဖြစ်ပါတယ်။ နမောတဿရိုးရိုးကလဲ ၂–လုံးတွဲ စိပ်သော် ၉–ပတ်ရပါတယ်။ ပေါင်း ၉ သုံးလီ ၂၇ ရ၍ သတ္တိဗီသ ဖြစ်ပါတယ်။

၂၇–ပတ်ပေါင်း တစ်နေ့လျှင် (၅)ကြိမ် ပထမ အဓိဋ္ဌာန်စိပ်ပါ။ ဒုတိယ အဓိဋ္ဌာန် ၁၀၈–ပတ်၊ တစ်ခါထိုင် တစ်နေ့လျှင် ၁၀၈–ပတ် (၅)ကြိမ်ထိုင်ပါ။

**တတိယအဓိဋ္ဌာန်သည်** နမောတဿ အစအဆုံး ပုတီးတစ်လုံးချ တစ်ပတ်စိပ်၏။ ၇–လုံးကောက် အစအဆုံး တစ်လုံးချ တစ်ပတ်စိပ်ပါ။

ဒုတိယ ၇–ကောက်လဲ တစ်လုံးချ တစ်ပတ်စိပ် ပေါင်း ၃–ပတ်၊ ၃–ပတ်ကို တစ်စုံခေါ်ပါတယ်။

တစ်နေ့ ၂၇–ပတ် အဓိဋ္ဌာ… ထို့အတူ ရက်နဲ့ ပုတီးပတ်ကိုက်… အဓိဋ္ဌာန်ရသည်ချည်း မှတ်ပါ။

ဒုတိယ ၅၄–ပတ်၊ ပဥ္စမ … ပတ် ဤအဆင့်မှာ ပေါက်မြော… ၏။ ငါးပါးသီလလုံပါ။ သက်သတ်… စားပါ။ သိဒ္ဓိစခန်း ဖြစ်တ… မဟာသိဒ္ဓိစခန်းအတွက် ၅–လုံး တွဲ…

* * * (ဇယား–၂)

၇–လုံးကောက်ကဲ့သို့ ၂–…



www.burmeseclassic.com

www.burmeseclassic.com

မစိပ်ရပါ။

နမော(လ)ဒ္ဓဿ တစ်လုံးချ။

ဘရသမော (လ)သသဿ တစ်လုံးချ။

ဝမ္မာ(လ)ဟဿ တစ်လုံးချ။

ဒ္ဓဘု(လ)နဿ တစ်လုံးချ။

သတော(လ)ဘဿ တစ်လုံးချ။

ဟဿ(လ)နဿ တစ်လုံးချ။

နမောတဿ(လ)သမ္ဗုဒ္ဓဿ တစ်လုံးချ။

ပေါင်း ၇–ပုဒ်၊ ၇–လုံးချပြီး လှည့်စိပ်သွားရမယ်။ ၇–လုံးကောက်ကိုလဲ ဤနည်းကဲ့သို့ စိပ်မည်ဆိုလဲ စိပ်နိုင်ပါတယ်။ ပထမနေ့ အဓိဋ္ဌာန် ၂၇–ပတ်၊ ၂၇–ရက် အဓိဋ္ဌာန်ဖြင့် စိပ်ပါ။

ထို့အတူ...

အဓိဋ္ဌာန်ဝင်ဇယား

* * * *(ဇယား–၃)*

လဲ သတ်သက်လွတ်စား၊ မီးလွတ်စား ဝစီပိတ်နေပြီး စိပ်ရမည် ဖြစ်ပါတယ်။



ကျော်ကိုး

**သစ်တံခါးဆရာတော် ဘဒ္ဒန္တ မဃဒေဝ(ယော)၏ ကိုယ်တွေ့ အားထုတ်မှုကျင့်စဉ်များ၊ [အရဟံဂုဏ်တော်၊ မဟာသရဏဂုံတော်၊ ဗုဒ္ဓခေတ်၊ ဓမ္မခေတ်၊ သံဃခေတ် တို့ဖြင့် သိဒ္ဓိခေတ်၊ မဟိဒ္ဓိခေတ်များ အရယူပြီး သမာဓိအခြေခံ ဓမ္မဝိဇ္ဇာ အဖြစ် အားထုတ်လိုသော ပါရမီရှင်များအတွက်] [စာမျက်နှာ ၁၇၁ မှ ၁၇၄ထိ]**

*(ဇယား–၃)*

| အဆင့် | ပုဏ္ဏားပတ် | ရက်ပေါင်း |
|---|---|---|
| ပထမ | ၂၇ | ၂၇ |
| ဒုတိယ | ၃၆ | ၃၆ |
| တတိယ | ၄၅ | ၄၅ |
| စတုတ္ထ | ၅၄ | ၅၄ |
| ပဉ္စမ | ၆၃ | ၆၃ |
| ဆဋ္ဌမ | ၇၂ | ၇၂ |
| သတ္တမ | ၈၁ | ၈၁ |
| အဋ္ဌမ | ၉၀ | ၉၀ |
| နဝမ | ၁၀၈ | ၁၀၈ |

*မြေရှင်မှာ ရှိပါစေ။*

**သန်းခေါင်(ပညာရေး)**

*(ဇယား–၁)*

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

*(ဇယား–၂)*

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဘ | ရ | သ | မော | ဝ | တော | ဒ္ဓ | ဿ | အ | မ္မာ | န | ဂ | ဟ | မ္ဗု | တ | တော | သ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဒ္ဓ | မ္ဗု | သ | မ္မာ | သ | တော | ဟ | ရ | အ | တော | ဝ | ဂ | ဘ | ဿ | တ | မော | န | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| ဟ | ဿ | သ | တော | န | တော | ဘ | မ္ဗု | အ | မော | သ | ဂ | ဒ္ဓ | ရ | တ | မ္မာ | ဝ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဇင် (ရွှေနဝင်း)

မြွေကွင်းဆက် (သို့)

# မြွေကွင်းပိတ်အကြောင်း

သိမှတ်ဖွယ်ရာ ဖြေကြားချက်

၂၀၁၄ ခုနှစ်၊ ဩဂုတ်လထုတ်၊ **အမှတ်(၃၃၇)၊ စာမျက်နှာ(၁၆၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ "မြွေကွင်းဆက်"** ဆောင်းပါးရှင် **မင်းတင်ဦးအောင်ခင်၏** တင်ပြ မေးမြန်းထားချက်အတိုင်း **"အဲဒီလို အဖြစ်အပျက်မျိုး ဖြစ်တတ်ပါသလား"** ဟု ဆိုခဲ့လျှင် **"ဖြစ်တတ် ရှိတတ်ပါသည်"** ဟုသာ အတိအကျ ဖြေရမည် ဖြစ်ပါသည်။

တစ်ဖန် စာတည်းချုပ် ဆရာဦးကျော်မိုးသိန်း၏ ထပ်ဆင့် တင်ပြပေးထားသော "အချို့ပညာရှင်များက **"မြွေထုံးကူး"** သည်ဟု ပြောဆိုကြပါသည်" ဆိုသည့် အချက်မှာလည်း ဟုတ်မှန်ပါသည်။

လောကီဂမ္ဘီရနယ်ပယ်တွင် သိနိုင်ရန် ခက်ခဲသော မမြင်ဘူးကြလျှင် လွန်စွာ ဆန်းကြယ်ဖွယ်ရာပင် ဖြစ်ကြသော **"ဖြစ်ရပ်ဆန်းဖြစ်ရပ်အမှန်"** များ လောကသဘာဝ၏ လျှို့ဝှက်နက်နဲမှု သဘောတရားများဖြင့် ပြည့်နှက်နေပါသည်ဟု ဆိုချင်ပါသည်။

ထိုထိုသော ဆန်းကြယ်နက်နဲမှုများထဲမှ ယခု မြွေနှင့် ပတ်သက်သော **"မြွေကွင်းဆက် (သို့မဟုတ်) မြွေကွင်းပိတ်"** အကြောင်းတရားလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

သို့သော် ယခု တွေ့မြင်ခဲ့ရသော ဖြစ်စဉ် ဖြစ်ရပ်များသည် အကြောင်းမဲ့ အကျိုးမဲ့ ဖြစ်ပေါ်တွေ့နေခဲ့ကြရခြင်းတော့ မဟုတ်ပါ။

ထိုသို့ တွေ့မြင်နိုင်ဖို့ရန် မြွေနှင့် ဆက်နွှယ် ပတ်သက်နေသော အကြောင်းဆက် အကျိုးဆက် ပါနေကြသူများ (သို့မဟုတ်) မြွေနှင့် ပဋ္ဌာန်းဆက် နီးကပ်စွာ ရှိနေကြသူများသာ ထိုသို့ တွေ့မြင်ကြုံနိုင်ခွင့် ရှိကြပါသည်။

သို့သော် ဒီနေရာမှာ မြွေနှင့် ဆက်နွှယ်ပတ်သက်မှု သဘောတရားများကို သတိပြု မဆင်ခြင်မိဘဲ လောဘ မောဟ အကုသိုလ်စိတ်များ လွှမ်းမိုးပြီး၊ တလွဲအသုံးချ... ထိုမြွေကွင်းဆက်တို့ကို အလွဲသုံးစား ပြုမူမိခဲ့ကြလျှင် ကြီးစွာသော ဘေးဒုက္ခ တွေ့တတ်ကြသည်ကို အထူး သတိပေးချင်ပါသည်။

**အဓိက အချက်မှာ...**

**မည်သူမဆို ထိုကဲ့သို့ မြွေကွင်းဆက် မြွေကွင်းပိတ်ကို နှောင့်ယှက် ဖျက်ဆီးခြင်း လုံးဝ မပြုလုပ်ရဘဲ တတ်နိုင်သမျှ မိမိစွမ်းနိုင်သမျှ ထိုမြွေကွင်းဆက်ကို ဘေးအန္တရာယ် တစ်စုံတစ်ရာ မကျရောက်စေအောင် မေတ္တာကြီးမားစွာ ဖို့လှူတ်ပေးပြီး ကာကွယ်မှုကို ပေးခဲ့မည်ဆိုလျှင် သင်သည် တစ်နေ့ကို ရွှေဥတစ်လုံး ဥပေးနေသော ရွှေငန်းကို ကောင်းစွာ စောင့်ရှောက်မွေးမြူသူ ဖြစ်ပါသည်ဟု ဆိုရပေမည်။**

အကြောင်းမှာ မိမိနှင့် ပဋ္ဌာန်းဆက် ရှိ၍ မိမိ၏ ကူညီစောင့်ရှောက်မှုဖြင့် ထိုဂမ္ဘီရနွှယ်သော **"မြွေကွင်းဆက် မြွေကွင်းပိတ် မြွေထုံးကူးခြင်း"** ကို သဘာဝတရားကြီး၏ လိုအပ်ချက် တစ်ခုခုကြောင့် အနှောင့်အယှက် မဖြစ်စေဘဲ ပြီးမြောက်အောင်မြင်သွားပြီဆိုပါက သင့်ကိုလည်း တူသောအကျိုးကို မလွဲကောန် ကောင်းကျိုးချမ်းသာကို တစ်နည်းနည်းဖြင့် ပြန်လည်၍ ပေးဆပ်ပါလိမ့်မည်။

ချက်ချင်းလက်ငင်း အကျိုးမပေးသော်လည်း တစ်နှစ်အတွင်းမှာ သင်လိုရာဆန္ဒ အမှန်တကယ် ပြည့်ဝလာပါလိမ့်မည်။

အကယ်၍ ထိုဖြစ်စဉ်နှင့် ပြောင်းပြန် အနှောင့်အယှက် ပေးမိပြီး ဖျက်ဆီးခဲ့မိပြီဆိုလျှင်တော့ သင့်အတွက် ဘေးအန္တရာယ်က အဆင်သင့် ဖြစ်နေပြီဟု မှတ်ထားပါ။

ယခု တင်ပြခဲ့သည်တို့မှာ ဆောင်းပါးရှင်၏ **"မြွေကွင်းဆက်ကို နှောင်အခါ တွေ့ကြုံခဲ့ရလျှင် ဘာလုပ်သင့်သလဲ"** ဟု မေးထားခြင်း၏ ဖြေကြားချက်ပင် ဖြစ်ပါသည်။

ယခုတစ်ဖန် ထိုသို့သော ဂမ္ဘီရနွှယ်နေသည့် မြွေကွင်းဆက်၊ မြွေကွင်းပိတ်၊ မြွေထုံးကူးခြင်း အမျိုးမျိုးတို့ ရှိကြပုံကို စာရှုသူများ ဗဟုသုတ ပွားစေရန် တင်ပြပေးပါမည်။

မြွေထုံးကူးခြင်းနှင့် ပတ်သက်၍ စာရေးသူ ကြားဖူးသိမြင်သမျှ တင်ပြရ

www.burmeseclassic.com

သော် **"မြွေထုံကူးခြင်း"**သည် မြွေတိုင်း ထုံမကူးနိုင်ကြပါ။

***လူတွေမှာ ရာထူးအဆင့်အတန်း ကွာခြားမှု ရှိသလို ဂမ္ဘီရမြွေလောကတွင်လည်း အဆင့်အတန်း ကွာခြား ချက်ရှိကြပါသည်။***

ထုံကူးနိုင်သည့် မြွေမျိုးတို့မှာ အဆင့်မြင့်ပြီး ဂမ္ဘီရလောကနှင့် လုံးဝဆက်နွှယ်ပတ်သက်မှု ရှိနေကြသည့် မြွေမျိုးများသာ ထုံကူးနိုင်ပါသည်။

ထိုသို့ ထုံကူးခြင်းကြောင့် ယခုလက်ရှိ သက်တမ်းထက်ပို၍ ရှည်ကြာစွာ နေခြင်း၊ ဟိတ်တန်ခိုး ပို၍ ကြီးမားလာခြင်း၊ ဂမ္ဘီရနယ်ပယ်တွင်လည်း အထက်တန်း အဆင့်မြင့် သွားလာ ဆက်သွယ်စေနိုင်ခြင်း စသည့် အကျိုးထူးများကို ခံစားရစေပါသည်။

ထုံကူးကြသည့် မြွေမျိုးများသည် အများအားဖြင့် အဆိပ်ပြင်းကြသည့် **မြွေဟောက်၊ ငန်းတော်ကြား၊ တောကြီးမြွေဟောက်၊ ငန်းမြွေအနွယ်ဝင် မြွေမျိုးများကိုသာ** တွေ့ရတတ်ပါသည်။

ထိုမြွေမျိုးတို့မှာ ဂမ္ဘီရလောကနှင့် တိုက်ရိုက် ဆက်နွှယ်နေကြခြင်းကြောင့် ဖြစ်ပါသည်။

မြွေထုံကူးကြရာတွင်လည်း စာရေးသူ သိမီသလောက် (၃)မျိုး တွေ့နိုင်ပါသည်။

၁။ မြွေတစ်ကောင်တည်း ကိုယ့်အမြီးကို ကိုယ်ပြန်မျိုသည့် အနေအထားမျိုးနှင့် မြေကြီးပေါ်မှာ အကွင်းလိုက် တဖြည်းဖြည်း ကွင်းကျဉ်းလာပြီး နောက်ဆုံး အသံ တစ်စုံတစ်ရာ မြည်ပြီး ပျောက်သွားခြင်း။

၂။ မြွေနှစ်ကောင် တစ်ကောင်အမြီး တစ်ကောင်ပြန်မျိုပြီး မြွေနှစ်ကောင်ဆက် အကွင်း ဖြစ်ပေါ်လာပြီး ထုံကူးခြင်း။

၃။ အဆင့်မြင့် ကမ္မဇိဒ္ဓိ ရှိကြသည့် မြွေမျိုးများကတော့ လူသူမနီးသည့် သန့်ရှင်းစင်ကြယ်သည့် နေရာတွင် လပြည့်ညလို အခါသမယတွင် မိမိ၏ အမြီးနှင့် ဦးခေါင်းကို အပေါ်မိုးကောင်းကင်သို့ ကော့တက်လာပြီး ကြိမ်ကွင်းကို မြေကြီးပေါ် ထောင်ထားသလို အကွင်းလိုက် ထောင်နေပြီး...

အမြီးကို ပါးစပ်နှင့် ကိုက်မျို၍ တဖြည်းဖြည်း ကွင်းကျဉ်းလာပြီး နောက်ဆုံးတွင် ဖြောင်းခနဲ မြည်ဟည်း၍ အလင်းရောင်များ ထွက်ပေါ်လာပြီး ပျောက်ကွယ်သွားသည်ကို ထူးခြားဆန်းကြယ်စွာ တွေ့မြင်ကြရပါသည်။

ဤအဆင့်မြင့်သည် အဆင့်မြင့် မြွေမျိုးများ ထုံကူးသည့် မြွေထုံကူးနည်းဖြစ်ပါသည်။

ကဲ... ကောင်းပြီ ဆောင်းပါးရှင် မေးထားသော အဲဒီမြွေကွင်း မြွေအခွေ ဘယ်နေရာ ရောက်သွားသလဲဆိုတာကိုတော့ စာရေးသူ အတိအကျ မပြောပြနိုင်တာကိုတော့ ခွင့်လွှတ်ပါ။

သို့ပေမယ့် ကိုယ်သာ မသိတာ ထုံကူးသွားသည့် မြွေကတော့ ထုံကူးခြင်း အောင်မြင်သွားပြီး သူ လိုရာကို ရောက်ရှိသွားပြီ ဆိုတာကိုတော့ ပြောစရာလိုမည် မထင်တော့ပါ။

ထိုသို့ ဂမ္ဘီရဆန်သော မြွေကွင်းဆက် မြွေကွင်းပိတ်တို့ကို လွန်စွာလိုချင်နေကြသည့် ပုဂ္ဂိုလ်များလည်းရှိတတ်ပါသည်။

ထိုသူများသည် ဂမ္ဘီရလောက သဘာဝတရားကို ဆန့်ကျင်ပြီး မိမိတို့၏ လိုအင်ဆန္ဒ လောဘ၊ မောဟ၊ အတ္တတရား ကြီးပွားတိုးတက်ရေးကိုသာ ရှေ့တန်းတင်ပြီး **"မသမာသော အောက်လမ်းနည်း"**များဖြင့် ထိုကဲ့သို့သော မြွေကွင်းဆက် မြွေကွင်းပိတ်တို့ကို အစီအမံ ပြုလုပ်ပြီး မြွေကိုသတ်၍ အဆောင်ကောင်း တစ်ခုအဖြစ် တန်ဖိုးထားပြီး ဆောင်ထားတတ်ကြပါသည်။

သို့သော် ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် တစ်နည်းနည်းဖြင့် ပျက်စီးဘေးဒုက္ခ ရောက်ကြရသည်ကို များစွာ တွေ့မြင်ခဲ့ရပါသည်။

ဒါကြောင့် စာရေးသူ နိဂုံးချုပ်အနေဖြင့် အကြံပြုချင်တာကတော့ သင်သည် ယခုဖော်ပြပါ မြွေကွင်းပိတ်၊ မြွေကွင်းဆက် မြွေထုံကူးခြင်းမျိုးတို့ကို ကံကောင်းထောက်မစွာဖြင့် ကိုယ်တိုင် ကြုံတွေ့ခဲ့ကြရပြီဆိုလျှင်...

စိတ်စေတနာကောင်းကို မွေးပြီး ဂမ္ဘီရလောက သဘာဝတရားကြီးကို ပုံမှန်ဖြောင့်တန်းစွာဖြင့် လည်ပတ်နေနိုင်အောင် ပါရမီ ကူညီ ဖြည့်စွမ်းပေးလိုက်ခြင်းသည် ယခုရော နောင်သံသရာမှာပါ သင့်ကို ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့ကို ပြည့်စုံစေပါလိမ့်မည်ဟု...

စေတနာဖြင့် အကြံပြုရင်း မြွေနှင့် ပတ်သက်သော ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များအကြောင်းကိုနိဂုံးချုပ်လိုက်ပါသည်။

***လောကသဘာဝတရားကြီး ပုံမှန်လည်ပတ်ချောမွေ့ပြီး လူသားများ သဘာဝဘေးအန္တရာယ်များ၏ ဒဏ်မှ ကင်းဝေးချမ်းသာကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

**စာရှုသူ သုတေသီနှင့် ပညာရှင်များသို့. . .**

**မြွေကွင်းဆက် (သို့) မြွေကွင်းပိတ် (သို့)မြွေထုံကူးခြင်း ဖြစ်ရပ်ဆန်းများသိရှိသူများမှ မိမိတို့ အတွေ့အကြုံများကို ဆက်လက် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ် ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
***စာတည်းမှူး***
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

စိုက်ပျိုးရေးအတွက်

# ဆေးရွက်ကြီး ဆပ်ပြာဖျော်ရည်

စာရေးသူကျွန်တော်၏ အနီးအနား ရှိ စိုက်ပျိုးရေးတောင်သူကြီးများက ပတ်ဝန်းကျင်ကို အဆိပ်သင့်စေပြီး ညစ်ညမ်းစေသော ဓာတုဗေဒပိုးသတ်ဆေးများကို လျှော့ချ၍ သုံးစွဲသူနှင့် စားသုံးသူများကို ဘေးထွက်ဆိုးကျိုး နည်းစေသည့် မိမိလက်လှမ်းမီရာ သဘာဝပိုးသတ်ဆေးများကို ဖော်စပ် သုံးစွဲလျက်ရှိရာ ထိုနည်းများထဲမှ အကုန်အကျသက်သာပြီး ထိရောက်သည့် နည်းပညာအချို့ကို ထုတ်ဖော် ရေးသားတင်ပြလိုက်ပါသည်။

## ပြုလုပ်သုံးစွဲနည်း

ပုံပါအတိုင်း လွယ်ကူစွာ ပြုလုပ်သုံးစွဲနိုင်ပါသည်။ **ဆေးရွက်ကြီး အပင်၊ အရိုး၊ အရွက်အမှုန့် (၃၀)ကျပ်သားကို ရေ(၁)ဂါလန်ထဲတွင် (၂၄)နာရီ တစ်ရက် စိမ်ထားပါ။**

ရေစစ်ဖြင့် ဆေးရွက်ကြီးပါသော ရေကို စစ်ယူပါ။ အလွယ်တကူ ဝယ်ယူ ရရှိနိုင်သော ဆပ်ပြာမှုန့်(၃၀)ကျပ်သားကို ထို စစ်ယူထားသော ဆေးရွက်ကြီးဖျော်ရည်အတွင်း ပျော်ဝင်အောင် ဖျော်ပြီး ဆေးရည်(၁)ဆ၊ ရေ(၄)ဆ ဖြင့် ရောစပ် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

ဆေးအာနိသင် ပိုမိုထိရောက်ထက် မြက်လိုပါက **မဖောက်ထုံး အနည်းငယ်ကို ထည့်ပေးနိုင်ပါသည်။**

## ကာကွယ်နှိမ်နင်းနိုင်သောပိုးများ


ဟင်းသီးဟင်းရွက်များတွင် အများဆုံးကျရောက်တတ်သော **ခူကောင်များ၊ ကျိုင်းကောင်များ၊ ပင်စည်ထိုးပိုး၊ ရွက်တွင်းပိုး၊ ပျနှင့် လေးပိုး(သရစ်)** တို့ကို ကောင်းစွာနှိမ်နင်း ကာကွယ်နိုင်ပါသည်။

## ဆေးရွက်ကြီး အမှုန့်များကို မြေဩဇာအဖြစ် အသုံးပြုခြင်း

စိုက်ခင်း (သို့မဟုတ်) စိုက်သီးနှံအပင် ခြေများတွင် ပက်ဖြူးပေးခြင်း ဖြစ်စေ၊ စုပုံပေးခြင်း ဖြစ်စေ အသုံးပြုပေးပါကဆေးရွက်ကြီးတွင် ပါဝင်သော နိုက်ထြိုဂျင် (ပုလဲဓာတ်)၊ မီးစုန်း(အသီး၊အပွင့်ဓာတ်) နှင့် ပိုတက်ဓာတ် (ပြာဓာတ်)များကို အပင်မှ စုပ်ယူ စားသုံးရ၍ သန်စွမ်း ထွားကျိုင်းမည် ဖြစ်ပြီး ဆေးရွက်ကြီးတွင် ပါဝင်သော အဆိပ်ငွေ့မှာ မြေအောင်းဖျက်ပိုးများကို သေစေနိုင်ပြီး မြစ်ဖုနီမတုတ် ရောဂါကိုလည်း ကာကွယ် နှိမ်နင်း ပေးပါသည်။

## ကာကွယ်နှိမ်နင်းနိုင်သော မှိုရောဂါ

ပဲခင်းများနှင့် ဂျုံခင်းများတွင် ကျရောက်တတ်သော သံချေးမှိုရောဂါ၊ အာလူးစိုက်ခင်းတွင် ဖြစ်တတ်သော မှိုရောဂါ၊ ပိုင်းရပ်စ်ရွက်တွန့်ရောဂါများ တို့ကိုလည်း ကာကွယ်နှိမ်နင်းနိုင် ကြောင်းကို ရေးသား တင်ပြလိုက်ရပါသည်။




▲ ဆေးရွက်ကြီး ဆပ်ပြာဖျော်ရည် သင်တန်းမှ သင်ခန်းစာပါ ဓာတ်ပုံကို ကူးယူဖော်ပြပါသည်

**တင်ညိုအေး (နဂါးမြို့တော်)**



www.burmeseclassic.com

www.burmeseclassic.com




◆ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတထေရ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ၁၃-ရပ်ကွက် ပဏ္ဍိတာရာမ စာသင်တိုက်
ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ

# ဘဒ္ဒန္တ ပဏ္ဍိတ

၏ လက္ခဏာတော်

သန်းပညာ




## ထေရုပ္ပတ္တိ

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ ညောင်ကုန်းရွာနေ ခမည်းတော်ဦးပျားအုံ မယ်တော်ဒေါ်ချောတို့မှ ၁၂၉၄ ခုနှစ်၊ နယုန်လကွယ်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

## ရှင်ရဟန်းအဖြစ် ရောက်တော်မူခြင်း


၁၃၀၄ ခုနှစ်၊ တပေါင်းလဆန်း၊ (၁)ရက်နေ့တွင် ညောင်ကုန်းရွာ ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ကျောင်းကုန်းရွာနေ ဒေါ်အိမ်ဒုံ၊ ဒေါ်အိမ်ဖြူ၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၁၄ ခုနှစ်၊ ကဆုန်လဆန်း၊ (၁၀) ရက် နံနက် (၈)နာရီ (၁၅)မိနစ်အချိန် တွင် ထူးကြီးမြို့ ညောင်ကုန်းကျောင်း သိမ်၌ ညောင်ကုန်းရွာနေဒေါ်အိမ်ဒုံ၊ ဒေါ်အိမ်ဖြူ၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

## စာပေပရိယတ္တိ သင်ကြားတော်မူခြင်း

ဆရာတော်သည် ၁၃၂၃ ခုနှစ်တွင် လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်တွင်ပဏ္ဍိတာရာမ စာသင်တိုက်ကြီးကို တည်ထောင်

www.burmeseclassic.com




၍ နှစ်ပေါင်း(၄၀)ကျော်မျှ စာသင်သား သံဃာ (၁၀၀)-(၁၅၀)ခန့်တို့အား ငယ်လတ်ကြီး မဓ္ဈိမစရိယစာဝါများကို ပို့ချလျက် ရှိပါသည်။

၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ်ခံခဲ့ရပါသည်။

---

လက္ခဏာတော် လေ့လာချက်

---

❒ ဘယ်ညာလက်ဝါးပြင်၌ **အင်္ဂါလမ်းကြောင်း**ပါ,ပါတယ်။ **အရံအသက်လမ်းကြောင်း**လဲ ဖြစ်ပါတယ်။ (က)

ဒါကြောင့်လဲ သက်တော်ရှည် ဆရာတော်ကြီးအဖြစ် ယနေ့တိုင် ဖူးတွေ့နေရခြင်း ပါပဲ။

❒ ဘယ်ညာ နှလုံးလမ်းကြောင်းရင်းတွင် **မြားမြီး**သင်္ကေတ တွေ့ရပါတယ်။ (ခ)

ဒါကတော့ ကြည်ညိုသူ ဒကာ ဒကာမ ပေါများခြင်း၊ ပစ္စည်းလေးပါး မချို့တဲ့ခြင်းရဲ့ ပြယုဂ်ပါ။

❒ စနေဂြိုဟ်ခုံတွင် **ဩဇာလမ်း** ပါ,ပါတယ်။ (ဂ)

ဒါကတော့ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းခံရခြင်းနဲ့ သက်ဆိုင်ပါတယ်။

❒ တနင်္ဂနွေဂြိုဟ်ခုံ၌ **အောင်မြင်ရေးလမ်းတို့** ပါ,ပါတယ်။ (ဃ)

ဒါကတော့ ဘွဲ့ထူးဂုဏ်ထူးရခြင်း၊ အော... မြင့်ခြင်းရဲ့ ပြယုဂ်ပါ။

❒ ကြာသပတေးဂြိုဟ်ခုံတွင် **ဇေယျ... ထီးရိုး** ပါ,ပါတယ်။ (င)

ဒါကတော့ ရည်ရွယ်ချက်အတိုင်း ပြီးမြော... စေတတ်တဲ့ သင်္ကေတတစ်ခု ဖြစ်ပါတယ်... ဒါကြောင့်လဲ ပရိယတ္တိစာသင်တိုက်ကြီး... အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ခြင်းပါ...

❒ ညာဘက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် **မျဉ်း... မတ်များ** တွေ့ရတတ်ပါတယ်။ (...)

ဒါကတော့ ငွေကြေးရလွယ်တတ်... သင်္ကေတ တစ်ခုပါပဲ။

❒ အသက်လမ်းကြောင်းရဲ့ အော... ခြေမှာ **အမြစ်သင်္ကေတ ဖွာလန်...** နေတယ်။ (ဆ)

ဒါကတော့ ကျန်းမာရေးကျဆင်းခြင်းရဲ့ပြ... ပါ။ အထူးသဖြင့် ဒါးအောက်ပိုင်း (ကျန်းမာ... မှာ ဝေဒနာ ဖြစ်တတ်ပါတယ်။

❒ ညာဘက် တနင်္ဂနွေဂြိုဟ်ခုံအော... **နှလုံးလမ်းကြောင်းထက်၌ သ... ထွန်းနေတယ်။** (ဇ)

ဒါကတော့ စေတီပုထိုးတည်ထားကိုး... ရခြင်း၊ သာသနိက အဆောက်အအုံမျာ... ပြုပြင်မွမ်းမံရခြင်းရဲ့ ပြယုဂ်တွေပါပဲ။

❒ ညာဘက် အသက်လမ်းကြော... ပေါ်မှာ **တြိဂံသင်္ကေတ**က အုပ်... ပါတယ်။ (ဈ)

ဒါကတော့ အအေးပတ်ဖွဲ့သောဝေဒ... တတ်ပါတယ်။


❒ ညာဘက်လက်ညှိုးသည် **အထူး... သို့ ယိုင်နေပါတယ်။** (ည)

ဒါကတော့ ကျော်ကြားထင်ရှားမည်... တရားကိုပြသော သင်္ကေတ တစ်...

***အေးပါစေ၊ အောင်ပါစေ။***

**သန်းမြညွှာ**

www.burmeseclassic.com



ဗုံကို မြင်မက်ခြင်းကား ပျော်ရွှင်မှု အထိမ်းအမှတ်နိမိတ် ဖြစ်သည်။

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ကျမ်းတော် (၈၆)

ထက်မင်းကျော်စွာ



* **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ပျော်ပွဲရွှင်ပွဲ အခမ်းအနားသဘင်များ တက်ရောက်ရဖွယ်ရှိသည်။

* **အိမ်ရှင်မက မြင်မက်လျှင်...**

ပျော်ရွှင်ဖွယ်ရာ သတင်းကောင်းကြားသိရမည်။

* **လူပျိုက မြင်မက်လျှင်...**

ဆွေမျိုးမိတ်သင်္ဂဟတို့၏ သုမင်္ဂလာ သာရေးကိစ္စများ၌ ပါဝင် ကူညီရတတ်သည်။

* **အပျိုက မြင်မက်လျှင်...**

မိတ်ဆွေ သူငယ်ချင်းများထံမှ ပျော်ရွှင်ဖွယ်အဖြစ်အပျက်၊ မြင်ကွင်း၊ သတင်းစကားများ မြင်တွေ့ကြားသိရတတ်သည်။

* **ကုန်သည်က မြင်မက်လျှင်...**

စီးပွားရေးတွင် အလားအလာကောင်းသော ဈေးကွက်၊ ဝယ်လက်အောက်သည်များ တွေ့ကြုံရရှိမည်။

* **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာသီးနှံ ဈေးကောင်းရမည်။

* **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ အောင်မည်။

* **ကိုယ်ဝန်ဆောင် အမျိုးသမီးက မြင်မက်လျှင်...**

သားယောက်ျားကလေး မွေးနိုင်သည်။

* **အချုပ်အကျဉ်းကျနေစဉ် မြင်မက်ပါက...**

လွတ်မြောက်ရန် ရက်မဝေးတော့ပါ။

* **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

ဆေးဝါးကောင်းတွေ့၍ ရောဂါ သက်သာလာမည်။

* **ခရီးသွားစဉ် မြင်မက်ပါက...**

ကူညီရိုင်းပင်းတတ်သည့် ခရီးဖော် ရရှိမည်။

* **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ဝမ်းမြောက်ဖွယ် သတင်းစကား ကြားသိရမည်။

* **တစ်စုံတစ်ယောက်အား စောင့်မျှော်နေစဉ် မြင်မက်လျှင်...**

မကြာမီ ရောက်လာလိမ့်မည်။

* **ရှေ့နေက မြင်မက်ပါက...**

လိုက်ပါ ဆောင်ရွက်ပေးသော အမှုကျေအေး ပြီးဆုံးသွားမည်။

* **ရပ်ဝေးတစ်နေရာသို့ သွားရောက်၍ စီးပွားရှာနေသူက မြင်မက်လျှင်...**

မိသားစုထံမှ ပျော်စရာ သတင်းစကားကြားသိရမည်။

* * *

❖ ဗုံကိုတီးရသည်ဟု မြင်မက်လျှင်ကား ကောင်းသော နိမိတ်မဟုတ်ချေ။

* **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အခက်အခဲကြီးမားစွာ ကြုံရကိန်းရှိသည်။

* **အိမ်ရှင်မက မြင်မက်လျှင်...**

သားသမီးတွန်းကားရန် အခက်အခဲကြုံမည်။

* **ကိုယ်ဝန်ဆောင် အမျိုးသမီးက မြင်မက်လျှင်...**

သန္ဓေသား ပျက်စီးတတ်သည်။ သို့မဟုတ် ခဲခဲကတ်ကတ် မွေးဖွားရဖွယ်ရှိသည်။

* **လုံမပျိုက မြင်မက်လျှင်ကား...**

ချက်ချင်းပင် အိမ်ထောင်ကျတတ်သည်။

* **လုလင်ပျိုက မြင်မက်လျှင်...**

ကြမ္မာဆိုးဝင်ကာ မိန်းမရတတ်သည်။ *(ကြိုတင်ပြင်ဆင်ထားခြင်း မရှိသော၊ အဆင်မပြေသည့် အခြေအနေဖြင့် အိမ်ထောင်ကျကိန်းရှိသည်ဟု ဆိုလို၏။)*

* **နာတာရှည် ဝေဒနာရှင်က မြင်မက်လျှင်...**

အနောက်ဘက် ကောင်းကင်သို့ ပြန်ရဖွယ် ရှိ၏။

*(အနောက်ဘက် ကောင်းကင်ဟူသည် တမလွန်လောကကို ညွှန်းဆိုခြင်း ဖြစ်၏။)*

* **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲ၌ ခြေချော်လက်ချော် ကျရှုံးနိုင်သည်။

*** ကုန်သည်က မြင်မက်လျှင်...**

ကုန်အကြီးအကျယ် ရှုံးတတ်သည်။

*** တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ ဆုံးရှုံးနိုင်သည်။

*** အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

အပြစ်ဒဏ် ထပ်တိုးတတ်သည်။

*** ခရီးသွားစဉ် မြင်မက်ပါက...**

ငွေကြေးအခက်အခဲ ကြုံတတ်သည်။ သူခိုးသူဝှက်ဘေးကြောင့် ဥစ္စာပစ္စည်း ပျောက်ဆုံးနိုင်သည်။

*** ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ရေစက်ချ၍ စာရင်းပိတ်လိုက်ရန် ညွှန်းဆို၏။

*** ရှေ့နေရှေ့ဖက်က မြင်မက်လျှင်...**

လိုက်ပါဆောင်ရွက်နေသော အမှု ရှုံးနိုင်သည်။

*** တပြည်ရပ်ဝေး၌ စီးပွားရှာနေသူက မြင်မက်လျှင်...**

နာဖျားဒုက္ခရောက်ကိန်းရှိသည်။

*** တစ်စုံတစ်ဦးအား စောင့်ဆိုင်းနေစဉ် မြင်မက်ပါက...**


အချိန်နှောင်းမှ ရောက်လာတတ်သည်။

*** ငွေကြေးစာရင်းဇယား ထိန်းသိမ်းကိုင်တွယ်ရသူ ဝန်ထမ်းက မြင်မက်လျှင်...**

ငွေကြေးမြောက်မြားစွာ စိုက်ထုတ်ပေးလျော်ရကိန်းရှိသည်။

*** လက်နက်ကိုင်ဝန်ထမ်း (ရဲသား၊ တပ်သားစသည်)က မြင်မက်ပါက...**

တာဝန်ပေါ့လျော့ လစ်ဟင်းမှုကြောင့် အပြစ်ဒဏ် ခံယူရတတ်သည်။



*** အိမ်ရှေ့၊ ခြံရှေ့တွင် လာ၍ ဗုံတီးနေသည်ဟု မြင်မက်လျှင်မူ...**

နေအိမ်တွင် လူဦးရေတိုးပွားမည့် မင်္ဂလာကိစ္စကြုံရမည်ဟု သတင်းပေးခြင်းဖြစ်သည်။

*** အိမ်ထောင်ဦးစီးက မြင်မက်ပါက...**

ဇနီး သို့မဟုတ် ချွေးမ နှုတ်ငုံသန္ဓေရှိမည်။

*** အိမ်ရှင်မက မြင်မက်လျှင်...**

သားယောက်ျားမွေးဖွား၍ မိသားစုအရေးပေးခြင်းခံရသော **"အသည်းကျော်"** ဖြစ်တတ်သည်။ **[တရုတ်ဘာသာတွင် Bǎo Bǎo "ပေါင်းပေါင်" သည် အဖိုးတန်ရတနာဟု အဓိပ္ပာယ်ရသကဲ့သို့ အမြတ်တနိုး တန်ဖိုးထားသော ပစ္စည်း၊ လူ (အထူးသဖြင့် ကလေးငယ်)ကိုလည်း ရည်ညွှန်းခေါ်ဝေါ်လေ့ ရှိသည်။]**

*** လူပျိုလူလွတ်က မြင်မက်လျှင်...**

ရင်းချာသူ၏ မင်္ဂလာကိစ္စတွင် လူပျိုရံ လုပ်ရကိန်းရှိသည်။

*** အပျိုလူလွတ်က မြင်မက်လျှင်...**

ပရိသတ်စိတ်ဝင်စားသည့် အပျိုရံ ဖြစ်တတ်သည်။

*** ကုန်သည်က မြင်မက်ပါက...**

အကျိုးတူ စုပေါင်းလုပ်ငန်း အောင်မြင်မည်။

*** တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားမည်။

*** ကျောင်းသူကျောင်းသားက မြင်မက်လျှင်ကား...**

စာမေးပွဲတွင် အဆင့်မြင့်စွာဖြင့် အောင်နိုင်သည်။

*** မကျန်းမာသူက မြင်မက်လျှင်...**

မကြာမီ ရောဂါသက်သာ ပျောက်ကင်းမည်။

*** အချုပ်အကျဉ်း၊ အကျယ်အတည်း ကြုံနေရသူက မြင်မက်လျှင်...**

မြန်မကြာ လွတ်မြောက်မည်။

*** ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးလမ်း အဆင်ပြေချောမွေ့မည်။

*** ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

အထားမှားခြင်း ဖြစ်သည်။ ပြန်တွေ့မည်။

*** တစ်ဦးတစ်ယောက်ကို စောင့်မျှော်နေစဉ် မြင်မက်လျှင်...**

အိမ်တံခါးဝသို့ ရောက်နေပြီ။ *(မိမိအနီးဝန်းကျင်၌ရှိနေသည်။ မကြာမီ ဆုံတွေ့နိုင်သည်။)*

*** အမှုအခင်းရင်ဆိုင်ရစဉ် မြင်မက်ပါက...**

ကျေအေးသွားမည်။

*** နိုင်ငံရပ်ခြား၌က စီးပွားရှာနေစဉ် မြင်မက်ပါက...**

မကြာမီ မျက်နှာပန်းလှစွာဖြင့် နေရပ်ပြန်နိုင်မည်။

*** လက်နက်ကိုင် အမှုထမ်းက မြင်မက်လျှင်...**

ရဲစွမ်းသတ္တိအတွက် ဂုဏ်ပြုခြင်း ခံယူရကိန်းရှိသည်။

*** သားရှင်က မြင်မက်လျှင်...**

မကြာမီ ချွေးမကောင်းပေးရတတ်၍



www.burmeseclassic.com

www.burmeseclassic.com

သမီးရှင်က မြင်မက်ပါက သမီးမင်္ဂလာကိစ္စအတွက် အကြိုအထောက် ရောက်လာမည်။

* * *

❖ ပုံမောင်းအဖွဲ့တီးမှုတ်လာသည်ကို မြင်မက်ပါက နေထိုင်မှု အဆင့် ရာထူး စည်းစိမ်တိုးပွားမည့် နိမိတ်ဖြစ်သည်။

*** တပ်မတော်အရာရှိက မြင်မက်လျှင်...**

မကြာမီ ရာထူးတိုးမြှင့် ခန့်ထားခြင်းခံရမည်။

*** တပ်သားစစ်သည်က မြင်မက်လျှင်...**

သူ့ရဲကောင်းတံဆိပ် လက်ခံရကိန်းရှိသည်။

*** အမှုထမ်းအရာထမ်းက မြင်မက်ပါက...**

ပိုမိုကြီးလေးသော တာဝန်များ ထမ်းဆောင်ရမည်။

*** အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အိမ်ခြံမြေ တိုးပွားတတ်သည်။

*** အိမ်ရှင်မက မြင်မက်လျှင်...**

အိုးကောင်းအိမ်ကောင်း ရလိမ့်မည်။

***(ပိုမို ခမ်းနားထည်ဝါသော နေအိမ်နှင့် နေထိုင်ရမည်။)***

*** လူပျိုက မြင်မက်လျှင်...**

မျက်နှာပွင့်လန်းမည်။

*** အပျိုက မြင်မက်ပါက...**

အမေ့အား လက်ဆောင်ပေးသူ ပေါ်များမည်။ (နှစ်သက်၊ စပ်ဟပ်သူပေါ်များမည်။)

*** ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာဝဖြိုးသော သားယောက်ျား မွေးမည်။

*** ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် အောင်မြင်နိုင်သည်။

*** ကုန်သည်က မြင်မက်လျှင်...**

ရပ်ဝေးမြေခြား စီးပွားလုပ်ငန်းများ ဖြစ်ထွန်းမည်။

*** တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးတက်ပိုင်ဆိုင်ရကိန်း ရှိသည်။

*** မကျန်းမာသူက မြင်မက်လျှင်...**

အပရိက ဝေဒနာသာဖြစ်၏။ မကြာမီ ပျောက်ကင်းသွားမည်။

*** ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပြန်ရမည်။

*** အချုပ်အကျဉ်း ကျနေသူက မြင်မက်လျှင်...**

လွတ်ငြိမ်းချမ်းသာခွင့်ရမည်။

*** ရွေးကောက်ပွဲ ဝင်ရောက်သူက မြင်မက်ပါက...**

ရွေးချယ် တင်မြှောက်ခြင်းခံရမည်။

*** ခရီးသွားစဉ် မြင်မက်ပါက...**

စည်းစိမ်တိုး၍ ခရီးလမ်းချောမွေ့မည်။

*** ရပ်ဝေးမြေခြားရောက် စီးပွားရှာဖွေသူ မြင်မက်ပါက...**

တစ်နယ်တစ်ကျေး၌ ကြီးပွားတတ်သည်။

**[ဤတွင် ပုံမောင်းအဖွဲ့ဟူသည် ပုံ၊ လင်းကွင်း၊ မောင်း စသည်တို့ဖြင့် မင်္ဂလာပွဲ၊ နှစ်သစ်ကူးပွဲတော်၊ ခြင်္သေ့အကအဖွဲ့၊ နဂါးအကအဖွဲ့တို့၌ စုပေါင်းတီးမှုတ်ကြသော လူစုကို ဆိုလိုပါသည်။]**

## ထက်မင်းကျော်စွာ

စာမျက်နှာ (၁၉၂)မှ အဆက်

ခံရတတ်သည်။

ရေထွက်ပစ္စည်း၊ အဖျော်ယမကာများ လက်ဆောင်ရနိုင်ကြသည်။ နားနှင့် အကြားအာရုံဆိုင်ရာ ဝေဒနာများသတိထားပါ။အမျိုးသမီးဇာတာရှင်တို့မှာ အိမ်ထောင်ကျကိန်းရှိသည်။

∻ ကြက်နှစ်ဖွား



စိမ်ခံပစ္စည်း ဝင်နိုင်သည်။ မြစ်ကူး ချောင်းခြား ခရီးလမ်းသွားလာရတတ်သည်။ ပြည်ပရပ်ဝေးမှ မျှော်လင့်နေသော သတင်းစကားများ ကြားရဖွယ်ရှိသည်။

ဆိုးဆေးနှင့် အဖျော်ယမကာကြောင့်ဖြစ်သော ရောဂါဝေဒနာများ သတိပြုကာကွယ်ပါ။ အမျိုးသားတို့မှာ ဆီးနှင့် ပတ်သက်သော ဝေဒနာများကိုပါ သတိထားသင့်ပါသည်။

∻ ခွေးနှစ်ဖွား



ကံဇာတာနိမ့်ပါးသော ကာလ ဖြစ်သောကြောင့် မိမိနှင့် သက်ဆိုင်မှု မရှိသောကိစ္စ ပြဿနာများတွင် ဝင်ရောက်ခြင်းကို အထူးသတိပြု ရှောင်ရှားပါ။

သစ်ပင်းတုတ်အစွန်အတက်များကြောင့် ဒဏ်ရာအနာတရ ဖြစ်နိုင်သည်။

ငွေကြေးမှအစ အခက်အခဲ ကြုံဆုံရသောအခါတွင် ကူညီပံ့ပိုးမှုများ ကြန့်ကြာနိုင်သဖြင့် မိမိကိုယ်တိုင် ဆင်ခြင် သုံးစွဲနေထိုင်သင့်သည်။

∻ ဝက်နှစ်ဖွား



ငွေကြေးလာဘ်လာဘ အတန့်အသင့် ရရှိနိုင်ကြသည်။ ရရန်ရှိသော တာရှင်းဖယား ကြွေးမြီများ ပြန်လည် ရရှိတတ်သည်။

ထီး၊ ခမောက်၊ ဦးထုပ်၊ ခေါင်းဆောင်း အဆင်တန်ဆာများ ဝင်နိုင်သည်။ ကံတိုက်လုပ်ငန်း အကျိုးပေးထက်သန်သောကာလဖြစ်၏။ အမျိုးသားဇာတာရှင်တို့မှာ လိင်အင်္ဂါဆိုင်ရာ ဝေဒနာများ သတိထားပါ။

ဤလတွင် ကံကြမ္မာ မေးမှိန်နိမ့်ကြသူများသည် ဗုဒ္ဓဟူးနေ့တွင် သက်ကြီးပိုင်း အမျိုးသားတစ်ဦးအား ဝဲနှင့်ပတ်သက်သော စားဖွယ်အချို့ လှူဒါန်းပေးပါ။ အခက်အခဲ ပြဿနာများ လျော့ပါး ကျော်လွှားသွားနိုင်ကြပါလိမ့်မည်။

***ကြိုးစားသူ အောင်မြင်ကြပါစေ။***

**ဟူရှင်းဇီ**

www.burmeseclassic.com

## [illegible]

**စီးပွားရေး** ။ အထည်ချုပ်လုပ်ငန်းများ ရောင်းအားကောင်းမည်။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေး လုပ်ငန်းများ အမြတ်များမည်။ မြေအရောင်းအဝယ်လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ အရာထမ်း၊ အမှုထမ်းများ ကျရာတာဝန်ကို အောင်မြင်အောင် ထမ်းဆောင်နိုင်မည်။ အကြီးအကဲများက နှစ်သက်သဘောကျကြမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေ သာယာမည်။ သားသမီးများ၏ ပညာရေး၊ အလုပ်အကိုင်များ တိုးတက်အောင်မြင်မည်။ မိသားစု အပျော်ခရီးထွက်ရလိမ့်မည်။

**အချစ်ရေး** ။ ချစ်သူဘဝမှ မဖျော်လင့်ဘဲ အိမ်ထောင်သည်ဘဝသို့ ရောက်သွားတတ်မည်။ နှစ်ဖက်မိဘတို့ သဘောတူညီမှုရမည်။

**ပညာရေး** ။ ပညာရေး အခြေအနေကောင်းပါသည်။ စီးပွားရေးဆိုင်ရာ ပညာသင်တန်းများ တက်ရောက်ခွင့်ရမည်။

**ကျန်းမာရေး** ။ စိတ်ချမ်းသာအောင်နေပါ။ စိတ်ချမ်းသာပျော်ရင် ကိုယ်လဲ ကျန်းမာလာမည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ယတြာ** ။ ။ တစ်လအတွင်း မွေးနေ့တိုင်းတွင် အချိန်မှန်၊ နေရာမှန်၊ အကြိမ်မှန်ဖြင့် "အရဟံ"ဂုဏ်တော်ကို (၁၀၈)လုံး ပုတီးကုံးဖြင့်(၉)ပတ် စိပ်ပေးပါ။ လိုရာဆုကို အဓိဋ္ဌာန်တင်ပါ။

## [illegible]

**စီးပွားရေး** ။ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ အောင်မြင်တိုးတက်မည်။ ခရီးသွားလုပ်ငန်းများ လုပ်ကိုင်လိုက လုပ်ကိုင်နိုင်သောကာလဖြစ်သည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ တိုးတက်အောင်မြင်မည်။ လုပ်ငန်းတွင် စိတ်ချမ်းသာစွာ လုပ်ကိုင်ရမည်။

**အိမ်တွင်းရေး** ။ သားသမီးထဲမှ နိုင်ငံခြားခရီးထွက်ရန် စီစဉ်ထားသူရှိက သွားခွင့်ရလိမ့်မည်။ ငွေရေးကြေးရေ မိသားစုအရေး၊ အစစအရာရာ အားလုံးအဆင်ပြေမည်။

**အချစ်ရေး** ။ အချစ်ရေးမှ အိမ်ထောင်ရေးသို့ အဆင့်တိုးမြင့်သွားလိမ့်မည်။ မိမိဘက်က ကြိုတင်ပြင်ဆင်ထားပါ။

**ပညာရေး** ။ နည်းနည်း ကြိုးစားလျှင် များများ အောင်မြင်မည်။ တက်ချင်သည့် သင်တန်းတက်၊ သင်ယူချင်သည့် ပညာကို သင်ယူနိုင်ပါသည်။

**ကျန်းမာရေး** ။ နှလုံး၊ သွေးတိုးရောဂါများ ပြန်ထတတ်သည်။ အအိပ်အနေ အစားအသောက်များ သတိထားပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆။

**ထီထိုးရန်ရက်များ** ။ ၂၊ ၃၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။



၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်မြသည်






**အထောက်အပံ့ယတြာ** ။ ဘုန်းတော်ကြီးငါးပါးအား အုန်းထမင်း ကြက်သားဟင်းကာ၊ လှူပါ။

## [illegible]

**စီးပွားရေး** ။ လုပ်ငန်းများ ထူထောင်လိုက ထူထောင်နိုင်၍ လုပ်ငန်းသစ်များ တိုးချဲ့လိုက တိုးချဲ့နိုင်ပါသည်။ ခရီးသွားလုပ်ငန်းများ အဆင်ပြေမည်။ အကျိုးရှိမည်။ ပလတ်စတစ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ မိမိ အရည်အချင်းကို အထက်က သိရှိပြီး ချီးကျူး ပါလိမ့်မည်။ ရာထူးတိုး နေရာပြောင်း ရွှေ့ရလိမ့်မည်။

**အိမ်တွင်းရေး** ။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်း၍ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရမည့် ကာလ ဖြစ်သည်။ မိသားတစ်စု အလည်အပတ် သို့မဟုတ် ဘုရားဖူးခရီး ထွက်ရမည်။

**အချစ်ရေး** ။ ဘဝတစ်သက်တာအတွက် ရွေးချယ်ရမည့်အခါဖြစ်၍ နှလုံးသားနှင့်ရော ဦးနှောက်ဖြင့်ပါ ရွေးချယ်ပါ။

**ပညာရေး** ။ ပညာရေးကံကောင်းသော ကာလဖြစ်ပါသည်။ စာမေးပွဲများရှိလျှင် ဝင်ရောက်ဖြေဆိုပါ။ အောင်မြင်မည်။

**ကျန်းမာရေး** ။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်၍ စားသတိ သွားသတိလုပ်ပါ။

**ဆောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇။

**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၈၊ ၁၁၊ ၁၅၊ ၁၉၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ယတြာ** ။ သက်ကြီးရွယ်အို အပါအဝင် လူကြီးများနှင့် ကလေးများကို နွားနို့ထမင်း တိုက်ကျွေးပါနှင့်ပြီး

## [illegible]

**စီးပွားရေး** ။ အကျိုးဆောင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ဖောက်သည်သစ်များ ရရှိမည်။ ရွှေပန်းထိမ်လုပ်ငန်းအကျိုးရှိမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းတွင်း မနာလိုသူတစ်ဦးကြောင့် အထက်လူကြီး၏ အထင်လွဲမှုကို ခံရမည်။ စိတ်တည်ငြိမ်စွာနှင့် ဖြေရှင်းပါ။

**အိမ်တွင်းရေး** ။ အိမ်တွင်းအတူနေ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့သောကာလ ဖြစ်မည်။ ရပ်ဝေးရှိ သားသမီးများထံမှ သတင်းကောင်း ကြားရမည်။

www.burmeseclassic.com

www.burmeseclassic.com

**အချစ်ရေး။** ။ အချစ်ရေးသည် ဘဝတစ်လုံးနှင့် သက်ဆိုင်နေ၍ အချစ်ရူး၊ ရူးမနေပါနှင့်။ အချစ်ကြောင့် ဘဝပျက်တတ်၍ အထူးသတိထားပါ။

**ပညာရေး။** ။ ဆရာကောင်းများနှင့် တွေ့၍ ပညာကောင်းများ ရရှိမည်။

**ကျန်းမာရေး။** ။ အအေးမိ နာစေးလောက်သာ ဖြစ်တတ်ပါသည်။ သို့သော် အသက်ကို ဉာဏ်စောင့်ပါသည်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၄၊ ၈၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၂၉။







**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သာကူကို သကြားအစစ်ဖြင့်ထိုး၍ ကလေးရော လူကြီးတို့ကိုပါ ကျွေးမွေးဒါနပြုပါ။

## ကြာသပတေး

**စီးပွားရေး။** ။ ငွေကြေးလုပ်ငန်းများ အမြတ်များမည်။ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်ပါသည်။ လုပ်ငန်းသစ်များ ထူထောင်လိုက ထူထောင်နိုင်သောကာလဖြစ်သည်။ ကြီးပွားရေး၊ စီးပွားရေးများ အဆင်ပြေမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ၏ အသိအတတ်များကို ဖြန့်ဝေပေးပါ။ မိမိမှာ ပိုတတ် ပိုတော်လာမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ မိမိ သို့မဟုတ် အိမ်ထောင်ဖက် ပြည်ပခရီးထွက်ရကိန်းရှိသည်။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေ၍ ချစ်သူရွေးရမည့်ကာလ ဖြစ်ပါသည်။ ပေါ့ပေါ့ဆဆ မရွေးချယ်ပါနှင့်။

**ပညာရေး။** ။ နိုင်ငံခြားပညာတော်သင် လျှောက်ထားလျှင် သွားခွင့်ကြုံလိမ့်မည်။ ပညာရေး ကံဇာတာတက်နေချိန်ဖြစ်၍ လိုရာဆန္ဒပြည့်စုံမည်။

**ကျန်းမာရေး။** ။ အပယိက ခေါင်းမူးခေါင်းကိုက်လောက်တော့ ဖြစ်မည်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၅၊ ၇၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇။

**ရှောင်ရန်ရက်များ။** ။ ၈၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၅၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သက်ကြီးရွယ်အိုများနှင့် ကလေးများ အပါအဝင် အနည်းဆုံး (၅)ယောက် သို့မဟုတ် (၁၉)ယောက်ကို နွားနို့တိုက်ကျွေးဒါနပြုပါ။

## သောကြာ

**စီးပွားရေး။** ။ အမြတ်ငွေ နည်းနေဦးမည်။ ဌာနဆိုင်ရာများ၊ တပ်မတော်ဆိုင်ရာများနှင့် ပူးတွဲလုပ်ကိုင်ရမည်။ နိုင်ငံခြားသား အထူးသဖြင့် ဂျပန်၊ တရုတ်၊ ကိုရီးယားတို့နှင့် ဖက်စပ်လုပ်ကိုင်ရမည်။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီးများ၏ ငြိုငြင်မှုကို ခံရတတ်ပြီး သဘောထားကွဲမည်။ မိမိ၏ စိတ်ကောင်းစေတနာကြောင့် ပြဿနာ အခက်အခဲများ ပြေလည်မည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်နှင့် အဆင်မပြေဖြစ်ရတတ်သည်။ သူများပြောတိုင်း မယုံပါနှင့်။ သားသမီးများ၏ အလုပ်ကိစ္စ အဆင်ပြေမည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် လှေနံနှစ်ဖက် မနင်းပါနှင့်။ အချစ်ရေး ကံကောင်းပါသည်။ ရွေးချယ်မှု မှန်ပါစေ။

**ပညာရေး။** ။ ပညာရေးနှင့် အချစ်ရေး ရောထွေးနေတတ်သည်။ ဘဝ၏ တိုးတက်ရေးအတွက် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး။** ။ ညဘက် ရေမချိုးပါနှင့်။ အအေးမိပြီး ဖျားနာတတ်သည်။ ရေချိုးချင်လျှင် ရေနွေးနှင့် စပ်ချိုးပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၂၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဘုန်းတော်ကြီးတစ်ပါး(သို့မဟုတ်) (၆)ပါးအား အုန်းနို့ခေါက်ဆွဲကို ကြက်ဥ(သို့မဟုတ်) ကြက်သားဖြင့် ကပ်လှူဒါနပြုပါ။

## စနေ

**စီးပွားရေး။** ။ အလှကုန်ပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အနုပညာဆိုင်ရာလုပ်ငန်းများ (ဇာတ်သဘင်၊ အငြိမ့်၊ တေးသံသွင်း၊ တီးဝိုင်း စသည်)လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ၊ တာဝန်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်မြင်လိမ့်မည်။ သင့်အတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုလွှာရရှိလိမ့်မည်။

**အိမ်တွင်းရေး။** ။ ခင်ပွန်းသည်၊ ဇနီးသည်ကြောင့် ငွေကြေးရရှိမည်။ မိသားတစ်စု ကြီးပွားရေး၊ စီးပွားရေး အဆင်မပြေဖြစ်ရတတ်သည်။

**အချစ်ရေး။** ။ ချစ်လူမိုက် အဖြစ်မခံပါနှင့်၊ မိဘများကြောင့် အချစ်ရေး အဆင်မပြေဖြစ်ရတတ်သည်။

**ပညာရေး။** ။ သင်ယူချင်သည့် ပညာကို သင်ပါ။ တတ်ချင်သည့် သင်တန်းတက်ပါ အောင်မြင် တတ်မြောက်ပါလိမ့်မည်။

**ကျန်းမာရေး။** ။ ရောဂါပျောက်ခါ ရောဂါပြန်ထတတ်သည်။ ကြိုတင်ကာကွယ် ကုသပါ။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၂၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၅၊ ၇၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကန်စွန်းဥကို ပြုတ်၍ ကလေးများကို ကျွေးပါ။

***ကျန်းမာ ချမ်းသာပါစေ။***

ဆရာ ရောင်ခြည်

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



✣ ကြွက်နှစ်ဖွား



ဤလတွင် ကံကြမ္မာ ပွင့်လင်း၍ ငွေကြေး အပြောက်အမြား လက်ခံရကိန်း ရှိသည်။

လာဘ်လာဘ ရွှင်လန်းဝေဆာ၍ အခက်အခဲပြဿနာများ ပြေလည်သွားလိမ့်မည်။

ဖိမ်ခံပစ္စည်း ယာဉ်ရထား ဝင်နိုင်သည်။ ကြွက်နှစ်ဖွား အမျိုးသားများမှာ ကြင်ရာဇနီးမယားပါ ဝင်ကိန်းရှိပေသည်။

✣ နွားနှစ်ဖွား



ပညာရဲရင့် ပွဲလယ်တင့်သောကာလ ဖြစ်သည်။ သင်ယူဆည်းပူးထားသော ပညာရပ်များကြောင့် အရေးပေး ဆက်ဆံခြင်း ခံရမည်။

နှုတ်မှုလက်မှု ပညာများမှလည်း ငွေစကြေးစကလေးများ ဝင်နိုင်ကြသည်။ စိတ်ရွှင်လန်းဖွယ် မြင်ကွင်း အဖြစ်အပျက်များ ကြုံဆုံရတတ်သည်။ ခါးဝတ်တန်ဆာ လက်ဆောင်ရဖွယ်ရှိသည်။

✣ ကျားနှစ်ဖွား



စိတ်ကူး အကြံအစည်အချို့ အကောင်အထည်ဖော်နိုင်ကြပါမည်။ ကတိစကား တည်ကြည်မှုကြောင့် တူညီသော အကျိုးပေးခံရကာ ကျေးဇူး တုံ့ပြန်ခြင်း လက်ခံရဖွယ်ရှိသည်။

ကြွေထည်၊ မြေထည်၊ စဉ့်ထည် ပစ္စည်းများ အကျိုးပေး ထက်သန်မည်။ သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါဝေဒနာများ သတိပြုကာကွယ်ပါ။



✣ ယုန်နှစ်ဖွား

လွင်ပြင်ကျယ်ဒေသများသို့ အလည်အပတ် သွားရောက်ရတတ်သည်။ စီးပွားရေးတွင် အသစ် တီထွင်ဖန်တီးခြင်း၊ ကုန်စည်သစ်၊ ဈေးကွက်သစ် ရှာဖွေခြင်းတို့ကြောင့် တိုးတက် အဆင်ပြေလာနိုင်သည်။

အိမ်ခြံမြေ ပြုပြင်မွမ်းမံရဖွယ်ရှိသည်။ အမျိုးသမီးဇာတာရှင်တို့မှာ သားအိမ်နှင့် ပတ်သက်သော ဝေဒနာများ သတိပြုကာကွယ်သင့်သည်။

✣ နဂါးနှစ်ဖွား



ဆွေမျိုးမိတ်သင်္ဂဟများ၏ အရေးကိစ္စတွင် အားကိုးတကြီး အကူအညီတောင်းခံခြင်း ခံယူရဖွယ်ရှိသည်။အခြွေအရံ လက်အောက်ငယ်သား ရရှိနိုင်သည်။

သစ်တောထွက်ပစ္စည်း၊ သစ်သီးဝလံများ လက်ဆောင်ရတတ်သည်။ အသည်းနှင့် ပတ်သက်သည့် ဝေဒနာများ ဂရုစိုက်ပါ။ ပျောက်ဆုံးပစ္စည်းများ ပြန်လည် တွေ့ရှိနိုင်သည်။

✣ မြွေနှစ်ဖွား



ရင်ဆိုင်ဖြေရှင်းနေရသော အကျပ်အတည်း ပြဿနာများကို ပြေလည် အောင် ဖြေရှင်းနိုင်ကြမည်။

စိတ်ပေါ့ပါးလွတ်လပ်၍ ဖိစီးမှုနည်းပါးသောကာလ ဖြစ်သည်။ မိတ်ဆွေသားချင်းများအတွင်း သာရေးနာရေးကိစ္စများ ပေါ်ပေါက်၍ အင်တိုက်အားတိုက် ကူညီပေးရတတ်သည်။

✣ မြင်းနှစ်ဖွား



မိတ်သင်္ဂဟများနှင့် သဘောထား မတိုက်ဆိုင်မှုများ ပေါ်ပေါက်နိုင်သည်။ ရန်များတတ်သောကာလဖြစ်၍ အပြောအနေ ဆင်ခြင်သင့်သည်။

ယာဉ်ရထား မတော်တဆဖြစ်မှုများ ကြိုတင် သတိထား ကာကွယ်ပါ။ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ခံစားရတတ်ပါသည်။

✣ ဆိတ်နှစ်ဖွား



စိတ်လှုပ်ရှား၍ ဒေါသဖြစ်လွယ်သော ကာလဖြစ်ရာ ဆင်ခြင်နေထိုင်သင့်သည်။ မျက်စိနှင့် အမြင်အာရုံ ဆိုင်ရာ ရောဂါဝေဒနာများ ဖြစ်ပါခံစား ရတတ်သည်။

သစ်ဝါးကြိမ်ထည် အသုံးအဆောင် ပစ္စည်းများ အကျိုးပေး ထက်သန်မည်။ မိခင်၏ သားချင်းဆွေမျိုးများအတွင်း ဒုမင်္ဂလာ နာရေးကိစ္စ ပေါ်ပေါက်ဖွယ်ရှိသည်။

✣ မျောက်နှစ်ဖွား



နေထိုင်မှု အဆင့်အတန်း မြင့်မားသောကာလဖြစ်သည်။ ရာထူး၊ တာဝန် တိုးမြှင့်ခန့်ထားခြင်း

စာမျက်နှာ (၁၉၉) သို့



www.burmeseclassic.com

www.burmeseclassic.com

# ရဲမှုန်စသန်းမှု

ဖြစ်ရပ်ဆန်း (၁)

ဝသုန်သက်လွင်



အချိန်အားဖြင့် ည(၁၁)နာရီခွဲခန့် ရှိနေပြီ။

အင်ကြင်းတောင်တန်းရှိ ဒါနပါရမီ တောရကျောင်းကလေးသည် အုပ်ဆိုင်းနေသော သစ်ပင်ကြီးများ အောက်တွင် တိတ်ဆိတ်နေသည်။ ကျောင်းရှိ ဦးပဥ္စင်း၊ ကိုရင်များ ကျိန်းစက်နေကြချိန် ဖြစ်သည်။

တန်ဆောင်မုန်း လပြည့်ည၏ လရောင်အောက်တွင် တောင်မှမြောက်သို့ အမှတ်သတိဖြင့် လျှောက်ရင်း ပရိတ်တော်(၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်နေသူမှာ ဤကျောင်း၏ ကျောင်းထိုင်ဘုန်းကြီး **အရှင်သီလာနန္ဒ**ဖြစ်၏။

ပရိတ်တော်များဆုံးလျှင် ဆရာတော်သည် ပြုနေကျ အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့သည်။

ထိုအချိန်တွင် လောင်းကုတ်အင်္ကျီ ရှည်ကြီး ဝတ်ထားသူတစ်ဦးသည်

www.burmeseclassic.com



ကျောင်းတံခါးပေါက်ရှေ့မှ ဆရာတော်ကို ဦးချလျက် အရှေ့ဘက်ရှိ ရေစက်တောင်သို့ မျက်နှာမူကာ ထွက်သွားသည်။

ဆရာတော်သည် ထိုသူ၏ နောက်ကျောကိုသာ မြင်လိုက်ရပြီး မည်သူ မည်ဝါဟု မခွဲခြားနိုင်မီ ရိပ်ခနဲ ပျောက်ကွယ်သွားချိန် ကြက်သီးလည်း ဖြန်းခနဲ ထသွားသည်။

သို့သော် အတွေ့အကြုံရင့်ကျက်နေပြီးဖြစ်၍ စိတ်လှုပ်ရှားခြင်းမရှိခဲ့။ ထိုစဉ် ဆရာတော်သီတင်းသုံးရာ **"ဉာဏ်တော်ပွင့် ဂန္ဓကုဋီတိုက်"**မှ မွေးထားသော ကြောင်ထီးကြီးသုခ၏ ရင်ခေါင်းသံဖြင့် မာန်ဖီအော်လိုက်သံကြောင့် တောင်ဝှေးကိုင်ကာ နောက်ပြန် လှည့်လျှောက်ခဲ့သည်။

'သဗ္ဗေ သင်္ခါရာ အနိစ္စာ'

'အမျှ...အမျှ...အမျှ'

'သာဓု...သာဓု...သာဓု'

ဆိတ်ဖလူးပန်းရနံ့နှင့်အတူ ဆရာတော်၏ အေးမြသောအသံသည် လွင့်ပျံ့နေသည်။

ဂန္ဓကုဋီတိုက်သို့ ရောက်သောအခါ မီးခလုတ်ကို ဖွင့်လိုက်သည်။ ရာဇာယတန မည်တွင်ခေါ် လင်းလွန်းပင်ဘက်သို့ ပြေးထွက်သွားသော လူတစ်ယောက်၏ ခြေသံကို ကြားလိုက်ရသည်။

ညစဉ် ဘုဉ်းပေးနေကျ နန်းတွင်းဆေးဘူးကို ယူလိုက်သောအခါ ဆေးဘူးပေါ်မှ ကျည်ဖူးတစ်တောင့်ကို တအံ့တသြ တွေ့လိုက်ရသည်။

ပွိုင့်၃၀ ကာဘိုင် ကျည်ဖူးလေးတစ်ခု။

ပါဝါမျက်မှန်ကို တပ်လျက် လက်ဝါးပေါ်မှ ကျည်ဖူးလေးကို စူးစိုက်ကြည့်ရင်း နှုတ်ခမ်းများ လှုပ်သွားသည်။

'မင်းညို...ဗိုလ်မင်းညို'

'သာသနဘောင်ရောက်နေတဲ့ ကျုပ်ဆီကို တတိယအကြိမ်မြောက် အရောက်လာခဲ့သေးသကိုး'

လောင်းကွတ်အင်္ကျီရှည်ကြီး ဝတ်ထားသော အရိပ်တစ်ခု လင်းလွန်းပင်ဘက်သို့ ပြေးထွက်သွားသော ခြေသံ စားပွဲပေါ်မှ ကျည်ဖူးတစ်တောင့် ဆက်စပ်ကြည့်ရင်း ကြုံဆုံခဲ့ဖူးသော ဗိုလ်မင်းညိုဆီ စိတ်ရောက်ကာ တစ်မိုးသောက်ခဲ့ရလေပြီ။

* * *

မိုးတဖွဲဖွဲ ရွာနေသည်။

တပ်မတော်မှ အငြိမ်းစားယူခဲ့သော စစ်ပြန်ကြီးဘသက်သည် ပန်းကမ္ဘာစားသောက်ဆိုင်ထဲသို့ ဝင်ခဲ့သည်။ ညနေချမ်းရောက်လျှင် တစ်ခွက်တစ်ဖလားမော့ရန် ဆိုင်၏ ထောင့်ကျကျ စားပွဲတွင် ထိုင်လိုက်သည်။

အထာသိသည့် စားပွဲထိုးကလေး အာနီးလာချသည့် အရက်ဖြူတစ်ပိုင်းကို လစ်ပိုတစ်လုံးဖြင့် စပ်လိုက်သည်။ ဖန်ခွက်ထဲသို့ နှစ်ပက်ခန့် ထည့်ကာ မော့လိုက်သည်။

မိုးမိလာသော ကျွန်ုပ် အငွေ့ဓာတ်ရလာသည်။ အာလူးကြော်နှစ်ပြားကို ကောက်ဝါးရင်း ငှားလာသော လေရှူသုန်သုန် ဝတ္ထုစာအုပ်ကို ဖွင့်လိုက်သည်။ မာတိကာနှင့် နိဒါန်းကို ဖတ်ပြီး နောက်ထပ် နှစ်ပက် သောက်လိုက်သောအခါ ထိုင်းမှိုင်းစိတ်များ လွင့်ပျောက်သွားသည်။

ထိုစဉ် လောင်းကွတ်အင်္ကျီ အညိုရောင်ဝတ်လျက် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသော လူငယ်တစ်ဦးသည် ကျွန်ုပ်၏ စားပွဲနားတွင် လာရပ်သဖြင့် ဖတ်လက်စစာအုပ်ကို ခဏပိတ်ကာ ထိုသူကို မော့ကြည့်လိုက်သည်။

'ဆရာကြီး... ကျွန်တော့်ကို ဒီမှာ ထိုင်ခွင့်ပြုပါ'

ပြုံးရွှင်သောမျက်နှာဖြင့် ခွင့်တောင်းရာ လွတ်နေသောခုံကို ညွှန်ပြခွင့်ပြုရင်း သိကျွမ်းခြင်းမရှိသော ထိုသူငယ်ကို အကဲခတ်လိုက်သည်။

တောင့်တင်းသော ကိုယ်ခန္ဓာ မြင့်မားသော အရပ်၊ ယောက်ျားပီသစွာ ချောလှသည့်မျက်နှာ၊ စူးရှသည့် မျက်လုံးများက ဖွဲ့သတ္တိရှိကြောင်း ဖော်ပြနေသည်။

'ကျွန်တော့်ကို မမှတ်မိတော့ဘူး ထင်တယ်။ ကပါလေ ဆရာကြီးကို ညွှန်ခံရင်း ကျွန်တော် ဘယ်သူဆိုတာ မိတ်ဆက်ပါ့မယ်'

စီးကရက်တစ်လိပ်ကို ဟန်မပါ မီးညှိဖွာရင်း စားပွဲထိုးကလေးကို လှမ်းခေါ်လိုက်သည်။ ရောက်လာသော စားပွဲထိုးကလေးအာနီးကို စားသောက်ဖွယ်ရာများ မှာလိုက်သည်။

ဖန်ခွက်(၂)လုံးထဲသို့ ရမ်နှစ်ပက်စီ ထည့်ကာ ဘီယာကို ရေခဲနှင့် ရော

www.burmeseclassic.com

ပြီး တိုက်သည်။

'သောက်ပါဆရာကြီး ကြက်ကြော်လဲ မြည်းပါ'

ထိုလူငယ်နှင့်အတူ ခင်မင်မှု အထိမ်းအမှတ်ဖြင့် ပြိုင်တူသောက်လိုက်ကြသည်။ ရမ်ပုလင်းကြီး တစ်ဝက်ကျိုးနေချိန် ဘီယာခြောက်ဘူးလည်း အခွံဖြစ်နေပြီ။ ကျွန်ုပ်၏ ဝမ်းတွင်း၌ အရက်ဖြူနှင့် ရမ်သည် နပန်းလုံးနေကြသည်။

ကြက်ကြော်တစ်တုံးကို ခက်ရင်းဖြင့် ထိုးယူဝါးလိုက်သည်။ ရီဝေဝေ မျက်လုံးဖြင့် ညှော်ခံလာသူ ထိုလူငယ်ကို ရင်းနှီးဟန်ဖြင့် သူ့ပခုံးကို အသာပုတ်ကာ...

'မောင်ရင်ရဲ့ ညှော်ခံမှုကို ကျေးဇူးတင်ပါတယ်။ မင်းဘယ်သူလဲဆိုတာ မိတ်ဆက်ပါဦး'

ကျွန်ုပ်၏အမေးကြောင့် လူငယ်က နှုတ်ခမ်းတွန့်ပြုံးရင်း ချွတ်ထားသော သူ့ဦးထုပ်ကိုကောက် ဆောင်းလိုက်သည်။ ဘီယာဘူးခွံနှင့် စားပွဲကို သုံးချက်ခန့် ခေါက်လိုက်သောအခါ စားပွဲထိုး ချာတိတ်ကလေးအာနိုး ရောက်လာသည်။ ကျပ်ကိုးဆယ်တန် အသစ်စက်စက် သုံးဆယ်ရွက်ခန့်ကို ချာတိတ်ကို ပေးရင်း...

'ဒီဆရာကြီးအတွက် ရမ်တစ်လုံးနဲ့ ခေါက်ဆွဲကြော်တစ်ပွဲ ပါဆယ်ထုတ်ပေး။ ပိုငွေကို မင်းယူ'

အာနိုးကို ဘောက်ဆူးပေး၍ မတ်တတ်ရပ်လိုက်သည်။

'ကျွန်တော် ပြန်တော့မယ် ဆရာကြီး။ ကျွန်တော်ကို ဆရာကြီး တကယ်မမှတ်မိရင်တော့ မိတ်ဆက်ရမှာပေါ့။ "ကျွန်တော်မင်းညိုပါ၊ ဗိုလ်မင်းညိုလေ"၊ ရဲမွန်စခန်းမှာ ကျွန်တော်ရဲ့ နှလုံးသားတည့်တည့်ကို ဆရာကြီးကိုယ်တိုင် ကာဘိုင်နဲ့ ပစ်ခဲ့တယ်လေ၊ ဟောဒီမှာ ကျွန်တော်ဝတ်ထားတဲ့ လောင်းကွတ်ရဲ့ ဘယ်ဘက်ကိုကြည့် သွေးစွန်းနေတဲ့ အပေါက်'



ကျွန်ုပ်သည် မင်းညိုဆိုသူ၏ လောင်းကွတ်ဘယ်ဘက်ကို ကြည့်လိုက်သောအခါ အပေါက်ရာမှ သွေးများ ယိုစီးနေသည်ကို တွေ့လိုက်ရသည်။

'ဟင်'

'မအံ့ဩပါနဲ့ ဆရာကြီးရယ် ဟောဒီမှာ ဆရာကြီး ပစ်လိုက်တဲ့ ကာဘိုင် ကျည်ဖူးလေး'

သူ၏ ဘောင်းဘီ အိတ်ထဲမှ ဆွဲထုတ်ကာ ကျွန်ုပ်၏ လက်ထဲသို့ ထည့်လိုက်သောအရာကို သေချာစွာ ကြည့်လိုက်သောအခါ သွေးနှံ့ဖြင့် လိမ်းကျံနေသော ကာဘိုင်ကျည်ဖူး တစ်ခု။

'ကျုပ်ကို ခွင့်လွှတ်ပါ ဗိုလ်မင်းညို၊ ရဲမွန်စခန်းရဲ့ မှောင်မိုက်ညမှာ ကျုပ်ကိုယ်တိုင် ပစ်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ်မပစ်ခင်ကတည်းက ဖက်ဆစ်ဂျပန်တွေ လက်ချက်နဲ့ ဗိုလ်မင်းညိုသေခဲ့ပြီလေ'

ကျွန်ုပ်သည် ဖန်ခွက်ထဲရှိ လက်ကျန်အရက်ကို မော့ရင်း ပြန်ပြောလိုက်သည်။

'ဟား...ဟား...ဟား မှန်လိုက်လေ ဆရာကြီးရယ်၊ ကျွန်တော်က နှစ်ခါပြန်သေခဲ့ရတာ ဒါပေမယ့် မင်းညိုမသေပါဘူး၊ ဗိုလ်မင်းညိုမသေပါဘူး...

မသေလို့လဲ ကျွန်တော်ရဲ့ နှလုံးသားတည့်တည့်ကို ညအမှောင်မှာ ထိအောင် ပစ်နိုင်စွမ်းရှိလှတဲ့ လက်ဖြောင့်ကြီးကို ဂုဏ်ပြုချင်လို့ ပန်းကမ္ဘာစားသောက်ဆိုင်ထဲ ရောက်ခဲ့တာပေါ့။ ကဲ...ကျွန်တော် ပြန်တော့မယ်။ နန်းမွန်လဲ မျှော်လှရောပေါ့'

ဗိုလ်မင်းညို၏ ကျယ်လောင်သော ရယ်သံကြောင့် စားပွဲထိုးကလေး အာနိုးမှာလည်း ကျွန်ုပ်အတွက် ရမ်တစ်လုံးနှင့် ခေါက်ဆွဲကြော် တစ်ထုပ်ကို အပြေးအလွှား လာပို့ရင်း မနီးမဝေးမှ ကျွန်ုပ်တို့ကို ကြည့်နေသည်။ ဗိုလ်မင်းညိုသည် စီးကရက်ခဲကာ အာနိုး၏ခေါင်းကို အသာပုတ်၍ နှုတ်ဆက်ထွက်သွားသည်။ ကျွန်ုပ်မှာတော့ လက်ဝါးပေါ်မှ ကျည်ဖူးကလေးကို စူးစူးစိုက်စိုက်ကြည့်နေသည်။

အရက်ရှိန်များပြယ်၍ လက်များ တုန်နေသည်ကို သတိထားမိသည်။ စားပွဲထိုးချာတိတ်သည် ကျွန်ုပ်တို့၏ စားသောက်ထားသော ပုလင်းဖန်ခွက် စသည်တို့ကို ကောက်သိမ်းနေသည်။

'အဘနဲ့ အရက်သောက်နေတဲ့ လူချောကြီးက ဘယ်ကလဲ၊ တစ်ခါမှ ဒီဆိုင်ထဲလာတာ မတွေ့ရဘူး။ ကျွန်တော့်ဆိုင်ရှင်ကတောင် ကောင်တာမှာ ထိုင်ရင်း စာရေးဆရာစစ်ပြန်ကြီး ဒီကနေ့ ထူးထူးခြားခြား တစ်ယောက်တည်း အရက်ဘီယာတွေ၊ အမြည်းတွေ အများကြီးစားသောက်ပြီး တစ်ယောက်တည်း စကားတွေ ပြောနေတယ်လို့ ပြောသေးတယ်။

ကျွန်တော်က ဆရာ အမြင်မှားနေတာပါ။ နှစ်ယောက် ထိုင်သောက်နေတယ်လို့ ပြောပြတာတောင် မယုံဘူး။

www.burmeseclassic.com

ကျွန်တော့်ကိုတောင် ကေနီးငကြောင် တဲ့'

'ဟေ...ဒီလိုပဲပြောလား မင်းဆိုင်ရှင် လဲ ကေနီးငကြောင်၊ ငါတစ်ယောက် တည်း သောက်မသောက်၊ အရှုးလို တစ်ယောက်တည်း စကားပြောမပြော မင်းအသိပါ။ မင်းကိုတောင် ဘောက် ဆူးပေး၊ ငါ့ကိုတောင် ဟောဒီ ပုလင်းနဲ့ ခေါက်ဆွဲကြော်...'

'ကျန်ပါသေးတယ် အဘရယ် ဟောဒီက ရွှေတောင့်လေး'

'မဟုတ်ပါဘူး အာနီးရယ် ကျည်ဖူး လေးပါကွာ'

ပန်းကမ္ဘာ စားသောက်ဆိုင်၌ ကျွန်ုပ် နှင့် ဗိုလ်မင်းညို၏ တွေ့ဆုံမှုသည် အိပ်မက်မဟုတ်ပါ။ ယုံတမ်းပုံပြင် တစ်ပုဒ်လည်း မဟုတ်ပါ။

ထိုအကြောင်းကို အပေါင်းအသင်း များအား ပြောပြမိသည်။ သူတို့က ကျွန်ုပ်ကို လျှောင်ပြောင်ရယ်မော၍ ပေါက်သွားပြီဟု ပြောကြသည်။

မည်သို့ပင် ဆိုကြပါစေ။ ပန်းကမ္ဘာ စားသောက်ဆိုင်၌ ကျွန်ုပ်နှင့်အတူ ဗိုလ်မင်းညို အရက်သောက်ခဲ့၊ စကား ပြောခဲ့ကြသည်။ ကျွန်ုပ်လက်ထဲသို့ ကျည်ဖူးကလေးတစ်ခု ပေးအပ်ခဲ့ ကြောင်း စားပွဲထိုးကလေးအာနီး ကတော့ ကောင်းကောင်း မြင်တွေ့ခဲ့ပါ သည်။

အာနီးကို ပထမ မျက်မြင်သက်သေ အရာထားလျှင် ဒုတိယသက်သေမှာ ယနေ့တိုင်အောင် ကျွန်ုပ်မသောက်ဘဲ အမှတ်တရ သိမ်းဆည်းထားသည့် ရမ် တစ်ပုလင်း။ ထိုရမ်ပုလင်းကို ပန်းကမ္ဘာ စားသောက်ဆိုင်မှ ဗိုလ်မင်းညို ဝယ်ယူ ပေးခဲ့သည်။

အဘယ်ကြောင့် မသောက်ဘဲ သိမ်း ဆည်းထားခဲ့ပါသနည်း။ ရမ်ပုလင်းတွင်



ကပ်ထားသော တံဆိပ်ကြောင့်ဟု အကြောင်းပြရပေမည်။

မှန်၏။ ပန်းကမ္ဘာစားသောက်ဆိုင်မှ စက္ကူနှင့်ပတ်၍ ပေးလိုက်သော ရမ် ပုလင်းတံဆိပ်နှင့်ယခု ကျွန်ုပ်၏ လက်ဝယ်ရှိသော ရမ်ပုလင်းတံဆိပ်မှာ တစ်မူထူးခြား ကွဲလွဲနေပါသည်။

ဤသို့သော ရမ်ပုလင်းတံဆိပ်မျိုးကို မြန်မာနိုင်ငံမှာပင် မဆိုထားနှင့် မည် သည့်နိုင်ငံမှပင် ထုတ်လုပ် ဖြန့်ချိလိမ့် မည်မဟုတ်ပါ။ တံဆိပ်ကို ကြည့်စမ်းပါ။

ပွိုင့် ၃၀ ကာဘိုင် ကျည်တစ်တောင့် မှ သွေးစက်ကျနေပုံနှင့် ကျည်ဆန်ပေါ် တွင် ဗိုလ်မင်းညိုဟု အင်္ဂလိပ်လိုရေး ထားသော စာတန်းကြောင့် ဖြစ်သည်။ ပြောမယုံ ကြုံဖူးမှ သိလိမ့်မည့် ကျွန်ုပ် နှင့် ဗိုလ်မင်းညို တွေ့ဆုံခဲ့ပုံ ဇာတ်လမ်း အစကိုတော့ ပြန်ပြောင်းပြောပြချင်ပါ သည်။

*  *  *

## ရဲမွန်စခန်း

မွန်ပြည်နယ်ရှိ မော်လမြိုင်နှင့် သံဖြူ ဇရပ်–ကျိုက္ခမိသွား ကားလမ်း တစ် နေရာတွင် ရဲမွန်စခန်းဟု ယနေ့တိုင် ခေါ်ဝေါ်နေသော တပ်စခန်းတစ်ခု ရှိခဲ့ ဖူးပါသည်။

ထိုစဉ်က ကျွန်ုပ်သည် စစ်မှုထမ်း တစ်ဦးဖြစ်၍ ထိုစခန်းတွင် အကြီးအကဲ စခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်ရန် အမိန့်ကျခဲ့သည်။

ယခင်စခန်းမှူးနှင့် တာဝန်ထမ်း ဆောင်နေသော စစ်သည်နှစ်ဦးမှာ လည်း ဖျားနေသောကြောင့် ကျွန်ုပ် အပါအဝင် စစ်သည်နှစ်ဦးနှင့် စခန်းမှူး တာဝန်လွှဲပြောင်းယူရန် သွားရမည် ဖြစ်သည်။

မသွားရမီ တစ်ရက်တွင် ထိုစခန်း တွင် တာဝန်ကျခဲ့ဖူးသော စစ်ဒေ အတွေ့အကြုံရင့်သော ကျွန်ုပ်၏ ဆရာ ကြီး သူရဲကောင်းမှတ်တမ်းဝင် "ဆရာ ဘ"က ခေါ်တွေ့သည်။

ကျွန်ုပ်တပ်သားဘဝကပင် သူ့ လက်အောက်တွင်နေခဲ့ဖူးသဖြင့် ဆရာ ရင်းတပည့်ရင်းပမာ သံယောဇဉ်ရှိခဲ့ သူလည်း ဖြစ်သည်။ ကျွန်ုပ်ရာထူး အဆင့်ရရှိသည့်တိုင်အောင် ချစ်စနိုး သားကြီးဟုပင် ခေါ်ခဲ့သည်။

'သားကြီး... ရဲမွန်စခန်းရောက်ရင် အ အရာရာ သတိထား ဆောက်ရွက် လူထုနဲ့လဲ သင့်မြတ်အောင် ပေါင်း ဆက်ဆံပါ။ ဒီစခန်းမှာ တာဝန်ကျခဲ့ပြီး တံတား လုံခြုံရေးသွားရင်း ရန်သူနဲ့ တိုက် ဖြစ်လို့ ကျဆုံးခဲ့တဲ့ အကြပ်စစ်သည် ရှိခဲ့ကြတယ်။

အဲဒီအထဲက တချို့က မကျွတ်လွတ် ပတ်ဝန်းကျင်တစ်ဝိုက်မှာ နာနာဘာဝ ရှိနေကြတယ်။ ခြောက်လှန့်တယ်ဆိုပြီး ရဲဘော်တွေ မနေရဲကြဘူး။ သား မကြောက်ပါနဲ့ သူတို့ ကို မေတ္တာပို့ အထူးမှာချင်တာက ရဲဘော်တွေ တာဝန်ကျချိန် မအိပ်ပါစေနဲ့ တော့ ဘာဖြစ်မယ်ဆိုတာ သား နောက်ကျရင် သိလိမ့်မယ်။

ကဲ...သားကြီးအတွက် အခု အ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့ ကိုးလုံးပုတီး ကျောက်စိမ်းရောင်လေးနဲ့ ဂုဏ်တော်ကိုးပါး ဖုဒ္ဓိနုဿတိပွားပါ။ ဝေနေယျ သတ္တဝါတွေကို အမြဲ အမျှဝေပါ'

ကျွန်ုပ်သည် အဘဆရာကြီး၏ မှာကြားမှုကို ရိုသေစွာ နာယူ၍ ကျောက်စိမ်းပုတီးကို လက်ကိုင်ပဝါဖြင့် ထုပ်ကာ အိတ်ထဲထည့်ပြီး ဆရာကြီးကို ကန်တော့လိုက်ပါသည်။

နောက်နေ့ နေ့လယ်ဘက်တွင် ရဲမွန်စခန်းသို့ ကျွန်ုပ်တို့ ရောက်ရှိသည်။ စခန်းမှူးတပ်ကြပ်ကြီး မြတ်ကျော်နှင့် တာဝန်လွှဲပြောင်းယူသည်။

ကျွန်ုပ်သည် စခန်းရှိ စစ်သည်များနှင့် တွေ့ဆုံ၍ လိုက်နာရမည့် စစ်စည်းကမ်း၊ ကိုယ်စီတာဝန်များကို စီစဉ်ညွှန်ကြားလိုက်သည်။

ထို့နောက် နယ်မြေစိုးမိုး ပိုင်နင်းမှုရှိစေရန် စခန်း၏ ကိုက်သုံးရာ ပတ်ဝန်းကျင်တစ်ဝိုက်ကို ရှင်းလင်းလေ့လာမှတ်သားထားလိုက်သည်။

တစ်ဆက်တည်းမှာပင် စခန်းနှင့် အတော်အသင့်ဝေးသော ရဲမွန်ရွာတွင်းသို့ဝင်ကာ ကျေးရွာကောင်စီ ဥက္ကဋ္ဌ နိုင်ထော်ရိုးနှင့် ရွာလူကြီးများကို တွေ့ဆုံကာ ပြန်ခဲ့သည်။

ရဲမွန်စခန်းသို့ ကျွန်ုပ်ရောက်ရှိပြီး တစ်ပတ်ခန့်အကြာတွင် မိခင်တပ်ရင်းမှ ရန်သူ့သတင်းနှင့်ပတ်သက်၍ ညွှန်ကြားချက်တစ်စောင် ရောက်လာသည်။

(...)အဖွဲ့မှဟု ယူဆရသော သောင်းကျန်းသူတစ်ဖွဲ့သည် မော်လမြိုင် သံဖြူဇရပ်သို့ ဖြတ်သန်းရာ ကားလမ်းရှိ ရဲမွန်တံတားကို မိုင်းခွဲရန်၊ ရဲမွန်စခန်းကိုလည်း အလစ်ဝင်ရောက် တိုက်ခိုက်နိုင်ခြေရှိသောကြောင့်...

အသင့်အနေအထားဖြင့် စနစ်တကျကင်းချထားရန် လမ်းကင်း၊ တိုက်ကင်း



နှင့် ကင်းပုန်းဝပ်ခြင်းများ ပြုလုပ်မြဲပြုလုပ်ရန်၊ တံတားကို အထူးစောင့်ကြည့်ရန်၊ ရန်သူ့သတင်းကို ကွင်းဆက်မပြတ် စုံစမ်းထောက်လှမ်းရန် စစ်သည်သုံးဦးကိုလည်း အင်အားဖြည့် ထပ်မံစေလွှတ်လိုက်သည်။

ခရီးသွားပြည်သူများ ဘေးရန်ကင်းရေး၊ တံတားဖျက်ဆီး မခံရရေး၊ စခန်းမကျဆုံးရရေးအတွက် စီမံချက်ရေးဆွဲပြီး ရဲဘော်များကို သတိရှိစေရန် (Standby)အသင့်ရှိရေး ညွှန်ကြားပြီး...

ကျွန်ုပ်ကိုယ်တိုင်လည်း နေ့ညမအားစခန်းခြံစည်းရိုးများ ကာရံခြင်း၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ခိုင်မာအောင်ဆောင်ရွက်ထားလိုက်သည်။

မှတ်မှတ်ရရ **၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်ည။**

ထိုနေ့ မိုးချုပ်ခါနီး ညနေဘက်တွင် လူယုံတော်ရွာသားတစ်ဦးမှ တောထဲသို့ သစ်ဝါးသွားခုတ်စဉ် သောင်းကျန်းသူ(၁၀)ဦးခန့်ကို လက်နက်ကိုယ်စီဖြင့် တွေ့မြင်ခဲ့ရကြောင်း၊ ယင်းတို့သည် တောင်ခြေ၌ ထမင်းစားနေကြောင်း သတင်းပေးလာသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် စခန်းရှိစစ်သည်များ ညဘက် အိပ်မငိုက်စေရန် (ExtrerTea)အပိုဆောင်း လက်ဖက်ရည်ကို ခပ်ကျကျ ဖျော်နိုင်း၍ အားလုံးကို သောက်စေခဲ့သည်။

စခန်းတွင်း၌ ဆေးလိပ်မီးပင် မမြင့်အောင် အမှောင်ချပြီး လက်နက်ကိုယ်စီကိုင်ဆောင်ကာ နှစ်ယောက်တွဲကင်း နှစ်ကင်းကို ချထားလိုက်သည်။

အကြောင်းထူးလျှင် ကျွန်ုပ်ကို အမြန်သတင်းပို့ရန်၊ ရန်သူဘက်မှ စတင် ပစ်ခတ်လာခြင်းမရှိက ကျွန်ုပ်၏ ပစ်မိန့်မရဘဲ မည်သူမှ စတင်ပစ်ခတ်ခြင်း မပြုရန် မှာကြားပြီး ဂုဏ်တော်ပုတီးစိပ်နေပါသည်။

ထိုည(၁)နာရီခန့်တွင် စခန်းနှင့် ကိုက်(၂၀၀)ခန့်မှ လှုပ်ရှားလာနေသော အသံများကို ကြားရကြောင်း၊ ကင်းသမားရဲဘော်တစ်ဦး လာရောက်သတင်းပို့သဖြင့် စခန်း၏ အရှေ့ဘက် ကင်းကတုတ်ကို ကျွန်ုပ်သွားကြည့်သည်။

ရော်ဘာပင်များ ထူပြောအုပ်ဆိုင်းနေသဖြင့် မှောင်နေသော်လည်း လဆုတ်ည၏ ညဥ့်နက်နက်မှာ ထွက်လာသော လရောင်မှုန်ဝါးဝါးဖြင့် ကျွန်ုပ်စူးစိုက်ကြည့်လိုက်သည်။

လူတစ်ယောက်ဟု ထင်မြင်ယူဆရသောအရာတစ်ခုသည် ကျွန်ုပ်တို့၏ စခန်းသို့ ဦးတည် ရွေ့လျားလာနေသည်။ စခန်းနှင့် ကိုက်(၁၀၀)ခန့်

ရှေ့လ ဆက်ဖတ်ပါရန်

**ဝသုန်သက်လှ**



www.burmeseclassic.com

www.burmeseclassic.com

# အနုလုံ ပဋိလုံ သရဏဂုံအစွမ်း



အုံ့မခန်း

၂၀၁၄ ခုနှစ်၊ ဖွန်လတွင် မင်းလှမြို့ တောင်ဘက် သာယာမြို့သစ် (၁၀) လမ်းတွင် နေထိုင်သော R.T.C ကြီးကြပ်ရေးမှူးအငြိမ်းစားဦးဝင်းမောင် နေအိမ်သို့ ကိစ္စတစ်ခုကြောင့် စာရေးသူ ရောက်ရှိခဲ့ပါသည်။

အဘ ဦးဝင်းမောင်သည် အသက် (၈၀)ခန့် ရှိပြီဖြစ်သော်လည်း မျက်စိ၊ နား ကောင်းသည်။ ကျန်းမာရေး ကောင်းသည်။

စာရေးသူအား ဧည့်ခန်းတွင် နေရာပေးပြီး...

'ကဲ လူလေး အဘဆီကို လာရင်း ကိစ္စ ပြောပါဦး'

ဟု အဘ ဦးဝင်းမောင်က ပြောလိုက်ရာ...

စာရေးသူက...

'ဟိုတလောက ကလေးမလေးတစ်ယောက် ငါးအရိုးမျက်တာ အဘ မန်းပေးလိုက်တဲ့အတွက် ပျောက်ကင်း သက်သာသွားတယ်လို့ ကြားရပါတယ်။

မြို့ထဲမှာလဲ "ငါးရိုးမျက်ရောဂါ ဦးဝင်းမောင်ဆီရောက် ပျောက်"လို့ ပြောဆိုသံတွေလဲ ကြားရပါတယ် အဘ။

ဒါကြောင့် ကျွန်တော်က ဒီလောက် အစွမ်းထက်မြက်တဲ့မန္တန်ကို အများအကျိုးရှိအောင် ဆောင်းပါးရေးပြီး မဂ္ဂဇင်းမှာ ထည့်ချင်လို့ပါ အဘ'

ဟု ပြောပြလိုက်ပါသည်။

အဘ ဦးဝင်းမောင်က ဝမ်းသာအားရနှင့်...

'ကဲ လူလေး ဘောလ်ပင်နဲ့စာအုပ်ကိုထုတ်ပါ။ အဘပြောပြမယ်မှတ်တမ်းပြုပါ။

အဘ ငယ်ငယ်တုန်းက ဘုန်းတော်ကြီးကျောင်းမှာ ပညာသင်ယူခဲ့ရတယ်။ အဘတို့ကို စာသင်ပေးတဲ့ ဆရာတော် ဦးဇာဂရဟာ စားသောက်ဖွယ်ရာ တစ်ခုခုကို သုံးဆောင်တော့မယ်ဆိုရင်...

'ဗြောင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။

ဗြောင်း ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဓမ္မံ။

ဗြောင်း သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ သံဃံ'

သရဏဂုံ(၃)ပါးကို အနုလုံ ပဋိလုံ ရွတ်ဖတ်ပြီးမှ သုံးဆောင်တယ်။

အဘတို့ ကျောင်းသားတွေကိုလဲ သရဏဂုံ(၃)ပါးကို အနုလုံ ပဋိလုံရွတ်ဖတ်ပြီးမှ စားသောက်ဖွယ်ရာများကို စားသောက်စေတယ်။

ငယ်စဉ်တုန်းကတော့ ဆရာတော်ကြီးကို ကြောက်လို့သာ ရွတ်ဖတ်ခဲ့ရတယ်။ သရဏဂုံ(၃)ပါးကို ဘာဖြစ်လို့ အသွားအပြန် ရွတ်ရတယ်ဆိုတာ အဘတို့ တိတိကျကျ မသိခဲ့ရဘူး။

တစ်နေ့မှာ အဘရဲ့အစ်မကြီး ဒေါ်သန်းဝင်းက ငါးအရိုးမျက်လို့ ဆရာတော်ထံ လျှောက်ထားရာ ဆရာတော်ကြီးက အဘကိုခေါ်ပြီး...

"ဟေ့ မောင်ဝင်းမောင် မင်းရဲ့အစ်မကို ငါးအရိုးမျက်ရောဂါ သက်သာအောင် မန်းပေးလိုက်"

လို မိန့်ကြားပါတယ်။ အဘက...

"ဆရာတော်ကြီး တပည့်တော် မမန်းတတ်ပါ ဘုရား"

လို့ လျှောက်ထားတော့...

"ဟေ့ မင်းတို့ နေ့စဉ် စားသောက်ဖွယ်ရာများကို စားသောက်ခါနီးမှာ ရွတ်ဖတ်တဲ့ သရဏဂုံ(၃)ပါးနဲ့ ငါးအရိုးမျက်တဲ့နေရာကို လက်ခလယ်နဲ့ထောက်ပြီး (၉)ခေါက် အနုလုံ ပဋိလုံရွတ်ပြီး မန်းပေးလိုက်"

ဆရာတော်က မိန့်ကြားပါတယ်။ အဘလဲ ဆရာတော်ကြီး မိန့်ကြားတဲ့အတိုင်း အစ်မကြီး ဒေါ်သန်းဝင်းကို မန်းပေးလိုက်တယ်။ နာရီဝက်မျှအကြာမှာ အစ်မကြီး ငါးအရိုးမျက်တာ သက်သာသွားတယ်။

အဲဒီနေ့ကပင် အဘလဲ သရဏဂုံ (၃)ပါး အနုလုံ ပဋိလုံ အစွမ်း ထက်မြက်ခြင်းကို သိရှိခဲ့ရတယ်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝကပင် ယခုအချိန်ထိ ဘာကိုပဲ စားသောက် စားသောက် သရဏဂုံ(၃)ပါးကို အနုလုံ ပဋိလုံ ရွတ်ဖတ်ပြီးမှ စားသောက်ပါတယ်။

အခြားသူများလဲ စားသောက်ခြင်းကြောင့် ငါးအရိုးမျက်ရောဂါဖြစ်ရင် အဘမန်းပေးပါတယ်'

စာရေးသူမှ...

'ခုလို စိတ်ရှည်လက်ရှည် ရှင်းပြပေးတဲ့အတွက် အဘကို အထူးကျေးဇူးတင်ပါတယ်'

ဟု ပြောပြီး ပြန်လာခဲ့ပါသည်။

စာရှုသူများလည်း အကြောင်းကိစ္စရှိလျှင် အသုံးပြုနိုင်ကြစေရန် ရေးသားဖော်ပြလိုက်ပါသည်။

**[သာယာမြို့သစ် (၁၀)လမ်းမှ အဘဦးဝင်းမောင်အား ကျေးဇူးတင်ပါသည်။]**

**ဗိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် ဘုန်းနိုင်

# နေသင့်သော အရပ်ဒေသ

ကျွန်တော်တို့လို ဝန်ထမ်းဘဝမှာ နေရာဒေသ၊ မြို့အမျိုးမျိုးကိုပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ကြရသည်။ တာဝန်အရ ပြောင်းရွှေ့ကြရသလို **"တစ်ရွာမပြောင်း သူကောင်းမဖြစ်"** ဆိုသော စကားပုံအရ ရေကြည်ရာ မြက်နုရာအလုပ်နှင့် စီးပွားရေး အဆင်ပြေသော နေရာဒေသများသို့ ပြောင်းရွှေ့ နေထိုင်ကြရသည်လည်း ရှိတတ်၏။

တစ်ချို့သော ဝန်ထမ်းများသည် အဆင်ပြေသော နေရာဒေသမြို့များ တွင် အပြီးအပိုင် အခြေချနေထိုင်ကြ သည်ကိုလည်း ကြုံတွေ့ဖူးပါသည်။

ကျွန်တော်သည် စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးခရိုင်မင်းကင်းမြို့နယ် တွင် စာရင်းစစ်ဝန်ထမ်းအဖြစ် သုံးနှစ် တိတိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ တာဝန်ထမ်းဆောင်ချိန် ပြီးဆုံး၍ ရန်ကုန် မြို့ရှိ ရုံးချုပ်သို့ ပြန်လည်ရောက်ခါစ အချိန်တွင် ဆရာကြီး ဦးဆန်နီနေအိမ် သို့ ရောက်လာ၏။ ဆရာကြီးက...

'မင်းကင်းမှာနေရတာ အဆင်ပြေ တယ် မဟုတ်လား'

ဟု မေးပါသည်။ ကျွန်တော်က...

'အဆင်ပြေပါတယ်။ မင်းကင်းမှာ ရှိတုန်းက မဟာမြိုင်တောထဲမှ ရှေး ဟောင်းဘုရားတစ်ဆူနဲ့ ရေဆန်သစ် ဘုရားတစ်ဆူ ပူဇော်ဖို့ ရလိုက်တယ်။ ရှေးဟောင်းစေတီပျက်တွေကို ပြုပြင် ပေးလိုက်တယ်။ မိုးကုတ်ဝိပဿနာ တရားစခန်းတွေကိုလဲ ဝင်ဖြစ်တယ်။ အစားအသောက်လဲ ပေါများပြီး အိန္ဒိယကပစ္စည်းတွေ အလျှံပယ် ဝင်လာ တဲ့အတွက် လူသုံးကုန် ပစ္စည်းအမျိုး စုံကိုလဲ ပေါပေါများများ သုံးခဲ့ရတယ်'

လို့ ပြောပြသောအခါ ဆရာကြီး က...

'အေးလေ စနေသားအတွက် နေသင့်တဲ့အရပ်က လောကီကျမ်းအရ **"စနေသားတို့၊ နေရပ်မြို့၊ ပင်ကြို့၊ ရွှေသောင်ရွာ၊ နံသင့်အရနေထိုင်ကြ၊ သုခကြီးကျယ်ရာ"**လို့ ဆိုထားတာ ရှိတယ်။ **"ပင်ကြို့"**လို့ စာဆိုရှိတဲ့ အတိုင်း မင်းကင်းမြို့ဟာ စနေသားတို့ နေထိုင်သင့်တဲ့မြို့ ဖြစ်တယ်လေ'

ဟု ပြောပြီး ချမ်းသာသုခရရှိအောင် နေထိုင်သင့်တဲ့ မြို့များအကြောင်းကို ရှင်းပြပါသည်။ စာဖတ်သူများ ရှင်း လင်းစွာ သိရှိနိုင်ရန်အတွက် ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

* * *

| နေ့သား | နေသင့်သောဒေသ | | နေသင့်သောဒေသ | |
|---|---|---|---|---|
| | အရင်း | အဖျား | အရင်း | အဖျား |
| တနင်္ဂနွေ | သောကြာ | အင်္ဂါ | ကြာသပတေး | ဗုဒ္ဓဟူး |
| တနင်္လာ | စနေ | ဗုဒ္ဓဟူး | သောကြာ | ကြာသပတေး |
| အင်္ဂါ | တနင်္ဂနွေ | ကြာသပတေး | စနေ | သောကြာ |
| ဗုဒ္ဓဟူး | တနင်္လာ | သောကြာ | တနင်္ဂနွေ | စနေ |
| ကြာသပတေး | အင်္ဂါ | စနေ | တနင်္လာ | တနင်္ဂနွေ |
| သောကြာ | ဗုဒ္ဓဟူး | တနင်္ဂနွေ | အင်္ဂါ | တနင်္လာ |
| စနေ | ကြာသပတေး | တနင်္လာ | ဗုဒ္ဓဟူး | အင်္ဂါ |

www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသား ဖြစ်ပါက** သာစည်နှင့် မုံရွာစသည့်မြို့များ၊ **တနင်္လာသား ဖြစ်ပါက** ဒလနှင့်ဟိုပန်မြို့များ၊ **အင်္ဂါသားဖြစ်ပါက** အုတ်ဖို စသည့် မြို့များ၊ **ဗုဒ္ဓဟူးသားဖြစ်ပါက** ကော့သောင်းနှင့် အုတ်တွင်းမြို့များ၊ **ကြာသပတေးသားဖြစ်ပါက** စစ်တွေနှင့် ခင်ဦးမြို့များ၊ **သောကြာသားဖြစ်ပါက** ရေဦးနှင့် စစ်ကိုင်း စသည့်မြို့များတွင် နေထိုင်သင့်ပါသည်။

စနေသားဖြစ်၍ အရင်းမှာ ကြာသပတေးနံ၊ အဖျားမှာ တနင်္လာနံဖြစ်သည့် မင်းကင်းမြို့နယ်သည် နေထိုင်သင့်သော နေရာဒေသဟု ဆိုရခြင်း ဖြစ်ပါသည်။

ရုံးချုပ်တွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန္နီမြို့သို့ ရာထူးတိုးမြှင့်၍ ပြောင်းရွှေ့မိန့် ကျလာပြန်ပါသည်။ ပြောင်းရွှေ့ရန် စီစဉ်နေဆဲအချိန်တွင် ဆရာကြီးက လာရောက်နှုတ်ဆက်ကာ...

'ငါ့တပည့်ကြီးက နေရာဒေသကောင်းတွေကိုပဲ ရောက်နေတာပါလား၊ အဲဒါ ဘုရား တံရားလုပ်တဲ့ အကျိုးတွေပေါ့'

ဟု ပြောလာရာ ကျွန်တော်က...

'သိန္နီမြို့က စာဆိုအရ နေသင့်တဲ့ဒေသထဲ မပါဘူးဆရာကြီး ကောင်းတယ်လို့ ဘယ်လို ပြောရမှာလဲ'

ဟု ပြန်ပြောသောအခါ ဆရာကြီးက ရယ်မောပြီး...

'ဟ ငါ့တပည့်ရ မှတ်ထား၊ "ရွှေတိဂုံနှင့် ကျိုက်ထီးရိုး"က ကက်ကင်းကျတယ်။ အဲဒီဘုရားနှစ်ဆူကို အတူတကွ ပူဇော်ထားရင် စီးပွားဖြစ်တယ်။ "တင်သန်း"နဲ့ "သိန္နီ" ကလဲ ကက်ကင်းပဲလေကွာ၊ အဲဒီမှာနေရင် စီးပွားတက်မှာ အသေအချာပဲပေါ့'

ဆရာကြီးရှင်းပြတော့မှ စနေနဲ့ * * *

| နေ့သား | နံထပ်မြို့ | နံထပ်မြို့ |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | ဗုဒ္ဓဟူး |
| တနင်္လာ | ဗုဒ္ဓဟူး | ကြာသပတေး |
| အင်္ဂါ | ကြာသပတေး | သောကြာ |
| ဗုဒ္ဓဟူး | သောကြာ | စနေ |
| ကြာသပတေး | စနေ | တနင်္ဂနွေ |
| သောကြာ | တနင်္ဂနွေ | တနင်္လာ |
| စနေ | တနင်္လာ | အင်္ဂါ |

သောကြာနံဟာ သောကြာနဲ့ စနေနံတို့နှင့် ကက်ကင်းဖြစ်နေသည်ကို သတိထားမိတော့သည်။ ကက်ကင်းကျသည့်အတိုင်း သိန္နီမြို့တွင် အားလုံး အဆင်ပြေစွာ နေထိုင်ခဲ့ရပါသည်။ သာဓကအားဖြင့် ခင်ထွန်းနှင့် တောင်ကြီးမြို့၊ လွင်ဦးနှင့် အောင်လံမြို့၊ လှမြင့်နှင့် မုံရွာမြို့တို့မှာ ကက်ကင်းများဖြစ်ပါသည်။ ကက်ကင်းဖြစ်ပါက စီးပွားတက်သည်ဟု အဆိုရှိ၏။

တစ်နေ့တွင် သူငယ်ချင်းဖြစ်သူကိုကျော်ဝင်းသည် နေအိမ်ကိုရောင်းချပြီး ခွေမျိုးများရှိရာ မှော်ဘီမြို့တွင် သွားရောက်အခြေချ နေထိုင်ရန် စီစဉ်ပါသည်။ ဆရာကြီးနှင့်တွေ့သောအခါ ဆရာကြီးက မှော်ဘီတွင် မနေရန်တားပါသည်။

လောကီကျမ်းအရ တနင်္လာသားတို့သည် ကြာသပတေးနံထပ်သော မြင်းမူ၊ မြောင်းမြ၊ မှော်ဘီစသည့်မြို့များတွင် မနေအပ်ဟု ဆိုပါသည်။ ယင်းနောက် မနေသင့်သောမြို့ ဒေသများအကြောင်း ရှင်းပြလာသဖြင့် အလွယ်တကူသိရှိနိုင်ရန် ဇယားဖြင့်ဖော်ပြထားပါသည်။

**တနင်္ဂနွေနှင့် တနင်္လာသားတို့**သည် ဗုဒ္ဓဟူးနံထပ်သော လားရှိုး လောင်းလုံ၊ လွယ်လင်စသည့်မြို့များ **တနင်္လာနှင့် အင်္ဂါသားတို့**သည် မြင်းမူ မှော်ဘီ၊ မြောင်းမြစသည့်မြို့များ **အင်္ဂါနှင့် ဗုဒ္ဓဟူးသားတို့**သည် ဟဲဟိုး စသည့်မြို့များ၊ **ဗုဒ္ဓဟူးနှင့် ကြာသပတေးသားတို့**သည် တွံတေး၊ တီးတိန် စသည့်မြို့များ၊ **သောကြာနှင့်စနေသား**တို့သည် ကွတ်ခိုင်၊ ကျွဲကူး စသည့် နံထပ်သည့်မြို့များကို ရှောင်ရပါမည်။ **တနင်္ဂနွေသားတို့**သည် အင်္ဂါနံနှင့် ဗုဒ္ဓဟူးနံထပ်သောမြို့တွင် မနေအပ်ပေ။

အထက်ဖော်ပြပါ နေ့သားများသည် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုပြီး နံထပ်သော အဆိုပါမြို့များသို့ ပြောင်းရွှေ့နေထိုင်မိပါက "သေချင်တဲ့ကျား တောပြောင်း" ဆိုသော စကားအရ အန္တရာယ်များ၍ သောကရောက်တတ်ကြောင်း ဖော်ပြလိုက်ပါသည်။

**တက္ကသိုလ် အပန်းယ်**


www.burmeseclassic.com

www.burmeseclassic.com

# ဘယ်အလုပ်မျိုးနဲ့

အကျိုးပေး စီးပွားဖြစ်နိုင်မလဲ


သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


မွန်ပြည်နယ်ဇာတိ **အသက် (၅၀) ခန့်ကျော်အမျိုးသားတစ်ဦးက** ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင် ဟောခန်းမှာလာရောက်တွေ့ဆုံပြီး အကျိုးပေး စီးပွားဖြစ်နိုင်တဲ့အလုပ်ကို မေးမြန်းပါတယ်။

သူ့လက္ခဏာကို စစ်ဆေး ကြည့်လိုက်တာလမ်းကြောင်းတွေတော်တော်ရှုပ်နေတယ်။ ဒါဟာ ပျော်ပျော်ရွှင်ရွှင်နေထိုင် လုပ်ကိုင်ပြောဆိုတတ်ပြီး စိုးရိမ် သောကပူပန်မှုတွေ ခေါင်းထဲမှာမထားတတ်တဲ့ ပင်ကိုဗီဇမျိုးပါပဲ။

လက်ခလယ်ထိပ်မှ အခြေအထိ (၈)စင်တီမီတာခန့်သာရှိပြီး လက်ခလယ်အခြေမှ လက်ဖနောင့်အဆုံးထိ (၁၁)စင်တီမီတာခန့်ရှိလို့ ကွာခြားချက် (၃)စင်တီမီတာခန့်ဖြစ်ပါတယ်။

တေဇောလက် အမျိုးအစားဖြစ်လို့ လှုပ်ရှားတတ်ကြွ ပင်ကိုဗီဇရှိတယ်။ ငြိမ်ပြီးလုပ်ရတဲ့ အလုပ်မျိုးထက် သွားလာလှုပ်ရှား လုပ်ကိုင်စွန့်စားရတဲ့ အလုပ်မျိုးကို ပိုပြီး ဝါသနာပါတယ်။

ထူးခြားတာကတော့ နှလုံးလမ်းနဲ့






www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းလမ်း ထိတွေ့ပြီး လက်ပြတ်သင်္ကေတနီးပါး ဖြစ်နေခြင်းပါပဲ။

**"က" အကွရာ**

* * *




"ဒီလက္ခဏာ သင်္ကေတမျိုး ရှိသူတွေဟာ တွင်ခုံလုပ်ငန်း၊ ထံရှေ့လုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ မော်တော်ကား၊ လေယာဉ်၊ သင်္ဘော၊ မော်တော်၊ စက်လှေလုပ်ငန်းမျိုးတွေ လုပ်ကိုင်ရလေ့ရှိတယ်။

ဒီလူတွေဟာ ငယ်စဉ်ကတည်းက စက်မှု စက်ပြင် ဝါသနာပါတတ်တယ်။

လှုပ်လှုပ်ရှားရှား သွားလာလုပ်ကိုင်ချင်တဲ့ ပင်ကိုဗီဇနဲ့ စက်မှုစက်ပြင် ဝါသနာတို့ကို ပေါင်းစပ်ကြည့်လိုက်တော့ ယာဉ်မောင်းလုပ်ငန်းကသာ အကျိုးပေး စီးပွားဖြစ်နိုင်မယ်လို့ အဖြေထွက်ပါတယ်။

လက်သန်းနဲ့ လက်သူကြွယ်ကြားမှာ ကြိုးဖွဲ့သင်္ကေတကြီး ထင်ရှား တွေ့ရတယ်။ **"ခ" အကွရာ**

* * *





ဒီသင်္ကေတဟာ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှုကြောင့် အောင်မြင်တိုးတက်စီးပွားဖြစ်ထွန်းသူများမှာ တွေ့ရှိရတတ်တယ်။

လက်ဖဝါးစောင်းဟာ အပြင်ဘက်ကို စွန်းထွက်ဖောင်းကြွနေတယ်။

**"ဂ" အကွရာ**

* * *





ဒီသင်္ကေတကို လုံ့လဝီရိယ ကြီးသူတွေမှာ ပိုပြီး တွေ့ရှိရတတ်တယ်။

အသက်လမ်းကြောင်း အတွင်းဘက်မှာ အရံအသက်လမ်းကြောင်းတို့ တစ်ကြောင်း ထင်ရှားရှိနေတယ်။

**"ဃ" အကွရာ**

* * *




ဒီသင်္ကေတရှိသူများဟာ အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြတယ်။ သန်စွမ်းတယ်။ မတော်တဆ ဘေးဥပဒ်တွေနဲ့ အညှိအပျက်တွေကို ကာကွယ်ပေးတတ်တဲ့ သင်္ကေတဖြစ်တယ်။

ဒါကြောင့် ကိုယ်ပိုင်မော်တော်ကား လုပ်ငန်း တည်ထောင်ဖို့ အကြံပေးလိုက်ပါတယ်။

လက်ရှိမှာတော့ ဒီလက္ခဏာရှင်ဟာ ယာဉ်မောင်းဝန်ထမ်းဖြစ်ကြောင်း သိရှိရတယ်။

**စာဖတ်ပရိသတ်များ လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမျက်နှာ (၂၀၄)မှ အဆက်**

မယ်။

အဲဒီလိုပဲ နှင်းကြမ်းအစီအရင် ဆောင်ရွက်နေစဉ်မှာလဲ အလားတူ ဆုတောင်းရွတ်ဆိုရမယ်။ နေ့သား အလိုက် သတ်မှတ် အချက်ရေ နှင်းပြီး ရင် သက်ဆိုင်ရာပုဂ္ဂိုလ်များကို မေတ္တာ ပို့ဖို့နဲ့ စောင့်ရှောက်ကူညီကြရန် ပန်ကြားဖို့ကိုလဲ မမေ့ရဘူးကွယ့်။ ကဲ... ဘာများ သိချင်ကြသေးလဲ၊ မရှင်းတာ ရှိရင် မေးကြ'

ဦးလေးက အဆုံးသတ်မှာ ကျူရှင်ဆရာလေသံနှင့် စတစ်ကော်လံလေးကို ဟန်ပါပါ လက်နှစ်ဖက်နှင့် မြှောက်ပြရင်း ပြောလိုက်သဖြင့် အားလုံး ရယ်မောရပါသေးတော့သည်။

'လုပ်ကိုင်ဆောင်ရွက်ရမယ့် အနေအထားတွေတော့ ရှင်းသင့်သလောက် ရှင်းပါပြီ ဦးလေးရယ်။ ဒါပေမယ့် ပိုမို ရှင်းလင်း နားလည်နိုင်အောင် အရင် တစ်ခါလိုပဲ နေ့သားအလိုက် နှင်းကြမ်း ပြုရမယ့် ကြိုရန်းနှစ်ထပ်၊ စတုရန်း နှစ်ထပ် ရွက်၊ ခက်၊ သီး၊ ဥတို့ကိုလဲ ဖော်ပြပြီး...

နှင်းရမယ့် အချက်အရေအတွက်များကိုလဲ ဇယားလေးချ ရှင်းပြပေးရင် အကောင်းဆုံးဖြစ်မှာပါ ဦးလေးရာ'

ဟု ကျွန်တော်က ပန်ကြားတော့...

'အေးပါ... မောင်မောင်ပျင်းတို့ရယ် အဆင်သင့် ခူးခပ်စားနိုင်အောင် ကျွန်တော်မျိုးက ထမင်းပွဲပြင်ပေးပါ မယ် ခင်ဗျာ'

ဟု ဦးလေးနန္ဒက အငေါ်တူးရင်း **"အောင်ကြောင်းဝေလွှင် နှင်းကြမ်းအစီအရင်"** ကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတော့သည်။

***

**အုံကြွယ်**





www.burmeseclassic.com

www.burmeseclassic.com



အောင်ကြောင်းဝေလွင်

# နှင်းကြမ်း အစီအရင်

အံ့ကြွယ်

ယခုနှစ် နွေရာသီ၏ အပူချိန်မှာ အခါတိုင်းနှစ်များနှင့်မတူ ထူးကဲစွာ မြင့်မားလှသည်။ စုပေါင်းရဟန်းခံ၊ ရှင်ပြုပွဲသို့ လာရောက်ရန် အပေါင်းအသင်းများ၏ ဖိတ်ကြားချက်အရ ကယားပြည်နယ်၊ ဖားဆောင်းမြို့လေးသို့ ၂၀၁၄ ခုနှစ်၊ မတ်လဆန်းမှာ ရောက်ခဲ့ရပြန်သည်။

ကယားပြည်နယ်မှာ တောင်ပေါ်ဒေသဖြစ်၍ ယခုလို နွေရာသီတွင် ပင်လယ်ရေမျက်နှာပြင် အထက်ပေ (၃၀၀၀)ခန့်ရှိသည့် လွိုင်ကော်၊ ဒီမောဆိုး၊ ဖရူဆိုမြို့များမှာ အမြင့်ပိုင်းအရပ်များဖြစ်၍ ရာသီဥတု သင့်တင့်မျှတ နေထိုင်ရ ကောင်းမွန်လှပါသည်။

သို့သော် အနိမ့်ပိုင်းဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေ (၅၀၀)ခန့်သာမြင့်လျက် ဘေးပတ်ပတ်လည် တောင်တန်းများ၏ကြား၊ ဒယ်အိုးဖင် အခွက်သဏ္ဍာန်ရှိနေသည့် ဖားဆောင်းမြို့မှာမူ အညာမြေလတ်ဒေသနှင့် မခြား ပူပြင်းလှသည်။

အပူဒဏ်ကို ကာကွယ်နိုင်ရန် အတွက် ဝါသနာအရ ဥယျာဉ်ခြံကို စိုက်ပျိုးထူထောင်နေသည့် ကွက်သစ်ရပ်မှာရှိသော ဦးလေးဦးနန္ဒ၏ ခြံမှာ ကျွန်တော်တို့အဖွဲ့ အိုအေစစ်လေးသဖွယ် အရိပ်ခိုနားနေရန် အလွန်ကောင်းသည့် နေရာလေးဖြစ်ပါသည်။

မန်ကျည်းပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် အရိပ်ခိုနားရင်း ဦးလေးနန္ဒ၏ လက်ဖက်ခြောက် ကောင်းကောင်းကို မီးကျိုးနှင့်သင်း၍ နှမ်းလှော်လေးပါ ထည့်ခတ်ထားသည့် ရေနွေးကြမ်းမွှေးမွှေးလေးနှင့် နှမ်းဆီရွှဲရွှဲဆမ်းထားသည့် လက်ဖက်သုပ်လေးမှာ အပူဒဏ်ကို မေ့လျော့စေခဲ့ပါသည်။

ရေနွေးကြမ်းကိုသောက်၊ လက်ဖက်သုပ်ကိုစားရင်း ဦးနန္ဒ၏ ဗေဒင်၊ ယတြာ လောကီရေးရာများကို ကြားနာရသည်မှာလည်း မှတ်၍မကုန်၊ ယူ၍ မခန်း တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်ရပါတော့သည်။

ယနေ့လည်း နေမထွက်ခင်ကပင် ဦးလေးနန္ဒ၏ အိုအေစစ်ခြံလေးဆီသို့ အပေါင်းအသင်းစုံစွာ ရောက်ရှိခဲ့ကြပါသည်။

ကိုဝင်းဖေက ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြီး...

'ဦးလေးရာ... ဦးလေးရေးပေးလိုက်တဲ့ **"ပဥ္စကိုဆောင်၊ ဆကိုစား၊ ပြောလေ ဆုံးမစကား"** ဆိုတဲ့အတိုင်း လိုက်နာကျင့်သုံးလိုက်တာ ကျွန်တော့်သား ငပေငတေကောင် အခုတော့ အပိုးကို ကျိုးလို့၊ ပြောစကားလဲ နားထောင်ပြီး လူကြီးသူမတွေအပေါ် ရိုရို ကျိုးကျိုးနဲ့ လိမ္မာရေးခြားရှိလာလို့ ကျွန်တော်တို့အားလုံး ဝမ်းသာကြည်နူးဖြစ်ကြရပါတယ်။ ဦးလေးကိုလဲ ကျေးဇူးတင်လွန်းလို့ အခု မုန့်နဲ့ လက်ဖက်ရည် ဂါရဝပြုပါတယ်'

ဟု ဦးလေးနန္ဒကို လက်အုပ်လေးချီ၍ ပြောနေပုံမှာ မြင်ရသူများကို ကြည်နူးရွှင်ပြုံးစေခဲ့ပါသည်။

**[ဤအကြောင်းကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ်(၃၃၁)၊ စာမျက်နှာ(၅၄) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် "ဆုံးမစကား မှတ်သား လိမ္မာရှိစေဖို့ အစီအရင်" ခေါင်းစဉ်ဖြင့် ဖော်ပြပြီး ဖြစ်ပါသည်။]**

'ဦးလေး သိထားသမျှ၊ မှတ်သားထားသမျှတွေကို သေရွာကို ယူမသွားဘဲ နှောင်းလူတွေကို ဖြန့်ဖြူးပေးရလို့ ဝမ်းသာလှပါပြီလေ။

ကိုင်း... မောင်သန်းမောင်က ဘာကို သိချင်တာလဲ မေးပါ။ ဦးလေး သိသမျှ ဖြေပါ့မယ်။ မသိတာဆိုရင်တော့ ဦးလေးလဲ မတတ်နိုင်ဘူးပေါ့'

'ဟုတ်ကဲ့...ဒီလိုပါ ဦးလေးရယ်၊ ကလေးတွေ လိမ္မာဖို့၊ ဆုံးမစကားကို နာခံစေဖို့ အစီအရင်တွေရှိသလို **ကျွန်တော်တို့ လူကြီးများ စီးပွားလာဘ်လာဘတိုးစေဖို့၊ အန္တရာယ်ကင်းဖို့၊ အလုပ်အကိုင် အောင်မြင်ဖြစ်ထွန်းဖို့၊ ခရီးထွက်ရင် သွားလမ်းသာပြီး လာလမ်းဖြောင့်ဖို့ အစီအရင်များကော မရှိဘူးလား။** ရှိရင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကို ချီးမြှင့်ပေးပါဦးလို့ ဦးလေးဆီ တောင်းခံပါတယ်'

'အင်း...မောင်သန်းမောင်က ပုထုဇဉ်လူသားပီသပါတယ်။ ပုထုဇဉ်ပီပီ လောဘမကင်းနိုင်ကြဘူးလေ။ ချမ်းသာချင်တယ်၊ စီးပွားတိုးပြီး လုပ်ငန်းကိုင်ငန်း အဆင်ပြေချင်တယ်။ အန္တရာယ်ကင်းချင်တယ်။ ဒါ လူ့သဘာဝမို့ ဦးလေး နားလည်ပါတယ်။

ကဲ...ဒီတော့ မင်းတို့အားလုံးအတွက် တို့များ **ရှမ်းတိုင်းရင်းသားရိုးရာ ထုံးတမ်းစဉ်လာ အစီအရင်လေး တစ်ခု ပေးလိုက်မယ်။** ဒီအစီအရင်လေးကို ဦးလေးက **"အောင်ကြောင်းဝေလွှင် နင်းကြမ်းအစီအရင်"**လို့ အမည်ပေးထားသကွယ့်။

အထက်ဆောင်ပန်း အောက်နင်းကြမ်းလို့ ဆိုထားသမို့ အလွန်ထိရောက်ထက်မြက်တဲ့ အစီအရင်လေးပဲ။ လွယ်ကူလွန်းလို့ဆိုပြီး အထင်မသေးကြနဲ့နော်။

တို့များရဲ့ ဘိုးဘွားအစဉ်အဆက်ယနေ့တိုင် လက်ဆင့်ကမ်း အသုံးပြုလာခဲ့တာမို့ မတိမ်ကော မပပျောက်အောင် မောင်ရင်တို့က မှတ်သားနာယူထိန်းသိမ်းကြကွယ့်'

ဦးလေးနန္ဒ၏ ဆုံးမလမ်းညွှန်မှု



အပေါ် တစ်သဝေမတိမ်း လိုက်နာကြပါမည်အကြောင်း အားလုံးက ကတိပြုခဲ့ကြပြပါသည်။

'ကဲ...ဒါဆို နားထောင်ကြ၊ အခု ဦးလေးပြောပြမယ့် နင်းကြမ်းအစီအရင်လေးဟာ နေ့သားအလိုက် မိမိရဲ့ခြေဖဝါးနဲ့ နင်းရမယ့် ကြီးရန်းနှစ်ထပ်၊ စတုရန်းနှစ်ထပ်ဖြစ်တဲ့ "သစ်ရွက်၊ သစ်ခက်၊ အသီး၊ ဥ"တို့နဲ့ နင်းကြမ်းပြုရမှာကွယ့်။

ဥပမာကွာ... မောင်သန်းမောင်က သောကြာသားဆိုရင် သောကြာရဲ့ ကြီးရန်းဖြစ်တဲ့ တနင်္ဂနွေနံသင့် နှစ်ထပ်ဖြစ်တဲ့ "အင်ဥ"နဲ့ စတုရန်းနေ့ တနင်္လာနံသင့် နှစ်ထပ်ဖြစ်တဲ့ "ကုက္ကိုရွက်"တို့ကို ရောပြီး ကိုယ့်ခြေထောက်နဲ့ (၂၁)ချက် နင်းရမယ်။

ကြီးရန်း၊ စတုရန်း အရွက်၊ အခက်၊ သီး၊ ဥ အရေအတွက်ကိုတော့ သတ်မှတ်မထားပါဘူး။ ဒီနေရာမှာ ကြီးရန်း၊ စတုရန်းနှစ်ထပ် ရွက်၊ ခက်၊ သီး၊ ဥတို့ကို ရှာမရဘူးဆိုရင်

နံတူနှစ်မျိုးဆို ပေါင်းပြီး စုစည်း ချည်နှော
ဆောင်ရွက်လို့ ရပါတယ်။

ဆိုပါစို့ကွယ်...တနင်္ဂနွေနံသင့် နှစ်ထပ်
တဲ့ "အင်ဥ"ကို ရှာမရရင် "အ
"အုန်းရွက်"ကိုပေါင်းပြီး ချည်တုပ် အသုံး
ရတယ်လေ။ ကျန်တဲ့နေ့နံသင့် နှစ်ထပ်
ရွက်၊ ခက်၊ သီး၊ ဥ ရှာမရရင် မိမိဉာဏ်ရှိ
သုံးလို့ရတဲ့အကြောင်းလဲ သိထားရမယ်

နောက်ပြီး ဒီနင်းကြမ်းအစီအရင်
မဆောင်ရွက်မီ ရေချိုးသန့်စင်၊
ညှော်ကင်း သန့်ရှင်းတဲ့အဝတ်အစား
ဝတ်ပြီး ဘုရားရှိခိုး၊ ငါးပါးသီလခံ
ဆောက်တည်၊ အမျှဝေ၊ မေတ္တာပို့
မိမိဖြစ်ချင်လိုချင်တဲ့ ဆုကို တောင်း
နင်းကြမ်းကို ဆောင်ရွက်ရမယ်။

လုပ်ငန်းအဆင်ပြေဖို့ဆိုရင်
ဆောင်ရွက်မယ့်လုပ်ငန်းစဉ် ဘေး
ရန်မခ အောင်မြင်ပါစေ၊ စာမေးပွဲ
ဒါမှမဟုတ် အလုပ်အတွက် အင်တာ
ဗျူး ဝင်ဖို့ဆိုရင်လဲ မေးခွန်းများ သိထား
သည်များသာ ဖြစ်ပါစေ၊ ချောမော
အဆင်ပြေစွာ ဖြေဆိုနိုင်ပါစေ...

ခရီးသွားမယ့်ကိစ္စဆိုရင်တော့ သွား
လမ်းသာ၍ လာလမ်းဖြောင့်ကာ ဘေး
ရန်ခပ်သိမ်း ငြိမ်းရပါစေ စသဖြင့် ကိုယ်
ဆောင်ရွက်မယ့် ကိစ္စအောင်မြင်
အတွက် အကျဉ်းချုံး ဆုတောင်း

| မွေးနေ့ | ကျရောက်သည့်နေ့ | | နင်းရမည့် ရွက်-ခက်-သီး-ဥ | | နင်းရမည့် |
|---|---|---|---|---|---|
| | ကြီးရန်း | စတုရန်း | ကြီးရန်းနှစ်ထပ် | စတုရန်းနှစ်ထပ် | ချက်ရေ |
| တနင်္ဂနွေ | အင်္ဂါ | ဗုဒ္ဓဟူး | ဇော်စိမ်း၊ စံကားစိမ်း | ရဲယို၊ ရွှေဖရုံ၊ ယူကလစ် | (၆) ချက် |
| တနင်္လာ | ဗုဒ္ဓဟူး | ကြာသပတေး | ရဲယို၊ လဲလူ၊ ယူကလစ် | မြေပဲ၊ ပြောင်းဖူး၊ ပေါက်ပန်းဖြူ | (၁၅) ချက် |
| အင်္ဂါ | ကြာသပတေး | သောကြာ | ပန်းဂေါ်ဖီ၊ ပျဉ်းမ၊ မက်မန်း | သီးသီး၊ သီဟိုဠ် | (၈) ချက် |
| ဗုဒ္ဓဟူး | သောကြာ | စနေ | သီးသီး၊ သီဟိုဠ်၊ သခွားသီး | နာနတ်၊ နံနံ၊ နနွင်း | (၁၇) ချက် |
| ကြာသပတေး | စနေ | တနင်္ဂနွေ | ထနောင်း၊ ဓနိ၊ ဒေါ်န | အင်ဥ၊ အာဒါလွတ်ဥ | (၁၉) ချက် |
| သောကြာ | တနင်္ဂနွေ | တနင်္လာ | အာလူးဥ၊ အင်ဥ | ကုက္ကို၊ ကံ့ကော်၊ ငရုတ်ကောင်း | (၂၁) ချက် |
| စနေ | တနင်္လာ | အင်္ဂါ | ကျွဲကော၊ ခရမ်းချဉ်၊ ကြက်ဟင်းခါး | ဇော်စိမ်း၊ စံကားစိမ်း | (၁၀) ချက် |



စာမျက်နှာ (၂၀၂) သို

www.burmeseclassic.com

# ထုကြန့်သိမ်ပုထိုးတော် မှ

## ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၆)

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှ အဆက်

* * *ပုံ(၂၂)

ထုကြန့်သိမ်ပုထိုးတော် အဝင်ဝ လိုဏ်ပတ် လက်ယာဘက်မှ နံပါတ်(၃၇) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၂)ပေခန့်၊ အကျယ်(၁)ပေခန့်နှင့် ရုပ်ကြွအထူ (၅)လက်မခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံး မျက်နှာနှင့် အဝတ်အဆင် တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးကိုင်၍ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။

တဘက်တစ်ထည်ကို လက်မောင်းရင်းပေါ်မှ ရစ်ပတ်ထားပြီး အစနှစ်စကို ရှေ့တွင်တစ်စ၊ ပေါင်ပေါ်တွင် တစ်စချထားသည်ကို တွေ့ရှိရပါသည်။


အင်္ကျီကို တင်ပါးဖုံးသည့်အထိ ဝတ်ဆင်ထားပါ၏။ ထဘီကိုလည်း ခြေမျက်စိနားထိ ဝတ်ဆင်ထားပါသည်။

ဤ ပုံ(၂၂) ပုံဆွဲလက်ရာမှာ အမျိုးအစား ပြေပြစ်ဟန်တွေ့ရှိရပြီး မိန်းမရုပ်တစ်ရုပ်ပင် ဖြစ်ဟန်တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် လည်ပင်း ကျိုးပဲ့နေပါသည်။

* * *ပုံ(၂၃)

ဤပုံဆွဲလက်ရာကို ထုကြန့်သိမ်ပုထိုးတော် အဝင်ဝလိုဏ်ပတ် လက်ယာဘက် ဘုရားမုခ်လက်ဝဲဘက်မှ အရုပ်နံပါတ် (၃၈)အရုပ်ကို ကူးယူ

ပုံ-၂၂



ရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

အရုပ်နံပါတ်(၃၉)မှာ လုံးဝနီးပါး ပျက်စီးနေပေပြီ။ ပုံ(၂၃)၏ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့်(၂)ပေ (၁)လက်မခန့်၊ အကျယ်(၁)ပေခန့်နှင့် ရုပ်ကြွအထူ (၅)လက်မခန့်ရှိပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ လက်ရာတွင် မျက်နှာ ပီပြင်မှု မတွေ့ရပေ။ ဖောင်းတော်လည်း အနည်းငယ်သာ မပျက်စီးဘဲ တွေ့ရှိရပါ၏။

အဝတ်အထည်များ၌လည်း အဆင်တန်ဆာလက်ရာများ ချောမွေ့နေသည်ကို တွေ့ရှိရပါသည်။

ပုံ(၂၃)လက်ရာ၏ ဖောင်းတော်မှာ နဖူးစည်းအောက် ဖောင်းတစ်ဆင့်ခံ၍ ဖောင်းပေါ်တွင် ပွင့်ဖတ်ချွန်ကလေးများဖြင့် ပတ်၍ အလှဆင်ထားပါသည်။

ပခုံးပေါ်တွင် တဘက်တစ်ခု တင်ထားပြီး တဘက်စ တစ်ဖက်တစ်စကို လက်ဝဲ၊ လက်ယာ ချထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

လက်မောင်းရင်းတွင် လက်မောင်းပတ်နှင့် လက်ကောက်ဝတ်နေရာတွင် လက်ကောက်ကွင်းကြီး ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်,ပတ်ထားပြီး ခါးပတ်တစ်စကို ပေါင်ပေါ်တွင် အပြားလိုက်ချ၍ ကျန်တစ်စကို ခြေအောက်ထိ ခပ်ရှည်ရှည်ချထားပါသည်။

ပုဆိုးကို ခြေမျက်စိနားထိ ဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ(၂၃) လက်ရာသည်လည်း ယောကျ်ားရုပ် ဖြစ်ဟန် တွေ့ရှိရပါသည်။

* * *ပုံ(၂၄)

ပုံ(၂၄)လက်ရာကို ထုကြန့်သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ် လက်ယာဘက် ဘုရားမုခ် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၄၁) အရုပ်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၄၀)မှာ ဦးခေါင်းကျိုးပြီး ချောမွတ် ပျက်စီးနေ

www.burmeseclassic.com

သည်ကို တွေ့ရှိရပါသည်။ ပုံ(၂၄) မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၂) ပေခန့်၊ အကျယ် (၁)ပေခန့်နှင့် ရုပ်ကြွ အထူ(၄)လက်မခန့် ရှိပါသည်။

ပုံ(၂၄)၏ မူရင်းကျောက်ဆစ်ရုပ်ကြွ တွင် မျက်နှာနှင့် အဆင်တန်ဆာ အရေးအကြောင်းများ ပေါ်လွင်မှု မရှိ တော့ပေ။

ဖောင်းတော် ဖောင်းတစ်ဆင့်နှင့် ပုဆိုး(လုံချည်)အောက် အနားရစ်များ ကိုသာ တွေ့ရှိရပါတော့သည်။

လက်နှစ်ဖက်တွင် ဘုရားပူဇော်နေ ဟန် ကြာဖူးတစ်ဖူး ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအခေါက်ရာနှင့် ခြေထောက်တွင် ခြေမျက်စိ ဖော်ထား သည်ကိုလည်း တွေ့ရှိရပါသည်။

ပုဆိုးကို ခြေမျက်စိနားထိ ချဝတ် ထားသည်ကို တွေ့ရှိပါသည်။ ဤပုံ (၂၄)ရုပ်ကို အမျိုးသားဖြစ်မည်ဟု ခန့် မှန်းရပါသည်။

* * *ပုံ(၂၅)

**ပုံ(၂၅)မှာ** အမျိုးသမီးရုပ်ဖြစ်ပြီး ထုက္ကန္ဒသိမ် ပုထိုးတော် အဝင်ဝလိုဏ် ပတ် လက်ယာဘက် ဘုရားမုခ်လက်ဝဲ ဘက်မှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၄၂) အရုပ်ကို ကူးယူရေးဆွဲထားသော ပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့်၊ အကျယ်(၁)ပေခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် ရှိပါသည်။


မျက်နှာနှင့် အဝတ်အဆင် တန်ဆာ များ အရေးအကြောင်းများ ချောမွတ် နေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၂၅)၏** ဦးခေါင်းထိပ်တွင် ပွင့်ဖူး သဏ္ဌာန် ဆံထုံး ထုံးထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးကြီးတွင် ဝတ်ဆင်ထား

ပုံ-၂၇



ပုံ-၂၉



ပါသည်။ လက်နှစ်ဖက်တွင် ကြာဖူး တစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် ဖူး တွေ့ရပါသည်။

တဘက်စ တစ်စကို ညာဘက် လက်အောက်တွင် ဖြန့်၍ ချထားပါ သည်။ အင်္ကျီကို တင်ပါးဖုံးသည့်အထိ ဝတ်ဆင်ထားပါသည်။ ခါးကြိုးစနှစ်စ ကို ပေါင်ပေါ်တွင် ဖြန့်၍ ချထားပါ သည်။

ထဘီကို အခေါက်ဖော်၍ ဝတ်ဆင် ထားပါသည်။ ထဘီအနားရစ်ကို ထောင်လိုက် အထက်နှစ်ရစ်၊ အောက် နှစ်ရစ်ကြားတွင် ကန့်လန့်ဖြတ် အစင်း အကြောင်းကလေးများဖြင့် အလှဆင် ထားသည်ကို တွေ့ရှိရပါသည်။ ထဘီ ကို ခြေချင်းဝတ်နားထိ ချ၍ ဝတ်ဆင် ထားပါသည်။

* * * ပုံ(၂၆)

**ပုံ(၂၆)မှာ** အမျိုးသားရုပ်ပုံပင် ဖြစ် ပါသည်။ ထုက္ကန္ဒသိမ်ပုထိုးတော်ကြီး အဝင်ဝလိုဏ်ပတ် လက်ယာဘက် ဘုရားမုခ်လက်ယာဘက်မှ ကျောက် ဆစ်ရုပ်ကြွ နံပါတ်(၄၃)ကို ကူးယူ ရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခု ပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော်နှင့် မျက်နှာ ပီပြင်မှု မတွေ့ ရှိရပေ။ နဂိုမူရင်း ကျောက်ဆစ်ရုပ်ကြွ တွင်း ဖောင်းတော်နှင့် မျက်နှာ ပီပြင်မှု မတွေ့ရှိရပေ။ နဂိုမူရင်း ကျောက်ဆစ် ရုပ်ကြွ အမြင့်(၁)ပေ (၁၁)လက်မခန့် အကျယ်(၁၀½)လက်မခန့်နှင့် ရုပ်ကြွ အထူ(၆)လက်မခန့် ရှိပါသည်။

**ပုံ(၂၆)၏** ဖောင်းတော်မှာ အောက် ဖောင်း နှုဖူးစည်းတစ်ခုပေါ်တွင် ပွင့်ဖတ် ကလေးများဖြင့် အစီအရင် အလှဆင် ထားပါသည်။ နား ပီပြင်စွာ မတွေ့ရ သော်လည်း နားတောင်းလုံး ဝတ်ဆင် ထားသည့်ဟန် တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်များ ဖော် ထားပါ၏။ လက်နှစ်ဖက်တွင် ကြာဖူး တစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

ဘယ်ဘက်ပခုံးနှင့် ညာဘက် နံပါး ကို တဘက်ဖြင့် ရစ်ပတ်ထားပြီး တဘက်နှစ်စကို လက်ဝဲလက်ယာ ဖြန့်ချထားပါသည်။

တဘက်အလယ်တွင် အနားသတ် အရစ်များ ဖော်ထားပြီး တဘက် အဖျားတွင် ပန်းဖွားအဖြစ် အစင်း ကြောင်းကလေးများဖြင့် အလှဆင် ထားပါသည်။

ခါးတွင် ခါးပတ် ပတ်ထားပြီး ခါးပတ်စကို အခွေအပြားလိုက် ပေါင်

www.burmeseclassic.com

www.burmeseclassic.com










ပေါ်တွင် ချထားပါသည်။ ခါးပတ်ကြိုးကို ထက်အောက် အနားသတ်အရစ်ဖြင့် အလှဆင်ထားပါသည်။

ပုဆိုးကို ခြေချင်းဝတ်ထိ ဝတ်ဆင်ထားပြီးဟု ပုဆိုးအနားကို အရစ်ကလေးများဖြင့် အလှဆင်ထားပါသည်။

* * *ပုံ(၂၇)

**ပုံ(၂၇)**ပုံဆွဲလက်ရာကို ထုက္ကန့်သိမ်ပုထိုးတော်အဝင်ဝ လိုဏ်ပတ် လက်ယာဘက် ဘုရားမှစ် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၄၄) လက်ရာကို ကူးယူ ရေးဆွဲထားသော အမျိုးသမီးပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၂၇)၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၁)ပေ (၉)လက်မခန့် အကျယ်(၁)ပေခန့် ရုပ်ကြွအထူ(၆)လက်မခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံးမျက်နှာနှင့် အဝတ်အဆင်တန်ဆာ အရေးအကြောင်းများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ခြေဖျားလည်း ပဲ့နေပါ၏။

**ပုံ(၂၇)** မူရင်းလက်ရာတွင် ဆံထုံးနှင့် နားတောင်းအရာသဏ္ဍာန်သာ တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးဖြင့် ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

လက်တွင်လည်း လက်ကောက်ဝတ်ထားသည့်သဏ္ဍာန် ခပ်ဖောင်းဖောင်းလေးအရာသာ တွေ့ရှိရပါသည်။

ရင်ဖုံးအင်္ကျီ ဝတ်ဆင်ထားပြီး ခါးစိုင်းထားသည်ကို တွေ့ရှိရပါသည်။ တဘက်စ တစ်စွန်းကို ညာဘက်တံတောင်အောက်တွင် ချထားပါသည်။

ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင် အပြားလိုက် ချထားပါသည်။ ထဘီကို အခေါက်ဖော်၍ ခြေချင်းဝတ်ထိချ၍ ဝတ်ထားသည်ကို တွေ့ရှိရပါသည်။

* * *ပုံ(၂၈)

ဤပုံဆွဲလက်ရာကိုလည်း ထုက္ကန့်သိမ် ပုထိုးတော်ဝင်စ လက်ယာဘက် လိုဏ်ပတ်ဘုရားမှစ် လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၄၅)ရုပ်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်(၁)ပေ (၁၁)လက်မခန့်၊ အကျယ်(၁)ပေ(၂)လက်မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင်လည်း မျက်နှာနှင့် ခန္ဓာကိုယ်ဝတ်တန်ဆာ အရေးအကြောင်းများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော် နဖူးစည်းဖောင်းတွင် ရောင်စုံကျောက်ကလေးများ မြှုပ်ထားသည့်သဏ္ဍာန် ဖော်ထားပါသည်။

ဖောင်းအပေါ်ပိုင်းအထက်တွင် ပွင့်ဖတ်ချွန်ကလေးများဖြင့် ပတ်၍ အလှဆင်ထားပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးကြီးများ ဝတ်ဆင်ထားပါ၏။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

တဘက်စ နှစ်ဖက်ကို ခန္ဓာကိုယ်၏ လက်ဝဲ,လက်ယာတွင် ကား၍ ဖြန့်ချထားပါသည်။ ပုဆိုးအောက်နားစကို ထောင်လိုက် အလျားလိုက် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ယောက်ျားရုပ် လက်ရာဖြစ်ဟန် ရှိပါသည်။

* * *ပုံ(၂၉)

ပုံ(၂၉)ကို ထုက္ကန့်သိမ်ပုထိုးတော်ဝင်ဝလိုဏ်ပတ် လက်ယာဘက်ဘုရားမှစ်လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၄၆)ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

နဂိုမူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်

www.burmeseclassic.com

www.burmeseclassic.com










(၂)ပေ (၂)လက်မခန့်၊ အကျယ်(၁) ပေ (၁)လက်မခန့်နှင့် ရုပ်ကြွအထု (၄½)လက်မခန့် ရှိပါသည်။

ပုံ(၂၉)လက်ရာမှာ ခံ့ညားတည်ငြိမ်မှုရှိသော အမျိုးသမီးလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဆံထုံးမှာလည်း ထူးခြားလှပါ၏။ အဆင့်ငါးဆင့်ခွေပြီး အပေါ်ဆုံးအဆင့်တွင် တစ်ဖက်တစ်စ ဖော်ထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင်လည်း နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ပီပီပြင်ပြင် တွေ့ရှိရပါသေးသည်။ လည်ပင်းတွင်လည်း လည်ရစ်သုံးရစ် ပေါ်လွင်လှပါ၏။

တဘက်ကို ပခုံးတွင် ခြုံ၍ ညာဘက်လက်တွင် တဘက်စကို ခေါက်၍ တင်ကာ အဖျားကို ခြေအောက်ထိ ချထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးကိုင်၍ လက်ကောက် တစ်ဖက်သုံးကွင်း ဝတ်ဆင်ထားပါသည်။

အင်္ကျီကို အပေါ်ရင်တားနှင့် အောက်တင်ပါးဖုံးသည့်အထိ ဝတ်ဆင်ထားပါသည်။ ထဘီကို အခေါက်ဖော်ကာ အောက်နားစကို ခြေချင်းဝတ်ထိ ဝတ်ဆင်ထားပါသည်။ ထဘီအောက်နားစကို ထောင်လိုက်နှင့် ကန့်လန့်ဖြတ် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

* * *ပုံ(၃၀)

ပုံ(၃၀)လက်ရာကိုလည်း ထုက္ကန့်သိမ်ပုထိုးတော်ဝင်ဝ လိုဏ်ဖက် လက်ယာဘက် ဘုရားမှစ် လက်ယာဘက်မှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၄၇) လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၁)ပေ (၁၁)လက်မခန့်၊ အကျယ်(၁) ပေ(၁)လက်မခန့်နှင့် ရုပ်ကြွအထု (၆) လက်မခန့် ရှိပါသည်။ ဤကျောက်ဆစ် ရုပ်ကြွမှာလည်း ခံ့ညားသော ယောကျ်ားရုပ်တစ်ရုပ်ပင် ဖြစ်ပါသည်။ မျက်နှာတစ်ခုသာ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ(၃၀)ဖောင်းတော်မှာ နဖူးစည်းအောက် ဖောင်းဆင့်ပေါ်တွင် ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ဖောင်းဆင့်ပေါ်တွင် သုံးထပ်ပွင့်ဖတ်များနှင့် ကြားညပ် ပွင့်ဖတ်ရှည်များဖြင့် အလှဆင်ထားပါသည်။

နားနှစ်ဖက်တွင် နားတောင်းလုံး ဝတ်ဆင်ထားပါ၏။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်ပါသည်။ တဘက်တစ်ခုကို ဘယ်ဘက်ပခုံးနှင့် ညာဘက်နံပါးကို ရစ်ပတ်ထားပြီး အစ နှစ်ဖက်ကို လက်ဝဲ,လက်ယာ ဖြန့်ချ ထားပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးဖြင့် ဘုရားပူဇော်နေပါ၏။ ခါးတွင် ခါးပတ်ပတ်ထားပြီး ပေါင်ပေါ်တွင်လည်း အခွေလိုက်ချထားပါသည်။

ခါးပတ်ကို အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါ၏။ တဘက်အဖျားကိုလည်း အစင်းကြောင်းကလေးများ ဖော်၍ အမြိတ်ချထားပါသည်။ ပုဆိုးကိုလည်း ခြေချင်းဝတ်ထိ ကျအောင် ဝတ်ထားပါသည်။

အထက်ဖော်ပြပါ ပုံဆွဲလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုများကို ဖော်ကျူးရေးဆွဲထားသော ပုံဆွဲလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*

*ထာဝရ*

*ဦးထိပ်ပန်ဆင် ကန်တော့လျက်...*

**ပန်းချီထူးလှ**

**(ရွှေဟောင်းသုတေသန)**

www.burmeseclassic.com

www.burmeseclassic.com



ညီလေးငယ်
(လယ်တော်)

အသက်တယ်သော

# ကိုယ်ပျောက် ဂါထာတော်

လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော် ကာလက ဦးဘခိုင် နေထိုင်သော ဆောင်ပြို့ရွာမှာ နယ်မြေအေးချမ်းမှု ရှိခဲ့ပေ။ ရှမ်းတိုင်းရင်းသား ကျေးရွာဖြစ်၍ မြို့နှင့် အလှမ်းကွာဝေး သည်နှင့်အညီ လူနည်းစု သူပုန်များ တောတွင်း အောင်းကာ ဆကြွနေကြချိန် ဖြစ်သည်။

ရွာရှိလူများမှာ တစ်နှစ်ပတ်လုံး သယ်တော၊ ယာတော တွင် ပင်ပန်းကြီးစွာ လုပ်ကိုင်စုဆောင်း ထားသမျှကို အလစ်ဝင်ကာ ဓားပြ တိုက် တောင်းယူကြ၏။ ထို့ကြောင့် ရွာရှိလူများမှာ တစ်နှစ်ပတ်လုံး လုပ်ကိုင် စုဆောင်း ထားသမျှ အချည်းနှီးသာ ဖြစ်ခဲ့ကြရ သည်။

သေနတ်ဖောက်သံ ကြားလျှင် နေစရာနေရာမရှိအောင် ကြောက်လန့် နေကြရသည်။ အားလုံးမှာ သူတို့ကို အမြင်ကတ်ကြသော်လည်း မြို့ပေါ် တက်၍ စစ်တပ်ကို မည်သူမျှ သတင်း မပို့ရဲပေ။

မြို့ပေါ်တက်၍ စစ်တပ်ကို သတင်း ပေးသည်ဟု သတင်းရပါက ထိုသူ၏ တစ်မိသားစုလုံးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသောကြောင့် ဖြစ်၏။

ထို့ကြောင့် ဦးဘခိုင် အပါအဝင် မည်သူမျှ မြို့ပေါ်တက်၍ စစ်တပ်ကို အကြောင်း မကြားရဲကြခြင်းဖြစ်၏။

ရွာရှိလူများမှာ နေ့စဉ်နေ့တိုင်း အိပ် ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရဖြင့် ဒုက္ခဆင်းရဲ ရောက်ကျရပါ သည်။ မြို့နှင့်က မိုင်(၇၀)ကျော်ဝေးပြီး လမ်းကောင်းကောင်းလည်း မပေါက် သဖြင့် သူတို့အတွက် ဟန်ကျလို့နေ၏။

ထိုအချိန်က ဦးဘခိုင်မှာ ထိုရွာတွင် ကုန်စုံဆိုင်ဖွင့်ထား၏။ ဦးဘခိုင်က ဗမာ လူမျိုးဖြစ်သော်လည်း ထိုရွာမှ ရှမ်းတိုင်း ရင်းသူနှင့် အိမ်ထောင်ကျ၍ ရှမ်းစကား ကို လည်ဝယ်စွာ ပြောတတ်နေပါသည်။

ဦးဘခိုင်၏ဆိုင်က ဟင်းချက်စရာ များမှအစ ဖိနပ် အဝတ်အထည်များ အထိ တင်ထား၏။ မြို့သို့ ပင်ပန်းကြီး စွာ သွားရောက်ဝယ်ယူ၍ ရောင်းချခြင်း ဖြစ်သည်။

သို့ပါ၍ မြို့နှင့် အလှမ်းဝေးသော ထိုရွာမှ လူများအဖို့ ဦးဘခိုင်၏ အိမ် ဆိုင်သည်သာ ဈေးသဖွယ် ဖြစ်ခဲ့သည်။

သူပုန်တွေအတွက်တော့ ဦးဘခိုင် ၏အိမ်က မျက်စိကျစရာပင်။ သို့သော် ဦးဘခိုင်တို့ လင်မယားက ပါးနပ်၏။ သူပုန်တွေလာရင် စိတ်ကြိုက် ညှော်ခံ တတ်သည်။ အရက်ကို အမြည်းကောင်း ကောင်းဖြင့် ညှော်ခံတတ်ပြီး တောထဲထိ ပါဆယ်ထုပ်ပေးလိုက်တတ်၏။

တောထဲမှာဖြစ်၍ အရက်ကရှား၏။ ထို့ကြောင့် သူပုန်များအဖို့ အရက် သောက်ချင်လျှင် ဦးဘခိုင်အိမ်သာ အားအကိုးရဆုံးဖြစ်၍ သူတို့ကလည်း

www.burmeseclassic.com

ဦးဘခိုင်တို့ လင်မယားကို အပိုင်ပေါင်းလေသည်။

ဤသို့ဖြင့် ဦးဘခိုင်တို့မိသားစု သူပုန်များဖြင့် အချိန်အတော်ကြာ အဆင်ပြေပြေ နေထိုင်လာနိုင်ခဲ့လေသည်။

တစ်ခုသော နေ့တစ်နေ့၊ ညနေစောင်းနေဝင်ခါနီးအချိန်၌ ဦးဘခိုင် တစ်ယောက် အရက်ကို သဲကြီးမဲကြီး ချက်နေ၏။ ထိုစဉ် လမ်းမှ အသံဗလံဖြင့် ဦးဘခိုင်ဟု အော်သံကြားသောကြောင့် အနောက်သို့ လှည့်ကြည့်လိုက်ရာဝယ် သူပုန်(၃)ဦးသည် သေနတ်များ ကိုယ်စီကိုင်၍ ဦးဘခိုင်ဆီသို့ စိတ်တိုနေဟန်ဖြင့် ဝင်လာလေသည်။

ဦးဘခိုင်မှာလည်း အလွန်တရာ ကြောက်ရွံ့သွားပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။ ထိုသူ(၃)ဦးမှာ ဦးဘခိုင်အနီး ရောက်သောအခါ ဦးဘခိုင်အား သေနတ်ဖြင့် ချိန်ရွယ်၍...

'ဒီမှာ ဦးဘခိုင် ခင်ဗျား မြို့တက်ပြီး ကျုပ်တို့အကြောင်းကို စစ်တပ်ကို အကြောင်းကြားခဲ့တယ် မဟုတ်လား'

'မ...မ...ဟုတ်ရပါဘူးဗျာ'

ဟု ဦးဘခိုင်က ပြန်ပြောသောအခါ ထိုသူများထဲမှ စိုင်းစံပက စိတ်တိုလာဟန်ဖြင့် သေနတ်ဖြင့် ဦးဘခိုင်အား နားထင်ကိုတေ့ကာ...

'မြို့ကို ခဏခဏသွားတာ ခင်ဗျားပဲ ရှိတယ်။ ခင်ဗျားမပြောလို့ ဘယ်သူပြောမှာလဲ။ ခု စစ်တပ်က ငါတို့ကို ခြေရာခံမိသွားပြီ။ မင်းကို ငါသတ်မယ်'

ဦးဘခိုင်၏ဇနီး ဒေါ်နန်းယွင်းက အိမ်ပေါ်မှ ဆင်းပြေးလာပြီး မလုပ်ဖို့ တားပြန်သည်။ ထို့နောက် ထိုသူတို့မှာ ဦးဘခိုင်အား သူတို့စခန်းသို့ ဖမ်းခေါ်သွားပါသည်။ ဦးဘခိုင်၏ဇနီး ဒေါ်နန်းယွင်းကတော့ ခင်ပွန်းသည်အတွက် စိုးရိမ်ကြီးကာ ငိုယို၍ ကျန်ရစ်ခဲ့လေ၏။

ထိုသူပုန်များမှာ သူတို့စခန်းသို့ ရောက်သောအခါ ဦးဘခိုင်အား ကြိုးတုပ်၍ တိုင်တွင် ချည်ထားပါသည်။

ထို့နောက် ခေါင်းဆောင်ဖြစ်သူက ဦးဘခိုင်အား ပြင်းထန်သော လက်သီးချက်များဖြင့် ဆက်တိုက်ထိုးရာ ဦးဘခိုင်မှာ နေရာမှာပင် ဘာမှ မသိနိုင်တော့ဘဲ မေ့သွားပါတော့သည်။

ဦးဘခိုင် သတိရလာချိန်၌ ညသန်းခေါင်ကျော်အချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ လပြည့်ည လမင်းကြီးတောင် အနောက်ဘက်သို့ စောင်းရွဲ့နေလေပြီ။

ဦးဘခိုင် ချည်ထားသောကြိုးကို လွတ်လို့လွတ်ငြား အတင်းရုန်းကြည့်လိုက်၏။ သို့သော် သေချာလွန်းသော ကြိုးတုပ်ခြင်းကြောင့် မည်မျှပင်ရုန်းစေကာမူ အချည်းနှီးသာ ဖြစ်ခဲ့၏။

ဤသို့ဖြင့် တစ်တောလုံး တောကြက်တွန်သံများဖြင့် ဆူညံကာ မိုးစင်စင်လင်းခဲ့ပါတော့သည်။ ဦးဘခိုင် တစ်ညလုံး မတ်တပ်ရပ်လျက် ကြိုးတုပ်ခံထားရခြင်းကြောင့် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလို့နေ၏။

အထိုးခံထားရသော မျက်နှာမှာလည်းပေါက်ထွက်မတတ် တင်းနေလေသည်။ ညနေကတည်းက ဘာမှ မစားရသေးသော ဗိုက်ကလည်း ဆာလောင်လွန်းလှပါ၏။

နံနက် ရောင်နီတက်ချိန်၌ ထိုသူပုန်များက ဦးဘခိုင်အား စစ်တပ်အား သတင်းပို့ခြင်းကို ထပ်စစ်ပြန်ပါသည်။ ဦးဘခိုင်က သူ မဟုတ်ကြောင်း ရှင်းပြသော်လည်း ထိုသူများက လက်မခံပေ။

ထိုသူများမှ ဦးဘခိုင်အား စစ်ရင်းမောသွားဟန်ဖြင့် အရက်ထပ်သောက်နေပြန်သည်။ ဦးဘခိုင်မှာလည်း တစ်ကိုယ်လုံး အရိုက်ခံထားရ၍ မလှုပ်ရှားနိုင်အောင် နာကျင်နေလေ၏။

ဤသို့ဖြင့် ဦးဘခိုင်သည် မိမိ၏ နောက်ဆုံးအားကိုးရာအဖြစ် ဘုရားစာများကိုသာ ရွတ်ဖတ်သရဇ္ဈာယ် နေတော့၏။ ဤသို့ ဘုရားစာဂါထာများ ရွတ်ဖတ်ရင်း ဦးဘခိုင် ငယ်စဉ် (၁၀)နှစ်သားအရွယ်က အဘိုးသင်ပေးခဲ့သော ကိုယ်ပျောက်ဂါထာတော်အား သတိရလာ၏။

'မြေးလေး ဒုက္ခတွေအန္တရာယ်နဲ့ ကြုံတွေ့လာရင် အဘိုးသင်ထားပေးတဲ့ ကိုယ်ပျောက်ဂါထာတော်ကိုရွတ်။ ဒီကိုယ်ပျောက်ဂါထာတော်က မြေးလေးရဲ့အသက်ကို ကယ်လိမ့်မယ်။ ဒီလို ရွတ်ရင်လဲ သစ်ငုတ်တိုကိုကိုင်ပြီး (၇)ခေါက်တိတိရွတ်ရမယ် ကြားလား မြေးလေး'

ဟု အမြဲတမ်းပြောကာ သင်ပေးတတ်သော အဘိုး၏စကားကို ပြန်လည် ကြားယောင်လာ၏။

အဘိုးကိုယ်တိုင်သည်လည်း ယခင်က လူဆိုးများ အဖမ်းခံရပြီး ထွက်ပြေးရာဝယ် ထိုဂါထာတော်ကို ရွတ်ခဲ့၍ လူဆိုးများက အဘိုးကို ပြန်မတွေ့ဘဲ အဘိုးမှာ လူဆိုးများလက်မှ လွတ်ခဲ့ဖူးကြောင်းကိုလည်း ပြောပြတတ်သေး၏။

ထို့နောက် ဦးဘခိုင်တစ်ယောက် ထို ကိုယ်ပျောက်ဂါထာတော်အား စမ်းရွတ်ကြည့်လေသည်။ ငယ်ငယ်ကတည်းက ကဗျာတစ်ပုဒ်သဖွယ် အလွတ်ရနေသော ထိုဂါထာတိုလေးကို ဦးဘခိုင် ကောင်းစွာ မှတ်မိနေပါသည်။

ဤသို့လျက် ဦးဘခိုင်မှာ ထိုသူပုန်များ အရက်ရှိန်ကြောင့်မူးကာ အိပ်ပျော်သွားချိန် နေ့လယ် (၁၁)နာရီကျော် အချိန်၌ ကံကောင်းစွာ ချည်ထားသောကြိုးမှာ အနည်းငယ် လျော့



www.burmeseclassic.com

www.burmeseclassic.com

ခဲ့

ဦးဘခိုင် ဝမ်းသာအားရဖြင့် လက်မှ ကြိုးကို ရှန်းကာရှန်းကာလုပ်ရင်းမှ နာရီဝက်ကျော်ကျော်လောက် ကြာချိန်၌ ကြိုးမှာ လုံးဝပြေသွားပါသည်။

ဦးဘခိုင်မှာ လွန်စွာ ပျော်ရွှင်သွားပြီး လူအုပ်ကို အကဲခတ်ကြည့်လိုက်သည်။ တချို့မှာ စားပွဲပေါ်တွင်မှူးကာ မှောက်နေကြပြီး တချို့မှာတော့ ဦးဘခိုင်အား ကျောခိုင်းလျက် စကားဖောင်ဖွဲ့ပြောဆိုနေကြသည်။

ဦးဘခိုင် ထိုအခွင့်အရေးကို လက်လွှတ်ခံရှုံးမခံဘဲ ယိုင်နဲ့နဲ့ခြေလှမ်းများကို အားတင်းကာ တောထဲသို့ ပြေးဝင်လိုက်သည်။ ထိုစဉ် အနောက်မှ...

'ဟာ ဟိုလူ ပြေးပြီ'

ဟူသော အသံထွက်ပေါ်လာပြီး သေနတ်သံများလည်း ထွက်ပေါ်လာခဲ့သည်။ ဦးဘခိုင်မှာ ပြေးရင်း ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေ၏။ နောက်မှ ထိုသူများ ပြေးလိုက်လာပါသည်။

ဤသို့လျှင် နုံးချည့်နေသော ဦးဘခိုင်မှာ ဆက်လက် မပြေးနိုင်တော့ဘဲ သစ်ငုတ်တိုတစ်ခု အကွယ်တွင် ဝင်ပုန်းနေလိုက်၏။ သစ်ငုတ်တိုမှာ လူတစ်ထိုင်စာ အရွယ်သာရှိပြီး မီးလောင်ထား၍ မည်းနက်နေ၏။ အရွယ်စားမှာ လူတစ်ကိုယ်စာပင် ကောင်းကောင်း မကွယ်ချင်ပေ။

သို့သော် ဆက်ပြေးလျှင် လိုက်မီမှာ သေချာသောကြောင့် နောက်ဆုံးအားကိုးစရာအဖြစ် ထို သစ်ငုတ်တို အကွယ်တွင် ဝင်ပုန်းလိုက်ခြင်းဖြစ်၏။

ထို့နောက် သစ်ငုတ်တိုအား တုန်ယင်သော လက်များဖြင့်ကိုင်ကာ အဘိုးသင်ပေးခဲ့သော ကိုယ်ပျောက်ဂါထာတော်အား ယုံယုံကြည်ကြည်ဖြင့်



(၇)ခေါက် ရွတ်ဆိုလိုက်၏။

ထိုစဉ် ဦးဘခိုင်အနီးသို့ ထိုသူပုန်များ ရောက်ရှိလာကြကာ သစ်ငုတ်တိုဘေးတွင် ရပ်ကုန်၏။ စုစုပေါင်း (၆)ယောက်ဖြစ်၍ ကိုယ်စီ သေနတ်များကိုင်လျက် ဖြစ်သည်။

ဦးဘခိုင်မှာ ကြောက်လွန်း၍ ဆတ်ဆတ်တုန်နေ၏။ ဦးဘခိုင်အား တွေ့သွားပါက ချက်ချင်းပစ်သတ်မှာ သေချာနေပါသည်။ ထို့နောက် ရှမ်းဘာသာစကားဖြင့်...

'ဒီနားလေးတင် ပျောက်သွားတာကွ'

'တွေ့လို့ကတော့ကွာ အသေသတ်ပစ်မယ်'

ဟု ကြိမ်းမောင်းသံများကို ဘေးအနီးတွင် ဦးဘခိုင် အသည်းငယ်ချင်စရာ ကြားနေရ၏။

ဦးဘခိုင် ထိုသူများကို မြင်နေရသော်လည်း ထိုသူများက ဦးဘခိုင်အား လုံးဝမမြင်ကြပေ။ ထို့ကြောင့် ဦးဘခိုင် လွန်စွာ အံ့သြသွား၏။ ထို့နောက် ဦးဘခိုင် ရွတ်ထားသည့် ကိုယ်ပျောက်ဂါထာတော်၏ အစွမ်းကြောင့် ဦးဘခိုင်အား မမြင်ရခြင်းဖြစ်မည်ဟု ယုံကြည်သွား၏။

ထို့နောက် ဝမ်းသာအားရဖြင့် ထိုဂါထာတော်အား အဘိုးပြောသည့်အတိုင်း သစ်ငုတ်တိုကိုကိုင်၍ ဆက်လက် ရွတ်နေမိတော့သည်။

နောက်ဆုံး၌ ထိုသူပုန်များ လက်လျှော့ကာ စခန်းသို့ ပြန်သွားကြ၏။

ဦးဘခိုင်သည်လည်း ရွာသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်ရောက်ခဲ့ပါသည်။

ဦးဘခိုင်အဘိုး၏ ကိုယ်ပျောက်ဂါထာတော်အစွမ်းကြောင့် သေကံမရောက် သက်မပျောက်ခဲ့သဖြင့် တမလွန်မှ အဘိုးအား ကျေးဇူးတင်မဆုံးကာ ရှိခိုးနေမိပါတော့သည်။

ထိုနေ့ညပိုင်း၌ ထိုသူပုန်များ၏စခန်းအား မြို့မှ တပ်မတော်က စစ်သားများ အောင်မြင်စွာ ဝင်ရောက် ဖမ်းဆီးနိုင်ခဲ့၏။ ထိုအချိန်မှစပြီး ဦးဘခိုင်တို့တစ်ရွာလုံး ယခုချိန်ထိ အေးချမ်းသာယာစွာ နေထိုင်သွားနိုင်ကြပါတော့သည်။

ဦးဘခိုင်အား အသက်ကယ်ခဲ့သော ကိုယ်ပျောက်ဂါထာတော်မှာ...

'ဥ္ဂ ဂေါနေန ဂေါနော သုညတိ'

**အသံထွက်**

***'အုံ ဂေါနေန ဂေါနော သုန်ညာတိ'***

ဟူ၍ ဖြစ်၏။ သစ်ငုတ်တိုကို ကိုင်၍ (၇)ခေါက် ရွတ်ဖတ်ရခြင်း ဖြစ်ပါသည်။

**မှတ်ချက် ။ ။ ဦးဘခိုင်၏ ပြောပြချက်အား ဆီလျော်အောင် ရေးဖွဲ့ပါသည်။ (ကာယကံရှင်၏ ဆန္ဒအရ အမည်၊ နေရပ် လွှဲပြောင်းထားပါသည်။)**

*စာရှုသူများအား အစဉ် လေးစားလျက်...*


**ညီလေးငယ်(လယ်ဝေး)**

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ ကြွယ်လှိုင်ဆရာတော်ကြီး ချီးမြှင့်ခဲ့သော

# မြွေအာချုပ်မှုန့်

နေဝန်းသစ်



၁၉၈၇ ခုနှစ်က စာရေးသူ လယ်ထဲသွားရင်း ပိုးထိခံခဲ့ရ၏။ ထိုနေ့ ညနေက စာရေးသူသည် တူးရွှင်းပြားကိုထမ်းပြီး လယ်ရေပေါက်များ ကြည့်ရန် ထွက်လာခဲ့သည်။ စာရေးသူ၏ လယ်မှာ ရွာနှင့် ကပ်လျက်ရှိသည်။ ရွာထိပ်က ထွက်လျှင် လယ်ထဲရောက်ပြီဖြစ်သည်။

ရွာထိပ် လယ်တစ်ကွက်တွင် လက်ယာဘက်သို့ ချိုးကွေ့လိုက်လျှင် ပျိုးခင်း ဖြစ်သည်။ ပျိုးခင်းမှာ ပျိုးပင်ရက်(၂၀)ကျော်ပြီမို့ စိုက်လိုက စိုက်ပျိုးနိုင်သောအနေအထားဖြစ်သည်။

ပျိုးပင်တွေ အတော်ရှည်နေကြပြီ ပျိုးပင်များနှင့်အတူ မိုးကာလဖြစ်သည့်အတွက် ကန်သင်းမြက်တို့လည်း ခြေခင်းလက်ခင်း မမြင်နိုင်လောက်အောင် ပေါက်နေကြပြီဖြစ်၏။

စာရေးသူလည်း လယ်ကွက်များကို တစ်ကွက်ချင်း ရေပေါက်(ငါးရှဉ့်) ကျင်းများ ရှိ မရှိ လျှောက်ကြည့်ရင်း နောက်ဆုံး ပျိုးခင်းလယ်ကွက် ရောက်ခဲ့သည်။ ထိုအချိန် မြက်များ စိမ်းစိမ်းစိုစိုနှင့် ထူထပ်စွာ ပေါက်နေသည့် လက်ကန်သင်းတွင် ပျော့စိစိအရာတစ်ခုကို ရုတ်တရက် နင်းလိုက်မိ၏။

စာရေးသူလည်း လန့်ခုန်လိုက်မိသည်။ သို့သော် အလန့်တကြား ထခုန်လိုက်၍လား မပြောတတ်၊ ထိုပျော့စိစိအရာပေါ်ပဲ ပြန်ကျ၍ ခြေမျက်စိအထက်နားတွင် "ပူ"ခနဲဖြစ်ပြီး လူကိုဆောင့်တွန်းလိုက်သလို ဖြစ်ကာ လယ်ကွက်ထဲသို့ ယိုင်ကျသွားသည်။

ထိုအချိန် လျှာခနဲ ပျိုးခင်းထဲ ထွက်ပြေးသွားသော လက်ကောက်ဝတ်ခန့် မြွေဟောက်ကြီးကို မြင်လိုက်ရ၏။

မြွေဟောက်ကြီးကိုမြင်တော့ စာရေးသူလည်း "လာကြပါဦး မြွေ...မြွေ"ဟု လန့်အော်လိုက်သည်။ ချက်ချင်း ရွာထဲက လူများရောက်လာပြီး ဆေးရုံအချိန်မီ ပို့ခဲ့ကြသဖြင့် အသက်ချမ်းသာရာရခဲ့သော်လည်း နှစ်ရက်လောက် သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေခဲ့သည်။

ထိုအချိန် စာရေးသူအား လာရောက်မေးရန် ဇရပ်လှ (ထိုစဉ်က) ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင် ရောက်လာသည်။ "မသေကောင်း မပျောက်ကောင်းဗျာ"ဟု စာရေးသူကို ကြည့်၍ စိတ်မကောင်းစွာ ပြောခဲ့သည်။

ထိုသို့ပြောပြရင်း **ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြွယ်လှိုင် ဆရာတော်မှာ မြွေနှင့်ပတ်သက်က အလွန်နိုင်နင်းကြောင်း၊ မြွေနိုင် "ထိုးဆေး"များလည်း** ရှိကြောင်း ပြောသဖြင့် ဆေးရုံက ဆင်းပြီး တစ်လလောက်အကြာ၌ မိတ်ဆွေ ဦးညွန့်တင်နှင့်အတူ ကြွယ်လှိုင် ဆရာတော်ထံသို့ ရောက်ခဲ့ပါတော့၏။

စာရေးသူက မိမိအဖြစ်အပျက်များနှင့် ဆရာတော်ထံ လာရခြင်းအကြောင်းများကို လျှောက်ထားသော အခါ ဆရာတော်က ယခင်ကတော့ **"စွယ်ပေါင်းစုံ" မြွေနိုင်(စုတ်)ထိုးဆေး**များရှိသော်လည်း ယခုတော့ မရှိတော့ကြောင်း၊ စွယ်ပေါင်းစုံရဖို့ကလည်း မလွယ်ကြောင်း...

ထိုအထဲ ငန်းတော်ရေမြွေမင်းသား၏သည်းခြေ၊ မြွေပါသည်းခြေနှင့် မြွေ မျက်လုံးများပါနေသဖြင့် ပုံသကူလည်း ရဖို့ မလွယ်သောကြောင့် ထိုးဆေး လုံးလုံး စွန့်လိုက်ပြီဖြစ်ကြောင်း မိန့်ကြားကာ...

'အကာ... အလိုရှိရင်တော့ မြွေအာ[illegible] အာချုပ် မှုန့်တစ်ပုဒ်ပေးလိုက်ပါ့မယ်။ အဲ[illegible] မှုန့်နဲ့ မိမိရဲ့လုပ်ကွက် လယ်ယာကိုင်း[illegible] ထဲမှာ ဖြစ်စေ၊ သွားလိုတဲ့ ခရီးလမ်းမှာဖြစ်[illegible] လက်ညှိုးထိုးပြီး (၇)အုပ်ရွတ်ရတယ်။ မှုန့်[illegible] တစ်ပုဒ်ဆုံးတိုင်း ဖနောင့်တစ်ချက် ပေါက်[illegible] တယ်။

ဘယ်လိုမြွေမျိုးမှ ခေါင်းမထောင်နိုင်၊ ပါး[illegible] မဟနိုင်ဘူး။ ကိုယ့်လုပ်ငန်းပြီးရင်လဲ အာ[illegible] အာချုပ်မြွေမှုန့်နဲ့ ပြန်ဖြေရတယ်။

တစ်ခုရှိတာက ကိုယ် မြွေအာစေးအာ[illegible] လုပ်တော့မယ်ဆိုရင် မလုပ်ခင်(၃)[illegible] လောက် အလိုကနေပြီး မြွေတွေကို [illegible] လုပ်ကွက် လယ်ယာကိုင်းကျွန်း ပိုင်[illegible] အတွင်းမှာ မည်သူ့မျှ အန္တရာယ်မပေးတဲ့ လွတ်[illegible] ကျွတ်ရာ ထွက်သွားကြဖို့ မိမိ မြွေ[illegible] အာချုပ် လုပ်တော့မည့်အကြောင်း အ[illegible] မေတ္တာပို့ရမယ်။

အဲဒီလို အမိန့်ပြန်ပြီးမှ မြွေအာစေးအာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမယ်။ အဲဒီဘုန်းကြီးပြောတဲ့ စည်းလေးကိုတော့ စောင့်ထိန်းကြရမယ်'

ဟု အမိန့်ရှိ၍ **မြွေအာချုပ်မန္တန်နှင့် မြွေအာစေးဖြေမန္တန်**တို့ကို စနစ်တကျ စာနှင့်ရေး၍ ပေးလိုက်ပါသည်။

စာရေးသူလည်း အိမ်ရောက်သည်နှင့် ဆရာတော် မိန့်ကြားလိုက်သည့်အတိုင်း မြွေအာစေးအာချုပ် မလုပ်ခင် (၃)ရက်လောက်ကြိုတင်ပြီး မြွေများကို အမိန့်ပြန်ကာ (၃)ရက်မြောက်သည်နှင့် မန္တန်ကို ရွတ်၍ မြွေအာစေးအာချုပ် လုပ်ပါတော့သည်။

ထိုသို့ ပြုလုပ်ပြီးသည်နှင့် စာရေးသူလည်း ဖါးကုန်းမြို့ မဟာစည် သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက်တွင် တရားသွားထိုင်ရင်း ဥပုသ်ရက်ရှည်ယူခဲ့သဖြင့် မြွေအာစေးအာချုပ် ပြန်ဖြေရန် မေ့လျော့ခဲ့ပါသည်။

လုပ်ငန်းကိုင်ငန်းများ သိမ်းပြီးချိန် နွေရာသီ တရားစခန်းမှ ပြန်ခဲ့မှ မြွေအာစေးအာချုပ် ပြန်ဖြေရန် သတိရသဖြင့် ဖြေရပါသည်။

သို့သော် စာရေးသူ၏ အစ်ကိုကြီးဖြစ်သူက...

'မင်းမရှိမှ ခြံထဲမှာ ဟိုက ပုပ်စော်နံ့ ဒီက ပုပ်စော်နံ့နဲ့မို့ သွားကြည့်တော့ ခွေပုံလိုက်သေနေတဲ့ မြွေပွေးတွေ၊ တန်းလန်းကြီးသေနေတဲ့ မြွေဟောက်တွေ အားလုံးအကောင်(၂၀)လောက်တွေ့ရတယ်။ တချို့လဲ အရိုးတွေကျနေပြီ'

ဟု ဆိုသဖြင့် မြွေအာချုပ်ထားသည်ကို ပြန်မဖြေမိသည့်အတွက် ယခုလို မြွေများသေရသည်ဟု တွေးမိပြီး အတော် စိတ်မကောင်း ဖြစ်ရပါတော့သည်။

ပေါင်းတည်မြို့ ကြွယ်လှိုင်ဆရာတော်ကြီး (၁၉၈၇)ခုနှစ်က ချီးမြှင့်ခဲ့သော မြွေအာစေးနှင့် မြွေအာချုပ်ဖြေမန္တန်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မြွေအာစေးအာချုပ်မန္တန်

'ဥုံ ဖားပြုတ်ပါးစပ် ကင်းတန်းလန်း ဂဠုန်လာ နဂါးဆုတ်၊ ဖွဟ' *[(၇)အုပ်]*

မြွေအာစေးအာချုပ်ဖြေမန္တန်

'ဥုံ ဖားပြုတ်ပါးစပ် ကင်းတန်းလန်း နဂါးလာ ဂဠုန်ဆုတ်၊ ဖွဟ'*[(၇)အုပ်]*

**မှတ်ချက်။ ။ ထိုမြွေအာစေးအာချုပ် မပြုလုပ်မီ သွားလိုရာ ခရီးလမ်းမှအပ လုပ်ကွင်းလုပ်ကွက် လယ်ယာကိုင်းကျွန်းတွင် ပြုလုပ်ပါက မပြုလုပ်မီ (၃)ရက်အလို (သို့မဟုတ်) အနည်းဆုံး တစ်ရက်အလို မြွေများကို မေတ္တာပို့၍ မိမိ မြွေအာစေး အာချုပ်လုပ်တော့မည် ဖြစ်ကြောင်း အမိန့်ပြန်၍ နှင်ရပါမည်။**

**ပြုလုပ်နည်းမှာ။ ။** မိမိအလိုရှိရာ ရည်ညွှန်း၍ လက်ညှိုးထိုးပြီး မန္တန်ကို ဌာန်ကရိုဏ်းကျကျ ရွတ်၍ မန္တန်တစ်ပုဒ်ဆုံးတိုင်း တစ်ခါ ဖနောင့်ပေါက်မန်းရမည်။ (၇)အုပ်၊ (၇)ခါ ဖနောင့်ပေါက်ရမည်။

နောက် မိမိလိုသလို ဆောင်ရွက်ပြီးပါက အထက်ပါနည်းအတိုင်း လက်ညှိုးထိုး ဖနောင့်ပေါက်၍ မြွေအာစေးအာချုပ် ပြန်ဖြေရမည်။

**အမိန့်မပြန်ဘဲ မြွေအာစေးအာချုပ် မလုပ်ပါရန်နှင့် ပြန်မဖြေဘဲ မထားပါရန် ဆရာတော်ကြီးမှ အထူးမေတ္တာ ရပ်ခံခဲ့ပါသည်။**

**[ဤစာမူဖြင့် ကြွယ်လှိုင်ဆရာတော်ကြီးအား ပူဇော်အပ်ပါသည်။]**

***မြွေဆိုးအန္တရာယ်မှ ကင်းဝေး၍ နလုံးစိတ်ဝမ်း ငြိမ်းအေးကြပါစေ။***

**နေဝန်းသစ်**

စာမျက်နှာ (၂၁၄)မှ အဆက်

(ဆံပင်)စည်းကြိုးကွင်းနှင့်ဆင်တူပါသည်။

ဖွာနေသော ဆံပင် ခန့်ဆီးပိတ်စ ကြိုးစစသည်တို့ကို စုစည်းထားသော အဆင်တန်ဆာ ဖြစ်သည်။

ပေါင်းစည်းခြင်း၊ ကျစ်လျစ်ခြင်း။ သိပ်သည်းခြင်းသဘောကို ဆောင်သောကြောင့် နိမိတ်ကောင်းလှသော အဆင်တန်ဆာဖြစ်သည်။ ပွဲတော်ရက်များတွင် မိသားစုသိုက်မြိုက် စုစည်းမှုရှိခြင်း။ ညီခံပွဲတွင် မိတ်ဆွေသင်္ဂဟများစုစုဝေးဝေးရှိခြင်းစသည်ဖြင့်စုပေါင်းညီညာခြင်းသင်္ကေတဖြစ်ပေသည်။

ဦးစီးဦးဆောင်ဖြစ်သော ခေါင်းဆောင်ဘိုးဘွား၏ လမ်းညွှန်ပံ့ပြင်မှုကို ခံယူကာ သားမြေးစဉ်ဆက်ညီညွတ်ခြင်းဖြစ်လေသည်။

- ပုံ(၁) လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်သုံးချောင်းကို ပြားအတိုင်း ကြက်ခြေပုံသဏ္ဌာန်ပတ်ပါ။
- ပုံ(၂) ပြားအတိုင်း ကြက်ခြေနှစ်ထပ်လျှိုပါ။
- ပုံ(၃) လက်ဖမိုးဘက်မှ မြင်ရပုံ ဖြစ်၏။
- ပုံ(၄) အဖျားဘက် (လက်သည်းရှိရာဘက်)မှ ကြိုးစကို လျှိုပါ။
- ပုံ(၅) ပြားအတိုင်း နှစ်ဆင့်လျှိုပါ။
- ပုံ(၆) လက်ဖဝါးဘက်မှ ထပ်၍လျှိုပါ။
- ပုံ(၇) ကျစ်လျစ်စေရန် ညှိပါ။
- ပုံ(၈) လက်ချောင်းမှ ဖြုတ်၍အဝတ်စနှစ်စ (သို့မဟုတ်) ကြိုးစကြိုးနှစ်စကိုထိန်းကွပ်သည့် အနေဖြင့် ကွင်းစွပ်(ချည်)ပါ။
- ပုံ(၉) အပေါ်ကြိုးစကို ထပ်၍ ကွင်းလျှိုပါ။
- ပုံ(၁၀)ကြိုးနှစ်ထပ်ရှိသော ကွင်းဖြစ်အောင်လျှိုပါ။
- ပုံ(၁၁)ကြယ်သီးအဆင်တန်ဆာ ကြိုးချည်နည်းနှင့် အသုံးပြုထားသောပစ္စည်းအချို့ပုံဖြစ်သည်။

**[ဤကြိုးထုံးနည်းကို မြန်မာရေမြေတွင် နီးစကြိမ်စများဖြင့် ပြုလုပ်အသုံးချလေ့ ရှိကြသည်။ အထူးသဖြင့်ကျေးလက်ဒေသတွင်အသုံးများပါသည်။ ဥပမာ အုန်းလက် (အရွက်များသင်ထားသည့် အုန်းရွက်အရိုးတံ) တံမြက်စည်းကို ထိန်းကွပ်ရာ၌ သုံးသော အစွပ်ကွင်း)ကို ရှုပါ။]**

**ဟူကျင်းဇီ**

www.burmeseclassic.com

ယခင်လမှ အဆက်

ဟူကျင်စီ

# တရုတ် ကြိုးထုံးပညာ (၉၅)

အခြေခံ ကြိုးထုံးနည်း( ၉၅ )

纽扣饰


Niǔ Kòu Shì


နျို ခို ရှိ

ကြယ်သီးအဆင်တန်ဆာ


**နျိုခို**(Niǔ Kòu)သည် **ကြယ်သီး**ဟု အဓိပ္ပာယ်ရ၍ **ရှိရှ်**(Shì)သည် အဆင်တန်ဆာ ဖြစ်သည်။

ကြယ်သီးအဆင်တန်ဆာဟု ဆိုသော်လည်း မြန်မာဓလေ့တွင် ခေါင်း




▼ (ပုံ-၁၁) ကြယ်သီးအဆင်တန်ဆာ





စာမျက်နှာ (၂၁၃) သို့

www.burmeseclassic.com

မဟာရွှေကူကြီးကျောင်း ဆရာတော်၏

# မြင်းခွာရွက်ဆေးလုံး

ရွှေတောင်မြို့ သရက်တောရပ်တွင် ကိန်းဝပ်တော်မူသော မဟာရွှေကူကြီး စေတီပူဇော်မှုတွင် စေတီသမိုင်းကို သိလိုသဖြင့် အရှေ့ဘက်ကပ်လျက် ဘုန်းကြီးကျောင်းသို့ သွားရောက်စုံစမ်း၏။ ဆရာတော်က မှတ်မိသမျှ မိန့်ကြားကာ သိမ်းဆည်းထားသည့် ဗလာစာရွက်အချို့ကို ထုတ်ပြသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ခန့်က စေတီမွမ်းမံမှုအတွက် အလှူခံရရှိငွေစာရင်း၊ သုံးစွဲမှုစာရင်းများသာ တွေ့ရသည်။ ဆေးနည်းအချို့ကိုလည်း ရေးသားထားလေရာ ဆရာတော်ကြီး၏ မှတ်စုမှ မြင်းခွာရွက်ဆေး ဖော်စပ်နည်းကို ဒါနပြု ထပ်ဆင့် ဖြန့်ဝေပါ၏။

ဤဆေးကား သထုံခရိုင် တိုက်နယ်မြို့တစ်မြို့မှ **နာမည်ကျော် သွေးတိုးကျဆေး ဖြစ်နေသည်ကို** ဆေးဖော်စပ်ပုံ အချိုးအဆအရ ခန့်မှန်းသိရှိရသည်။ အဝေးပြေးကုန်တင်ယာဉ်မောင်းများမှတစ်ဆင့် ထိုဆေးကို စားသုံးဖြစ်ခဲ့သည်။

'ကျွန်တော့်မှာ သွေးပေါင်ချိန် ၂၀၀ နီးပါး တက်လေ့ရှိတယ်။ အဆီတွေ အငန်တွေ အစားများတာနဲ့ ထိုးတက်တာပဲ'

'ဒါတောင် ခင်ဗျားစားတာတွေက အုန်းနို့များများ ငါးပိများများ အသားဆိုရင်လဲ ဝက်သုံးထပ်သားမှ အစားအသောက် ဆင်ခြင်ပေါ့ဗျာ'

'အဟား မလိုပါဘူးဗျာ။ စားချင်တာစားပြီးရင် ဒီဆေး(၇)လုံးလောက် မြိုချလိုက်။ ဘာမှမဖြစ်တော့ဘူး'

*သူ ညွှန်သဖြင့် ဝယ်ယူသုံးစွဲရာ* အစွမ်းထက်လှသည်ကို တွေ့ရပါသည်။ ဆေးဖော်ရောင်းသူမှာ ဘုံဘုရားကျောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်ရာ ရိုးရာဓလေ့ ဘာသာရေးပွဲတော်များတွင်တွေ့ဆုံခင်မင်ပြီးဖြစ်သည်။

ဆေးနည်း တောင်းသောအခါ ဆေးမည်ကိုသာ ပြောပြ၍ အချိုးအဆကိုမူ မပြောပါ။


'ကျွန်တော် ဒါလေးနဲ့ စားနေရတာပါဗျာ'

ဟုသာ ဆိုလေသည်။

**ဆရာတော်၏ မှတ်စုမှဆေး**

ဆရာတော်၏မှတ်စုတွင် ဖော်ပြထားသော ဆေးနည်းမှာ...

**မြင်းခွာရွက်ဆေးလုံး**



ဆရာတော်၏မှတ်စုမှ မြင်းခွာရွက်ဆေးနည်း

၁။ မြင်းခွာရွက်(အရိပ်တွင်လှန်းပြီး) ၆ကျပ်သား
၂။ ပိတ်ချင်းသီး ၃ကျပ်သား
၃။ ဇရုတ်ကောင်း ၂ကျပ်သား
၄။ ချင်းခြောက် ၁ကျပ်သား

အမှုန့်ပြု၍ရော ပျားရည်နှင့်တော **စားတော်ပဲအရွယ်ခန့် လုံးထားပါ။**

တစ်နေ့လျှင် **သုံးလုံးမှ ငါးလုံး အထိ** သောက်ရမည်။

အဖျားအို အဖျားဟောင်း၊ ဝမ်းအောင့်၊ ဆီးအောင့်၊ ဆီးကျန်၊ ဆီးရိုလျက် မဆင်းသောရောဂါ၊ မျက်စိမှုန်၊ မျက်စိအားနည်းခြင်း၊ မှတ်ဉာဏ်အားနည်းခြင်းရောဂါများ ကိုယ်ခံအားနည်း*၍ ရောဂါစုံ ဝင်ရောက်ခံစားနေရသူများ* သောက်သုံးရန် သင့်လျော်သည်။

ကိုယ်ခံ အားနည်းခြင်းအတွက် ငရုတ်ကောင်းကိုကဲ၍ (ပို၍) စပ်ပါ။

ဟူ၍ ဖြစ်လေသည်။

ဤတွင် ဆေးမြင်းခွာ၊ ပန်းမြင်းခွာ၊ မြင်းခွာငယ်ခေါ် အညာမြင်းခွာရွက်များကို မသုံးရပါ။ တို့မြှုပ်သုပ်စားကြသော မြန်မာမြင်းခွာ၊ သာမန်မြင်းခွာရွက်ကိုသာ သုံးရ၏။ ဆေးမြင်းခွာနှင့် ပန်းမြင်းခွာတို့မှာမြင်းခွာနွယ်ဝင်များ မဟုတ်ကြပါ။

အညာမြင်းခွာခေါ် မြင်းခွာငယ်မှာ အဆစ်အမြစ်တစ်ခုတွင် တစ်ရွက်သာ ထွက်၍ အရွက်သေးငယ်သည်။ သာမန်မြင်းခွာမှာ အဆစ်တစ်ခုမှ သုံး,လေးရွက် ပြိုင်ထွက်လေ့ရှိပါသည်။

ပဋ္ဌငါးပါးကို ရေစင်အောင်ဆေးပြီး အရိပ်တွင် ခြောက်သွေ့အောင်ထားပြီးမှ သုံးစွဲပါ။

*[ဆရာတော်၏ ဘွဲ့အမည်နှင့် ဓာတ်ပုံတို့မှာ ကာယကံရှင်ဆန္ဒအရ ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။]*


**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ



# ထီဆုငွေ

ဤလတွင် ဖွင့်လှစ်မည့် ထီဆုငွေများနှင့် နီးစပ် ကံကောင်းနိုင်ကြစေရန် ရွေးချယ်သင့်သည်။ ဂဏန်းခြေများမှာ **၁၊ ၄၊ ၅၊ ၈** တို့ဖြစ်ကြ၍ **က၊ ငှ၊ ပ၊ ဟ** အက္ခရာများဖြင့် တွဲဖက်နိုင်ကြပါသည်။

ဂဏန်းတူ၊ ဂဏန်းထပ်များကို အလိုရှိပါက အထက်ပါ ဂဏန်းများ အနက် နှစ်လုံးနှင့် အထက်ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။

မိမိတို့၏ မွေးနှစ်အလိုက် ကံအခွင့်အလမ်းကို အောက်တွင် ကြည့်ပါ။


* * *

ကြွက်နှစ်ဖွားဖြစ်လျှင် ကံပွင့်ဂဏန်း (၁)ဖြစ်သည်။ အပြာရောင်သည် လာဘ်ပွင့်စေ၍ မြောက်အရပ်သည် ကံပွင့်အရပ်ဖြစ်သည်။ အင်္ဂါသားသမီးနှင့် စပ်တူထိုးသင့်သည်။ ဗုဒ္ဓဟူးနေ့တွင် ရွေးချယ်ကံစမ်းရန် ဖြစ်သည်။

ထီးလက်မှတ် ရောင်းချသော ဆိုင်တည်ရာ ဌာနဗလအင်အားကို ရယူလိုပါက...

ကမ်းနား၊ လှေဆိပ်၊ သင်္ဘောဆိပ်၊ ရေကန်ကြီးများ၊ ရေပေးဝေရာဌာန၊ ရေစင်ကြီးများ၊ ရေစုပ်စက်များ၊ ငါးပိငါးခြောက် ရေထွက်ပစ္စည်းအရောင်းဆိုင်၊ လှေ၊ သင်္ဘော၊ သောက်သုံးဖွယ်

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား ကျား | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး မြွေ | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ်၊ မျောက် | ၂ | မြမ်ိ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး ဝက် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |



ဖျော်ရည်ပစ္စည်းများ အရောင်းဆိုင် စသည်တို့အနီး ဖွင့်လှစ်ရောင်းချသော ထီလက်မှတ် အရောင်းဆိုင်များတွင် ကံစမ်းပါ။

**ထီကံပွင့်ယတြာ ပြုလိုပါက...** ဗုဒ္ဓဟူးနေ့တွင် သက်ကြီးပိုင်း အမျိုးသားတစ်ဦးအား သောက်သုံးဖွယ် အဖျော်ပစ္စည်း တစ်မျိုးမျိုး လှူဒါန်းပြီးလျှင် သမ္မာဒေဝများအား တိုင်တည်လျှောက်ထားပါ။ ထီနှင့် ကံစမ်းမဲများအတွက် ပို၍အဆင်ပြေ နီးစပ်နိုင်ကြပါလိမ့်မည်။


***ဝူယွင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com





# အပင်လေးပင် ဘယ်အပင်

မိုးပုလဲ လက်ဖက်ရည်ဆိုင်မှာ ကုန်ရက်ဖြစ်၍ လူစည်ကားလျက်ရှိနေသည်။

ထိုစဉ်...

ပျောက်နေသည်မှာ ကြာပြီဖြစ်သော ကျေးတောစောလှိုင် မောင်မြင့်ဦး ဝင်လာသည်ကို တွေ့လိုက်ရသည်။

'ဆရာမိုးက ဒီရောက်နေတာကိုး။ ကျွန်တော် အိမ်ကို ဖုန်းလှမ်းဆက် လိုက်သေးတယ်'

ကျေးတောက ကျွန်ုပ်ရှေ့က ထိုင်ခုံတွင် ပြောဆိုရင်း ဝင်ထိုင်လိုက်သည်။

'ကဲ...ငါနဲ့ဆုံတော့ မင်းက ဘာမေးချင်သေးသလဲ'

ကျွန်ုပ်က သူ့သဘောကိုသိပြီးဖြစ်၍ ကြိုပြီး မေးလိုက်သည်။

'ဆရာမိုး ဗေဒင်ဆောင်းပါးလေးတွေက တိုပေမယ့် မှန်တာ များတယ် ။ လုပ်ကြည့်ပါဦးဆရာ။ ကျွန်တော်က ဘာပင်လဲ'

ယခင်က ကျွန်ုပ် ရေးခဲ့သော ထန်းပင်၊ အုန်းပင်၊ သဘော်ပင်၊ ကော်ပျော်ပင်ကို ရည်ရွယ်ကာ ကျေးတောက ပြောလိုက်ခြင်း ဖြစ်သည်။

'မင်းက ထန်းပင်ဖွားလို့ ငါပြောခဲ့တယ်လေကွာ။ ရိုးရိုးသားသား အလုပ်လုပ်တတ်တယ်လို့ ငါ ပြောခဲ့တယ်လေ'

ကျေးတောက. ရယ်နေသည်။

'နောက်ထပ်ရှိသေးရင် တွက်ကြည့်ပေးပါဦး ဆရာမိုးရယ်။ ကျွန်တော်က ဆင်းရဲမှာ သိပ်ကြောက်တာ ဆရာမိုးရ'

ကျွန်ုပ်လည်း သူ တိုက်သည့် လက်ဖက်ရည်သောက်ပြီးပြီဖြစ်၍ စုဆောင်းထားသည့် (အပင်) တွက်နည်းထဲမှ တွက်နည်းတစ်ခုကိုယူကာ တွက်ပြလိုက်သည်။

'ဆင်းရဲမှာ မကြောက်နဲ့ ကျေးတောရေ။ ဒီတွက်နည်းအရ မင်းက **စပါးပင်ဖွား** ဖြစ်နေတယ်ကွ'

ကျွန်ုပ်က တွက်ကြည့်ပြီး သူ့ပခုံးကို လှမ်းရိုက်ကာ ပြောလိုက်သည်။

'လုပ်ပါဦး ဆရာမိုးရယ် တွက်နည်းလေး'

အကြံသမား ကျေးတောက ခါးကြားမှာ ဝှက်ယူလာသော မှတ်စုစာအုပ်ကို ထုတ်ယူကာ ပြောလိုက်သည်။

'သိနေတယ်လေ သိနေတယ် လိုက်မှတ်ပေတော့'

**အပင်(၄)ပင် တွက်နည်း**

မွေးဖွား သက္ကရာဇ် ထောင်ရာပယ်၊
(၇)နှင့်ပေါင်း၊ (၁၂)နှင့်စား၊
အကြွင်းများလျှင် (၄)နှင့်ထပ်စား၊
ဥပမာ ၁၃၁၉ ခုနှစ်ဖွား ထောင်ရာပယ်(၁၉)
၁၉ + ၇ = ၂၆ ÷ ၁၂ = (၂)ကြွင်း၊
(၁)ကြွင်း ညောင်ပင် ကိုယ်စိတ်နှစ်ပါး ချမ်းသာမည်။
(၂)ကြွင်း စပါးပင် စားနိုင်သောက်နိုင်မည်။
(၃)ကြွင်း အရွက်မရှိအပင် ဆင်းရဲမည်။
(၀)ကြွင်း ပဒေသာပင် လိုရာပြည့်စုံမည်။

ကျွန်ုပ် လေ့လာချက်အရ (၃)ကြွင်း သမားများသည် စိတ်ဆင်းရဲမှုများ တတ်သည်ကို တွေ့ခဲ့ရသည်။

'ကွက်တိပဲ ဆရာမိုးရေ။ စပါးပင်ဆိုတာ လယ်ယာတောမှာ ရှိတာ။ ကျွန်တော်ကလဲ ကျေးတောဆိုတော့၊ ဟုတ်တယ် ကျွန်တော့်အလုပ်ကို တောရွာတွေဘက်က ပိုအားပေးတယ်ဗျ'

ဘေးဝိုင်းက ရယ်သံတွေ လွှမ်းမိုးသွားခဲ့သည်။ ကျေးတောကား ရောရောင် ရယ်မောကာ ငှက်အသွင် ပြန်ထွက်သွားပါတော့သည်။

**ကျော်မိုးလွင်(ဝါးခယ်မ)**





www.burmeseclassic.com

www.burmeseclassic.com

ရှားပါးတိမ်မြုပ်နေသော

# ပုတီးစိပ်နည်း

အောင်မြင့်ကျော်
(နေလပီဌာဂိုဏ်းတော်ကြီး)

မန္တလေးမြို့ရှိ စန္ဒာမုနိမြတ်စွာဘုရားကြီးတွင် စာရေးသူ အမိဋ္ဌာန်ဝင်ခဲ့စဉ်က ထူးခြားသော ဖြစ်စဉ်တစ်ခု တွေ့ခဲ့ရသည်။ ယင်းမှာ နှစ်ပေါင်း (၁၀၀)ကျော် သက်တမ်းရှိ ကြေးပုရပိုဒ်တစ်ခု ရရှိခဲ့မှုပင်ဖြစ်သည်။ ထိုပုရပိုဒ်တွင် ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များကို ရေးသား မှတ်တမ်းတင်ထားခြင်းပင် ဖြစ်သည်။

စာရေးသူကိုယ်တိုင်လည်း မြန်မာ့ဝိဇ္ဇာဓရလောကီပညာများကို လေ့လာလိုက်စားနေသူဖြစ်ရာ ထိုကြေးပုရပိုဒ်ထဲမှ ပညာရပ်များကို စိစစ်လေ့လာခြင်း၊ စမ်းသပ်စီရင်ခြင်းများ ပြုခဲ့ရာ အတော်အတန်ပင် ထူးခြားအောင်မြင်မှုများကို တွေ့ရလေသည်။

အချို့သော အစီအရင်များမှာ စာရေးသူ သိရှိထားခြင်းများနှင့်တူခြင်း၊ အချို့မှာ တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးသေးခြင်းဖြင့် အမျိုးမျိုးသော အစီအရင်များ ပါဝင်ရာ ယနေ့ခေတ်တွင် စီရင်ရန် မလွယ်ကူသော ပညာရပ်များကိုလည်း တွေ့ရှိရပါသည်။

ခေတ်ကာလနှင့် မလျော်ညီတော့သော အစီအရင်များ **(ဥပမာ အသားငါးကြော်ရာ၌ သူတစ်ပါးက မနာလို၍ ပြုစားထားသည်ကို ကာကွယ်ခြင်း၊ ရက်ကန်းယက်ရာ၌ မပြုစားနိုင်စေရန် ပြုလုပ်နည်း စသည်ဖြင့်)** ကို ချန်လှပ်ထားပြီး ခေတ်ကာလနှင့်လည်း ကိုက်ညီ အများသူငါလည်း အကျိုးရှိစေမည့် ပညာများကို ရေးသားဖော်ပြမည်ဟု ဆုံးဖြတ်ထားပါသည်။

ဤပုတီးစိပ်နည်းသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်များကို ဖွဲ့ဆိုစီရင်ထားခြင်းပင်ဖြစ်သည်။ စာရေးသူတို့ အများစု သိရှိနေကြသော အရဟံအစ ဘဂဝါ အဆုံး (၉)ပါးသော ဂုဏ်တော် မဟုတ်ဘဲ ဘုရားရှင်မှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်မှ မရှိနိုင်သောဂုဏ်တော် အာဝေဏိကဂုဏ်တော် (၁၈)ပါးပင် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် အများစု သိရှိကြသော ဓာရဏပရိတ်တော်တွင် ဤဂုဏ်တော်(၁၈)ပါးပင် ပါဝင်ပြီး ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ရရှိမည့် အကျိုးတရားများကို သီကုံးဖွဲ့ဆိုထားပါသည်။

ယခု ပုတီးစိပ်နည်းမှာ ထိုပရိတ်တော်ကိုပင် ရှေးပညာရှင်ကြီးတို့က ကျင့်စဉ်ပုတီးစိပ်နည်းအဖြစ် ဖန်တီးခဲ့ကြဟန်တူသည်။

မည်သို့ပင် ဆိုစေကာမူ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို ပွားများရသောကြောင့် ကောင်းမြတ်သော အကျိုးကျေးဇူး ရှိမည်ကိုကား ယုံကြည်မိသောကြောင့် ကိုယ်တိုင် ကျင့်ကြံခဲ့ရာ ထူးခြားသော အကျိုးတရားများ ရရှိခဲ့ပါသည်။

စာရေးသူ အဓိဋ္ဌာန်ကျင့်ပြီးစ အခါတွင် မိမိနှင့် နီးစပ်ရာ အခက်အခဲကြုံတွေ့နေသူများ၊ ဘေးဒုက္ခ



အန္တရာယ် ကြုံတွေ့နေရသူများကို ဤပုတီးစိပ်ကိုပင် ဓမ္မဒါနပြု ကျင့်ကြံစေ ခဲ့ရာ ထိုသူတို့မှာလည်း ကြုံတွေ့နေ သော အပူအပင်များ၊ အခက်အခဲများ ကင်းစင်ပပျောက်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့် ဘဝအခြေအနေ တိုးတက်သွားတော့သည်ကို တွေ့ရှိ ရသည်။

ထို့ကြောင့် စာရေးသူလည်း ဤ ပုတီးစိပ်နည်းကို အများသူငါ သိရှိ ကျင့်ကြံနိုင်စေရန် ရေးသားတင်ပြလိုက် ရပါတော့သည်။

အာဝေဏိကဂုဏ်တော် ပုတီးစိပ် နည်း အဓိဋ္ဌာန်(၃၁)ရက်တိတိ ဖြစ် သည်။ ထိုရက် မပြည့်ဘဲ ညအိပ်ည ခရီးသွားခြင်း(ညမအိပ်ဘဲ နေ့ချင်းပြန် ပါက ရပါသည်။) နေရာပြောင်းအိပ် ခြင်း၊ နာရေးအိမ်သို့ ရက်မလည် သွားရောက်ခြင်းတို့ကို ရှောင်ကြဉ် မည်။ ပြုလုပ်မိပါက အစမှ တစ် စတင်ရပါသည်။

ရှေးဦးစွာ အဓိဋ္ဌာန် စတင် ဝင်တော့ မည်ဆိုပါက ရတနာ(၃)ပါးအား ကန်တော့ခြင်း၊ မပြစ်များကော် ခင်ပွန်းကြီး(၁၀)ပါးအား ဝန်တော် ကန်တော့ခြင်း၊ (၅)ပါး,(၈)ပါး,(၁၀) စသည်ဖြင့် မိမိ တတ်နိုင်သော သီ

www.burmeseclassic.com

ခ်ိယူဆောက်တည်ခြင်း...

ပန်း, ရေချမ်း, ဆီမီး, ဝတ္ထုခဲဖွယ်တို့ကို သဒ္ဓါတတ်စွမ်းသလောက် လှူဒါန်းခြင်း၊ (၃၁)ဘုံလုံးရှိ ဝေနေယျ သတ္တဝါတို့အား ထက်သန်သော စိတ်ဖြင့် မေတ္တာပို့သခြင်း၊ အမျှကုသိုလ် ပေးဝေခြင်း၊ သစ္စာဆိုခြင်း၊ တိုင်တည် ခြင်း၊ အဓိဋ္ဌာန် စတင်ဝင်ခြင်းဟူ၍ အဆင့်ဆင့် ပြုလုပ်ရပါမည်။

အဓိဋ္ဌာန်ဝင်ရာ၌ မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် လည်းကောင်း၊ နှစ်သက်ရာ ဘုရားစေတီတစ်ဆူဆူ လျှင်လည်းကောင်း ကျင့်ကြံနိုင်ပါ သည်။ အဓိကမှာ ရက်မပျက်ရခြင်း၊ နေရာပြောင်း ကျင့်ကြံခြင်း မပြုလုပ်မိ စေရပါ။ ပြုလုပ်ခဲ့မိပါကလည်း အစမှ စတင်နိုင်ပါသည်။

စာရေးသူကတော့ အေးချမ်း တိတ်ဆိတ်သော ဘုရားပေါ်တွင်သာ ကျင့်ကြံခဲ့ပါသည်။ ဆူညံသံ ကင်းဝေး ပြီး ဂုဏ်တော်ထဲကို စိတ်အာရုံ စူးစိုက် ထားနိုင်သောကြောင့် ဖြစ်သည်။

အထက်တွင် ပြခဲ့သော **သစ္စာဆို နည်းမှာ**...

'အစိန္တေယျ... အစိန္တေယျ...အစိန္တေယျ... အပ္ပမေယျ...အပ္ပမေယျ...အပ္ပမေယျ... ကျေးဇူးတော်အစုံ ဂုဏ်တော်နဝ ဘဝ(၃) ဆူ (၃)ရပ်လူတွင် တစ်ဆူတစ်ယောက်မျှ တုပနိုင်သူ မရှိ၍ သမ္မာသမ္ဗုဒ္ဓ အမည်တော်ရ ဝိသုဒ္ဓိနတ် အရဟတ္တမဂ် လေးချက်သော ထီးဖြူ ရှစ်ဆူသော ရွှေကြိုး တိုင်းကြီးသုံးရပ် လုံးကို နိုင်ကွပ်အစိုးရ အမရပူရံ နိဗ္ဗာန် ရွှေပြည်ကြီးသခင် ထိပ်ခေါင်တင်ဘုရား... တပည့်တော် ...နေ့သားသမီး မောင်,မ... သည် ယနေ့ယခုမှ အစပြု၍ အာဝေဏိက ဂုဏ်တော် (၁၈)ပါး ပုတီးစိပ် အဓိဋ္ဌာန်ကို (၃၁)ရက်တိတိ ပွားများအားထုတ်ပါမည်။ ဤကုသိုလ်စေတနာကို ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့် နတ်၊ တောင်စောင့်နတ်၊ အဓိကဆိုင်သော နတ်၊ အဖကဆိုင်သောနတ်တို့မှ စ၍ သမ္မာ ဒေဝနတ်ကောင်းနတ်မြတ်တို့ကို သက်သေ အရာထား၍ တိုင်ကြားပါ၏။ တိုင်ကြားသော အတိုင်း အသင်နတ်မင်းတို့က ကျွန်ုပ်အား အဓိဋ္ဌာန်အောင်မြင်အောင် စောင့်ရှောက် ကြပါစေသတည်း'

တိုင်တည်ဆုတောင်းခြင်းမှာ မိမိ လိုအပ်သောဆုကို လည်းကောင်း၊ ကြုံတွေ့နေရသော အခက်အခဲများကို လည်းကောင်း ဖော်ပြထားသည့် ကွင်းစ ကွင်းပိတ်တွင် ထည့်သွင်းဆိုပါ။

ဤနေရာ၌ ဆုတောင်းရာ၌ မိမိ ဖြစ်ချင်သည့် ကိစ္စသည် လောက သဘာဝတရားကြီးနှင့် ဆန့်ကျင်နေ ခြင်း၊ မတော်လောဘဖြင့်နေခြင်း၊ သူတစ်ပါးအား ထိခိုက်နစ်နာစေလို သော ဆန္ဒများမှ ကင်းစင်ရပါမည်။

**တိုင်တည် ဆုတောင်းခြင်းဖြင့်...**

'အဆုံးအပိုင်းအခြား မရှိသော ဂုဏ်ကျေးဇူး တော်နှင့် ပြည့်စုံသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား တပည့်တော် နေ့သားသမီး မောင်/မသည် (ဆုတောင်း) ဖြစ်လိုပါသောကြောင့် ဝိဇ္ဇာဆရာကြီးများ၏ အာဝေဏိကဂုဏ်တော် ပုတီးစိပ်ကို (၃၁) ရက်တိတိ အဓိဋ္ဌာန်ပြုကျင့်ပါမည်။ ဤအဓိဋ္ဌာန် အောင်မြင်အောင် ကျင့်ကြံ အားထုတ်ရသောကြောင့် ကျွန်ုပ်တောင်း သည့်ဆုကို ဒေဝနတ်လှ စောင်မကြရန် သဗ္ဗညုတ ပြည့်စုံစွာကို မကြာချက်ခြင်း စောင်မခြင်းဖြင့် အောင်ခြင်းအဖြစ်သို့ ရောက် စေသော်'

ပုတီးစိပ်နည်းမှာ ဂုဏ်တော်တစ်ပါး လျှင် (၁၀၈)လုံး ပုတီးဖြင့် လေးပတ် တစ်ရက်ဖြစ်သည်။ နောက်နေ့များ လည်း ထိုအတိုင်းပင်ဖြစ်သည်။ စုစု ပေါင်း (၃၁)ရက် ဖြစ်ပါသည်။

* * *

ခက်ခဲသော ပါဠိအသံထွက်

၁။ **ဗုဒ္ဓါနံ** =ဗုတ်ဓာနံ
**ဓီတိတဿ** =ဓီဓိတတ်သ
**နသက္ကာ** =နသက်ကာ
**အန္တရာယော** =အန်တရာယော
**သဗ္ဗညုတ** =သပ်ဗင်ညုတ
**ဉာဏဿ** =ညာနတ်သ
**အတီဟဏ္ဍာနံ** =အတီဟတာနံ
**စတုန္နံ** =စတုန်နံ
**ပစ္စယာနံ** =ပစ်စယာနံ
**အနုဗျဉ္ဇနာနံ** =အနုဗျင်ဇနာနံ
**ဗျာမပ္ပ** =ဗျာမပ်ပ
၂။ **ဗုဒ္ဓဿ** =ဗုတ်ဓတ်သ
**အပ္ပဋိဟတံ** =အပ်ပတိဟတံ
**ပစ္စုပ္ပန္နံသေ** =ပစ်စုပ်ပန်နံသေ
၃။ **သဗ္ဗံ** =သပ်ဗံ
**ကမ္မံ** =ကမ်မံ
**ပုဗ္ဗင်္ဂမံ** =ပုပ်ဗင်ဂမံ
**ဝတ္တံ** =ဝတ်တံ
၄။ **နတ္ထိ** =နတ်ထိ
**ဆန္ဒဿ** =ဆန်ဒတ်သ
၅။ **ဓမ္မ** =ဓမ်မ
၆။ **ဝီရိယဿ** =ဝီရိယတ်သ
၇။ **ဝိပဿနာယ** =ဝိပတ်သနာယ
၈။ **သမာဓိဿ** =သမာဓိတ်သ
၉။ **ဝိမုတ္တိယာ** =ဝိမုတ်တိယာ
၁၂။ **အဖုဋ္ဌံ** =အဖုတံ
၁၃။ **တတ္တံ** =တတ်တံ
၁၄။ **အပ္ပဋိသင်္ခါနုပေက္ခာ** =
အပ်ပတိသင်ခါနုပစ်ခါ
၁၅။ **ဒုစ္စရိတံ** =ဒုတ်စရိတံ

အနက်

၁။ **ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။ **ဓီဓိ တဿ၊** အသက်တော်အား။ **ကေနစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **အန္တရာယော၊** အန္တရာယ် ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။

www.burmeseclassic.com

## အာဝေဏိကဂုဏ်တော်(၁၈)ပါး

၁။ (၁) ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
(၂) ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
(၃) ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ စ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
(၄) ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
၂။ (၅) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။
(၆) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
(၇) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၃။ (၈) သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၉) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
(၁၀) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၄။ (၁၁) နတ္ထိ ဆန္ဒဿ ဟာနိ။
၅။ (၁၂) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၆။ (၁၃) နတ္ထိ ဝီရိယဿ ဟာနိ။
၇။ (၁၄) နတ္ထိ ဝိပဿနာယ ဟာနိ။
၈။ (၁၅) နတ္ထိ သမာဓိဿ ဟာနိ။
၉။ (၁၆) နတ္ထိ ဝိမုတ္တိယာ ဟာနိ။
၁၀။ (၁၇) နတ္ထိ ဒဝါ။
၁၁။ (၁၈) နတ္ထိ ရဝါ။
၁၂။ (၁၉) နတ္ထိ အပ္ဖုဋံ။
၁၃။ (၂၀) နတ္ထိ ဝေဂါယိတတ္တံ။
၁၄။ (၂၁) နတ္ထိ အဗျာဝဋမနော။
၁၅။ (၂၂) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။
၁၆။ (၂၃) နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ။
(၂၄) နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ။
(၂၅) နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ။
၁၇။ (၂၆) နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံဉာဏံ။
(၂၇) နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံဉာဏံ။
(၂၈) နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံဉာဏံ။
၁၈။ (၂၉) နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏာ ပုဗ္ဗင်္ဂမံ ဉာဏံနာနုပရိဝတ္တံ။
(၃၀) နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏာ ပုဗ္ဗင်္ဂမံ ဉာဏံနာနုပရိဝတ္တံ။
(၃၁) နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏာ ပုဗ္ဗင်္ဂမံ ဉာဏံနာနုပရိဝတ္တံ။

**သဗ္ဗညုတဉာဏဿ၊** သဗ္ဗညုတဉာဏ်တော်အား။ **ကေနစိ၊** တစ်စုံတစ်ယောက်သောသူသည်။ **အန္တရာယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့အဖို့။ **အဘိဟဋ္ဌာနံ၊** ရှေးရှုဆောင်လာအပ်ကုန်သော။ **စတုန္နံပစ္စယာနံ၊** ပစ္စည်းလေးပါးတို့အား။ **ကေနစိ၊** တစ်စုံတစ်ယောက်သောသူသည်။ **အန္တရာ**

**ယော၊** အန္တရာယ်ကို။ **ကာတုံ၊** ပြုခြင်း[...]ငှာ။ **န သက္ကာ၊** မတတ်နိုင်။

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့၏။ **အသီ[...]တိယာနုဗျဉ္ဇနာနံ၊** ရှစ်ဆယ်သော[...] လက္ခဏာတော်ငယ် အသွယ်သွယ်[...] အားလည်းကောင်း။ **ဗျာမပ္ပဘာယ[...]** မြတ်စွာဘုရား အလံတော်အ[...] ထွန်းလင်းပသည့် ဗျာပဘာမည်သော[...] ရောင်ခြည်တော်အား လည်းကောင်[...] **ကေနစိ၊** တစ်စုံတစ်ယောက်သော[...] သည်။ **အန္တရာယော၊** အန္တရာယ်[...] **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတ[...] နိုင်။

၂။ **ဘဂဝတော၊** ဘုန်းတော်ကြီး[...] တော်မူသော။ **ဗုဒ္ဓဿ၊** မြတ်[...] ဘုရားအား။ **အတီတံသေ[...]** အတိတ်အဖို့၌။ **ဉာဏံ၊** သိတော်[...] သောဉာဏ်တော်သည်။ **အပ္ပဋိ[...]တံ၊** အပိတ်အပင် အဆီးအတာ[...] မရှိ။

**ဘဂဝတော၊** ဘုန်းတော်ကြီး[...] တော်မူသော။ **ဗုဒ္ဓဿ၊** မြတ်[...] ဘုရားအား။ **ပစ္စုပ္ပန္နံသေ၊** ပစ္စု[...] အဖို့၌။ **ဉာဏံ၊** သိတော်မူသော[...] ဉာဏ်တော်သည်။ **အပ္ပဋိဟတံ[...]** အပိတ်အပင် အဆီးအတားမရှိ။

**ဘဂဝတော၊** ဘုန်းတော်ကြီး[...] တော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘု[...] အား။ **အနာဂတံသေ၊** အနာဂ[...] အဖို့၌။ **ဉာဏံ၊** သိတော်မူသော[...] ဉာဏ်တော်သည်။ **အပ္ပဋိဟတံ[...]** အပိတ်အပင် အဆီးအတားမရှိ။

၃။ **သဗ္ဗံ၊** အလုံးစုံသော။ **ကာယကမ္မံ[...]** ကာယကံသည်။ **ဉာဏပုဗ္ဗင်[...]** ဉာဏ်လျှင် ရှေ့သွားရှိ၏။ **ဉာဏာ[...]နုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်[...] ၏။

**သဗ္ဗံ၊** အလုံးစုံသော။ **ဝစီကမ္မံ[...]** ဝစီကံသည်။ **ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်[...] လျှင် ရှေ့သွားရှိ၏။ **ဉာဏာနုပရိဝတ္တံ[...]**



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်သို့ အစဉ်လိုက်၏။

**သဗ္ဗံ၊** အလုံးစုံသော။ **မနောကမ္မံ၊** မနောကံသည်။ **ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်လျှင် ရှေ့သွားရှိ၏။ **ဉာဏာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်လိုက်၏။

၄။ **ဆန္ဒဿ၊** ကောင်းမြတ်သော ဆန္ဒ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၅။ **ဓမ္မဒေသနာယ၊** တရားတော်ကို ဟောကြားခြင်း၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၆။ **ဝီရိယဿ၊** လုံ့လဝီရိယ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၇။ **ဝိပဿနာယ၊** ဝိပဿနာ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၈။ **သမာဓိဿ၊** သမာဓိ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၉။ **ဝိမုတ္တိယာ၊** ငြိမ်းအေးသော လွတ်မြောက်မှု ဝိမုတ္တိ၏။ **ဟာနိ၊** ယုတ်လျော့ခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၀။**ဒဝါ၊** မြူးထူးလို၍ ပြုခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၁။**ရဝါ၊** အဆောတလျင် ပြုခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၂။**အဖုဋ္ဌံ၊** ဉာဏ်တော်ဖြင့် မတွေ့မထိအပ်သော အဖြစ်သည်။ **နတ္ထိ၊** မရှိ။ (**အဖုတံ၊** ချို့ယွင်းခြင်းသည်။ **နတ္ထိ၊** မရှိဟုလည်း အနက်ပြန်ဆိုကြသေး၏။)

၁၃။**ဝေဂါယိတတ္တံ၊** ရှိန်ဟုန်ကြီးစွာ ကပျာကယာ ပျာပျာသလဲ ပြုမှုသည်။ **နတ္ထိ၊** မရှိ။

၁၄။**အဗျာဝဋမနော၊** လုံ့လကြောင့်ကြ မရှိသော နှလုံးတော်သည်။ **နတ္ထိ၊** မရှိ။

၁၅။**အပ္ပဋိသင်္ခါနုပေက္ခာ၊** မစူးစမ်း မဆင်ခြင်ခြင်းသည်။ **နတ္ထိ၊** မရှိ။

၁၆။**တထာဂတဿ၊** မြတ်စွာဘုရားအား။ **ကာယဒုစ္စရိတံ၊** ကာယဒုစရိုက်သည်။ **နတ္ထိ၊** မရှိ။

**တထာဂတဿ၊** မြတ်စွာဘုရားအား။ **ဝစီဒုစ္စရိတံ၊** ဝစီဒုစရိုက်သည်။ **နတ္ထိ၊** မရှိ။

**တထာဂတဿ၊** မြတ်စွာဘုရားအား။ **မနောဒုစ္စရိတံ၊** မနောဒုစရိုက်သည်။ **နတ္ထိ၊** မရှိ။

၁၇။**ဘဂဝတော၊** ဘုန်းတော်ကြီးတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **အတီတံသေ၊** အတိတ်အဖို့၌။ **ပဋိဟတံဉာဏံ၊** ပိတ်ပင်တားဆီးအပ်သော ဉာဏ်သည်၊ **နတ္ထိ၊** မရှိ။

**ဘဂဝတော၊** ဘုန်းတော်ကြီးတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **ပစ္စုပ္ပန္နံသေ၊** ပစ္စုပ္ပန်အဖို့၌။ **ပဋိဟတံ ဉာဏံ၊** ပိတ်ပင်တားဆီးအပ်သော ဉာဏ်သည်၊ **နတ္ထိ၊** မရှိ။

**ဘဂဝတော၊** ဘုန်းတော်ကြီးတော်မူသော။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရားအား။ **အနာဂတံသေ၊** အနာဂတ်အဖို့၌။ **ပဋိဟတံဉာဏံ၊** ပိတ်ပင်တားဆီးအပ်သော ဉာဏ်သည်၊ **နတ္ထိ!** မရှိ။

၁၈။**ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်တော်ရှေ့သွားမရှိသော။ **ဉာဏံနာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်မလိုက်သော။ **သဗ္ဗံ၊** အလုံးစုံသော။ **ကာယကမ္မံ၊** ကာယကံအမှုသည်။ **နတ္ထိ၊** မရှိ။

**ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်တော်ရှေ့သွားမရှိသော။ **ဉာဏံနာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်မလိုက် သော။ **သဗ္ဗံ၊** အလုံးစုံသော။ **ဝစီကမ္မံ၊** ဝစီကံအမှုသည်။ **နတ္ထိ၊** မရှိ။

**ဉာဏပုဗ္ဗင်္ဂမံ၊** ဉာဏ်တော်ရှေ့သွားမရှိသော။ **ဉာဏံနာနုပရိဝတ္တံ၊** ဉာဏ်သို့ အစဉ်မလိုက် သော။ **သဗ္ဗံ၊** အလုံးစုံသော။ **မနောကမ္မံ၊** မနောကံအမှုသည်။ **နတ္ထိ၊** မရှိ။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဤအဓိဋ္ဌာန်ပုတီးစိပ်နည်း၏ အကျိုးမှာ မိမိတို့ကြုံတွေ့ရသော အခက်အခဲများ ပြေလည်သွားခြင်း၊ ကောင်းမြတ်ဖြူစင်သော ဆုတောင်းများ ပြည့်စုံစေခြင်း၊ သူတစ်ပါးက ပယောဂပညာဖြင့် ပြုစားမှု မပြုနိုင်ခြင်း၊ ပြုလာပါက တန်ပြန်စေခြင်း၊ လက်ဆိပ်ထက်မြက်ခြင်း...

ဂါထာမန္တန်များ ရွတ်ပွားပါက လျင်မြန်စွာ အစွမ်းထက်မြက်ခြင်း၊ ကျရောက်လာမည့် ဘေးအန္တရာယ်များ ရှောင်ဖယ်ကင်းလွတ်ခြင်း၊ နတ်ကောင်း နတ်မြတ်များ ချစ်ခင်စောင့်ရှောက်ခြင်း...

မရရှိသေးသော စည်းစိမ်ဥစ္စာများ ရရှိခြင်း၊ ရရှိပြီးသော စည်းစိမ်ဥစ္စာ ရာထူးဌာနန္တရများ တည်တံ့မြဲမြံခြင်း၊ ဩဇာအာဏာ ကြီးမားခြင်း၊ အပြိုင်အဆိုင် ကြုံတွေ့လာပါက မိမိကသာ အနိုင်ရရှိခြင်းတို့အပြင် အကျိုးတရားများစွာ ဖြစ်ထွန်းစေပါသည်။

ယုံကြည်လေးမြတ် ကျင့်ကြံအားထုတ်ခြင်းဖြင့် မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်စုံကြ၍ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားတင်ပြလိုက်ရပါတော့သည်။

**အောင်မင်းကျော်**
***(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)***

www.burmeseclassic.com

### ဝ-ကြွင်း မဟာဘုတ်ပိုင်ရှင်များနှင့် အင်္ဂါ မရဏဖွားများအတွက်

"**ဇယ**"သည် အောင်မြင်ခြင်းကို ရည်ညွှန်းထားပါတယ်။ "**ဇိန**"သည် မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို ရည်ညွှန်းထားပါတယ်။

ဒါကြောင့် "**ဇ**"မရှိရင် "**ဇိ**"မဖြစ်ဘူးလို့ပင် တင်စားချင်ပါတယ်။ "**ဇ**" ဆိုတာ အစွမ်းအစကို ဆိုလိုပါတယ်။

ဒီနေရာမှာ အစွမ်းအစရှိအောင် **ဇယ ဇိန ဂမ္ဘီရ ကျင့်စဉ်ကြီးကို** ယုံယုံကြည်ကြည် အားထုတ်ကျင့်ကြံဖို့ပါပဲ။ အထူးသဖြင့် ဤကျင့်စဉ်ကို **အင်္ဂါ မရဏဖွားတွေ အထူးကျင့်ကြံကြဖို့ပါပဲ။**

ထို့အတူပါပဲ **ဝ-ကြွင်းမဟာဘုတ်ပိုင်ရှင်များလဲ** ကျင့်ကြံနိုင်ပါတယ်။ ဝ-ကြွင်း မဟာဘုတ်အရကြည့်ရင် အင်္ဂါ(မရဏ)နဲ့ ဗုဒ္ဓဟူး(အဓိပတိ) ပက္ခမိတဲ့အတွက် **ဆင်းရဲ**ဆိုတဲ့ကိန်း မိနေပါတယ်။

တစ်ဖန်...

အင်္ဂါသည် **စိတ်**ကိုပြပြီး ဗုဒ္ဓဟူးသည် **ရုပ်**ကို ပြတဲ့အတွက် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းကို ကြုံတွေ့နိုင်တဲ့အတွက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲကင်းရလေအောင် **ဇယ-ဇိန** ဂမ္ဘီရအဓိဋ္ဌာန်ကျင့်စဉ်ကြီးကို အားထုတ်ဖို့ လိုပါမယ်။ ဤကျင့်စဉ်ကို...

- ✤ ဘူမိဖသသမုဒြာ ရုပ်ပွားတော်ရှေ့တွင် ပထမ ဆောင်ရွက်ပါ။
- ✤ အောင်တော်မူ ရုပ်ပွားတော်ရှေ့မှာ ဒုတိယ ဆောင်ရွက်ပါ။

ဘူမိဖသသမုဒြာ ရုပ်ပွားတော်ရှေ့တွင် **ဇယ**အဓိဋ္ဌာန်ကို ဆောင်ရွက်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရား



◆ ဘူမိဖသသမုဒြာ ရုပ်ပွားတော်



◆ အောင်တော်မူ ရုပ်ပွားတော်
(မယ်လမုစေတီတော် ရန်ကုန်မြို့)

ခင်-စာသင် (ဇရာမြေ)

# ဇယ ဇိနဂမ္ဘီရ

## အဓိဋ္ဌာန်ကျင့်စဉ်တော်ကြီး

အသွင်ရည်မှန်းပြီး အုန်းညွှန့်ကိုလှူပါ။ အလင်းတိုင်၊ နံ့သာတိုင်၊ ရေ စသည်တို့ကတော့ မိမိတို့ရဲ့ သဒ္ဓါဆန္ဒအလျောက် ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါတယ်။ ပြီးရင် ဇယ (၈)ချက်ဂါထာကို (၁၀၈)ခေါက် ရွတ်ပါ။

> ဇယစက္ကော ဇယန္တောယော၊ ဇယိတဗ္ဗေ ဇယာသနေ၊
> ဇယာဇယိ ဇယောသီနံ ဇယံ ဒေတု ဇယုတ္တရော။

ခက်ခဲသော ပါဠိအသံထွက်

**စက္ကော** = စက်ကော
**ဇယန္တော** = ဇယန်တော
**တဗ္ဗေ** = တပ်ဗေ
**ဇယုတ္တရော** =ဇယုတ်တရော

အနက်

**ယော ဇယစက္ကော၊** ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်...

**ဇယာသနေ၊** အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်း မှန်ကင်း အောင်ဗောဓိပင်ရင်း၌...

**ဇယိတဗ္ဗေ၊** အောင်အပ်သည့်တရား မာရ်ငါးပါးအပေါင်းတို့ကို...

**ဇယန္တော၊** အကြွင်းမဲ့ ချေမှုန်းလျက်


www.burmeseclassic.com

www.burmeseclassic.com

ပျက်ပြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

**ဇယေသိန်း၊** မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိက်သိက်ပန်း မင်္ဂလာကိုများ ထိုထိုဝဋ်အတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား...

**ဇယာပေသိ၊** ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူး၍ ထွင်းအင်္ဂါအမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်တော်မူလေပြီ။

**ဇယုတ္တရော၊** အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင် ထွတ်ခေါင်မြတ်သရဖူ သယမ္ဘူမကိုဋ်မှထီးကို အောင်ပွဲဝင်ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော...

**သော ဇယစက္ကော၊** အလုံးစုံ အောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်...

**မေ၊** မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူးရန် တက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား...

**ဇယံ၊** အောင်ခြင်းကို (ဝါ) အောင်ပန်းဝေမြိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိပန်းခိုင်ကြီးကို...

**ဒေတု၊** ပေးသနားတော်မူပါ အရှင်ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပြီးရင် အောင်တော်မူရုပ်ပွားတော်ရှေ့တွင် အားထုတ်ရပါဦးမယ်။ အောင်တော်မူရုပ်ပွားတော်အား အောင်သပြေပန်းများ ဝေဝေဆာဆာလှူပြီး **ဇိနော**ဂါထာကို (၁၀၈)ခေါက် ရွတ်ပါ။

ဇိနော ဇယံ ကရုံဓမ္မံ သဥ္စယန္တော ဇယာကရေ။
ဇိတ္တွာမာရံ ဇိနာပေသိ သော မံ ဒေတု ဇယံ ဇိနော။

ခက်ခဲသော ပါဠိအသံထွက်

**ကရုံဓမ္မံ** =ကရုံခမ်မံ

**သဥ္စယန္တော** =သင်စယန်တော

**ဇိတ္တွာ** =ဇိတ်တဝါ

အနက်

**ဇိနော**-မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည်၊ **ဇယံ ကရုံ**-အောင်ခြင်းကို ပြုတော်မူတတ်ထသော၊ **ဓမ္မံ**-တရားတော်ကို၊ **သဥ္စယန္တော**-ဆည်းပူးတော်မူသည်ဖြစ်၍၊ **ဇယာကရေ**-အောင်မြင်မှုကို ပေးသော ရွှေပလ္လင်၌၊ **မာရံ**-ဒေဝပုတ္တစသော မာရ်ငါးပါးတို့ကို၊ **ဇိတွာ**-အောင်မြင်တော်မူ၍ **ဇိနာပေသိ**-သူတစ်ပါးတို့ကိုလည်း အောင်မြင်စေတော်မူ၏။

**သောဇိနော** – ထိုမြတ်စွာဘုရားသည်၊ **မေ**– အကျွန်ုပ်အား၊ **ဇယံ**– ရန်မာန်ခပင်း အောင်မြင်ခြင်းကို၊ **ဒေတု** – ပေးသနားတော်မူပါစေသား မြတ်စွာဘုရား။

**ခင်-စာသင်(ရောမြေ)**

စာမျက်နှာ (၂၂၄)မှ အဆက်

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | နံ | ၂ |
| ၃ | ၈ | ၅ |

အင်းသွား

| | | |
|---|---|---|
| အ | ပ | လာ |
| မာ | နံ | ရော |
| ဂျ | ဘာ | ရ |

အင်းဆန်သွင်းထားပုံ

အညွှန်း

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့၏ ဂုဏ်ကို အာရုံပြု၍ ရေစိမ်၍ သောက်ပါ။

*[ဆရာတော်ကြီး ဦးပညာဘာသ (ဂန္ဓာရုံဆရာတော်)အား ဦးခိုက်လျက်...]*

**ဗိုလ်မင်း(မင်းလှ)**

www.burmeseclassic.com

# ကျန်းမာရေးအတွက်

အင်းတစ်ကွက်

ဗိုလ်မင်း (မင်းလှ)

၂၀၁၄ ခုနှစ်၊ မေလ(၁၃)ရက် ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် မင်းလှမြို့တောင်ဘက် ဂန္ဓာရုံကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသော မဟာဗောဓိပင်တွင် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပခဲ့ကြပါသည်။

ဤမဟာဗောဓိပင်ကြီးကို လွန်ခဲ့သော နှစ်(၆၀)ခန့်က အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ဆရာတော်ကြီးဦးယသ မထေရ် အရှင်သူမြတ်က ပင့်ဆောင်လာခဲ့ပြီး စိုက်ပျိုးတော်မူခဲ့သည်ဟု ဂန္ဓာရုံကျောင်း အကျိုးဆောင် ဒါယကာကြီးဦးဝင်း (စာဘက်ရုံလမ်း) က ပြောပြပါသည်။

ယခုအခါ မဟာဗောဓိပင်ကြီးသည် ခက်မလေးဖြာနှင့် လက်တောင်(၃၀) ခန့်မြင့်ပြီး ပင်စည်မှာ(၁၀)ပေ ပတ်လည်ခန့် ရှိပါသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်သည်နှင့် အညီ နယ်ပယ်အသီးသီးက ဒါယကာ၊ ဒါယိကာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ဘာသာရေးအသင်းအဖွဲ့များ လာရောက်ကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပူဇော်ကြပါသည်။

မူလ ဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် **ဆရာတော် ဦးပညောဘာသ (သာသနာ့ဓဇ ဓမ္မာစရိယ)**က ဦးစီးဦးဆောင်ပြုလျက် နှစ်စဉ် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပေးပါသည်။

ဆရာတော်ကြီးသည် ကြွရောက်လာကြသော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကျန်းမာရေး လက်ဆောင်မွန်အဖြစ် လူတစ်ဦးလျှင် ရေတစ်ပုလင်းစီ ချီးမြှင့်ပေးတော်မူပါသည်။ စာရေးသူလည်း ရေတစ်ပုလင်း ရရှိခဲ့ပါသည်။



စာရေးသူသည် ဆရာတော်ထံ သွားရောက်ဖူးမြော်ပြီး...

'ဘုန်းဘုန်းဘုရား... လာသမျှ လူအားလုံးကို ရေတစ်ပုလင်းစီ ကျန်းမာရေးလက်ဆောင်အဖြစ် ပေးနေခြင်းကို သိလိုပါသည်ဘုရား'

ဟု လျှောက်ထားလိုက်ရာ ဆရာတော်ကြီးက...

'ဒီလို ဒကာကြီးရေ... ဤ ရေပုလင်းတွေဟာ ကျန်းမာရေးအတွက် သီးသန့်စီမံထားတဲ့ရေ ဖြစ်တယ်'

'တင့်ပါဘုရား... တပည့်တော်တို့ကို ရှင်းပြပေးပါဦးဘုရား'

'ဦးပဥ္စင်းရဲ့ ဆရာဘုန်းကြီးရှိစဉ်က စီမံပြီးပေးခဲ့တဲ့ နည်းပါ၊ သတ္တဝါဟူသမျှ ကျန်းမာရေးကောင်းမွန်ဖို့ အဓိကမဟုတ်လား'

'တင်ပ့ါဘုရား'

'ဒါကြောင့် ဆရာတော်ဘုရားကြီးဟာ "အရောဂျ ပရမာ လာဘာ" ရောဂါကင်း၍ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပဲ ဟူသော ဘုရားရှင်၏ စကားတော်မြတ်ကို အင်းကွက်စီမံပြီး ရေစိမ်ထားတယ်။

အဲဒီရေတွေကို သတ္တဝါအားလုံးအတွက် ပေးတော်မူခဲ့ပါတယ်၊ သတ္တဝါဟူသမျှလဲ ကျန်းမာချမ်းသာကြတယ်။ ဒါကို ဦးပဥ္စင်းက ဆရာတော်ကြီးရဲ့ ပညာပါရမီ ထပ်လောင်း၍ ဖြည့်ပေးပြီး လှူဒါန်းပေးတာပါ'

'တင်ပ့ါဘုရား အင်မတန်မှ ကောင်းတဲ့ နည်းပါဘုရား။ ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော်က ဆောင်းပါးရေးပြီး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဖော်ပြခွင့်ပြုပါဘုရား'

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ ခွင့်ပြုတော်မူသဖြင့် စာရှုသူများနှင့် သတ္တဝါဝေနေယျအားလုံး ကျန်းမာချမ်းသာကြစေရန် ကျန်းမာရေးအတွက် အင်းတစ်ကွက်အား ဖြန့်ဝေရေးသားဖော်ပြအပ်ပါသည်။

အင်းကွက်ပုံ

***

အင်းဆန်

'အရောဂျ ပရမာ လာဘာ'

စာမျက်နှာ (၂၂၃) သို့



www.burmeseclassic.com


www.burmeseclassic.com

# မြန်မာ့ရိုးရာ ယတြာနှင့်

ကွင်းဆက်များ

မောင်ပယိန်း
(အင်းတော်)







အခါလွန်မိုးသည် အမှတ်မထင် ရွာချလိုက်သဖြင့် စာရေးသူမှာ အောင် ဘယာကုန်းအလွန် စိုရွှဲသွားပါသည်။ သစ်ပင်ရိပ်အောက်တွင် တစ်ခဏမျှ ခိုလိုက်ရပါသည်။ မိနစ်(၂၀)ခန့် ကြည့်တပြည့် ရွာအပြီးတွင် မိုးစဲသွား သဖြင့် နားနောင်သို့ ခပ်လောလော လေး လာခဲ့ရပါသည်။

တောင်လုံးညိုသည် မိုးသားရိပ်များ နေဆဲဖြစ်၍ စာရေးသူ သွက်သွက် လေး လာခဲ့ရာ ကျောင်းအဝင်ဝတွင် တီယမို့ အခါလွန်မိုးက ပွဲကြမ်းလိုက် ပါသည်။

ကံကောင်းသွားပါသည်။ ရွှေခွန်စာ ဘုရားဓမ္မာရုံသို့ အပြေးကလေး သွား လိုက်ရပါသည်။ ဓမ္မာရုံတွင် နားနောင် ဆရာတော် ဦးကလျာဏ တွေ့သည် နှင့် စာရေးသူ ဦးချကန်တော့ပြီး ယတြာ အကြောင်းနှင့် ပတ်သက်ပြီး ဆရာ တော်အား ဆွေးနွေးလျှောက်ထားပါ သည်။

'ဆရာတော်ဘုရား ကျန်းမာရေးနှင့် ပတ်သက်ပြီး ညောင်ထောက် တံတား ခင်း၊ ဆီမီးထွန်း ယတြာပေးချေမှုတွေ ဘယ်လိုအစွမ်းတွေလဲ ဘုရား'

'ဒကာလဲ သိပြီး ဖြစ်ပါတယ်။ ဇာတ် ဝတ်တွေထဲမှာလဲ ပါတာပါပဲ။ ဒီသာ မောက္ခကြီးက သူ့တပည့်ရဲ့ ကံအနိမ့် မြင့်ကို တွက်ကြည့်တော့ သူ့ကံဟာ နိမ့်နေတယ်။ သေကိန်းလဲ ကျနေ တယ်။ ပရိယာယ်သုံးပြီး မိဘရပ်ထံကို ခေတ္တ ပြန်ဖို့ လွှတ်လိုက်တယ်။

တပည့်ကတော့ မသိဘူး။ ဆရာ ခွင့်ပြုလို့ မိဘရပ်ထံ ပြန်ခဲ့တာပေါ့။ လမ်းမှာ ရေခန်းစ ပြုနေတဲ့ ရေအိုင်ထဲ က ငါးကလေးတွေကို ကောင်းမြတ်တဲ့ စိတ်နဲ့ပဲ ဆယ်ယူပြီး ရေပြည့်နေတဲ့ ရေအိုင်ထဲ လွှတ်ပေးတယ်။

အများသူငါ ဖြတ်ကူးရတဲ့ တံတား လေး ကျိုးနေလို့ သွားလာနိုင်အောင် ပြုပြင်ပေးတယ်။ စေတီတစ်ဆူနား ရောက်တော့ စေတီအနားက ညောင် ပင်ကြီးရဲ့ အကိုင်းကာ ညွှတ်ကျနေလို့ ဘုရားဖူးတွေ အခက်အခဲ မဖြစ်အောင် ကောင်းမြတ်တဲ့စိတ်နဲ့ ညောင်ထောက် ပေးခဲ့တယ်။

ဘုရားမှာလဲ ဆီမီးပူဇော်ပြီး ဗုဒ္ဓါ နုဿတိဂုဏ်တော်တွေကိုလဲ ပွားများ အားထုတ်ခဲ့တယ်။

မိဘထံ ပြန်ရောက်ပြီး တစ်လပြည့် တဲ့အထိ မိဘများနဲ့ အတူနေထိုင်ပြီး ပါမောက္ခဆရာကြီးထံ ပြန်ရောက်လာ တော့ ဆရာကြီး အံ့အားသင့်နေတယ်။ သေကိန်းကျနေတဲ့သူ အဘယ်ကြောင့် မသေလဲပေါ့။

| | | |
|---|---|---|
| ၁။ တစ်ကြွင်းလျှင် | ⇨ | ဆီမီး သက်စေ့ ပူဇော်ပါ။ |
| ၂။ နှစ်ကြွင်းလျှင် | ⇨ | ဘုရားကို ရွှေသင်္ကန်းကပ်ပါ။ |
| ၃။ သုံးကြွင်းလျှင် | ⇨ | ရက္ခစိုးနတ်ကို လှူပါ။ |
| ၄။ လေးကြွင်းလျှင် | ⇨ | ငါးသက်စေ့ လွှတ်ရမည်။ မရနိုင်ပါက မွေးနံ့အရ လွှတ်ပါ။ မွေးနေ့က တနင်္လာဆိုလျှင် ငါး(၂)ကောင်လွှတ်ပါ။ |
| ၅။ ငါးကြွင်းလျှင် | ⇨ | သံဃာတော်ကို ဆွမ်းကပ်ပါ။ (သို့မဟုတ်) ဆွမ်းလောင်းပါ။ |
| ၆။ ခြောက်ကြွင်းလျှင် | ⇨ | ခရီးယာယီသွားခြင်း၊ အိမ်တွင် အိမ်ရာနေရာရွှေ့ခြင်း ဆောင်ရွက်နိုင်သည်။ |
| ၇။ သုညကြွင်းလျှင် | ⇨ | အိမ်ပြောင်းရွှေ့ပြီး ဆေးကုနိုင်သည်။ မွေးနေ့မွေးနံ့ပန်းများကိုလည်း လှူပါ။ |

www.burmeseclassic.com

တပည့်ကို မေးကြည့်တော့ သူတော်ကောင်းတွေလုပ်တဲ့ အလုပ်ကို လုပ်ခဲ့တာတွေ သိရတယ်။ ဒါကြောင့် ဒီလုလင်ဟာ အဲဒီအချိန်ကစပြီး အာယုဒီဃလို့ အမည်တွင်တယ်။

ဒါကြောင့် ဗေဒင်ဆရာတွေဟာ ကျန်းမာရေးညံ့တဲ့ ခုနစ်ရက်သားသမီးတွေကို ညောင်ထောက် တံတားခင်း ငါးသက်စွေ့လွှတ် ဆီမီးလှူ ယတြာတွေ ပေးတာပေါ့ အကာ'

ဆရာတော်သည် ဇာတ်ဟန်ခင်းကျင်းပြီး ပြောပြပေးသည့်အတွက် စာရေးသူအဖို့ ဗဟုသုတ ရရှိစေခဲ့ပါသည်။ ဆရာတော် ဦးကလျာဏသည် ယတြာတွက်နည်းတစ်ခု ချီးမြှင့်ပေးသနားပါသည်။ တွက်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ရောက်ဆဲ ကောဇာမြန်မာသက္ကရာဇ်ကို တည်ရပါမည်။
၂။ လူနာ၏ နံဂြိုဟ်သက်ကို ရောရပါမည်။
၃။ သုံးနှင့် မြှောက်ရပါမည်။
၄။ ခုနစ်နှင့် စားရပါမည်။
၅။ အကြွင်းအရ ယတြာချေရပါမည်။

**နေ့နံဂြိုဟ်သက်များ**

၁။ တနင်္ဂနွေ ⇨ ဂြိုဟ်သက် (၆)နှစ်
၂။ တနင်္လာ ⇨ ဂြိုဟ်သက်(၁၅)နှစ်
၃။ အင်္ဂါ ⇨ ဂြိုဟ်သက် (၈)နှစ်
၄။ ဗုဒ္ဓဟူး ⇨ ဂြိုဟ်သက်(၁၇)နှစ်
၅။ ကြာသပတေး ⇨ ဂြိုဟ်သက်(၁၉)နှစ်
၆။ သောကြာ ⇨ ဂြိုဟ်သက်(၂၁)နှစ်
၇။ စနေ ⇨ ဂြိုဟ်သက်(၁၀)နှစ်

ရောက်ဆဲ **ကောဇာသက္ကရာဇ်**သည် ၁၃၇၆ ခုနှစ် ဆိုပါစို့။ တနင်္လာသမီး မကျန်းမာသည့်အတွက် ယတြာချေတွက်နည်း ဥပမာ တွက်ပါမည်။

* * * ⟶

**အကြွင်းအလိုက် အထက်ပါအတိုင်း ယတြာချေပါ။**

* * *

ငွေကုန်ကြေးကျ မများသော ဤယတြာဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာချမ်းသာလာမည် ဖြစ်ပါသဖြင့် တင်ပြလိုက်ရပါသည်။

***အာယု ဝဍ္ဍော သုခံ ဗလံ***

**မောင်ဗဟိန်း(အင်းတော်)**

၁၃၇၆ – **ကောဇာသက္ကရာဇ်**
၁၅ – **တနင်္လာဂြိုဟ်သက်**
၁၃၉၁
× ၃
၇ | ၄၁၇၃ | ၅၉၆
၃၅
၆၇
၆၃
၄၃
၄၂
၁ ကြွင်း

စာမျက်နှာ (၂၂၇)မှ အဆက်

**ခွက်တစ်ခွက်တင် ကျိုချက်ပေးရပါမည်။**

အချိန်အတွယ်ကို လွယ်ကူစွာ ဆောင်ရွက်ရန် "ငှက်ပျောဖူး" ပုလင်း တစ်လုံးဖြင့် ချိန်တွယ်လိုက်လျှင် အလွယ်နှင့်ပြီးပါသည်။

❖ ငါးနက်အရွက် (၇)ရွက်၊
❖ ရေ (၄၀)ကျပ်သား (သို့မဟုတ်) ရေ (၄၅)ကျပ်သား တို့ကို သန့်ရှင်းစင်ကြယ်သော အိုးတစ်လုံးဖြင့် သုံးခွက်, တစ်ခွက်တင် ကျိုချက်လိုက်ပါ။

ကျိုချက်ပြီး အအေးခံ၍ ထိုဆေးရည်ကို (၅)ခွက်စာသောက်ပါ။ ဆေး(၃)ခွက် သောက်လိုက်မိသည်နှင့် ရောဂါဝေဒနာသက်သာ ပျောက်ကင်းသွားမည် ဖြစ်ပါသည်။

ရောဂါ ကြီးရင့်နေခဲ့ပါမူ တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်ဆက်ပြီး သောက်သုံးကြရန်ပင် ဖြစ်ပါသည်။

ယောကျ်ား, မိန်းမ မည်သူမဆို ရှောင်ရန် အချက်တို့ကိုဖော်ပြပေးလိုက်ပါသည်။ ထိုဆီးအောင့်သွေးပါ ရောဂါသည် အပူ, အအေး ပူးတွဲပြီး မဆင်ခြင်ဘဲ နေထိုင်ခြင်း၊ ရေသောက်နည်းခြင်းတို့ကြောင့် ဆီးခုံနှင့် ဆီးအိမ်ကို အပူလွန်ပြီး သွေး,လေတို့ကို အပူ ကြောင့်ခဲပြီး အောင့်ခြင်း, ကိုက်ခဲခြင်းတို့ကို ခံစား[illegible] ခြင်း၊ နောက် အပူအလွန်အမင်းများပြီး ခဲပါက သွေး[illegible] ခြင်းအဖြစ်သို့ ရောက်ရှိသွားရပါတော့သည်။

ထို့ကြောင့် လူရွယ်လူငယ်များ၊ အပူထဲမှ ပြန်လာချိန်တွင် ရေချိုးခြင်း၊ အပူထဲမှာ အချိန်များစွာ ထိုင်နေခြင်း၊ ရေချိုး[illegible] ပြီး ချက်ချင်း နေပူထဲ ထွက်သွားခြင်း၊ ရေသောက်နည်းခြင်းတို့ကို ရှောင်ရှားကြရန်ပင် ဖြစ်ပါသည်။

နောက် ကျွန်ုပ်တို့ တိုင်းရင်းဆေးပညာ သဘောအ[illegible] မိန်းမပျိုကလေးများအနေဖြင့် အထူး သတိထားရန်ဖြစ်[illegible] သည်။ ထိုအချက်မှာ ခေါင်းလျှော်, ရေချိုး အထူးဆင်ခြင်[illegible] ဖြစ်ပါသည်။

**ရောဂါကင်းကွာ၍ ကျန်းမာ ချမ်းသာကြပါစေ[illegible]**


**အောင်ထက်**
***(ရေအနောက်မြို့တော်)***

www.burmeseclassic.com

# ဆီးအောင့်သွေးပါ ရောဂါ

သက်သာ ပျောက်ကင်းဆေး

ဇော်လတ်
(ဇရာအနောက်မြို့တော်)



တစ်နေ့...

ကျွန်ုပ်ထံသို့ အသက်အရွယ် (၁၈)နှစ်၊ (၁၉)နှစ်လောက်ရှိမည့် သမီးငယ်တစ်ယောက် ရောက်လာပါတော့သည်။ ထိုသူငယ်မနှင့်အတူ မိခင်ဖြစ်သူလည်း မျက်နှာညှိုးငယ်စွာနှင့်အတူ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

'ဆရာရှိသလား'

ဟု အမေးနှင့်အတူ ရောက်လာကြသော မိန်းကလေးနှစ်ယောက်၏ မေးသံ ဖြစ်လေသည်။

'လာကြ၊ လာကြ၊ ဆရာ ဒီမှာရှိတယ်'

ဟု ကျွန်ုပ်၏ အလုပ်စားပွဲမှာ ထိုင်ရင်းက လှမ်းခေါ်ယူလိုက်ပါသည်။

ကျွန်ုပ်ရှေ့မှောက် ရောက်ချိန်တွင် အသက်အရွယ် ရပြီဖြစ်သော အမျိုးသမီးက လွန်စွာ စိတ်သောကရောက်နေသော လက္ခဏာပုံရိပ်တို့ ထင်ရှားမြင်တွေ့နေရပါသည်။

မိန်းမပျို သမီးငယ်မှာတော့ ဝေဒနာတစ်ခုကို အပြင်းအထန် ခံနေရကြောင်းကို ချစ်စဖွယ် နုငယ်သော မျက်နှာကလေးမှာ ရှုံ့မဲ့နေလေသည်။ ဝေဒနာ၏ နှိပ်စက်မှုကြောင့် မငိုမိအောင် အတော် ထိန်းထားရဟန်တူလေသည်။

'သမီးလေးပြော ဘာဖြစ်နေတာလဲ'

ဟု စကားလမ်းစ ပေးလိုက်သည်နှင့် ခံစားရသော ဝေဒနာအကြောင်းကို စုံလင်အောင် ပြောပြသွားပါသည်။ ကျွန်ုပ်သည် တိုင်းရင်းဆေးများထဲမှ မြစ်ချင်းပြီး ဆေးနည်းတိုကို ပေးလိုက်ရပါတော့သည်။

ယခု သမီးပျိုကလေး ဖြစ်ပွားသော ရောဂါမှာ ဆီးအောင့်သော ရောဂါ ဖြစ်လေ၏။

ဆီးအောင့်၍ ဆီး မကြာခဏ သွားရလေ၏။ ထိုသို့ ခဏ,ခဏ ဆီးသွားရာတွင် ရိုးရိုးလေး သွားရသောအခါတွင် ထူးခြားမှု မရှိပေ။ ဆီးခုံများ ကိုက်ခဲလာပြီး ဆီးသွားရစဉ်တွင် ဆီးသွားသည့်အခါ အလွန်တရာ နာကျင်လာပြီး ဆီးများမှာ "သွေး"များ ပါနေသည်ကို တွေ့ရပါတော့သည်။

သို့နှင့် သင့်တော်သည့်ဆေးကို စဉ်းစားရာ ဆေးသုံးရမည့် ဆေးဖက်ဝင်အပင်သည် တခြားမဟုတ်ပါ။ "ဝါးပင်"ပင် ဖြစ်ပါသည်။

ဝါးပင်၏အမည်မှာ **"ဝါးနက်"**ဟု ခေါ်သော ဝါးမျိုးဖြစ်ပါသည်။

ထိုဝါးနက်မှာ စားစရာ မျှစ်အဖြစ်မှု စားလို့မကောင်းပါ။ အသား လွန်စွာ ပြည့်ပြီး နူးညံ့မှုရှိသော်လည်း မျှစ်မှာ လွန်စွာ ခါးနေလေတော့သည်။ သို့အတွက် စားရန်အတွက် မသုံးကြ, မစားကြတော့ပါ။

**ဝါးနက်ကို ဆေးဝါးသုံးစွဲခြင်း**

ဝါးနက်မှ ဝါးကိုင်းသေးသေး တစ်ကိုင်းကို လက်လေးသစ်၊ တစ်မိုက်ခန့် ဖြတ်ပြီး ကျောက်ပျဉ်တွင် ဆား အနည်းငယ်ထည့်ပြီး ပျစ်နေအောင် သွေးလိုက်ပါ။

ဝက်ခြံများနေသော လူငယ်, လူရွယ်၊ ယောက်ျားကလေး, မိန်းကလေးများ အနေဖြင့် ည အိပ်ရာဝင်ခါနီးတွင် မျက်နှာသစ်ပြီး ထိုဝါးနက် ပျစ်ပျစ်သွေးထားသောဆေးကို လိမ်းပြီး အိပ်လိုက်ပါ။

လွန်စွာများပြီး စိတ်ပျက်ဖွယ်ရာ ဝက်ခြံပုန်း ပေါက်သူများပင်လျှင် တစ်ပတ် (၁၀)ရက်ထက် ပို၍ မလိမ်းရလောက်ပါ။ သက်သာ ပျောက်ကင်းပြီးနောက် မျက်နှာ အသားအရေ ချောမွေ့လှပစေပါသည်။

ယခု ရေးသားတင်ပြသည့် ဆီးအောင့်သွေးပါ ရောဂါအတွက်ဆိုလျှင် **ဝါးနက်အရွက် အပြစ်ကင်းပြီး စိမ်းစိုနေသော အရွက်ကြီး (၇)ရွက်ကို ခူးယူပြီး ရေ (၄၀)ကျပ်သား (သို့မဟုတ်) (၄၅)ကျပ်သားထည့်ပြီး သုံး**

www.burmeseclassic.com



# ကျွမ်းအိပ်ထဲက ဆေးနှစ်ပါး

ပြဒါးမိအောင်ဖမ်း (၁)

ရွှေတောင် ခင်မောင်ကြည်

**၁၉၇၆ ခုနှစ်၊**
**အောက်တိုဘာလ၊**
**သီတင်းကျွတ် ကျောင်းပိတ်ရက် အမိဌာန်ရက်။** ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးကို ရှိခိုးပူဇော်ဖူးမြော်ကန်တော့ဖို့ သရေခေတ္တရာပြည်မြို့ကို မောင်ဖိုးဟန် ရောက်ရပြန်ပါပြီ။

အဖိတ်နေ့မှာ ရောက်နေတာ။ သီတင်းကျွတ်လဆန်း(၁၄)ရက် ညမှာ အမိဌာန်တစ်ခု အောင်မြင်။ သီတင်းကျွတ်လပြည့်နေ့ မနက်စောစော ဝေလီဝေလင်း အရုဏ်တက်ချိန် အမိဌာန်နောက်တစ်ခုအတွက် ရှေ့ခရီးဆက်ရတော့မယ်။

မောင်ဖိုးဟန် ပြည်မြို့ကို ရောက်တော့ မနက်(၉)နာရီ။ ရွှေဆံတော်စေတီတော်မှာ ဘုရားဖူးတွေက ကြိတ်ကြိတ်တိုး။ သိုက်မြိုက်စည်ကားနေလိုက်တာ ပျားပန်းခပ်မျှ မြင်ကွင်းလှကောင်းစွလေ။

မြတ်ဗုဒ္ဓ သာသနာတော်အတွက် အားရစရာ ကြည်နူးဖွယ်ရာ။

ဆရာရသေ့ ဦးအောင်နက်ကို ဘိုးဘိုးအောင်တိုက်ရှေ့က တရားဂူနံပါတ်(၃)မှာ ဖူးတွေ့ရတယ်။ လူပရိသတ်ရှင်းလို့ ဆရာဟန်နဲ့ ဆရာပုဏ်(၂)ယောက်ကိုပဲ တွေ့ရ။ ကျန်တပည့်တပည့်မတွေ မရှိကြ။

မောင်ဖိုးဟန်က ဆရာရသေ့ကို ရှိခိုးဦးချကန်တော့။ ဆရာရသေ့ ဦးအောင်နက်က ဆုတွေပေး။ ခပေါင်းစီးကရက်လေးလဲ စွန့်ကြဲလို့ ဒါနယူ။ နှစ်ယောက်အတူ ထိုင်သောက်ကြရင်း စကားတွေပြော။ ရယ်မောစရာကတော့ တစ်လုံးမပါ ဗလာနတ္ထိ။

ခဏအကြာမှာ ဆရာရသေ့ တရားဂူနံပါတ်(၃)ထဲက ထွက်ကြဖို့ ပြင်တယ်။ မောင်ဖိုးဟန် ရှောင်ဖယ်လို့နေရာပေး။ ခပ်ယို့ယို့လေး နောက်ကလိုက်။ ကတိုက်ကရိုက်။

တရားဂူ(၂)နဲ့ (၃)ကြားထဲမှာ အာရုံခံ တန်ဆောင်းလေးတစ်ခု ရှိတယ်။ ဆရာဟန်နဲ့ ဆရာပုဏ်တို့က တန်ဆောင်းထဲမှာ အလုပ်တွေ ရှုပ်နေကြတယ်။ တာဝန်ကိုယ်စီ ရှိကြသည့် ဗဟိုရတွေ များကြပြီ။

ဆရာပုဏ်က သံဆုံကို သံကျည်ပွေ့နဲ့ ထောင်းလို့ လက်မညောင်းနိုင်။

ဆရာဟန်က မှန်အိမ်လေးနား ထိုင်လို့။ မှန်အိမ်လေးထိပ်ကို မ... မသုန်ကြည့်လို့။ ငုတ်တုတ်က... မလှုပ်မရှား။ အသက်မှ ရှိသေးရဲ့လား ထင်ရ။

ဆရာရသေ့ နေရာထိုင်ခုလေး... ခင်းပြီး ခေါင်းရင်းက ထိုင်တယ်။ ဖိုး... က ခြေရင်းဘက်။ ဆရာရသေ့... ဖိုးဟန်အကြားမှာ ဆရာဟန်နဲ့ ဆ...



www.burmeseclassic.com

www.burmeseclassic.com

ပုဏ်။ ဘေးတိုက်အနေအထား မြင်ရ၊ မြောက်ဘက်အရပ် တန်ဆောင်းအစပ် ကပ်လို့။

အလုပ်ရှုပ်နေကြတဲ့ ဆရာနှစ်ယောက်ကို ကြည့်ပြီး မောင်ဖိုးဟန် ဝေခွဲမရ။ ဒွိဟဖြစ်နေတယ်။ ခက်တာက ဆရာနှစ်ယောက်စလုံး မောင်ဖိုးဟန်ကို စကားတစ်ခွန်းမပြော။ အလုပ်မှာ ဇောစိုက်နေကြတယ်။ ဘာတွေများ လုပ်နေကြပါလိမ့်။

ဖိုးဟန် သူတို့နှစ်ယောက်စီ ရောက်လာတာကိုပင် သူတို့နှစ်ယောက် သိကြပုံမရ။ ဈာန်ဝင်စားလို့၊ လောကကြီးကို မေ့လို့၊ တစ်ယောက်တည်းပဲရှိတယ်လို့ ကိုယ်စီကိုယ်စီ ထင်ကြလို့၊ အာရုံစူးစိုက် လုပ်ကိုင်ကြလို့ နေနိုင်လိုက်ကြတာ။ ဖိုးဟန် မြင်လိုက်ရတော့ ဟောဗျာ...


ဘာတွေလဲ ဘာတွေလုပ်နေကြတာလဲ။ သိချင်စိတ်က ဖိုးဟန်ကို နှိပ်စက်။ ဘယ်ဘက်ကို ဇက်ကလေးစောင်းပြီး ကြည့်လိုက်ပါချေတော့...

**မှန်အိမ်ကလေးတစ်လုံး။ မှန်အိမ်ပြောင်းထိပ်မှာ လုံကလေးတစ်လုံး။ (၂)နံပါတ် ဖောက်လုံအကြီးလေး တွဲလောင်းလေးချိတ်လို့။ မှန်အိမ် အဖုံးစွပ်တဲ့ ကိုင်းထိပ်မှာ သံကြိုးကွင်းဆိုင်းပြီး သံကြိုးကွင်းပေါ်မှာ လုံကို တင်ထားတာ။**

အဲဒီဘေးမှာ ဆရာဟန် ငုတ်တုတ်ထိုင်၊ အလုပ်ရှုပ်။

ဒါများ အဆန်းလုပ်လို့ မြင်ဖူးသား။ ကန့်နဲ့ နာနှစ်ဖြာတွဲထားတဲ့ နာကျိုးနဲ့ ပြဒါးဖမ်းနေတာ ထင်ပါရဲ့။ ဖိုးဟန် အတွေး ပြေးတော့မကြည့်။

မဟုတ်သေး။ လုံထဲကို ကြွေဖောက်ပန်းကန်လုံးထဲက အရည်တွေကို ကြွေဇွန်းလေးတစ်ချောင်းနဲ့ ခပ် ခပ်ပြီး လောင်း လောင်းထည့်နေတာ။




လောင်းလိုက် မီးစာလေးမြှင့်လိုက်။ မီးမြှင့်လိုက် လောင်းခါနီးမှာ မီးစာလေး နှိမ့်လိုက်။ မီးနှိမ့်လိုက်၊ အချိုးကျကျ ဆရာဟန် ကနေသယောင်။ တောင်တောင်အီအီ ဖိုးဟန် ဆက်ပြီးတွေး။

နည်းနည်းလေးမှ ဘဝင်မကျ။ သိချင်စိတ်က ရှေ့ဆောင်၊ ထိုင်နေရာကထ။ အနောက်မြောက်ထောင့်ကို ခြေ(၂) လှမ်းအရွေ့။ တွေ့ပါလေပြီကော။

စိမ်းပြာညိုမှောင် နီရောင်ရောတွေး အရည်တွေထည့်ထားတဲ့ ကြွေဖောက် ပန်းကန်လုံးလေး။

ဆရာပုဏ်ကတော့ သံဆုံတစ်လုံး ကို သံကျည်ပွေ့နဲ့ ထောင်းလို့နေ။ အရွက်တွေကို ထောင်းနေတာ။ သေသေချာချာကြည့်လိုက်တော့ ကွမ်းရွက်တွေပါလား။

ကွမ်းရွက်တွေ ညက်သွားတာနဲ့ ထမင်းစား စတီးဇွန်းအရှည်နဲ့ သံဆုံထဲကနေ ကြွေ ထမင်းစားပန်းကန်ပြားကြီး ထဲကို ခပ်,ခပ်ထည့်တယ်။

ထပ်ထည့်ထောင်းတယ်။ ခပ်ယူတယ်။ ပန်းကန်ပြားထဲ ထည့်တယ်။ ပန်းကန်ပြားကို တစ်ဝက်ကန့်ပြီး ထည့်ထားတာ။ ဖြိုးမောက်လို့လို့။ တောင်ထွတ်ကလေးတွေ သဏ္ဍာန်။

ဆရာဟန်နဲ့ ဆရာပုဏ်တို့ရဲ့ပုံစံတွေကို ကြည့်ပြီး ဘဝင်မကျ သဘောမတွေ့တဲ့ မောင်ဖိုးဟန်၊ ဆရာရသေ့ရှေ့မှောက်ကို ပြန်ရောက်သွားတယ်။ ဆရာရသေ့ကို ကြည့်လိုက်တော့ တုဏှိဘာဝေ ဣန္ဒြေကြီးနဲ့ ခပေါင်းစီးကရက်ကလေးခဲလို့။

မပြောရင်တော့ မေးမှ၊ မမေးမပြော မေးမှ ပြောမှာ။ တွေ့ကြသေးတာပေါ့။ မေးမှာ။

'ဆရာတော်၊ ဆရာဟန်နဲ့ ဆရာပုဏ် ဘာတွေ လုပ်နေကြတာလဲ ဘုရား'

သိချင်စိတ်နဲ့မေးတဲ့ မောင်ဖိုးဟန်ကို ဆရာရသေ့က ကြည့်တယ်။ ရင်မှာ စိုက်လို့ စိုက်ဝင်သွားတဲ့အကြည့်။

'ကွမ်းအစ်ထဲက ဆေးနှစ်ပါး ပြဒါးမိအောင် ဖမ်းဆိုတာ မင်း ကြားဖူးလား။ ကွမ်းအစ်ထဲက ဆေးနှစ်ပါးနဲ့ ပြဒါးမိအောင် ဖမ်းနေတာကွ'

စပ်စုလေရန်ကောလို့ မတွေးတော့။ ဆရာရသေ့ ပြောကို ပြောလိုက်ပြီ။ ဒါပေမယ့် မေးပြော ပြောလဲပြော။ မေးလဲမေး။ ဖိုးဟန် မသိတဲ့ အရေး။

အင်္ဂါရတ်လက်သင် တပည့်လေး မောင်ဖိုးဟန် အပျံသင်စ ငှက်ငယ် ပမာလို ကြားဖူးပေါင်ဗျာ။ ဘယ်သိပါ့မလဲ။ ပြန်လျှောက်လိုက်ပါတယ်။ ပြောင်ပြောင်ပဲ။

'မကြားဘူးပါ ဘုရား'

'အင်္ဂါရတ်မှာ ရိက္ခာထောက်စားလမ်းဆိုတာက ဉာဏ်ကွန့်လို့ ရတယ်ကွ။ ထွက်ရပ်ပေါက် လမ်းစဉ်တော်ကြီးကိုတော့ အတ္တနောမတိ လက်တစ်ဆစ်လောက် မှင့်အသိလေးနဲ့ သွားပြီဆိုတော့ ဉာဏ်မကွန့်ဖို့က လေနဲ့။ လိုရာ မပြီးမြောက် ခရီးတောက်နားသွားမယ်'

'ဘာပြုလို့လဲ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'ဟ ဖိုးဟန်ရ ပြိုင်စံမပေါ် နိုင်ငံကျော် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးတွေ တော်တော်များများ ကျမ်းပြုခဲ့ကြတယ်ကွ။ ကျမ်းမြတ်ကို မပြုခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေလဲ အများကြီး၊ တချို့ပုဂ္ဂိုလ်ကြီးတွေကြတော့လဲ လူသိမခံကြဘူး။ ကျမ်းပြုဖို့တော့ဝေး၊ ရွှက်ပုန်းသီး အင်္ဂိရတ်ပညာရှင်များ ထွက်ရပ်ပေါက်သွားကြတာလဲ ရှိသေး'

'နောင်လာမယ့် အင်္ဂိရတ်သုတေသီတွေအတွက် နာတာပေါ့ ဘုရား'

'ဟေ့ကောင် မင်းစိတ်ထင်တိုင်း မပြောနဲ့'

'အင်္ဂိရတ်ရွှက်ပုန်းသီးတွေ ထွက်ရပ်ပေါက်သွားတော့လဲ ဘာကျမ်းမြတ်မှ ထွက်ပေါ်မလာဘူး။ ကျမ်းမပြုခဲ့ကြဘူး။ ပါရမီဆိုတာ ဖြည့်ဆည်းမှုပေါ်မှာ တည်တယ်'

'အင်္ဂိရတ်မီး အတတ်ကျမ်းမြတ်တွေကလဲ ခက်ခဲနက်နဲလိုက်တာ။ လျှို့ဝှက်လိုက်ကြတာ။ အောင်မယ်လေး တချို့စာတွေဆို တွေးလို့တောင်မရဘူး။ အရကောက်နိုင်ကြဖို့ ဝေးစွ၊ နားမှ မလည်။ အသိနယ်ပယ်က လွန်'

'မင်း အပြစ်ပြောပြန်ပြီ။ ကိုယ် ဉာဏ်မမီတာကို အသာလေးငြိမ်နေ၊ သူများတွေ ကြားသွားရင် ရှက်စရာကောင်းလှသကွာ'

ဖိုးဟန်မှာတော့ ဘယ်လို တွက်တွက် အရှုံး။ နားမလည်တာကလဲ အရှုံး။ နားမလည်တာကို ခက်ခဲလှချည့်ရဲ့လို့ ပြောပြန်တော့လဲ ဦးနှောက်ပိုင်းဆိုင်ရာ ချို့တဲ့သတဲ့။ ကောင်းပါလေရော မောင်ဖိုးဟန်။ ကောင်းကြသေးရဲ့လား။

ဒါပေမယ့် ကိုယ်ခံနေရတာကို ငြိမ်တော့မနေဘူး။ ပြန်ပက်တတ်တဲ့ မောင်ဖိုးဟန်။

'ဒီလောက်တောင် လျှို့ဝှက်နေကြမှတော့ ဘယ်နှယ့်တုံး။ ဘာပြုလို့ ကျမ်းပြုကြသေးတုံး။ မပြုဘဲ နေကြရောပေါ့။ အခုတော့ နှောင်းလူ အင်္ဂိရတ်သမားတွေကို နှိပ်စက်သလိုဖြစ်နေတယ်'

ဖိုးဟန်က ပြောပြောကြည့်ကြည့် ဆရာရသေ့ မျက်နှာကို လှမ်းကြည့်တယ်။ ဆရာရသေ့မျက်နှာက ဆွေးဆွေးမြည့်မြည့်။ ရင်တုန်နေသလိုလို၊ ရင်ခုန်နေသလိုလိုကြီး။ အဝေးတစ်နေရာကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချတယ်။

'မင်း ကျောင်းမှာ သမိုင်းသင်ခဲ့ရတယ်မို့လား'

'ဘယ်လိုမေးလိုက်တာလဲ ဘုရား၊ သင်ခဲ့ရတာပေါ့'

'သမိုင်းသင်ခဲ့ရပေမယ့် မင်း အ,သကွာ။ သမိုင်းမသင်ခဲ့ရတဲ့ တောမရောက် တောင်မရောက်ကောင်တွေတော့ မပြောလိုက်ချင်တော့ဘူး။ ဩော် သမိုင်းသင်ခဲ့ရတဲ့ မောင်ဖိုးဟန်'

ဖိုးဟန်စိတ်ထဲမှာ မခံချိမခံသာ။ ထိုင်မရ ထမရ ဖြစ်သွားပြီ။ ဆရာရသေ့ဆိုတာလေ ပြောရက်လိုက်တာ။ ဖိုးဟန်ကို တကတည်း နင့်နင့်နည်းနည်း ချွဲချွဲပစ်ပစ်။ ပျစ်ပျစ်နှစ်နှစ်။

'သမိုင်းနဲ့အင်္ဂိရတ် ဘာများ အဆက်စပ်လို့လဲ ဘုရား။ ကျောင်းမှာ သမိုင်းပဲ သင်တာ အင်္ဂိရတ်မှ မသင်တာ'

ဖိုးဟန်က ဆတ်ဆတ်ထိခံတဲ့ ကောင်မဟုတ်။ နှုတ်လုံထိုးလိုက်တယ်။

ဆရာရသေ့မျက်နှာက ပြုံးတုံးတုံးကြီး။ ဘယ်နှဲ့ညာ လက်ဝါးနှစ်ဖက်ကို ပွတ်တယ်။ အုပ် အုပ်ပြီး လက်ခုပ်ကလေး တီးတယ်။ (၃)ချက်တိတိ၊ တခွပ်ခွပ်။

'မနည်းရယ်ဖို့ကောင်းတယ်'

ဆရာရသေ့ နှုတ်တော်က အနာပေါ် တုတ်ကျနေတဲ့ ဖိုးဟန်ကို ပြောချလိုက်ပြန်ပါပြီ။ ဖိုးဟန်ကို ကြည့်ပြီးတော့လဲ ရယ်သွမ်းသွေးတော်မူတယ်။

မောင်ဖိုးဟန်ခံလိုက်၊ အရှိက်ကိုတော့ ထိပြီ။ နာလန်မထူ ပွဲကတော့ သွေးသံရဲရဲ ဒိုင်ပွဲရပ်။ အရှုံး။

'သမိုင်းနဲ့ ဘာမှမဆိုင်ဘူး ဘုရား'

ဖိုးဟန်က ဖွတ်ကြီးငြင်းတယ်။ တင်းကို ထားတာ၊ ပြုတ်ထွက်ပစေ။

'ဟကောင်ရ သမိုင်းမှာ ဘယ်တော့မှ မသေတဲ့ သက်သေတွေရှိတယ်။ မင်း ငြင်းလို့မရဘူး။ ငြင်းရင် မင်း ရှုံးပြီးရင်း ရှုံးမယ်။ ကဲ မင့်ကို ဒီ မေးမယ်'

ဖိုးဟန်က အာဂကောင်။ ရသေ့ဆရာ မေးချင်တာ မေးလိုက်စမ်း။ ဖြေထည့်လိုက်စမ်းမယ်။ မျက်နှာထားနဲ့၊ တင်းလို့။

'မြန်မာနိုင်ငံ ပဒေသရာဇ်ခေတ် ပညာရေးစနစ်'



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဆရာကြီး မောင်ဖိုးဟန် တွေးလိုက်ရတာ ခေါင်းတွေမူးနောက် ဦးနှောက်တွေလဲ ခြောက်။

သမိုင်းရေစီးကိုလှန် ဆန်တက်လိုက်တော့ စိတ်ထဲမှာ တရေးရေးပေါ်၊ နှုတ်ကလဲ အော်လိုက်သေး...

**'ဘုန်းတော်ကြီးကျောင်း ပညာရေး'**

ဆရာရသေ့က လေအေးလေးနဲ့ ခနဲ့ပြန်တယ်။

'မင်း ဒါတော့ သိသား'

ဖိုးဟန်က မျက်လုံးကြီး လှန်ကြည့်တယ်။ ဆရာရသေ့ကတော့ နှံ့လိုက်ပြန်ပြီ။ ရသေ့ဦးအောင်နက် နှက်လိုက်ပုံကတော့ မပေါ့လေနဲ့ မောင်ဖိုးဟန်။

'ဘုန်းကြီး ကျောင်းသားတွေက ဘယ်သူတွေလဲကွ'

ဟုတ်တာပေါ့။ ဟုတ်ပေတာပေါ့။ တွေးလိုက်စမ်း မှန်းစမ်း။

ဘုရင်ဖြစ်မယ့် မင်းညီမင်းသား၊ မှူးကြီးမတ်ရာ သေနာပတိဖြစ်လာကြမယ့် အလောင်းအလျာတွေ၊ လယ်လုပ် ကုန်သွယ် သူဌေးသူကြွယ်တွေ၊ ဆင်းရဲသားနင်းပြား ပြည်သားတွေ၊ လူတန်းစားပေါင်းစုံ ဘုန်းကြီးကျောင်းသားတွေပဲ။ လက်ရည်တစ်ပြင်တည်း ဒေါင်းလန်းကြီးနဲ့။

မင်းတုန်းမင်းကြီး ငယ်စဉ်ကာလ မောင်လွင် အမည်ရခဲ့စဉ်က ဘုန်းကြီးကျောင်းသား၊ ဘုန်းကြီးကျောင်းမှာ လူတန်းစားမခွဲခြား တစ်ပြားတည်းရှိ၊ တစ်သားတည်းညီ၊ ဘုန်းကြီးကျောင်းသား လူတန်းစား တစ်ရပ်တည်းပဲရှိ။ ဆင်းရဲသားတွေ မွဲနေတာ ဘုရင်ဖြစ်မယ့် ငနဲက သိတယ်။

မင်းတုန်းမင်းကြီးငယ်ဘဝ ဘုန်းကြီးကျောင်းသားမောင်လွင်ကို ဆရာတော် သိမ်းခိုင်းထားတဲ့ ငါးခြောက်ပြား



ပျောက်သွားလို့ပြားနေအောင် အရိုက်ခံခဲ့ရသေးတာ။

ဆရာတော်ရဲ့အဆုံးအမ မောင်လွင် ကျောပြင်မှာ ဒဏ်ရာရ၊ အမာရွတ်တွေ ထင်ကျန်၊ သေတစ်ပန် သက်ထက်ဆုံး။

ဖုံးထားတဲ့ အင်္ကျီကိုမ ကျောပြင်က အမာရွတ်ကိုဖော်၊ သားတော် သမီးတော်တွေကိုပြ၊ အာစရိယအဆုံးအမ ငါ့နည်းတူ လိုက်နာကြ ကောင်းလိုက်တဲ့ မိဘ၊ ဩဝါဒ။

ဘုန်းကြီးကျောင်းထွက် စာသင်ဖက်တွေ ကျက်လိုက်ရတဲ့ စာဝါ။ တစ်နေ့မှာ (၃)ဝါ၊ (၄)ဝါ။ တချို့များတော့(၉)ဝါ၊ (၁၀)ဝါ။ တချို့ဆို တစ်ဝါ၊ တစ်ဝါ အာတစ်ကိုက်။

မင်းကျောင်းထွက်တွေ၊ ပွဲကျောင်းထွက်တွေ။

ကျေးဇူးတော်ရှင် စာချဆရာတော်တွေက သင့်တင့်ရာ လိုက်ဖက်ရာ သင်ရိုးတွေကို ချမှတ်။ လိုက်နာအပ်တဲ့ စည်းကမ်းတွေကို ရေးဆွဲ။ ကြုံလာမယ့် ပွဲတွေ နွှဲနိုင်အောင်။

ပြည်ရေးပြည်ရာအဖြာဖြာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်တဲ့အထိ သင်ကြား။ သမိုင်းမှာ ထင်ရှားတဲ့ ဘုန်းကြီးကျောင်းထွက် ဘုရင်တွေ ရှိတယ်။ နည်းလား၊ များလှချည့်။

ဆရာရသေ့ဦးအောင်နက် ဒါတွေကို ကွက်ခနဲ မြင်အောင် ပြချင်တာလား။ မောင်ဖိုးဟန်မှာ ရမ်းရော်မှန်းဆ တွေးလိုက်ရတာ ခေါင်းတောင်ကိုက်လာ။

'ဘုန်းကြီးကျောင်းမှာ ဘာတွေ သင်သလဲကွ'

ဟုတ်ပ။ အခုမှ တွေးမိ။ စာပေပညာ၊ ဗေဒင်၊ နက္ခတ် အောင်မယ် အင်္ဂရတ်လဲပါသေး။ ပေါ့သေးသေး တွက်မထားနဲ့ အများကြီးမှ အများကြီး။ ဆေးနဲ့ အင်းပညာ။

ပွဲကျောင်းများမှာတော့ ဓားခုတ်၊ လှံထိုး၊ လေးပစ်၊ သေနတ်ပစ်၊ ဆင်စီး၊ မြင်းစီး လက်ဝှေ့လက်ပမ်း သိုင်းသင်တန်းတွေနဲ့ တိုင်းပြည်ကို ကာကွယ်ရေး... လက်မနှေးခဲ့ကြ။

တွေးကြည့်တော့ သေးသိမ်တဲ့ ပညာရေးမဟုတ်။ နောင်တမလွန်ဘဝ ဆက်တိုင်း သံသရာ ဒီလှိုင်းတွေကျော်လို့ ပြည်နိဗ္ဗာန် ခေမာသောင် တစ်ဖက်ကမ်းအရောက်...

'မြန်မာစာ၊ ပါဠိစာ၊ ဆေးဝါး၊ ဗေဒင်၊ နက္ခတ်၊ အင်္ဂရတ်'

'ဟေ ဟော့ ငါလိုချင်တဲ့ အဖြေရပြီ။ အဖြေကလဲ တစ်လုံးတည်း အဲဒါ အင်္ဂရတ်'

ဆရာရသေ့ သဘောတော်ကျ ပီတိတွေလဲခါ၊ မျက်နှာတော်က ပုံရိပ်ပြ။

'ဆေးဝါး ဗေဒင် နက္ခတ် အင်္ဂရတ်ဆိုတဲ့ လောကီပညာတွေက တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတယ်။ အခြေခံတွေ တူတယ်။ တစ်ခုတတ်ရင် နောက်တစ်ခု တတ်တယ်။ ပဲစည်က တစ်ခုတည်း။ ခက်မတွေဖြာသလို ဘာသာရပ်တွေကွဲ၊ ခရီးအဆုံးကတော့ မတူ၊ ကွဲပြားခြားနား တစ်လမ်းစီသွား'

'အင်္ဂရတ်ကျမ်းစာတွေ ခက်တာနဲ့ လျှောက်ကြတဲ့ လမ်းမတူတာ ဘာဆိုင်လို့လဲ ဘုရား'

'ဆိုင်ပါသော်ကော မောင်ဖိုးဟန်။ ငကန် ငကေ'

'အခုအချိန် မင်းမှာ ခက်ခဲလှပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတဲ့ အင်္ဂရိတ်ကျမ်းစာတွေထဲက လျှို့ဝှက်ချက်လို့ ထင်နေတဲ့ ခက်ခဲနက်နဲမှုတွေဟာ ပဒေသရာဇ်ခေတ်တုန်းက မခက်ခဲ။ လွယ်မှလွယ်။ ဘုန်းကြီးကျောင်းသားတိုင်း တတ်ကြတယ်။ ဆရာတော်တွေက သင်ပေးကြတယ်'

ဟုတ်တာပေါ့။ ဖိုးဟန်တွေးမိပြီ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ ရေးသားကျမ်းပြုခဲ့ကြတဲ့ ကျမ်းတိုင်းကျမ်းတိုင်းမှာ သူတို့ခေတ် သူတို့အခါက ဘုန်းကြီးကျောင်းထွက်တိုင်း တတ်ကြတာ။ အခုမှသိ။ သင်ကြားကြတာကို တတ်ကြပြီပေါ့။ တချို့ဆို တစ်ဖက်ကမ်းခတ်။

**အက္ခရာပညာတ်၊ သင်္ချာပညာတ်၊ နာမပညာတ်၊ ဝိဓေကတ်ပညာတ်၊ ဆေးဝါးပညာတ် ဓမ္မာရစကား၊ ဆေးရာဇာစကားတွေ ကို လုံးထွေးရစ်ပတ် ကြားညှပ်ရေးသားခဲ့တာပဲ။**

ဒါပေမယ့် သိနိုင်လောက်တဲ့ နည်းပညာကိုတော့ ချန်ချင်ချန်မယ်။ ကျန်ချင်လဲ ကျန်နေခဲ့လိမ့်မယ်။ သိတယ်လေဆိုပြီး မြှုပ်ချင်လဲ မြှုပ်ထားမယ်။ ဖြုတ်ချင်လဲ ဖြုတ်ထားခဲ့မယ်။ မလိုတာတွေကိုဖယ်။ လိုတာတွေကိုတော့ အသိဉာဏ်ကြွယ်ဝ ပညာရကြစေဖို့။

'ဉာဏ်တူရင် ယူကြစမ်းဆိုတာ ဒါများလား'

သူတို့ခေတ်သူတို့အခါက ဘုန်းကြီးကျောင်းသားတိုင်း တတ်ကြသော်လည်း...

ဖိုးဟန်တို့ခေတ်မှာတော့ တိမ်မြုပ်လို့ ပျောက်ကွယ်။ ဘယ်ကျောင်းကမှ ဒါတွေကို မသင်။ မသင်တော့ မတတ်၊ မတတ်တော့မသိ၊ မသိတော့ ခက်ခဲနက်နဲတယ်ထင်။ လျှို့ဝှက်ပညာရပ် အသွင်...မြင်။

မြန်မာနိုင်ငံရဲ့ ကံကြမ္မာတစ်ဆစ်ချိုး



ကြောင့် ပိုဆိုးတာက နယ်ချဲ့အင်္ဂလိပ်အုပ်စိုးခဲ့တဲ့ သူ့ကျွန်ဘဝ။ ခေတ်ဆိုး။ ခေတ်ကျပ်။

သတ်မှတ်တဲ့ ဥပဒေက အင်္ဂရိတ်ထိုးရင် ရာဇဝတ်မှု။ ကျော်ဇော။ အက်တူးဆန်ဆန် အော်ဂလီဆန်လောက်တဲ့ ဥပဒေ ကိုလိုနီခေတ်ကလေ။ ဟော... ဟော။ မကောင်းလိုက်တာများ။

ပြော မပြောချင်တော့ဘူး။ ထင်ထင်ပေါ်ပေါ် ဘယ်သူ အင်္ဂရိတ်ထိုးဝံ့မလဲ။ ပုန်းလျှိုးကွယ်လျှိုးအင်္ဂရိတ်ထိုးကြရ။ လူမသိ၊ သူမသိ။ ရှောင်လို့ တိမ်းလို့၊ မမိဖို့။

ကဲ လက်ထပ်သင်ပေးမယ့်ဆရာ ဘယ်မှာလဲ။ ဖမ်းကြ ဆီးကြ ပြေးကြ လွှားကြ ပျောက်ကွယ်ရပြီ။ မြန်မာ့အင်္ဂရိတ် မျိုးဆက်ပြတ်။ လက်သပ်ကိုယ်ကျွတ်။ ချွတ်ခြုံကျ။

အဖိုးအနဂ္ဃထိုက်တန်တဲ့ အင်္ဂရိတ်မီးပညာ၊ ကျွန်ပြုခံလိုက်ရတာနဲ့ အညွန့်တုံး။ လူလုံးမလှ။ နှောင်းလူမှန်သမျှသံဝေဂရကြစေ...

**အဲဒီလို မျိုးဆက် မပြတ်ရအောင် ကနေ့ အသက်ထင်ရှား ရှိနေကြတဲ့ အင်္ဂရိတ် ပညာရှင်ကြီးများအနေနဲ့ ကနေ့ ကိုယ်တိုင် အကျိုးခံစားနေတဲ့ အာစရိယဝါအပြားပြား မီးအတတ်တို့ကို နှောင်းလူ အညွန့်တလူလူ ထွန်းထူ အင်္ဂရိတ် သုတတသီများအတွက် လက်ဆင့်ကမ်းပညာအမွေ ပေးတော်မူကြပါရန် တောင်းပန်စကား ဆိုပါရစေ။**

ထွက်ရပ်စခန်း မြန်းတော်မူကြကုန်သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးကြီးများ ကိုယ်တော်တိုင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အလောင်းအလျာများအတွက် သူတို့ခေတ်သူတို့အခါက အသုံးအနှုန်းစကားလုံးတွေနဲ့ ကျမ်းပြုခဲ့ကြပါတယ်။

ထွက်ရပ်စခန်းမြန်းနိုင်ဖို့ လမ်းညွှန်ခဲ့ကြပါတယ်။

အဲဒီလိုပါပဲ အခုခေတ် အခုအခါ နားလည်နိုင်ကြမယ့် စကားလုံးတွေသုံးပြီး လမ်းစဉ်တော်အသီးသီးကို **"မီးနေလုံထား"**က အစအန္တိမ နောက်ဆုံးခရီး ကိစ္စပြီးတဲ့အထိ ရေးသားလို့ ပညာပေးကြပါရန် မေတ္တာစကား ဆိုလိုက်ရပါပြီ။

မီးနေကို တတ်ရင် လုံထားကို တတ်ပါပြီ။ လုံကို ထားတတ်ရင်လဲ မီးနေကို သိပါပြီ။

အင်္ဂရိတ်မီးပညာက ကြီးကျယ်တယ်။ နည်းကအဖုံဖုံ၊ ဆရာစုံ။ စုပြုထိုးသတ် ဓာတ်ကလဲ အမယ်မယ်။ လမ်းစဉ်နယ်ပယ်က အများကြီး။ မြစ်ကို အလျားလိုက် ကူးရသလို ဆရာဆိုတာသာ မရှိရင်...

ဒါကြောင့် တောင်းပန်စကား ဆိုရတာပါ။ အကြောင်း ရှိပါတယ်။

စာတည်းချုပ်နဲ့ ပတ်သက်ဆက်နွှယ်နေပါတယ်။

စာတည်းချုပ်ရဲ့ နှုတ်က ထွက်လာတဲ့ စေတနာ စကားတစ်ခွန်းကြောင့်ပါ။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

ရွှေတောင် ခင်မောင်ကြည်



www.burmeseclassic.com

www.burmeseclassic.com

ထင့်ချင်း

လူထူးဆန်း(သားခြောက်ရေး)

# မောင်နှတ်သီး

[၁]

စာရေးသူ ကျွန်တော်တို့ နိဗ္ဗာန်ရောက်ကြောင်းတရားကို ပီပီပြင်ပြင် အားမထုတ်နိုင်သေးသရွေ့ သံသရာဆိုသည့် စက်ဝန်းထဲ တဝဲဝဲ တလည်လည် ကူးခတ်နေကြရဦးမည်ဟု ဆိုပါသည်။

ဤဘဝမှာ ကုန်ဆုံးပြီးပါက နောင်ဘဝသစ်တို့ ကူးပြောင်းကြရပါဦးမည်။ ဘဝသစ်တစ်ခုဖြစ်ခြင်းအစ၌ နာမ်ဟူသောအရာမှာ အဓိကဟု ကျမ်းဂန်များ၌ ဆိုသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ(တစ်နည်း) ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးအကြောင်း ညီညွတ်လျှင် ဘဝသစ်တစ်ခု ဖြစ်ပေါ်သည်ဟု ဆိုပါသည်။

ဘဝသစ်တစ်ခု စပြီဆိုသည်နှင့် ရှေးက ပြုပြင်ခဲ့သမျှသော ကံအကြောင်းတရားများကြောင့် ပဋိသန္ဓေဆိုသည့် သက်ဆိုင်ရာ အကျိုးတရားတစ်ခုဖြစ်လာမည့် မိခင်၏ဝမ်း၌ ဝင်စားရသည်ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုသည်ကို တွေ့ရပါသည်။

ပဋိသန္ဓေတည်ခြင်း (၄)မျိုးရှိသည်ဟု စာရေးသူ၏ ကိုးကွယ်ရာ မအူပင်ဆရာတော်ကြီးမှ မိန့်မှာဖူးသည်။

၁။ **ဥပပတ်ပဋိသန္ဓေ**– ရုပ်နှင့်နာမ် နှစ်ပါးလုံး တစ်ပြိုင်တည်း ဖြစ်ပေါ်လာကာ တစ်နေရာရာမှာ ဘွားခနဲ ကျရောက်လာသည့် ဖြစ်ခြင်းမျိုး၊ မည်သည့် အမိအတွယ်မှမလို (ဥပမာ=နတ်၊ ဗြဟ္မာ၊ ပြိတ္တာတို့၏ ပဋိသန္ဓေမျိုး)။

၂။ **သံသေဒဇပဋိသန္ဓေ**–သစ်ပွင့်သစ်သီး၊ ရေညှိ စသည့် အမိအတွယ်ရှိရာမှ တဖြည်းဖြည်း ကြီးထွားလာခြင်းမျိုး၊ (ဥပမာ–ပိုးလောက်လန်း)။

၃။ **အဏ္ဍဇပဋိသန္ဓေ**–အခွံ(သို့မဟုတ်) ဥအတွင်းနေရသည့် ကြက်၊ ငှက် စသည့် သတ္တဝါတို့၏ ပဋိသန္ဓေမျိုး။

၄။ **ဇလာဗုဇပဋိသန္ဓေ**– ယခု စာရေးသူတို့အပါအဝင် လူ၊ ခွေး၊ နွား စသည့် သတ္တဝါအပေါင်းတို့ မိခင်၏ သားအိမ်၌နေရသော ပဋိသန္ဓေမျိုးများဟု မိန့်ကြားဖူးပါသည်။



▲ လူခြောက်လေး မောင်ကျော်ထူးဆန်း

[၂]

စာရေးသူ ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် အပြင်လောကတွင် အမှန်တကယ်ရှိနေသည့် ထူးထူးဆန်းဆန်း အကြောင်းအရာများကို သက်သေအထောက်အထားများနှင့်တကွ လက်တွေ့တင်ပြရန် အမြဲကြိုးစားပါသည်။


ထိုသို့ ကြိုးစားရှာဖွေရင်းမှ အထက်ပါ ပဋိသန္ဓေလေးမျိုးထဲမှာမှ စာရေးသူ ကျွန်တော်တို့ကဲ့သို့ မိခင်၏ဝမ်း၌ တည်ရသော ဇလာဗုဇပဋိသန္ဓေဖြင့် သန္ဓေတည်ပြီး လူ့ဘဝသို့ ရောက်လာပြီးကာမှ ထူးထူးဆန်းဆန်း ရုပ်ရှိသော်လည်း နာမ်မဲ့နေသည့် သားခြောက်ကလေး တစ်ယောက်အကြောင်းကို ကြားသိခဲ့ရပါသည်။

ယခင်ထွက်ပြီးခဲ့သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများ၌ မကြာခဏဖတ်ခဲ့မိပြီး စဉ်းစားတွေးတောခဲ့သော်လည်း တိကျသော အဖြေမရခဲ့။ ယခုကိုယ်တိုင်တွေ့ကြုံမိမှ ထိုသနားစရာကောင်းသည့် သားခြောက်လေး မောင်ထူးဆန်း(ခေါ်) မောင်ကျော်ထူးဆန်းလေးအကြောင်းကို နက္ခတ္တစာချစ်သူများနှင့်အတူ ဝိုင်းဝန်း အဖြေရှာရန် လေ့လာရေးသား တင်ပြလိုက်ပါသည်။

မောင်ထူးဆန်းလေး ဖြစ်သော (အရပ်အခေါ်) မောင်နှတ်သီးလေးကို

www.burmeseclassic.com





◄ လူခြောက်လေး ကျော်သန်းထွန်း၏ မိခင်ဒေါ်အေးမှ ရှင်းလင်းပြောပြနေစဉ်

◄ ကွင်းထိုးပိုင်း မှတာ၍ ထယ်ထေးရာစဉ်

**ရပ်စောက်(နဂါးမြို့တော်)နှင့် (၅) မိုင်ခန့်ကွာဝေးသည့် မကျီးကုန်း ကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာ နေ** ဖခင် ဦးဘအုန်းနှင့် အမိဒေါ်အေး တို့မှ မြန်မာသက္ကရာဇ် ၁၃၅၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် မွေးဖွားခဲ့သည်ဟု ဆိုသည်။ မွေးချင်း (၇)ယောက်အနက် နို့ညှာတစ်ဦး ဖြစ်ပါသည်။

မိဘနှစ်ပါးမှာ ရိုးသားကြိုးစားသော မနုတိုင်းရင်းသားများဖြစ်ပြီး လယ်စိုက် ခြင်း၊ တောင်ယာလုပ်ကိုင်စားသောက် ခြင်းဖြင့် အသက်မွေးဝမ်းပြုသည်။ မိခင်ဒေါ်အေးမှ မောင်နုတ်သီးလေး ကိုယ်ဝန်စဆောင်စဉ်ကာလ၌ ထူးဆန်း လှသောအိပ်မက်များ မြင်မက်ခဲ့ကြောင်း စာရေးသူကို ပြန်လည် ပြောပြပါသည်။

ဝါခေါင်လတွင် စာရေးသူတို့ဒေသ၌ လယ်စိုက်ချိန်ဖြစ်ပြီး မိခင်ဒေါ်အေးမှာ လယ်ကွင်းထဲ ဆင်းနေချိန်ဖြစ်သည်။ ထိုအချိန် မောင်နုတ်သီး၏ ကိုယ်ဝန်မှာ မိခင်ဝမ်းထဲ သန္ဓေခနေပြီး ထူးဆန်း ဖွယ် ကြုံရသည်မှာ ကိုယ်ဝန်မှာ တစ်ခါ တစ်ရံ အလွန်ကြီးမားလာပြီး တစ်ခါ တစ်ရံ ဘာမှမရှိသည့်အတိုင်းဟု ဆို သည်။

ထို့ကြောင့် မိခင်ဒေါ်အေးမှာ အလုပ် အကိုင်မပျက်၊ လယ်စိုက်မပျက်ခဲ့ဟု စာရေးသူအား ပြောပြပါသည်။ မွေးဖွား မည့်နေ့ လယ်ထဲ၌ လယ်စိုက်နေစဉ် ဗိုက်အနည်းငယ်နာလာသဖြင့် မိခင်မှ အိမ်ပြန်လာခဲ့သည်။

ခင်ပွန်းဖြစ်သူကို အရပ်လက်သည် ခေါ်ခိုင်းပြီး မွန်းလွဲ(၁)နာရီခန့်တွင် မွေးဖွားခဲ့သည်။ မွေးဖွားပြီးနောက် ကြုံ တွေ့ရသည့်အနေအထားများကို မိခင် ဒေါ်အေးမှ စာရေးသူ ကျွန်တော့်ကို ယခုလို ပြောပြပါသည်။

'မွေးပြီးတော့ လက်သည်က ကျွန်မကို... နင့်ကလေးက ပျက်စီးနေပြီ မိအေး' လို့ ပြောပါတယ်။

'ကျွန်မက အစ်မရယ်... သေချာကြည့်ပေး ပါဦး။ ဘာလို့လဲဆိုတော့ သား...အမေတို့ ဆီမှ လာနေမယ်ဆိုတာ မနေ့ညက ကျွန်မ အိပ်မက်ထဲ သေချာ လာပြောသွားသေး တယ်။ သေချာကြည့်ပေးပါ အစ်မရယ်... ဆိုမှ သူသေချာကြည့်ပေးပါတယ်။ အဲ... သိပ်မကြာဘူး။ "ဒီမှာ... ခုံညင်းလောက်စတဲ့ အလုံးတစ်လုံးတော့ တွေ့တယ်။ နင် ကြည့်ရ ရင် ငါပြပေးမယ်"လို့ ဆိုတော့ ကျွန်မလဲ ကြည့်ရတယ်အစ်မ၊ ပြသာပြလို့ ပြောလိုက် တယ်။

အဲဒီမှာ လက်သည်မ,ပြတဲ့ အဖြူရောင် အလုံးလေးကို ကြည့်ပြီး ကျွန်မစိတ်ထဲမှာ ခွဲကြည့်ချင်စိတ် ပေါက်လာတယ်။ ဒါနဲ့ ကျွန် လဲ "အစ်မ...အဲဒါလေးကို ခွဲပြပါလား"လို့ ဆိုတော့ လည်သည်မ,က ခွဲပြပါတယ်။

သေချာတယ်။ ဒါ ကျွန်မဆီ လာနေချင်တဲ့ သားလေးဆိုတာ သိလိုက်တယ်။ အဖြူလုံး လေးအထဲမှာ ကွေးကွေးလေးဖြစ်နေပြီး မျ ဖွေးတောက်ပနေတဲ့ မောင်နုတ်သီးလေး ဆိုတာ ကျွန်မ သိလိုက်တာပေါ့"

ဟု စာရေးသူ ကျွန်တော့်ကို ပြောပြ ပါသည်။

မိခင်ဖြစ်သူဒေါ်အေးမှ ဆက်လက် ပြောပြရာ၌...

'ရွာထဲက လူကြီးသူမတွေက ပြော နင်တို့ ဒါ နတ်ပေးတဲ့ကလေး ရိုက် ဟု ပြောကြပါသည်။ တစ်ခေါ် က...





www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မဈေးသွားလို့ သူ့ကို မုန့်ချောင်လေးထဲထည့်ပြီး နို့မှုန့်ဘူးကို ဒီတိုင်းထားခဲ့တာ။ အမှုန့်လိုက်ပေါ့။ ပြန်လာတော့ အိမ်နီးနားချင်းတွေက **"နှင့်အိမ်ပေါ်က ကလေးငိုသံ ကြားတယ်၊ ဘယ်က ကလေးရောက်နေတာလဲ"** လို့ ဝိုင်းမေးကြပါသည်။

အဲဒီမှ ကျွန်မရဲ့ နတ်သီးလေးငိုသံမှန်း ကျွန်မလဲ သိလိုက်တာ။ ညကျတော့ ကျွန်မကို နောက်တစ်ခါ ဈေးသွားရင် နို့မှုန့်ကို ဖျော်ပေးခဲ့ဖို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်မလဲ နောက်ဆိုဘယ်သွားသွား ဖျော်ပြီး ထားခဲ့ပေတော့ ကလေးငိုသံ မကြားကြရတော့ဘူး'

ဟု စာရေးသူကို ပြောပြပါသည်။

ဆက်ပြီး ငိုအားထက် ရယ်အားသန်ရသည့်အဖြစ်တစ်ခု ထပ်ပြောပြပါသည်။ ပင်းတယမှ ခင်ပွန်းသည်၏ နွားပွဲစားဧည့်သည်တစ်ယောက် နွားရှာဝယ်ရင်းဖြင့် နှစ်ညအိပ်ခန့် လာသွားစဉ် ကြုံခဲ့ရသည့် အဖြစ်အပျက်ဟု ဆိုပါသည်။ ပထမညတွင် ဘာမှမဖြစ်ခဲ့၊ ဒုတိယညရောက်မှ ပြဿနာစသည်ဟု ဆိုသည်။

'ကျွန်မတို့ရဲ့ဓလေ့က ဧည့်သည်ဆိုအိမ်ရှေ့ခန်းမှာရှိတဲ့ ဘုရားခန်းရှေ့မှာပဲ နေရာပေးလေ့ရှိပါတယ်။ အဲဒီညကတော့ ရွာလူကြီးက အစည်းအဝေးမလာမနေရဆိုလို့ ကျွန်မတို့လင်မယားသွားရတယ်။ ဧည့်သည်က အိမ်ရှေ့သူ့အိပ်ရာမှာပဲ လှဲပြီး ကျန်နေခဲ့တာ။ ကျွန်မတို့ ည(၁၁)နာရီလောက် ပြန်ရောက်တော့ ပင်းတယဧည့်သည် မရှိတော့ဘူး။ သူ့အိတ်တွေလဲ မမြင်တော့ဘူး။ ဘယ်ထွက်သွားမှန်းလဲ မသိဘူး။

နောက်မှ သိရတာကတော့ သူအိပ်နေတုန်း အတွင်းအိပ်ခန်းထဲက



▲ အိမ်မက်ဝေး ပူဇာသမျှ ဝယ်ထားပေးရသည့် အဝတ်အစားများ

ခြေသံကြားပြီး လူတစ်ယောက် ထွက်လာကြောင်း၊ သူလည်း ခေါင်းရင်းနံဘေးက မာတ်မီးနဲ့ ထိုးကြည့်သော်လည်း ဘာကိုမှ မမြင်ရကြောင်း၊ အောက်ဘက် မီးဖိုချောင်ဘက်သို့ ဆင်းသွားပြီး အိုးခွက်များ လှုပ်လှော်ကာ ထမင်းစားသံကြားရကြောင်း...

မကြာခင် အိမ်ပေါ် ပြန်တက်လာသံကြားရပြီး အိပ်ခန်းထဲဝင်သွားကြောင်း၊ သရဲခြောက်သည်အထင်နှင့် ဆက်မအိပ်ဝံ့တော့ဘဲ ပင်းတယသို့ ညတွင်းချင်း ပြန်ပြေးခဲ့ကြောင်းကို ရယ်ရယ်မောမောနှင့် ပြောပြပါသည်။

နောက်မှ ဒေါ်အေးတို့အိမ်တွင် မောင်နတ်သီး(သားခြောက်လေး) မွေးထားမှန်းသိမှ ပြန်ပြီး ဝင်ထွက်ရဲကြောင်းကို ပြောပြခဲ့ပါသည်။

စာရေးသူ ကျွန်တော် မြင်ရတဲ့ မောင်နတ်သီးလေး၏ အရွယ်အစားကတော့ (၃)လက်မခန့် အရွယ်အစား ရှိပါသည်။ မုန့်ပေါင်းချောင်ထဲ ထည့်ထားပြီး အပေါ်မှ အဝတ်ဖြူစလေး တစ်ခုနှင့် ပတ်ထားသည်ကို တွေ့ရသည်။

သူလိုချင်သမျှ၊ စားချင်သမျှ အားလုံးကို မိဘနှစ်ပါးအပေါ် ပူဆာမှု သိပ်မရှိဘဲ အစ်မဖြစ်သူများထံ၌သာ လှည့်ပတ် တောင်းလေ့ရှိသည်ဟု ဆိုပါသည်။

မောင်နတ်သီး အချစ်ဆုံးအစ်မမှာ **"မချစ်လင်း"**ဟု ခေါ်ပြီး အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ မောင်နတ်သီးလေး၏ တစ်အိမ်ကျော်တွင် နေထိုင်ပြီး သူ လိုချင်တောင့်တသမျှကို ရအောင် ဝယ်ပေးသည်ဟု သိရသည်။ ထို့ကြောင့် စာရေးသူ ကျွန်တော်လည်း မချစ်လင်းထံ မေးမြန်းရန် သူနေထိုင်သည့်အိမ်သို့ သွားရောက် မေးမြန်းဖြစ်ခဲ့ပါသည်။

'မောင်လေး အရမ်းလိုချင်တဲ့ ပစ္စည်းတစ်ခုခုဆိုရင် နေ့လယ်ခင်းတောင် သူရောက်လာတယ်။ သူလာမယ်ဆိုရင် အရင်က မရိပ်မိခဲ့ပေမယ့် အခုကြာလာတော့ ရိပ်မိလာပြီး အဲဒီလို ရိပ်မိတာကတော့ အိပ်ချင်လာတာပါ။ သူလာပြီဆိုရင် ကျွန်မအခုပဲ အိပ်ချင်လာတယ်။ အခုပဲ ပြန်အိပ်ချင်လာတယ်။

အဲဒါနဲ့ ခေါင်းဦးပေါ် ခေါင်းချလိုက်ရင် တံခါးဖွင့်သံ၊ အိပ်ခန်းဆီ သူလာတဲ့

www.burmeseclassic.com

ခြေသံ အကုန်သိနေတယ်။ အဲဒီအချိန်မှာ ကျွန်မက အိပ်မှုန်စုံမွှားပေါ့။ တကယ်လိုလို အိပ်မက်လိုလို ဖြစ်နေတာ ကျွန်မနား ရောက်လာပြီးမှ အစ်မ... မနေ့က ရွာထဲက သူနဲ့ရွယ်တူကလေးတွေပါ (ဘယ်သူ၊ ဘယ်သူပေါ့) ဆံပင်ကို အနီရောင်ဆိုးထားတာ တွေ့တယ်။ အဲဒါ မောင်လေးကို မနက်ဖြန်ဈေးသွားရင် ဝယ်ခဲ့ပေး။ အဲဒီလို ပူဆာတာ။

နောက်တစ်နေ့ ဈေးသွားတော့ ကျွန်မက ဝယ်ပေးရတော့တာပေါ့။ အခု အမေ့အိမ် သူ့နံဘေးက ကွင်းထိုးလယ်သာဖိနပ်ဆို ကျွန်မကို ပူဆာလို့ လွန်ခဲ့တဲ့နှစ်ပတ်ကမှ ဝယ်ပေးထားရတာ'

ဟု စာရေးသူအား ပြောပြပါသည်။

'သူတို့ကို လူကြီးသူမတွေကတော့ နတ်သက်ကြွေပြီး နောင်ကောင်းမွန်တဲ့ဘဝကို တစ်ဆင့် မကူးသွားခင်မှာ ပါခဲ့တဲ့ ဝင့်ကြွေးခဏလာဖြေတဲ့သဘောနဲ့ ကျွန်မတို့ဆီမှာ ပဋိသန္ဓေခဏ ဝင်တည်ကြတာလို့ ပြောကြပါတယ်။ ဒါကြောင့် နတ်ပေးတဲ့ကလေးမို့ မောင်နတ်သီးလို့ အိမ်နာမည်ပေးပြီး တကယ်ပဲ ထူးဆန်းလို့ ကျော်ဆန်းထူးလို့ မှည့်ပေးခဲ့တာပါ'

ဟု မိခင်ဖြစ်သူ ဒေါ်အေးမှ ထပ်မံရှင်းလင်း ပြောကြားခဲ့ပါသည်။

[၃]

**"သံသရာဆိုသည်မှာ အဘယ်နည်း"**ဟု မိလန္ဒမင်းကြီးက ရဟန္တာ အရှင်နာဂသေအား မေးလျှောက်ခဲ့စဉ် အရှင်နာဂသေနက ...

'မင်းမြတ်... ဤအရပ် ဤဘုံ၌ ဖြစ်၍ ဤအရပ် ဤဘုံ၌ပင် သေ၏။ ဤအရပ် ဤဘုံ၌ပင် သေ၍ တစ်ပါးသောအရပ် တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ် ထိုဘုံ၌ ဖြစ်၍ ထိုအရပ် ထိုဘုံ၌ပင် သေပြန် ၏။

ထိုအရပ် ထိုဘုံ၌ သေ၍ တစ်ပါးသောအရပ် တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ်... ဤကား သံသရာပင်ဖြစ်၏'

ဟု မိန့်မှာခဲ့သည်ကို ကျမ်းဂန်၌ ဖော်ပြထားပါသည်။ အဌသာသာလိနီ အဌကထာ၌လည်း **"ခန္ဓာ အာယတန ဓာတ်တရားတို့၏ အဆက်မပြတ်သော ဖြစ်စဉ်သည် သံသရာမည်၏"** ဟု ဖော်ပြပါရှိသည်။

ထိုထိုကဲ့သို့ စဉ်ဆက်မပြတ် ဖြစ်နေသော သံသရာတွင်းမှ လူသားများဖြစ်သည့် ရုပ်နာမ်နှစ်ပါးနှင့် စာရေးသူကျွန်တော်တို့အပါအဝင် ရုပ်ရှိပြီး နာမ်မဲ့သည်ဟုလည်း မဆိုနိုင်၊ ရုပ်နှင့်နာမ် သီးခြားစီဖြစ်နေပြီး မည်သို့မျှ ဝေခွဲ၍ မရနိုင်သည့် အလွန်ဂမ္ဘီရဆန်၍ ထူးထွေ ဆန်းကြယ်လွန်းလှသော မောင်နတ်သီး (သားခြောက်လေး)ကို ကြုံကြိုက်လျှင် လာရောက် ကြည့်ရှုလေ့လာစေလိုကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး အတွက် ရှာဖွေ ရေးသားတင်ပြလိုက်ပါသည်။

**ထမုံခမ်း**

---

စာမျက်နှာ (၂၃၇)မှ အဆက်

အာပေါ၊ တေဇော၊ ဝါယောဓာတ်များနှင့် ပြည့်စုံ၍ အောက်သိဒ္ဓိငယ်များနှင့်လည်း ပြည့်စုံနိုင်သည်ဟု ကျွန်တော် ယုံကြည်မိပါသည်။ သို့ဖြစ်၍ အဆောင်ဓာတ်လုံးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

အဂ္ဂိရတ်ပညာကိုဝါသနာထုံ၍ လေ့လာလိုက်စားနေကြသူများ လိုအပ်သလို အသုံးပြုနိုင်ရန် ဆရာဦးခင်ညွန့်၏ ရိက္ခာထောက်(လက်တွေ့) အောင်မြင်နေသည့် နည်းလမ်းကို ကျွန်တော် မျှဝေဖော်ပြပေးလိုက်ပါသည်။

**နည်းလမ်းအပြည့်စုံနှင့် လုပ်ထုံးနည်းမှာ...**

**ဘော်(၁)ပဲ၊ ပြဒါး(၂)ပဲ၊ ကြေး(ခန်)(၄)ပဲသားကို** ချိန်တွယ်၍ ပေါင်းထိုးရမည်။ ဦးစွာ သွပ်နှင့် ပြဒါးကို တွဲရသည်။ ပြီးက ဘော်ကို ထည့်ထိုးသည်။

ဓာတ်(၃)မျိုး ပေါင်းသွားစပ်သွားပါက ကြေးကိုထည့်၍ အနှံ့ပိတ်ပြီး လုံတစ်ခိုင် မီးစိုက်ရပါသည်။ ပြီးပါက ထိုဓာတ်လေးပါးလုံးကို ချော်ဖြင့် လုံတစ်ခိုင် မီးစိုက်ရပါသည်။

ရရှိလာသော စပ်သားဓာတ်ကို မီးရောက်ရှိစေရန် ဓာတ်ကြ လုံခွံဖြင့် တစ်လုံးထိုးပါ။ ပြီးက **နာလေးတူ** ထည့်၍ နာချက်လိုက် ပါက ဓာတ်သားအဝါကို ရပါသည်။ မိမိနှစ်သက်သလို တွဲဝ အသုံးပြုနိုင်ပါသည်။

အဂ္ဂိရတ်ပညာကို လေ့လာလိုက်စားနေကြသူများအနေနှ ကုန်ကျစရိတ်မများ အချိန်သိပ်မယူရဘဲ အချိန်တိုကာလ အတွင်း ရိက္ခာထောက်ဓာတ်သားအဖြစ် အသုံးပြုနိုင်ကြ အဆောင်ဓာတ်လုံး အဖြစ်လည်း အသုံးပြုနိုင်မည့် နည်းလ ဖြစ်ပါသည်။

ကျွန်တော့်အနေနှင့် ငွေကြေး အခက်အခဲ တွေ့ကြုံနေ ရသည့် အဂ္ဂိရတ်ပညာ လိုက်စားနေကြသူများ အသုံ ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ စေတနာကောင်း မျှဝေ ဖော်ပြပေးအပ်လိုက်ပါသည်။

***ဤဆောင်းပါးဖြင့် ဆရာဦးခင်ညွန့် (ကျောက်မဲ)အား ... စွာဖြင့် ဂါရဝ ပြုအပ်ပါသည်။***

**အောင်သန့်(ပုသိမ်ကြီး)**




www.burmeseclassic.com

www.burmeseclassic.com

# ရိက္ခာထောက် အတွက်

## (၁, ၂, ၃, ၄) ဓာတ်လေးပါးလမ်းစဉ်





မောင်သန့် (ပုသိမ်ကြီး)

အဂ္ဂိရတ် ဝါသနာရှင်များအနေနှင့် ထိုက်သင့်သည့် ငွေကြေးကို အသုံးပြု ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါသည်။ မိမိမှာ ငွေကြေးပြည့်စုံသူ မဟုတ်ပါက လိုအပ်မည့် မီးသွေးဖိုး၊ လုံနှင့် ဓာတ်ပစ္စည်းဖိုးများ ဝယ်ယူအသုံးပြုရန် အခက်အခဲနှင့် ကြုံတွေ့ရတတ်၍ စိတ်သွားတိုင်း ကိုယ်မပါသလိုဖြစ်ကာ နှောင့်နှေးကြန့်ကြာမှုများ ရင်ဆိုင်ကြုံတွေ့ရလေ့ ရှိတတ်ပါသည်။

သိဒ္ဓိဓာတ်လမ်းကြီး လုံးထိုးခြင်း လုပ်ငန်းမှာ ငွေကုန်ကြေးကျမှုများ များပြီး လမ်းစဉ် သတ်မှတ်ချက်များနှင့် အညီ လျှောက်လှမ်းရန် အခက်အခဲများ ရှိပါသည်။

မိမိတွင် ငွေကြေး ကန့်သတ်ချက်များ ရှိနေပါက သိဒ္ဓိလမ်းတက်စဉ်များနှင့်အညီ လျှောက်လှမ်းလုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းရှာရမည် ဖြစ်ပါသည်။

အချိန်ကုန် လူပန်းပြီး ငွေကြေးဖြုန်းတီးသလို ဖြစ်နေမည် ဆိုပါက မိသားစုဝင်များကလည်း အမြင်စောင်းလာနိုင်ပါသည်။ အချိန်ကြန့်ကြာလာသည်နှင့်အမျှ မိသားစု၏ပြုစု မကျေနပ်မှုများလည်း တွေ့ကြုံခံစားလာရတတ်ပါသည်။

သို့ဖြစ်ပါ၍ အဂ္ဂိရတ်ပညာကို လက်တွေ့ လုပ်ကိုင်ဆောင်ရွက်မည် ဆိုပါက ထိုက်သင့်ငွေကြေး ဖူလုံမှု ရှိနေစေရန် အလေးထား စဉ်းစား ဆောင်ရွက်နိုင်ရေးအတွက် ရိက္ခာထောက်အဂ္ဂိရတ်နည်းလမ်းကို အကြံပြု တင်ပြမည် ဖြစ်ပါသည်။

ရိက္ခာထောက်နည်းလမ်းကို အကြံပြုဆွေးနွေးရာ၌ အချိန်တိုကာလအတွင်း ကုန်ကျစရိတ် နည်းပါးစွာဖြင့် အကျိုး ဖြစ်ထွန်းစေနိုင်သည့် နည်းလမ်းဖြစ်ဖို့ လိုပါသည်။

ထို့အပြင် လက်တွေ့ဆောင်ရွက်နိုင်ရန် အခက်အခဲ မရှိစေဖို့လည်း အရေးကြီးပါသည်။ ဤအချက်များနှင့် ပြည့်စုံသော **ရိက္ခာထောက်စပ်သားပြုလုပ်နည်းတစ်ခုကို ဆရာဦးခင်ညွန့် (ကျောက်မဲ)**ထံမှ ကျွန်တော် ရရှိခဲ့ပါသည်။

၁၉၉၅ ခုနှစ်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲခရိုင်ရုံးတွင် တာဝန်ထမ်းဆောင်နေချိန် ကာလအတွင်း ကျန်းမာရေးဝန်ထမ်း(ငြိမ်း) ဆရာဦးခင်ညွန့်နှင့် ရင်းနှီးခင်မင်ခဲ့ပါသည်။ ရုံးအားလပ်ရက်များတွင် ဆရာဦးခင်ညွန့်နှင့် ကျွန်တော်တို့ အဂ္ဂိရတ်ပညာဆိုင်ရာ အတွေ့အကြုံများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လေ့ ရှိပါသည်။

တစ်နေ့တွင် ဆရာဦးခင်ညွန့်က လုပ်ရတ်ဆိုင်ရာ ရိက္ခာထောက် နည်းလမ်းတစ်ခုကို ကျွန်တော့်အား ပေးအပ်ခဲ့ပြီး...

'ဆရာသန့်ရေ ကျွန်တော် ခင်ဗျားကို ရိက္ခာထောက်အနေနဲ့ ဆောင်ရွက်နိုင်မယ့် နည်းလမ်းကောင်းလေးတစ်ခု ပေးမယ်။ ဆရာလိုတဲ့အချိန်မှာ လုပ်နိုင်တာပေါ့။

ဒီနည်းလမ်းက ကျွန်တော် လက်တွေ့ အမြဲတမ်း အသုံးပြုနေတဲ့ နည်းလမ်းပါ။ ကျွန်တော်က ဒီနည်းလမ်းကို ၁, ၂, ၃, ၄ ဓာတ်လေးပါးလို့ အမည်ပေးထားတယ်'

ဟု ဆိုကာ လုပ်ရတ်နည်းကို စာရွက်တွင် ရေးသားပြီး ကျွန်တော့်ကို လက်ဆောင်အဖြစ် ပေးအပ်လိုက်ခြင်း ဖြစ်ပါသည်။

အဂ္ဂိရတ်ပညာတွင် နည်းလမ်းမျိုးစုံ သုံး၍ ဆောင်ရွက်နိုင်သော လုပ်ရတ်လမ်းများ များစွာ ရှိပါသည်။ ကျွန်တော် မှတ်မိသမျှ လုပ်ရတ်လမ်းများအနက် ထင်ရှားသည့် လုပ်ရတ်နည်းလမ်းများမှာ **သွပ်, သံ, ဆေးဒန်းနည်း၊ သံ,ဆေးဒန်း,ပြဒါးတွဲနည်း၊ ဟင်းရိုင်းပြဒါးဖမ်း၍ ရွှေဖြင့်တွဲနည်း၊ သွပ်,ဒုတ္တာ,နာ,ပြဒါးနည်း၊ ဘော်,ဒန်,သံ ထိုးနည်း၊ ဘော်ဝါဆိုးနည်း၊ အန္တောဓာတ်သားဖြင့် ပြဒါးကိုထိုး၍ ရွှေဖြင့်တွဲနည်း၊ ဘော်, ဂျပ်, သွပ်, ပြဒါး ထိုးနည်း၊ ဒန်,နာ, သုတ,ရဇတနည်း** ဟူ၍ရှိရာ ဆရာ ဦးခင်ညွန့်၏ နည်းလမ်းသည် ဘော်ကို သတ်၍ ဘော်ဝါဖြစ်အောင် ဆောင်ရွက်နည်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဓာတ်လေးပါးဖြစ်သော ပထဝီ၊

 စာမျက်နှာ (၂၃၆) သို့

www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးမြတ် ဈာန်သမာပတ်

ကျော်လင်းသာ



ဓမ္မပဒ ပါဠိတော်မဂ္ဂဝဂ်၌ မြတ်စွာဘုရားရှင်တို့သည် နည်းလမ်းညွှန်ပြဆုံးမတတ်သူများ ဖြစ်ကြသည်။ ထိုနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့သည် ဈာန်မဂ်ဖိုလ် တရားများကို ရကြကုန်၏။ ဘုံသုံးပါးဖြစ်သော ဝဋ်မှ လုံးဝ လွတ်မြောက်ကြပေသည်ဟု ဟောတော်မူသည်။

သင်ဖွားရာမြေ သင်တို့နယ်တွင်
အခြေတိုမြှင့် ဖော်ထုတ်သင့်၏။
ဗုဒ္ဓရောင်ဝါ သာသနာ၌
ရဟန်းသံဃာ မထေရ်မွန်တို့
ဖလသမာပတ် ဈာန်ထူးမြတ်အား
မြင်တွေ့သိခဲ ဖော်ထုတ်ခဲ့၏။

ကျွန်တော်သည် လွန်ခဲ့သော နှစ်,နှစ်ခန့်က သံတွဲမြို့နယ်၊ ဂေါ့ကျေးရွာ သူငယ်ချင်း ဦးမင်းသိန်းနေအိမ်သို့ ရောက်ခဲ့သည်။

သူငယ်ချင်းတို့ မိသားစုသည် လိုက်လှဲစွာ ကြိုဆိုညှိခံကြပါသည်။ ဂေါ့ကျေးရွာသည် **သံတွဲမြို့နှင့် ဆယ်မိုင်ကွာဝေးသည်။** ပေလီကမ်း

www.burmeseclassic.com

**ခြေတွင် တည်ရှိသည်။ ပေလီနှင့် လေးမိုင်ခန့် ဝေးသည်။**

အိမ်ခြေ နှစ်ရာကျော်ခန့်ရှိသည်။ ပင်လယ်နှင့် နီးစပ်သည့်အတွက် ပင်လယ်ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းတို့မှာ အသက်မွေးလုပ်ငန်း ဖြစ်သည်။

ကျွန်တော်က သူငယ်ချင်း မင်းသိန်းအား...

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ခန့်က မင်းတို့ရွာမှာ ထီးထူးတောင် ဆရာတော် ဘုန်းတန်ခိုး အာနုဘော် ထွန်းတောက်ခဲ့တယ်လို့ သိခဲ့ရတယ်။ အဲဒါကြောင့် ကြောင်းကျိုး စုံလင်စွာ သိလိုလို့ လာခဲ့တာ'

ဟု ပြောလိုက်ပါသည်။ သူငယ်ချင်း မင်းသိန်းက...

'သူငယ်ချင်း မောင်ကျော် မင်း သိလိုတဲ့ ထီးထူးတောင် ဆရာတော် အကြောင်း ငါ သိသလောက် ပြောပြပါ့မယ်'

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြပါတော့သည်။

သူတို့ ပစ္စည်းလေးပါးနှင့် ကိုးကွယ်သော ဆရာတော်ဖြစ်သည်။ ဆရာတော်မှာ တည်ငြိမ်သော ဥပမိရုပ် အမြဲရှိသည်။ ဗုဒ္ဓသာသနာ ရဟန်းဝိနည်း ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်။

ယခု လူတွေသုံးနေသော ပိုက်ဆံ ရာတန် ထောင်တန်တို့ကို ကိုင်လည်း မကိုင်၊ မြင်လည်း မမြင်ဘူးပါ။ ရပ်ဝေးမှ ဘုန်းတော်ကြီးများ၊ ညှော်သည်ရဟန်းများ ကျောင်းကို ကြွလာလျှင် ဝိနည်းနှင့် မကိုက်ညီဘူးဆိုလျှင် ဆွမ်းအတူ မစားဘဲ ဆိတ်ဆိတ်နေလေ့ ရှိသည်။

တစ်ခါ တစ်နေ့တွင် တောင်ဘက်မှ ရသေ့တစ်ပါး ရောက်ရှိလာပါသည်။ ထိုရသေ့က ဒကာအချို့ကို ပြောပြသည်။



'ဒကာတို့ ကိုးကွယ်တဲ့ ဆရာတော်ဟာ အလွန် ထူးမြတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ညဘက်မှာ အရောင်တဝင်းဝင်းနဲ့ ပုဂ္ဂိုလ်တွေ ကျောင်းပေါ်တက်လာပြီး တိုက်ခန်းထဲမှာ စကားတရုံးရုံးပြောတာ ကြားမြင်ခဲ့ရတယ်'

ဟု ပြောခဲ့သည်။

ဂေါ့ကျေးရွာအနီးရှိ ဂေါ့တောင်ဆိုတာ ပေလေးထောင်လောက် အမြင့်ရှိသော ထောင်ထွတ်ရှိသည်။ ယင်းတောင်ထိပ်တွင် ကျောက်လုံးကြီးရှိသည်။ **မှန်တင်ကျောက်ခဲ**ဟု ခေါ်သည်။ ထိုကျောက်လုံးရှိ တောင်ထွတ်ကို ဆရာတော်သည် ထီးထူးတောင်ကျောင်းမှ စကြံလျှောက်လေ့ ရှိသည်။

ရွာသူရွာသားများက ဆရာတော်ကြွသွားသည်ကို မြင်ကြသည်။ သို့သော် ပြန်လာခြင်းကိုမူ မမြင်ကြပါ။

တစ်ခါတစ်ခါ ပြန်ကြွလာသည်ကို မြင်ပြီး ကြွသွားသည်ကို မမြင်ကြပါ။ ဒကာအချို့က ကျောင်းပေါ် သွားကြည့်တော့လည်း ကျောင်းပေါ်မှာ တည်ငြိမ်စွာ တွေ့မြင်ရသည်။

ဒကာချစ်မြမှာ ညဘက်တွင် ကျောင်းမှာ ညအိပ်လေ့ရှိသည်။ ညဘက်တွင် အရောင်တဝင်းဝင်းနှင့် ပုဂ္ဂိုလ်များ ကျောင်းပေါ်တက်လာတာ မြင်ရသည်။ ဆရာတော်က...

'ဒကာချစ်မြ ရွာထဲမှာ ဘာဘာညာညာ လျှောက်မပြောရဘူး'

ဟု ဟန့်တားထားသည်။

ဒကာချစ်မြကလည်း ဘာမှ မပြောဘဲနေသည်။ တစ်ခါတစ်ခါ ရွာသားများက ထီးထူးတောင်ဘုန်းကြီးကျောင်းတွင် အရောင်အဝါတွေ ညဘက်တွင် ထွန်းလင်းနေတာမြင်၍ သူရော ငါပါ သွားကြည့်တော့ ပထမ ရောက်ရှိသော လူတချို့က ဆရာတော်၏ မျက်နှာမှ အရွှဲရွှဲ အရောင်ကျနေတာ မြင်ရသည် ဟု ပြောကြသည်။

**ဆရာတော်က ဒကာ ဒကာမများကို တရားဟောပြောသောအခါ သံသရာမှ ထွက်မြောက်၍ အသင်္ခတ နိဗ္ဗာန်ရောက်ကြောင်းကိုသာ အမြဲ ဟောပြောလေ့ရှိသည်။**

**အတ္တနော-မိမိ၏၊ သဘာဝံ-ဓာတ် သဘောတရားတို့ကို၊ ဓာရေတိ-ဆောင် တတ်၏။ ဣတိ-ဤသို့ ဆောင်တတ်ခြင်းကို ဓာတု-ဓာတ်မည်။ ဒါကြောင့် မိမိတို့ လောကီသင်္ခတမှ လောကုတ္တရာ အသင်္ခတဓာတ်မြတ် ဖြစ်ဖို့ ကြိုးစားအား ထုတ်ရန် ဟောပြောလေ့ရှိသည်။**

ဂေါ့ကျေးရွာ၏ နီးစပ်သော ရွာများမှာ **စပါးကြီးကျေးရွာ၊ မဖင်ကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ပေလီ စသဖြင့် ရှိသည်။** မြောက်အရပ်တွင် **ဆင်ခေါင်းကျေးရွာ၊ ဆင်ကြွပ်ကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ** စသည်ဖြင့် ရှိကြသည်။

ထိုကျေးရွာရှိ လူများသည် သူတို့ကျေးရွာတွင် ဂေါ့ဆရာတော်ကို မြင်တွေ့လိုက်ရကြောင်း သံတွဲမြို့နယ် အနှံ့တွင် ဟိုကျေးရွာတွင် တွေ့သည်၊ ဒီကျေးရွာတွင်တွေ့သည်၊ နံနက်တွေ့သည်၊ ညတွေ့သည်နှင့် တွေ့ပုံက နံနက်ဘက်တွင် နံနက်[illegible] တူနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ညနေတွင်လည်း ညနေချင်း တူနေသည်။

ရွာသူရွာသားများသည် ဂေါ့ဆရာတော်၏ ဖြစ်ရပ်များအပေါ် အလွန်အထူးဆန်းအံ့သြ၍ ဟိုးလေးတကျော် ဖြစ်နေကြသည်။ လူအများက ရဟန္တာဟု ပြောဆိုကြသည်။ ဆရာတော်ကို လျှောက်ထားကြည့်တော့လည်း သူရဟန္တာမဟုတ်ကြောင်းကိုသာ မိန့်ပါသည်။

ပင်လယ်တွင် ခုတ်မောင်းနေသော သင်္ဘောမှ လူတို့ကလည်း ဂေါ့တောင်ထိပ်တွင် ညဘက် နေဝင်ချိန်တွင် အရောင်တဝင်းဝင်းနှင့် ဘုန်းတော်ကြီးတစ်ပါးကို ဖူးမြင်ကြရ၍ ထူးဆန်းမှုဖြစ်သဖြင့် ဓာတ်ပုံရိုက်ကြသည်။ ဓာတ်ပုံနှင့်တူသော ဘုန်းကြီးပုံသဏ္ဌာန်ကို ရှာဖွေသောအခါ ဂေါ့ဆရာတော်နှင့် တူနေကြောင်း တွေ့ရသည်။ အလွန် အံ့သြကြသည်။

နိုင်ငံခြားသားများကလည်း ကောင်းကင်တွင် ဘုန်းကြီးတစ်ပါး တွေ့ရ၍ ထူးဆန်းသည်ဟု ဓာတ်ပုံရိုက်ယူလာကာ ငပလီသို့ ရောက်ရှိလာသည်။ စကားပြန်ဖြင့် ဘုန်းကြီးဓာတ်ပုံနှင့် တူသော ပုဂ္ဂိုလ်ရှာဖွေသောအခါ ဂေါ့ဆရာတော်နှင့် တူနေတာ တွေ့ရပေသည်။

သံတွဲမြို့နယ်ရှိ လူအများနှင့် အရပ်လေးမျက်နှာမှ လူတို့သည် ဂေါ့ဆရာတော် ရဟန္တာ ဖြစ်နေသည်။ အရှိအသေ ဖူးမြော်ရန် လာကြသော လူတို့သည် ဂေါ့ကျေးရွာတွင် တစ်နေ့တခြား များပြားလာကြသည်။

ဒကာ ဒကာမများကလည်း ဧည့်သည်များအပေါ် သဒ္ဓါရှင်လန်းစွာဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ တချို့လူများက ဆရာတော့် လည်ပင်းနေရာမှ အရောင်ထွက်သည်ကို ဖူးမြင်ကြရ၍ ဖူးမြင်ခွင့်မရသူလည်း ရှိသည်။ ဆရာတော်ကို ရဟန္တာလားဟု လျှောက်ကြသော်လည်း ဆရာတော်က ငါ ရဟန္တာမဟုတ်ဟုသာ မိန့်ကြားပေသည်။

ဆရာတော် နေမကောင်း၍ မေ့မြောနေစဉ် ဖောင်းနားတောင်း အရောင်တဝင်းဝင်းနှင့် လူသဏ္ဌာန် လေးယောက်လာပြီး သူတို့ဆီကို တရားဟောကြွရန် ပင့်လျှောက်ကြသည်။

ဆရာတော်က...

'ငါ့မှာ ဒကာ ဒကာမများနဲ့ တပည့်တွေ ရှိနေတယ်။ မလိုက်ဘူး'

ဟု ပြောလိုက်သည်ဟု သတိကြည်လင်စွာ ရရှိလာသောအခါ ဆရာတော်မှ မိန့်ကြားသည်။

ဆရာတော်သည် သက်တော်ကိုးဆယ်ပြည့်နှစ် တစ်နေ့သောအချိန်၌ ဒကာ ဒကာမများ စုံညီစွာ ခေါ်နိုင်းလိုက်သည်။

ဒကာ ဒကာမများ ရောက်ရှိလာ၍ ဆရာတော်မှ...

'ဒကာတို့ ဒကာမတို့ ငါ ဟောပြောဆုံးမသင်သော နိဗ္ဗာန်ရောက်ကြောင်း တရားများကို မမေ့မလျော့တဲ့ သတိကြီးစွာထား၍ ကြိုးစားအားထုတ်ကြကုန်လော့'

ဟု မှာကြားသည်။ "**ခဏ အိပ်ရာတွင် ကျိန်းစက်ချင်တယ်**"ဆိုပြီး အိပ်ရာတွင် လဲလျောင်းသည့် ခဏအကြာတွင် ညင်သာစွာ ပျံလွန်တော်မူသည်။

ဆရာတော်ကြီး ရုပ်ကလာပ်တော်အား စည်ကားစွာ ဘုန်းကြီးပျံပွဲ ပြုလုပ်ပြီးလျှင် ထီးထူးတောင်ကျောင်းတွင် အရိုးတိုက်တည်၍ ကိုးကွယ်ထားသည်ဟု သူငယ်ချင်းက စုံလင်စွာ ပြောပြပါသည်။

**ကျော်လင်းသာ**


**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

*စာတည်းချုပ်*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*




www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဖြစ်ရပ်မှန်

# ပရလောကဓါ

ဆန်းကြယ်မှု

မျိုးမြင့်

လွန်ခဲ့သော ၁၂–၈–၂၀၀၁ ရက်နေ့ မွန်းလွဲပိုင်း (၄း၃၀)နာရီခန့်အချိန်တွင် ကျွန်တော်၏ ဓမ္မမိတ်ဆွေတစ်ဦး ကျွန်တော်၏နေအိမ်သို့ လူနာသတင်း လာရောက် မေးမြန်းခဲ့ပါသည်။ သူက ကျွန်တော်၏သား လူနာအား ကြည့်ရှုပြီး ကုသမှုဆိုင်ရာ နည်းနာများကို အကြံပြုသွားခဲ့ပါသည်။

ထို့နောက် ကျွန်တော်တို့နှစ်ဦး စကားလက်ဆုံ ကျပါလေတော့သည်။ သူက သူ၏ တကယ့်ဖြစ်ရပ်မှန်ကို အောက်ပါအတိုင်း တင်ပြသွားခဲ့ပါသည်။

* * *

လွန်ခဲ့သော (၃)နှစ်ခန့်က မော်လမြိုင်မြို့တွင် နေထိုင်သော ကျွန်တော်၏ညီဖြစ်သူ ကို(...) ကွယ်လွန်အနိစ္စရောက်စဉ်က ဖြစ်ပါသည်။ ကျွန်တော့်ညီ၏ အ,သုဘကို ဂူသွင်းရန်အတွက် မြေနီကုန်းသင်္ချိုင်းတွင် အုတ်ဂူပြုလုပ်ပြီး ညီလေး၏အိမ်သို့ ပြန်လာရာ အိမ်ရှေ့ရှိ မဏ္ဍပ်ရှေ့တွင် ကုလားထိုင်နှစ်လုံး ချထားပြီး အ,သုဘ ပို့ဆောင်ရန် ရောက်ရှိနေကြသော ပရိသတ်များ စုရုံးစုရုံး ဖြစ်နေကြသည်ကို ကျွန်တော် တွေ့ရှိရပါသည်။

အကျိုးအကြောင်းကို မေးမြန်းကြည့်သောအခါ ကျွန်တော့်ဦးလေး (...)က ကျွန်တော့်အား...

'မဏ္ဍပ်ရှေ့တွင် ချထားသော ကုလားထိုင် နှစ်လုံးတွင် ကျွန်တော့်ညီဖြစ်သူနှင့် တမလွန်ဘဝသို့ ကူးပြောင်းသွားပြီဖြစ်သော မိခင်တို့ ထိုင်နေကြကြောင်း၊ ဦးလေး ဆေးလိပ်သွားဝယ်စဉ် ကျွန်တော့်မိခင်နှင့် ညီလေးအား ညီလေးနေအိမ်၏ ခြံဝင်း အပြင်ဘက်တွင် တွေ့ရှိရကြောင်း၊ မိခင်မှာ ကျွန်တော့်ညီဖြစ်သူသည် သေချိန်မရောက်သေးဘဲ သေဆုံးရခြင်းဖြစ်ကြောင်း၊

ညီလေးအား အယူတိမ်း၍ ဘဝကူးမကောင်းမည်ကို စိုးရိမ်၍ လာခေါ်ယူရန် ရောက်ရှိနေကြောင်း၊ ခြံစောင့်နတ်များ ခြံဝင်းအတွင်းသို့ ပေးမဝင်သဖြင့် ပြန်ရကြောင်း၊

www.burmeseclassic.com

အိမ်ရှင်ထဲမှ တစ်ဦးဦး လာရောက် ခေါ်ယူမှ သာလျှင် ဝင်နိုင်ကြောင်း ပြောသဖြင့် ကျွန်တော့်ညီ၏ ဇနီးသည်က သူတို့နှစ်ဦးကို ခေါ်ယူပြီး ကုလားထိုင်တွင် ထိုင်ခိုင်းထားပါကြောင်း' ဦးလေးက ပြောပါသည်။

ကျွန်တော့်အားလည်း သေဆုံးသွားသူ ညီလေးအား မည်သို့ ပြောကြားလိုကြောင်း ဦးလေးမှ မေးမြန်းပါသည်။ ကျွန်တော်လည်း ဦးလေးမှတစ်ဆင့် ညီလေး၏ မိသားစုအပေါ်တွင် စိုးရိမ်ပူပန်ခြင်း မရှိရန်နှင့် ယင်းအတွက်သာ ကောင်းရာ ကောင်းကြောင်း ဖြစ်ရန်သာ၊ နေဖို့ ရန်သာ ပြောကြားလိုက်ပါသည်။ သို့သော် ကျွန်တော့်စိတ်ထဲတွင် လုံးဝ ယုံကြည်မှု မရှိပါ။

ထို့နောက် ကျွန်တော့်ဦးလေးအား ကျွန်တော့်မိခင်မှာ ဘယ်ဘဝတွင် ရှိနေပါသလဲ၊ ဘယ်ဒေသမှာ နေနေပါသလဲ စသည့် မေးခွန်းများကို မေးမြန်းရာ ကျွန်တော့်ဦးလေးက ကျွန်တော့်မိခင်သည် ရုက္ခစိုးနတ်ဖြစ်နေသည်ဟု ထင်ရကြောင်း ပြောပါသည်။ ယင်းပြင် ကျွန်တော့်မိခင်အား ညကျလျှင် ညီလေး၏အိမ်သို့ တစ်ဖန် ပြန်လာပါရန် ဦးလေးထံမှတစ်ဆင့် ဖိတ်ခိုင်းလိုက်ပါသည်။

ညီလေး၏ အ,သုဘကို ပို့ဆောင်ရန် အချိန်သည် မွန်းလွဲ(၂)နာရီအချိန် ဖြစ်၍ ကျွန်တော်၏မိခင် နေထိုင်သော ညနေရာကို ဦးလေးမှတစ်ဆင့် မေးမြန်းခိုင်းသောအခါ အုတ်တံတိုင်းသတ်ထားသော ညောင်ပင်ကို ပြောပြသွားပါသည်။ ညောင်ပင်အား မှတ်သားထားရန်လည်း မှာကြားခဲ့ပါသည်။



ကျွန်တော့်မိခင် ကွယ်လွန်ပြီး တစ်လခန့်အကြာတွင် ကျွန်တော်၏ အဒေါ်ဝမ်းကွဲတစ်ဦးက ကျွန်တော့်အား ကျွန်တော့်မိခင်သည် မကွယ်လွန်မီ လူ့ဘဝတွင် ရှိစဉ်က ငါးပုဏ္ဏားကြော် ကို အလွန်နှစ်သက်ကြောင်း၊ သို့ အတွက် သူမအား ငါးပုဏ္ဏားကြော် ကြော်ကျွေးပါရန် အဒေါ်အား အိပ်မက် ပေးခဲ့ကြောင်း၊ အဒေါ်လည်း ငါးပုဏ္ဏား ကြော် ကြော်ပြီး ဦးဖိုနဘုရားအနီးတွင် ရှိသော အုတ်တံတိုင်းခတ်ထားသည့် ညောင်ပင်မှာ သွားပြီး ကျွေးမွေးရ ကြောင်းကို ကျွန်တော့်အား ပြောခဲ့ဖူး သည်။

ညီလေး၏ အ,သုဘ ပို့ဆောင်ရန် အချိန်သို့ ရောက်သောအခါ ကျွန်တော် ၏ ညီလေးအလောင်းကို မြေနီကုန်း သင်္ချိုင်းသို့ ပို့ဆောင်ခဲ့ပါသည်။ ညီလေး အား ဂူသွင်းပြီးသောအခါတွင် ကျွန်တော် ကြိုတင်စီစဉ်ထားသော ဆိုင်ကယ်တစ်စီးဖြင့် ကျွန်တော့်ဦးလေး အား တင်ဆောင်ပြီး ကျွန်တော့်မိခင် ပြောပြခဲ့သော ညောင်ပင်သည် မှန်၊ မမှန်၊ ဟုတ်၊ မဟုတ် သိလို၍ ထိုနေရာ သို့ သွားရောက်ခဲ့ပါသည်။

ဤသို့ဆိုလျှင် မိခင် ရှိ မရှိ ကြည့်ရန် ပြောအခါ ဦးလေးက ညောင်ပင် သို့ ကြည့်ပြီး ကျွန်တော့် မိခင်အား ညောင်ပင်တွင် မတွေ့ကြောင်း၊ ညောင်ပင်တွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးက မြေနီကုန်းသင်္ချိုင်းသို့ ညွှန်ပြနေကြောင်းပြော၍ ကျွန်တော်တို့လည်း လာလမ်းအတိုင်း သင်္ချိုင်းသို့ ပြန်လာပါသည်။

ထို့နောက် သင်္ချိုင်းအနောက်တွင် ကျွန်တော့်မိခင်နှင့် ညီလေးသည် ညီလေး၏ ဂူအနီးရှိ အခြားဂူတစ်ခုပေါ် တွင် ထိုင်နေကြကြောင်း၊ မည်သည့် ကိစ္စကြောင့် ကျွန်တော်တို့ ပြန်လာကြ ပါသလဲဟု ကျွန်တော့်မိခင်က မေး ကြောင်း ပြောသဖြင့် ဂူပြီး,မပြီး လာ ရောက်ကြည့်ခြင်းဖြစ်သည်ဟု ပြော သည်ကို ကျွန်တော့်မိခင်က မပူပါနှင့်၊ ဂူအချောသပ်ပြီးသည်အထိ ယင်းတို့ စောင့်ကြည့်နေပြီး ဂူပြီးမှ ယင်းတို့ ပြန်မည်ဖြစ်ကြောင်း ကျွန်တော့်မိခင် က ပြောသည်ဟု ဦးလေးက ကျွန်တော့် အား ပြန်ပြောပြပါသည်။

ကျွန်တော်တို့လည်း အ,သုဘအိမ် သို့ ပြန်ရန်လုပ်စဉ် ကျွန်တော့်မိခင်က ကျွန်တော့်ဦးလေးအား အခုကိစ္စတွေ မှာ ကျွန်တော့်အနေနှင့် မယုံကြည်ဖြစ် နေသည်ကို သူသိနေကြောင်း ကျွန်တော့်မိခင်ထက် (၂၀)နှစ်လောက် စော၍ ကွယ်လွန်သွားသူ ကျွန်တော့် ဖခင်သည် မည်သည့်ဘဝတွင်ရောက် ရှိနေကြောင်းကို သိချင်ပါသလားဟု ကျွန်တော့်အား မေးနေကြောင်း ကျွန်တော့်မိခင်က ပြောနေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးမှတစ်ဆင့် ကျွန်တော့်အား ပြောပြပါသည်။

သို့နှင့် ကျွန်တော်က သိလိုသည်ဟု ပြန်ပြောသောအခါ ကျွန်တော်၏ဖခင်သည် မုင်စာ(ပြိတ္တာ) ဖြစ်နေကြောင်း၊ ကျွန်တော်တို့နေထိုင်ခဲ့သော မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ သိပ္ပံလမ်းထိပ်တွင် ရှိနေကြောင်းပြောပြီး ယခုသွားပါက တွေ့နိုင်ကြောင်း ပြော၍ ကျွန်တော်နှင့် ဦးလေးတို့သည် ဆိုင်ကယ်နှင့်ပင် ဆက်၍ လာခဲ့ကြပါသည်။

ကျွန်တော့်မိခင် ညွှန်ပြသည့်နေရာသို့ ရောက်သောအခါမှာ ကျွန်တော့်ဖခင်သည် ကွယ်လွန်၍ အ,သုဘချစဉ်က ဝတ်ဆင်ပေးခဲ့သော အဝတ်အစားနှင့်ပင် တွေ့ရကြောင်း၊ သို့သော်လည်း လူ့ဘဝကကဲ့သို့ ဝဖြိုးခြင်း မရှိဘဲ အလွန် ပိန်ခြောက်၍ အဝတ်အစားများလည်း စုတ်ပြတ်နေကြောင်း ဦးလေးက ပြောပြပါသည်။

ကျွန်တော်တို့အားလည်း ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြသလဲဟု ဖခင်က မေးမြန်းနေကြောင်းကို ဦးလေးက ကျွန်တော့်အား ပြန်ပြောပြပါသည်။ ဤနေရာတွင် ကျွန်တော့်အနေနှင့် ဘဝင်မကျ ဖြစ်ခဲ့ရသည်မှာ **ကျွန်တော့်ဖခင်သည် မကွယ်လွန်မီ လူ့ဘဝ၌ အသက်ထင်ရှားရှိနေစဉ် ကာလက ရတနာသုံးပါးနှင့် ဆရာသမားများအား လွန်စွာ ရိုသေ ကိုင်းရှိုင်းတတ်သူ၊ အလှူဒါနများကိုလည်း လွန်စွာ မွေ့လျော်သူ၊ အ,ကုသိုလ်တရားများကို အထူးရှောင်ကြဉ်ပြီး ကုသိုလ်တရားများသာ မွေ့လျော်တတ်သူတစ်ဦး ဖြစ်ပါသည်။**

ထို့ပြင် ဖခင်သေဆုံးသည့်ကာလမှစ၍ ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး (၁၆)နှစ်တိုင်တိုင် သက်ပျောက်ဆွမ်းကို ရဟန်းသံဃာတော်များအား ပင့်ဖိတ်လှူဒါန်းပြီး အမျှပေးဝေခြင်း၊ အမျှကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ရပ်ရွာသူတို့၏ ဓလေ့ထုံးတမ်းစဉ်လာအတိုင်း သင်္ဂြိုဟ်မြှုပ်နှံခဲ့သော ဖော်ပြပါ မြေနီကုန်းသင်္ချိုင်းသို့ ကိုယ်တိုင်သွားရောက် ခေါ်ယူခဲ့ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။



ထို့နောက် ကျွန်တော့်ဦးလေးမှတစ်ဆင့် ဖခင်အား **ဤနေရာမှာ ဘာလုပ်နေသလဲ**လို့ မေးကြည့်သောအခါတွင် ကျွန်တော့်ဖခင်က လမ်း၏အရှေ့ဘက်ခြမ်းတွင်ရှိသော လက်ဖက်ရည်ဆိုင်မှ စွန့်ပစ်သော အစားအစာများကို ကောက်စားရန်အတွက် နေ,နေကြောင်း ပြောသည်ဟု သိခဲ့ရပါသည်။

သို့ပါ၍ ယင်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်ငယ်စဉ်က ရဟန်းဝတ်ခဲ့သော ဘုန်းတော်ကြီးကျောင်းဖြစ်သည့် **မော်လမြိုင်မြို့ မန္တလေးကျောင်းတိုက်**သို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖြစ်စဉ်ကို တင်ပြလျှောက်ထား၍ ဖြစ်နိုင်၊ မဖြစ်နိုင်ကို မေးမြန်းစုံစမ်းလျှောက်ထားရာ ဘုန်းတော်ကြီးက ဖြစ်နိုင်ကြောင်း၊ ကျွန်တော်(၁၆)နှစ်တိတိ သက်ပျောက်ဆွမ်း သံဃာတော်များကို ကပ်လှူစဉ်အခါက သင်္ချိုင်းတွင် သွားရောက်၍ တရားနာ ကြွရောက်ပါရန် မည်ကဲ့သို့ ဖိတ်ကြားကြောင်းကို ဆရာတော်ကြီးမှ မေးမြန်းသောအခါ ကျွန်တော်မှ...

'အဖေ...အဖေ့အတွက် သက်ပျောက်ဆွမ်းကို သံဃာတော်များ ပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းပါမည်။ အဖေ့အနေနှင့် မကျွတ်မလွတ်သေးသော ဘဝတွင် ရှိနေပါက တရားနာ လာရောက်ပြီး ကုသိုလ်ကောင်းမှုအဖို့ကို သာဓုအနုမောဒနာ လာရောက်ခေါ်ယူပါ'

ဟု ဖိတ်ကြားကြောင်းကို ဆရာတော်အား လျှောက်ကြားသောအခါတွင် ဆရာတော်က **ဖိတ်ပုံ၊ ဖိတ်နည်းများယွင်းနေကြောင်း၊ ကျွန်တော့်ဖခင်သည် သေခါနီးတွင် အယူတိမ်းပြီး သေဆုံးခဲ့သည့်အတွက်**ကြောင့် ကျွန်တော့်အားလည်း ယင်းအနေဖြင့် သူ၏ သားဖြစ်ကြောင်းကို မသိရှိသဖြင့် ယင်းအား လာရောက်ဖိတ်သည်ကို မသိ၍ မလာရောက်နိုင်ကြောင်းနှင့် ဖိတ်ကြားရမည်မှာ...

**လွန်ခဲ့သည့်(...)အချိန်က ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော ဦး(...) ဦး(...)အား ရည်စူး၍၊ (...)နေ့၊ (...)အချိန်၊ (...)နေအိမ်တွင် သံဃာတော်များအား ပင့်ဖိတ်ပြီး ဆွမ်း ဆက်ကပ် လှူဒါန်းမည်၊ တရားနာ လာရောက်ပြီး အမျှယူ သာဓုလာရောက် ခေါ်ပါရန် ဖိတ်မှသာလျှင် ယင်းအား ဖိတ်မှန်းသိ၍ လာရောက်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။**

ကျွန်တော့်အနေနှင့် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မေးလျှောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါတွင် ဆရာတော်က ဦးလေးနှင့် တိုင်ပင်ပြီး လုပ်ဆောင်ရန် မိန့်ကြားခဲ့ပါသည်။

သို့နှင့် ကျွန်တော့်ဦးလေးက မိခင်အား ညအချိန် ယခင် ဖိတ်ကြားထားသည့်အတိုင်း ရောက်လာသဖြင့် လုပ်ဆောင်ရမည့်ကိစ္စအား မေးမြန်းသောအခါတွင် ကျွန်တော့်မိခင်မှ ညီဖြစ်သူအား **သပိတ်သွတ် အလှူလုပ်သောအခါတွင် ထီး၊ တံခွန် အပိုတစ်ခု ဖခင်အတွက် ပြုလုပ်ပြီး၊ ဆွမ်းအုပ်တစ်အုပ် ချက်၍ ဝါဆိုကျောင်းတွင် သီတင်းသုံးနေသော ရဟန်းတစ်ပါးအား ပင့်ဖိတ်ပြီး ဖခင်အတွက် လှူဒါန်းပေးပါ။**

ဆွမ်းကပ် လှူဒါန်းသောအခါတွင် ဆွမ်းအလှူခံသော ရဟန်းက ခေါ်ယူပြီး ဖခင်အား ထမင်းကျွေးပေးပါ။ ယင်းအား ထီး၊ တံခွန်လဲပေးပါက ဒီဘဝမှ လွတ်မြောက်မည်ဖြစ်ကြောင်း ပြောကြားပါသည်။ သို့နှင့် ညီဖြစ်သူ၏ ဆွမ်းလှူဒါန်းသောနေ့တွင်ပင် လုပ်ရန်ကိစ္စအဝဝကို လုပ်ဆောင်ခဲ့ပါသည်။

ဖခင်အား ထီး၊ တံခွန်ပေးရန် ဖခင်နေထိုင်ကျက်စားရာ အရပ်သို့ သွားရောက်ခေါ်သောအခါတွင် မိခင်ဖြစ်သူလည်း ကြိုတင်ရောက်နေသည်ကို ဦးလေးမှတစ်ဆင့် သိရပါသည်။

မူလခေါ်စဉ်အခါက မလိုက်ဘဲ ငြင်းဆန်နေသည်ကို မိခင်ဖြစ်သူ၏ ညွှန်ကြားသည့်အတိုင်း ဖခင်အတွက် ရည်စူး၍ ပြုလုပ်ထားသော ထီး၊ တံခွန်ကို ပြသောအခါမှသာ ယင်းအတွက်လားဟု မေးပြီး ဟုတ်မှန်ကြောင်း သိသောအခါ လိုက်လာပြီး ဝါဆိုကျောင်း သိမ်ရှေ့ရှိ ညောင်ပင်သို့ လိုက်လာပါသည်။ ညောင်ပင်သို့ ရောက်သောအခါတွင် **"လွန်ခဲ့သော (၂၀)နှစ်ခန့်က ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော ကျောင်းဆရာကြီးဦး(...)အား ထီး၊ တံခွန် လာရောက်ပေးပါသည် ယူပါ"**ဟု ပြောပြီး ထီး၊ တံခွန် ပေးသောအခါတွင် လက်ခံယူကြောင်း ဦးလေးမှ ပြောပြသောကြောင့် သိရှိရပါသည်။

ထို့နောက် ကြိုတင် ပြင်ဆင်ထားသော အလှူခံ ရဟန်းမှ သိမ်အတွင်းသို့ ခေါ်ယူသောအခါမှသာ ဖခင်သည် သိမ်အတွင်းသို့ ဝင်ပြီး ယင်းအတွက် ရည်စူးပြီး ပြင်ဆင်ထားသော ထမင်းပွဲအား စားသောက်စေပြီးသောအခါမှ ဖခင်သည် ယင်းဘဝအမှန်ကို သိရှိပြီး သားသမီး၊ ချွေးမများအား ကြည့်၍ ငိုသည်ဟု ဦးလေး ပြောပြချက်အရ သိရှိခဲ့ရပါသည်။

ဖော်ပြပါ အကြောင်းအရာများမှာ တကယ့်ဖြစ်ရပ်အမှန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓ၏ ဓမ္မကျမ်းစာများတွင် ဖတ်ရှုခဲ့ရသော **အသေတတ်ဗို့အရေးကြီးသည်**ဟူသော တရားဓမ္မများမှာ မှန်ကန်ပြီး လက်တွေ့ကျကြောင်းကို သိရှိခဲ့ရပါသည်။

အဆိုပါ လုပ်ဆောင်ခဲ့သော ကိစ္စများကို မန္တလေးကျောင်းတိုက် ဆရာတော်ကြီးအား ပြန်လည် လျှောက်တင်သောအခါတွင် ဆရာတော်မှ...

'မိဘဂုဏ်ကျေးဇူးကို ပေးဆပ်ရာတွင် ဤကဲ့သို့ အယူလွဲနေသော မိဘအား ဘဝမှန်ရောက်အောင် ဆောင်ရွက်ပေးခြင်းသည် မှန်မြတ်သော ကျေးဇူးပေးဆပ်ခြင်း မည်သည်'

ဟု မိန့်ကြားတော်မူခဲ့သည်။

ကဿပဘုရားရှင် လက်ထက်တော်က အယူမှားပြီး ကွယ်လွန်သွားသော ပုဂ္ဂိုလ်တစ်ဦးသည် မှင်စာ(ပြိတ္တာ)ဘဝသို့ ရောက်ရှိသွားပြီး အယူမှန်သို့ရောက်အောင် ပြုလုပ်ပေးမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သောအခါမှသာ ဘုရားရှင်ကိုယ်တော်တိုင်နှင့် တွေ့ဆုံပြီး ကျွတ်တန်းသို့ ရောက်ခဲ့ရကြောင်းကို ကျမ်းဂန်တွင် အထင်အရှားရှိကြောင်းကို ဆရာတော်က ထပ်မံ မိန့်ကြားသွားခဲ့လေသည်။

အထက်ဖော်ပြပါ အကြောင်းအရာများသည် ကျွန်တော်၏ ဓမ္မမိတ်ဆွေ၏ မိသားစု တကယ့် ဖြစ်ရပ်မှန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကျွန်တော့် မိတ်ဆွေအားလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။

***သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ် မြပါစေ။***

မျိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ကြောင်ဆေး

စလင်း–ဦးကျော်

တစ်ရက်တွင် ကျွန်ုပ်နေထိုင်ရာ မန်ကျည်းပင်ပုရွာ၏ အနောက်ဘက်ရှိ မန်ကျည်းကုန်းရွာလေးမှ မောင်တင်စိုးလင်းတို့ ဖနီးမောင်နှံအိမ်သို့ ရောက်ရှိလာလေသည်။ အိမ်တွင်းသို့ ရောက်ရှိပြီး ထိုင်မိသောအခါ မောင်တင်စိုးလင်းက သူသည် ဂမ္ဘီရပစ္စည်း စုဆောင်းထားရှိကာ သူသိလိုသော ဂမ္ဘီရဆိုင်ရာ ဗဟုသုတများ မေးမြန်းလိုကြောင်း ပြောဆိုရင်း စကားဝိုင်းဖွဲ့လေ၏။

ထိုသို့ ပြောဆိုရင်းမှ မောင်တင်စိုးလင်းသည်...

"ဦးကျော်၊ ဟိုတုန်းက ကြောင်ဆေးထိုးထားရင် ခုန်ပျံနိုင်တယ်။ ဆေးထိုးပြီးချိန် ကြောင်ဆေး အောင်, မအောင် သိရှိရအောင် အမြင့်ကနေ ကန်ချရတယ်။ ကြောင်စိတ်ထလာရင် သစ်ပင်ပေါ်နဲ့ အိမ်ထုပ်တန်းတွေပေါ် တက်အိပ်တယ်ဆိုတာ ဟုတ်သလား။ ကျွန်တော်က လက်တွေ့ ဒါမှမဟုတ် ယုံကြည်လောက်တဲ့ အထောက်အထား ရှိမှ ယုံတတ်တာ။ ကြားဖူးသလောက် ပြောပြပါဦး"

'အေး...မောင်တင်စိုးလင်း မင်းက လက်တွေ့ ဒါမှမဟုတ် သက်သေနိုင်လုံမှ ယုံတယ်ဆိုတော့ တိတိကျကျ ပြောရမှာပေါ့။ လွန်ခဲ့တဲ့ နှစ်(၁၂၀)လောက်က တို့ရွာမှာ ဦးပွန်းစိန်ဆိုတာ ရှိခဲ့တယ်။ အခုချိန်မှာတော့ ရွာထဲမှာ သူ့ရဲ့ မြေးမြစ်တွေပဲ ရှိတော့တယ်။

www.burmeseclassic.com

မောင်ထွန်းစိန်ဟာ မွေးချင်းရှစ်ယောက်ရှိပြီး ယောက်ျားလေးထဲမှာ အကြီးဆုံးပေါ့။ ငယ်စဉ်က မန်ကျည်းပင် ပုရွာဦးကျောင်း ဆရာတော် ဦးဉာဏဝံသဆီ မိဘတွေက ပညာသင်ကြားရန် အပ်နှံပေးတယ်။ သူ ပညာသင်နေတဲ့ အချိန် တစ်ရက်မှာ ရှမ်းဘောင်းဘီ အနက် တိုက်ပုံအကျီဝတ်ထားပြီး ထမ်းပိုးနဲ့ ခြင်းတောင်းနှစ်လုံး ထမ်းလာတဲ့ရှမ်းဆရာကြီးတစ်ယောက် ရွာဦးကျောင်းကို ရောက်လာတယ်။

ရှမ်းဆရာကြီးဟာ ဆရာတော့်ထံမှာ ပတ်ဝန်းကျင်ကျေးရွာများနဲ့ မန်ကျည်းပင်ပုရွာထဲမှာ ဆေးလည်ရောင်းမည် ဖြစ်ကြောင်း၊ ညအခါ ကျောင်းပြန်အိပ် တည်းခိုလိုကြောင်း ခွင့်တောင်း လျှောက်ထားတယ်။ ဆရာတော် ခွင့်ပြုလို့ ကျောင်းမှာ တည်းခိုနေခိုက် မောင်ထွန်းစိန်လေးက လိုအပ်သမျှ အကူအညီပေးတယ်။

ရှမ်းဆရာကြီးဟာ မောင်ထွန်းစိန်နဲ့ သူငယ်ချင်းကျောင်းသားတွေကို **ဆေးထိုးပေးမယ်။ ဆေးမှာ ကြောင်ဆေးဖြစ်ကြောင်း၊ ဒီဆေးထိုးလို့ အောင်မြင်ရင် အခုန်အပျံ အကျော်အလွှား ပေါ့ပါးကြောင်း၊ အလွန်မြင့်တဲ့ မင်းတို့ ဘုန်းတော်ကြီးကျောင်းပေါ် တောင် ခုန်တက်နိုင်ကြောင်း** အားပါးတရပြောတယ်။ မောင်ထွန်းစိန်တို့အဖွဲ့ဟာအလွန်သဘောကျပြီး ကြောင်ဆေးထိုးလိုကြောင်း သဘောတူကြတယ်။

ရှမ်းဆရာကြီးဟာ နောက်တစ်နေ့မှာ အခါရွေးပြီး စုတ်နဲ့ကြောင်ဆေးထိုးပေးတယ်။ ညာဘက်ပေါင်မှာ တက်ကြောင်၊ ဘယ်ဘက်ပေါင်မှာ ဆင်းကြောင်ရုပ် ထိုးပေးတယ်။ ကျောင်းသားအားလုံး ထိုးပြီးတော့ ဆေးအောင်,မအောင် သိရအောင် ကျောင်းတောင်ဘက်မှာရှိတဲ့ မန်ကျည်းပင်ကြီးပေါ် တက်စေတယ်။

**ဆရာကြီးက တစ်ယောက်ချင်း မြေပေါ် ခုန်ချခိုင်းတယ်။ ကျန်တဲ့ကျောင်းသားတွေရဲ့ ခြေထောက်တွေ နာကျင်ပြီး မောင်ထွန်းစိန်တစ်ယောက်တည်း ကြောင်ကလေးတစ်ကောင်လို ပေါ့ပါးစွာ ကျလာတယ်။ မောင်ထွန်းစိန်တစ်ယောက်သာ ဆေးအောင်တယ်။**

ဒီလိုနဲ့ ကျောင်းထွက်ပြီး အရွယ်ရောက်တော့မောင်ထွန်းစိန်ဟာတစ်ရွာတည်းနေ မငယ်အိုနဲ့ အိမ်ထောင်ကျတယ်။ သား(၄)ယောက် မွေးဖွားပြီး တတိယသား မောင်ဖိုးရ (၅)နှစ်သားလောက်မှာ ခန္ဓာကိုယ်ကို မီးပူလောင်ခံရတယ်။ မီးပူလောင်သူဟာ ဝမ်းတွင်းမှာ ရှိတဲ့ အပူအခိုးများ အပြင်ထွက်ဖို့ အုန်း သီးဆန်၊ အုန်းရည် စားသောက်ပေးရတယ်။ ဒါမှ အပူငြိမ်းတာ။

အဲဒီတော့ မောင်ဖိုးရအတွက် အုန်းသီး လိုတယ်လေ။ ဆရာတော့်ကျောင်းမှာ အုန်းသီးတွေ အများကြီးရှိပေမယ့် ကိုထွန်းစိန်တစ်ယောက် ဆရာတော့်ထံကို မှုတောင်းရဲဘူးဖြစ်နေတယ်။ ဆရာတော်က စိတ်စေတနာ ကောင်းပါတယ်။ ငယ်ကြောက်ဆိုတော့လဲ ဘာမှ မလျှောက်ထားရဲဘူးပေါ့။

တစ်ညမှာ ကိုထွန်းစိန်ဟာ ညီဖြစ်သူ ဖိုးလွင်ကိုခေါ်ပြီး ကျောင်းဝိုင်းထဲ ဝင်တယ်။ ကျောင်းကြီး အရှေ့ပေါက် ခေါင်းရင်းဘက် အောက်ကနေတက်ကြောင်ကို ပုတ်ပြီး ခုန်တက်တယ်။ ဖိုးလွင်ကို ကျောင်းအောက်မှာ နေခိုင်းပြီး လူသွား လူလာကို စောင့်ခိုင်းတယ်။

ကိုထွန်းစိန် အုန်းသီးယူပြီး ကျောင်းပေါ်က ခုန်ဆင်းအလာမှာ အောက်မြေပြင်က စောင့်နေတဲ့ ဖိုးလွင်ကို ခွေးတွေက မြင်ပြီး ဝိုင်းဟောင်ကြတယ်။ အပေါ်ထပ်က ဆရာတော်နဲ့ သံဃာတော်တွေ၊ ကျောင်းသားတွေ အိပ်ရာကနိုးပြီး သူခိုးဆို ဝိုင်းလိုက်ကြတယ်။

အဲဒီလို အားလုံး ဝိုင်းလိုက်ကြတော့ ကိုဖိုးလွင် ဖမ်းမိပြီး ကိုထွန်းစိန်ကို မတွေ့ လိုက်ရဘူး။ ဖိုးလွင်ကို ဆရာတော် စစ်မေးတော့ ကိုထွန်းစိန်ပါကြောင်းနဲ့ အကြောင်းစုံကို သိရတယ်။ နံနက်မိုးလင်းတော့ ဆရာတော်က ကိုထွန်းစိန်ကို ခေါ်ပြီး ဘာကြောင့် ငါ့ဆီကို လာမလျှောက်သလဲ မေးတယ်။

ကိုထွန်းစိန်က ဆရာတော်ကို ကြောက်ရွံ့၍သာ မလျှောက်ဘဲ အခုလို ပြုမိပါကြောင်း ဝန်ခံရင်း ဆရာတော် အပြစ်ပေးသမျှ ခံပါမည် ဖြစ်ကြောင်း လျှောက်ထားတယ်။ ဆရာတော်က ပြုံးတော်မူပြီး...

"ဟဲ့ ဦးပဥ္စင်း၊ ထွန်းစိန်ကို အုန်းသီး လိုသလောက် ပေးလိုက်စမ်း"

ဟု မိန့်တော်မူပါတယ်။ ကိုထွန်းစိန်ဟာ ကျက်သရေခန်းထဲက ဦးပဥ္စင်းပေးတဲ့ အုန်းသီးတွေကိုယူပြီး ပြန်လာခဲ့တယ်။

တို့ရွာဘုန်းကြီးကျောင်းဟာ ဘယ်လောက်မြင့်တယ်ဆိုတာ မင်းအမြင်ပဲ မောင်တင်စိုးလင်း၊ ကဲ ကြောင်ဆေးအစွမ်း ခုန်တာပျံတာ ယုံပြီလား။ သက်သေပြောရရင် ဦးထွန်းစိန့်သားဟာ ဦးဖိုးလှ၊ ဦးဖိုးလှသားဟာ ငါလေ။ ငါတို့ ဘ,တော်တာပေါ့ကွာ'

မောင်တင်စိုးလင်းလည်း "ဗျာ" ဟူသော စကားသံ ထွက်လာပြီး ခေါင်းတညိတ်ညိတ်နှင့် ယုံကြည်သော သင်္ကေတ ပြလိုက်ပါတော့သတည်း။

စလင်း– ဦးကျော်

www.burmeseclassic.com



# မကိုးကွယ်ချင်နေ

မဇော်ကားမိစေနှင့်

ဒင်မောင်လေး
(ဖန်ခါးမြေ)

ဘာသာအယူနှင့် ပတ်သက်၍ မိမိမယုံကြည်က မကိုးကွယ်ဘဲ နေရန်နှင့် ဝေဖန်ပြစ်တင် ရှုတ်ချပြောဆိုပြီး မရှိမသေ မလေးမစား ပြုလုပ်ခြင်း မပြုရန် လူကြီးမိဘများမှ ပြောဆိုဆုံးမခဲ့စဉ်က ပေါ့ပေါ့တန်တန် တွေး၍ လေးလေးနက်နက် မထားခဲ့ပါ။ သို့သော် လက်တွေ့ မျက်မြင်ကြုံလေမှ ဘာသာရေးနှင့် ပတ်သက်၍ ကိုယ်တိုင်မလေးမစား မပြုလုပ်ရဲသည့်အပြင် နှုတ်ဖြင့် ဝေဖန်ပြောဆိုသူများကိုပင် မလေးမစား ပြောဆိုခြင်း မပြုလုပ်ကြရန် ဟန့်တားပြောဆိုမိပါသည်။

ယခုခေတ် လူငယ် လူလတ်ပိုင်း **နတ်ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍** သိသင့်သော စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ် သာဓကတစ်ခုအား ဖော်ပြရပါလျှင်…

**၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍** မန္တလေးမြို့ ရဲသိပ္ပံသင်တန်းကျောင်းတွင် ရဲတပ်သားသစ် သင်တန်း **အပတ်စဉ်(၂၂)အဖြစ် ဗထူးတပ်ခွဲနှင့် စည်သူတပ်ခွဲ** (၂)ခွဲ သင်တန်းတက်ရပါသည်။

စာရေးသူမှာ စည်သူတပ်ခွဲတွင် (ကသ/၄၇၄)ဖြင့် သင်တန်း တက်ရောက်ခဲ့ပါသည်။ သင်တန်း ဆိုသည်မှာ **တိုင်းနှင့် ပြည်နယ်ပေါင်းစုံမှ မတစ်ထောင်သားများ ပါဝင် တက်ရောက်ကြခြင်း**ဖြစ်ပြီး ထိုစဉ်က ရဲတပ်သားသစ် သင်တန်းကျောင်းမှာ

www.burmeseclassic.com

**မန္တလေးမြို့၊ ဖောင်ကြီးမြို့၊ ရမည်းသင်းမြို့ ထိုမြို့(၃)မြို့၌ပင်** သင်တန်းကျောင်း ရှိပါသည်။

**စစ်ရေးပြ လက်နက်သယ်နှင့် ဥပဒေ ဘာသာရပ်များအား သင်တန်းကျောင်း စစ်ရေးပြကွင်းနှင့် သင်တန်း ခန်းမများ၌ သင်ကြားပို့ချ၍ ဗျူဟာ၊ အခက်အခဲ၊ တော်ပစ်ကွင်း ဘာသာရပ်များကိုမူ မန္တလေး တောင်ခြေရှိ စခန်း၌ သင်တန်းပို့ချပါသည်။**

မန္တလေးတောင်ခြေတွင် သင်တန်းပို့ချရန် စခန်းသွင်းချိန်၌ သင်တန်းဆရာများ၊ တပ်ခွဲမှူး၊ တပ်စုမှူး၊ တပ်စိတ်မှူးများမှ နယ်ပိုင်နတ်များထံ သင်တန်းသားများအား အပ်နှံခြင်း၊ အမိုက်အမဲများဖြစ်၍ အပြောအဆို အနေအထိုင် အသွားအလာ မှားခြင်းများ ရှိခဲ့ပါက ခွင့်လွှတ်ပေးရန်နှင့် သင်တန်းသားများမှလည်း မရိုမသေ မလေးမစား မပြုလုပ်ကြရန် တာဝန်ရှိသူများမှ ကြိုတင် အသိပေး ပြောဆိုထားခဲ့ပါသည်။

မန္တလေးတောင်ခြေတွင် သခင်မရွာ တည်ရှိ၍ စနေ၊ တနင်္ဂနွေ သင်တန်းနားရက်များတွင် သင်တန်းသားအချို့မှာ သခင်မရွာသို့ အလည်အပတ်သွားရောက်ကြပြီး ရွာမှ အပြန်တွင် ထန်းရည် သောက်စားလာတတ်ကြပါသည်။

သခင်မတောင်ပေါ်တွင် သခင်မမှ ကျားကြီးအားစီး၍ တင်ပါးလွှဲထိုင်လျက် လက်ညှိုးညွှန်နေသော အင်္ဂတေရုပ်တုကြီးရှိရာ ကျားရုပ်ပါးစပ်ကြီး ဟထားသည်မှာ သက်ရှိကျားကြီးပမာ အသက်ဝင်လှပါသည်။

ထန်းရည်မူးလာသော သင်တန်းသားအချို့မှာ မူးမူးနှင့် ထိုခေတ်က ခေတ်စားစ ပြုနေသော "ကိုရင်မောင် အသည်းကျော် မရွှေဥ" စတီရီယိုသီချင်းအား ဆိုပြီး သခင်မရုပ်တုကြီးအား ဖက်လိုက်၊ ကျားရုပ်ပါးစပ်ကြီးအား ခွစီးလိုက်ဖြင့် ကခုန်သီချင်း



အော်ဆိုနေကြပါသည်။

သင်တန်းဆရာများ ကွယ်ရာတွင် မူးမူးနှင့် ကဲချင်တိုင်း ကဲနေကြရာမှ ကျားရုပ်ပါးစပ်အတွင်း လက်နှိုက်၍ သီချင်းအော်ဆိုနေသည့် သင်တန်းသား၏ **လက်မှာ ထုတ်၍မရ ဖြစ်ပါတော့သည်။**

ကျန်ကျောင်းသားများမှာ နောက်ပြောင်နေသည်ထင်၍ ပေါ့ပေါ့တန်တန် ရယ်မောနေကြရာမှ အမှန်တကယ် လက်ထုတ်၍ မရမှန်း သိကြမှ တပ်စိတ်မှူး၊ တပ်စုမှူး၊ တပ်ခွဲမှူး အဆင့်ဆင့် တင်ပြကြရာ ကျားရုပ်ပါးစပ်အကျယ်ကြီး အတွင်းမှ လက်ထုတ်မရ ဖြစ်ခြင်းမှာ ထူးဆန်းအံ့သြဖွယ် ကောင်းလှပါသည်။

နည်းအမျိုးမျိုးဖြင့် လက်ထုတ်မရသည့် အဆုံး သင်တန်းဆရာများမှ သခင်မတောင်ခြေရှိ သခင်မရွာမှ နတ်ကတော်တစ်ဦးအား ခေါ်ယူပြသမေးမြန်းကြည့်ရာ နယ်ပိုင်နတ်များကို မလေးမစား ပြုလုပ်၍ အဖမ်းခံခြင်း ဖြစ်ကြောင်း...

ထိုသင်တန်းသား၏ အတိုးအတွား မိဘ မွေးချင်းအစုံအလင် ကန်တော့ပွဲဖြင့် တောင်းပန်တိုးလျှိုမှု ပြုလုပ်မှ ကျေနပ်နိုင်မည်ဟု ပြောကြားပါသည်။

သင်တန်းသားမှာ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ပေါ်ရပ်ကွက်တွင် နေထိုင်သူဖြစ်၍** ခရီးနီးသဖြင့် တော်သေးသည်။ နောက်တစ်နေ့ နေ့လယ် သင်တန်းသား၏ အဘိုး၊ အဘွား၊ မိဘ၊ မွေးချင်းများ အကြောင်းကြားထားသဖြင့် ရောက်ရှိလာပြီး ကန်တော့ပွဲ(၃)ပွဲဖြင့် တင်မြှောက်တောင်းပန်မှ သင်တန်းသား၏ လက်မှာ ကျားရုပ်ပါးစပ်အတွင်းမှ ထူးဆန်းစွာ ပြန်၍ထုတ်ရခဲ့ပါသည်။

**သင်တန်းသားမှာမူ ကြောင်တောင်တောင် ဖြစ်သွား၍ သင်တန်းဆက်တက်ခွင့်မရှိတော့ဘဲ (R.T.U) အဖြစ်သတ်မှတ်ပြီး စစ်ကိုင်းတိုင်းသို့ ပြန်ပို့ခြင်း ခံခဲ့ရပါသည်။**

သင်တန်းသားများ အားလုံး၏ မျက်စိအောက်မှ လက်တွေ့ အဖြစ်အပျက်အား **မျက်မြင်ကိုယ်တွေ့ ကြုံကြရသဖြင့် သင်တန်းသားအားလုံး အနေအထိုင် အသွားအလာ အပြောအဆိုအားလုံး ဆင်ခြင်ကုန်ကြပါတော့သည်။**

ယနေ့ခေတ် ယနေ့အခါတွင် **အတုအယောင် ညာစား ပြစားများ ရှိသကဲ့သို့ မှန်မှန်ကန်ကန် ယုံယုံကြည်ကြည်နှင့် ကိုးကွယ်ဆည်းကပ်သင့်သူများလည်း ရှိကြောင်း...။**

အဆုံး၌မူ မယုံကြည်လျှင် မကိုးကွယ်ဘဲ နေရသော်လည်း စော်ကားရှုတ်ချ မထော်မလော် မပြုလုပ်သင့်ကြောင်း ဖြစ်ရပ်မှန် သာဓကလေးအား ဖော်ပြလိုက်ရပါသည်။

**ခင်မောင်လေး(ဖန်ခါးမြေ)**

မှတ်ချက်

***၁၉၇၆ ခုနှစ် အပတ်စဉ်(၂၂) ရဲတပ်သားသစ်သင်တန်း။ မန္တလေးရဲ့သိုင်း သင်တန်းကာလအတွင်းမှ ဖြစ်ပျက်မှုအား အမည်များ မဖော်ပြဘဲ ပြန်လည် ခံစားတင်ပြပါသည်။***



www.burmeseclassic.com

www.burmeseclassic.com



မင်းသွေးနွယ်
(ဇီးကုန်း)

# ကိုယ်ပျောက် ပုဂ္ဂိုလ်ထူး

နှင့် ကျင့်စဉ်ထူး

တစ်ခုသော ညပုသ်နေ့တွင် ဖြစ်၏။ ဥပုသ်စောင့်ပြီး ကျောင်းမှအပြန် အိမ်တွင် အေးအေးဆေးဆေး အနားယူရင်း ပုတီးစိပ် အမှတ်ပွားများဖြစ်သည်။ အိမ်ရှေ့ဆီမှ အသံလိုလို၊ အရိပ်အယောင်လိုလို သတိဝင်လာမိ၍ ထွက်ကြည့်လိုက်မိသည်။ အိမ်ရှေ့ ခြံစည်းရိုးတံခါးအနီးတွင် ဆိုက်ကားသမားလူငယ်တစ်ယောက် တောင်ကြည့်မြောက်ကြည့်နှင့် ရပ်နေသည်ကို တွေ့ရ၍...

'ဟေ့ ဘာအကြောင်းရှိလို့လဲကွ'

'ဟာ အတော်ပဲ ဆရာ၊ ဆရာ့လိပ်စာနဲ့ စာတစ်စောင်ရလို့ လာပေးတာ'

ဆိုက်ကားသမားလေးက လက်ထဲက စာကို မြှောက်ပြပြီး ပြော၏။ သူ့ကို အိမ်ထဲသို့ခေါ်ရင်း အကျိုးအကြောင်းကို မေးရတော့သည်။

'ဘယ်ကရလာတာလဲ၊ ဘယ်သူပေးလိုက်တာလဲကွ'

'ဒီလို ဆရာ၊ ကျွန်တော်ကားဂိတ်မှာ ရှိနေတုန်း ရန်ကုန်ဘက်က စီးလာတဲ့ ဘတ်(စ်)ကားပေါ်က အဘိုးကြီးတစ်ယောက် ဆင်းလာပြီး ကျွန်တော့် ဆိုက်ကားဆီ ရောက်လာတယ်။ ကျွန်တော်က ဘယ်ကို လိုက်ပို့ရမှာလဲ လို့ မေးတော့ ခေါင်းခါပြီး ဟောဒီစာကို ထုတ်ပေးတယ်။ အဲဒီလိပ်စာရှင်ကို သိသလားတဲ့။

ကျွန်တော် ကြည့်လိုက်တော့ ဆရာ့လိပ်စာ ဖြစ်နေတယ်လေ။ ကျွန်တော်လဲ သိပါတယ်၊ လိုက်ပို့ပေးရမလား ပြောတော့ မိုကို ပို့စရာ မလိုဘူးတဲ့၊ ဒီစာကိုပဲ လိပ်စာအတိုင်း ခုချက်ချင်း အရောက်ပေးပေးဖို့ပဲ လိုတယ်ဆိုပြီး ဒီစာနဲ့ ငွေငါးရာတန် တစ်ရွက် ထုတ်ပေးပြီး ထွက်သွားတာပဲ ဆရာ'

ဆိုက်ကားသမားလေးက ပြောအပြီး ကျွန်ုပ်ကမ်းပေးသည့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်၍နေလေ၏။

'နေပါဦးကွ၊ အဲဒီအဘိုးကြီးဆိုတာ ဘယ်အရွယ်လဲ။ ဘယ်လို ပုံပန်းရှိသလဲဆိုတာလဲ ပြောစမ်းပါဦး'

'အဘိုးကြီးအရွယ်ကတော့ **ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်ဝန်းကျင်လောက်လို့ ထင်တာပဲ။** အတော်လေးတော့ သွက်လက်တယ်။ အသားက ဖြူဖြူနဲ့ **ရှမ်းတရုတ်ပုံပေါက်တယ်။** အဲ... ပြီးတော့ **မုတ်ဆိတ်မွေးတွေက ဖြူနေပြီး တစ်မိုက်ခန့်လောက် ရှည်နေတယ်**လို့ ထင်တယ်'

'မင်း ပြောနေတာတွေနဲ့ ယှဉ်ပြီး ငါလဲ စဉ်းစားနေတယ်။ ငါတို့ အမျိုးအဆွေထဲက အဘိုးအဘွားထဲကများလားဆိုပြီး တွေးကြည့်တော့ မဖြစ်နိုင်ဘူးကွ။ ငါတို့ အဘိုးတွေလဲတစ်ယောက်မှ မရှိကြတော့ဘူးလေ။ ကဲ... ဆက်စမ်းပါဦးကွာ'

'ဒီအဘိုးကြီးမှာ ဆံပင်က သျှောင်ထုံးကြီးနဲ့ဗျ။ တဘက်ကို ခေါင်းပေါင်းပေါင်းထားတယ်။ ရှမ်းတိုက်ပုံ အညိုရောင် ဝတ်ထားသေးတယ်။ ကျွန်တော်မြင်တော့ အဲဒီအတိုင်းပဲ ဆရာရေ့'

'ဒါနဲ့ အဲဒီအဘိုးကြီးက ဘယ်ဘက်ကို ထွက်သွားတာလဲ။ သူ့မှာ အဖော်တွေရော မပါဘူးလား'

'ကျွန်တော် မြင်တာတော့ **ကားဂိတ်ကနေ မြို့မြောက်ဘက်ကို ခြေကျင်လမ်းလျှောက်ပြီး ထွက်သွားတာပဲ။** အဖော်တော့ လုံးဝ မပါတာ အမှန်ပဲ။ အံ့သြစရာကောင်းတာတော့ သေချာတယ်ဆရာ။ ကျွန်တော်လဲ သွားလိုက်ဦးမယ်။ စာလဲ ပေးပြီးပြီ။

www.burmeseclassic.com

ကျွန်တော့်တာဝန်လဲ ပြီးပြီပေါ့ ဆရာ'

ဆိုက်ကားသမားလေး ယူလာသည့် စာကို အသေအချာ စူးစမ်းကြည့်လိုက်၏။ စာအိတ်ကတော့ ရိုးရိုး စာရွက်အဖြူနှင့် ပြောင်စာအိတ်မျိုးဖြစ်သည်။ စာအိတ်ပေါ်မှာ ရေးထားသည့် လိပ်စာမှာလည်း မိမိ၏ လိပ်စာမှန်ပင်ဖြစ်၏။ မင်ရောင်အနက်ဖြင့် ရှေးလက်ရေး ရိုးရိုးကြီးအတိုင်း ရေးထားသည်ကို တွေ့ရှိရသည်။

စာအိတ်ကို ဖောက်၍ ကြည့်လိုက်သောအခါ အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေ၏။

ချစ်သော လူကလေး...

မင်္ဂလာပါ။

အဘ ဘယ်သူဘယ်ဝါဆိုတာ မင်း သိဖို့ မလိုပါ။ အချိန်က အဘကို တာဝန်ပေးပြီ မင်းကို စောင့်ရှောက်ဖို့ လမ်းပြပေးဖို့ အဲဒါတွေ အဘ တာဝန်ကျလာပြီမို့ မင်းထံ ရောက်လာတာလို့ မင်း မှတ်ပါ။ သံသယအတွေး တွေ ဝင်မလာစေနဲ့။

ဒီနေ့မနက် ကိုးနာရီ ကိုးမိနစ်အချိန် မြသိန်းတန်စေတီတော်ကြီးရဲ့ အောင်မြေတည်ရာ အင်္ဂါထောင့် ထီးတော်ဟောင်း ကိန်းဝပ်တဲ့ ဗိမာန်နေရာမှာ အဘရှိနေမယ်။ အဖော်ခေါ် မလာဘဲ အချိန်မီ အရောက်လာပေရော့ လူကလေး။

မင်္ဂလာပါ။

***နယ်လှည့်သာသနာပြု အဘ***

စာဖတ်အပြီးမှာ ကြက်သီးမွေးညင်း ထသွားစေတော့သည်။ ရေးထားသည့် လက်ရေးမှာ ရှေးလက်ရေး ရိုးရိုးကြီးနှင့်ဖြစ်ပြီး မင်အနက်ရောင်ဖြင့်ပင် ရေးထားသည်ကို တွေ့ရသည်။

စာထဲပါ အကြောင်းအရာများကို ထောက်၍ ပဟေဠိဆန်လွန်းနေမှုများအတွက် အတော် စိတ်ဝင်စားသွားမိသည်က အမှန်ပင်။ မိမိနှင့် ဆက်နွယ်



သည့် လျှို့ဝှက်ချက်များက အံ့သြစရာတွေနှင့် စ,ခဲ့၏။ စာ စတင်ရောက်လာသည်မှ လက်ငင်းအချိန်အထိ အတွေးပွားစရာတွေချည်းပင်။

ဆက်၍ မည်သို့ ကြုံလေမည်မသိ။ အကောင်းနှင့်အဆိုးကို အကြမ်းမျှ သုံးသပ်ကြည့်သော် ဒီဖြစ်ရပ်၏ အကြောင်းတရား နောက်ကွယ်မှာ ကောင်းသော အကျိုးတရားသာ ဖြစ်ပေါ်နိုင်စရာရှိသည်ကို စူးစမ်းမိ၏။

အချိန်ကို သတိထားမိ၍ ကြည့်လိုက်တော့ မနက်ကိုးနာရီ ထိုးတော့မည်။ ဆုံးဖြတ်ချက်ကို ယုံကြည်စွာ ချမှတ်လိုက်ပြီး ကမန်းကတန်း ပြင်ဆင်ကာ အိမ်ကိုပင် အသိမပေးတော့ဘဲ စက်ဘီးစီး၍ **"မြသိန်းတန်စေတီတော်မြတ်ကြီး"**ဆီသို့ ဦးတည်ထွက်လာခဲ့သည်။

တောင်ဘက်မုခ်ပေါက် စောင်းတန်းမှ ဝင်လာခဲ့ပြီး အင်္ဂါထောင့်ဂြိုဟ်တိုင်ရှိ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကန်တော့လိုက်သည်။ စာထဲပါ အညွှန်းအတိုင်း **စေတီတော်မြတ်ကြီး အောင်မြေတည်ရာ အင်္ဂါထောင့်ရှိ ထီးတော်ဟောင်း ကိန်းဝပ်သည့် ဗိမာန်ဆီသို့** လှမ်းကြည့်လိုက်သည်။ မည်သူမျှ မတွေ့ရ။ အခြားဂြိုဟ်တိုင်များတွင် တစ်ယောက်စ၊ နှစ်ယောက်စ အမျိုးသမီးငယ်များ ရှိသည်ကိုသာ သတိပြုမိသည်။

ဆိုက်ကားသမားလေး ပြောသည့် ပုံစံဟန်ပန်ကိုလည်း မျက်လုံးထဲတွင် ပုံဖော်မိပြီးသားဖြစ်၍ အကဲခတ် ရှာ စူးစမ်းကြည့်မိသော်လည်း ယောက်ျား သားဆို၍ မိမိသာပဲ ရှိနေ၏။ အချိန်ကို ကြည့်လိုက်တော့ **မနက်ကိုးနာရီ ကိုး မိနစ်အချိန်**ကို ရောက်နေပြီ။

စိတ်ထဲတွင် တစ်မျိုးတစ်မည်တွေ တွေးဖြစ်သွား၏။ လှည့်စားခံရပြီလား မိမိစိတ်ကို ထိန်းချုပ်ရင်း ထီးတော် ဟောင်းကိန်းဝပ်သည့် ဗိမာန်အနီး ဟိုဟိုဒီဒီ ကြည့်ရှုနေမိ၏။

ဤသို့ ကြည့်ရှုရင်းမှ ထီးတော် ဟောင်းကို ကာရံထားသည့် အဝ တံခါးပေါက်ဝ သံဆန်ခါအကြားတွင် **ငွေရောင် စက္ကူစာအိတ်လေး** အမှတ်မထင်တွေ့လိုက်ရ၍ ဖော ကြည့်လိုက်ရာ အောက်ပါအတိုင်း ရေး ထားသည်ကို တွေ့ရသည့်အပြင် အ ရောင် စာအိတ်အသေးလေးတစ်လုံး ပါ ထပ်မံ တွေ့ရှိရပြန်လေသည်။

ချစ်သော လူကလေး...

မင်္ဂလာပါ။

အဘစကား နားထောင်တဲ့အတွက် တစ်ဆင့်အောင်သွားပြီ မှတ်ပေ ရှေ့ဆက်ပြီး အောင်ဖို့ပဲ ရှိတယ်။ အ မင်း မြင်ချင်၊ တွေ့ချင်မယ်ဆိုတာ သိ ဒါက အရေးမကြီးဘူး။ အဘစ နားထောင်ဖို့ အဘပြောတာကို လို အဓိက ကျတယ်။ ယုံယုံ ကြည် သေသေနဲ့ အဘလ ညွှန်တဲ့ အ အတိုင်း အား ဖို့ နှလုံးသွင်း





www.burmeseclassic.com

www.burmeseclassic.com



လူကလေး…။

ဒီမြသိန်းတန်စေတီတော်မြတ်ရဲ့ အောင်မြေမှန်ဟာ အင်္ဂါထောင့် အရှေ့တောင်ထောင့် နေရာဖြစ်တယ်။ ဒါကြောင့် ဒီအင်္ဂါဂြိုဟ်တိုင် နေရာကနေ ပန္နက်ခံပြီး စတင်ရမယ်။ အဘ လမ်းညွှန်တဲ့ အစီအမံအတိုင်း တစ်ဆင့်ပြီး တစ်ဆင့် ဝါယမစိုက်ပေတော့ လူလေး…။

…။…။…။

အထက် ဖော်ပြပါ နိဒါန်းချီသော အသေးစိတ် လမ်းညွှန်သည့် အစီအမံများနှင့် စာရွက်အပြည့်နီးပါးခန့် ရေးသားထားသော စာတစ်စောင်ကို အံ့သြဖွယ် ဖတ်ရှုရ၏။ စာထဲပါသလိုပင် "အဘ"ဖြစ်သူအား တွေ့ချင်မြင်ချင်စိတ် တဖွားဖွားပေါ်သည်က အမှန်ပင်။

သို့ရာတွင် အရိပ်အယောင်မျှပင် မတွေ့ရဘဲ စာရေးကာ လမ်းညွှန်မှုပေးနေသည်ဖြစ်၍ လျှို့ဝှက်သည်းဖိုဆန်သလို ဖြစ်စေရပြီ။ မည်သို့ပင်ဖြစ်စေ မိမိ၏ ယုံကြည်ချက်နှင့် မှန်ကန်မှု အသိတရားက အဘလမ်းညွှန်သည့် အစီအမံများအတိုင်း အားထုတ်ဖို့ အသင့်ဖြစ်နေပြီဖြစ်သည်။

အဘလမ်းညွှန်သည့် အစီအမံ အတိုင်းပင် ဦးစွာ **ပထမအင်္ဂါဂြိုဟ်တိုင်မှ စတင်၏။** အင်္ဂါဂြိုဟ်တိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကန်တော့ပြီး လက်ယာရစ်တစ်ပတ် **"အရဟံ ဂုဏ်တော်"**ကို ရွတ်ဆိုပွားများ ပူဇော်ရသည်။

**ဒုတိယအဆင့်**ကို **ကြာသပတေးဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး လက်ယာရစ် ကြာသပတေးဂြိုဟ်တိုင် တစ်ပတ်တိတိကို **"သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**တတိယအဆင့်**ကို **တနင်္ဂနွေဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် တနင်္ဂနွေဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**စတုတ္ထအဆင့်**ကို **ဗုဒ္ဓဟူးဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် ဗုဒ္ဓဟူးဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"သုဂတော ဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**ပဉ္စမအဆင့်**ကို **ရာဟုဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် ရာဟုဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"လောကဝိဒူ ဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**ဆဋ္ဌမအဆင့်**ကို **တနင်္လာဂြိုဟ်တိုင်**မှစ,ရ၏။ **ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်**ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် တနင်္လာဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**သတ္တမအဆင့်**ကို **စနေဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် စနေဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်"** အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**အဋ္ဌမအဆင့်**ကို **သောကြာဂြိုဟ်တိုင်**မှ စ,ရ၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် သောကြာဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"ဗုဒ္ဓေါဂုဏ်တော်"**အား ရွတ်ဆိုပွားများ ပူဇော်ရသည်။

**နဝမအဆင့်**ကို **အင်္ဂါဂြိုဟ်တိုင်**တွင် ပြန်ရောက်၏။ ဂြိုဟ်တိုင်ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့ပြီး **လက်ယာရစ် အင်္ဂါဂြိုဟ်တိုင်** တစ်ပတ်တိတိကို **"ဘဂဝါဂုဏ်တော်"**ဖြင့် ရွတ်ဆိုပွားများ ပူဇော်ရလေသည်။

**ကိုးဆင့်မြောက်**အပြီးတွင် အဘလမ်းညွှန်ချက်အတိုင်း **"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"**ဟု ကြည်နူးအားရစွာ ဟစ်ကြွေးမိ၏။

ရင်ထဲတွင်လည်း ကြည်နူးလန်းဆန်းစွာ ဖြစ်တည်နေသည်။ အမျိုးအမည် မဖော်ပြနိုင်သော လိုအင်ဆန္ဒအပေါင်းနှင့် ပြီးပြည့်စုံနေသည့် ပီတိစိတ်ထားမျိုးနှင့် ချမ်းမြေ့ကျေနပ်နေရသည့်အလား ခံစားနေရ၏။

ပြန်လည် သုံးသပ်ကြည့်လေသော် အဘ လမ်းညွှန်ပေးခဲ့သည့် အစီအမံများကား တုနှိုင်းဖွယ်မရှိ ထွတ်မြတ်

www.burmeseclassic.com

လှသော **"မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး"**ပင်တည်း။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များ၏ အကျိုးကျေးဇူးကြောင့် ငြိမ်းချမ်း၊ စိမ်းလန်းစေရသည် မဟုတ်ပါလား။

အဘ လမ်းညွှန်ပေးခဲ့သည့် အစီအမံများနှင့်ထပ်တူ အဘ စောင့်ရှောက်လမ်းပြ အကျိုးဆောင်ပေးခဲ့မှု၏ ဤအကြောင်းတရား အတွက်ကိုလည်း ကျေးဇူးတင်ရကောင်းမှန်း သိခဲ့ရပြီ။

နောက်ဆက်တွဲအနေဖြင့် အဘ၏ မှာကြားချက်အရ အထက်တွင် အားထုတ်ဆောင်ရွက်ပြီးခဲ့သည့်ကဏ္ဍ ပြီးစီးလေမှ အဖြူရောင်စာအိတ်အသေးကို ဖွင့်ဖောက်ရမည်ဟု ဆိုလေ၏ စာအိတ်လေးကို အသာအယာ ဖောက်ကြည့်လိုက်၏။

စာအိတ်ထဲမှ အဆောင်ပစ္စည်း ဖြစ်ဟန်တူသော ပစ္စည်းနှစ်မျိုးနှင့်အတူ အောက်ပါအတိုင်း ရေးထားသည့်စာ တစ်စောင်ကို ဖတ်ရှုရလေသည်။

လူကလေး…

**မင်္ဂလာပါ။**

အဘ ဆန္ဒလဲ ပြည့်ရပြီ၊ မင်းရဲ့ရည်မှန်းချက်တွေလဲ အောင်မြင်ရပြီ၊ အဘပေးတဲ့ ဒီကျင့်စဉ်ကို ကိုးဆင့် ကိုးချီ အားထုတ်ရမှာမို့ ခုလက်ထဲ တစ်ဆင့်ပြီးတော့ ကျန်တဲ့ ရှစ်ဆင့်ရှစ်ချီကို လူကလေး ယုံကြည်စွာ အားထုတ်ကြိုးပမ်းသွားဖို့ အဘမှာချင်တယ်။

လူကလေးရဲ့ ဘဝတစ်သက်တာအတွက် အဘ လက်ဆောင်နှစ်ခု ပေးခဲ့တယ်။ မင်းအတွက် ထာဝရအဆောင်ပေါ့။ မင်းဘဝအတွက် ဒီအဆောင်တွေက သူကောင်းပြုလိမ့်မယ်။


*မင်္ဂလာပါ*

**နယ်လှည့်သာသနာပြု အဘ**

စာဖတ်အပြီးမှာ အဘပေးခဲ့သည့် လက်ဆောင်ပစ္စည်းနှစ်မျိုးကို အသေအချာ ကြည့်ရှုမိရာ တစ်မျိုးက **တစ်လက်မခွဲခန့်အရွယ်ရှိ ခြင်္သေ့အောက်ခံနှင့် ရှင်သီဝလိရဟန္တာမြတ်ပုံတော် သစ်သားရုပ်တုအဆောင်ဖြစ်သည်**ကို တွေ့ရှိရသည်။

နောက်တစ်မျိုးမှာ **ထောင့်ရှစ်ထောင့်ပါ စကြာပုံသဏ္ဌာန်** ***(အောက်ပါအတိုင်းပုံစံ)***ရှိသည့် သုံးလက်မအရွယ် ငွေပြားစက္ကူ အဆောင်မျိုးဖြစ်သည်ကို စူးစမ်း တွေ့ရှိရလေသည်။

***



ဖော်ပြပါ စကြာပုံသဏ္ဌာန်ရှိ ဤအဆောင်ကို ကျွန်ုပ် သုံးသပ်လေ့လာကြည့်မိသော် အဘ လမ်းညွှန်အားထုတ်စေခဲ့သည့် **"ဗုဒ္ဓဂုဏ်တော်ကိုးပါး"**ဖြင့် **ဂြိုဟ်ရှစ်ခွင်အား ရွတ်ဆိုပွားများ ပူဇော်ခဲ့ရာ လမ်းပြကျင့်စဉ်ဖြစ်ကြောင်း ထင်ထင်လင်းလင်းကြီး သိရှိစေရတော့သည်။**

ဤကျင့်စဉ်ဖြင့် ဘဝတစ်သက်တာအတွက် မမေ့မလျော့ရှိနေစေရန် ရည်ရွယ်၍ အဘက ဤအဆောင်ကို ထာဝရအဆောင်အဖြစ် ပေးခဲ့ကြောင်း ကျွန်ုပ်ကောင်းစွာ သိခဲ့ရ၍ အဘကို ကျေးဇူးတင်မဆုံးဖြစ်ရသည်။

အဘကတော့ သူ့တာဝန်ကျေပြီဖြစ်၍ ဘယ်ဆီကို ဆက်လေမည် မသိ။ အဘပေးရစ်ခဲ့သည့် အဆောင်ပစ္စည်းလေးများကို တရိုတသေ ထုပ်ပိုးပြီး မြသိန်းတန် စေတီတော်မြတ်ကြီးအား ပူဇော်ကန်တော့ကာ အဘပြုလုပ်ခဲ့သည့် ကျေးဇူးတရားများအတွက် ဆုတောင်းမေတ္တာပို့ရင်း အမျှဝေလိုက်သည်။

စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်ပတ်၍ မိမိ တွေ့ချင်မြင်ချင်သော နယ်လှည့်သာသနာပြု အဘအား ရှာဖွေကြည့်မိ၏။ ရင်ပြင်တော် ပရိဝုဏ်အတွင်းဝယ် မည်သူ့ကိုမျှ မတွေ့ရဘဲ စေတီတော်ကြီး၏ ဆည်းလည်းသံများကသာ ပျံ့လွင့်ဝေနေလျက် ရှိပါ၏။

အပြန်တွင် အရှေ့ဘက်စောင်းတန်းဘက်မှ ထွက်ခဲ့၏။ ပတ်ဝန်းကျင်တစ်ဝိုက်ကို စူးစမ်းမိပါသော်လည်း အဘ၏ အရိပ်အယောင်ကို လုံးဝမတွေ့ရ… မည်သို့ပင်ဆိုစေ ကျွန်ုပ်၏ လှုပ်ရှားစူးစမ်းသမျှတွေကိုတော့ နယ်လှည့်သာသနာပြုအဘတစ်ယောက်က သိရှိနေမည်သာ…။

စိတ်ထဲ ရည်မှန်း၍ ကျေးဇူးတင် အဘအား ပူဇော်လိုက်၏။

ငယ်စဉ်က ကြည့်ခဲ့ဖူးသည့် နိုင်ငံခြားရုပ်ရှင် ကိုယ်ပျောက်ဇာတ်ကား တစ်ကားအား အမှတ်မထင် သတိရလိုက်မိသည်။

သည်သို့ ဆိုလျှင်…

နယ်လှည့်သာသနာပြု အဘသည်လည်း ကျွန်ုပ်ကိုယ်တွေ့ကြုံရ… ယှဉ်ရသော် **"ကိုယ်ပျောက်ပုဂ္ဂိုလ်ထူး"ပင်လော…။**

*တရားပြည့်ဝ နှလုံးလှစေ*

**မင်းသွေးနှယ်(ဇီးကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



စွဲသစ်
(ဖောင်တော်သီး)

# ပြိတ္တာအသား

## စားကြသူများ

**တစ်ဖက်ထိပ် တောင်ကမ်းပါးယံ မြေ အနည်းငယ်ပြိုရာမှ ထိုတောင်ကမ်းပါးယံ၏အမြင့် ငါးတစ်ပြန်ခန့်တွင် ထန်းကြောများတစ်ချပ်စာခန့် အသားစိုင်အသားကွက်ကြီးများ (၃)ကွက်ခန့် ပေါ်နေသည်ကို တွေ့ကြရသည်။**

အချို့မှာ သွားရောက် ကြည့်ရှုရုံသာဖြစ်၍ အချို့သောသူများမှာ လျှို၏တစ်ဖက်သို့ ရောက်အောင် ကူး၍ ဝါးလှေကားပြုလုပ်၍ ကမ်းပါးယံတွင် ထောင်တက်ကာ အသားစိုင်ကြီးများကို လှီးယူကြလေသည်။

လှီးယူသည့်အခါ သေနရှိသတ္တဝါ တစ်ကောင်ကဲ့သို့ အသားစိုင်များမှာ တဆတ်ဆတ်တုန်လေ၏။ သွေးလည်း ထွက်၏။

သတ္တဝါအများ ကျင်လည်ကျက်စားရာ ဘုံ(၃၁)ဘုံ ရှိသည်ဟု ကျွန်ုပ်တို့ အားလုံး သိကြပြီး ဖြစ်သည်။ ထို(၃၁)ဘုံအတွင်းမှာ လူသားတို့ မျက်စိဖြင့် မြင်နိုင်သောဘုံများမှာ လူ့ဘုံနှင့် တိရစ္ဆာန်ဘုံ (၂)ခုသာရှိသည်ဟု ကျွန်ုပ်တို့ ထင်ထားသော်လည်း လူသားတို့၏ မျက်စိဖြင့် မြင်နိုင်ရုံမျှမက သူ၏အသားကိုပင် လူသားတို့၏ စားသောက်ခြင်းကို ခံခဲ့ရသော **အသားတောင်ပြိတ္တာ**ဟုခေါ်တွင်သည့် **ပြိတ္တာကြီး၏အကြောင်း**ကို တင်ပြလိုပါသည်။

ထို ပြိတ္တာကြီးကြောင့် လူသားတို့ မျက်စိဖြင့် မြင်နိုင်သော အခြားဘုံများလည်း ရှိနေသေးကြောင်းကို အများသူငါ သိစေရန် အလို့ငှာ တင်ပြလိုက်ရပါသည်။

**လွန်ခဲ့သော နှစ်(၆၀)ခန့်က ဖြစ်ပါသည်။** ကျွန်ုပ်တို့မှာ အောက်အရပ်သားဖြစ်သော်လည်း အဘွားမှာ အညာသူစစ်စစ် ဖြစ်ပါသည်။ တိတိပပ ဆိုရပါမူ **နေပြည်တော် ပျဉ်းမနား လယ်ဝေး ကျည်တောင်ကန်ရွာသူ ဖြစ်ပါသည်။**

ကျွန်ုပ်၏ အဘွားငယ်စဉ်အခါက ကျည်တောင်ကန်ရွာအနီး တောထဲတွင် **အသားတိုးတောင်ပေါ်သည်ဟု တောတက်သူ လူများမှ ပြောကြားချက်အရ** သိကြရသည်။

**လူအချို့မှာ စိတ်ဝင်စား၍ တောတွင်းသို့ သွားရောက် ကြည့်ရှုကြရာ လျှို၏**



www.burmeseclassic.com

www.burmeseclassic.com

လိုးယူကြသူများမှာ ထိုအသားကို ချက်စားကြည့်ရာ အမဲသားနှင့် လွန်စွာတူကြောင်း၊ အမဲသားထက်ပင် အရသာပို၍ ထူးကဲကြောင်း ပြောကြလေသည်။

ထို့နောက်တွင် တောထဲသွား၍ အသားလိုးယူကြသူများ ပိုမို များပြားလာကြလေသည်။

**အသားစိုင်ကြီးများမှာ လူများစွာ လိုးယူကြသော်လည်း နောက်တစ်နေ့တွင် ပြန်လည်၍ ပြည့်ဖြိုးနေလေ၏။** ထို့ကြောင့် အသားတိုးတောင်ဟု ခေါ်တွင်ကာ နာမည်ကြီးလာလေ၏။

မမြင်ဘူး၍ တောထဲသို့ တကူးတက သွားရောက်ပြီး ကြည့်ရှုသူများ ရှိသလို အသားကို ချက်စားချင်၍ လာရောက်လိုးယူသူများမှာလည်း များပြားလှသည်။ တချို့က အသက်ရှိသည်ဟု ယူဆကြ၍ သနားကြသော်လည်း တချို့မှာ လောဘတက်ကာ အများအပြားပင် လိုးယူကြလေသည်။

ထိုသတင်းမှာ ကျည်တောင်ကန်ရွာဦးကျောင်း ဆရာတော်နားသို့ ပေါက်ကြားလေရာ ဆရာတော်မှ ရွာသူရွာသားများကို စည်းဝေးခေါ်ယူ၍ ထိုအသားတောင်မှာ အသက်ရှိကြောင်း၊ လိုးခြင်းပြုပါက သတ္တဝါတစ်ကောင်၏ အင်္ဂါအစိတ်အပိုင်းတစ်ခုကို အရှင်လတ်လတ် လိုးယူခြင်းဖြစ်၍ လွန်စွာ အပြစ်ကြီးသောကြောင့် လိုးယူခြင်း မပြုကြရန် တားမြစ်လေသည်။

သို့သော် အချို့သော လူ့ဗာလများမှာ သွားရောက် လိုးယူမြဲဖြစ်သဖြင့် ဆရာတော်မှ သူကြီးအား ခေါ်ယူ၍ သွားရောက် လိုးယူခြင်း မပြုစေရန် အမိန့်ထုတ်နိုင်းရာ သူကြီးမှ သွားရောက်လိုးယူသူအား ထိတ်တုံးဖြင့် တစ်လတိတိ ဒဏ်ခတ်မည်ဟု အမိန့်ထုတ်မှ ရပ်စဲသွားကြလေ၏။ မည်သူမျှ မလိုးယူနိုင်စေရန် တောထဲတွင်လည်း ကင်းစောင့် အလှည့်ကျ ထားလေ၏။

ဤသို့ဖြင့် **အသားတိုးတောင်ကြီးမှာ (၅)နှစ်ခန့် ငြိမ်းအေးချမ်းသာစွာနေခဲ့ရသော်လည်း** နွေရာသီတစ်ခုတွင် တောမီးလောင်လေတော့၏။ တောမီးမှာ ကြီးမားသဖြင့် အသားတိုးတောင်ကမ်းပါးယံလည်း မီးဒဏ်သင့်လေ၏။ တစ်ပတ်ခန့် တောမီးလောင်ကျွမ်းပြီးသောအခါ အခါမဲ့မိုး ရွာ၍ မီးငြိမ်းလေ၏။

လူအများမှာ အသားတိုးတောင်ကြီး၏ အခြေအနေကို သိလို၍ သွားရောက်ကြည့်ရှုကြရာ **အသားညှော်နံ့များနှင့် အပုပ်နံ့များ ဖုံးလွှမ်းလျက် ပြိုကျနေသည်ကို တွေ့ကြရလေတော့၏။** ထိုအခါမှ စ၍ အသားတိုးတောင်ကြီး၏ ဘဝနိဂုံးချုပ်ရလေတော့၏။

ဤအကြောင်းအရာမှာ ကျွန်ုပ်၏ အဘွားပြောပြချက်ကို ပြန်လည်၍ ဖောက်သည်ချရခြင်း ဖြစ်ပါသည်။ ကျွန်ုပ် အဘွားကိုယ်တိုင်ပင် ထိုအသားကို မသိနားမလည်သည့်အရွယ်ဖြစ်၍ သူများကျွေးသည်ကို စားမိသဖြင့် အရိုက်ခံခဲ့ရဖူးသည်ဟု သိရပါသည်။ **ပိုမို၍ ပြည့်စုံစွာ သိလိုပါက နေပြည်တော် ပျဉ်းမနားဘက် ရောက်သည့်အခါ ကျည်တောင်ကန်ရွာသို့ ဝင်၍ စုံစမ်းနိုင်ပါကြောင်း။** ထိုအကြောင်းအရာမှာလည်း ယခုအထိ ပြောစမှတ်တွင်နေဆဲပင် ဖြစ်ကြောင်း စာရေးသူမှ ထပ်ဆင့်၍ သတင်းကောင်းပါးလိုက်ရပါသည်။

ဖွဲ့သစ်(ဖောင်တော်သီ)



# သွေးတိုး

## ချက်ချင်းကျ ဆေးနည်း

စာရေးသူသည် ၂၀၁၄ ခုနှစ်၊ မတ်လဆန်းတွင် ထီးချိုင့်မှ ညီမဝမ်းကွဲတော်သူ၏ ယောက်ျား(ယောက်ဖ) ဆုံးသဖြင့် မြေချအမီ ရောက်အောင် သွားခဲ့ရပါသည်။

နောက်နေ့ နံနက်တွင် ဦးထွန်းရှိန်ရောက်လာပြီး သူငယ်ချင်းဖြစ်သူ၏ မြေချကို မလာနိုင်သဖြင့် ခွင့်လွှတ်ပါရန်နှင့် စိတ်မကောင်း ဝမ်းနည်းမိကြောင်း ပြောပါသည်။

မြေမချမီက သွေးတိုးနေပြီး မြေချပြီးချိန် ညနေတွင် သွေးမတိုးတော့သော်လည်း စိတ်မကောင်းလွန်း၍ မလာကြောင်း ပြောပါသည်။

ယောက်ဖဖြစ်သူနှင့် ဦးထွန်းရှိန်မှာ သေအတူ ရှင်မကွာ နေလာခဲ့ကြသည့် ကသာမြို့တွင် အခြေစိုက်ခဲ့သော ခ.လ.ရ(၁၂)မှ ထွက်လာကြသည့် တပ်ကြပ်ကြီးများ ဖြစ်ခဲ့ကြသည်။

'နေ့လယ် သွေးတိုးပြီး ညနေပိုင်း အကောင်းပကတိ ဖြစ်သွားတယ်ဆိုတော့ ဘာဆေးသောက်လိုက်လို့လဲ'

ဟု စာရေးသူက မေးပါသည်။ အမှန်က ဆေးနည်းရလို သိလို၍ မေးခြင်း ဖြစ်ပါသည်။

'ကျွန်တော့်နည်းက လွယ်ပါတယ် တကယ်လဲ ပျောက်ပါတယ်'

'ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား'

(စာမျက်နှာ (၂၅၆) သို့)



www.burmeseclassic.com

www.burmeseclassic.com

# တစ်ပွဲစား အမေယု

ဘုန်းပွင့်လွန်း
(မွန်ပြည်နယ်)

လောက၌ ထူးထူးခြားခြား တကယ့်ဖြစ်ရပ်ဆန်းများ ရှိနေကြသည်။ ပြောလျှင် မယုံနိုင်စရာကိစ္စများ ဖြစ်သည်။ သို့သော်လည်း ကိုယ်တွေ့ မကြုံရသေး၍ မယုံခြင်းသာ ဖြစ်သည်။ ကိုယ်တွေ့ကြုံသူတို့ကမူ လက်တွေ့ဖြစ်၍ ယုံကြည်ကြသည်။

ယုံကြည်ခြင်း၊ မယုံကြည်ခြင်းနှင့် ပတ်သက်၍တော့ အထူး မပြောလိုပါ။ ယခု ရေးသားတင်ပြမည့် အကြောင်းအရာကတော့ အမှန်ပင် ဖြစ်ပါသည်။

ကျွန်တော် ဘီးလင်းမြို့သို့ ရောက်ရှိသောအခါ **ဘီးလင်းမြို့မှ (၇)မိုင်ခန့် ကွာဝေးသည့် ကျောက်ရေတွင်းရွာမှ အနာပေါက်ကု ဆရာ ဦးတင်မြင့်နှင့်** ရင်းနှီးခွင့်ရသည်။

ကျောက်ရေတွင်းရွာမှ ဘီးလင်းမြို့သို့ မြင်းလှည်းဖြင့် ဈေးတက်ဝယ်လေ့ရှိသည့် ဆရာဦးတင်မြင့်၏ ဖိတ်ခေါ်ချက်ကြောင့် ကျောက်ရေတွင်းရွာသို့ လိုက်သွားခဲ့သည်။

ဦးတင်မြင့်ရွာဆီသို့ ရောက်ရှိသောအခါ ဦးတင်မြင့်၏ ခြံထဲမှာ စိုက်ပျိုးထားသော ပရဆေးပင် အမျိုးမျိုးကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုဆေးပင်တို့၏ အမျိုးအမည်နှင့် ဆေးအသုံးကို မေးမြန်းကြည့်သည်။

အခြားသော ဖော်စပ်သုံးစွဲလွယ်မည့် ကိုယ်တိုင်သုံး ဆေးနည်းလေးတွေကိုလည်း မေးမြန်းသည်။ စကားစပ်မိ စပ်ရာပြောရင်း **တစ်ပွဲစား အမေယု**၏ အကြောင်း ရောက်သွားသည်။

ဦးတင်မြင့်က ရွာအနောက်ပိုင်းမှာ အမေယုနန်းရှိသည်။ စိတ်ဝင်စားလျှင် သွားကြည့်ရန် လိုက်ပို့ပေးမည်ဟု ပြောသည်။

**ကျွန်တော်က အမေယုထိုင်ရာ ရွာပိုင်းသွားသွားလားဟု မေးကြည့်**



▲ တစ်ပွဲစား အမေယုနန်းနှင့် သစ်ပင်ကြီး

**သောအခါ ဦးတင်မြင့်က မဟုတ်ကြောင်း၊ ဤကျောက်ရေတွင်းရွာမှာ မွေးဖွားကြီးပြင်း နေထိုင်ခဲ့သူဖြစ်ကြောင်း ပြောသည်။**

"ဒါဆိုရင် အဲဒီ **အမေယုအတွက် ဘာဖြစ်လို့ နတ်နန်းသဘောမျိုး ပြုလုပ်ထားပေးရသလဲ။ အမေယုရဲ့ အကြောင်း ပြောပြပေးပါ**"ဟု တောင်းဆိုရာမှ ဦးတင်မြင့်က ဖြစ်စဉ်အစအဆုံးကို ပြောပြသည်။

အမေယုသည် ဦးတင်မြင့်၏ အမေဘက်မှ တော်စပ်ခြင်းဖြစ်သည်။ ဦးတင်မြင့်၏အမေသည် အမေယု၏ မြေးဖြစ်ပြီး ဦးတင်မြင့်မှာ မြစ်တော်စပ်သည်။

**အမေယုကို ဦးတင်မြင့် မမြင်ဘူးပါ။ ဦးတင်မြင့် လူမှန်းသိတတ်စကတည်း က အမေယုနန်းက ရှိနေပြီဖြစ်သည်။**

အမေယုသည် အရပ်အမောင်းကောင်းသည်။ မျက်နှာချိုပြုံးသည်။ တစ်ရွာလုံးက အမေယုနှင့် ကင်းသူတစ်ယောက်မှ မရှိပေ။ အမေယုကို အားကိုးကြသည်။ ယုံကြည်ကြသည်။ **အမေယုသည် အရပ်လက်သည် တစ်ဦးဖြစ်သည်။**

ကိုယ်ဝန်ဆောင်များ မီးဖွားဖို့ လူတစ်ယောက် လူ့လောကထဲ ချောချောမောမော ရောက်ရှိဖို့ဆိုလျှင် အမေယုပါမှ ပြီးသည်။ အမေယု မီးဖွားပေးလျှင် အဖိတ်အစဉ်မရှိ၊ အခက်အခဲမရှိ။ အလွယ်တကူ မွေးဖွားကြရ၍ တစ်ရွာလုံးက အမေယုပေါ့ဟုဆိုလျှင် အားကိုးယုံကြည်လျက် ပြောတိုင်းဆိုတိုင်း ပြီးသည်။

အမေယုမှာ ကလေးမီးဖွားသည့်ဘက်၌ ပါရမီအထုံပါသည်။ ထိုစဉ်က ကျောက်တစ်လုံးရွာမှာ အိမ်ခြေငါးဆယ်ကျော် တစ်ရာဝန်းကျင်မျှသာ ရှိသေးသောအချိန်ဖြစ်သည်။

အမေယုသည် နံနက်စောစောထ၍ ဆွမ်းချက်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းလောင်းခြင်း အလုပ်ကို နေ့စဉ် ဝတ်မပျက် ပြုလုပ်သည်။ ထူးခြားသည်မှာ အမေယုသည် အဖျားအနာ ရောဂါဟူ၍ တစ်ကြိမ်မျှ မရှိပေ။ အိပ်ရာထဲ လဲနေသည်ဟူ၍ မရှိပေ။

အမေယု သေမည့်သေတော့ အသက်(၈၅)နှစ်အရွယ်ကျမှ ဆွမ်းလောင်း ဆွမ်းကပ်နေရင်း ရုတ်တရက် သေဆုံးသွားခဲ့သည်။ ယခုခေတ် လူတို့

www.burmeseclassic.com

ကတော့ လေဖြတ်၍ သေသည်ဟုသာ ပြောကြမည်။

အမေယုသည် ဘာဝေဒနာမှ မခံစားရဘဲ ရုတ်တရက် သေဆုံးခြင်းအတွက် ကံကောင်းသည်ဟု ပြောကြသည်။ အမေယုကလည်း သက်ရှင်စဉ်က မကောင်းတာ တစ်ခုမှ မပြုလုပ်ပေ။

အမေယုကတော့ သေဆုံးသွားပြီဖြစ်၍ ဘဝအေးငြိမ်းသွားပြီဖြစ်သည်။ သို့သော်လည်း ကျောက်တစ်ရွာလုံးမှာတော့ မအေးငြိမ်းပါ။ ထိုစဉ်က လက်သည်ဆို၍ အမေယု တစ်ဦးတည်းသာ ရှိသည်။ အမေယု သေဆုံးပြီဆိုသော အခါ ကိုယ်ဝန်ဆောင်များ မွေးဖွားရန်အတွက် လက်သည်မရှိ ဖြစ်ရသည်။

နောက်ဆုံးတွင် မီးဖွားမည့်ကိစ္စကြုံလျှင် အမေယုကို သတိမရဘဲ မနေကြပေ။ အရပ်လက်သည် မရှိ၍ မီးဖွားသည့်ကိစ္စ၌ သူတတ်သလို ငါနားလည်သလို ဝိုင်းဝန်းကူညီမွေးဖွားကြရာ၌ အမေယုကို ပွဲပေးတောင်းပန် အကူအညီတောင်းကြသည်။

**ထိုသို့ပွဲပေး၊ တောင်းပန်အကူအညီတောင်းလျှင် ကလေးများ လွယ်လင့်တကူ မွေးဖွားလေသည်။**

ထိုမှစကာ ကလေးမီးဖွားတိုင်း အမေယုကို ယုံကြည်စွာ ပွဲပေးတောင်းပန် အကူအညီတောင်းလေ့ရှိလာကြသည်။ **အမေ့နန်းအတွက် သတ်သတ်မှတ်မှတ် ပူဇော်နိုင်ရန် နန်းစင်ကို ဆောက်ထားပေးကြပြီး ပန်းကပ်၊ ရေကပ်၊ ဆွမ်းကပ် လုပ်လာကြသည်။**

ယခုထက်တိုင် ကျောက်တစ်လုံးရွာမှ အရပ်လက်သည်များမှာ အမေယုကို ပွဲပေးပြီးမှ လုပ်ရသည်။ အမေယုသည် သေသွားပြီးသည့်တိုင် ကလေးမီးဖွားရာ၌ တစ်ပွဲစား ရရှိနေခဲ့သည်။

အချို့ လာဘ်လာဘရွှင်ရန် အနှောင့်အယှက်ကင်းရန် အမေယုနန်းမှာ သွား တောင်းပန်တတ်ကြသေးသည်။ *ရွှင်နတ်ကလျှင်လည်း အမေယုကိုပါ* တစ်ပွဲပေးကြသည်။

ဤတွင် စဉ်းစားစရာအချက်မှာ အမေယုသည် ကွယ်လွန်ခဲ့ပြီ။ အမေယု ကွယ်လွန်ခဲ့သည်မှာလည်း နှစ်ပေါင်း တစ်ရာခန့်ရှိပြီ။ အမေယုသည် အမေယု ပြုခဲ့သော ကံ,ကံ၏အကျိုးကြောင့် သံသရာခရီးကို လှည့်နေပါပြီ။

သို့မဟုတ်ပါက အမေယုသည် ဝိညာဉ်တဝဖြင့် အမေယု သန့်ရာ မီးဖွားခြင်းကိစ္စအား အမေယုကို ပွဲပေးအကူအညီတောင်းလျှင် လိုက်လုပ်ပေးနေသည်လား ဆိုသည်ကိုမူ စဉ်းစားစရာ ကောင်းနေပါသည်။

အချို့နေရာဒေသတို့မှာလည်း သေပြီးနောက် တစ်ပွဲစားရသူတို့အကြောင်း ကြားဖူးသည်။

မုဆိုးအလုပ်ဖြင့် လုပ်ကိုင်ရင်း သေဆုံးပြီးနောက် ထိုတောတောင်၌ အမဲလိုက်တော့မည်ဆိုလျှင် **ထိုသေဆုံးသော မုဆိုးကြီးအား တစ်ပွဲစား အမြဲပေးရသည်။** ထိုသို့ တစ်ပွဲစားပေးမှ အနှောင့်အယှက်မရှိဘဲ အမဲရသည်။

**အရပ်ဒေသအသီးသီး၌ အမေယုကဲ့သို့ သေဆုံးပြီးနောက်ပိုင်း သူ့နယ်ပယ်နှင့်သူ တစ်ပွဲစား ရရှိနေသူတို့ ရှိနေကြပေဦးမည်ဟု ရေးသားတင်ပြ ရင်း ထူးဆန်းသော ဘီးလင်းမြို့နယ်၊ ကျောက်တစ်လုံးရွာမှ တစ်ပွဲစား အမေယု၏အကြောင်းကိုသိမှု ကြားမှုရန် ရေးသားတင်ပြလိုက်ရပါသည်။**

တစ်ပွဲစားအမေယုအကြောင်း ပြောပြသော ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းရွာမှ ဦးတင်မြင့်အား ကျေးဇူးတင်ပါသည်။

**ဘုန်းပွင့်ထွန်း(မွန်ပြည်နယ်)**

---

စာမျက်နှာ (၂၅၄)မှ အဆက်

*ဟု စာရေးသူက တောင်းဆိုရာ* ဦးထွန်းရှိန်က...

'ကွမ်းရွက် မကြီးမသေးပေါ်ကို သကြားလက်ဖက်စားဇွန်း တစ်ဇွန်းစာမျှ ပုံပြီး ငုံစားလိုက်ရုံပါပဲ။ စားပြီး မကြာခင် ငါးမိနစ်ဆယ်မိနစ်လောက် ငြိမ်ငြိမ်လေး နေလိုက်ရင် သက်သာ ပျောက်ကင်းသွားပါတယ်'

ဟု ပြောပါသည်။

'ဖြစ်တိုင်း စားနေရမှာလား'

ဟု စာရေးသူက အတွန့်တက် မေးပြန်ပါသည်။

'သွေးတိုးလွန်းရင် ကွမ်းရွက်ကြီးကြီးမှာ သကြားများများ ပုံပြီးစား၊ ဒါပေမယ့် ပထမတစ်ကြိမ် စားပြီးရင် ဒုတိယအကြိမ်မှာ လျှော့စား၊ တတိယအကြိမ်မှာ ထပ်ပြီး လျှော့စား သုံးကြိမ်စားပြီးရင်း သွေးတိုးက ပေါ်မလာတော့ဘူး။

သွေးတိုးဆိုတာလဲ အရှင်းပျောက်တဲ့ ရောဂါမှ မဟုတ်တာ၊ အခုလိုစားပြီးလို့ လချီ နှစ်ချီပြီး ပျောက်သွားတယ်ဆိုရင်ပဲ စွမ်းလှပြီပေါ့။ ပြီးတော့ တစ်ကြိမ်နဲ့တစ်ကြိမ်က တစ်ရက်စီစား အစားများသွားပြန်ရင် သွေးကျ ဖြစ်သွားနိုင်တယ်။

ဒါကြောင့် တစ်ကြိမ်နဲ့တစ်ကြိမ် လျှော့စားရတာ ပျောက်သွားရင် ဆက်မစားနဲ့တော့။ သုံးကြိမ်ဆိုတာ အတော်ပါပဲ'

ဟု ဦးထွန်းရှိန်က ရှည်လျားစွာ ပြောပြပါသည်။

ထို့နောက် စာရေးသူ၏ ယောက်ဖနှင့် သူတို့တပ်ထဲက နေ့စဉ် အမှတ်ရများကို ပြောပြသဖြင့်လည်း နားထောင်ခဲ့ရပါသေးသည်။

**ကသော သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

# သိုက်ပြေးတောင်

နတ်မောက် လှမြင့်ဆွေ



**"သိုက်ပြေးတောင်"**သည် **နတ်မောက်မြို့နယ်မြောက်ဖျား မိုင်သုံးဆယ်ခန့် ဝေးကွာသည့် "ထန်းပင်ကုန်းရွာ"ကွင်းအတွင်း ပါဝင်ပြီး၊** ယင်း ထန်းပင်ကုန်းရွာ၏ အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ တောင်မှာ အလွန် မကြီးမား၊ မမြင့်ပါ။ တောင်ဟု ဆိုသာရုံသာ။

သို့သော် ထို သိုက်ပြေးတောင်၏ ရာဇဝင် အတ္ထုပ္ပတ္တိမှာ အလွန်ပင်ကြီးမားပါသည်။ သိုက်ပြေးတောင်နှင့် ပတ်သက်သမျှ ဗဟုသုတ လက်တွေ့ အမြင်အသိများကို ကျွန်တော် စာရေးသူသို့ ဖောက်သည်ချ၊ တစ်ဆင့်ပြောပြသူမှာ **ထန်းပင်ကုန်းရွာမှ အသက်(၇၈)နှစ် ရှိပြီဖြစ်သော အဘဦးကျော်ငြိမ်း** ဖြစ်ပါသည်။

"သိုက်ပြေးတောင်မှ ခွေးတပေါင်
နွားသိုးသုံးကောင် ဦးချိုထောင်။
သည်တောင်ကို လာလို့တွေ့
ရတနာတွေတွေ့"

အဲသလို သိုက်စာရှိခဲ့ဖူးတာ အမှန်ပဲကွယ့်။ သိုက်ပြေးတောင်လို့ အမည်တွင်တာက ဒီလိုကွယ့်။ ဒီတောင်က ရွှေလှည်း ကိုးစီးတိုက်၊ ငွေလှည်းကိုးစီးတိုက်၊ ပတ္တမြားလှည်း ကိုးစီးတိုက်ကို အနယ်နယ်အရပ်ရပ်က သိုက်ဆရာကြီး၊ ဆရာငယ် များစွာ လာတူးတယ်။ မအောင်မြင်ပါဘူး။

ဒါပေမယ့် သိုက်စောင့်များက မကြာခဏ လာလာနေတဲ့ ရန်သူသိုက်ဆရာတွေကို ကြောက်လန့်လာပြီး သိုက်ရွှေ့သွားပြီ၊ သိုက်ပြေးပြီဆိုပြီး "သိုက်ပြေးတောင်"လို့ ခေါ်ကြတာ။

တချို့ကလဲ သိုက်က မပြေးဘူး။ ဒီသိုက်ကိုလာတူးတဲ့ သိုက်ဆရာတိုင်း ပိတုန်းထိုးလို့၊ ပျားထိုးလို့၊ မြွေနဂါးလိုက်လို့၊ ကျားလိုက်လို့ ထွက်ပြေးရတာချည်းမို့ **"သိုက်ဆရာပြေးတောင်"** လို့ ခေါ်ရာကနေ အလွယ်အသာ **"သိုက်ပြေးတောင်"**လို့ ခေါ်လာတယ်လို့ဆိုတယ်။

သေချာတာကတော့ သိုက်ဆရာတွေ ပြေးရတာကတော့ သေချာတယ်ငါ့မြေးရဲ့။ အဲဒီ ပြေးတဲ့အထဲမှာ အဘလဲပါတယ်။ ဟဲ...ဟဲ...ဟဲ...။

ဒီလိုလေ။ အဘရဲ့ အဘက ဆေးဆရာ၊ သိုက်ဆရာကွယ့်။ အဘရဲ့အဖေလဲ ဆေးဆရာကြီးပဲ။ အဲဒီတုန်းက အဘက ရှင်လိင်ပြန်စ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်ဆိုတော့ ပြေးခဲ့ရတာ ကောင်းကောင်း မှတ်မိတာပေါ့။ ဟဲ...ဟဲ...ဟဲ...ဟဲ...။

ပြေးရပုံပြောရရင် ဒီလိုကွယ့်။

သိုက်စာမှာပါတဲ့ **"သိုက်ပြေးတောင်မှ ခွေးတစ်ပေါင်"** ဆိုတာ လျို့ဝှက်ဒရေးထားတာ။ အမှန်က **"သိုက်ပြေးတောင်,တောင်၊ခွေးတစ်ပေါင်"** ဖြစ်ရမှာလေ။ ဒါကို အဘိုးက ရိပ်မိတယ်။

သိုက်ပြေးတောင်ရဲ့ တောင်အရပ်ကို မျက်နှာမူပြီး **ကြေးမုံ(ကြည့်မှန်)နဲ့ ရောင်ပြန်**ထိုးကြည့်ပြီး အရိပ်ကျတဲ့နေရာ သွားတူးကြည့်တော့ **ကျောက်နွားသိုးသုံးကောင် (ခြောက်လက်မအရွယ်)**ဦးချိုထောင်လေးတွေနဲ့ တွေ့ရတယ်။





www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်လိုဆိုရင်တော့ ကျောက်ဖြစ်ရုပ်ကြွင်းဆိုမလား။ ရှေးပန်းပုလက်ရာဆိုမလား အဘာ မပြောတတ်ဘူး။ ကျောက်နွားသိုးရုပ်ကလေး ဆိုတာတော့ အဘာကိုယ်တိုင် ကိုင်ကြည့်ခဲ့ဖူးလို့ မှတ်မိတယ်။

အဘိုးဟာ ကျောက်နွားသိုးလေးတွေကို

**"လာ ငါနဲ့ လိုက်ခဲ့၊ ငါကျွေးတာစား၊ ငါနိုင်းတာလုပ်"**ဆိုပြီး လွယ်အိတ်ထဲထည့်ယူလာတယ်။ အဘာရဲ့အဖေလဲ ပါတာပေါ့ကွယ်။

အိမ်ရောက်တော့ အဘာဟာ ကျောက်နွားသိုးသုံးကောင်ကို ရေနဲ့သေချာဆေးပြီး ကြေးလင်ပန်းကြီးထဲမှာထည့်၊ ဘုရားစင်အောက်က စားပွဲပေါ်တင်ပြီး အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ဖယောင်းတိုင်၊ အမွှေးတိုင်တွေထွန်းလို့ ပါးစပ်ကလဲ တဖျစ်ဖျစ်နဲ့ ဥုံ,ဥုမ်နဲ့ မန်းတော့ မှုတ်တော့တာပဲ။

သုံးညဆက်တိုက် အဲလို ပွဲပေး၊ မန်းမှုတ်ပြီး နောက်နေ့မှာ...

"ကဲ မင်းတို့ကို အစာကျွေးမယ်၊ ငါကျွေးတာစား။ ငါခိုင်းတာလုပ်"

ဆိုပြီး ကျောက်နွားသိုးလေးတွေရဲ့ စအိုပေါက်ကနေ ဝမ်းဗိုက်ထဲကို ငွေရောင်ဖြူဖြူ အရည်ပျစ်ပျစ်တွေ ထည့်တော့တာပဲ။

နောင် အဘာကြီးလာမှ သိတာကတော့ အဲဒီအရည်တွေဟာ ပြဒါးရည်တွေလို့ သိရတယ်။ ရွှေကျင်တဲ့နေရာမှာ သုံးတဲ့ ပြဒါးရည်တဲ့ကွယ့်။

ကျောက်နွားသိုးသုံးကောင်ကို ပြဒါးရည်အစာကျွေးပြီး အဘိုးဟာ ကြေးလင်ပန်းထဲ ပြန်တင်ထားတယ်။ နောက်ဘာရယ် မသိဘူး။ဂါထာမန္တရားတွေနဲ့ တစ်ညလုံးလိုလို မန်းတာမှုတ်တာပဲ။ လင်းခါနီးမှပဲ အဘိုး အိပ်တာတွေ့မြင်ရတယ်။

နောက်တစ်နေ့ ညဦးနက်ပိုင်းမှာ အဘိုးနဲ့ အဖေတို့ဟာ တိုးတိုးကျိတ်ကျိတ်နဲ့ အိပ်ရာထပြီး ဘုရားခန်းထဲ ဝင်သွားတယ်။

အဘာလဲ နိုးနေပြီး ခြံစောင်အသာလှပ်လို့ ချောင်းကြည့်နေတယ်။ အဘိုးလက်ထဲမှာ ကြေးဖွန်းတစ်ချောင်း၊ အဖေ့လက်ထဲမှာ ကြေးဖွန်းတစ်ချောင်း ကိုင်ထားတာလဲ လသာမှန်အိမ်မီးရောင်အောက်မှာ မြင်ရတယ်ကွယ့်။

မကြာပါဘူး။ အဘိုးဟာ ဥုံဆိုပြီး မန်းမှုတ်လိုက်ပြီး ကြေးဖွန်းနဲ့ ကျောက်နွားသိုးသုံးကောင်ရှိနေတဲ့ ကြေးလင်ပန်းကို ချပ် ချပ် ချပ်နဲ့ သုံးကြိမ်ခေါက်လိုက်တာ ကျောက်နွားသိုးလေးတွေဟာ နားရွက်တဖျပ်ဖျပ်၊ အမြီးတဖျပ်ဖျပ်နဲ့ လှုပ်ရှားအသက်ဝင်လာတာ မြင်ရတယ်။

အဘာလဲ မနေနိုင်တော့ဘူး။ကလေးပီပီ ထူးဆန်းတာ မြင်ရတော့...

"ဟာ...အဖေ အဖေ နွားရုပ်ကလေးတွေ လှုပ်လာပြီ လှုပ်လာပြီ"

နဲ့ ထပြေးသွားလိုက်တော့ အဘိုးနဲ့ အဖေက...

"ဟဲ့ကောင်လေး ငြိမ်ငြိမ်နေ၊ နင့် လာတွေ့လိမ့်မယ်"

နဲ့ ဆီးငေါက်တော့ ငြိမ်ကြည့်နေရတယ်။ ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့။ နင့်အမ(အမေ)ကိုတောင် မပြောနဲ့လို့လဲ ပိတ်ပင်ခဲ့သေးသကွယ့်' အဲဒီကနေ နောက် ဘယ်လိုဖြစ်သလဲဆိုတော့ အဘာမှတ်မိတာတော့ တန်ဆောင်းမုန်းလကွယ်ညညဦးနက်သန်းခေါင်မှာ အဘိုးနဲ့ အဖေနဲ့ ဘယ်သွားမယ် မသိဘူး။ အိမ်ပေါ်ကနေ ခြေသံလုံလုံနဲ့ အိမ်အောက် ဆင်းသွားကြတယ်။

အဘာလဲ သိချင်စိတ်နဲ့ နောက်ကနေ လိုက်သွားတယ်။ ရွာအပြင်ရောက်တော့ အဘာက သစ်ကိုင်းခြောက်တစ်ခု နင်းမိပြီး ဖျောက်ခနဲ အသံမြည်သွားတော့ အဘိုးက...

"ကောင်လေး လိုက်လာပြီနဲ့ တူတယ်၊ နင်နဲ့ကို မလွတ်ဘူး။ နင်လဲ ပဋ္ဌာန်းဆက်ပါတယ် ထင်တယ် သာသာလိုက်ခဲ့"

လို့ ခွင့်ပေးတာနဲ့ လိုက်သွားတော့ ဒီသိုက်ပြေးတောင်ရှေ့ ရောက်လာတာပဲ။

အရင်ကတည်းက အဖေနဲ့ အဘာက စီစဉ်လုပ်ထားတာ ဖြစ်မှာပေါ့ကွယ်။ လူသူမမြင်ရအောင် သစ်ခက်တဲနန်းလေးတောင်ပတ်လည် လောက်တောင်ခြေနားမှာ ထိုးတာကိုးကွယ့်။

သစ်ခက်တဲနန်းထဲဝင် ဖယောင်းတိုင်ထွန်းပြီး အဘိုးက လွယ်အိတ်ထဲက ကျောက်နွားသိုးသုံးကောင်ကို မြေပြင်ပေါ်ချ။ အဘိုးက ကြေးဖွန်းတစ်ချောင်း၊ အဖေက ကြေးဖွန်းတစ်ချောင်းစီကိုင်ပြီး ခွပ်ချွမ်, ခွပ်ချွမ်နဲ့ ခေါက်ချင်းခုတ်သလိုနှိုက်ရင်း အဘိုးက

www.burmeseclassic.com



**"ဖေ့လိုက်တော့ပါလား။ ဟုတ်ပြီကွ။ ဖွေ့လိုက်,ဖွေ့လိုက်၊ ဒီတောင်ကို မောင်ဖြိုပြုမယ်။ ဖွေ့လိုက် ဖေ့သား ချော"**နဲ့လဲဆိုရော နွားသိုးလေးသုံးကောင်ဟာ သိုက်ပြေးတောင်ခြေကို ဦးစောင်းချိုနဲ့ ပြေးပြေးဆောင့်တာ, ဖေ့တာ ကြည့်လို့တောင် ကောင်းသေးတယ်ကွာ။

အဘအထင် ကွမ်းတစ်ယာညက်လောက် ကြာမယ်ထင်တယ်ကွယ့်။ အဲဒီအချိန်မှာ အဘိုးဟာ လက်ထဲမှာ ဟီးနေတဲ့ ကြေးမွှန်းနှစ်ချောင်းကို မြေပြင်ပေါ် ပစ်ချလိုက်ပြီး...

"ဖေ့သားချောတွေ မောလောက်ပြီ ပြန်လာကြ ပြန်လာကြ"

နဲ့လဲ ပြောလိုက်ရော ကျောက်နွားသိုးလေးသုံးကောင်ဟာ ဖယောင်းတိုင်မီးတိုင်ရှေ့ ပြန်ရောက်လာတယ်။

အဲဒီနောက် တောင်ခြေကိုသွား၊ ငါးဆထိုး အဲဗားရယ်ဒီဓာတ်မီးနဲ့ မီးထိုးကြည့်တော့ တောင်ခြေမှာ ဆန်ကောဝိုင်းတစ်ချပ်စာလောက် ကျောက်သားအက်နေတာ တွေ့ရတယ်။

အဘိုးနဲ့အဖေက ကျောက်သားအအက်ကို ဖယ်မ,ခွာလိုက်ပြီး၊ လက်နဲ့ယက်လိုက်တော့ **လူကြီးလက်ဝါးလောက် မောင်းလေးတစ်လုံး ရလာတယ်။**

သစ်ခက်တဲနန်းထဲယူလာပြီး အဘိုးက မောင်းလေးကို တယုတယ မြတ်မြတ်နိုးနိုး အဝတ်နဲ့ ပွတ်တိုက်ပြီး သန့်စင်အောင် လုပ်လိုက်တော့ ငွေရောင်တောက်နေတဲ့ ငွေမောင်းလေးတစ်လုံး ဖြစ်နေတယ်။

တော်တော်လှတဲ့ ငွေမောင်းလေးပဲကွယ့်။ ငွေဖြူရောင် ဖွေးဖွေးလက်တောက်နေပြီး အဘလဲ မနေနိုင် မထိုင်နိုင် ကလေးပီပီ လက်ဆော့တာပေါ့ကွယ်။

မောင်းဘုလေးကို လက်ဆစ်နဲ့ "မှောင်"ဆိုပြီး ခေါက်လိုက်တယ်ဆိုရင်ပဲ ဝုန်းခနဲဆို သစ်ခက်တဲနန်းလဲ ပြိုကျ၊ ကျောက်နွားသိုးလေး သုံးကောင်ကလဲ ရောမ နွားကြီးတွေ ဖြစ်သွားပြီး နို့ဆီဘူးလောက်ရှိတဲ့ ပိတုန်းမည်းကြီးသုံးကောင်ကလဲ လေယာဉ်ပျံသံလား ထင်မှတ်မှားရတယ်ကွာ တဝီဝီနဲ့ အဘတို့သုံးယောက်ကို လိုက်ဖွေ့,လိုက်ထိုးလို့ ပုဆိုးလည်ပင်းလျှောက်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးခဲ့ရတာပဲကွာ။

အဘတို့ တကွဲတပြားပြေးရင်း အိမ်ပေါ်ပြန်ရောက်တော့ မနက်လေးနာရီ အုန်းမောင်းခေါက်တာပဲ။ အဘိုးရော၊ အဖေရော အမောဆို့ပြီး တော်တော်နဲ့ စကားမပြောနိုင်ကြဘူး။ တစ်ပတ်ဆယ်ရက်လောက် လန့်ဖျား, မောဖျားကို ဖျားနာခဲ့ကြသေးတယ်။

ကျောက်နွားသိုး သုံးကောင်ရော, ငွေမောင်းလေးရော ဘယ်ရောက်လို့ ဘယ်ပျောက်မှန်း မသိရတဲ့အပြင် အဘိုးရဲ့ဆေးလွယ်အိတ်နဲ့ အဖေ့ရဲ့ ခေါင်းပေါင်းစပါ ဘယ်နေရာကျပျောက်ခဲ့မှန်း မသိရအောင်ပါပဲကွယ်။

အဲဒီကစပြီး အဘိုးရော အဖေပါ သိုက်ပြေးတောင်ဘက် လှည့်တောင် မကြည့်ရဲကြတော့ဘူး။ အဲသလိုဖြစ်ပြီး နောက် ငါးနှစ်လောက်အကြာမှာ အဘိုးဟာ တောရဆောက်တည် ရဟန်းပြုသွားတယ်။ အဘအိမ်ထောင်ကျပြီး သားတစ်ယောက်ရတဲ့အချိန်မှာ အဘရဲ့ အဖေဟာလဲ ရဟန်းဝတ်သွားခဲ့တယ်။

အဘဟာ သားနဲ့မယားနဲ့၊ လူကြီးဖြစ်လာပြီဆိုတော့ ငယ်ငယ်က ကိုယ်တိုင်လိုက်ပါ ကြုံတွေ့ခဲ့ရတဲ့ ဒီသိုက်ပြေးတောင်အကြောင်း အဘိုးရဟန်းနဲ့ အဖေရဟန်းဆီ နှစ်ကြိမ်,သုံးကြိမ် မေးလျှောက်ပေမယ့် ပြုံးလို့သာ နေကြတယ်။

"အလကားအလုပ်ပါ ငါ့မြေးရယ်။ ဘာမှ မသိချင် မလုပ်ချင်ပါနဲ့"

လို့ ပြောတယ်။ အဖေရဟန်းကတော့...

"မရှုချင်ပါနဲ့ ငါ့သားတော်ရယ်။ သိုက်ရှုးဟာ ပိုဆိုးတယ်ကွယ့်။ ဒါဟာ ဘုရားသိုက်၊ အရိမေတ္တေယျဘုရား ပွင့်တော်မူရင် ကျောင်းဆောက်လှူမယ့် ရွှေသိုက်၊ ငွေသိုက်၊ ပတ္တမြားသိုက်ကွ"

လို့ နောက်ဆုံး မိန့်မှာသွားခဲ့ပါတယ်ကွယ်။

ထန်းပင်ကုန်းရွာမှ အဘဦးကျော်ငြိမ်း ပြောပြသမျှ အသံဖမ်းယူခဲ့ပြီး မသင့်သည်များ ကျော်လွှားချန်လှပ်၍ ဆီလျော် ဖတ်ရှုကောင်းအောင် စာစီပြု ရေးခြယ်တင်ပြလိုက်ပါသည်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com



# ရောဂါသန်းနှင့် ပညာသန်း

ပေါင်တည် မြရိုင်

သီတင်းကျွတ်လဖြစ်၍ လက်ကျန်မိုးက တဖွဲဖွဲရွာနေ၏။ အချိန်က ည(၈) နာရီခန့်။

ဆေးရုံအုပ် ဆရာဝန်ကြီးဦးတင်ထွန်းသည် အရေးပေါ် လူနာတစ်ဦး ခွဲစိတ်ကုသပေးပြီး၍ ရုံးခန်းထဲတွင် ခေတ္တအနားယူလျက်ရှိ၏။ ယနေ့ ခွဲစိတ်ရသည်မှာ လူနာ(၃)ဦးဖြစ်ပြီး ယခုနောက်ဆုံးခွဲစိတ်ပြီးသော လူနာမှာ အူအတက်ပေါက်ကွဲသွားသော လူနာဖြစ်သည်။

ဆရာဝန်ကြီးနှင့်တကွ ဆေးရုံဝန်ထမ်းအားလုံး ယနေ့ ပင်ပန်းသွားကြသည်။ လူနာများသောနေ့ဟူ၍ပင် ဆိုရပေမည်။

ခုမှပင် ဆရာဝန်ကြီးလည်း အနားယူရတော့သည်။ သို့သော် အနားယူ၍မှ မကြာလိုက်ပါ။

'ဆရာကြီး ဆရာကြီး'

သူနာပြုဆရာမ ဒေါ်သိန်းသိန်း၏ ခေါ်သံကြောင့် မျက်စိမှိတ်၍ ခေတ္တအနားယူနေသော ဆရာဝန်ကြီး မျက်လုံးကျယ်သွားသည်။

'ဘာလဲ ဆရာမ'

'ဟို အရေးပေါ် လူနာတစ်ယောက် ရောက်လာပြန်တယ် ဆရာကြင်း'

'အင်း ဖြစ်ရမယ်'

ဆရာဝန်ကြီးဦးတင်ထွန်း ပြောပြောဆိုတို ထလိုက်သွားသည်။

**အသက်အရွယ် အစိတ်ခန့် လူနာအမျိုးသမီးငယ်မှာ လူနာရုတင်ပေါ်တွင် အိပ်လျက် တအင်းအင်းနှင့် ညည်းညူနေသည်။ လူနာမှာ ပိန်လိုက်သည့် ဖြစ်ခြင်း။ ငယ်ရွယ်နုပျိုသော်လည်း ငယ်ရုပ်သွင်ပြင် ပျောက်ဆောတ်မည်ပုံ ဖြစ်နေသည်။ ဗိုက်ထဲမှ မကြာခဏ နာသည်၊ အောင့်သည်ဟု ဆို၏။**

လူနာကို မြင်လိုက်သည်နှင့် အာဟာရပြတ်သော အခြေအနေကို ဆရာဝန်ကြီး ရိပ်စားမိလိုက်၏။

'အစာမဝင်တာ ဘယ်လောက် ကြာပြီလဲ'

လူနာကို သေချာစွာ စမ်းသပ်ရင်း လူနာစောင့်များကို ဆရာဝန်ကြီးက မေးလိုက်ခြင်းဖြစ်၏။

'အစာ လုံးဝမစားတာ ငါးရက်လောက်ရှိ ပြီ၊ ဆရာကြီး'

**'ရောဂါဖြစ်တာ ဘယ်လောက်ကြာပြီလဲ'**

**'ရောဂါစဖြစ်တာကတော့ ငါးလလောက် ရှိပြီထင်တယ်။** ရွာမှာ လဲ မြန်မာဆရာတွေနဲ့ ဆေးကုပါတယ် သက်သာလိုက်၊ ပြန်ဖြစ်လိုက်နဲ့ ရှင်းကို မပျောက်ကင်းပါဘူး။

www.burmeseclassic.com

နောက် တစ်လလောက်ကတော့ အခြေအနေ ပိုဆိုးလာပါတယ်။ **ထူးခြားတာကတော့ အစားအသောက် ဆုတ်ယုတ်လာတယ်။ စိတ်ထဲက စားချင်သော်လဲ စားလို့ မရဘူးလို့ ပြောတယ်'**

'ကဲ ဆရာမကြီး၊ လူနာသိပ်ပြီး အားနည်းနေတယ်။ အားဆေးနဲ့ အစာသွင်းဖို့ စီစဉ်ပါ'

ဆရာဝန်ကြီးက အလှည့်ကျ ဆရာမကြီးအား ညွှန်ကြားလိုက်၏။ ခဏအတွင်းပင် ပစ္စည်းအစုံအလင်ရောက်လာ၏။ **ပထမ အစာသွင်းရန် နှာခေါင်းပေါက်မှ ပိုက်ပြွန်သွင်းချ၏။** သကြားနှင့် နို့မှုန့်ဖျော်ထားသည့် ပူနွေးသော အစာရည်များ သွင်းပေး၏။

**သို့သော် အစာရည်များ ပိုက်ပြွန်မှ ဆင်းမသွားဘဲ တန့်နေ၏။ အမျိုးမျိုးပြုပြင်သွင်းသော်လည်းအစာရည်မဆင်းသဖြင့် ပိုက်ပြွန်ကို အသာအယာ ပြန်ထုတ်ယူလိုက်၏။**

'ဟာ ဟယ်'

အာမေဋိတ်သံများ ထွက်သွား၏။

ဆရာဝန်ကြီးနှင့်အနီးရှိ လူများ အံ့အားသင့်သွားကြ၏။ မယုံကြည်နိုင်လောက်စရာပင်။ မြင်တွေ့လိုက်ရသော ထူးခြားမှုမှာ **ပြန်ထုတ်လိုက်၍ ဝမ်းတွင်းမှ ပါလာသော ပိုက်ပြွန်ထိပ်မှာ ခေါက်၍ ပြန်ချည်ပိတ်ထားသော အထုံးကလေး ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်၏။**

'ကြည့်စမ်း အံ့သြစရာပါလား။ ဘယ်လိုဖြစ်တာပါလိမ့်။ ကဲ ဆရာမကြီး ဖြေပြီး ပြန်သွင်းထည့်လိုက်ပါဦး'

ဆရာဝန်ကြီး ညွှန်ကြားသဖြင့် ဆရာမကြီးက ပိတ်ထားသည့် ထိပ်ဝကို ဖြေ၍ နှာခေါင်းပေါက်မှ ပြန်သွင်းလိုက်၏။ လူအများ ဝိုင်းအုံပြီး လာကြည့်ကြသည်။

ဝမ်းတွင်းသို့ ပိုက်ပြွန်ရောက်သွားသည့်အခါ အစာရည်ကို ထည့်လိုက်သည်။ သို့သော် အစာရည်များ ဝင်မသွား၊ ရပ်တန့်နေသည်။ မည်သို့မျှ သွင်း၍မရသဖြင့် ဒုတိယအကြိမ် ပိုက်ပြွန်ကို ဆွဲထုတ်လိုက်သည်။ **ပါလာပါပြီ။ ပိတ်ထားသည့် အထုံးကလေး။**

'ကဲ... ကျွန်တော်တို့လဲ ဒီလိုဖြစ်ရပ်ဆန်းမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ဘာဖြစ်တာလဲလို့လဲ ကျွန်တော်တို့ မပြောတတ်တော့ဘူး။ အံ့သြစရာဖြစ်နေတယ်။ ကျွန်တော်တို့ ကုလို့ရမှာ မဟုတ်တော့ဘူး။ ခင်ဗျားတို့ လူနာကို ပြန်ပြီး ခေါ်သွားကြပါတော့'

*　*　*

လူနာရှင်များသည် လူနာကို ဆေးရုံမှ ပြန်သယ်လာပြီး ရောဂါဆန်းကို ကုသပေးနိုင်မည့် ဆရာကို လှည့်လည်ရှာကြ၏။ တွေ့ပါပြီ။ **ပေါင်းတည်မြို့၊ နတ်ပုတီးကျေးရွာမှ တိုင်းရင်းဆေးပညာနှင့် လောကီဂန္ဓာရီပညာများကို ကျွမ်းကျင်သော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသည့် ဆရာကြီး ဦးအောင်ရွှေ။**

ဆရာကြီး ဦးအောင်ရွှေကို ပင့်လာ၍ လူနာထားရှိရာ အိမ်ပေါ်တက်လာသည်နှင့် လူနာမှာ ထူးခြားစွာ လှုပ်ရှားနေ၏။ ဆရာကြီးဦးအောင်ရွှေကလည်း လူနာကို မြင်လိုက်သည်နှင့် ရောဂါအကြောင်းရင်းကို သိရှိသွားတော့သည်။

ဆရာကြီးဦးအောင်ရွှေသည် ဘုရားကို ရှိခိုးဦးတင် ကန်တော့ကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို လျှောက်ထားလိုက်ပြီး လူနာကို စစ်ဆေးရန် စီစဉ်ပါသည်။

'ကဲ... လူနာရှင်ကို ဆရာတစ်ခု ပြောလိုပါတယ်။ ကိစ္စတစ်ရပ်ဟာ ပြန်ပြီးပြင်လို့ရတဲ့ ကိစ္စရပ်များရှိသလို ပြန်ပြီး ပြင်လို့မရဘဲ လမ်းဆုံးသွားတဲ့ ကိစ္စရပ်များလဲ ရှိပါတယ်။ လမ်းဆုံးသွားတဲ့ကိစ္စရပ်အပေါ် မကျေမနပ်နဲ့ အငြိုးအတေးတွေထားပြီး တုံ့ပြန် ဒေါသကြီးနေမယ်ဆိုရင် အ,ကုသိုလ်တွေ ထပ်ပြီး ပိုလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြန်ပြီး ပြင်လို့မရတဲ့ ကိစ္စရပ်မျိုးနဲ့ တွေ့ရင် ခန္တီမေတ္တာတရားနဲ့ အစားထိုးဖို့ လိုပါတယ်။ ဒါမှ သံသရာခရီးမှာ ငြိမ်းအေးရာတွေနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ အတုံ့အလှည့်ဆိုတာ မပြုကောင်းတဲ့ အရာတွေဖြစ်ပါတယ်။ ကဲ... ရောဂါသည်လူနာ ဆရာ့ရှေ့ လာခဲ့'

ဆရာကြီး ခေါ်လိုက်သည်နှင့် ရောဂါသည်လူနာမှာ အံ့သြဖွယ်ရာ မတွဲ၊ မ,မရဘဲနှင့် ထလာပြီး ဆရာကြီးရှေ့တွင် ရိုရိုသေသေ ထိုင်လိုက်ပါသည်။

ကဲ...ဘုရားကို ဦးသုံးကြိမ်ချ ပညာရှင်ကိုယ်တိုင် မှန်တာပြော၊ မှားတာပြောရင် သက်ဆိုင်ရာများက ဒဏ်ခတ်စေ...

**မေး။** ။'ဒီသူငယ်မကို မင်းပြုစားထားတာလား'

**ဖြေ။** ။'ဟုတ်ပါတယ်'

**မေး။** ။'မင်း အသက်ဘယ်လောက်ရှိပြီလဲ'

**ဖြေ။** ။'ငါးဆယ်ကျော်ပါ'

**မေး။** ။'မင်းမှာ သားသမီးမရှိဘူးလား'

**ဖြေ။** ။'ရှိပါတယ်'

**မေး။** ။'ရှိရင် ကိုယ်ချင်းစာတတ်ရမှာပေါ့၊ ဘာဖြစ်လို့ လုပ်တာလဲ'

**ဖြေ။** ။'မုန်းလို့ပါ'

**မေး။** ။'ဘာလို့ မုန်းရတာလဲ'

**ဖြေ။** ။'ကျွန်မအကြောင်း မကောင်းပြောလို့ပါ'

**မေး။** ။'ဒီလူနာကို ငါကုသပေးရမယ်။

www.burmeseclassic.com

မင်းဘာပြောဦးမလဲ'

**ဖြေ။** ။ 'ဆရာကြီးသိပါတယ် ကျွန်မ လက်လွန်သွားလို့ သူ့ရောဂါ ကျွမ်းနေပါပြီ။ ကျွန်မလဲ ပြန်နုတ်မရတော့ပါ။ ဘယ်သူမှာလဲ ကုမရတော့ပါ။ ဆရာကြီး မကုရင် သူတစ်သက်ပဲ သေမှာ ဖြစ်ပါတယ်။

ဆရာကြီးကုရင် ကျွန်မကိုလဲ သတ်ရမှာဖြစ်တဲ့အတွက် ကျွန်မလဲ သေမှာပါ၊ သူလဲ သေမှာပါ။ တစ်သက်သေတာ ကောင်းသလား၊ နှစ်သက်သေတာကောင်းသလားဆိုတာ ဆရာကြီး အားလုံးသိပါတယ်။ ဆရာကြီး ပညာမြင့်ပါတယ်၊ ကျွန်မ ကြောက်ပါတယ်။ ဆရာကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ကျွန်မ ရှိခိုးကန်တော့ပါတယ်'

ဤဖြစ်ရပ်ဆန်းတွင် လူနာရှင်များက တုံ့ပြန်ရှင်းလင်းပေးရန် ငွေပေး၍ အကူအညီတောင်းသော်လည်း ဆရာကြီးဦးအောင်ရွှေက ခွင့်မပြု ဆောင်ရွက်မပေးပေ။ အတုံ့အလှည့် မထားဘဲ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ နှလုံးသွင်း၍ ခန္တီတရား၊ မေတ္တာတရားဖြင့် တုံ့ပြန်ပါဟူ၍ ဟောပြောဆို ဆုံးမခဲ့ပါသည်။ *(ဖြစ်ရပ်မှန်ကို အမည်နေရပ် ချန်လှပ်၍ တင်ပြပါသည်။)*

*[ယခု ဆရာကြီးဦးအောင်ရွှေ အမည်ခံ ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓသည် ပဲခူးတိုင်း ဒေသကြီး၊ (အနောက်ပိုင်း) ပေါင်းတည်မြို့နယ်၊ ထိပ်ပေါက်ကုန်းရွာကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံး နေထိုင်တော်မူပါသည်။]*

ပေါင်းတည် မြလှိုင်

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

ဤစာမူမှာ ၂၀၀၃ ခုနှစ်ခန့်က ပေးပို့ထားခဲ့ပါသည်။ ထိုစဉ်က အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ရှေးအခါက ဤအောက်လမ်းပညာများ ရှိခဲ့ပါသည်။ ထိုပညာရပ်ကိုနိုင်သော အထက်လမ်းပညာများလည်း ရှိခဲ့ပါသည်။ ယခုအခါ ထိုအောက်လမ်းပညာရပ်များမှာ တိမ်မြုပ်ပျောက်ကွယ်သွားပြီဟု ယူဆပါသည်။ ဤစာမူကို မှတ်တမ်းအဖြစ် ဖော်ပြခြင်းသာ ဖြစ်ပါသည်။

အထူးသဖြင့် ဤပညာစက်များကို သရဏဂုံသုံးပါး ဗုဒ္ဓဂုဏ်တော်များနှင့် ဝိပဿနာအားထုတ်ခြင်းများက ဖြတ်တောက် ပယ်ဖျက်နိုင်စွမ်းရှိကြောင်း အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

စာမျက်နှာ (၂၆၃)မှ အဆက်

တွင် တစ်ညအိပ်ပြီးမှ ပြန်နိုင်သည်။ သားကြီးဖြစ်သူ မိသားစုနေထိုင်သည့် ဒါးပိန်မြို့သို့ အဘိုးနှစ်လည်ဆွမ်းကျွေးရန် ဘရသေ့ကို စေလွှတ်အကြောင်းကြားစေပါသည်။

ဘရသေ့က နံနက်(၁၀)နာရီကြွသွားပြီး ညနေ (၃) နာရီပြန်ရောက်လာသဖြင့် ၊ အမေက **"ဘရသေ့ သမ္မန်မရလို့လား"**ဟု မေးရာတွင် ဘရသေ့မှ ဘာမှမပြော။အဘွား၊အမေတို့က ဘရသေ့မသွားဟု ထင်မှတ်ကြသည်။ (၃)ရက်မြောက်နေ့တွင် ဆွမ်းလောင်းပွဲပြီး ပြန်ကြွသွားသည်။

(၁၅)ရက်ခန့်ကြာသောအခါ ဒါးပိန်မြို့မှ သားကြီးမိသားစု ရောက်ရှိလာကြရာ ဘရသေ့လာကြောင်း၊ (၁)နာရီခန့်နေပြီး ပြန်ကြွသွားကြောင်း ပြောသဖြင့် အဘွားတို့မှ ဘရသေ့ကို အထင်လွဲခဲ့၍ စိတ်မကောင်း ဖြစ်နေကြသည်။ ဦးလေးဖြစ်သူကို သွားရောက်ရှာဖွေနိုင်းရာ ရွာသို့ရောက်သော်...

**တတိယ ထူးခြားချက်**...

မိမိမြို့မှ (၉)မိုင်ခန့်ဝေးသော ဘရသေ့ရွာသို့ရောက်သော် ရွာသူကြီးက ဦးတိုင်းကျော်၊ အဂ္ဂိရတ်သမား၊ တစ်ကိုယ်တည်း နေထိုင်သူဖြစ်ပြီး ဆွေမျိုးမရှိ လွန်ခဲ့သော (၄)နှစ်ကျော်၌ ယင်းခြံအိမ်တွင် ကွယ်လွန်နေသဖြင့် ရွာမှတာဝန်ယူ၍ သဂြိုဟ်ရာ မြေမြှုပ်ခါနီး ရေတောင်းသောက်ပြီး မောနေ၍ ရွာထဲသို့ ပြန်ခေါ်ရသည်။

ရွာသူ၊ ရွာသားများက ဖုတ်ဝင်နေသည်ဟုမှတ်ကာ ဆက်ဆံမှု မပြုကြတော့သဖြင့် ရသေ့ဝတ်ပြီး ရွာမှ ထွက်ခွာသွားကြောင်း ပြောပြပါသည်။ ထူးခြားသော ဘရသေ့ကို ကိုယ်တိုင်သိမြင်တွေ့ရှိခဲ့ကြောင်းကို စာဖတ်သူများအား ရေးသားဖော်ပြလိုက်သည်။

အငြိမ်းစားတပ်မတော်ဆရာရှိတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



# လျှာပြန့်ဘရသေ့

ဦးတိုင်းကျော်
အငြိမ်းစားတပ်မတော်အရာရှိတစ်ဦး

စာရေးသူသည် စာရေးဆရာ မဟုတ်ပါ။ တပ်မတော်မှ အငြိမ်းစား အရာရှိတစ်ဦးသာဖြစ်ပြီး ယခု အသက် (၇၈)နှစ် ရှိပြီဖြစ်ပါသည်။ ငယ်စဉ်က တွေ့ကြုံခဲ့သော ဖြစ်ရပ်မှန်ကို စာဖတ်သူများသိစေရန် ရေးသားခြင်းသာ ဖြစ်ပါသည်။

စာရေးသူ၏ မွေးရပ်ဇာတိမှာ သန်လျင်မြို့၊ မြို့ဟောင်းရပ်၊ ကမ်းနားဆိပ်၊ ခြံအမှတ်(၄၄)၊ အဘိုး ဦးဘအောင်+ဒေါ်လုံဖြူ၊အမိဆရာမကြီး ဒေါ်ခင်ညွှန့်+ဦးအောင်သန်းတို့၏သား ဖြစ်ပါသည်။

အသက်(၁၄)နှစ် အရွယ်ကတည်းက လူအမည် ဦးတိုင်းကျော်၊ အဘိုး ဦးဘအောင်၏ သူငယ်ချင်းဖြစ်ပြီး အင်္ဂရိတ်အတူထိုးသူများ ဖြစ်ကြပါသည်။ ဂျပန်ခေတ်တွင် ကွဲကွာကြ၍ အဘိုးဖြစ်သူလည်း ကွယ်လွန်သွားခဲ့သည်။

တစ်နေ့သော် စာရေးသူ၏ ခြံအတွင်းသို့ ရသေ့ကြီးတစ်ပါးကြွလာရာ အဘွားဖြစ်သူက လျှောက်ထား မေးမြန်းရာ **"ငါ တိုင်းကျော်၊ ဘအောင် သူငယ်ချင်း"**ဟု ပြန်ပြောရာ အဘွားမှ ဦးဘအောင် ကွယ်လွန်သွားကြောင်း ပြောရာ ဘရသေ့က **"ငါသိပါတယ် (၅)နှစ်ပြည့်တော့မယ်"**ဟု ပြော၍ **"ငါ (၃)ရက်နေမယ်"**ဟု ပြောသောကြောင့် နေထိုင် သီတင်းသုံးခွင့် ပြုလိုက်ပါသည်။

ဘရသေ့သည် မြို့ဟောင်းဘုရားတွင် ဆွမ်းလောင်းပွဲ အလှူခံရန် ကြွလာခြင်းဖြစ်၍ အိမ်တွင် တည်းခိုရန် (၃)ရက် ကြိုရောက်လာခြင်းဖြစ်ပါသည်။

**ပထမ ထူးခြားချက်**...

တစ်နေ့သော် စာရေးသူ၏ ဦးလေးဖြစ်သူ ဘီအိုစီတွင် အလုပ်လျှောက်သွားရန် ဘရသေ့အား ကန်တော့ရာတွင် ဘရသေ့မေးမြန်းသဖြင့် အလုပ်လျှောက်သွားမည်ဟုပြောရာ...

'မင်း ဒီနေ့ မသွားနဲ့ နက်ဖြန်မနက် (၈း၀၀)နာရီ အရောက်သွား'

ဟုပြောရာ ဦးလေးက မယုံသဖြင့် မသိအောင်သွားသည်။

ဦးလေးပြန်ရာ ဘရသေ့မှ ဦးလေးကို ပြုံးပြသည်။ နောက်နေ့(၈)နာရီ အရောက်သွားရာ ဘရသေ့ ပြောသည့်အတိုင်း အမည်စာရင်း နံပါတ်(၁)ဖြင့် ခန့်ထားသည်။

**ဒုတိယ ထူးခြားချက်**...

လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ဂျပန်ခေတ်တွင် သန်လျင်မြို့မှ ဒါးပိန်မြို့သို့ ရေလမ်းခရီးတစ်ခုတည်းသာ သွားကြရသည်။

ဒါးပိန်သို့သွားလျှင် သမ္ဗန်လှေဖြင့် သွားပြီး နေ့ချင်းပြန်ခရီးမပေါက်၊ ဒါးပိန်

 (စာမျက်နှာ (၂၆၂) သို့)

www.burmeseclassic.com

# သတိပြုစရာ

နှင့် လက္ခဏာအမြင်




ကြည့်ပါ။

★ ဉာဏ်လမ်းရဲ့ အစပိုင်းမှာ ကျွန်းသင်္ကေတနှင့် ကြိုးသုံးလုံးပါ ... [sic]

ကြည့်ပါ။

★ ဉာဏ်လမ်းရဲ့ အစပိုင်းမှာ ကျွန်းသဏ္ဌာန်များစွာသည့် **သံကွင်းများသဖွယ်** ဆက်လျက် တွေ့ရပါတယ်။(၁)

ဒါကတော့...

စိတ်ရှုပ်ထွေးခြင်း၊ မှတ်ဉာဏ်အား မကောင်းခြင်း၊ သတိမေ့လျော့တတ်ခြင်း၊ ခေါင်းမကြည်မလင်ခြင်း၊ ခေါင်းကိုက်ခဲမူးဝေခြင်းတို့ကို ဖြစ်စေတတ်ပါတယ်။

★ နှလုံးလမ်းကြောင်း အရင်းဘက်မှာ **သံကွင်းသဖွယ် ဆက်လျက် ကျွန်းသဏ္ဌာန်** တွေ့ရပါတယ်။ (၂)

ဒါကတော့...

သွေးလှည့်ပတ်မှုမမှန်ခြင်း၊ နှလုံးအားနည်းခြင်း၊ ခေါင်းမူးဝေခြင်း၊ ရင်တုန်တတ်ခြင်း စသည်တို့ ဖြစ်စေတတ်ပါတယ်။

လက္ခဏာရှင်အတွက် ဤအချက်(၂)ချက်သည် အထူး သတိပြုစရာပါပဲ။

ဘာကြောင့်လဲ...

ဘာကြောင့်လဲဆိုရင်...

▲ ရှည်လျားသော ဉာဏ်လမ်းသည် အစပိုင်း၌ ပူးကပ်နေသောကြောင့်ပါပဲ။

ဤအချက်သည်...

စိတ်မြန်ခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်း၊ တရှူးထိုးပြုတတ်ခြင်း၊ စိုးရိမ်ထိတ်လန့်တတ်ခြင်း စတဲ့ အကြောင်းတွေကြောင့်ပါပဲ။(၃)

အထက်က ဖော်ပြထားတဲ့ အချက်(၁)နဲ့(၂)သည် (၃)ကို ဖြစ်ပေါ်စေရန် အထောက်အကူသဖွယ် ဖြစ်နေလို့ပါပဲ။

ဒါကြောင့် အချက်(၃)ချက်အတွက်...

စိတ်ရှည်သည်းခံဖို့ သတိတရားရှိဖို့ မဆင်မခြင်မပြုဖို့ စိတ်တည်ငြိမ်အေးချမ်းစေမယ့် ကျင့်စဉ်များ ကျင့်ဖို့လိုပါကြောင်း လက္ခဏာအမြင်ဖြင့် တင်ပြပေးလိုက်ရပါတယ်။

*သင်၏ဘဝ သာယာချမ်းမြေ့ပါစေ*

**ဆရာ ဦးခင်မောင်လင်း**
*(B.Sc၊ ရွှေဘို)*
**လက္ခဏာမဟာဘုတ်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com





# အမြန်လမ်းမကြီးပေါ်မှ

## ဖြစ်ရပ်ဆန်းများနှင့် ဖြေရှင်းနည်းလမ်းညွှန်

မနုဩဘိ
(ရေဆင်း–နေပြည်တော်)

ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ပေါ်မှ လုပ်ငန်းရှင် ပေါက်စတစ်ဦးရဲ့ လုပ်ငန်း အခက်အခဲများအကြောင်း ရင်ဖွင့်ပြောပြချက်များကို နားထောင်ပြီး သူ့ကို မည်သို့ အကူအညီပေးရမည်ကို စဉ်းစားရင်း ထိုကဲ့သို့သော လုပ်ငန်းရှင် များ အမြောက်အမြား ရှိနေမယ်လို့ တွက်ဆမိပါတယ်။

ထို့ကြောင့် အဲဒီလုပ်ငန်းရှင်ရဲ့ ပြောပြချက်များကို စာဖတ်သူတို့အား ဗဟုသုတ ဖြစ်စေရန်အတွက် ရည်ရွယ် ၍ ရေးသား ဖော်ပြလိုက်ရပါတယ်။

တစ်နေ့တွင် အဆောက်အအုံများ ကို ဆေးသုတ်တဲ့ လုပ်ငန်းကို လုပ်ကိုင် နေသော မောင်ကျော်မင်းဆိုသော လူငယ်က…

'အန်တီရေ ကျွန်တော့်လုပ်ငန်းမှာ အလုပ်သမားမမြဲတဲ့ ပြဿနာ ပေါ်နေ လို့ အဲဒီအတွက် အကြံဉာဏ်ကောင်း လေး ဘာလေး ပေးပါဦး'

လို့ ပြောလာပါတယ်။

ဖြစ်စဉ်ကို မေးကြည့်တော့ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ပေါ်ရှိ စခန်းအဆောက်အအုံတစ်လုံးကို လက်ခံထားတာ သရဲခြောက်ခံရလို့ အလုပ်သမားတွေက အလုပ်ပြီးအောင် မလုပ်ဘဲ ပြန်ပြန်သွားကြတာ။ အလုပ်

www.burmeseclassic.com

သမားမပြဲတော့ ပြီးသင့်တဲ့အချိန်မှာ မပြီးဘဲ လူသစ်ပြန်ရှာရဆိုတော့ ဒုက္ခရောက်နေတာပေါ့လို့ ညည်းတွားနေပါတယ်။

အဲဒါနဲ့ စိတ်ဝင်စားလာပြီး သရဲခြောက်တဲ့ပုံက ဘယ်လိုပုံစံနဲ့ ခြောက်တာလဲ မေးကြည့်တော့...

'ခြောက်လှန့်ပုံက ဒီလို အန်တီရေ နေ့လယ်ခင်း (၂)နာရီလောက်မှာပေါ့။ ကျွန်တော်တို့ ဆေးသုတ်တဲ့ အဖွဲ့နဲ့ မလှမ်းမကမ်းမှာ တခြား အဆောက်အအုံအတွက် မဆလာသယ်နေတဲ့ အလုပ်သမားအဖွဲ့ မကြာသေးခင်ရက်ပိုင်းအတွင်းက ကားမှောက်လို့ လူနှစ်ယောက် သေထားတဲ့ ကားပျက်ဘေးမှာ နေရိပ်ခိုနေကြတာပေါ့။

အဲဒီအထဲက ခပ်ပြောင်ပြောင် အလုပ်သမားတစ်ယောက်က ကားပျက် မှန်ကွဲကြားက ကစ်ဘူးလေး တစ်ဘူးကို လှမ်းယူလိုက်တာကို မြင်လိုက်လို့ တခြားဆိုက်မှာ အလုပ် လုပ်နေတဲ့ အလုပ်သမားခေါင်းတစ်ဦးနဲ့ ကျွန်တော် တစ်ချိန်တည်း တစ်ပြိုင်တည်း တူတူလှမ်းပြီး အော်ဟစ်ဟန့်တားလိုက်မိပါတယ်။

ဒါပေမယ့် အဲဒီအလုပ်သမားရဲ့ လက်ထဲကို ကစ်ဘူးရောက်သွားတဲ့ အချိန်အတွင်းမှာပဲ ကားပျက်က မှန်တံခါးက လူတွန်းဖွင့်လိုက်သလိုမျိုး ဝုန်းခနဲနေအောင် အရှိန်အဟုန်နဲ့ ပွင့်ထွက်လာတာနဲ့ တစ်ပြိုင်နက်တည်း အဲဒီအလုပ်သမားနဲ့ အတူရှိနေတဲ့ တခြားအလုပ်သမားတွေပါ ကြောက်လန့်အော်ဟစ်ပြီး ထွက်ပြေးကြပါလေရော'

လို့ ပြောပြပါတယ်။

'ညဘက်တွေမှာလဲ လူပေါင်းစုံဆိုတော့ အရက်သောက်ပြီးမှ ညစာစားကြပါတယ်။ အလုပ်သမားတွေကများတော့ အသားဟင်းတွေ ဘာတွေချက်စားကြတော့ မိုးဖြဲ့ဒယ် အလတ်လောက်နဲ့ ချက်ကြတာပေါ့။

လူစုံဆိုတော့ အရက်သောက်ပြီး စကားပြောကြတော့ စကားလွဲ အမှားတွေ ပါလာတယ်နဲ့တူပါတယ် အန်တီရယ် အရက်သောက်ပြီးလို့ ထမင်းစားမယ်ဆိုပြီး ဟင်းကော်ဖို့ ကြည့်လိုက်တော့ မိုးဖြဲ့ဒယ်ထဲက ဟင်းတွေ ဘာတစ်ခုမှ မရှိတော့ဘဲ အကောင်တစ်ကောင်ရဲ့ လျှာနဲ့ လျက်ထားသလိုမျိုး ဆီကပ်တောင် မကျန်အောင် ပြောင်နေတာကို တွေ့ကြရတော့ အားလုံး လန့်ဖျပ်ကုန်ကြတာပေါ့။

ညအိပ်တဲ့ အချိန်တွေမှာလဲ ထိတ်လန့်မှုတွေ မကြာခဏ ဆိုသလို ဖြစ်ကြတော့ လူမမြဲဘူး ဖြစ်နေတာပေါ့ အန်တီရယ်'

လို့ ပြောပြပါတယ်။

အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး စာရေးသူ စဉ်းစားမိတာက လမ်းစဖောက်ခါစ ကာလပတ်တုန်းက နေရာမသန့်တဲ့ ဝန်းကျင်တစ်ခုကို ကျေနပ်အောင် နားလည်မှု၊ ညှိနှိုင်းမှု မရှိဘဲ လမ်းဖောက်ခဲ့လို့ အစမကောင်းလို့ အနှောင်း မသေချာတာပဲလို့ ထင်ပါတယ်။ ခေတ်ပညာတတ်တွေ များလာတဲ့ ခေတ်ဆိုတော့ ဒါတွေကို အယုံအကြည် မရှိပါဘူး။ တိုက်ဆိုင်မှုတွေပါလို့ ပြောလာမယ့် ပုဂ္ဂိုလ်တွေက အများကြီး ရှိမယ်ဆိုတာ စာရေးသူ နားလည်ပါတယ်။

ဗုဒ္ဓဘာသာမှန်ရင် တမလွန်လောကသားတွေ ရှိတယ်ဆိုတာကို လက်ခံရပါမယ်။ ဒါတွေက ဘုရားဟောခဲ့တဲ့ နိပါတ်တော်တွေမှာ အခိုင်အမာပါတယ်ဆိုတာ စာဖတ်သူတိုင်း သိကြပါတယ်။

ဒါပေမယ့် အဲဒီ မကျေနပ်မှုတွေက ဘာတွေ ဖြစ်လာသလဲဆိုတော့ ကိုကျော်မင်း ပြောသလို...

'အန်တီရေ တချို့ ထဲထဲဝင်ဝင်သိတဲ့ လူကြီးတွေက ဘာပြောသလဲဆိုရင် အမြန်လမ်းမပေါ်က ကားမှောက်လို့ သေတဲ့ လူသေမှုတွေက တစ်မိုင်ကို တစ်ယောက်နှုန်း မကတော့ဘူးတဲ့။ တချို့လူတွေက သေမင်းတမန် လမ်းမကြီးလို့တောင် တင်စားပြီး ခေါ်နေကြတယ်'

လို့ ပြောပြပါတယ်။

ဘာသာရေးဆန်ဆန် အယူအဆတွေနဲ့ တွေးရရင် သူတို့ ပြောသလိုပါပဲ။ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိနေတဲ့ လမ်းမကြီးမှာ အလုပ် လုပ်နေရတဲ့ သူတွေမှာ အခက်အခဲတွေ ရှိနေတာ မဆန်းပါဘူး။

အခု သူတို့ ဆေးသုတ်တဲ့ အဆောက်အအုံကြီးဆိုရင် အားလုံးပြီးစီးအောင် သုတ်ပြီးမှ ပြီးပြီဆိုတော့ အလုပ်အပ်မယ်လဲလုပ်ရော ဆေးသုတ်ပြီးသား နေရာတွေက ပင့်ကူမျှင်တွေ တန်းပြီးကျနေတဲ့ ပုံစံလို အက်ရာတွေထင်ပြီး အက်ကွဲကြောင်းတွေနဲ့ ပန်းချီဆွဲထားတဲ့ ပုံစံမျိုးတွေ ဖြစ်လာလို့ ဆေးပြန်သုတ်နေရတာ ဘယ်နှခါဖြစ် [illegible] မှန်း မသိဘူးလို့ ပြောပြပါတယ်။

အဲဒီလို ကိစ္စမျိုးတွေကျတော့ ဝိညာဉ်လောကနဲ့ မဆိုင်လောက်တော့ဘူးလို့ စာရေးသူ ယူဆပါတယ်။ ဒါမျိုးတွေကျတော့ အဲဒီနယ်မြေ [illegible] ပတ်သက်တဲ့ တန်ခိုးရှင်တစ်ဦးဦး [illegible] ဆိုင်တယ်လို့ တွေးမိပါတယ်။ [illegible] တစ်ခု လုပ်မယ်ဆိုရင် [illegible] အောင် အရင်လုပ်ရမယ်လေ။ [illegible] လုပ်တာတော့ မဟုတ်ဘူးနော် [illegible]



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူရဲ့ အယူအဆကို ပြောပြတာပါ။

အနုပညာရှင်တွေတောင် သူတို့ ဇာတ်ကားတစ်ကား ရုံတင်တော့မယ်ဆိုရင် ကန်တော့ပွဲပေးတယ်ဆိုတာ ကြားဖူးပါတယ်။ အခုလဲ ဆောက်လုပ်ရေးပဲဖြစ်ဖြစ်၊ လမ်းလုပ်ငန်းပဲဖြစ်ဖြစ် တောပိုင်တောင်ပိုင် နယ်ပိုင်ပယ်ပိုင်တွေကို အရင် ကျေနပ်အောင် လုပ်ဆောင်ညှိနှိုင်းတဲ့၊ အကူအညီတောင်းတဲ့ သဘောမျိုးပါတဲ့ ကန်တော့ပွဲမျိုးတော့ ပေးသင့်တယ်လို့ ထင်တယ်လေ။

ဥပမာပေါ့နော် လူတစ်ယောက်က လမ်းဘေးတဲတစ်ခုထဲကို ဝင်နားတော့မယ် ဆိုပါတော့ ကိုယ့်အရင် နံ့ခြာတဲ့ လူတစ်ယောက် တဲထဲမှာ ရှိနေပြီဆိုပါတော့ အဲဒီလူကို အာဏာသုံးပြီး **"ဟေ့လူ ဒီမှာကျုပ် နားမလို့ ခင်ဗျား ဟိုဘက် ဖယ်နေ"**လို့ ခပ်တင်းတင်း ပြောလိုက်လို့ အဲဒီလူက ဖယ်ပေးလိုက်တယ်ဆိုပါတော့ ကြောက်လို့သာ ဖယ်ပေးရမယ် ကျေနပ်ပါ့မလား။ စိတ်ထဲမှာတော့ အငြိုးအတေး ရှိသွားမှာပဲလေ။

တချို့ ရှိပါတယ်။ ငါတို့လဲ ခိုင်းလို့ လုပ်ရတာ မင်းမိန့်ပဲဆိုပြီး အောက်ခြေပိုင်းမှာ ပြီးရမယ့်ကိစ္စကို အထက်နဲ့ ပြူးပြဲခြောက်တော့ တစ်ဖက်ကလဲ ကြောက်တော့ ဖယ်ပေးပါလိမ့်မယ်။ ဒါပေမယ့် ကိုယ့်ဟာကွက် ရှိတဲ့နေ့၊ ကံနိမ့်နေတဲ့နေ့ လူတော်တော်များများ ပြောနေကြတဲ့ ထင်းခွေမကြုံ ရေခပ်ကြုံတဲ့နေ့မှာတော့ ပြန်ပြီး ပုံစံပေးတော့မှာပဲပေါ့။

ဒါကြောင့် မိမိလုပ်တဲ့ အမှားတစ်ခုကြောင့်၊ မိမိပေါ့ဆမှုကြောင့်(မိမိရဲ့ မာန်မာနကို ခဝါချပြီး ပြေလည်အောင်



မညှိနှိုင်းတတ်တဲ့) ပုဂ္ဂိုလ်တွေကြောင့် အမှားအယွင်းတွေ ရှိခဲ့လို့ အမှိုက်ကစပြာသာဒ် မီးလောင်ခံရတဲ့ သဘောမျိုး ဖြစ်လာတာလို့ပဲ ယူဆပါတယ်။

လူတိုင်းကို မဆိုလိုပါဘူး။ တချို့ ခေတ်ပညာတတ်တွေက ဗုဒ္ဓဘာသာကို အလေးထား နားလည်သဘောပေါက်ပြီး လောကဝတ် ဓမ္မဝတ် ကျေပွန်အောင် နေတတ်တဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးပါ။

တချို့ လမ်းတံတားပြင်တဲ့ နေရာတွေ၊ ဆည်တည်ဆောက်တဲ့ နေရာတွေမှာ ကန်တော့ပွဲ ပေးထားတာတွေ မြင်ရင် လောကဝတ် ဓမ္မဝတ် ကျေပွန်အောင် ညှိနှိုင်းပြီး နေတတ်ကြတဲ့ သူတော်ကောင်းတွေ ပါလားလို့ လေးစားမိပါတယ်။ ဘယ်လုပ်ငန်းမဆို မေတ္တာတရား ရှေ့ထားပြီး လုပ်ဆောင်မယ်ဆိုရင် အားလုံး အဆင်ပြေပြေနဲ့ အောင်မြင်သွားကြတာ များပါတယ်။

စာရေးသူကို ရွှေကျင်ဘက်က တက္ကသိုလ်ကျောင်းသူတစ်ဦးက ပြောပြဖူးပါတယ်။ သူတို့ ရွှေကျင်ဘက်မှာ **"အမေ မမလေး"**ဆိုတဲ့ နယ်ပိုင်နတ်ရှိတယ်။ အဲဒီနတ်သမီးရဲ့ ရုပ်တုကို အိပ်မက်ပေးခံရတဲ့ ပုဂ္ဂိုလ်က လှူထားတာလို့ ပြောပြပါတယ်။ လှူပြီး မကြာခင်မှာ ရုပ်တုက မွေးညင်းတွေ ပေါက်လာတယ်လို့ ပြောပြပြီး အဲဒီနယ်မှာ တရုတ်တွေ တံတားလာဆောက်တော့ တံတားဆောက်တဲ့ နေရာကို ခွင့်မပြုနိုင်တဲ့အကြောင်း အိပ်မက်ပေးပြီး တားပေမယ့် အတင်းဆောက်တော့ တံတားမပြီးဘဲ အရှုံးနဲ့ တစ်ဝက်တစ်ပျက်နဲ့ တရုတ်တွေ ပြန်သွားကြတယ်လို့ ပြောပြဖူးပါတယ်။

ရွှေကျင်တဲ့လူတွေက အမေ မမလေးဆီကို ဆုတောင်းပြီး ရွှေကျင်ရင် ရွှေတွေ အများကြီး ရကြတယ်လို့ ပြောပြပါတယ်။ အဲဒီဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် အခုကိစ္စမှာလဲ ရိုးမတောကြီးကို ဖြတ်ဖောက်ထားတဲ့ လမ်းမကြီးဆိုတော့ နယ်ပိုင်ပယ်ပိုင်တွေ မကျေနပ်လို့ သူတို့နယ်အတွင်းမှာ လူတွေ အသေအပျောက် များကြတာနဲ့ တူပါတယ်။

စာရေးသူလဲပဲ ရိုးမတောနဲ့ မကင်းနိုင်တဲ့ အကြောင်းကလေးတွေ ရှိပါတယ်။ စာရေးသူရဲ့ သားငယ်က သစ်တောတက္ကသိုလ်ဆင်း ဆိုတော့ ကျောင်း(၅)နှစ်တက်တော့လဲ နှစ်စဉ် ရိုးမတောထဲဝင်ပြီး တစ်နှစ်ကို (၁၀)ရက်ကျော် ကွင်းဆင်းရပါတယ်။ ဆရာ ဆရာမတွေ ပါတယ်ဆိုတော့ တော်သေးတယ်လေ။

ဒါပေမယ့် သားငယ် အိမ်ပြန်မရောက်မချင်း မိမိသားငယ်နဲ့တကွ အခြား ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ ဘေးကင်းကင်းနဲ့ ပြန်ရောက်ဖို့ရာ နေ့စဉ် ဆွမ်းကပ်၊ နယ်တော်ရှင် ပယ်တော်ရှင်များအား မေတ္တာပို့၊ ကူညီစောင့်ရှောက်ရန် ဆုတောင်းနဲ့ စိတ်ပူနေရတဲ့ မိခင်ဖြစ်သူ ... ဆုတောင်းရတာ အမေပါပဲ။

www.burmeseclassic.com

သားငယ်ကိုလဲ မှာထားရပါတယ်။ မိဘတွေက အစဉ်သဖြင့် နေရာတိုင်း လိုက်မစောင့်ရှောက်နိုင်ဘူး။ လူဆိုတာ ကုန်းပေါ်နေနေ၊ ရေထဲနေနေ၊ ဘယ်မှာနေနေ ဘုရားကသာ စောင့်ရှောက်နိုင်တာ။ အဲဒါကြောင့် သမ္ဗုဒ္ဓေတို့၊ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့လို အန္တရာယ်ကင်းဂါထာတွေကို အမြဲ ရွတ်သင့်တယ်လို့ သင်ပေးထားရတာပေါ့။

သင်ပေးတဲ့အတိုင်းလဲ သားငယ်က ရွတ်ပါတယ်။ တောတစ်တောကို ဝင်တော့မယ်ဆိုရင် တောပိုင်တောင်ပိုင်တွေကို မေတ္တာပို့၊ ကူညီစောင့်ရှောက်ဖို့ရာ ဆုတောင်းပြီးမှ အဲဒီတောကို ဝင်ရမယ်လို့လဲ သင်ပေးထားပါတယ်။ အဲဒါကြောင့်လဲ တစ်နှစ်မှ ခလုတ်မထိ သူမငြိဘဲ အဆင်ပြေပြေနဲ့ ကျောင်းပြီးခဲ့ပါတယ်။

ကျောင်းပြီးလို့ အစမ်းခန့်သဘောမျိုး နေ့စား လပေး ကာလတွေမှာ မင်းတုန်းနယ်တွင်းက ရခိုင်ရိုးမရဲ့ အစွန်အဖျားက အရိုးတောင်ကိုတက်ပြီး ဒေသခံ တောကြပ်(၁)ယောက်နဲ့ သစ်တောကျောင်းဆင်း (အလုပ်ပြတောအုပ်ကြီး) (၂)ယောက်၊ အရပ်သား ဦးဖိုးဆိတ်ဆိုတဲ့ လမ်းပြတစ်ယောက် ပေါင်း(၄)ယောက်တည်း ကွင်းဆင်းတဲ့အခါ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ် စပ်ဆိုတော့ ကျုန်းတို့ ဆိတ်နက်ကြီး၊ ဆိတ်နက်ကလေးတို့ဆိုတဲ့ ချင်းတိုင်းရင်းသားရွာတွေမှာ ခေတ္တ ဝင်တည်းခိုပါတယ်။

အဲဒီအခါမှာ ချင်းတိုင်းရင်းသားတွေက အဲဒီအရိုးတောင်က မြင့်လွန်းလို့ လူမပြောနဲ့ ခွေးတောင်မှ မတက်တဲ့တောင်လို့ပြောပြီး နင်တို့မိဘတွေကလဲ ကိုယ့်သားသမီးကို ဒီလို ခက်ခဲတဲ့ နေရာတွေကို လာရတဲ့ အလုပ်ကို လုပ်ခိုင်းတာ အံ့ပါရဲ့လို့ အပြစ်တင်ခံရပါတယ်။

အဲဒီလို အပြစ်တင်ခံရလောက်အောင် တောကြိုတောင်ကြား သွားခဲ့ရတာ။ သူတို့အလုပ်ကလဲ လမ်းပြမြေပုံပါတဲ့ GPSဆိုတဲ့ စက်ကလေးတွေနဲ့ဆိုတော့ တစ်နေ့ကို (၁၀)မိုင် (၁၅)မိုင် ကိုယ်သွားခဲ့သလောက်က မြေပုံမှာ ပေါ်နေတာဆိုတော့ လူကြီးတွေခိုင်းတဲ့အတိုင်း အတိအကျ လုပ်ကြရတာ။ မြေပုံမှာ သတ်မှတ်ပေးထားတဲ့ နေရာတွေကို ရောက်အောင် သွားရတယ်။ မသွားလို့လဲ မရဘူးလေ။ ရုံးချုပ်ရောက်ရင် လူကြီးတွေကို အဲဒီစက်ပြန်အပ်တော့ ဖွင့်ကြည့်လိုက်ရင် ကိုယ်ဘယ်သွားခဲ့တယ်ဆိုတာ စက်က အမှန်အတိုင်း ပြနေတာ ညာလို့ မရဘူး။

တချို့ လမ်းကျဉ်းတဲ့ နေရာတွေမှာဆိုရင် ကျောက်နံရံတွေကို ဖက်သွားရတဲ့နေရာတွေရှိတယ်။ ပြီးတော့ တောထဲမှာ တဲထိုးချိန် မရှိလို့ မိုးကာခင်းပြီး ဘေးက မီးဖို(၃)ဖိုလောက် ပိုင်းမီးဖိုထားပြီး (၃)နေရာကို (၅)ညလောက် အိပ်ခဲ့ရတဲ့အကြောင်း၊ မည်သည့် သားရဲတိရစ္ဆာန်ရဲ့ အနှောင့်အယှက်ကိုမှ မတွေ့ရကြောင်း၊ တောခြောက်ခံရခြင်းလဲ မရှိခဲ့ကြောင်း သားငယ်က ပြောပြလို့ ရင်တမမနဲ့ နားထောင်ခဲ့ရပါတယ်။

ဆိုလိုတာက ဘာသာတရားကို အားကိုးအားထားပြု၊ မေတ္တာတရားကို လက်ကိုင်ထား၊ အမှားအယွင်း မလုပ်မိပါစေနဲ့။ အဲဒီလိုဆိုရင် တကယ့် တောနက်ထဲကို လူနည်းစုနဲ့ သွားရတာတောင် ဘာအန္တရာယ်မှ မတွေ့ခဲ့တဲ့အကြောင်းကို ပြောပြချင်တာပါ။ နယ်ခံပုဂ္ဂိုလ်တွေ ကျေနပ်ရင်၊ စောင့်ရှောက်ရင် လမ်းပေါ်က ဖြတ်သွားရုံ… တင်မကပါဘူး။ တောထဲကိုပါ ဝင်လို့ ရပါတယ်။

စာရေးသူက အဲဒီလို ဘေးကင်းအောင် အိမ်ကနေ ဆွမ်း၊ ကွမ်းကိုက… ကွင်းပိုင်နယ်ပိုင်တွေကို မေတ္တာပို့… စတာတွေ လုပ်ရတဲ့အကြောင်း သား… ငယ်ကို ပြောပြတော့ သားငယ်က ဘာပြောသလဲဆိုတော့…

'ဒါဆို အမေက အိမ်ကနေပြီး ကွင်းပိုင် နယ်ပိုင်တွေဆီကို အီးမေးလ်(Email)… မက်ဆေ့(Massage)ရိုက်ပြီး လှမ်း… သွယ်လိုက်တာပေါ့'

လို့ ပြောပါတယ်။

သားငယ်က အပြောင်အပျက် ပြောပေမယ့် အဲဒီစကားက တကယ်… ဟုတ်တယ်လေ။ မင်းတုန်းမင်းလက်ထက်က မြတ်စွာဘုရား တန်ခိုးတော်ကို ဝေဖန်တဲ့ နိုင်ငံခြားသားကို နန်း… ဆရာတော်ကြီးက **"မင်းတို့ မှန်ပြောင်း သေးသေးလေးထဲမှာတောင် မန္တလေးတောင်ကြီးကို ဝင်လို့ရအောင် နှစ်အနည်းငယ်အတွင်း လုပ်နိုင်သေးတာပဲ။ တို့မြတ်စွာဘုရားက လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း… တောင် ပါရမီဖြည့်ပြီး အားထုတ်ခဲ့ရတာ မပြောသရနတ်မင်းရဲ့ မျက်… တောင်ဖျားမှာ ပုန်းနေနိုင်တာ မဆန်း… ပါဘူး"**လို့ ပြောခဲ့သလိုပါပဲ။

စာရေးသူက မငြင်းလိုက်ဘူး… ဘာလို့လဲဆိုတော့ အဲဒီအတိုင်း ဖြစ်နိုင်… တာပဲလေ။ စာရေးသူ ပို့တဲ့မေတ္တာ… တောင်းတဲ့ဆု အားလုံးကို လော… ကို စောင့်ရှောက်နေသော နတ်မင်း… များမှတစ်ဆင့် ပြောကြားပေး… တောင်းပန်အပ်ပါသည် ဆိုပြီး ဆုတောင်းလိုက်တယ်လေ။

သူတို့ ဘယ်နေ… ရောက်နေရော…



www.burmeseclassic.com

www.burmeseclassic.com

နေ သိနိုင်တဲ့ ပုဂ္ဂိုလ်မှတစ်ဆင့်ဆိုတော့ မရောက်စရာ အကြောင်းမရှိဘူးလို့ စာရေးသူ ယုံတယ်လေ။ ဘုရားသမိုင်း စာအုပ်တွေထဲမှာ ကျိုက္ကဆံကုန်းကို အပိုင်စားယူထားတဲ့ မဟောသရနတ်မင်းတို့၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်၊ လောကနတ်တို့ ဆိုတာတွေကို တွေ့နေရတာပဲ မဟုတ်လား။

တရားပွဲတွေမှာ ဆိုရင်လဲ ဆရာတော်ကြီးတွေ မေတ္တာပို့တဲ့အခါ အာကာသစိုး၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ ရပ်ကွက်စောင့်နတ်ဆိုပြီး အမျှဝေတဲ့အခါ ထည့်ဝေတယ် မဟုတ်လား၊ အဲဒါ တကယ်ရှိလို့ပေါ့။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာက ခေတ်တွေ ဘယ်လောက်ပဲပြောင်းပြောင်း၊ ဘယ်လောက်ပဲ တိုးတက်တိုးတက် **ဘုရားဟောခဲ့တဲ့ သမုတိသစ္စာကို မပယ်မှသာ အသက်ရှည်ဘေးကင်းပြီး ကြီးပွားတိုးတက်ပါမယ်ဆိုတာကို ဗုဒ္ဓဘာသာဝင် အားလုံးကို စေတနာ မေတ္တာ ရှေ့ထားပြီး** အကြံပေးချင်တာပါ။

ဒါကြောင့် စာရေးသူက မောင်ကျော်မင်းကို **အကြံပေးခဲ့တဲ့ သာသနာပွဲတင်နည်းကို** မောင်ကျော်မင်းကဲ့သို့သော လုပ်ငန်းရှင်ကြီး,ငယ်များ၊ ဌာနဆိုင်ရာ လုပ်ငန်းတာဝန်ခံများနဲ့ စာဖတ်ပရိသတ်တို့အတွက် လက်ဆောင်တစ်ခုအနေနဲ့ ထည့်ပေးလိုက်ပါတယ်။

---

## သာသနာပွဲတင်နည်း

---

**လိုအပ်သော ပစ္စည်းများ**

၁။ ငှက်ပျော(၅)ဖီး၊ အုန်း(၁)လုံး

၂။ သပြေ/နှင်းဆီတို့နှင့် သာသနာပွဲ တစ်ပွဲ ပြင်ပါ။ **(တစ်ပွဲသာ လိုပါသည်။)**



၃။ မုန့် ဖြူ/နီ (၅)ခုစီ၊ သောက်တော်ရေ(၅)ခွက်၊ ကွမ်း(၅)ယာ၊ လက်ဖက်၊ ထန်းလျက်၊ အမွှေးတိုင်(၅)တိုင်၊ ဖယောင်းတိုင်(၅)တိုင် ယင်းမုန့်၊ လက်ဖက်၊ ထန်းလျက်တို့ကို ဆွမ်းပွဲတွင် ရော၍ ထည့်နိုင်ပါသည်။

ဆွမ်း(၅)ပွဲ တင်ရာတွင် နောက်ဆုံးတင်သော (၃၇)မင်းနတ်အား လက်အုပ်ချီပြီး ဂါရဝပြုရပါမည်။**[ဦးမချရပါ။]**

**ဦးချဆွမ်းကပ်ပုံ**

**(၁)ဆွမ်းပွဲ** ဘုရားဆွမ်းကပ်ပါ။

**ဦးချ(၂)ဆွမ်းပွဲ** ရဟန္တာ အနန္တစကြဝဠာအတွင်းရှိ ရှင်ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်သူမြတ်များအားလုံးနှင့် သမုတိသံဃာ အရှင်သူမြတ်များ အားလုံးအား ရည်မှန်း၍ ဤဆွမ်းပွဲ သာသနာပွဲတို့ကို ဆက်ကပ်လှူဒါန်းပါ၏။

**ဦးချ(၃)ဆွမ်းပွဲ** ဝိဇ္ဇာအရှင်သွင်သူမြတ်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအားလုံးကို ရည်မှန်း၍ ဤဆွမ်းပွဲ သာသနာပွဲတို့ကို ဆက်ကပ်လှူဒါန်းပါ၏။

**ဦးချ(၄)ဆွမ်းပွဲ** အရှင်သိကြားမင်း၊ ဗြဟ္မာမင်း၊ သာသနာတော်စောင့်နတ်မင်းကြီးများနှင့် အနန္တစကြာဝဠာအတွင်းရှိ အာကာသစိုး၊ ရုက္ခစိုး၊ ဘုမ္မစိုးအပေါင်းတို့နှင့် နယ်တော်ရှင် ပယ်တော်ရှင်တို့အား ဤဆွမ်းပွဲ သာသနာပွဲတို့ကို ဆက်ကပ်လှူဒါန်းပါ၏။

**ဦးမချရ လက်အုပ်ချီပါ**

**(၅)ဆွမ်းပွဲ** အိမ်တွင်း(၇)ဖော်နှင့် ဘမြင်းဖြူရှင်၊ ကိုးမြို့ရှင်၊ အမေပုလဲယဉ်၊ အမေရွှေယဉ်၊ ဦးရှင်ကြီးနှင့်တကွ ဤမိသားစု၏ နှစ်ဖက်သော မိဆိုင်၊ ဖဆိုင်၊ ဘိုးဆိုင်၊ ဘွားဆိုင် ရိုးရာနတ်အပေါင်းတို့အား ဤမိသားစုမှ ဤဆွမ်းရေချမ်း သာသနာပွဲတို့အား ပူဇော်ပသပါ၏။

ပြီးလျှင် မိမိအခက်အခဲတို့အား ရင်ဖွင့်၍ ဖြစ်ချင်သော အရာတို့နှင့် တရားမျှတသောဆုကို တောင်းပါ။

**ဆုတောင်းနည်း**

'ဤသို့ ပူဇော်ပသရသော အကျိုးအားကြောင့် ဤမိသားစုတွင် ကျရောက်မည့် အန္တရာယ်တို့သည် လည်းကောင်း ကျရောက်နေဆဲ အန္တရာယ်တို့သည် လည်းကောင်း၊ ယခု လုပ်ကိုင်လျက်ရှိသော လုပ်ငန်းအခက်အခဲတို့သည် လည်းကောင်း ဘုရား, တရား, သံဃာ ရတနာသုံးပါးနှင့် သာသနာပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တို့၏ စောင့်ရှောက်မှုကြောင့် အခက်အခဲ အနှောင့်အယှက် ဟူသမျှတို့သည် ဝိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ လျှောကျ ပျောက်ပြယ်ရပါလို၏ အရှင်ဘုရား'

အမျှဝေ

'ဤကောင်းမှုကုသိုလ်တို့အား နှစ်ဖက်သော မိဘတို့ဘွား ဆွေမျိုးအသိုင်းအဝိုင်းအားလုံးအားလည်းကောင်း၊ မကျွတ်မလွတ်သော ပုဂ္ဂိုလ်အားလုံးတို့အား လည်းကောင်း၊ သုခိတ, ဒုက္ခိတ, ဝေနေယျ သတ္တဝါအပေါင်းတို့အားလည်းကောင်း အမျှဝေပါ၏'

*[သုံးကြိမ် သုံးခါ အမျှဝေပါ]*

***စာဖတ်ပရိသတ်အား အစဉ်ထာဝရ လေးစားလျက်...***

*မနှင်းဆီ*
*(ရွှေဆင်း-နေပြည်တော်)*

www.burmeseclassic.com



# ပရလောက

## ဆန်းကြယ် ဖြစ်ရပ်မှန်များ

ခင်-စာသင်
(ဇရာမြေ)

စာရေးသူတို့ ကုသိုလ်ကောင်းမှု ပြုပြီးတိုင်း မြင်အပ်,မမြင်အပ်သော သုခိတ၊ ဒုက္ခိတ သတ္တဝါများ ချမ်းသာကြပါစေလို့ မေတ္တာမျှဝေကြရိုး ဖြစ်ပါတယ်။ ဒါကလဲ စာရေးသူ မမြင်ရတဲ့ ပရလောကမှာ ထိုထိုသောသတ္တဝါများ ရှိနေကြခြင်းကို လက်ခံ ယုံကြည်ထားသောကြောင့်ပါပဲ။

အခု စာရေးသူတင်ပြမယ့် ပရလောကဆန်းကြယ် ဖြစ်ရပ်မှန်သည် **ဓမ္မယောသက ဦးမောင်မောင်အေးက** ပြောပြ တွေ့ဆုံပေးတဲ့အတွက် သိခွင့်ရခဲ့တာလဲ ဖြစ်ပါတယ်။

ငယ်စဉ်ကတည်းက ဒီမြေ ဒီခြံထဲမှာ ကြီးပြင်းလာတဲ့သူတစ်ယောက်ကို နေ့ခင်းကြောင်တောင် ခြောက်လှန့်ခဲ့တဲ့ ပရလောက ဆန်းကြယ်မှု ဖြစ်ရပ်မှန်ပါပဲ။

ပရလောကရဲ့ ဆန်းကြယ်မှု ရင်ဆိုင်ကြုံတွေ့ခဲ့ရသူကတော့ **ဦးမြင့်မောင် (ခေါ်)ဦးဗိုသိုး**ပဲဖြစ်ပါတယ်။ **အသက်အားဖြင့် (၆၀)ရှိပါပြီ။** လွန်ခဲ့သော လေးနှစ်ခန့်က ဖြစ်ပါတယ်။ မှတ်မှတ်ရရ ပြောရရင်တော့ တပို့တွဲလထဲမှာ ဖြစ်ပါတယ်။

ဦးဗိုသိုးတို့ မိဘများ လက်ထက်ကတည်းက နေခဲ့တဲ့ ခြံကျယ်ကြီးပါပဲ။ မြို့အနေအထားအရ ပြောရရင်တော့ မြို့စွန် မကျတကျ ဆင်ခြေဖုံးရပ်ကွက် ပမာပါပဲ။ ခြံက ကျယ်ဝန်းသလို



www.burmeseclassic.com

www.burmeseclassic.com

သစ်ကြီးဝါးကြီး ချုံနွယ်ပိတ်ပေါင်းများနဲ့ ထူထပ်လွန်း လှပါတယ်။

ခြံရှေ့ကနေခေါ်ရင် ခြံနောက်က ရုတ်တရက် မကြားနိုင်လောက်အောင် ကျယ်ဝန်းပါတယ်။ အရိပ်လွှမ်းမိုးမှုများ သမို့ စိတ်အေးလက်အေး နေချင်သူ အဖို့တော့ အလွန်ကောင်းတဲ့ နေရာ တစ်ခုပါပဲ။

တစ်မိုးလုံး ပစ်ထားခဲ့တဲ့ခြံကို ရှင်းလင်းဖို့ ဦးဗိုသိုးဟာ ဓားတစ်လက်ဖြင့် ခြံထဲကို တစ်ဦးတည်း သွားခဲ့ပါတယ်။ ခြံထဲရောက်တော့ ဦးဗိုသိုးဟာ သပွတ်ကြီးပင်ကို ခုတ်လှဲပါတယ်။

ခုတ်လှဲပြီးတော့ သပွတ်ကြီးပင်ရဲ့ အကိုင်းအခက်အလက်များကို ရှင်းလင်းနေပါတယ်။ အချိန်ကတော့ **မွန်းတည့် (၁၂)နာရီလောက်**ပါပဲ။

အဲဒီလို အကိုင်းအခက်တွေကိုရှင်းရာ ခါချဉ်များပါလာပြီး ကိုက်လို့ ဆက်လက်မရှင်းတော့ဘဲ ဆေးရိုးပင် အောက်မှာ နားနေပါတယ်။ ဆေးရိုးပင်ရဲ့ အနီးမှာတော့ တောင်ပို့တစ်ခုလဲ ရှိပါတယ်။

အချိန်ကလဲ ထမင်းစားချိန် ဖြစ်တာ တစ်ကြောင်း၊ မောပန်းမှုကို နားလိုသည်က တစ်ကြောင်းကြောင့် ခြံထဲမှ အိမ်ဘက်သို့ ထွက်လာခဲ့ပါတယ်။

ထိုအချိန်မှာ ဦးဗိုသိုးရဲ့ နားထဲမှာ **"ရှဲ ရှဲ ချွတ် ချွတ် ရှီး ရှီး"**ဆိုတဲ့ အသံကို ကြားလိုက်ရပါတယ်။ ဒါနဲ့ပဲ ဦးဗိုသိုးက မြွေများလားဆိုပြီး နောက်ကို လှည့်ကြည့်မိပါတယ်။ သူထင်သလို မဟုတ်ပါဘူး။

လက်ငါးချောင်းကို ဖြန့်ပြီး လိုက်လာတဲ့ လက်မည်းကြီးကို တွေ့ရပါတယ်။ လက်မှာ အလွန်ရှည်တဲ့ အမွေးများပါပြီး အရွယ်အစားကတော့ ခြေသလုံးလောက်ရှိပါတယ်။



သရွှေသိမ့်အောင်ဘုရား
အကျိုးတော်ဆောင်
ဦးမြင့်အောင် (ခေါ်) ဦးဗိုသိုး

ဦးဗိုသိုးဟာ မမျှော်လင့်တဲ့ ဖြစ်ရပ်ကြောင့် ကြောက်စိတ်လန့်စိတ်များ အံ့ဩစိတ်များ ဖြစ်နေပါတယ်။ တံတောင်ဆစ်ထိသာ မြင်ရတဲ့လက်ကို ကြည့်နေမိတုန်း အဲဒီ လက်မည်းကြီးက ဦးဗိုသိုးရဲ့လည်ပင်းကို ဖျစ်ဖို့ လှမ်းကိုင်လိုက်ပါတယ်။ အထိအတွေ့က အလွန် ကြမ်းတမ်းလို့ ဦးဗိုသိုးလဲ ကြောက်လန့်ပြီး လက်ထဲမှ အသင့်ပါလာတဲ့ ဓားနဲ့ တွက်လိုက်ပါတယ်။ ဓားလဲ လွတ်ကျသွားပြီး ဦးဗိုသိုးလဲ အဲဒီနေရာမှာပင် သတိမေ့ပြီး လဲကျသွားပါတယ်။

ဦးဗိုသိုးကို မည်သူမျှ မတွေ့ဘဲ တစ်ယောက်တည်း လဲကျပြီး သတိလစ်နေပါတယ်။ ထိုအချိန်မှာ ငှက်များ ထပျံပြီး ခွေးများလဲ အဆက်မပြတ် ဟောင်ပါတယ်။

ဦးဗိုသိုးဟာ လျှာတစ်စောင်းကိုက်ပြီး တက်နေခြင်းပါပဲ။ အဲဒီလိုဖြစ်နေပြီး နေ့လယ် (၂)နာရီခန့်မှာ သူတို့ခြံမှာ ငှက်ပျောရွက်ခူးနေကျ အမျိုးသမီးက ငှက်ပျောရွက်ခူးဖို့အလာမှာ ဦးဗိုသိုးကို တွေ့ပါတယ်။

'ဦးဗိုသိုး...ဦးဗိုသိုး...'

လို့ ခပ်လှမ်းလှမ်းက ခေါ်ပါတယ်။ ပြန်ပြီး မထူးတော့ သူ့ယောကျ်ားကို လှမ်းခေါ်ပါတယ်။ သူ့ယောကျ်ားရယ်၊ သူရယ် နှစ်ယောက်သား ဦးဗိုသိုးကို မ,ကြပါတယ်။ မနိုင်တာနဲ့ ဦးဗိုသိုးရဲ့ သမီးကို လှမ်းခေါ်ပြီး အိမ်ပေါ် ပွေ့တင်ကြပါတယ်။

ဦးဗိုသိုးကတော့ သတိမေ့နေဆဲပါ။ တတ်သမျှ ပြုစုကြပေမယ့် သတိမရတာနဲ့ ဆရာပင့်ပြီးကုတော့မှပဲ သတိ ပြန်ရပါတယ်။ ဒါပေမယ့် အသံမထွက်တော့ပါဘူး။ အဲဒီညနေကျမှ အသံက အနည်းငယ် ပြန်ထွက်လာပါတယ်။

(၂)ရက်၊ (၃)ရက်ကြာတော့မှပဲ ပုံမှန်အသံ ပြန်ထွက်လာတော့တယ်။ ပရလောကရဲ့ ဆန်းကြယ်မှုကတော့ ဦးဗိုသိုးရဲ့အဖြစ်ကိုကြည့်ရင် သိနိုင်ပါလိမ့်မယ်။

ငယ်စဉ်ကတည်းက နေထိုင်ခဲ့တဲ့ ခြံကြီးထဲက ခြောက်လှန့်ခဲ့တဲ့ ပရလောကသားရဲ့ အဖြစ်ကတော့ **သပွတ်ကြီးပင်ကြီးကို ခုတ်လိုက်လို့ပဲလား။ ဒါမှမဟုတ် ကုသိုလ်ကံ အားနည်းချိန်မို့လား။ ဒါမှမဟုတ် အမျှဝေ မေတ္တာမပို့ခဲ့လို့လား**ဆိုတာကတော့ စဉ်းစားလို့ ဉာဏ်မမီတော့ပါဘူး။

ခင်-စာသင် (ရွှေမြို့)

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း

# ငွေကြေး လာဘ်လာဘ

ရှင်လန်းစေဖို့

နိုဝင်ဘာလအတွင်း ငွေကြေးဆိုင်ရာကိစ္စများနှင့် အခက်အခဲ နည်းပါး၍ ရန်ရှိသော ငွေကြေးလာဘ်လာဘများ သွက်လက်ရွှင်လန်းစွာ ဝင်ရောက်ရရှိကြစေရန်အတွက် မိမိတို့ မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးပြုနိုင်ပါသည်။

* * *


| မွေးနှစ် | ခုရေ | အာရုပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား၊ ကျား | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး၊ မြွေ | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ်၊ မျောက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး၊ ဝက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

**ဥပမာ ။ ။** ကြက်နှစ်ဖွားသည့် အောင်သပြေ၊ ဩဇာ၊ ကံ့ကော်၊ ကြာ စသည့် နိမိတ်ကောင်းသော ပန်း သို့မဟုတ် **ရနံ့မွှေးပျံ့သော ပန်း(၇)ပွင့် (အညွန့်အခက်ဖြစ်ပါက ၇ ခက်)**ကို အများပူဇော်သော စေတီပုထိုးတစ်ဆူတွင် အနောက်အရပ် ကြာသပတေးသားသမီးတစ်ဦးကို အဖော်ပြု ခေါ်ဆောင်သွားနိုင်သည်။

ကောင်းမှုကို နတ်ဒေဝတာတို့အား အမျှဝေ တိုင်တည်ကာ ဆုတောင်းပါ။

*လာဘ်လာဘ ရွှင်လန်းဝေဆာစွာ ဝင်လာနိုင်ကြပါစေ။*

ထက်မင်းကျော်စွာ



# သီးပင်စားပင်

စိုက်ပျိုးနည်းနှင့် ဗဟုသုတအထွေထွေ

## ခါချဉ်ပြေးနည်း

သရက်ပင်၊ မန်ကျည်းပင်များတွင် ခါချဉ်ရှိနေသည့် အပင်များကို **ငါးရံ့ခေါင်းတိုကို မီးဖုတ်၍ ဖောက်ထိုးလုပ်ပြီး ခါချဉ်ရှိသည့် အပင်အပေါ်ပိုင်းတွင် ဆွဲထားလိုက်ပါ။** ခါချဉ်များ တစ်ရက်၊ နှစ်ရက်အတွင်း ပျောက်သွားပါလေ့မည်။

## မာလကာသီး အစေ့ဖျောက်နည်း

မာလကာပင်ကို ပထမကိုင်းစည်း၍ စိုက်လိုက်ပါ။ အပင်ကြီးလာသည့်အခါ ကိုင်းဆက်ကူးပြီး ပြန်စိုက်ပါ။

အပင်ကြီးလာသည့်အခါ **တတိယမြောက် ကိုင်းဆက်ကူးပြီး စိုက်ပါ။** အပင်ကြီး၍ သီးလာသည့် မာလကာသီးတွင် အစေ့နည်း၍ အလုံးကြီးပြီး စားကောင်းလာမည်။

## နာနတ်ပင်ချိုအောင် စိုက်နည်း

နာနတ်ပင်စိုက်ပျိုးရာတွင် ပထမဆုံး **မြေကို ပေါက်ပြားဖြင့် တစ်ချက်ပေါက်ပြီး လှန်လိုက်ပါ။** ပလတ်စတစ်အိတ်ထဲတွင် **သား စတီးဖွန်းတစ်ဖွန်း ထည့်ပြီး အိတ်ကို ပြန်ပိတ်ပါ။**

ပိတ်ပြီးသားအိတ်ကို အပေါက်အနည်းငယ် ဖောက်ပေးပါ။ ဖောက်ထားသည့်အိတ်ကို မြေအောက်သို့ မြှုပ်ပြီး နာနတ်ပင်ကို စိုက်လိုက်ပါ။

ရေအနည်းငယ် လောင်းပေးပါ။ လိုအပ်သည့်မြေဩဇာများ ကျွေးနိုင်သည်။ အပင်အားကောင်းပြီး အသီးသီးလာသည့်အခါ အလုံးကြီး၍ အရသာရှိသော အသီးများ သီးလာပါလေ့မည်။

စလောင်းသောင်း(သုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com



ဦးချိုး
(ဒီးကုန်း)

ထူးဆန်းသော

# မြွေကြီးနှင့်

ဖြစ်ရပ်ဆန်း

ဦးဖိုးဆိတ်၏ စိတ်မကျန်းမာပုံမှာ အတော်ပင် ထူးဆန်းလှ၏။ ညောင်ပိုင်းရွာထိပ်ရှိ ညောင်ပင်ကြီးအောက်တွင် တစ်နေကုန်ထိုင်၍ ဖြတ်သွားဖြတ်လာသူ အပေါင်းအား...

'ငါ့မြွေကြီးကို ဘယ်နားမှာ တွေ့လိုက်ကြသတုံး'

ဟု လည်းကောင်း...

'ဟို ဆရာကောင်ရော... ဘယ်နားမှာ တွေ့လိုက်ကြသေးတုံး'

စသည်ဖြင့် မေးမြန်းခြင်းသည် သူ၏ စိတ်မကျန်းမာမှု အခြေအနေပင် ဖြစ်ပါသည်။

သူ တစ်နေကုန် ထိုင်နေတတ်သော ရွာထိပ်ရှိ ညောင်ပင်ကြီးမှာလည်း ညောင်ပိုင်းရွာသို့ လာသူ ပြန်သူ မှန်သမျှ မဖြစ်မနေ ဖြတ်သွားရသော ရွာအဝင်လည်းဖြစ်၊ ရွာအထွက်လည်း ဖြစ်သည့် လမ်းဝတွင် ရှိနေလေရာ ညောင်ပိုင်းရွာသို့ မမျှော်လင့်ဘဲ ရောက်သွားရသော ကျွန်တော်သည်လည်း ဦးဖိုးဆိတ်နှင့် ကြုံခဲ့ရပြီး "မြွေကြီးနှင့် ဟိုဆရာ" တို့ကို အမေးခံခဲ့ရပါသေးသည်။

ဦးဖိုးဆိတ်သည် **အသက်(၇၀) ကျော် (၈၀)နီးပါးခန့်ရှိသော အဘိုးကြီးတစ်ယောက် ဖြစ်လေရာ** ပင်ဖြူ အင်္ကျီ ညိုညစ်ညစ် တစ်ထည်ကိုသာ အမြဲတမ်း ဝတ်ထားပြီး အကွက်လည်း မပေါ် ဘာအရောင်မှန်းလည်း မသိနိုင်တော့သည့် လုံချည်စုတ် တစ်တည်ကို မျှသာ အစဉ်သဖြင့် ဝတ်ထားနိုင်သူ ဖြစ်လေရာ အများ၏ ကရုဏာသက်ဝင်ခြင်းကို ခံရရှာပါပေသည်။

ထို့အတွက်ကြောင့်လည်း သူ ဤမျှ အသက်ရှည်နေရခြင်းပင် ဖြစ်လေ၏။

သူ့အတွက် အစားအသောက် အဝတ်အစား ကျန်းမာရေး စသည်တို့ကို ရွာရှိ လူတိုင်းကပင် ကူညီထောက်ပံ့ကြပါသည်။ သို့မဟုတ်ပါက တစ်ကောင်ကြွက လူပျိုကြီး ဦးဖိုးဆိတ်ခမျာ သက်ဆိုးရှည်မည် မဟုတ်ပါချေ။

ကျွန်တော်လည်း အများနည်းတူပင် ဦးဖိုးဆိတ်ကို မြင်မြင်ချင်းပင်လျှင် ကရုဏာသက်မိပါသည်။ သူ့ဘဝကိုလည်း သိချင်၏။ အဘယ်ကြောင့် ယခုကဲ့သို့ ဖြစ်နေရခြင်းကိုလည်း သိလို၏။

တစ်ဖန် **သူ့လည်ပင်းတွင် အိတ်ရှုံ့ကလေးဖြင့်ထည့်၍ ကြိုးဖြင့် ဆွဲထားသော အရာကလေးကိုလည်း** သိချင်ပြန်လေသည်။ ယင်းအိတ်ရှုံ့ကလေး အတွင်းမှ အရာကလေးကို ဦးဖိုးဆိတ်က မည်သူ့ကိုမျှမပြ။ သူ့ဘာသာ သူသာလျှင် ထုတ်ထုတ်ကြည့်ပြီး ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေတတ်၏။ ထိုသို့ လုပ်နေလေလေ ကျွန်တော်က သိချင်လေလေပင်တည်း။

ကျွန်တော့် ဆန္ဒများသည် ညောင်ပိုင်းရွာမှ ပြန်ခါနီး တစ်ရက်အလို ညတွင် အားလုံး ပြည့်ဝခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြန်ခါနီးနေ့တွင် ခင်မင်ရင်းနှီးသူများကို လှည့်လည် နှုတ်ဆက်ရာမှ **ဦးဖိုးဆိတ်နှင့် ရွယ်တူလည်းဖြစ်၊ ငယ်သူငယ်ချင်းလည်းဖြစ်သော ဘတင်ဦးက** သူ့သူငယ်ချင်း၏ ဖြစ်ကြောင်းကုန်စင်ကို ကျွန်တော့်အား ပြောပြလေသော ကြောင့်ပင် ဖြစ်လေသည်။ ဖြစ်ပုံက ဒီလိုပါခင်ဗျာ...

*　*　*

ဖိုးဆိတ်သည် ညောင်ပိုင်းရွာရှိ ကာလသားတစ်ဦးဖြစ်ပြီး မိဘများ မရှိကြတော့လေသော်လည်း မိမိ ဘာသာမိမိပင် ရရာအလုပ်ကလေး များကို ရှာဖွေလုပ်ကိုင်၍ မိမိဝမ်း မိမိကျောင်းနေသူ တစ်ဦးဖြစ်သည့် အပြင် အသောက်အစား အပျော်အပါး လည်း မဖက်သဖြင့် သုံးပင်နှစ်ခန်း သက်ငယ်မိုး ပျဉ်ကာ အိမ်လေးတစ်လုံး ကိုပင် ပိုင်ဆိုင်သူ ဖြစ်လေသည်။

ရပ်ရွေးရွာရေးများတွင်ရော လူကြီးသူမများကို ကူညီသည့် နေရာတွင် လည်း ဖင်ပေါ့သူတစ်ဦး ဖြစ်သဖြင့် တစ်ရွာလုံးက သူ့ကို ချစ်ခင်ကြ၏။

အချို့သော မိန်းမပျိုများကဆိုလျှင် ရေလာမြှောင်းပေး စကားများကိုပင် ဖိုးဆိတ်ကို ထိကပါး ရိကပါး ပြောတတ်ကြသော်လည်း ဖိုးဆိတ်က မည်သို့မျှ ပြန်လည် မတုံ့ပြန်ပါချေ။ အဘယ်အတွက်ကြောင့် အိမ်ထောင်ပြုရန်ကိုပင် စိတ်မဝင်စားရလေသနည်း ဟု မေးလေသော်...

'ကျုပ်က ဆင်းရဲပါတယ်ဗျာ။ ပြီးတော့ အမွေအနှစ်လဲ ရစရာရှိတဲ့ကောင် မဟုတ်လေတော့ သူများသားသမီးကို တင့်တောင့်တင့်တယ် ထားနိုင်မယ့်သူ မဟုတ်ပါဘူး။ ဒါကြောင့်ပါ'

ဟုသာ ပြန်ဖြေလေ၏။

သူကိုယ်တိုင်လည်း ဆင်းရဲတွင်းမှ လွတ်ရန်ကိုပင် ယခုထက်ပို၍ မလုပ်တတ်တော့။ မြေကြီးထဲမှ ရွှေအိုး တူးမိလျှင်သော်လည်းကောင်း၊ မိုးပေါ်မှ ဥစ္စာ ထုပ်ကြီး ကျလာလျှင်သော်လည်းကောင်း ထိုသို့ ဖြစ်လာမှသာလျှင် ရုတ်ခြည်းချမ်းသာမည် ဖြစ်လေရာ လုပ်မိလုပ်ရာ လုပ်သည့်သဘောဖြင့် မည်သူ့ကို ဦးတည်ရည်ရွယ်သည်ဟု ရေရေရာရာ မရှိလေဘဲနှင့်...

'ကျွန်တော့်အား နေ့ချင်းညချင်း ချမ်းသာလာစေရန် ကူညီစောင်မတော်မူကြပါ'

ဟူ၍သာ တွင်တွင်ကြီး ဆုတောင်းလေတော့သည်။

ထိုသို့ ညစဉ် အိပ်ရာဝင်ခါနီးတိုင်းတွင် ဆုတောင်းပြီးမှသာ အိပ်ရာဝင်လေရာ တစ်ညသော် **လွန်စွာထူးဆန်းသော အိပ်မက်တစ်ခု**ကို မက်လေတော့သည်။

အိပ်မက်ထဲတွင် ဖိုးဆိတ်အား အရပ်မြင့်မြင့် ကျားကျားလျာလျား နှုတ်ခမ်းမွေးကားကားနှင့် လူကြီးတစ်ဦးက...

'သိပ်ပြီး ချမ်းသာချင်တဲ့ အကောင်ကိုးကွ'

ဟု ပြောပြီးနောက် ဖိုးဆိတ်၏ ခေါင်းကို လက်နှင့် ပုတ်ကာ...

'ညနေ နေဝင်ရီတရော အချိန်ကျရင် မင့်အိမ်ရှေ့က ကုက္ကိုပင်ကြီးအောက်မှာ ဖားထက်ထက်တစ်ချောင်းသာ ထမ်းပြီး စောင့်နေ။ အဲဒီလို စောင့်နေရင်းက မြွေကြီးတစ်ကောင်ကို တွေ့ရင် မိမိရရသာ ဓားနဲ့ ပိုင်းလိုက်ပေတော့ ဖိုးဆိတ်ရေ။

အဲဒီမြွေကြီးရဲ့ အမြီးကစပြီး မင်း ပိုင်းလိုက်တဲ့ နေရာအထိ ရွှေအတိ ဖြစ်သွားလိမ့်မယ်။ အဲဒီရွှေတွေကို ရရင် မင့် ဆုတောင်းပြည့်ပြီပေါ့ကွာ။ ဟုတ်လား'

ဟု ပြောပြီး ပျောက်သွားလေ၏။ ထို့နောက် ဖိုးဆိတ်လည်း အိပ်ရာမှ လန့်နိုးသွားလေတော့သည်။

ပထမတစ်ခါ မက်တုန်းကတော့ ဖိုးဆိတ်၏ စိတ်ထဲတွင် ဘယ်လိုမှ မနေပါ။ အိပ်မက်ဆန်းတစ်ခုမျှသာပင် သဘောထားလိုက်ပြီး ခပ်ပေါ့ပေါ့သာ နေလိုက်ပါသည်။ သို့ရာတွင် ယင်း အိပ်မက်ကိုပင် နေ့စဉ်ရက်ဆက် မက်လာသောအခါ လက်တွေ့ သွားစောင့်ကြည့်လိုစိတ် ပေါ်လာလေတော့၏။

သို့နှင့် ဌက်ကြီးတောင်ဓားကို ထက်နေအောင်သွေးပြီး ညနေရောက်သော် အိမ်ရှေ့မှ ကုက္ကိုပင်ကြီးအောက်သို့ သွား၍စောင့်ရန် ပြင်ဆင်လေသည်။

ညနေ နေဝင်ရီတရောအချိန် ရောက်သော် **ဖိုးဆိတ်သည် အင်္ကျီမပါ ဗလာကိုယ်ထီး (သူတို့အရပ်အခေါ် အင်္ကျီချေးသေး)ဖြင့် ခါးတောင်းကို မြှောင်နေအောင်ကျိုက်ကာ** ဌက်ကြီးတောင်ဓားကို ကိုင်၍ ကုက္ကိုပင်ကြီး အောက်သို့သွားကာ မည်သည့်အရပ်မှ ပေါ်လာမည်ကို မသိသော မြွေကြီး ကို ထိုင်စောင့်နေလေတော့သည်။

စောင့်နေရင်းက အတော်ပင် မှောင်ရီသန်းလာပါပြီ။ ဖိုးဆိတ်အထင် ထမင်းအိုး နှစ်လုံးချက် ကြာလောက်သည့်တွင် ပတ်ဝန်းကျင်မှ တဟည်း ဟည်း မြည်သံကြီးတစ်ခုကို ကြားလာရတော့၏။ ဘာမြွေမှကို မတွေ့ရသေးချေ။

သို့သော် တဟည်းဟည်း မြည်သံကြီးကို ကြားရသည်တွင် သူ့ရင်ထဲမှ အသည်းနှလုံးကိုလည်း တစ်စုံတစ်ယောက်က လက်နှင့်လာ၍ ဖျစ်ညှစ်ခြေမွသည့်နှယ်ပင် တုန်တုန်ယင်ယင် ဖြစ်လာလေတော့၏။ ဘယ်လိုကြီးမှန်း မသိ။ ကြောက်စရာတစ်ခုခုကို မြင်လိုက်ရ၍ ကြောက်ရသည်နှင့်လည်း မတူ။

**ဘာကို ကြောက်အမှန်းမသိတဲ့ [illegible] အသည်းယားကာ လန့်လာသလိုလို ဖြစ်လာလေသည်။ တဟည်း ဟည်း မြည်သံကြီး [illegible] ကျယ် လောင်လာသလိုထင်လာရသည်နှင့်စိတ် အားကလည်း [illegible] ယပ်လာသည်။**

မည်မျှ ငယ်လာသနည်းဆိုသော် ပုရွက်ဆိတ်ကလေး တစ်ကောင်ကို ပင်လျှင် ကြောက်နေရသည့်နှယ်ပင် တည်း။

တဟည်းဟည်း မြည်သံကြီးကြောင့်



www.burmeseclassic.com

www.burmeseclassic.com

စိတ်အားကလည်း အလွန်အမင်း ညှိုးငယ်နေချိန်တွင် မြွေကြီးပေါ်မှ တရှဲရှဲမြည်သံကြီး တစ်သံကိုလည်း ကြားလာရပြန်သည်။

တရှဲရှဲမြည်သံကြီး ကျယ်၍ကျယ်၍ လာသည်နှင့်အမျှ အနည်းငယ်မျှသာ ကျန်နေသေးသော **အလင်းရောင် အောက်ဝယ် ခြေသလုံးခန့်ရှိပြီး သုံးလံမျှ ရှည်လျားသော မြွေဝါကြီး တစ်ကောင်၏ ဦးခေါင်းကိုစတင်၍တွေ့လိုက်ရလေတော့သည်။**



မြွေကြီးသည် သူ ထိုင်နေစောင့်နေသည့် နေရာဆီသို့ ဦးတည်၍ လာနေသည်ကို ကောင်းစွာ တွေ့လာရသော် သူ၏ တစ်ကိုယ်လုံးမှာ လွန်စွာမှပင် တုန်တုန်ယင်ယင် ဖြစ်နေချေပြီ။ ငှက်ကြီးတောင်ဓားဖြင့် မြွေကြီးကို ပိုင်းရန်ဝေးစွ၊ ဓားကို လက်ထဲမှ ပြုတ်မကျစေရန် မနည်းကိုင်ထားရ၏။

ဤတွင်...

'ဟဲ့ ဖိုးဆိတ် ခုတ်လိုက်ပါတော့လား။ မိမိ ရရ ခုတ်လိုက်ပါတော့လား'

ဆိုသည့် အသံတစ်သံကိုလည်း ကြားလာရပြန်လေရာ စိတ်အားငယ်မှုမှာမှု ပြောမပြတတ်လောက်အောင်ပင် တည်း။

မိမိကိုယ်မိမိ ပုရွက်ဆိတ်တစ်ကောင်ထက် ငယ်ရုံမျှမက ဖွဲမှုန်ကလေး တစ်မှုန်ထက်ပင် တစ်စတစ်စ ငယ်၍ငယ်၍ သွားနေသည်ဟုလည်း စိတ်ထဲမှ ထင်လာမိ၏။

တဟည်းဟည်း မြည်သံကြီးကလည်း အရှိန်မြင့် ကျယ်လောင်လာသည်နှင့်အတူ မြွေကြီးမှာလည်း သူ့ခြေထောက်အနီးသို့ပင် ရောက်နေလေပြီ။

'ဟဲ့...လူမိုက် ဖိုးဆိတ်ရဲ့ ခုတ်လိုက်လေ။ ခုတ်လိုက်လေ။ အခုလို အချိန်မှာမှ ချက်ချင်း မခုတ်ရင် အမိုက်နင့်ပြင် ရှိပါဦးမလားဟဲ့'

ဟု တတွတ်တွတ် ပြောနေသံမှာလည်း မြွေကြီးကိုသာ မိမိက ဓားဖြင့် မပိုင်းပါက မိမိကို တစ်စုံတစ်ခု ဖြစ်သွားစေရန် လုပ်တော့မည့် လေသံတွေပင် ပါလာသလိုလို ထင်လာရတော့၏။

ဖိုးဆိတ်ခမျာ ရှုံစုမဲ့စု သတ္တိကလေးတွေကို ဖျစ်ညှစ်စုစည်းနေစဉ်တွင်ပင် မြွေကြီးသည် ကုက္ကိုပင်ကြီး၏ အမြစ်များ အကြားရှိ တွင်းတစ်တွင်း အတွင်းသို့ စတင် ဝင်နေလေပြီ။ ကြည့်နေရင်းကပင် တလျှောလျှောနှင့်ဝင်၍ ခါးလယ်ခန့် ရောက်နေလေပြီ။

ခါးလယ်ခန့်မှ လေးပုံ တစ်ပုံခန့် တစ်တောင်ခန့်၊ တစ်တောင်ခန့်မှ တစ်ထွာခန့်၊ တစ်ထွာခန့်မှ တစ်မိုက်ခန့်သာသာလောက်သာ မြေပေါ်တွင် ကျန်တော့သည့် အချိန်တွင်မှ ဖိုးဆိတ်ခမျာ ဓားနှင့် တုန်တုန်ယင်ယင် ပိုင်းလိုက်မိပါတော့သည်။

မြွေကြီးတွင်းအတွင်းသို့ လုံးလုံးလျားလျားပင် ရောက်သွားချေပြီ။ မြေပေါ်တွင် ကျန်ခဲ့သည်မှာတော့ **လက်သန်းတစ်ဆစ် သာသာခန့်ရှိသော တဝင်းဝင်း လက်နေသည့် မြွေအမြီးဖျားလေးပင် ဖြစ်၏။** ထွက်ပြူခါစ ဆန်းစလရောင်အောက်တွင် ယင်းအရာလေးကို မြင်နေရ၏။

ခုနက တဟည်းဟည်း မြည်သံကြီးကိုလည်း မကြားရတော့။ ဓားဖြင့်ခုတ်ရန် တိုက်တွန်းသည့် အသံကြီးကိုလည်း မကြားရတော့။ ညသည် ဘာမှ မဖြစ်ခဲ့သလိုပင် ရှိနေချေ၏။

ဖိုးဆိတ်သည်လည်း အတော်အတန်ပင် ပုံမှန်သောစိတ် ပြန်ဝင်လာပြီ ဖြစ်လေရာကား မာတောင့်နေသော မြွေအမြီးဖျားကလေးကို ခါးပိုက်ထောင်ထဲသို့ ထည့်ကာ၊ ခါးတောင်းကျိုက် ပြေနေပြီဖြစ်သော ပုဆိုးကို ပြင်ဝတ် ငှက်ကြီးတောင်ဓားကို လက်တစ်ဖက်ဖြင့် ငိုက်စိုက်ကိုင်ရင်း အိမ်သို့ပြန်လေတော့၏။

အိမ်ရောက်သော်မှ မီးခွက်ကို သေချာစွာထွန်းပြီး မြွေမြီးပြတ်ကလေးကို သေချာစွာ ကြည့်လေသော် ရွှေသားအတိ ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။

ယခုမှသာလျှင် မြွေကြီးကို ခါးလယ်လောက်နေရာမှ မခုတ်ပိုင်းလိုက်မိလေခြင်းဟု အသည်းတွေနာ နောင်တတွေ ရနေမိလေ၏။ သို့နှင့်ပင် တောက်တခေါက်ခေါက်နှင့် မိုးစင်စင်လင်းရလေတော့သည်။

နံနက်လင်းသော် ရွာဦးဆရာတော်ထံသွား၍ မြွေမြီးပြတ်ကလေးကို ပြကာ ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြလေသော် ဆရာတော်က ဟက်ဟက်ပက်ပက် ရယ်လေတော့သတည်း။ အရယ်ရပ်တော့မှ...

'ဟဲ့... ဖိုးဆိတ် ငါလဲ ပန်းထိမ်ဆရာဘဝကနေ ဘုန်းကြီးဝတ်လာတဲ့ကောင်ပါဟ။ နင်ပြီးလဲ သေသေချာချာဖြီးမှပေါ့။ ခုတော့ ကုက္ကိုမြစ် အစကလေးကိုပြီး မြွေအမြီးပြတ်ကဖြစ်တဲ့ရွှေလို့ ပြောလိုပြောနဲ့ သွား... သွား...အိမ်ပြန် ရေတွေ ဘာတွေ ချိုးလိုက်ပဦး။

ညက နင် အရက်တွေပဲ မူးအောင်သောက်မိသလား။ ဟိုအကောင် ဂျမားခန့်တို့နဲ့ပေါင်းပြီး ဂန့်ဂျာတွေ ဘာတွေများ ရှူမိလို့ အခုထိမပြေသေးတာလား။ အင်း နေဦး၊ ဟောဒီ ပရိတ်ရေလေးကိုလဲ သောက်သွားဦး'

ဟု ပြောလေရာ ဖိုးဆိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com

အရူကြောင်ကြောင် ဖြစ်သွားလေတော့၏။

လက်ထဲမှ ရွှေတုံးကလေးကို သေသေချာချာ ကြည့်မိပြန်သည်။ ရွှေမှ ရွှေအစစ်။ ဘယ့်နှယ် ဆရာတော်များ နောက်လေရော့သလား။ မဖြစ်နိုင်။ ဆရာတော်သည် စကားကို အမှန်သာ ပြောသည်။ ဆရာတော့်ကို ဆင်ခြေတက်ရန် မဝံ့ဖြစ်ပြန်လေရာ တိုက်သည့် ပရိတ်ရေကိုသောက်၍ ရွှေတုံးကလေးကို ခါးပိုက်ထောင်ထဲ ထည့်ကာ ပြန်လာလေရတော့သည်။

အိမ်နားရောက်ခါနီးတွင် ဆုံသော ကာလသားခေါင်း စံမြကို ပြကြည့်ပြန်တော့လည်း အလှောင်ခံရပြန်သည်။ ကုက္ကိုမြစ်ကြီးကို ရွှေလာလုပ်နေသည်တဲ့။

ခက်တော့ ခက်နေပြီ။ သူ့အမြင်တော့ ရွှေအစစ်မှ အစစ်ပါ။ နေမြင့်လာသည်နှင့်အမျှ နေရောင်တွင် ရွှေရောင်မှာ ပို၍ပို၍ ဝင်းဝင်းအိ၍ လာနေသည်။

မခံချင်သည်နှင့် သူ့ရွှေတုံးကလေးကို ရွာအနှံ့လိုက်ပြပြီးသည့်တွင်မှ...

'ဖိုးဆိတ်တစ်ယောက်တော့ ယဉ်ယဉ်ကလေးနဲ့ ရွှေရူးဖြစ်နေပြီ'

ဟု ပြောလာကြလေတော့၏။

ဖိုးဆိတ် မရူးပါ။ သူ့ကိုယ်သူ သေချာစွာ သိပါသည်။ တစ်ရွာလုံးမှ လူများကို ကောင်းစွာပင် မှတ်မိသေးသည်။ ပရိတ်ကြီး(၁၁)သုတ်ကိုလည်း ကြောင်းကြောင်းပြေး ရွတ်နိုင်သေးသည်။ သူ့ကိုယ်သူလည်း ကောင်းစွာ မှတ်မိနေပါသေးသည်။ နေဝင်ချိန်၊ နေထွက်ချိန်ကိုလည်း ကောင်းကောင်း ခွဲခြားနိုင်သေးသည်။

တခြားသူတွေနှင့် ဘာမှ ထူးခြားမနေပါ။ ထူးခြားနေသည်မှာကတော့ **သူ့ရွှေတုံးကလေးကို တစ်ရွာလုံးက ကုက္ကိုမြစ်ကလေး**ဟု ပြောနေကြခြင်းသာလျှင် ဖြစ်ပါသည်။

ဖိုးဆိတ် ထိုအချက်ကို မကျေနပ်နိုင်။ ထို့ကြောင့် အိတ်ရှိုကလေးတစ်လုံး လုပ်ကာ ရွှေတုံးကလေးကို ထည့်၍ လည်ပင်းတွင် ဆွဲထားလိုက်သည်။ နေ့စဉ်ပင် ထုတ်၍ထုတ်၍ကြည့်သည်။ ရွှေမှရွှေပါပဲ။ မည်သို့မှ ပြောင်းလဲမသွား။ သို့သော် မည်သူ့ကိုမှ ထိုအကြောင်း ထပ်၍မပြောတော့။ ထို့ကြောင့် ဖိုးဆိတ်အား စိတ်မမှန်တော့သလိုလို ပြောနေကြသံတွေလည်း တစ်စထက်တစ်စ ပျောက်၍သွားတော့၏။

တစ်နေ့သော် ရွာမှ စပါးပွဲစားအချို့နှင့် မြို့သို့ လိုက်သွားမိရာမှ မြို့ရှိ ပွဲစားကြီး ဦးဘသော်၏အိမ်တွင် ရောက်နေသော ပိတ်ဖြူဝတ်ထားသူ လူကြီးတစ်ဦးကို သူ့ရွှေတုံးကလေးအား ပုန်းလျှိုးကွယ်လျှိုးဖြင့်(ဦးဘသော်တို့ မိသားစုအပြင် တခြား မည်သူမျှ မမြင်ရလေအောင်)ပြမိရာ ထိုလူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍...

'ငါ့သား ခုချိန်ကစပြီး မင်းရဲ့ဟာကလေးကို ဘယ်သူ့မှ မပြနဲ့တော့။ ဒါဟာ ရွှေအစစ်ပါပဲ။ ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာ တခြားသူတွေကို လိုက်မပြရဘူးကွယ့်'

ဟု ပြောလေတော့၏။ ဖိုးဆိတ် ခေါင်းညိတ်လိုက်ပါသည်။ သူ့ရွှေတုံးကလေးအား ရွှေအစစ်ဟု သတ်မှတ်သည့် သူတစ်ယောက်ကို တွေ့လိုက်ရသဖြင့်လည်း အတိုင်းမသိ ဝမ်းသာသွားမိ၏။ ထို့နောက် ပိတ်ဖြူဝတ်လူကြီးက...

'ကျုပ်တဲ့ မြွေကြီးရဲ့ ခန္ဓာကိုယ်ကိုရော မလိုချင်ဘူးလားကွယ့် ငါ့မြေးရဲ့'

ဟု မေးပြန်၏။ ဤတွင် မြွေကြီးကို အခဲမကျေ ဖြစ်နေသေးသော ဖိုးဆိတ်က...

'အဘက လုပ်ပေးနိုင်လို့လား'

ဟု ပြန်မေးလိုက်ပါသည်။ ဤတွင်...

'ဘယ့်နှယ်ပြောပါလိမ့်ကွယ်။ အဘအတွက် ဒါဟာ အသေးအဖွဲပါကွယ်။ ဒါပေမယ့် ရလို့ရှိရင်တော့ အဘကို တစ်ဝက်ပေးပုံမယ်လို့ သားက ကတိပေးရလိမ့်မယ်ကွယ့် ဘယ့်နှယ်လဲ'

ဟု ပိတ်ဖြူဝတ်လူကြီးက ပြန်ပြောပါသည်။ ဖိုးဆိတ် ကတိကို တွင်တွင်ကြီးပေးကာ လကွယ်နေ့ညတွင် ကုက္ကိုပင်ကြီးအောက်တွင် ဆုံရန် အချိန်းအချက်ပြု၍ ရွာသို့ ပြန်လာခဲ့လေသည်။

ရောက်နိုင်ခဲလှသော လကွယ်ညကို စောင့်နေရင်းကပင် ရောက်လာပါပြီ။ အဘ ပိတ်ဖြူဝတ်လူကြီး မှာထားသည့်အတိုင်းပင် ရွှေတုံးကလေးနှင့် ငှက်ကြီးတောင်မားကိုပါယူကာ ကုက္ကိုပင်ကြီးအောက်သို့ ဖိုးဆိတ်တစ်ယောက် သွားလေတော့သည်။

ထမင်းအိုးတစ်လုံးချက်ခန့် ကြာသော် တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်လာသော ပိတ်ဖြူဝတ်လူကြီး ရောက်လာလေ၏။

သူက အချိန်ခေတ္တမျှ စောင့်ပြီးသော် ဖိုးဆိတ်ထံမှ ရွှေတုံးကလေးကို တောင်းယူကာ မြွေကြီး ဝင်သွားသော တွင်းပေါက်ဝတွင်ချ၍ တောင်ဝှေးကြီးဖြင့် စည်းဝိုင်းတစ်ဝိုင်း တားလေတော့သည်။ ကုက္ကိုပင်ကြီးအားလည်း သူ့တောင်ဝှေးကြီးဖြင့် ခေါက်၍ ပါးစပ်မှလည်း "ဟုံ"တွေ၊ "ဆွာဟာ"တွေ၊ "ဆိရိ"တွေ၊ "ဖဋ်"တွေ များစွာပါသော မန္တန်တွေကို တွင်တွင်ရွတ်လေတော့၏။

ထို့နောက် သူ့သျှောင်ထုံးကို ဖြေချလိုက်ကာ ဖိုးဆိတ်၏ သျှောင်ကိုလည်း ဖြေချရန်နှင့် ခါးတောင်းကျိုက်ထားသော ပုဆိုးကိုပါ ဖြေချလိုက်ရန်ပြောပြီး သူကိုယ်တိုင်လည်း အဝတ်အစားတွေကို ချွတ်ချလိုက်လေသည်။

နံပြိုင်းပြိုင်းထပြီး အရေပြားတွေကလည်း ပျော့အိပျော့တွဲ ဖြစ်နေသော ဆံပင်ဖြူကြီး ဖားလျားနှင့် ဘောင်းဘီတိုဝတ်ထား အဘိုးကြီးကိုကြည့်၍ ကြောက်လာသလိုလို ရှိလာသဖြင့် အဘိုးကြီးပေးသော ဘောင်းဘီတို အမည်းကြီးကို ဝတ်လိုက်ကာ သူ့ပုဆိုးကိုလည်း ဖြေချွတ်ချလိုက်ပါသည်။



www.burmeseclassic.com

'ငါ့သား ဘာတွေတွေ့ မကြောက်နဲ့နော်။ အဘရှိတယ် သိလား။ ပြီးတော့ ဖါတို့လုပ်ငန်း မပြီးမချင်း ဟောဒီ စည်းဝိုင်းထဲက လုံးဝ မထွက်နဲ့။ ထွက်ရင် စည်းပေါက်ပြီကွယ့်။ မထွက်ဘဲ နေနိုင်ရင်တော့ မင်းလိုချင်တဲ့ ရွှေတွေကို သေချာပေါက် ရမှာပေါ့ကွယ်။ အဘ ကတိပေးတယ်'

ဟုလည်း ပြောသေးသည်။ ထို့နောက် မန္တန်ပေါင်းများစွာကို ဆောင့်၍ ဆောင့်၍ ရွတ်ကာ မြေကြီးကိုလည်း ဖနောင့်နှင့်ပေါက်။ သူ့လွယ်အိတ်ထဲမှ ဆေးနီရည်တွေနှင့်လည်း မြေတွင်းအဝကို ဖြူးလေသည်တွင် ယခင် ကြားခဲ့ရဖူးသော တဟည်းဟည်း မြည်သံကြီးကို ကျယ်လောင်စွာ ကြားလာရပြန်လေသည်။

ယခင် ကြားခဲ့ရတုန်းကတော့ တိုးရာမှ တဖြည်းဖြည်း ကျယ်လာခြင်းဖြစ်ကာ ယခုမူ စတင်၍ ကြားရလျှင် ကြားရခြင်းပင် အသံအကျယ်ကြီး ဖြစ်နေလေသည်။ ဖိုးဆိတ်၏စိတ် ရုတ်ခြည်းပင် ညှိုးငယ်သွားရသည်မှာလည်း ချက်ချင်းပင် လဲသေချင်စိတ် ပေါက်လာသလိုပင် ဖြစ်သွားရသည်။

ပိတ်ဖြူဝတ် လူကြီးသည်လည်း မျက်နှာသွေးဆုတ်နေပြီး တောင်ဝှေးကြီးပင်လျှင် တုန်နေသည်ကို ဖိုးဆိတ် ခပ်ရေးရေး တွေ့နေရလေသည်။ လကွယ်ည ဖြစ်သဖြင့် မှောင်မည်းလိုက်သည်မှာလည်း ကုက္ကိုရွက်များအကြားက ဖြတ်သန်းလာသော ကြယ်ရောင် မှုန်ပျပျကိုသာ အားပြုနေရသည်။

အဘိုးကြီးသည်လည်း သူ၏ ရွတ်ဖတ်မှုများကို နှစ်ဆတိုး၍ အရှိန်မြှင့်လိုက်ကာ **ပုလင်းတစ်လုံးအတွင်းမှ ကျင်ငယ်စော် လွှန်စွာနံသော အရည်များကို မြေတွင်းအဝသို့ လောင်းချလိုက်သည်တွင်** ဝင်းခနဲ အလင်းရောင်ကြီးတစ်ခုကိုသာ မြင်လိုက်ရပြီး နောက်ပိုင်း ဘာတွေဖြစ်သည်ကို



ဖိုးဆိတ် မသိတော့ပါချေတည်း။

မိုးလင်းသော် **ကုက္ကိုပင်ကြီး၏ တစ်ခုသော အမြစ်ပေါ်ဝယ် သူ့အိတ်ရှုံ့ကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ငုတ်တုတ်ကလေး ထိုင်နေကာ မျက်လုံးကြီး ကလည်ကလည်ဖြင့် ဖိုးဆိတ်ကို ရွာသားများ တွေ့ကြရလေတော့သည်။** ယင်းရွာသားများအထဲတွင် ယခု ဇာတ်လမ်းကို ပြောပြနေသော ဘတင်ဦးလည်း ပါ၏။

* * *

'ဒါနဲ့ အဘတို့လဲ ဒီကောင့်ကို အတင်းဆွဲပြီး ခေါ်လာကြရတယ်ကွယ့်။ သူက ပေကပ်ကပ်နဲ့ မလိုက်ဘူး လုပ်နေတာကို။ အိမ်ရောက်တော့မှ ချော့မော့ပြီး ရေတွေ ဘာတွေချိုးပေး။ ပရိတ်ရေတွေ ဘာတွေတိုက်လုပ်တော့ ညက ဖြစ်ခဲ့သမျှတွေကို သူ မှတ်မိသမျှ ပြန်ပြောပါသကွာ။

ခုနက အဘပြောခဲ့တာတွေက သူ ပြောခဲ့တာတွေပါပဲ။ ပို နည်းနည်း လိုနည်းနည်းတော့ ရှိမှာပေါ့။ နှစ်တွေကလဲ ကြာခဲ့ပြီ မဟုတ်လားကွယ်။

ညနေဘက်ကျတော့ ခမျာလဲ မောရှာတယ် ထင်ပါရဲ့။ အစောကြီး အိပ်ပျော်နေတာကို အဘတို့ တွေ့ရတယ်။ ညနေဘက်ရောက်တော့ စိတ်မချတဲ့ကောင်တွေကို ဖိုးဆိတ်ကို သွားချောင်းကြသေးတာကို။

ကြမ်းပေါ်မှာ ခွေခွေကလေး အိပ်နေတာ တွေ့တော့ သွားချောင်းတဲ့ ကောင်တွေကလဲ စိတ်ချရပြီဆိုပြီး ပြန်ခဲ့ကြတာပေါ့။

ဟိုအကောင် ငပုက စောင်ကလေးတောင် ခြုံပေးခဲ့သေးတယ်။ ဒီကောင်က နာမည်ကသာ ငပု အင်မတန်ရှည်တတ်ကိုး။ နည်းနည်းကလေးတော့ အတွန့်တက်လိုက်ရမှ ကျေနပ်တဲ့ ကောင်။

ဒါပေမယ့် နောက်နေ့ မနက်ကစပြီး ဖိုးဆိတ်ဟာ မင်းတို့ အခု မြင်တွေ့နေကြရတဲ့အတိုင်း ဖြစ်သွားတော့ရှာတာ ပါပဲကွယ်'

ဟု ဘတင်ဦးက သူ့စကားကို အဆုံးသတ်၍ ရေနွေးကြမ်းကို အရသာခံကာ တစိမ့်စိမ့် သောက်နေလေတော့သည်။

**အဝိဇ္ဇာတည်းဟူသော မသိမှုသည် မရှိ ထင်ရဲခြင်းတက်ပင် ဆိုးလေသည်ကို ယခု ဦးဖိုးဆိတ်၏ အဖြစ်အပျက်မှ သင်ခန်းစာ ရလိုက်ပါသည်။**

ကျွန်တော်တို့ သံသရာ လည်နေရခြင်း၏ အစမှာလည်း ယင်း **အဝိဇ္ဇာနှင့် တဏှာတို့ နှစ်ခုကြောင့်ပင် ဖြစ်လေရာ ယင်းတို့ကို ပယ်သတ်နိုင်ရန်မှာ ဝိဇ္ဇာတည်းဟူသော သိမှုမှလွဲ၍ အခြားမရှိသည်မှာ အကြွင်းမဲ့ပင် ဖြစ်လေတော့သတည်း။**

ဦးမျိုး(ဖီးကုန်း)

မှတ်ချက်

*မှတ်ချက်* ။ ။ *လက်ပံတန်းမြို့မှ ဒေါ်မြင့်မေ ပြောပြသော ဖြစ်ရပ်ကို အမည်များ ပြောင်းလဲ၍ ဆီလျော်အောင် ပြန်လည် ရေးသားထားခြင်း ဖြစ်ပါသည်။*

www.burmeseclassic.com

ထူးဆန်းသော

# ထဘီသူခိုး

ဦးစောဝှန်း
(ကလေးဝ)



ကျွန်မ ကလေးဝမှ နောပင်ရွာသို့ သွားရန် အိတ်ကိုလွယ်ပြီး ခြင်းတောင်း ကိုဆွဲကာ နံနက်(၈)နာရီ ထွက်မည့် ကလေးဝ–မော်လိုက် လိုင်းစက်လှေ ဆိုက်ကပ်ရာသို့ ခပ်သော့သော့ ထွက်ခဲ့ ပါသည်။

စက်လှေပေါ် ရောက်ရောက်ချင်း **"သမီးလေး . အန်တီခင်းထားတဲ့ သင်ဖြူးဖျာပေါ် လာထိုင်ပါလား"**အသံ ကြားရာဘက်သို့ ကြည့်လိုက်ရာ အသက် (၅၀)ခန့် အမျိုးသမီးတစ်ယောက်ကို တွေ့ ရပါသည်။

အန်တီကြီးမှာ သေးသေးသွယ်သွယ် ပျော့ပျော့ပျောင်းပျောင်းပင် ဖြစ်၏။ အသားလတ်လတ်နှင့် နှာတံပေါ်ပေါ် မျက်နှာထားမှာ ချစ်စဖွယ်ဖြစ်ကာ လူ ကိုယ်တိုင်မှာလည်း နွဲ့နွဲ့နှောင်းနှောင်း ဖြစ်သောကြောင့် သူ့အသက်နှင့် လိုက် လျောအောင် ရင့်မာခြင်း မရှိသေးပေ။ ဝတ်စားဆင်ယင် ထားသည်ကလည်း တည်တည်တံ့တံ့ဖြစ်ပြီး ရှိသင့်ရှိထိုက် သော လက်ဝတ်ရတနာများသာ ဝတ်ထား သည်။

ကျွန်မ ဝင်ထိုင်လိုက်ပြီး (၁၀)မိနစ် လောက်မှာ စက်လှေ စ,ထွက်တော့သည်။ စက်လှေမှာ မြန်ဆန်လွန်း၍ အေးလာ သောကြောင့် အပေါ်ဖုံးအင်္ကျီကို ဝတ် လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

‘သမီးကလေးက ဘယ်ကို လိုက်မလို့လဲ’

ဟု အန်တီကြီးက စကားစ,လိုက်သည်။

‘သမီးက ဟိုအထက်နားက ဂဇက်ရွာမှာ ဆင်းပြီး အဲဒီကနေ (၆)မိုင်လောက် ခြေကျင်လျှောက်ရင် ရောက်မယ့် နှောပင်ကျေးရွာကိုပါ အန်တီ’

‘ဪ နှောပင်ရွာမှာ ဘာကိစ္စရှိလို့လဲ’

‘သမီးရဲ့ ဘိုးဘိုး ဘွားဘွားတို့က နှောပင်ရွာမှာ နေကြပါတယ်။ အဲဒီကို မရောက်တာကြာလို့ လည်ရင်း ကန်တော့ရင်းပါ အန်တီ’

‘သမီးကလေးက ကျောင်းသူလား။ ကျောင်းပြီးပြီလား။ ဘာအလုပ်တွေ လုပ်သလဲ’

‘သမီးက (၁၀)တန်းအောင်ပြီး မုံရွာ ပညာရေးကောလိပ်မှာ တက်ခဲ့ပါတယ်။ အဲဒီမှာ ထူးချွန်ရလို့ စစ်ကိုင်း ပညာရေးတက္ကသိုလ်က ကျောင်းပြီးခဲ့ပါပြီ။ ခုတော့ ပညာရေးဌာနက တာဝန်ပေးမယ့် အမိန့်ကို စောင့်ရင်း အားလပ်ခွင့်ရတာနဲ့ ထွက်ခဲ့တာပါ’

‘ဪ… တော်လိုက်တဲ့ သမီးကလေး နော် အသက်’

‘(၂၃)နှစ်ပါ’

‘နာမည်ကလေးကရော’

‘နုနုအေးလို့ ခေါ်ပါတယ် အန်တီ’

‘ဪ…နာမည်နဲ့ လူနဲ့ လိုက်မှလိုက်ကွယ်’

ကျွန်မ ရှက်ပြုံး ပြုံးမိပါသည်။

‘ဒါဖြင့် သမီးကလေးက မကြာခင် အထက်တန်းပြ ဆရာမကြီး ဖြစ်တော့မှာပေါ့’

ကျွန်မ ခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်ပါသည်။

‘ကဲ သမီးကလေး အလှည့်ကတော့ ပြီးသွားပြီ၊ အန်တီကြီးရဲ့နာမည်က ခေါ်(…) မော်လိုက်ရုံးက ဦးစီးအရာရှိပါကွယ်။ နောင် တွေ့ရင်လဲ ခေါ်ပေါ့’

‘ဟုတ်ကဲ့ အန်တီကြီး’



နှစ်ဦးသား စကားကောင်းနေတုန်း စောစောက ငွေတောင်းခံလွှာ ပေးသွားသော စက်လှေ လုပ်သားကလေးမှ…

‘ဂဇက်ရွာမှာဆင်းမယ့် ခရီးသည်များ ခင်ဗျာ စက်လှေ ဆိုက်ကပ်တော့မှာဖြစ်လို့ အဆင်သင့် လုပ်ထားကြပါခင်ဗျာ’

ဟု နှိုးဆော် သတိပေးသံကို ကြားလိုက်ရသည်နှင့်…

‘ကဲ…အန်တီ သမီးကို ခွင့်ပြုပါဦး ကျေးဇူးတင်ပါတယ်’

စက်လှေ ဆိုက်ကပ်၍ ကျွန်မ ဆင်းလိုက်တော့ ဦးလေးအောင်နှင့် သူငယ်ချင်း တစ်သိုက် ကြိုတင်အကြောင်းကြားထား၍ အသင့်စောင့်ဆိုင်းနေကြပြီး ကျွန်မ၏ ပစ္စည်းပစ္စယများကို သယ်ဆောင်သွားကြပေပြီ။

တောင်ကိုကျော် ချောင်းကိုဖြတ်၍ ခြေကျင်ခရီး လျှောက်ခဲ့ကြရာ နှောပင်ရွာသို့ ရောက်ခဲ့ပေပြီ။ ဘိုးဘိုး ဘွားဘွားတို့က ရွာထိပ်သို့ လာကြိုကြသည်။ ဘွားဘွားက ကျွန်မကို တွေ့တွေ့ချင်း ဖက်ယမ်းနမ်းရှုပ်၏။ ဝမ်းသာလွန်း၍လားမသိ ဘွားဘွားပါးစပ်က အသံမထွက်တဲ့ လှုပ်ရှုရှု ဖြစ်နေပြီး မျက်ရည်များပင် တတွေတွေ ကျလာ၏။

‘အို…ဘွားဘွားကလဲ’

ကျွန်မမှ ကျလာသော မျက်ရည်စများကို လက်နှင့် သုတ်ပေးပါသည်။

ဘိုးဘိုးက…

‘ကဲ…ကဲ သွားကြရအောင်။ ငါ့မြေးမလေး အိမ်ရောက်မှ အနားယူရမှာ’

နှောပင်ရွာသည် **အိမ်ခြေ(ရ၀)ကျော်** သာရှိပြီး တောင်သူ လယ်လုပ်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းသူများ ဖြစ်သည်။

ဘိုးဘိုးတို့အိမ်မှာ လေးပင်ပတ်လည် ပျဉ်ထောင်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးအိမ် ဖြစ်ပါသည်။ အိမ်တွင် ဦးလေး ဦးမြအောင်၊ ဒေါ်လေး ဒေါ်လှတင်တို့သာ ရှိကြသည်။ ကလေးသားငယ် လုံးဝ မရှိကြ။ လယ်ကို ဦးလေးဦးမြအောင်က ဦးစီးလုပ်ကိုင် စားသောက်နေကြသည်။

ကျွန်မရောက်တော့ ဆွေမျိုးတစ်စုနှင့် သူငယ်ချင်းများ လာကြ၏။ စကားတွေ ဖောင်ဖွဲ့အောင် ပြောကြ၏။ ပါလာသော မုန့်ပဲသရေစာများကို ကျွန်မက ဝေငှပေးလိုက်၏။

‘ကဲ…ငါ့မြေးကလေး သက်သောင့်သက်သာ အနားယူပေတော့။ ဘိုးဘိုးဖြင့် ငါ့မြေးကို တွေ့ရတာ ဝမ်းသာသကွာ။ ခဏနားပြီး ရေချိုးပေတော့ ထမင်းစားကြရအောင်’

အမှောင်ထုက လွှမ်းစပြုလာပြီ။ ဘိုးဘိုး ဘွားဘွားတို့အား ကန်တော့ရန် ပါလာသော လုံချည်၊ အင်္ကျီစ၊ မုန့်ပဲသရေစာနှင့် ဆေးပုလင်းများကို ယွန်းလင်ပန်း တစ်ချပ်ထဲသို့ ထည့်ကာ ကန်တော့လိုက်ပါသည်။

ကန်တော့ပြီး စားပွဲတစ်လုံးတွင် စီစီရီရီ ထပ်တင်ထားလိုက်သည်။ စကားဝိုင်းကို ပြန်စကြ၏။ ည(၉)နာရီထိုးပြီဖြစ်၍ ရွာမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

‘ကဲ…ကဲ ဒီနေ့ညတော့ ငါ့မြေးလဲ ခရီးကပန်း။ ညောင်းညာလာခဲ့တော့ စကားဝိုင်းကို ရပ်ကြဦးစို့။ မနက်ဖြန်ကျမှ ဆက်ကြတာပေါ့’

‘ဟုတ်ကဲ့ ဘိုးဘိုး’

‘မြေးကလေး အိပ်ရမယ့်အခန်းက ဒီအခန်းနော် ညအိပ်ရင် တံခါးကို ဂျက်ထိုးပြီးအိပ်’

‘ဟုတ်ကဲ့ပါ ဘိုးဘိုး’

အဝတ်အစား ထည့်ထားသော အိတ်ကိုယူ၍ ကျွန်မ အိပ်ခန်းထဲသို့ ဝင်သွား၏။ အိပ်ရာ အဆင်သင့် ခင်းထား၏။ အိတ်ထဲမှ အဝတ်အထည်များကို တစ်ခုစီထုတ်၍



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာဘေးတွင် ထပ်ထား၏။

'ဒီမရန်းရောင် ဖဲသားထဘီကလေးကတော့ တစ်ခါမှမဝတ်ရသေးဘူး။ မနက်ဖြန်မနက် ဆရာတော့်ကျောင်း အချိုပွဲပို့သွားမှပဲ ဝတ်မယ်'

ဟု အတွေးဖြင့် အောက်ဆုံးမှ ထား၍ ထပ်လိုက်၏။ တံခါးကို ဂျက်ထိုး၏။ ဘုရားကို ဝတ်ချပြီး ဖယောင်းတိုင်မီးကို ငြိမ်းကာ တစ်ညတာ အနားယူပါတော့သည်။

နံနက်(၆)နာရီ အိပ်ရာမှ နိုးလာသည်။ ကျွန်မ စီထပ်ထားသော အဝတ်ပုံမှာ လျှောကျနေပြီး **ကျွန်မ၏ ဖဲထဘီမှာ လုံးဝ မရှိတော့။**

'ဟောတော့ ဘယ်လိုဖြစ်တာလဲ'

ကျွန်မ အိပ်ရာမှထပြီး အခန်းအပြင်သို့ ထွက်လာသည်။ ကျွန်မ ကန်တော့သော လုံချည်၊ အင်္ကျီစများ စားပွဲပေါ်တွင် ပကတိ အတိုင်းသား။ သွားတိုက်၊ မျက်နှာသစ် သနပ်ခါးရည်ကျဲလိမ်းပြီး ဘိုးဘိုး၊ ဘွားဘွား တို့ ညေ့ခန်းဆီသို့ လျှောက်ခဲ့၏။

'ဟော့ ငါ့မြေးကလေး နိုးလာပြီလား၊ ညက အိပ်လို့ကောင်းရဲ့လား'

'ဟုတ်ကဲ့ ဘိုးဘိုး အိပ်လို့တော့ ကောင်းပါတယ်'

'ဟဲ့ အိပ်လို့ကောင်းတော့ ကောင်းပါ တယ်ဆိုတော့ ဘာများ မကောင်းလို့လဲ'

'ဘိုးဘိုး ညက ကျွန်မထဘီ အသစ်စက်စက် ကလေး ပျောက်သွားတယ် ဘိုးဘိုး'

'အေး…အေး…ဟုတ်ပြီ၊ ငါ့မြေးကို ကြိုတင်မပြောထားရဘူးကွယ်။ လာ လာ ဒီမှာ ငါ့မြေးစားဖို့ ပေါင်းတင်း(ခဲတံချောင်း) ခရမ်းသီးမီးဖုတ်သုပ်စား ဟောဒီမှာ ရေနွေး ကြမ်းသောက်ရင်းနားထောင် ဘိုးဘိုး ပြောပြမယ်။

ဟို…လွန်ခဲ့တဲ့ နှစ်(၂၀)လောက်က ဒီနှောပင်ရွာ အရှေ့ဘက်မှာ **ဆပ်သွားချောင်းဆိုတဲ့ ကန်းကလေးတစ်ကုန်း ရှိတယ်။** အဲဒီကုန်းမှာ ကိုရင်ကြီးတစ်ပါး ကျောင်းထိုင်တယ်။ သူ့ကျောင်းမှာ စိုက်ပျိုးထားတဲ့ သရက်၊ ပိန္နဲ၊ မာလကာ၊ ငှက်ပျော၊ သံပရာ၊ ရှောက်တို့ကို သူ မရှိတဲ့အခါ



ရွာသူရွာသားတွေက နိုးယူစားသောက်ကြလို့ ကျောင်းစောင့်အဖြစ် ပရလောကသားတစ်ဦးကို မွေးထားခဲ့သတဲ့။

**လူတွေကိုတော့ မခြောက်ရ၊ မလှန့်ရ၊ သေအောင်၊ ပျောက်အောင်၊ ရူးအောင်၊ သွပ်အောင် မလုပ်ရဘူး။ မင်းရဲ့ရုပ်ကိုလဲ မပြရဘူးလို့ သစ္စာဆိုထားခဲ့သတဲ့။**

ကိုရင်ကြီး ရှိတုန်းကတော့ ကျောင်းက လွဲပြီး ဘယ်မှ သွားတဲ့သဘော မရှိဘူး။ ကိုရင်ကြီးလဲ ပျံတော်မူရော သူလဲ သွားချင်ရာသွားဆိုတဲ့ သဘောပေါ့။

စောစောပိုင်းကတော့ နေလှန်းထားတဲ့ ထဘီ မသိမ်းမိလို့ ညကို ထားမိရင် ပျောက်တယ်။ ပိုင်ရှင်တွေကလဲ ဟိုလူထင် ဒီလူထင် ဖြစ်ခဲ့ကြရတယ်။ ဒါလဲ အသစ်မှ ပျောက်တာ။ ချည်ကြမ်းတို့ နှစ်နှစ်ပတ်တို့ဆိုရင် မခိုးဘူး။

နောက်ပိုင်းကျတော့ **ချုပ်ပြီး မဝတ်သေးတဲ့ထဘီတွေ ပျောက်ပြန်ရော။ ကောင်းပေ့ဆိုတဲ့ တားကြီးတို့၊ ကီမိုနို၊ ပိုးဖဲကတ္တီပါတွေ ချုပ်ပြီး** မဝတ်သေးရင် ခိုးတာပါပဲ။ ခိုးမှာစိုးရင် မချုပ်ဘဲ ထားကြရတယ်။

တချို့က သူခိုးဒဏ်ကို ကြောက်ပြီး သေတ္တာထဲထည့် သော့ခတ်ထားလဲ ခိုးတာပဲ။ ဟိုတက်အိမ်က အေးမြက သူ့ထဘီ အသစ်ကိုခေါက်၊ အပေါ်က လက်ဝတ်ရတနာထည့်ထားတဲ့သံဘူးနဲ့ ငွေစက္ကူ အထပ်လိုက်တင်ထား။ သေတ္တာကိုပိတ်ပြီး သော့ခတ်ထားတယ်။ ညကျတော့ သံဘူး လဲသံ ကြားလိုက်ရတယ်။ သေတ္တာကိုဖွင့် လိုက်တော့ ထဘီက မရှိတော့ဘူး။ **ရွှေနဲ့ ငွေကို လုံးဝ ယူမသွားဘူး။**

မြောက်စုက သာမွေးနဲ့ အေးမြတို့ လင်မယားကတော့ ဘီဘဲလ် ထဘီကိုချုပ်ပြီး သေတ္တာသုံးလုံးရဲ့ အောက်ဆုံး သေတ္တာမှာ ထည့် သော့ခတ်ထားထား အိမ်ဝင်းထဲမှာ လှေကားပေါက်ဝ မှာ **ပြာဖြူးပြီး ညီထားတယ်။**

ညကျတော့ ခြေသံကြားလို့ **"ဟော့ ဘယ်သူလဲ"** အော်လိုက်တော့ ခြေသံပြင်းပြင်းနင်းပြီး ဆင်းသွားတာကို ကြားလိုက်ရတယ်။ သေတ္တာတွေချပြီး အောက်ဆုံး သေတ္တာထဲ ထည့်ထားတဲ့ ထဘီကတော့ ပါသွားတာပါပဲ။

**ပြာဖြူးထားတဲ့ နေရာကို သွားကြည့်ကြပြန်တော့ လက်နှစ်လုံးခန့်ခြေရာ အတက် ရော အဆင်းပါ တွေ့ရတယ်**'

'ဘိုးဘိုး ပျောက်သွားတဲ့ ထဘီတွေက ရော ပြန်တွေ့ရသေးသလား'

'များသောအားဖြင့် ပြန်တွေ့ရတတ်ပါတယ်။ တွေ့ရတော့လဲ အပြဲအစုတ် မီးလောင်ပေါက် တွေနဲ့ မကောင်းတော့ပါဘူး'

'တွေ့ရတာတော့ တော်တော် စိတ်ဝင်စားဖို့ပဲ'

'ချုံပေါ်၊ သစ်ပင်ပေါ်၊ သစ်ပင်ခြေရင်း တစ်ခါတစ်ရံ အိမ်ခေါင်မိုးပေါ်မှာ တွေ့ရတယ်။ တို့ နှောပင်ရွာမှာ **ပျောက်တဲ့ ထဘီက တစ်ဆက်တည်းရွာဖြစ်တဲ့ အင်ဒိုင်းရွာမှာ သွားတွေ့ရတယ်'**

'အံ့ဩစရာ ကောင်းလိုက်တာနော် ဘိုးဘိုး'

'ဘိုးဘိုး ခုကော ထဘီသူခိုးဟာ ခိုးတုန်းပဲလား'

'ဟား…ဟား…ဟား… မေးနေရ သေးသလား ငါ့မြေးရယ်'

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**ဦးစောထွန်း(ကလေးဝ)**



www.burmeseclassic.com

www.burmeseclassic.com



# မမေ့နိုင်သော ဘဝပေါင်း

စောမိုးသွင်
(ရန်ကုန်)

'သားရေ အကြော်သွား ဝယ်ပေးပါဦးဟေ့... သား ကြိုက်တဲ့အကြော် ဝယ်ခဲ့ပြီး အမေတို့အတွက် မချဲကြော်နဲ့ ဗယာကြော်လုံး ဝယ်ခဲ့ပေး ညှို့သည် ကျွေးရအောင် မြန်မြန်ပြန်လာခဲ့နော်'

သူ့အမေ စကားဆုံးသည်နှင့် ပိုက်ဆံငါးရာကို ကျစ်ကျစ် ပါအောင်ဆုပ်ကာ ရွာလမ်းမဘက် ပြေးတော့သည်။ သူ တော်တော်နှင့် ပြန်မလာ၍ ကျွန်တော် ဘုန်းကြီးကျောင်းသွား ဖို့ ဟန်ပြင်ရသည်။

'လာတော့မှာပါ သူကြိုက်တဲ့အရွက်ကြော် စောင့်နေတာထင်တယ်။ သားက အရွက်ကြော်တို့၊ ကြံတို့၊ ငှက်ပျောသီးတို့ဆို သိပ်ကြိုက်တာ ဟော... ပြောရင်းဆိုရင်း ရောက်လာပြီ'

ကလေးက ပိုင္ဆေနှစ်ရာကို သူ့အမေ ကို ပြန်အပ်ကာ အကြော်ကို ပန်းကန် ပြားထဲ ထည့်လာပေးသည်။

'သားက သိပ်တော်ပါလား အမေကို လဲ ကူတယ် အကြော်လဲ ဝယ်တတ် တယ်'

'ဟုတ်တယ် ဦးရဲ့ သားက သိပ် တော်တာ။ အကြော်ဆို သားပဲ ဝယ်ရ တာ အရွက်ကြော်မရလို့ အကြာကြီး စောင့်နေရတာ ဒီနေ့မှ ဆိုင်မှာ လူကလဲ များ သားကိုလဲ စကားတွေလိုက်ပြောနဲ့ စိတ်ညစ်ပါတယ်။ သားကိုများ တော ထဲမှာ ပျော်သလား၊ ဒီမှာပျော်သလားနဲ့ သားက တောထဲမှာ မပျော်ဘူး၊ အနိုင်း ခံရတယ်။ ဒီမှာပဲ ပျော်တယ်လို့ ပြော လိုက်တာပေါ့'

သူ့စကားကြောင့် စိတ်ထဲတစ်မျိုး ဖြစ်သွားသည်။ တောထဲမှာ ပျော် သလားဆို၍ သူတို့မိသားစု အစက ဘယ်တောရွာမှာများ နေခဲ့ပါလိမ့်ဟု တွေးမိသည်။

ကောက်ညှင်းပေါင်းနှင့် အကြော်က စား၍ ကောင်းလှသည်။ နံနက်စာကို အိမ်မှာဆိုလည်း ထမင်းကြော်နှင့် အကြော် စားလျှင်စား၊ မစားလျှင် အကြော်နှင့် ကောက်ညှင်းပေါင်း၊ ထမင်းပူပူနှင့် ပဲပြုတ် စားနေကျ ဖြစ် သည်။

'ကျွန်တော် စားပြီးပြီ ဘုန်းကြီး ကျောင်းကို ဒီအချိန်သွားလို့ ရတယ် မဟုတ်လား၊ သီလပေးပြီးလောက်ပြီ ထင်ပါတယ်။ သွားကြရအောင် ဒေါ်လေး၊ ဒေါ်လေးက ကျွန်တော့်ကို လိုက်ပို့မှာ မဟုတ်လား'

'လိုက်ပို့ရမှာပေါ့ မင်းအမေဆီကလဲ ဖုန်းဆက်ထားပါတယ်။ ရွာဦးကျောင်း က ရှေးဟောင်းပစ္စည်းတွေကို လေ့လာ ချင်တယ်ဆိုတာ လူရင်းမပါဘဲနဲ့တော့ ဆရာတော်က ဖွင့်ပြမှာမဟုတ်ဘူး အခန်းသော့ခတ်ထားတာ'

www.burmeseclassic.com

'ဟုတ်ကဲ့ပါ အမေကပြောပြလို့ အဲဒီ ပစ္စည်းတွေကို လှူလာဖို့ လာခဲ့တာပါ။ ဒေါ်လေးတို့နဲ့ ကျွန်တော့်အမေက ငယ်ငယ်တုန်းက သိပ်ခင်ကြတယ်ဆို'

'သားရဲ့အမေ ဒီရွာမှာ ဆရာမလာလုပ်တုန်းက ဒေါ်လေးတို့အိမ်မှာ နေတာ ထမင်းစားတော့ ဘုန်းကြီးကျောင်းကကျွေးတာ၊ စာသင်တာက အခု သားသွားကြည့်မယ့် ဘုန်းကြီးကျောင်း အောက်ထပ်မှာလေ၊ ဒီရွာမှာ လေးနှစ်လောက် ကြာသွားတော့ ညီအစ်မလိုချစ်ကြတာ ဒေါ်လေးတို့ အမေကဆို သမီးလေးလို ချစ်ရှာတာ'

ကိုလှိုင်ဦးနှင့် ဒေါ်ငြိမ်းပိုတို့ စကားပြောရင်း ကျောင်းသို့လမ်းလျှောက်သွားကြသည်။ ကျောင်းနှင့်အိမ် လမ်းလျှောက်သွားကြရအောင်ဆို၍ လမ်းလျှောက်သွားခဲ့ကြသည်။ လမ်းတွင် ဒေါ်ငြိမ်းပိုကို နှုတ်ဆက်သူများက ဆင်ပေါက်လေးမပါဘူးလားဟု မေးသွားတတ်ကြသည်။

'ဘယ်သွားကြမလို့လဲ ညနေ ဆင်ပေါက်လေးကို အိမ်အလည်လွှတ်လိုက်ဦး။ ကြံပင်တွေ ခုတ်ရောင်းတော့မလို့ နေမညိုခင် ကြံလာယူလှည့်ဦးလို့ ကြံသယ်ဖို့ အဖော်တစ်ယောက် ထည့်လိုက်ဦးနော်'

'အေးပါ ငါ့တူရယ် လွှတ်လိုက်ပါ့မယ် အခု ဧည့်သည်ကို ဘုန်းကြီးကျောင်းလိုက်ပို့မလို့'

'ဒေါ်လေးရယ် သူများတွေက ကလေးကို ဆင်ပေါက်လေးလို့ ဘာလို့ခေါ်တာလဲ၊ ဝဝ,လုံးလုံးညိုညိုလေးမို့လို့လား။ ကြီးတဲ့အထိ ဒီနာမည်တွင်သွားပါဦးမယ်။ သူ့ကျောင်းမနေရသေးဘူးလား။ သူ့ကျောင်းနာမည်ပဲခေါ်ရင် ကောင်းမယ်။

ကျွန်တော်တို့ ညီအစ်ကိုဆို ဖေဖေချစ်စနိုးနဲ့ ပါပီလေးတို့ ပူစီလေးတို့လို့ ခေါ်တာ၊ အခုဆို သူများတွေက ကျောင်းနာမည်တွေမခေါ်ဘဲ ပီပီတို့ စီစီတို့လို့ပဲ ခေါ်နေကြတာ။ ကျွန်တော်တို့ ကြီးလာကြတော့ အဲဒီလို ခေါ်တာ မကြိုက်လို့ အိမ်မှာခေါ်ရင် သားက မထူးဘူး။ အိမ်ကအမေတို့က မခေါ်တော့တာတောင် ငယ်သူငယ်ချင်းတွေက ခေါ်နေကြတုန်းပဲလေ သားတို့လို ဖြစ်မှာဆိုးလို့ပါ'

'အင်း ပြောရရင်တော့ သားငယ်က ဆင်ဝင်စားလေးကွယ့်၊ သူ့ကိုမမွေးခင်က ဆင်ထီးလေးတစ်ကောင်က ဒေါ်လေးတို့ခြံထဲ ဝင်လာပြီး လဲကျသွားတယ်။ အဲဒီဆင်လေးမှာ အနာရာတွေနဲ့လို့ အိပ်မက်မက်တား ပါးစပ်ထဲကလဲ သွေးတွေကျလို့၊ အိပ်မက်ထဲမှာ ဆင်ထီးလေးကို သနားလိုက်တာ။

ဆေးကုပေးပြီး မွေးထားရမယ်လို့ပြောမိတာ ဒေါ်လေးကို နာမောင်းလေး မြှောက်ပြပြီး လာနေမှာလို့ ပြောလိုက်သံ ကြားလိုက်ရပြီး လာနေပါ့သားရယ်လို့ ပြန်ပြောလိုက်မိပြီး လန့်နိုးတာ သူ့ကို ကိုယ်ဝန်ရှိတော့ အသားတွေ မစားချင်ဘူး အသီးအနှံတွေပဲ စားချင်တာ'

'ဘဝတွေက ဆန်းကြယ်လိုက်တာနော် ဆင်ဘဝကနေ လူ့ဘဝရလာတာ ကံကောင်းတာပဲ။ မြတ်စွာဘုရားရှင်တောင် ဘုရားဆုပန်ခဲ့တာကို ဘုရားမဖြစ်မီ ကြားကာလမှာတောင် အလောင်းတော်ရဲ့ ဘဝဖြစ်စဉ်ပေါင်း ၁၃၆ ဘဝမှာ...

အစကြီးကြာ ဆယ့်ခြောက်ခါနှင့် ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားဆို၊ ကျီးညိုသုံးခါ သံသာကျွဲ့ဟိတ်၊ ကရဝိက်ငါး လေးပါး ကိန္နရီ၊ စာမရီ တစ်ဆယ့်ငါး မျောက်ကား တစ်ဆယ်၊ ဆင်ဝယ် ဆယ့်တစ်၊ နွားဖြစ် ဆယ့်လေး၊ ဖော သိန္ဓဝ၊ ကျွဲ အဠတည့် သုံးမြဲသုံးညောင်း ဥဒေါင်း နှစ်ခါ၊ သာလိကာ သတ္တာ ဒွိဒသ ကြက်၊ ဝက်မှာ ဆယ့်သုံးလို့ ရေးထားတာတွေ ဖတ်ရတော့ ဘုရားလောင်း ဒီလိုဘဝတွေ ရောက်ခဲ့သေးတာလို့ ကိုယ်လဲ အရင်ဘဝ နောင်လာမယ့်ဘဝတွေမှာ ဘယ်ဘဝ ရောက်ရမယ်ဆိုတာကို မသိနိုင်ဘူးလို့ တွေးမိရင်း ကြောက်မိတယ်'

'ဟုတ်ပါရဲ့ကွယ် မင်းက ငယ်သာငယ်တယ် တရားသဘောနဲ့ တွေးတတ်တော့ ကုသိုလ်ဖြစ်တာပေါ့၊ ဟော ကျောင်းပေါက်ဝ ရောက်လာပြီ ဆရာတော်က ကျောင်းကြီးအပေါ်ထပ်မှာနေတာ ပစ္စည်းတွေကလဲ ကျောင်းကြီးပေါ်မှာပဲ။

ရွာဘုန်းကြီးကျောင်းက တမာပင် အရိပ် မန်ကျည်းပင်အရိပ်များကြောင့် သာသာယာယာရှိပြီး အရိပ်လည်းရ၍ အေးချမ်းလှသည်။ ဘုန်းကြီးကျောင်းရှိ မှန်ဗီရိုကြီးထဲတွင် ပထမဦးဆုံးတွက်သော ထီလက်မှတ်မှစ၍ ရှေးခေတ်ငွေဒင်္ဂါးများ၊ ရှေးဟောင်းဘုရားများ၊ ရှေးလက်ရာဗီရိုကြီးများ၊ တိုင်ကပ်နာရီကြီးများ၊ မီးဆိုင်းများ၊ ပန်းချီကားများ၊ ဟင်္သာအလေးများ ရှိသည်။

တရုတ်မှလာသည့် နှစ်ပေါင်းခုနစ်ဆယ်ကျော်လောက်က လက်ရာ ဖောင်းကြွကြွေပန်းအိုးများ၊ ကျောက်စိမ်းရောင်ပန်းအိုးတို့ကလည်း လှပလှသည်။

ရှေးဟောင်းပစ္စည်းများကို လှူလာပြီးသည့်အခါ ဆရာတော်ကို ကန်တော့ကာ အမေလှူဒါန်းလိုက်သော ပစ္စည်းများကို ဒီကျောင်းမှာ အရင်က ဆရာမလုပ်သွားတဲ့ ဒေါ်ထွေးလှိုင်က လှူလိုက်တာဟု လျှောက်ပြီးလှူ၍ ဆရာတော်ကြီးက သာဓုခေါ်ပါသည်။

ကြည့်ရှုစရာများကို ကြည့်ကာ ဒစ်ဂျစ်တယ်ကင်မရာလေးဖြင့် လိုအပ်သည့်ဓာတ်ပုံများ ရိုက်ခဲ့သေးသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးတို့အိမ်သို့ရောက်တော့ ဆင်ပေါက်လေးကို မာတ်ပုံရိုက်ဖို့ လိုက်ရှာရသည်။ လျှောက်လည်နေသည်ကိုး။

'ဆင်ပေါက်လေးငယ်ငယ်က ဆင်တွေသွားသလို လေးဖက်ထောက်သွားတာ။ ပါးစပ်ကလဲ ပူထူလို့အော်တတ်သေးတယ်။ မိုးတွေများညိုရင် မျက်ရည်ကျပြီး သူ့အကြောင်းတွေကို ပြောပြတတ်တယ်။ ပုဆိုးကွင်းလေးကို ခေါင်းမှာစွပ်ပေးပြီး လိမ်းပေးလိုက်ရင် ဆင်နှာမောင်းလေးနဲ့ တကယ်တူတာ၊ ခေါင်းတရမ်းရမ်းနဲ့ လူတွေကို လိုက်တတ်တာ…

အဲဒီလို ကစားရင် ပျော်နေတာပဲ ဘဝဟောင်းက အကျင့်တွေ မပျောက်တာ နေမှာပေါ့။ သစ်ခက်တွေရှင် လက်နဲ့ဆွဲချတာတို့ ကြံပင်မြင်ရင် အတင်းစားချင်တာ ငယ်ငယ်လေးတုန်းဆို သားရေ ဘာလေးယူပေးပါဆို ကြံပေးမှ လုပ်ပေးမယ်နဲ့ တစ်ခုခုကို မကျေနပ်ရင် ခြေထောက်ကို နင်းခြေသလို လုပ်တတ်သေးတာ သူ့ခြေထောက်လေးတွေကို သား သေချာကြည့်စမ်း'

ဒေါ်လေးပြော၍ ဆင်ပေါက်လေး၏ ခြေထောက်လေးတွေကို ကြည့်ရာ အရှည်အတိုမရှိဘဲ ခြေချောင်းအားလုံး တစ်ညီတည်းဖြစ်ကာ ဖောင်းဖောင်းလေး ဖြစ်နေသည်။ လက်ချောင်းလေးတွေလည်း တော်တော်ညီသည်။ ဆင်လက်လေး ခြေလေးများလိုပင် ညိုညိုလုံးလုံးလေးဖြစ်၍ နာမည်နှင့် လိုက်ပါသည်။

'ညီလေး နာမည်အရင်းက ဘာလဲ'

'အခုဘဝနာမည်က ချမ်းမြေ့အောင်တဲ့။ ကျွန်တော့်ဟိုဘဝက ဆင်နာမည်က သောကြာအောင်တဲ့။ အမေနာမည်က ယက်သဲ့စိန်တဲ့။ ကျွန်တော်တို့ကို ဖမ်းမမိခင် တောထဲနေရတုန်းက သိပ်ပျော်တာပဲ။ အဖမ်းခံရတဲ့ဆင်ဘဝတုန်းက လေးနှစ်သားဆို မှိန်းသင်ရတယ်။

ဆယ့်ရှစ်နှစ်ဆို ကြိုးသသစ်ဆွဲကြရတယ်။



တိရစ္ဆာန်တွေကို အသိဉာဏ်မရှိဘူးလို့ လူတွေက ထင်ကြတယ်။ တကယ်တော့ အသိဉာဏ်ရှိပါတယ်။ ကျွန်တော့်ကိုချစ်တဲ့ လူတွေကိုလဲ ကျွန်တော် သိပါတယ်။

ကျွန်တော်မှန်ယိုပြီး တောထဲထွက်ပြေးတော့ လိုက်ဖမ်းတဲ့လူကို နှာမောင်းနဲ့ရိုက် နင်းလိုက်မိတော့ လူသေသွားတာပေါ့။ ကျွန်တော့်ကိုလဲ ဖမ်းမရလို့ ပစ်ဖမ်းတဲ့ခါ အဆာရာရပြီး လဲသွားတာပဲမှတ်မိတယ်။ နောက် ဘာဖြစ်တယ် မမှတ်မိတော့ပါဘူး။ ကျွန်တော်ကတော့ အစွယ်နှစ်ချောင်းမို့ စွယ်စုံဆင်ပေါ့'

သူပြောပြမှ ကျွန်တော်သိသော အကြောင်းအရာများ ပေါ်လာသည်။ အစွယ်တစ်ချောင်းရှိသော ဆင်ကို ထယ်ဆင်၊ အစွယ်မရှိသောဆင်ကို ဟိုင်းဆင်၊ အစွယ်မြင်ရုံရှိသောဆင်ကို ဟန်ဆင်၊ အစွယ်နှစ်ချောင်းရှိသော ဆင်ကတော့ ဆင်ပေါက်လေးပြောသော စွယ်စုံဆင်ပေါ့လေ။ သူတကယ် ဆင်ဝင်စားလို့သာ သူ့အသက်ရှစ်နှစ်အရွယ်လေးနှင့် ပြောပြနိုင်သည် မအံ့သြမိတော့ပါ။

ဆင်ဝင်စား ဆင်ပေါက်လေးမှာ ယာကြီးဘက်က ဖြစ်လေသည်။ ယခုဘဝ အဖေနှင့်အမေက ယာကြီးဘက်အလုပ်သွားလုပ်ကြစဉ် ထိုကလေးက ဝင်စားလာခဲ့ခြင်းပါပဲ။

အမေနေခဲ့ဖူးသော ထိုရွာလေးကို လှည့်ပတ်ကြည့်ကာ နေ့လယ်ကားဖြင့် ပြန်လာခဲ့ပါသည်။

'နောက် သိချင်တာရှိလဲ လာခဲ့ပါ ဒေါ်လေးတို့ကတော့ ဘယ်မှ မသွားဖြစ်ပါဘူး။ မင်းတို့လာမှပဲ တွေ့ရမှာပေါ့။ အမေ့ကိုလဲ လာလည်ပါဦးလို့ ပြောလိုက်နော် သား'

ရေးဖို့လာသည်က ရှေးခေတ်ပစ္စည်းများအကြောင်း၊ ရေးဖို့အကြောင်းရလာသည်က ဆင်ဝင်စားလေးအကြောင်း။ ဝက်ဝင်စား၊ ခွေးဝင်စား၊ လူဝင်စားလေးတို့၏အကြောင်းကို ဖတ်ဖူးပါလိမ့်မည်။ ပြန်ပြောတတ်သည့် ဆင်ဝင်စားလေး၏ အသိဉာဏ်ကတော့ တိရစ္ဆာန်ဆိုတာလဲ အသိဉာဏ်ရှိတာပါပဲလို့ ပြောနေသလိုပါပဲ။

လူဝင်စားတိုင်း မပြောနိုင်ကြပါ။ တချို့ လာနေမည်ဟု အိပ်မက်ပေးပြီး မွေးလာသည့်အခါ မပြောနိုင်သော လူများလည်း ရှိကြပါသည်။

ပြန်ပြောနိုင်သော ဆင်ဝင်စားလေးကို တချို့က စချင်နောက်ချင်ကြသည်။ တကယ်တော့ ကိုယ်လည်း ဘယ်ဘဝကလာသည်မသိ။ ဆင်ဝင်စားလေး၏ ခြေထောက်တို့ လက်တို့တွင် ထူးခတ်ရာလို အရစ်များပါရှိသည်။

တစ်ခါတလေ သူပြောတတ်သည်က ယာကြီးဘက်က အမေ့ကို တွေ့ချင်သည်ဆိုပဲ။ ဆင်အသက်ကရှည်၍ ရှိချင်လည်း ရှိပါလိမ့်မည်။ သူကသာ သတိရနေသော ဆင်အမေသည် လူသားသူ့ကို ဘယ်လိုမှတ်မိမည်လဲဟု စိတ်မကောင်း ဖြစ်မိရပါတော့သည်။

**စောမိသွင် (ကိုကုန်)**

www.burmeseclassic.com

www.burmeseclassic.com



အောင်သွေးသာ
(ဒီးကုန်း)

# မျက်နှာစိမ်းချော့သည်

နံနက် အုန်းမောင်းခေါက်သံ ကြားရသည်နှင့်တစ်ပြိုင်နက် ဦးထွန်းမြိုင် အိပ်ရာမှ နိုးပြီး အိပ်ရာထဲတွင် ပုတီးစိပ်နေကျဖြစ်သည်။ ပုတီးပတ်ရေ(၂၇) ပတ်ရမှ အိပ်ရာမှထကာ နံနက်ခင်း ကိုယ်လက်သုတ်သင်ခြင်း ကိစ္စများကို ပြုလုပ်သည်။

ယခုလည်း အုန်းမောင်းခေါက်သံ ကြားသည်နှင့် အိပ်ရာနိုးပြီး ခြင်ထောင်ထဲတွင် ပုတီးစိပ်နေပါသည်။ အတန်ကြာမှ အတွင်းခန်းမှ သမီးဖြစ်သူ ဇာနည်၏ မီးခြစ်,ခြစ်၍ ရေနံဆီမီးခွက်ထွန်းပြီး ရေနွေးအိုးတည်ရန် မီးဖိုဘက်သို့သွားသည့် လှုပ်ရှားသံများကို ကြားနေရသည်။ ဒီအလုပ်က ဇာနည်၏ နံနက်တိုင်း ပြုလုပ်နေကျဝတ္တရား။

ဦးထွန်းမြိုင်မှာ ဇာနည် (၇)နှစ်အရွယ်တွင် ဇနီးဖြစ်သူ ဆုံးသွားပြီးချိန်မှ စ၍ ဇာနည်အရွယ်ရောက်သည်အထိ နောက်အိမ်ထောင်မပြုဘဲ သမီးကလေးနှင့်ပင်လက်ငုတ်လယ်ယာလုပ်ငန်းကိုပဲ လုပ်ကိုင်စားသောက်နေခဲ့သည်။

'အမယ်လေး၊ အဖေရေ လုပ်ပါဦး'

ရုတ်တရက် မီးဖို၏ နောက်ဘက်ထင်းအတိုအစများထားရာ နေရာမှ ဇာနည်၏ အလန့်တကြားအော်သံကို ကြားလိုက်ရသည်နှင့်...

'ဟဲ့ သမီး ဇာနည် ဘာဖြစ်တာလဲ'

ဟူသော အသံနှင့်အတူ ဦးထွန်းမြိုင်မှာ ဇာနည်အနားသို့ ရောက်သွားရာ ဇာနည်မှ သူ၏ ညာလက်ကောက်ဝတ်အနားကို ဘယ်လက်ဖြင့် ဖျစ်ကိုင်ထားပြီး...

'အဖေ့ မြွေ...မြွေ ရှေ့မတိုးနဲ့၊ သမီးကို ကိုက်လိုက်လို့'

'ဘယ်...ဘယ်မှာလဲ သမီး'

ပြောပြောဆိုဆို ဆွဲမိဆွဲရာ နှစ်တစ်လက်မချောင်းကိုဆွဲပြီး ဇာနည်လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ ထင်းစင်ပေါ်မှ လျှောဆင်းသွားသော မြွေဟောက်ကို မြင်လိုက်ရာ ဦးထွန်းမြိုင်မှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်...

'ဟဲ့...ဟဲ့ ဒီအတိုင်းမဖြစ်ဘူး လာ...လာ'

သမီးဖြစ်သူ၏ လက်မှ ဒဏ်ရာကို ကြည့်ရင်း အိမ်ထဲသို့ ခေါ်လာပြီး ဇာနည်၏ ညာလက် ဖုံးတောင်ဆစ်အထက်မှ လက်ကိုင်ပုဝါနှင့် တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com

ချည်ပြီး လှည်းနှင့် နွားကိုတပ်ကာ မြို့ဆေးရုံသို့ မနားတမ်းမောင်းနှင်လိုက်တော့သည်။

ဇာနည်မှာ လှည်းပေါ် ရောက်ကတည်းက တညည်းညည်း တညူညူနှင့် မျက်လုံးမဖွင့်ဘဲ လိုက်ပါလာခဲ့ရာ လှည်းအမြန်မောင်းသော လှုပ်ရှားမှုကြောင့် သွေးလည်ပတ်မှုမြန်ကာ အဆိပ်တက်မှုမှာ အရှိန်ပြင်းလာခဲ့သည်။

မြို့ဆေးရုံနှင့် ရွာမှာ (၂)မိုင်လောက် ဝေးသည်။ တစ်ရွာကျော်လောက် အရောက်တွင်...

'အဖေမျက်စိတွေ ပြာတယ်။ ရေလဲသောက်ချင်တယ်။ မီးစကြီးနဲ့ ထိုးခံထားရသလိုပဲ'

'ရောက်လုပါပြီ သမီးရယ်'

သမီး၏ မခံသာနိုင်လွန်းသော စကားသံကို ကြားရသော ဦးထွန်းမြိုင်၏ သမီးကို နှစ်သိမ့်လိုက်သော စကားသံ ဖြစ်သည်။

'သမီး...သမီး'

မကြာခဏခေါ်ရင်းက လှည်းကို အမြန် မောင်းနှင်လာသော ဦးထွန်းမြိုင်မှာ ဒီတစ်ခါ နောက်လှည့်အကြည့်တွင် ဇက်ကျိုးကာ မျက်စိမဖွင့်တော့သော သမီးအတွက် လှည်းကိုရပ်ကာ ဆင့်ကာ ဆင့်ကာ လှုပ်၍ ခေါ်သော်လည်း ဇာနည်မှာ မထူးနိုင်တော့ပါ။

နှာခေါင်းနားသို့ မျက်နှာကပ်၍ ဇာနည်၏ အသက်ရှူသံကို နားစွင့်သော်လည်း မထူးခြားတော့ပါ။ ဒီလိုနှင့် စိတ်မကောင်းစွာနှင့်ပင် ဦးထွန်းမြိုင် လှည်းကို ရွာဘက်သို့ ပြန်လှည့်ခဲ့ရပါတော့သည်။

ဒီအဖြစ်ကို မည်သူမျှ မသိလိုက်။ အုန်းမောင်းခေါက်ချိန်ကလည်း ဖြစ်ပြန်၊ မြွေဟောက်အဆိပ်က ပြင်းထန်မှန်းသိနေ၍တစ်ကြောင်း၊ မည်သူကိုမျှ



မပြောတော့ဘဲ ခပ်သွက်သွက် လှည်းနှင်လာခဲ့၍သာ။ သို့မဟုတ်မူ ယခုကဲ့သို့ ရွာပြင်တွင်ဆုံးသော အလောင်းကို ရွာထဲသို့ သယ်ယူခွင့်ပြုမည်မဟုတ်။ ဒါက ရွာထုံးစံ။

သို့သော် မနက်လင်းတော့ ထုံးစံအတိုင်းတစ်ယောက်မှ တစ်ရွာသိသွားကြပြီး သက်ပျောက်ဆွမ်း ရေစက်ချတရားဟောရန်အတွက် ရွာဦးကျောင်းဆရာတော်အား ပင့်ဖိတ်ပြီးဖြစ်သည့်အလျောက် (၉)နာရီခွဲသာသာတွင် ဆရာတော် ကြွရောက်လာပါသည်။ သပိတ်ပိုက်၍ ချိုင့်ဆွဲလာသော ကျောင်းသားတစ်ဦးနှင့်အတူ **မျက်နှာစိမ်းညှို့သည်တစ်ဦး** ပါလာသည်ကို တွေ့ရသည်။

ပရိသတ်က စုံပါသည်။ သားအဖနှစ်ယောက်တည်း ရိုးရိုးသားသား လုပ်ကိုင်စားသောက်ပြီး အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိကြသည်မို့ တစ်ရွာလုံးက ချစ်ခင်ကြသည်။ သို့အတွက် အားလုံးက စိတ်မကောင်းဖြစ်ကာ ဝိုင်းဝန်းကူညီကြသည်။ နှစ်သိမ့်အားပေးစကား ဆိုကြသည်။

ဆရာတော်နှင့်ပါလာသော မျက်နှာစိမ်းညှို့သည်မှာ မနီးမဝေးတွင်ထိုင်လျက်ရှိပြီး ခြေရင်းဘက်တွင် ခေါင်းမသွင်းသေးဘဲထားရှိသော ဇာနည်၏ အလောင်းကို မကြာမကြာ လှမ်းကြည့်နေသည်။

သူ့ကို ကြည့်ရသည်မှာ ဆန္ဒတစ်ခုခုကို ပြင်းပြင်းပြပြ အောင့်အည်း မျိုသိပ်နေရသည့်ပုံစံ။ အသက်(၅၀)ကျော် အသားညိုညို လွယ်အိတ်ကလေး တစ်လုံး လွယ်ထားသည်မှအပ အခြားမပါ။

'သာဓု...သာဓု...သာဓု'

ဦးထွန်းမြိုင်၏ အမျှအတန်းဝေသံအပြီးတွင် တရားနာပရိသတ်၏ သာဓုခေါ်သံ ထွက်ပေါ်လာပါသည်။ ဦးထွန်းမြိုင်မှာ ဆရာတော်အား ဆွမ်းသပိတ်နှင့် ဝတ္ထုပစ္စည်းတို့ကို ကပ်လှူအပြီးတွင်...

'ကဲ...ဒကာကြီး ဟိုမှာ အညာကညှို့သည်တစ်ယောက် သူက မြွေကုတဲ့ ဆရာ။ ညကတည်းက ဘုန်းကြီးကျောင်းကို ရောက်နေတာ မြွေကိုက်လို့ ဆုံးသွားတဲ့ ဒကာကြီး သမီးကို ကြည့်ချင်လို့တဲ့'

ဘုန်းကြီး၏ စကားအဆုံးတွင် မျက်နှာစိမ်းညှို့သည်မှာ ဦးထွန်းမြိုင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်းက...

'ဟုတ်ပါတယ်။ ကျွန်တော်က အညာကပါ။ မြွေကုတဲ့ဆရာပါ။ ဆရာတော့်ကျောင်းရောက်ရောက်ချင်း ဒီသတင်းကိုကြားလို့ ကျွန်တော် သိချင်တာလေးတွေရှိတာနဲ့ မေးချင်လို့ ဆရာတော်ကို ခွင့်ပန်ပြီး လိုက်ခဲ့တာပါ'

မျက်နှာစိမ်းညှို့သည်မှာ ပြောလက်စ,စကားကို ခေတ္တရပ်လိုက်ပြီး ဆရာတော်ဘက်သို့ လှည့်လိုက်ပြီး အကူအညီတောင်းခံသည့်အသွင်ဖြင့် ကြည့်လိုက်ပါသည်။

'ဒီလိုပါ ဒကာကြီး...ဒကာကြီးသမီးမြွေပေါက်လို့ ဆုံးတယ်ဆိုတဲ့သတင်း ကြားတာတည်းက သူက လာချင်နေတယ်။ ညှို့သည်မျက်နှာ

www.burmeseclassic.com

စိမ်းဆိုတော့ မလာရဲဘူးလေ။ အကြောင်းက ဒကာကြီး သမီးအလောင်းကို သူ သေသေချာချာ ကြည့်ချင်လို့တဲ့။ အဲဒါ ဒကာကြီးက ခွင့်ပြုဖို့ ဘုန်းကြီးကတစ်ဆင့် အကူအညီတောင်းနေတာပါ'

ဦးထွန်းမြိုင်မှာ ဆရာတော်၏ စကားဆုံးသည်နှင့် မျက်နှာစိမ်းညှို့သည်အား အကဲခတ် ကြည့်လိုက်မိပါသည်။ မည်သို့သော အကြံအစည်နှင့် သေဆုံးသွားပြီဖြစ်သော သမီးဖြစ်သူ၏အလောင်းကို ကြည့်ရှုလိုပါသနည်း။ မဖွယ်မရာသော နည်းလမ်းများ၊ အကြံအစည် များ ရှိလေရော့သလား။ သေပြီးသော ကိစ္စကို မြတ်စွာဘုရားသော်မှ မတတ်သာ။ သို့လော သို့လော အတွေးများဖြင့် စဉ်းစားတွေဝေနေစဉ်မှာပင် မျက်နှာစိမ်းညှို့သည်က...

'ဒီလိုပါခင်ဗျာ။ ကျွန်တော်က မြွေကိုက်ခံရတဲ့သူတွေကို လိုက်ကုနေတဲ့ မြွေကုဆရာပါ။ ကျွန်တော့်အတွေ့အကြုံအရ မြွေကိုက်ခံရသူတိုင်း မသေကြပါဘူး။ တချို့ အသားပုံနေရာကို မြွေကိုက်လိုက်ရင် မြွေကိုက်ရင် သေတယ်ဆိုတဲ့အသိက ခြောက်လှန့်ပြီး မေ့မြောသွားတတ်ကြပါတယ်။

တစ်ခါတလေ (၄,၅)ရက်လောက် မေ့မြောနေတတ်ကြပါတယ်။ အဲဒီအခါမှာ သေပြီဆိုပြီး မြေမြှုပ်သင်္ဂြိုဟ်ကြတဲ့အခါကျမှ တွင်းထဲလဲလျောက်ရော လူးလွန့် သတိရပြီး ပြန်ရှင်လာကြတာတွေ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရဖူးပါတယ်။

ဒါကြောင့် ဒီကလေးမလေးကိုလဲ ကျွန်တော် ကြည့်ချင်တာပါ။ တကယ်သေ,မသေ စမ်းသပ်ချင်လို့ပါ'

ဆရာဆိုသူ၏ စကားအဆုံးတွင် ဦးထွန်းမြိုင်မှာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြီး...

'ကျွန်တော့်သမီးကို ကျွန်တော် ကိုယ်တိုင် လှည်းပေါ်တင်ပြီး မြို့ဆေး



ရုံကို မောင်းပို့တာပါ။ တစ်ရွာပဲကျော်သေးတယ် ဖက်ကျုံးပြီး မေးမရတော့ဘူး။ ခေါ်လို့လဲ မရတော့ဘူး။ အသက်လဲ မရှူတော့ဘူး။ အခု မြင်နေရတဲ့ ပုံစံအတိုင်းပါပဲ။ ဒါပေမယ့် ဆရာ စမ်းသပ် ကြည့်ချင်သေးတယ်ဆိုရင် ခွင့်ပြုပါတယ်'

ဦးထွန်းမြိုင်၏ ခွင့်ပြုချင်ရသည်နှင့်တစ်ပြိုင်နက် ဆရာဆိုသူမှာ ဇာနည်၏ အလောင်းပေါ်မှ လွှမ်းထားသော စောင်းပါးကလေးကို ဖယ်ခွာလိုက်ပြီး အသေအချာ စူးစိုက်ကြည့်နေသည်။

မျက်လုံး၊ နှုတ်ခမ်း၊ နှလုံးအိမ် လှုပ်ရှားမှုနှင့် ခြေသွေး၊ လက်သွေးများကို စမ်းကြည့်နေပါသည်။ အကြိမ်ကြိမ် အခါခါ စမ်းသပ်ပြီးမှ ဦးထွန်းမြိုင်ဘက်သို့ လှည့်၍...

'ခင်ဗျား ခွင့်ပြုရင် ကျွန်တော် ကုသကြည့်ချင်ပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ဒီကလေး မသေဘူးလို့ ယူဆပါတယ်'

ဦးထွန်းမြိုင်၏ ခွင့်ပြုချက်ကိုရပြီးသည်နှင့်တစ်ပြိုင်နက် မျက်နှာစိမ်းညှို့သည် လွယ်အိတ်ကလေးအတွင်း မှ ကျောက်ပျဉ် အသေးကလေးတစ်ခုနှင့် အတူ ဘူးလေးတစ်ခုကို ဆွဲထုတ်လိုက်ပြီး ရေအနည်းငယ်တောင်းကာ ဘူးကလေးထဲမှ အညိုရောင် ဆေးတောင့်ကလေးနှင့် ကျောက်ပျဉ်ပေါ်တွင် သွေးကာ ဆေးအရည်များကို လက်ညှိုးနှင့်သပ်ယူပြီး လက်ဖက်ရည် ပန်းကန်လေးထဲသို့ ထည့်နေပါသည်။

(၃,၄)ကြိမ်လောက် ထည့်ပြီးသော အခါမှ လွယ်အိတ်တွင်းမှ ကတ္တီပါ အနီစလေးနှင့် ပတ်ထားသော ဆေးထိုးစုတ်ကိုယူကာ လက်ဖက်ရည် ပန်းကန်ထဲမှ ဆေးရည်အချို့နှင့် တို့ကာ တို့ကာ နားသယ်ဆံစပ် သွေးကြောများ ရှိရာသို့ ဖြည်းညင်းစွာ ပေါက်လိုက်ပါသည်။

ပြီးမှ ခေတ္တခဏနားလိုက်ပြီး ကြည့်နေလိုက်ပါသည်။ အိမ်ပေါ်ရှိ ပရိသတ်များအားလုံးမှာလည်း ဆရာ၏လှုပ်ရှားမှုနှင့်အတူ ဇာနည်၏ အလောင်းဆီသို့သာ အာရုံစိုက်နေကြပါသည်။ အားလုံးမှာ တိတ်ဆိတ်လျက်။

ပြီးမှ တစ်ဖန် ပထမအကြိမ်ကကဲ့သို့ပင် စုတ်နှင့်ထိုးပြီး အလောင်းအား စိုက်ကြည့်နေရင်း...

**'ဟော ဟိုမှာ သွေးရောင်သမ်းလာပြီ'**

ဇာနည်၏ နှုတ်ခမ်းကို လက်ညှိုးထိုးပြရင်း တစ်ဆက်တည်းမှာပင် ပါးပြင်၊ လက်ဖဝါးတို့ကို သေချာစွာ ကြည့်ရှုပြီး...

'မသေဘူး၊ မသေသေးဘူး'

ဆရာ၏ စကားသံကြောင့် အားတက်သရောဖြစ်လာသော ဦးထွန်းမြိုင်မှာ အနားသို့ သေချာစွာ ကပ်ကြည့်လိုက်ရာ အမှန်တကယ်ပင် ဖြူဖွေးနေသော ဇာနည်၏ လက်ဖဝါး၊ ခြေဖဝါး၊ မျက်နှာပြင်နှင့် နှုတ်ခမ်းကလေးတို့မှာ နီထွေးကာ ပန်းနုရောင်မှ တစ်ဆင့် သွေးရောင် ပြောင်းလဲလာသည်ကို တွေ့နေရ၍ အားရပါးရ ဇာနည်၏ လက်ကလေးကို သွားကိုင်လိုက်ရ...

'ဟယ် အသားတွေလဲ နွေးနေပြီ ဆရာ လုပ်ပါဦး ဆရာ။ ကျွန်တော့်သမီး မသေဘူး ဆရာ၊ ကူညီပါဦး ဆရာ'

www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းမြိုင်မှာ ဝမ်းသာအားရ ဆရာ၏ဒူးခေါင်းကို ပြေးဖက်လိုက်၊ သမီးလေးဇာနည်၏ လက်ဖဝါး၊ ခြေဖဝါးလေးများကို စမ်းလိုက်၊ နဖူးပြင်ကလေးကို စမ်းလိုက် လုပ်နေသည်ကို အိမ်ပေါ်ရှိ ပရိသတ်အားလုံးကပါ တစ်ယောက်ပြီးတစ်ယောက် ခြေစမ်း လုပ်ကြည့်ကြရင်းက…

'ဟော မျက်လုံးလေးတွေ ပွင့်လာတယ်ဟ'

ဟူသော တစ်ယောက်တစ်ပေါက် အသံများနှင့်အတူ…

'ဇာနည် မသေဘူးဟေ့။ အသက်ရှင်လာပြီ'

တစ်ယောက်နှင့် တစ်ယောက် ပြောဆိုသံများကြောင့် ခြေရင်း၊ ခေါင်းရင်းအိမ်များမှ ရေစက်ချ တရားနာပြီး ပြန်သွားသူများပါအားလုံး ဝိုင်းအုံလာကြသောအချိန်တွင် ဇာနည်မှာ ထ၍ထိုင်နေပြီ ဖြစ်ပါသည်။

အားလုံးမှာလည်း ဝမ်းသာအားရနှင့် မျက်နှာစိမ်းညှော်သည်အား ကျေးဇူးတင်မဆုံး တစ်ရွာလုံးက ချီးမွမ်းနေစဉ်တွင် ဆရာတော်မှ ချောင်းသံပေးလိုက်ပြီး…

'ကဲ…ကဲ ငြိမ်ကြပါဦး။ သေကံမရောက် သက်မပျောက်ဆိုတာလဲ မှန်သလို ဒီဆရာကြီးရဲ့ ဆေးကုသချက်မှန်တာလဲ ပါနေတယ်။ ဒီနေ့သာ ဒီဆရာကြီးနဲ့ မတွေ့ခဲ့ရင် ဇာနည် မြေကြီးထဲရောက်ပြီမှ တကယ်သေမှာ။ ခုတော့ ဆရာကြီးရဲ့ ဆေးစွမ်းကြောင့် တစ်ရွာလုံး ဝမ်းသာမဆုံး ဖြစ်နေကြရပြီ။ ဘယ်လိုကျေးဇူးဆပ်ကြရမှန်းတောင် မသိဘူး။ ဒါက ထားပါတော့လေ'

ဆရာတော်မှာ စကားကို ခေတ္တရပ်လိုက်ပြီး မျက်နှာစိမ်းညှော်သည်ဘက်သို့ လှည့်ကာ…

'အကာကြီးရဲ့ ဆေးနည်းလေးများ မစွန့်ကြဲနိုင်ဘူးလား။ ဝိဝိတ်ဒါနပေါ့။ ဘုန်းကြီးတို့ကတော့ မအပ်စပ်ပါဘူး။ အကာတွေ မှတ်သားပြီး အသက်တစ်ချောင်းကို ကယ်ဖို့ပါ'

'ကူညီပါတယ် ဘုရား။ တပည့်တော်ကို ကတိတစ်ခုပေးပါ။ ဒီပညာကို အသုံးချတဲ့သူတိုင်းဟာ (၁) မြွေမသတ်ရဘူး၊ (၂)မြွေသား မစားရဘူး၊ (၃)မေတ္တာသုတ်နဲ့ခန္ဓသုတ်ကို အမြဲရွတ်ပါ။ ပြီးတော့မှ…

**'စိန်–ဆေး–ကန့်–ဝက်–ဒုတ်–ဟင်း–လက်'**

ဆိုတဲ့ ဆေး(၇)မျိုးကို ဆတူရောစပ်ပြီး အမှုန့်ကြိတ် အတောင့်ပြုလုပ်ပြီး ဆောင်ထားပါ။ မြွေတွေ့ရင် မြွေကရှောင်သွားပါလိမ့်မယ်။ မြွေကိုက်တဲ့လူနာတွေ့ရင်လဲ အဲဒီဒဏ်ရာတစ်ဝိုက်မှာ ဆေးကိုသွေးပြီး အရည်နဲ့ စုတ်ဆေးထိုးပေးပါ။ အနည်းဆုံး (၃)ကြိမ်လောက် ထိုးပေးပါ။ မြွေဆိပ်မတက်တော့ဘဲ သက်သာပျောက်ကင်းသွားနိုင်ပါတယ်။ အဲ မှတ်ရမှာက…

**စိန်**ဆိုတာ စိန်နီမြင်းသွား၊ **ဆေး**ဆိုတာက ဆေးဒန်း၊ **ကန့်**၊ **ဝက်**ဆိုတာ ဖဝက်သာ၊ **ဒုတ်**ဆိုတာက ဒုတ္တာ၊ **ဟင်း**ဆိုတာက ဟင်းရိုင်း၊ **လက်**ဆိုတာ လက်ချာ။ ဒီ(၇)မျိုးကို ခေါ်တာပါ'

မျက်နှာစိမ်းညှော်သည်မှာ ရှင်းလင်းပြောကြားပြီးနောက် ရွှင်ရွှင်ပြုံးပြုံးဖြစ်နေသော ဇာနည်၏အသွင်ကိုကြည့်ကာ ဇာနည်၏ ကန်တော့ပူဇော်မှုကို ခံယူပြီး ရွာတွင် (၂)ရက်မျှတည်းကာ ခရီးဆက်သွားပါတော့သည်။

မှတ်ချက်

***အငြိမ်းစား အ.ထ.ပြ ဆရာဦးအောင်သိန်း၏မှတ်တမ်းများမှ ပြောပြချက်ကို ဆီလျော်အောင် ရေးသားပါသည်။***

**အောင်ချမ်းသာ (*ဖီးကုန်း*)**


နယ်မှ စာတော်ပရိသတ်များသို့…

မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူ နိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသောလကို
ရေးသား၍
မှာကြားနိုင် ပါသည်။

မှာကြားရန် လိပ်စာ. . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၄၂၂၁၄

www.burmeseclassic.com

# ဆိတ်များ

## သရက်ရွက်ကြီးသော ဆေးနည်း



နတ်မောက် ရေလှောင်တာမံ (အထက်ဆည်)သို့ စာရေးသူသည် လုပ်ငန်းကိစ္စတစ်ရပ်ဖြင့် သွားခဲ့ရာ သိုးနှင့်ဆိတ်များ စီးပွားဖြစ် မွေးမြူနေသည့် ဦးကျော်ခင်နှင့် တွေ့ရပြီး ဗဟုသုတ ရရှိခဲ့ပါသည်။

'ဆိတ်တွေဟာ နေပူဒဏ်ကို ခံနိုင်တယ်။ ကြိုက်သလောက် ပူပါစေ မမှုဘူး။ သူတို့ မခံနိုင်လောက်တဲ့ နေပူဒဏ် ဆိုရင်လဲ ဘယ်လောက်ပဲ အစာ ဆာနေပါစေ အရိပ်နားနီးရင် အရိပ်၊ အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်၊ ချုံပင်ရိပ်တွေထဲ အတင်းဝင်တိုးဖြီး နေရိပ်ခိုနေတတ်ကြတယ်။

သူတို့ သဘာဝပေးအသိပဲဗျ။ အစာထွက်မစားဘူး။ နေအပူရှိန် ကျသွားပြီဆိုရင်လဲ ချက်ချင်းသိပြီး တမ်းပြီး အစာထွက်စားတယ်'

'ဆိတ်တွေမှာ အဖြစ်အများဆုံး၊ ဖြစ်တတ်တဲ့ ရောဂါတစ်ခုကတော့ **"သရက်ရွက်ကြီးတဲ့ရောဂါပဲ"**ဗျ။ အသည်း၊ နှလုံး၊ ကျောက်ကပ်၊ သရက်ရွက် ဆိုတဲ့ ကလီစာတွေဟာ တွဲလျက်ရှိတယ်။ သရက်ရွက်ကြီးတဲ့ ဆိတ်ဟာ တအင်းအင်းနဲ့ အသက်ရှူ မမှန်၊ အသက်ရှူကျပ်ပြီး သေတာပဲဗျို့။ အလွန် အပျက်အစီး မြန်တယ်'

'ဆိတ်ဟာ သရက်ရွက်ကြီးပြီဆိုရင် အသက်ရှူကျပ်လာမယ်၊ တအင်းအင်းနဲ့ မချိမဆံ့ ဖြစ်လာမယ်၊ မျက်လုံး ကျွတ်ထွက်မတတ် ပြူးလာမယ်။ ဆေးနည်း မသိရင် နာရီဝက် တစ်နာရီအတွင်း သေတာပဲ။

ကျုပ်ကိုလဲ ဆိတ် အကြီးအကျယ် နှစ်ရှည်လများ မွေးစားနေတဲ့ အိန္ဒိယလူမျိုး အဘိုးကြီးတစ်ဦးက ဆေးနည်း ပေးသွားတာ။ အဲလိုဖြစ်လာရင် **"ရေပုံ့"လို့ ခေါ်တဲ့ "လူရဲ့ ကျင်ငယ်ရည်" "လူရဲ့ သေး"ကို ပေါက်တိုက်ပေးလိုက်ပါ။**


ဆိတ်ဝမ်းထဲ ရောက်အောင် ကျင်ငယ်ကို ဝါးကျည်တောက်ထဲ ထည့်ပြီး ဆိတ်ပါးစပ်ဖြဲ၊ ခေါင်းကို မိုးထောင် မော့ပြီးသာ ဝင်အောင်တိုက်လိုက် ဆယ်မိနစ်အတွင်း ဆိတ်ဟာ အသက်ရှူမှန်ပြီး ကျန်းမာသွားတာ ကိုယ်တွေ့ပါပဲဗျာ'

ဆိတ်မွေးမြူသူများအတွက် မွေးမြူရေးသမား ဦးကျော်ခင်(ဗင်းဒလူးရွာ)မှ ပြောပြသည့် ကိုယ်တွေ့ဆေးနည်းကို လက်ဆင့်ကမ်း တင်ပြလိုက်ရပါသည်။

**နေမဝင်(နတ်မောက်)**

# ငါးသလောက်ပေါင်းဟင်း

## အမြန်နူးအိစေရန်



ကျွန်တော်သည် ဟင်းလျာများ၌ ငါးသလောက်ကို အကြိုက်နှစ်သက်ဆုံးဖြစ်သည်။ ငါးသလောက် ဆီပြန်ဟင်းချက်သည်ထက် ငါးသလောက်ပေါင်းကို ပို၍ နှစ်သက်၏။

ထို့ကြောင့်ပင် ဇနီးသည်က မအားလပ်သည့်ကြားမှ ငါးသလောက်ကို ပေါင်း၍ ချက်ကျွေးတတ်၏။ သို့ရာတွင် အလုပ်တစ်ဖက်နှင့်မို့ ငါးသလောက်ပေါင်းကို ရံဖန်ရံခါမှ စားရတတ်သည်။

ကျွန်တော် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ညီဖြစ်သူ မောင်တင်ထွန်းတို့အိမ်သို့ အလည်သွားရောက်စဉ် ခယ်မဖြစ်သူ မခင်နှင်းဆီက ကျွန်တော်နှစ်သက်သော ငါးသလောက်ပေါင်းဟင်း ချက်ကျွေးသည်။

ထမင်းစားပွဲဝိုင်းအလယ်၌ ငါးသလောက်ပေါင်းဟင်းတုံးများသည် စားချင့်စဖွယ် သင်းပျံ့မွှေးကြိုင်လျက် ရှိလေ၏။ ညီက ကျွန်တော့်ထမင်း ပန်းကန်ထဲသို့ ငါးသလောက်ပေါင်း ဟင်းတစ်တုံးကို ဦးချသည်။

ငါးသလောက်ပေါင်းကို ထမင်းနှင့် စားရာ အရသာရှိလှသည်။ **ငါးသလောက်၏ အရိုးများမှာ နူးအိနေသည်။**

'ခယ်မရေ ငါးသလောက်ပေါင်းအရိုးက နူးအိနေပါလားဟ၊ ပြီးတော့ ငါးသလောက်ပေါင်းက စားလို့လဲကောင်းတယ်'

ထမင်းစားပွဲကို ယပ်ခတ်ပေးနေသော ခယ်မက...

'အစ်ကို့ကို ပြရဦးမယ်'

ဟုဆိုကာ နေရာမှထ၍ ကြောင်အိမ်ထဲမှ အရိုးတစ်ခု ယူလာပါသည်။

'အစ်ကို ငါးသလောက်ပေါင်း မြန်မြန်ဆန်ဆန်နဲ့ နူးတာ ဒီအရိုးကြောင့်ပေါ့'

'ရှင်းစမ်းပါဦး ခယ်မရဲ့'

'ဒီအရိုးက လင်းဝက်ငှက်ရဲ့ ပေါင်ရိုးလေ၊ ငါးသလောက်ပေါင်းချက်တဲ့အခါ ထည့်ချက်ရတယ်။ (၁၅)မိနစ်ခန့်ကြာရင် အရိုးကို ပြန်ဆယ်ထား။ ငါးသလောက်ပေါင်း အရိုးနူးအိသွားရော။ စားရတာလဲ အရသာရှိတယ် အစ်ကိုရဲ့၊ ငါးသလောက် ငါးမှာရယ် မဟုတ်ပါဘူး။ ဘယ်ငါးမဆို အရိုးနူးအိအောင် ချက်လို့ရတယ်'

'အေး ရန်ကုန်အပြန်တော့ အိမ်အတွက် ဗဟုသုတလက်ဆောင်တစ်ခု ပါသွားတာပေါ့ကွာ။ အိမ်ကျမှ အိမ်ရှင်မကို ဒီအတိုင်း ချက်ခိုင်းရဦးမယ်။ **လင်းဝက်ငှက်ပေါင်ရိုးကတော့ သစ်လုပ်ငန်းက သူငယ်ချင်းကိုသောင်းငွေဆီပဲမှာရမှာပဲ'**

ကျွန်တော် ရန်ကုန်မှာ ပြန်ရောက်သောအခါ ခယ်မ မခင်နှင်းဆီ ချက်သကဲ့သို့ လင်းဝက်ငှက်၏ ပေါင်ရိုးထည့်၍ ငါးသလောက်ပေါင်းရာတွင် အရိုးများ နူးအိကာ စားကောင်းကြောင်း သိရလေသည်။ သို့ကြောင့် လင်းဝက်ငှက်၏ ပေါင်ရိုးကို အိမ်၌ အမြဲဆောင်ထားရလေ၏။

**မြသက်မောင်(မုံးဆယ်)**

www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ဘဝ နှစ်ဘဝ ပြောပြနိုင်တဲ့ ကိုစံဝ

မောင်မောင်မြ
(ရေစကြို)

ရေစကြိုမြို့နယ်၊ ရွာသစ်ကျေးရွာတွင် ကိုစံဝ ဆိုသူသည် လူဝင်စားဖြစ်၍ အတိတ်နှစ်ဘဝ ပြောပြနိုင်သည်ဟု ကြားသိရသဖြင့် စာရေးသူက တွေ့ဆုံမေးမြန်းချင်သည်။ **သို့ဖြစ်၍ ရွာသစ်ကျေးရွာ၊ အောင်မင်္ဂလာကျောင်းတိုက် ဦးပဥ္စင်း ဦးစိန္တာသီရိထံသို့** သွားရောက်ပြီး အကျိုးအကြောင်း လျှောက်ထားရာ ဦးပဥ္စင်းမှ ကျောင်းသားငယ်တစ်ယောက်ကို ခေါ်ပြီး ကိုစံဝအား အခေါ်လွှတ်လိုက်ပါသည်။

အချိန် အနည်းငယ် ကြာသောအခါ ကိုစံဝဆိုသူ ရောက်လာပါသည်။

'ဦးပဥ္စင်း ဘုရား၊ တပည့်တော်ကို အခေါ်ခိုင်းတယ်ဆိုလို့ လာခဲ့တာပါ ဘုရား'

'ဟုတ်ပါတယ် ဒကာကြီး၊ ဒကာကြီး ကိုစံဝက အတိတ် နှစ်ဘဝက အကြောင်းတွေကို ပြောပြနိုင်တယ် ဆိုတာ ကြားရလို့ အကျိုးအကြောင်း သိချင်လို့တဲ့။ ရေစကြိုက ဒကာမောင်တို့က လျှောက်ထားလို့ ဦးပဥ္စင်းက ဒကာကြီး ကိုစံဝကို အခေါ်ခိုင်းလိုက်တာပါ'

'တင်ပါ့ ဘုရား'

'ဒကာမောင် မေးတာကို မှတ်မိသရွေ့ ပြောပြလိုက်ပါ'

'တပည့်တော် မှတ်မိသလောက်တော့ ပြောပြပါမယ် ဘုရား'

'ကဲ ဒကာတို့ ရေနွေးကြမ်းသောက်ကြပါဦး'

ဦးပဥ္စင်းမှ မောင်ကျောင်းသား လာပို့သော ရေနွေးပွဲကို ညွှန်ပြလျက် အမိန့်ရှိပါသည်။ စာရေးသူနှင့် ကိုစံဝ တို့ ရေနွေးကြမ်း သောက်ကြပါသည်။

နောက်ပြီး စာရေးသူက ကိုစံဝကို မေးခွန်းများ မေးပါသည်။

'ကိုစံဝရဲ့ အတိတ်ဘဝဖြစ်ခဲ့စဉ်များကို ပြောပြပေးပါ'



ဟု အမေး စ,လိုက်ပါသည်။

'ဟိုအရင် ပထမ လူဘဝက စ,ပြောရမှာပဲ'

'ဟုတ်ကဲ့ ပြောပါ'

'လူဘဝတုန်းက နာမည်က **ဦးကြာရ** တဲ့၊ ဒီရွာသစ်သားပါပဲ။ ရွာသစ်မှာပဲ နေခဲ့တာပါ။ အိမ်ရှင်မနာမည်က **ဒေါ်ငွေမြိုင်**လို့ ခေါ်ပါတယ်။ သားသမီး (၆)ယောက် ရှိပါတယ်။

သားနာမည်က **မောင်ပေါ်ခွန်း**လို့ ခေါ်ပါတယ်။ သမီးတွေကတော့ **မတုပ်၊ မပြား၊ မလုံး၊ မရင်၊ မရှင်**တို့ ဖြစ်ကြပါတယ်။ သားတစ်ယောက်နဲ့ သမီးငါးယောက်ပါ အားလုံး(၆)ယောက်ပေါ့ဗျာ။ အဲဒီသားသမီးတွေ မရှိကြတော့

www.burmeseclassic.com

ပါဘူး။ မြေးတွေပဲ ရှိပါတော့တယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ ဦးကြာရ လူ့ဘဝက အိမ်ကို ဘယ်ဘက်လှည့်ပြီး ဆောက်ထားတယ်ဆိုတာ မှတ်မိပါသေးသလား ခင်ဗျား'

'မှတ်မိပါတယ်၊ အိမ်ကို မြောက်ဘက်လှည့်ပြီး ဆောက်ထားတာပါ။ အိမ်က အကောင်းစားကြီး မဟုတ်ပါဘူး။ **လျှော်ချည် သံရိုက်**ပါ၊ ဟဲ ဟဲ ဟဲ'

အားလုံး ရယ်မိကြပါသေးသည်။

'ဦးကြာရဆိုတဲ့ လူ့ဘဝတုန်းက မြေတို့၊ ထန်းတို့ အပိုင်ရှိပါသလား'

'ရှိပါတယ်။ လယ်မြေ၊ ခြံမြေ၊ ထန်းတော အပိုင်တွေပါ'

'ကုသိုလ်ကောင်းမှုရှိရင် ပြောပြပါဦး'

'ကုသိုလ်ကောင်းမှုကတော့ စာတိုက်နဲ့ ဗုဒ္ဓရုပ်ပွား လှူဒါန်းခဲ့ပါတယ်။ အပေါ်က ဗုဒ္ဓရုပ်ပွားတော်၊ အောက်ခံက စာတိုက်ပေါ့။ အဲဒါကို စာတိုက်ဘုရားလို့လဲ ခေါ်ကြပါတယ်။ ပြီးတော့လဲ "ဦးကြာရ၊ ဒေါ်ငွေမြိုင် ကောင်းမှု" ဆိုတဲ့ ကမ္ပည်းလဲ ထိုးထားပါတယ်။ ရွာသစ်တောင်ကျောင်းမှာ ယခုတိုင် ရှိပါသေးတယ်။ အလှူခံ ဂေါပကအဖွဲ့မှာ လူကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်'

'တရားအားထုတ်ခြင်း၊ တရားထိုင်ခြင်း ဆိုတဲ့ ဘာဝနာကုသိုလ်တွေအား ထုတ်ခဲ့ပါသေးသလား'

'တရား အားမထုတ်ခဲ့ပါဘူး။ ရှစ်ပါးသီလပဲ တစ်ခါတလေ စောင့်ခဲ့ပါတယ်'

'ဦးကြာရ လူ့ဘဝ သေဆုံးချိန်မှာ အသက် ဘယ်လောက်ရှိပြီ ထင်ပါသလဲ'

'အသက်(၆၀)ကျော်ပါပြီ။ တိတိကျကျတော့ မမှတ်မိဘူးဗျာ'

'ဘာရောဂါနဲ့ သေဆုံးတယ်ဆိုတာ မှတ်မိပါသေးသလား'

'မှတ်မိပါတယ်၊ ဖျားပြီး သေဆုံးခဲ့တာပါ'



'ဦးကြာရ သေဆုံးတော့ တစ္ဆေဖြစ်သလား'

'ဟုတ်ပါတယ် သေဆုံးပြီးပြီးချင်း တစ္ဆေဖြစ်တာပါပဲ'

'တစ္ဆေဘဝမှာနေတော့ ဘယ်မှာနေရပါသလဲ'

'အိမ်မှာပဲ နေပါတယ်။ ဆွမ်းသွတ်၊ ပရိတ်တရားနာမှ အိမ်က ထွက်ရတော့တယ်။ ရွာသစ်ရွာ အနောက်ဘက်က ညောင်ပင်ကြီးမှာ သွားနေရတယ်။ အဲဒီ ညောင်ပင်ကြီး ယခု လဲသွားပြီပေါ့ဗျာ'

'ကိုစံဝတို့နေတဲ့ ညောင်ပင်ကြီးမှာ တစ္ဆေတွေ အများကြီးရှိသလားဗျာ'

'အများကြီး ရှိပါတယ်၊ **ညောင်ပင်အစောင့်လဲ ရှိတယ်။** အဲဒီ**ညောင်ပင်အစောင့်**ကပဲ အုပ်ချုပ်ပါတယ်။ ဒါပေမယ့် တချို့ တစ္ဆေတွေက နားမထောင်ချင်ကြဘူး။ လူ့ဘဝမှာ ဆိုးတဲ့လူက တစ္ဆေဘဝမှာလဲ ဆိုးတာပဲ'

'ကိုစံဝကတော့ မဆိုးဘူးလား'

'ကျွန်တော်က မဆိုးပါဘူး။ ရဟန်းသံဃာမြင်ရင် ရှိခိုးတယ်၊ ဦးချ ကန်တော့တယ်။ ကျွန်တော်က လူဝင်စား လူ့ဘဝ ပြန်ဖြစ်ချင်တာကိုဗျာ'

'အိမ်မှာ ကျန်ခဲ့တဲ့ သားသမီးတွေ မေ့မနေဘူးလား'

'မမေ့ပါဘူးဗျာ၊ အမြဲ သတိရနေပါတယ်။ သားသမီးတွေ သွားရာလာရာ လိုက်ရတာလဲ အမောပါပဲ။ သူတို့တစ်တွေကတော့ မသိကြပါဘူး။ တစ်ခါတလေ တစ္ဆေခြောက်တယ်လို့ ပြောကြသေးတယ်။ ကျွန်တော်က မခြောက်ပါဘူး နှုတ်ဆက်တာပါ'

ကိုစံဝက ဆက်၍ ပြောပြတာကတော့...

'ကျွန်တော် ထူးထူးခြားခြား မှတ်မိနေတာကတော့ ကျွန်တော့်အိမ်ရှင်မ ဒေါ်ငွေမြိုင် ကျန်းမာရေး မကောင်းလို့ တော်တော်ဆိုးပြီး အသည်းအသန် ဖြစ်နေတော့ ကျွန်တော် စိတ်မကောင်း ဖြစ်ခဲ့ရတယ်ဗျာ။

ဒါနဲ့ ကျွန်တော် အိမ်ကိုသွားပြီး စောင့်ကြည့်နေခဲ့တယ်။ အနားတော့ ကပ်လို့မရပါဘူး။ အတန်ငယ်ဝေးဝေးက နေရတာပေါ့ဗျာ။ ဒေါ်ငွေမြိုင်လဲ အသက်ဆုံးရော တစ္ဆေဘဝ ရောက်တာပဲ။

ဒေါ်ငွေမြိုင်ကလဲ သူ့ရုပ်အလောင်းကို ပြန်ကြည့်၊ ကျွန်တော်ကလဲ ကြည့်နေကြတာပေါ့။

အဲဒီလို ကြည့်နေကြစဉ်မှာပဲ သားသမီးတွေက ဝိုင်းပြီး ဆူနေအောင် ငိုကြတော့ ကျွန်တော်တို့လဲ မနေနိုင်ကြတော့ဘူး ထွက်ပြေးခဲ့ကြရတယ်။ အဲဒီအချိန်က စပြီး အိမ်ရှင်မ ဒေါ်ငွေမြိုင်နဲ့ ကျွန်တော်နဲ့ မတွေ့ကြရတော့ဘူးဗျာ'

'ကိုစံဝက လိုက်မရှာဘူးလား'

'ရှာတာပေါ့ဗျာ၊ ရှာပေမယ့် မတွေ့ရတော့ပါဘူး'

'တစ္ဆေတွေက ခြောက်တယ်ဆိုတာ ဟုတ်သလားဗျာ'

'ဟုတ်ကဲ့၊ ခြောက်တဲ့တစ္ဆေက ခြောက်တယ်၊ တချို့က မခြောက်ပါဘူး။ နှုတ်ဆက်တာတော့ ရှိပါတယ်။ အဲဒီလို နှုတ်ဆက်တာကို တချို့လူတွေက ခြောက်တယ်လို့ ပြောကြတာပေါ့ဗျာ'

'တစ္ဆေနဲ့ သရဲ အတူတူပဲလား'

www.burmeseclassic.com

'မထူးပါဘူး။ သရဲက အငွေ့တွေ ပေါက်နေတယ်၊ မီးသရဲဆိုတာက ခေါင်းမီးလောင်ခံနေရတာ။ သူတို့နဲ့ နီးရင် မီးလောင်နေတဲ့ အသံကို ကြားရတယ်'

**'အသူရကာယ်** ဆိုတာကကော ရှိသလား'

'ရှိပါတယ်။ အသူရကာယ်ဆိုတာက နေ့မှာ ဆို စားကြသောက်ကြ ပျော်ရွှင်နေကြတာပဲ။ နေဝင်ပြီဆိုရင်တော့ သူတို့ ခံရမယ့်နေရာကို သွားကြရတာပဲ။ မိုးလင်းပြီဆိုမှ ပြန်ရောက်လာကြတယ်'

'ရက္ခစိုးနတ်လို့ ကြားဖူးတယ် ရှိသလား'

'ရက္ခစိုးနတ် ရှိပါတယ်။ အဲဒီနတ်ကတော့ ဖြူဖြူကြီးပါ။ **ခေါင်းမှာ အချွန်ဦးထုပ်လို အဆောင်းပါတယ်'**

'ကျတ်ဆိုတာလဲ ကြားဖူးတာပဲ။ ကျတ်ရှိသလား'

**'ကျတ်ဆိုတာလဲ တစ္ဆေတစ်မျိုးပါပဲ၊ သူတို့ကတော့ ပွဲက,ကြတယ်၊ ဈေးဆိုင်တွေလို လုပ်ကြတယ်၊ တိုက်တွေ၊ အိမ်တွေလို လုပ်ပြီး ပြကြတယ်၊ ချုံ တွေ၊ သစ်ပင်တွေကို စိတ်က တိုက်တို့၊ အိမ်တို့ထင်အောင် လုပ်ပြကြတာပါပဲ'**

'ဥစ္စာစောင့်ဆိုတာလဲ ရှိသလား'

'ဥစ္စာစောင့် ရှိပါတယ်၊ ရွာသစ်ရွာ ဘုရားကြီးတောဘက်မှာ ရှိပါတယ်။ ညောင်ဆောက်ရွာ ကွမ်းအုံဘုရားမှာလဲ ရှိပါတယ်။ မြင်ခဲ့ရပါတယ်၊ တွေ့ခဲ့ရပါတယ်။

'နန္ဒင်းစိမ်းနံ့ နံတဲ့တစ္ဆေက ဘယ်လို တစ္ဆေလဲဗျာ'

'အဲဒီနန္ဒင်းစိမ်းအနံ့ပေးတာက မီးနေသည်တွေ သေလို့ဖြစ်တဲ့တစ္ဆေက အနံ့ပေးကြတာပါ'

'ကိုစံဝ တစ္ဆေဘဝက စားသောက်ရပုံ ပြောပါဦး'

'ညနေစောင်းရင် အစားအသောက် အရှာထွက်ကြရတယ်။ ထမင်းလုံးရှာပြီး စားကြရ



တာပါပဲ။ ထမင်းလုံးတစ်လုံးကို အတော်ထမ်းသယ်ကြရတယ်။ စားပြန်တော့လဲ နည်းနည်းစီ ဖဲ့စားကြရတယ်။ ဖဲ့ရတာလဲ လွယ်လွယ်နဲ့ ဖဲ့လို့ရတာ မဟုတ်ဘူးဗျ။ တချို့ တစ္ဆေတွေဆိုရင် အမြဲလို ဆာလောင်နေကြတော့ ရေမြောင်းတိုင်းလဲ သောက်လို့မရဘူး။ ရေရှိတဲ့တစ္ဆေကလဲ မပေးဘူး။ ကိုယ့်ဟာနဲ့ကိုယ် ရှိမှ စားရသောက်ရတာ'

ကိုစံဝက ပြောအပြီးမှာ စာရေးသူက…

'အဲဒီလိုဆို ကံ နေမှာပဲ၊ မိမိပြုခဲ့တဲ့ ကံအတိုင်း အကျိုးပေးကြတာနေမှာပဲ'

ဟု စာရေးသူ ပြောမိပါသေးသည်။

'တစ္ဆေတွေ အိမ်တို့၊ တဲတို့ထဲ ဝင်လို့ရသလား'

'အိမ်ပိုင်းထဲ ဝင်ဖို့ မလွယ်ဘူး။ ညောင်ပင်အစောင့်က ခွင့်ပြုမှ ဝင်လို့ရတာ။ တောထဲမှာ ရှိတဲ့ တဲတွေကိုတော့ အပေါက်ပိတ်မထားခဲ့ရင် ဝင်လို့ရတယ်။ ပိတ်ထားရင်တော့ ဝင်မရဘူး။ တဲပေါက်ဝကို စည်းတားထားခဲ့ရင်လဲ ဝင်မရဘူး။ တုတ်ထိုးပြီး ပိတ်ထားခဲ့ရင်လဲ ဝင်မရဘူး'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကိုစံဝ တစ္ဆေဘဝမှာ ဘယ်လောက်ကြာခဲ့ပါသလဲ ခင်ဗျာ ပြောပါဦး'

'ကျွန်တော့်အထင်တော့ ငါးနှစ်လောက် ကြာခဲ့တယ် ထင်ပါတယ်။ အတိအကျတော့ မဟုတ်ဘူးပေါ့။ မှန်းပြီး ပြောရတာပဲ'

'ကိုစံဝ လူဘဝ ရောက်လာအောင် ဘယ်နည်းဘယ်ပုံ ဝင်စားခဲ့ရတယ် ဆိုတာကိုလဲ ပြောပါဦး'

'ကိုယ်ဝင်စားမယ့်ပုဂ္ဂိုလ် သောက်မယ့်ရေခွက်ထဲကို ဝင်ပြီး အမှိုက်ဖတ်ဟန်ဆောင်နေခဲ့တယ်။ လွယ်လွယ်နဲ့ မရဘူးဗျို့။ ရေသောက်တဲ့သူက အမှိုက်ဖတ်ကို မြင်တော့ သွန်ပစ်တာဗျာ။ နောက်ကျတော့ ကျွန်တော်က နေ့ မဝင်စားတော့ဘဲ ညမှာ ဝင်စားတော့ အမှိုက်ဖတ်ကို မမြင်တော့မှ အောင်မြင်ခဲ့တာဗျ'

'အခု ကိုစံဝ ဝင်စားတဲ့သူဟာ ဆွေမျိုးတော်ပါသလား'

'ဆွေမျိုးတော်ပါတယ်၊ ဦးကြာရ ဘဝတုန်းကတော့ တူမ တော်ပါတယ်။ နာမည်က "မကြက်ပွေ"တဲ့။ အခု ကိုစံဝ ဘဝမှာတော့ မိခင် မကြက်ပွေပေါ့'

'ဘာဖြစ်လို့ ကိုစံဝအမေက မကြက်ပွေလို့ နာမည်ခေါ်တာလဲ'

ဟု စာရေးသူက မေးပါသည်။

'မကြက်ပွေ မွေးစမှာ ဖခင်ဖြစ်သူ ဦးထွန်းအောင်က ကြက်အလွှန်တိုက်လို့ ပြီးတော့ ကြက်ပွဲအနံ့ သွားနေတုန်း မွေးတာဖြစ်လို့ "မကြက်ပွေ"လို့ ခေါ်တာပါ။ အမည်ရင်းက မခင်သန်းပါ"


ဟု ရှင်းပြပါသည်။

'ကိုစံဝက ဆွေမျိုးတွေကို ဦးကြာရဆိုတာ ငါပဲ။ ငါ အရင်ဘဝက ဦးကြာရဘဝမှာ ဖြစ်ခဲ့တာလို့ ပြောတော့ ယုံကြည်ကြရဲ့လား'

'ယုံကြည်ကြပါတယ်။ မယုံဘဲ နေမလားဗျာ၊ သူတို့ မေးတာကို တိတိကျကျ ပြောပြနိုင်တော့ ယုံတာပေါ့။ ပြီးတော့ ဦးကြာရဘဝမှာတုန်းက အလှူခံအဖွဲ့မှာ အတူ ဆောင်ရွက်ခဲ့ကြတဲ့ ဦးနီ၊ ဦးဖိုးအုံ၊ ဦးခင်အောင်တို့ အခုတိုင် သူတို့ ရှိသေးပါတယ် မေးကြည့်ပါ။ သူတို့က ဦးကြာရအကြောင်း


စာမျက်နှာ (၂၉၄) သို့
www.burmeseclassic.com

www.burmeseclassic.com



# ကျောက်လက်ဝါးအကြောင်း

## ထိပ်ဆင့်ရှင်းလင်းချက်

ဦးအောင်ဇင်
(ရွှေနဝင်း)

အမှတ်(၃၃၅)၂၀၁၄ ဇွန်လထုတ်၊ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၁၀၉)တွင် "**ကျောက်လက်ဝါးနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် ဗဟုသုတ**"အကြောင်း ဆောင်းပါးနှင့် ပတ်သက်၍၊

စာတည်းချုပ် ဆရာဦးကျော်မိုးသိန်းမှ "**သိရှိသူ သုတေသီပညာရှင်များမှ ဆက်လက် ရေးသားပေးပို့ပါရန် ပန်ကြားအပ်ပါသည်။**" ဆိုသည့် ပန်ကြားချက်အရ ဂမ္ဘီရသိဒ္ဓိဝင် ကျောက်လက်ဝါးအစစ်၏ သဘောသဘာဝနှင့် စွမ်းအားအမှန် တည်ရှိပုံတို့ကို စာရှုသူ ဝါသနာရှင်များ အမြင်ရှင်း၍ ဗဟုသုတပွားများစေရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ပါသည်။

"**နက်ကြောမွှေးတောင် ကျိုးရာထောင်တွင် တစ်ကောင် အဖြူရှိဖို့မှက လွန်စွာ ခဲယဉ်းရှိပေခြင်း**"ဟု ဂမ္ဘီရသိဒ္ဓိစွမ်းအား ကိန်းအောင်းနေကြသော ပစ္စည်းဆန်းများ၏ ဆန်းကြယ် အဖိုးတန်၍ ရှားပါးမှုအခြေအနေကို ပြဆိုထားသည့် ပညာရှိများ၏ စကားတစ်ရပ် ဖြစ်ပါသည်။

ထိုပစ္စည်းဆန်းများကို ရရှိပိုင်ဆိုင်ခဲ့ကြလျှင် "**ငါကတော့ ချမ်းသာမှာပဲ၊ သူဌေးဖြစ်တော့မှာ၊ ပျောက်စေ ဆရာကြီး လုပ်စားလိုက်ရရင်**" စသည်အားဖြင့် လောဘတရားပွားများ အခြေပြုသော စိတ်ကူးစိတ်သန်းများဖြင့် မစားရ ဝခမန်း စိတ်ကူးယဉ်တတ်ကြပေသည်။

ထိုပစ္စည်းဆန်းများထဲတွင် ယခု ကျောက်လက်ဝါးသည်လည်း အတော်ရေပန်းစားနေသည့် ဖာတ်လိုက်ကျော် ပစ္စည်းတစ်ခု ဖြစ်ပေသည်။

အများတကာက ကျောက်လက်ဝါး ဆိုလို့သာ လိုက်ဝါးနေကြပေမယ့် အမောင် ဘာမှန်းညာမှန်း မသိကြသူတွေကြီးပဲလို့ ပြောရလျှင် လွန်အံ့မထင်။

ဟုတ်ပြီ...ကျောက်လက်ဝါး အမှန်တကယ် မရှိဘူးလားဟု မေးခဲ့လျှင် ရှိပါသည်ဟု ဆိုရမည်။

သို့သော် ဂမ္ဘီရဆန်းကြယ် သိဒ္ဓိဝင်၍ အစွမ်းထက်သည့် ကျောက်လက်ဝါး အစစ်အမှန်သည်ကား အာဖရိက စိန်တွင်းများမှ ထွက်ရှိသည့် ကမ္ဘာကျော် "ကူလီနန်"စိန်တုံးကြီးကဲ့သို့ပင် လွန်စွာ ရှားပါး၍ အဖိုးတန်လှပေသည်ဟု သတ်မှတ်ရပါမည်။

ဟိုနေရာမှာလည်း ကျောက်လက်ဝါး၊ ဒီနေရာမှာလည်း ကျောက်လက်ဝါး ဆိုသလို နေရာတိုင်းမှာ တွေ့နေရလောက်အောင် ပေါ်များလှသည့် ပစ္စည်းမျိုး မဟုတ်ပါ။

ထိုပစ္စည်းသည် သိုက်ဝင်ဂမ္ဘီရပစ္စည်းဖြစ်သည့်ကြောင့် ကျောက်လက်ဝါးအစစ်တွင် "**သက်ဆိုင်ရာစောင့်ကြပ်နေသည့် ပုဂ္ဂိုလ်အထူး**" ရှိနေကြခြင်းကြောင့် ထိုက်သည့်သူ၊ ပဋ္ဌာန်းဆက်လွန်စွာ နီးစပ်သူ၊ စိတ်ရင်းစေတနာဖြူစင်၍ အတ္တတရား နည်းပါးပြီး ကိုယ်ကျိုးမဖက် အများအကျိုးအတွက်သာ ရည်ရွယ်ချက်ထားသူတို့ထံတွင်သာ ရှိနေတတ်၊ မြဲနေတတ်ပါသည်။

ယင်းကျောက်ကက်ဝါးကို အရင်းခံပြီး မိမိ ကိုယ်ကျိုးစီးပွား ရှာလိုသည့်စိတ်၊ တလွဲအနိုင်ယူ အနိုင်ကျင့်လိုသည့်စိတ်ဓာတ် ကိန်းအောင်းနေသူများထံတွင် မတည်မြဲပါ။

မတော်၍ ထိုသူမျိုးတို့ လက်ဝယ် ကျောက်လက်ဝါးအစစ် ရောက်နေခဲ့လျှင်လည်း ဘေးအန္တရာယ်ဆိုးများ ကြုံတွေ့ပြီး နောက်ဆုံး ထိုကျောက်လက်ဝါးကို စွန့်လွှတ်လိုက်ရပါသည်။

ဤသည်မှာ ကျောက်လက်ဝါး အစစ်အမှန်၏ သဘောသဘာဝများပင် ဖြစ်ပါသည်။

ယခု အများဆုံး တွေ့မြင်နေကြရသော ကျောက်လက်ဝါး ဆိုသည်များသည် လူလုပ် ဖန်တီးထားသည့် ကျောက်လက်ဝါးများက ၉၅%ရှိပါသည်ဟု အတိအလင်းပြောခဲ့ပါသည်။

ကျန်သည့် (၂/၃)%ခန့်သာ ကျောက်လက်ဝါးအစစ် ဂမ္ဘီရပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ထို ၉၅%မှာ ပါဝင်နေသော လူလုပ် ဖန်တီးထားသည့် ကျောက်လက်ဝါး များကို အရောင်းအဝယ်ပြုရန်၊ ဗဟုသုတ နည်းပါးပြီး လိုချင်လောဘကြီး များကို လိမ်လည်ရန်အတွက် လူအများ ယုံကြည်စေရန် ဖန်တီးထားပြီး စမ်းသပ်မှု ခံနိုင်စေရန် ပြုပြင်ထား တတ်ကြပေသည်။

သဏ္ဌာန်လုပ် သရုပ်တူစေ ဆိုသကဲ့သို့ ကျောက်လက်ဝါး၏ ပုံသဏ္ဌာန်မှာ လူ၏လက်ဖဝါးနှင့် ပုံစံတူလွန်းစွာ ပြုပြင်ထားကြလေသည်။ အချို့ ကျောက်လက်ဝါးများတွင် လက္ခဏာ လမ်းကြောင်းများပင် ပါနေအောင် လုပ်ထားကြပါသေးသည်။

ထိုသို့သော ကျောက်လက်ဝါးမျိုးကို ဖန်တီးပြီး (For Show)ပြစားကာ ပျောက်စေဆရာကြီး လုပ်စား၍ မသမာမှု ပြုနေကြသည်ကို များစွာ တွေ့မြင်နေရပါသည်။

အလိမ်ခံနေရသူတွေကလည်း ဘာမှန်းညာမှန်းမသိတဲ့ ကျောက်လက်ဝါး ပုံကြီးကို အထင်တကြီးလုပ်ပြီး ကိုးကွယ် နေသူတွေက အနမတဂ္ဂမို့ ထိုဆရာလိမ်များ ဝမ်းဝ၊ ခါးလှုပြီး စိုပြည်နေကြလေသည်။

သို့သော် သံသရာမှာတော့ ငရဲက နေမည် မဟုတ်ပေ။ ထို လူလုပ်ဖန်တီး ထားသော ကျောက်လက်ဝါးကို ဂမ္ဘီရ သိဒ္ဓိဝင်ပစ္စည်းအမှတ်ဖြင့် ပိုင်ဆိုင်ချင် ကြသူများသည် ငွေကြေးများစွာပေး၍ "အင်"လုပ် ပစ္စည်းကြီးကို လက်ဝယ် ပိုက်ထားကြပါသည်။

ထို့နောက် ငါရထားတဲ့ ကျောက် လက်ဝါးကြီးက ဘာကောင်းမှာပဲ၊ ညာ ကောင်းမှာပဲဟု စိတ်ကူးနဲ့ ရူးနေကြ သော်လည်း လက်တွေ့မှာကတော့ ဘာကမှ ဖြစ်မလာကြသည်ကို များစွာ ကြုံတွေ့နေရပေသည်။

ဂမ္ဘီရသိဒ္ဓိဝင်နေသော ပစ္စည်းဆန်း များတွင် လောကနိယာမ ဖွဲ့စည်းပုံ စည်းမျဉ်းများ ရှိကြပါသည်။

၁။ စိတ်ရင်းစေတနာ ဖြူစင် သန့်ရှင်းကြသူများ ထံတွင်သာ တည်ရှိကြခြင်း။

၂။ မိမိကိုယ်ကျိုးစီးပွားမရှာဘဲ အများအကျိုး အတွက်သာ ရည်ရွယ်ချက်ထားရှိသူများ တွင်သာ ပစ္စည်းမြဲခြင်း။

၃။ ရှေးဘဝအကြောင်းကံ ပဋ္ဌာန်းဆက်လွန်စွာ နီးစပ်သူများသာ ရရှိခြင်း။

၄။ ထိုပစ္စည်းဆန်းများကို ရရှိပြီးသည့်အချိန်မှစ၍ ရတနာ(၃)ပါးနှင့်တကွ ကုသိုလ်တရားများ ကို စဉ်ဆက်မပြတ် ပွားများနိုင်ကြသူများထံ တွင်သာ အကျိုးပြု၍ တည်မြဲနေတတ်ခြင်း။

၅။ ထိုရရှိထားသော ဂမ္ဘီရပစ္စည်းဆန်းများကို တစ်ချိန်ချိန်တွင် ဘုရား၊ စေတီများတွင် ဌာပနာပစ္စည်းအဖြစ် လှူဒါန်းနိုင်ခြင်း စသည် အကြောင်းအချက်များနှင့် ဆက်စပ် နေကြပါသည်။

ဂမ္ဘီရသိဒ္ဓိဝင် ပစ္စည်းဆန်းများတွင် ကျောက်လက်ဝါးအပါအဝင်**"အသေ" (အစွမ်းမဲ့)**ဟူ၍ မရှိပါ။

နဂိုဇီဝသတ္တိသဒ္ဓေမှာကိုက သိဒ္ဓိစွမ်း အားများ ကိန်းအောင်းပြီးမှ ဖြစ်ပေါ် လာစေသည့် ပစ္စည်းများဖြစ်သော ကြောင့် စွမ်းအားပါဝါက ရှိပြီးသားမို့ "အသေ"(အစွမ်းမဲ့) ဟူသည့် ပစ္စည်း လုံးဝမရှိပါ။

ယင်းပစ္စည်းမှာ ကိန်းအောင်းနေ သည့် ပါဝါစွမ်းအားကို မဖော်ထုတ် တတ်၊ ဖော်ထုတ်နိုင်သည့် အရည် အချင်းကံ၊ ပါရမီ မပြည့်စုံခြင်းတို့ ကြောင့်သာ ဖြစ်ပေလိမ့်မည်။

လူလုပ်ဖန်တီးထားသော ပစ္စည်း များသာ "အသေ"(အစွမ်းမဲ့)အဖြစ် တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

ဤအချက်ကို စာရှုသူများ သဘော ပေါက် လက်ခံနားလည်စေချင်ပါ သည်။ ဥပမာပေးရလျှင်...

ယခုခေတ်ပေါ် "အန်းဒရွိုက်" ဟန်းဆက်ဖုန်းများကဲ့သို့ပင် သဘော မသိ၊ မကိုင်တွယ်တတ်လျှင် ဘာမှ မသုံးတတ်ဘဲ နားလည်ကျွမ်းကျင်မှ သာ ပါဝါကို ဖွင့်ပြီး လိုသလို အသုံးပြု နိုင်စေသည့် သဘောပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျောက်လက်ဝါး အစစ် အမှန် သိဒ္ဓိဝင်ပစ္စည်းဖြစ်ကြောင်း သိ လိုလျှင်...

၁။ ရရှိပိုင်ဆိုင်ထားသော ပုဂ္ဂိုလ်သည် ဦးစွာ သီလစင်ကြယ်စွာ နေထိုင်ပြီး စရဏတစ်ခုခု ကို ဖြည့်ကျင့်၍ ရည်ရွယ်ချက်၊ သတ်မှတ် ချက် တစ်ခုထားပြီး အဓိဋ္ဌာန်ကြည့်ပါ။ မိမိသတ်မှတ် ရည်ရွယ်ထားသော အချိန် အတိုင်းအတာအတွင်း အဓိဋ္ဌာန်ပြည့်စုံလာ ပါလိမ့်မည်။

၂။ ထိုကျောက်လက်ဝါးကို ရေနွေးဆူဆူတွင် ထည့်စိမ်လိုက်ပါက ပကတိရေကဲ့သို့ အေး သွားစေပါသည်။

၃။ မြေကြီး၊ အိမ်ကြမ်း၊ ပုဏ္ဏက အစွမ်းပြနေ သော နေရာဌာနများတွင် ယင်းကျောက် လက်ဝါးကိုထားပြီး ရေစိမ်ထားသည့် ရေစင် ဖြင့် ပက်ဖျန်းပေးလိုက်ပါက လုံးဝပကတိ အေးဆေး ငြိမ်သက်သွားပါလိမ့်မည်။

၄။ ကျောက်လက်ဝါးကို အမဲသွေး၊ ဝက်သွေး စသည် မသန့်ရှင်းသော အရာများ၊ သက်ရှိ သတ္တဝါ ကြက်၊ ငှက်များနှင့်အတူ ယှဉ်တွဲ ထားလျှင် အမဲသွေး၊ ဝက်သွေးကုန်ခန်းနေ ခြင်း၊ ကြက်ငှက်များ သေဆုံးနေခြင်း စသည့် ဖြစ်စဉ်များသည်။

ကျောက်လက်ဝါးအစစ်အမှန်၏ "ဂုဏ်သတ္တိ များမဟုတ်ပါ"။

လူလုပ်ဖန်တီးထားသော ကျောက် လက်ဝါးတွင် အစိမ်း၊ လှိုင်းသွင်းထား ခြင်း စသည့် မကောင်းသော အောက်

www.burmeseclassic.com

လမ်းပညာရပ်များဖြင့် ဖန်တီးပြီး သမားဂုဏ်ပြကောင်းအောင် လုပ်ကြံဖန်တီးထားခြင်းကြောင့်သာ ဖြစ်ပါသည်။

ဤကဲ့သို့သော ကျောက်လက်ဝါးမျိုးကို တန်ဖိုးကြီးပေးဝယ်၍ ဆောင်ထားကြမည်ဆိုလျှင် ကျိန်းသေ ဆောင်ထားသောသူကို ဒုက္ခ အန္တရာယ်ပေးမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

၅။ သိဒ္ဓိဝင်ကျောက်လက်ဝါးအစစ်အမှန်ကို အိမ်စောင့် ခြံလုံအောင် မွေးထားသော ခွေးကဲ့သို့ သဘောမျိုးဖြင့် စမ်းသပ်ခဲ့သော် ထိုစမ်းသပ်ရန် သတ်မှတ်ထားသော ခြံဝင်း အိမ်ဂေဟာထဲတွင် သောင်းကျန်းထားသော လက္ခဏာများကို တွေ့ရမည် မဟုတ်ပါ။

ထိုသို့ သောင်းကျန်းထားသည်ကို တွေ့ခဲ့ရပြီဆိုလျှင် အထက်နံပါတ်(၄)တွင် ဖော်ပြထားခဲ့သည့်အတိုင်း အစိမ်း, လမိုင်းသွင်းထားသည့် လူလုပ် ဖန်တီးထားသည့် ကျောက်လက်ဝါးသာလျှင် ဖြစ်ပါသည်ဟု မှတ်ယူထားပါ။

**(လူ၏ အသက်ကိုပါ အန္တရာယ်ပေးစေတတ်ပါသည်။)**

အချုပ်အားဖြင့်ဆိုရသော် ဂမ္ဘီရဆန်းကြယ် သိဒ္ဓိဝင်ပစ္စည်း အစစ်အမှန်များသည် လူအများ အထင်ရောက်နေသကဲ့သို့ ထိုပစ္စည်းကို မိမိတို့ ပိုင်ဆိုင်ခဲ့လျှင် ငါတို့လိုသလို အသုံးချ စေခိုင်းလိုက်ကြမည်ဟု တွေးထားလျှင် ထိုသူသည် လွန်စွာ မိုက်မဲရာကြသူ ဖြစ်ပါတော့သည်။

ဂမ္ဘီရသိဒ္ဓိဝင်ပစ္စည်းများသည် ဘယ်သောအခါမှ "မျက်လှည့်ဆရာကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်မရှိ"၊ "အရုပ်ပျက် မိန်းမကဲ့သို့ ဆပ်စလူးမထ"ဘဲ။ သူ၏ ဂုဏ်၊ သူ၏ သိဒ္ဓိအစွမ်းကို အကြောင်းတရား ခိုင်လုံမှသာ ပြသတတ်ပေသည်ဟု စာရှုသူများ စွဲမြဲစွာ ယုံကြည် မှတ်ယူထားစေချင်ပါသည်။

ထို့ကြောင့် သိဒ္ဓိဝင်ပစ္စည်းများသည် မည်သည့်အခါမှ အကြောင်းမဲ့ အကျိုးမဲ့ မဖြစ်ပေါ်တတ်ကြပါ။

လွန်စွာ အကြောင်းအကျိုး တိုက်ဆိုင်ပြီး အချိန်သင့် အခါသင့် ခံယူမည့် လူပုဂ္ဂိုလ် အသင့်ရှိမှသာ ဂန္ထဝင်မြောက်သည့် သိဒ္ဓိအစွမ်းကို ဖန်တီးပြသပေးတတ်သည့်သဘော ရှိကြပါသည်။

**ဥပမာ...** သိုက်ဆက်ကြီးမားသည့် တန်ခိုးကြီး ရှေးဟောင်းဘုရား၊ စေတီများ ပြုပြင် ထီးတော်တင်သည့် အချိန်အခါလိုမျိုးစသည်တို့တွင်သာ တိုက်ဆိုင် ပေါ်ထွန်းလာပြီး တန်ခိုးကြီးဘုရားစေတီတို့တွင် သိုက်ဝင်ဥာပနာပစ္စည်းအဖြစ် ကိန်းဝပ်စေပြီး ဘုရားစေတီနှင့် တကွ (၇)ရက်သားသမီးအပေါင်းတို့ကို သူစွမ်းနိုင်သည့်ဘက်မှ တတ်နိုင်သမျှ ဘေးအန္တရာယ်တို့ကို ကာကွယ်ပေးကြပါသည်။

**[ကျောက်လက်ဝါးကြီး တကိုင်ကိုင်နဲ့ ဟန်ရေးပြပြီး ဆရာကြီးလုပ်စားနေသူများထံတွင် စစ်မှန်၍ သိဒ္ဓိဝင်နေသော ကျောက်လက်ဝါး အမှန်သည် ဘယ်သောအခါမှ မတည်ရှိတတ်ပါ။ (မရှိပါ။)**

သူတို့ "အင်"လုပ်ဖန်တီးပြီး(For Show)ပြထားသည့် ကျောက်နှင့် လုပ်ထားသည့် ကျောက်လက်ဝါးကြီးသာ ဖြစ်ပါကြောင်း...]

စာရှုသူအပေါင်း အသိမှန်၊ အမြင်မှန်၍ ဗဟုသုတပွားများစေရန် စေတနာအရင်းခံဖြင့် တင်ပြလိုက်ပါသည်။

***လူသားအားလုံး အသိမှန်၍ အမှန်ကို သိကြပြီး ကိုယ့်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

***ဦးမင်းဇင်(ရွှေနဝင်း)***

စာမျက်နှာ (၂၉၁)မှ အဆက်

ပြောပြပါလိမ့်မယ်။ အဲဒီဘဝတုန်းက သူတို့က လူငယ်တွေပါ'

'ကိုစံဝကို ဦးကြာရဲ့ သားသမီးတွေက ဘာပစ္စည်းတွေ ပေးပါသေးသလဲ'

'ပေးပါတယ်၊ ကျွန်တော် ငယ်ငယ်က နွားမတစ်ကောင် ပေးပါတယ်။ အင်္ကျီ လုံချည်တွေလဲ ပေးကြပါတယ်။ အခုလဲ မြေးတွေက ကန်တော့ကြပါတယ်'

'ကိုစံဝ အခုဘဝမှာ သားသမီးတွေ ရှိပါသလား'

'ရှိပါတယ်။ သားတစ်ယောက်၊ သမီး နှစ်ယောက်ပါ။ မိန်းမကတော့ သေဆုံးသွားပါပြီ'

'ကိုစံဝ အသက်ဘယ်လောက် ရှိပြီလဲ'

'ကျွန်တော့်အသက် (၄၂)နှစ် ရှိပါပြီ'

စာရေးသူ သိလိုသော အကြောင်းအရာတွေ ပြည့်စုံပြီဖြစ်၍ အမေးစကားကို အဆုံးသတ်လိုက်ပြီး...

'ဟုတ်ကဲ့ ခင်ဗျာ၊ အခုလို ကျွန်တော် မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားပေးတာကို ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဟု ကျေးဇူးတင်စကား ပြောကြားအပြီးမှာ ဦးပဥ္စင်း ဦးစိန္တာသီရိမှ...

'ကဲ ဒကာမောင်တို့ မေးမြန်းလို့ ပြီးကြရင် ရေနွေးသောက်ကြပါ။ ဒကာကြီး ဦးစံဝလဲ ပြောရတာ မောသွားပြီထင်ပါရဲ့'

ဟု မိန့်ပါသည်။ စာရေးသူနှင့် ကိုစံဝတို့ရေနွေးသောက် အနားယူကြပါသည်။

ညနေ လေးနာရီ အချိန်ခန့်တွင် ကိုစံဝကို ပြောဆို နှုတ်ဆက်ပြီး ဦးပဥ္စင်း ဦးစိန္တာသီရိအား ဦးချ ကန်တော့၍ စာရေးသူ၏ နေရပ်သို့ ပြန်ခဲ့ပါတော့သည်။ ကာယကံရှင် ကိုစံဝ၏ ခွင့်ပြုချက်အရ ရေးသား တင်ပြလိုက်ပါသည်။

***အတွေ့တွေ့ဗဟုသုတ ရကြပါစေ။***

***မောင်မောင်မြ (ရေစကြို)***

www.burmeseclassic.com

www.burmeseclassic.com



ထိလာကျော်

# အစွမ်းနှစ်ရပ်

ဤဆောင်းပါး ရေးဖို့ စိတ်ကူးခဲ့သည်မှာ ကြာပါပြီ။ ကာယကံရှင် ဦးပေါက်ကျိုင်းကို အားနာ၍ မရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ အားနာသည်ဟု ပြောရသော်လည်း ဦးပေါက်ကျိုင်း သေဆုံးသည်ပင် **(၃၅)နှစ်ကျော်**ခဲ့ပါပြီ။ ဦးပေါက်ကျိုင်း၏ ဆွေမျိုးများ မကျန်ရှိတော့ဟု သိရပါသည်။

အကယ်၍များ ကျန်ရှိနေသေးပါက စာရေးသူကို ခွင့်လွှတ်ပေးကြပါရန် ဤဆောင်းပါး ရေးသားရင်းတောင်းပန်အပ်ပါသည်။

ဦးပေါက်ကျိုင်းသည် ရွာအတွင်းတွင် မနေရဘဲ (နေခွင့်မပေးကြ၍) ရွာအနောက်ဘက်ရှိ ဇရပ်တစ်ခုတွင် နေရပါသည်။ မိုးလေ လုံခြုံရေးအတွက်တော့ တစ်ရွာလုံးက ဝိုင်းဝန်းကာ ကာရံပေးပါသည်။ စားသောက်ဖွယ်ရာများကိုလည်း ကြုံလျှင် ကြုံသလို ပေးကြကျွေးကြပါသည်။

ဦးပေါက်ကျိုင်းဟာ အနာကြီးရောဂါသည်တစ်ဦး ဖြစ်ပါသည်။ လိုအပ်သည့် အစားအသောက်များ ကျွေးကြ၊ ပေးကြသော်လည်း သူ့အနားတွင် မည်သူမှ ကြာကြာ မနေကြပါ။ အနာကြီးရောဂါ ကူးမည်စိုး၍ဟု ဆိုကြပါသည်။

ထိုစဉ်က အနာကြီးရောဂါ ပျောက်ဆေး ရှိနေသော်လည်း ထိုရောဂါသည် မျိုး တွေ့နေရသေးသည့် ကာလ ဖြစ်သည်။

ဦးပေါက်ကျိုင်း၏ အနားတွင် လူကြီးများ မကပ်ချင်ကြသော်လည်း စာရေးသူတို့ သူငယ်ချင်းတစ်စု [အသက် (၅) နှစ်နှင့် (၁၀)နှစ်ကြား အုပ်စု (၁၀) ယောက်ခန့်]ကတော့ ကပ်ချင်ကြသည်။ ကပ်ချင်သည့် အကြောင်းကလည်း ရှိနေသေးသည်။

ဤအကြောင်းအရာများကို မည်သူ့ကိုမှ မပြောပါဟု ကတိပေးထားခဲ့သည်။ စာရေးသူတို့ ကလေးတစ်သိုက်ကလည်း မည်သူ့ကိုမှ မပြောကြပါ။ ကတိတည်ကြပါသည်။

ယခုတော့ စာရေးသူက ပြောပြပါတော့မည်။ ကတိဖျက်၍ ပြောခြင်းတော့ မဟုတ်။ ကတိပေးထားသည်မှာ ဦးပေါက်ကျိုင်း သေဆုံးပြီး အနှစ်(၂၀) အတွင်း မည်သူ့ကိုမှ မပြောပါဟု ကတိပေးထားခြင်း ဖြစ်ပါသည်။ ကတိကာလ ကုန်ဆုံးခဲ့ပြီ ဖြစ်ပါသည်။

စာရေးသူ ပြောပြလိုသည်မှာ ဦးပေါက်ကျိုင်း၏ အစွမ်းနှစ်ခု အကြောင်း ဖြစ်ပါသည်။ ထိုအစွမ်းနှစ်ခုကို ပြုလုပ်သည့်ကာပင် လပြည့်၊ လကွယ်နေ့များတွင်သာ ဖြစ်ပါသည်။ အခြားနေ့များတွင် မပြုပါ။

စာရေးသူတို့ သူငယ်ချင်းတစ်သိုက် ဦးပေါက်ကျိုင်း၏ အနား ကပ်ကြသည်ကလည်း ဤအစွမ်းနှစ်ရပ်ကြောင့် ဖြစ်ပါသည်။

ဦးပေါက်ကျိုင်း၏ အစွမ်းနှစ်ရပ်ကို

www.burmeseclassic.com

မည်သို့ခေါ်ရမည်တော့မသိ။ မျက်လှည့်ပညာလည်းမဟုတ်၊ ဒါကြောင့် နိမ့်ကျသော လောကီပညာရပ်ဟု ကင်ပွန်းတပ်ရမည်လော။



အစွမ်းနံ့ပါတ် (၁)

စာရေးသူတို့သည် ဦးပေါက်ကျိုင်းထံသို့ သွားသည့်အခါ ဆိတ်ချေးလုံးလေးများ ကောက်ယူ သွားကြရပါသည်။ လုံးပြီးမာသော အလုံးလေးများသာ ရွေးကောက်ယူရပါသည်။

ကောက်လာသော ဆိတ်ချေးလုံးလေးများကို တစ်ဆယ့်တစ်လုံး စုပုံပေးရသည်။ တတွတ်တွတ်နှင့် ဘာတွေဆိုသည်မသိ။ (၃)မိနစ်ခန့်ကြာသောအခါ ဆိတ်ချေးလုံးများသည် ပိတုန်းများ ဖြစ်လာကာ ဟိုပျံ ဒီဝဲနှင့် ဖြစ်လာပါသည်။

နောက်ထပ် (၃)မိနစ်ခန့်အကြာမှာတော့ ပြန်လာရန် ခေါ်လိုက်သည်။ ပိတုန်း (၁၁)ကောင်သည် မူလနေရာသို့ ပြန်ရောက်လာပြီး ဆိတ်ချေးလုံး (၁၁) လုံး ပြန်ဖြစ်သွားသည်။

မည်သည့်အခါဖြစ်ဖြစ် ဆိတ်ချေးလုံး (၁၁)လုံးသာ လုပ်သည်။ ပိုသည့်အခါ မရှိသလို လိုသည့်အခါလည်း မရှိ။

အစွမ်းနံ့ပါတ် (၂)

စာရေးသူတို့ သူငယ်ချင်းတစ်သိုက် တမာရွက်များ ခူးပေးလိုက်လျှင် ဦးပေါက်ကျိုင်းသည် မြူအိုး (ထန်းတက်ရာတွင် အသုံးပြုသည့်အိုး) ထဲတွင် ထည့်ကာ ရေအနည်းငယ် ရောလိုက်သည်။ ပါးစပ်ကလည်း တတွတ်တွတ် ဆိုလိုက်သည်။ ဘာတွေ ဆိုသည်ကိုတော့ မသိ။

မကြာမီ ရေသည် ဆီဖြစ်ပြီး တမာရွက်သည် ငါးကြော်များ ဖြစ်သွားသည်။ (၃)မိနစ်ကြာ ပြပြီးသည့်အခါမှာတော့ မူလအတိုင်း ပြန်ဖြစ်ဟု ဆိုလိုက်လျှင် ရေနှင့် တမာရွက်များ ပြန်ဖြစ်သွားသည်။

ဤအဖြစ်အပျက်များသည် စာရေးသူ သူငယ်တန်း ကျောင်းသားဘဝ တုန်းက ဖြစ်သော်လည်း ယခုထိတိုင် မှတ်မိနေဆဲ ဖြစ်သည်။

စာရေးသူသည် (၅)ကြိမ်၊ (၆) ကြိမ်လောက်သာ ကြုံပြီးနောက် ဦးပေါက်ကျိုင်း သေဆုံးသွားခြင်း ဖြစ်သည်။ စာရေးသူထက် ကြီးသူများကတော့ အကြိမ်ကြိမ် အခါခါ ကြုံတွေ့ဖူးကြပါသည်။

ဦးပေါက်ကျိုင်း သေဆုံးခဲ့စဉ်က စာရေးသူတို့ သူငယ်ချင်းတစ်သိုက် ငိုလိုက်ကြသေးသည်။ သေဆုံး၍ နှမြောခြင်းထက် ဘယ်တော့မှ မရှုံးနိုင်သော ဆိတ်ချေးလုံးက ပိတုန်းဖြစ်ခြင်းနှင့် တမာရွက်များက ငါးကြော်များ ဖြစ်ခြင်းများကို ပို၍ တမ်းတခြင်း ဖြစ်ပါသည်။

ဦးပေါက်ကျိုင်းတစ်ယောက် ရောက်လေရာဘဝမှာ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေဟု စာရေးသူတို့ သူငယ်ချင်း တစ်သိုက် ကိုယ်စား စာရေးသူက ဆုတောင်းပေးလိုက်ပါသည်။

ထီလာကျော်

စာရှုသူ သုတေသီနှင့် ပါသနာရှင်များသို့. . .

ဤဆောင်းပါးပါ ပညာရပ်များသည် မည်သို့သော ပညာရပ်များပါနည်း။ သိရှိတွေ့ကြုံခဲ့ရသူ ပညာရှင်များနှင့် စာဖတ်သူများ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်. . .

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ငှက်ပျောကတစ်ပင်

ရွှေစင်က တစ်ဖလား (၁)

ရွှေတောင်
ကြည်မောင်သိုး



၁၉၈၆ ခုနှစ်၊ မေလ လဆန်းရက် နေ့တစ်နေ့ မနက်(၈)နာရီသာသာရှိ သေး။ နေကတော့ ပူလှပြီ။ ဖိုးဟန် အိမ်မှာ အလုပ်ရှုပ်နေတယ်။ ဖိုခွင်တော့ မဝင်ဘူး။ ဖိုခွင်ကို ပြင်နေတယ်။ နေ ပြင်းတော့ မီးကစားလို့ မဖြစ်ဘူး။ အသက် ကြမ္မေးမှ အသက်ကလေး ရယ်တဲ့ ရှည်စေလို။

အိမ်ရှေ့ အုတ်လှေကားကနေ လူတစ်ယောက် အိမ်ပေါ်ကို တက်လာ တယ်။ ဖိုးဟန် လှမ်းကြည့် လိုက်တော့ ဦးသက်နိုင်။ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအရင်းကြီး။

ငယ်သူငယ်ချင်းဆိုတော့ ပြောမနာ, ဆိုမနာ, ဆဲမနာ။ နပမ်းလုံးလိုက်၊ ဖက် ကိုက်လိုက်၊ လည်ပင်းဖျစ်လိုက်၊ နား ရွက်ဆွဲလိုက်၊ ဆံပင်ဆွဲလိုက်၊ ရန်ဖြစ် လိုက်ကြ၊ မခေါ်မပြောနေလိုက်ကြ။ (၁၅)ရက်ကျော်ကျော် (၁)လနီးနီး ထိး တည်း ဖက်မရှာ ကောစာ ကျင့်သုံးကြ လို့။

နောက်ဆုံးတော့ မနေနိုင် သူပြိုင် ကိုယ်ပြိုင် အနိုင်ကစားကြလို့၊ ပျော်လို့ ရွှင်လို့ မုန့်ပဲသရေစာ ဝေကာမျှကာ စားကြလို့။ သူငယ်ချင်းတွေ အပြန် အလှန် ချစ်ကြလို့ ဒုံရင်းပြန်လို့ မူလ ဆီသို့။

သူပျောက်နေတာ ကြာပြီ။ ကျောင်း ပိတ်ရက် မတ်လကုန်လောက်ကတည်း က ဘယ်သွားလိုက်တယ် မသိဘူး။ အခုမှ ပေါ်လာတော့တယ်။ တကယ့် ကောင်။

ဦးသက်နိုင် အိမ်ရှေ့ဧည့်ခန်းမှာ မထိုင်ဘူး။ ဖိုးဟန် ဖိုခွင်ပြင်နေတဲ့ဆီ လျှောက်လာတယ်။

'ဟေ့ကောင်… မင်း ဘယ်သွားနေ တာလဲ။ ငါ မင်းအိမ်ရောက်တိုင်း အိမ်က တံခါးပိတ်ထားတယ်။ တွေ့ကို မတွေ့ဘူး။ ဘယ်လိုကောင်လဲဟ'

'မင်းကတော့ တွေ့လိုက်ရင် အပြစ် တင်ဖို့ပဲ။ ရတ်တရက် ခရီးသွားလိုက်ရ လို့ မင်း ငါကို မတွေ့တာ'

'ဟော…'

'အမျိုးသမီးက လားရှိုးသွားတယ် ကွာ၊ အသွားကတော့ ကိစ္စမရှိဘူး။ သူ့အမျိုးတွေနဲ့ လိုက်သွားတာ။ ဟော… အပြန်မှာတော့ ငါ့မိန်းမမှာ သူ တစ် ယောက်တည်း။ ပြန်ခေါ်ဖို့ ငါ့တာဝန် လုံးလုံး ဖြစ်သွားတယ်'

'သွားခေါ်ရတယ် ဆိုပါတော့။ မင့် မိန်းမက သူတစ်ယောက်တည်း မပြန်ခံ

www.burmeseclassic.com

ဘူးလား'

'အေး...ဒါထားပါကွာ မင်းကို ပြောစရာရှိတယ်။ ဒီအနားမှာတော့ မီးပူတယ်ကွ။ ညှော်ခန်းသွားကြမယ်'

ဖိုခွင်မှာ မီးဆင်ပြီး ဓာတ်မထိုးတဲ့ ဖိုးဟန်ကို ဦးသက်နိုင်က ကျီစယ်သမှု ပြုလေတယ်။ မီးပူသတဲ့လေ အဲဒီလို လူပါဆို တကယ့်ကောင်။

ညှော်ခန်းမှာထိုင်ကြတော့ ဖိုးဟန့် ဒကာမကြီး ဒေါ်မြရွှေက လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းအိုး လာချပေးရင်း ဦးသက်နိုင်ကို...

'ဆရာ ရေနွေးနဲ့ အမြည်းကလေး'

ဖိုးဟန် လက်ဖက်ရည်ပန်းကန့်ထဲကို ရေနွေးထည့် ညှော်ဝတ်ပြုတယ်။ ဦးသက်နိုင်က ရေနွေးပန်းကန် ကောက်ကိုင်ပြီး တစ်ကျိုက်သောက်တယ်၊ လက်ဖက်လဲ စားတယ်၊ စားနေရင်း ဝါးနေရင်း...

'ဖိုးဟန် မင်း ဖိုထိုးရတာ မီးပူတယ်။ ဖိုမထိုးဘဲ ရွှေဖြစ်တဲ့ နည်းတစ်နည်း ရလာတယ်။ အဲဒီနည်းမင်းကို ပြောမယ် စမ်းကြည့်ကွာ'

'ဘယ်ကရလာတာလဲဟ၊ ဖိုမထိုးဘဲ ရွှေဖြစ်တယ်ဆိုတော့ ဆန်းတော့ ဆန်းတာပဲ ပြောစမ်းပါဦး'

'အေး ပြောမယ် မင်းအတွက် တမင်မှတ်သားလာတာ'

ဆိုပြီး ဦးသက်နိုင်က သူ့အင်္ကျီအိတ်ထဲက အိတ်ဆောင်စာအုပ်ကလေးကို စားပွဲပေါ်တင်လိုက်တယ်။ ဖွင့်တော့ မဖွင့်ဘူး။ ရေနွေးတစ်ခွက် ကောက်ကိုင်ပြီး သောက်ပြန်ပြီ။

'ပြောပါဟ'

ဖိုးဟန် ဟန်မဆောင်နိုင်တော့ဘူး။ သိချင်လှပြီ၊ အတင်း အတင်း မေးလိုက်ပြီ။ ဝယ်မယ် ဝယ်မယ် ချိန်ပါ ချိန်ပါ ပြောကာမှ ဈေးသည်က ဈေးကိုင်နေ



သလို ဦးသက်နိုင်။

'သက်နိုင် မင်းတော့ကွာ...'

ဆိုတော့မှ ဦးသက်နိုင်က မထေ့တထေ့ ပြုံးပြီး မျက်လွှာပင့်ကြည့်တယ်။ ပြောပြီ။

'ဒီလိုကွ... လားရှိုးကနေအပြန် မန္တလေးကိုရောက်တော့ ငါ့ဇနီးရဲ့ ဘကြီး ဆရာတော်ကြီးရဲ့ ကျောင်းတိုက် မန္တလေး တောင်ထီးလင်းတိုက်မှာ တည်းတယ်။ အောက်ပြည်ကို ပြန်ဆင်းရမှာဆိုတော့ နားနားနေနေ (၃)ရက်တိတိ မန္တလေးမှာရှိတယ်'

ဖိုးဟန်က ဖျတ်ခနဲဆို နားခွက်က မီးတောက်ချင်တာ။ စိတ်က ခပ်မြန်မြန်ရယ်။ ဦးသက်နိုင် နှိုဒါန်းချီနေပုံနဲ့တော့ မောင်ဖိုးဟန် သည်းခံ၊ သည်းခံ သည်းခံရင် နိဗ္ဗာန်ရောက်နိုင်တာ ဆိုပြီး စိတ်မာန်ကို အတန်တန် ဆွဲနှိမ်ချထားရတယ်။ စောင့်ပေဦးတော့ အောင့်ပေတော့။

'မန္တလေးရောက်ပြီး နောက်နေ့ မွန်းလွဲ (၁)နာရီကျော်ကျော်မှာ ရေနွေးဝိုင်းလေး ဆင်ကြတယ်။ လူစုံတယ်ကွ။ ရောက်တတ်ရာရာ ပြောကြတာပေါ့ကွာ။ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြရင်းက မင်းလိုက်စားနေတဲ့ အဂ္ဂိရတ်ပညာအကြောင်း ရောက်သွားကြတယ်။

စားလမ်း ရိက္ခာထောက်လမ်းလို့ ပြောကြတာပဲ။ ငါကတော့ ဝါသနာမပါလို့ သူတို့ပြောကြတာ ဘာမှ မသိဘူး။ မှတ်မိတာကတော့ အပျော့အပျဉ်းတဲ့၊ မီးရပ်တဲ့၊ ခံရည်တဲ့။ ဆတူ ထက်ဝက် သုံးချောင်းထောက်၊ လေးချောင်းထောက်တဲ့ကွာ မင်းတော့ သိမယ်'

သစ်ပင်ထိပ်ဖျားရောက်ဖို့ အခုမှ ဦးသက်နိုင် ခါးတောင်းကျိုက်တုန်းရှိသေး ဖိုးဟန်က...

'သိတယ်ကွာ... သိတယ်ကွာ'

လဲ ဆိုရော ဦးသက်နိုင်က ဆက်ပြောတယ်။

'အဲဒီလို သူတစ်ပေါက် ကိုယ်တစ်ပေါက် ပြောနေကြတုန်း အခန်းထောင့်မှာ တုံးလုံးလှဲပြီး နားထောင်နေတဲ့ အဘိုးကြီး တို့ရေနွေးဝိုင်းဆီကို ထလာတယ်၊ အသက်က (၇၀)တစ်ပတ်လည်လောက်ရှိမယ်။ ခေါင်းတုံးဆံတောက်နဲ့။ အသားက ခပ်လတ်လတ်၊ အရပ်က မနိမ့်မမြင့်၊ လူဟန်က ခပ်နုနု'

ဖိုးဟန် မျက်စိထဲမှာ တရေးရေး မြင်ကြည့်တယ်။ အဘိုးကြီး ပုံပေါ်လာပြီ။ ဦးသက်နိုင် တော်တယ်။ ပြောတတ်လိုက်တာ ကျောင်းဆရာပဲ။

''အဘ လာပါ ထိုင်ပါ''

လို့ တို့တစ်တွေက ခရီးဦးကြို ပြုကြတယ်။

အဘိုးကြီးက ရေနွေးတစ်ခွက် ကုန်အောင်သောက်ပြီး စကားဆိုတယ်။

''မောင်တို့ ပြောနေကြတဲ့ ဓာတ်စကား အဘိုး ကြားတယ်။ ဖိုထိုးလို့ ရွှေဖြစ်ဆိုလား၊ အဘိုးက အဂ္ဂိရတ်တော့ ဘာမှမသိပါဘူး။ ဖိုမထိုးဘဲ ရွှေဖြစ်တဲ့နည်းလေးတော့ သိတယ်။ ဒီစကားဝိုင်းမှာ အဘိုးလဲ ဝင်ပြောပါရ

www.burmeseclassic.com

စေ''တဲ့။

အကြမ်းဝိုင်းက လူတွေဆိုတာ ဝမ်းသာကြတာပေါ့။ ဘာတဲ့ မီးမပူတဲ့ နည်းကလေး အဘိုးပြောပါ၊ ပြောပါ အဘိုးဆိုပြီး ရှေ့က တိုးလာကြတယ်။ မြိုင်မြိုင်ဆိုင်ဆိုင် အပြိုင်ပဲ။

အဘိုးကြီးပြောတာက...'

ဆိုပြီးတော့ ဦးသက်နိုင်က မှတ်စု စာအုပ်ကလေးကိုဖွင့် စာရွက်တွေကို လှန်လိုက်တာ တစ်ရွက်ပြီး တစ်ရွက်။ ဟော ရပ်သွားပြီ၊ ဖတ်ပြီ။

'ပစ္စည်း(၃)မျိုးလိုတယ်ကွ။ ငှက်ပျောရုံထဲက ခွဲစိုက်လို့ရမယ့် ငှက်ပျောပင်ပေါက်က တစ်ပင်၊ ကြေးအိုး ဒါမှမဟုတ် ကြေးဖလားက တစ်လုံး၊ ချေး(မစင်၊ ကျင်ကြီး) ကြေးအိုးကြေးဖလား တစ်လုံးစာ အဲဒါ(၃)ခု လိုတယ်'

ငှက်ပျော ကြေးနီဖလား မစင်(ကျင်ကြီး၊ ချေး) ဘယ်လိုကြီးလဲ ဖိုးဟန် တွေးတယ်။

တွေးကြည့်တာက ပြေးကြည့်တာက မြန်တယ် ဆိုပေမယ်။ ဖိုးဟန်မှာတော့ ပြေးကြည့်လို့လဲမရ၊ တွေးကြည့်လို့လဲမရ၊ ထိုင်မရထမရ ဖြစ်နေပြီ။ ဦးသက်နိုင် ဆက်ပြောမယ့်စကား တအောင့်တနား စောင့်ပြီးတော့ နား ထောင်ရတော့မယ်။

'အဲဒါတွေ ဘယ်လိုလုပ်မှာလဲ'

'ငှက်ပျောပင်စိုက်ရမယ်။ ကြေးဖလား ကြေးအိုးတစ်လုံးလဲ ရှာထား။ ငှက်ပျောပင်ကို ရေမဝပ်တဲ့နေရာမှာ စိုက်ရမယ်။ စိုက်ဖို့ ကျင်းတူးတဲ့အခါမှာ ကျင်းရဲ့အချင်းက တစ်တောင့်ထွာ၊ ကျင်းအနက်ကလဲ တစ်တောင့်ထွာ ရှိရမယ်'

ဖိုးသက်နိုင်က ကြေးအိုး ကြေးဖလားကို ကြေးနီကြေးဝါ ခွဲခြားပြီး မပြောဘူး။ ဘယ်ဟာမဆို ရတယ် ဆိုတဲ့ သဘောနဲ့ တူရဲ့။



'ပထမဆုံး ကြေးအိုး ကြေးဖလားထဲကို မစင်အပြည့်ထည့် အဲဒီကြေးအိုး ကြေးဖလားကို ကျင်းထဲကိုထည့်'

'အေး ထည့်ပြီးပြီကွာ ငှက်ပျောပင်က...'

'ဘယ်ငှက်ပျောမဆို ရတယ်'

'ငှက်ပျောပင်ရဲ့ခေါင်းက အမြစ်တွေကို ခေါင်းတုံးတုံးလိုက်။ ပြောင်သွားပြီဆိုရင် ကြေးအိုး ကြေးဖလားပေါ်မှာ ငှက်ပျောပင်ကိုတင် တည့်မတ်နေအောင်ထား။ ငှက်ပျောပင်ရဲ့ ဘေးပတ်လည်ကို မြေသားတွေ ဖို့လိုက်ပေတော့'

'ကြေးအိုးကြေးဖလားက ကြီးပြီး ငှက်ပျောပင်က သေးနေရင်ကော'

'အဘိုးကြီးက အဲဒါလဲ ထည့်ပြောတယ်ကွ။ ဖလားကြီးနေရင် ဖလားပေါ်မှာ ကောက်ရိုး ကရွတ်ခွေ၊ နှီး ကရွတ်ခွေကိုတင် အဲဒီအပေါ်ကမှ ငှက်ပျောပင်ကို ထပ်စိုက်လို့ ပြောတယ်'

သေချာစေ့စပ်လိုက်တဲ့ အဘိုးကြီး စေတနာပါလှချည့်လား။ အပြည့်အလျှံ။ မောင်ဖိုးဟန်အတွေး။

ငှက်ပျောပင်တော့ စိုက်လို့ပြီးသွားပြီ။ ဘယ်အချိန် ဘာတွေဖြစ်လာမလဲ။ ရှောင်ရန် ဆောင်ရန်တွေကိုလဲ မေးဦးမှ...

'နောက် ဘာတွေလုပ်ရမလဲ'

'ငှက်ပျောပင်ကို ပေါင်းသင်ပေး။ ငှက်ပျောအရွက်တွေ အလက်တွေကို မခုတ်မဖြတ်ရဘူး။ ရင့်ရော်လို့ ညှိုးပြီး ခြောက်သွားတဲ့အထိ ဘာမှကို မလုပ်နဲ့ ပစ်ထားလိုက်'

'သားတက်တွေ ထွက်လာရင်'

'တူးရွှင်းနဲ့ ထိုးထိုးပြီး သတ်ပစ်လိုက် သားတက်အထွက်မခံနဲ့'

'အဖူးကိုရော'

'အဖူးကို မပယ်ရဘူး။ သူ့ဟာသူ ဆက်ဆက်ပြီး ငှက်ပျောဖူးအဖတ်တွေ တစ်လွှာပြီး တစ်လွှာ ကြွေကျသွားပါစေ'

'ငှက်ပျောခိုင်...'

'ငှက်ပျောခိုင်လဲ မခုတ်ရဘူး။ မှည့်သွားရင်လဲ ကျေးငှက်သာရကာတွေ စားကြပါစေ။ ငှက်ပျောသီးတစ်လုံးတောင် ဖဲ့ပြီး မစားလေနဲ့ ငှက်ပျောခိုင် ခြောက်နောက် ငှက်ပျောပင်ပါ ခြောက်သွားလိမ့်မယ်။ ခြောက်ပါစေ။ ဘာမှကို မလုပ်နဲ့'

'မင့်ဥစ္စာက...'

'ဆက်ပြောမယ်ကွာ ကျန်သေးတယ်ကွ။ နားထောင်'

မှားမှာစိုးလို့နဲ့ တူပါရဲ့ ဦးသက်နိုင် သူ့မှတ်စုကို ပြန်ကြည့်တယ်။

'ငှက်ပျောပင်စိုက်တဲ့နေ့ကို မှတ်ထား။ **စိုက်တဲ့နေ့ကစပြီး (၃)နှစ်နဲ့ (၆)လပြည့်တဲ့နေ့မှာ** ငှက်ပျောပင် စိုက်တဲ့ ကျင်းကို မင်းပြန်ပြီး တူးပေတော့'

'အဲဒီတော့...'

'ကြေးဖလားအသွင်ပျောက် ရွှေဖလားအဖြစ်ရောက်'

'ဟော'

* * *

၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ မှာ ဖိုးဟန် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် ဝက်ထီးကန် အ.ထ.ကကို ပြောင်းရွှေ့ခဲ့ရတယ်။ မူလ

www.burmeseclassic.com

တာဝန်ထမ်းဆောင်ခဲ့တာက ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ အ.ထ.ကမှာ တာဝန်ထမ်းဆောင်ခဲ့ရတာက (၃)နှစ်တာကာလ။

မောင်ဖိုးဟန် ဝက်ထီးကန်မှာ သူတကာ ဆရာ,ဆရာမတွေလို ခံ့ခံ့ထည်ထည် အိမ်ငှားပြီး မနေနိုင်ပါဘူး။ဆင်းရဲလှသကိုး။ ကုန်းကောက်စရာ မရှိတဲ့ဘဝ။ နာလိုက်လေ အဖြစ်ဆိုး။

မနက်အသုပ် ညအကြော်၊ မနက်အကြော် ညအသုပ်နဲ့ ဘဝကို လှော်ခတ်ခဲ့ရ။ အထက်တန်းပြ ဆရာဘဝ။

ဖိုးဟန်ရဲ့ဘဝအခြေအနေ အမှန်ကို ဆရာကြီးတစ်ယောက်က သိတယ်။ ဆရာကြီးဦးသန်းရှိန် ကျောင်းအပေါ်မှာ အရှိန်အဝါကြီးသလို သံယောဇဉ်လဲကြီးလှတယ်။ ညှော်သည် ဆရာ,ဆရာမတွေရဲ့ အခက်အခဲမှန်သမျှ ဒိုင်ခံကို ဖြေရှင်းပေးသူ ကူညီသူ။

ဆရာနဲ့တပည့် သူနဲ့ အတူလက်တွဲ အမြဲတမ်း ကူညီတဲ့သူက ဆရာလေး ဦးလှရှိန်။ ရှိန်နှစ်ရှိန် ဝက်ထီးကန်မှာတော့ ဝင်းထိန်တဲ့ လ(၂)စင်း။

ဖိုးဟန်ရဲ့ အခက်အခဲကို ဆရာကြီး ဦးသန်းရှိန်က ဖြေရှင်းပေးတယ်။ အနောက်ဈေးက သူ့အိမ်ပေါ်မှာ တင်ထားတယ်။ နေစေတယ်။ ကူညီချက်ကတော့ တစ်သက်မမေ့နိုင်တဲ့ ကျေးဇူးရှင်ကြီး။

ဖိုးဟန်သမီး အငယ်ဆုံးမ စောသုနန္ဒာမှ (၃)လသမီးရှိသေး။ ကလေးကငယ်ငယ် ဇနီးသည်နဲ့ မောင်ဖိုးဟန်။ ကျောင်းဆရာ အဟုတ်အဟတ်။ တခြားဝင်ငွေ ဘာတစ်ခုမှ မကြံတတ်မဖန်တတ်။ စာပဲသင်တတ်။ ငတ်တာမဆန်း။

မနက်စောစော ထမင်းကြမ်းအဝစား၊ စက်ဘီးနဲ့သွား၊ ကျောင်းတက်



ချောက်ချက်ချောက်ချက်။ မနက်စာ အိမ်ပြန်စား။ ကျောင်းပြန်သွား။ ညနေကျမှနား၊ သမီးလေးအနားမှာ ကလူကျီစယ်။ ဘယ်နတ်ပြည်နဲ့ လဲမလဲ။ ဆင်းရဲတာက တစ်ကဏ္ဍ။ မောင်ဖိုးဟန်ဘဝ ကြည်နူးမှု အပြည့်အဝ ပီတိသုခ။

ဆရာကြီး ဦးသန်းရှိန်မှာ တစ်ဦးတည်းသော အစ်ကိုကြီးတစ်ယောက်ရှိတယ်။ ဦးသန်းစိန် လူပျိုကြီး။ တူလေးတွေ,တူမလေးတွေကို ချစ်လိုက်တာမှ တုန်လို့။ ရိုက်နှက်ဆုံးမဖို့ မာန်ဖို့ ထန်ဖို့ဝေးလို့ စကားလေးတောင် မာမာမဆိုဘူး။

ဖိုးဟန်ကိုလဲ ညီအရင်းတစ်ယောက်လိုချစ်တာ။ အမြဲတမ်း ဆုံးမစကားတွေဆိုတယ်။ အတူနေကြတဲ့အခိုက် ဒေသအလိုက် စရိုက်နဲ့အညီ အကြိုက်ကလေးတွေပေးလို့။ အေးအတူ ပူအမျှ အပေးအယူတွေဆိုတာလဲ မျှကြလို့။ ညှော်သည်ကို အိမ်ရှင်က စေတနာထားလိုက်တာ။ ကိုယ်စွမ်းဉာဏ်စွမ်း။ ကိုကြီးသန်းလေ...

ဖိုးဟန် သမီးထွေး စောသုနန္ဒာကိုလဲ သူက ချစ်တယ်။ သမီးလေးကို ချီလိုက်ပိုးလိုက်၊ ချော့လိုက်မြှူလိုက်၊ လမ်းသလားလိုက် ကလေးက လက်ကြိုက်သွားတဲ့အထိ။ အဲဒီလောက်။

ဖိုးဟန် လေ့လာလိုက်စားနေတဲ့ အင်္ဂရုတ်မီးအတတ် ငွေကြေးမတတ်နိုင်လို့ ရပ်နားထားရတဲ့အချိန်။ စနေ,တနင်္ဂနွေ ကျောင်းအားရက်တွေမှာ မနက်စာ စားပြီးတာနဲ့ ဝိုင်းဖွဲ့ပြီး ရေနွေးကြမ်း သောက်ကြတယ်။ စကားတွေ ပြောလိုက်ကြတာ ပြုံးပျော်ရယ်မောတသောသောနဲ့။ လက်ဖက်ကလေး စားလိုက်ကြ၊ မြေပဲကြော်လေး ဝါးလိုက်ကြ၊ ချင်းသုပ်ကလေး နှိုက်လိုက်ကြ။

တစ်နေ့တော့ ရေနွေးဝိုင်းမှာ ဦးသန်းစိန်က ဖိုးဟန်ကို မေးတယ်။

'ဆရာ ဖိုထိုးတယ်ဆို'

'ဟုတ်တယ် ထိုးတယ် အင်္ဂရုတ်ဝါသနာပါတယ်'

'ရွှေဖြစ်ထိုးတာလား'

'မဟုတ်ပါဘူး ဓာတ်ကြီးထိုးတာ'

'ရွှေဖြစ်မထိုးပေမယ့် ရွှေဖြစ်ရင်တော့ ကောင်းမယ်'

'...'

'ရွှေဖြစ်တဲ့ နည်းတစ်နည်း သိထားတယ်။ ဖိုထိုးလို့ ဖြစ်တာတော့ မဟုတ်ဘူး ငှက်ပျောပင် စိုက်တာဗျ'

ရေနွေးသောက်လိုက်၊ အမြည်းစားလိုက် ဗိုက်တင်းပြီး အိပ်ချင်နေတဲ့ ဖိုးဟန် အိပ်ချင်စိတ်တွေပြေပြီး မျက်လုံးကျယ်သွားတယ်။ သိချင်လှပြီကို။

ခဏအတွင်း ချက်ချင်းပဲ ဦးသက်နိုင် ပြောပြခဲ့ဖူးတဲ့ ငှက်ပျောပင်စိုက်နည်းက တဖြည်းဖြည်း ပြန်ပေါ်လာတယ်။ အတွေးအဆုံးမှာတော့...

'ငှက်ပျောပင်စိုက်နည်းလေး ပြောပြစမ်းပါဦး'

'ကိုယ်တွေ့တော့ မဟုတ်ဘူး ကိုယ်တိုင်ဒိဋ္ဌ ကြုံတွေ့ခဲ့ရတဲ့သူ ဒီဝက်ထီးကန်က ကားပိုင်ရှင်တစ်ဦးပဲ'

'ဘယ်မှာတွေ့ခဲ့တာလဲဗျ'

'ဆရာသိတဲ့အတိုင်း ဝက်ထီးကန်

www.burmeseclassic.com

က ကားတွေ အောင်လံမြို့ကို ပြေးဆွဲကြတယ်လေ အဲဒီမှာ...'

* * *

ကိုသိန်းဖံက ဝက်ထီးကန်သား ဇာတိချက်မြှုပ်။ သူ့အလုပ်က ကားထောင်ထားတယ်။ မိန့်ဖကို ရှိသေသမှုနဲ့ နေ့စဉ်ပြုစုတယ်။ ဘုရားတစ်ဆူ ဂူတစ်လုံးသွင်စိတ်ကထင်လို့။



ကားဆရာဆိုတာ ကားစီးကြတဲ့ ခရီးသည်တွေအပေါ် နှုတ်ချိုရမယ်။ အပြောကောင်းရမယ်။ အနစ်နာခံရမယ်။ ကူညီရမယ်။ စိတ်ရှည်ရမယ်။ သည်းခံရမယ်။ စေတနာထားရမယ်။ မေတ္တာပွားရမယ်။ ကိုသိန်းဖံမှာက အဲဒါတွေ အကုန် ကုံလုံကြွယ်ဝ ဖြည့်စရာမလို။

ကားထွက်တဲ့ မနက်တိုင်း စောစောစီးစီး အိပ်ရာကထ၊ ဘုရားပုထိုးရှိခိုးလို့၊ မေတ္တာတွေပို့လို့၊ အမျှအတန်းတွေဝေလို့။ အဲဒီလိုလူပါဆို။

အလယ်တန်း ကျောင်းသားဘဝ မိဘက သူ့ကိုရှင်ပြုတော့ သံဘိုကျောင်းသား သံဘိုကျောင်းကသာမဏေ။ သင်္ကန်းဝတ်က မထွက်ခင်နွေရာသီ (၃)လနီးနီး ကိုရင်ဘဝနဲ့ နေခဲ့တာ ကိုရင်လေးကို ဆရာတော်က ပရိတ်ကြီး(၁၁)သုတ် သင်ပေးတယ်။ အလွတ်ကျက် အာဂုံဆောင်စေတယ်။

ဆရာတော်ရဲ့ အသင်အပြနဲ့ ဆိုဆုံးမစကားတွေကြောင့် ဘာသာတရားကို ရှိသေလေးစား ငါးပါးသီလလဲ မြဲလို့။

ကျေးဇူးတော်ရှင် ဥပဇ္ဈာယ်ဆရာ၊ ဆတော်ကြီး။

ဝက်ထီးကန် အ.လ.ကမှာကိုသိန်းဖံ သတ္တမတန်း အောင်ခဲ့တယ်။ ပြည်မြို့ အ.ထ.က(၁)မှာ ကျောင်းဆက်တက်ပြီး တက္ကသိုလ်ဝင်တန်းအောင်တယ်။ မိဘက.သူ့ကို တက္ကသိုလ်ဆက်ပို့ပေမယ့် မနေဘူး။ မတက်ခဲ့ဘူး။

ဝါသနာပါတဲ့ ကားအလုပ်ကို လုပ်တယ်။ ကားကောင်းကောင်း တစ်စီးဝယ်လိုက်တယ်။ DODGEကား။ ကုန်(၃)တန်၊ ယဉ်(၃)တန် ပေါင်း(၆)တန်၊ ဘာပေးရလို့လဲ။ (၃၀၀၀)ကျပ်တောင်မပြည့်ဘူး။ ကားပိုင်ရှင်ကိုသိန်းဖံ အုံနာသိန်းဖံ။

သူ့ကားက ပုံမှန် တစ်ရက်ခြားအောင်လံမြို့ကို သွားတယ်၊ ကားထွက်တဲ့ရက်တိုင်း ကားပေါ်မှာ သူပါတယ်။ ကားခေါင်းခန်းမှာ သူ ဘယ်တော့မှ မစီးဘူး။ ကားနောက်ပိုင်း ချိတ်ထားတဲ့ တံခါးပေါ်မှာထိုင်လို့၊ ညောင်းရင်တော့ ရပ်လို့ စပယ်ယာလေးနဲ့ အပြိုင် သူကိုယ်တိုင် စပယ်ယာစတိုင်နဲ့။

အောင်လံမြို့ကို မနက်စောစောဝေလီဝေလင်းမှာ ထွက်တယ်။ ညနေနေမဝင်မီ ဝက်ထီးကန်ကို ပြန်ရောက်နေပြီ။ နေ့ချင်းပြန်ခရီး နီးတော့မနီးဘူး။ ထောင့်မှန်ကျကျ လမ်းတစ်ဆစ်ချိုးကလေး။

နွေရာသီနေ့တစ်နေ့ ကိုသိန်းဖံ အချိန်မှန် ကားထွက်လာတယ်၊ တီတွတ်နဲ့ အောင်လံအကြား ဒုရင်ဗိုလ်အလွန် ရွာကလေး တစ်ရွာအရောက် ကားလမ်းဘေးမှာ လူ(၂)ယောက်။ ရပ်လျက် ကားကို တားတယ်။

ကိုသိန်းဖံ ကြည့်လိုက်တော့ အမျိုးသမီး(၂)ယောက် တစ်ယောက်က အသက်ကြီးပြီ (၇၀)ကျော်။ တစ်ယောက်က (၄၀)လောက် ထန်းခေါက်တောင်းတစ်လုံးပါတယ်။ တောင်းထဲမှာက ဂျုံအိတ်တစ်လုံး ကားစီးမှာက အဘွားကြီး။ သူ့သမီးက လိုက်ပို့တာ။

ကားရပ်တာနဲ့ ကိုသိန်းဖံ ကားပေါ်က ခုန်ဆင်းလိုက်တယ်။ ထန်းခေါက်တောင်းလေးကို လက်ကဆွဲ အဘွားကြီးကိုလဲ တွဲလို့။

စပယ်ယာလေးက လှေကားလေးအချ၊ ဦးသိန်းဖံက အဘွားကြီးကို ဖေးဖေးမမနဲ့ တွန်းတင်၊ ဝင်ထိုင်ဖို့နေရာရွေး၊ ဘေးကို ဘေးကို ဖယ်နိုင်းဖယ်နိုင်း။

ဘယ်လက်က ကားအမိုးကိုင်းကိုကိုင် ညာလက်ကိုဖြန့်ပြီး ကားခတောင်းနေတဲ့ စပယ်ယာလေးကို ဦးသိန်းဖံက ခေါင်းခါပြတယ်။ အဘွားကြီးကလဲ ပေးမယ်လို့အလုပ် လက်ရုပ်သိမ်းသွားရတယ်။ သူ့နှုတ်က "ကျန်းမာပါစေ၊ ချမ်းသာပါစေ"။

အောင်လံမြို့ကိုရောက်တော့ အဘွားကြီး ကားပေါ်ကအဆင်း ကိုသိန်းဖံရင်တွင်းမှာ မေတ္တာတွေပွားမိတယ်။ အဘွားကြီးတစ်ယောက်တည်း ဟိုဟိုဒီဒီ ဈေးသွားဝယ်ရင် ပင်ပန်းမယ်။ အသက်က ကြီးပြီ။ ဒုက္ခပါပဲ။ သူ့မိဘနဲ့ နှိုင်းဆလို့ စာနာမိ။ သာသာရေးအသိ။

---

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည်မောင်အေး

www.burmeseclassic.com

# ပေါ်ရှေတာလား

## ခေါ်နေတာလား

ဥဇော်ဩသွံ
(ကျောင်းကုန်း)



ပုသိမ်–အိမ်မဲ နေ့ချင်းပြန် လူစီး ဒိုင်နာလိုင်းကားသည် ပုသိမ်မြို့မှ မွန်းလွဲ(၂)နာရီတွင် အိမ်မဲမြို့သို့ ပြန်လည် ထွက်ခွာခဲ့ပါသည်။ မကျင်ရွှေနှင့် သူ၏အမေ ဒေါ်သိန်းလှတို့သည်လည်း ကားခေါင်းခန်းက လိုက်ပါလာခဲ့သည်။ တရိပ်ရိပ် လျင်မြန်စွာ ပြေးနေသော ကားသည် ပုသိမ်တက္ကသိုလ်၊ ဆရာ အတတ်သင်၊ လေယာဉ်ကွင်းတို့ကို ကျော်ဖြတ်လာခဲ့ပြီ။

နွေရာသီ ဖြစ်သည့်အတွက် ပူအိုက်သောရာသီဥတုကို ကားထွက်မှ သက်သာ ခံစားရ၍ ကားခေါင်းထဲ ဝင်လာသော လေနုအေးတို့ကို ရှူရှိုက်ရင်း ပတ်ဝန်းကျင်၏ အဝေးရှုခင်းများကို ကြည့်ရှုကာ သက်သောင့်သက်သာဖြင့် သားအမိနှစ်ယောက် လိုက်ပါလာခဲ့ပါသည်။

မကြာမီ **အပင်နှစ်ဆယ် ကျေးရွာ**ကို ကျော်လွန်လာခဲ့ပါသည်။ ကားလမ်းဘေးတွင် လယ်ကွင်းများသာ အများအားဖြင့် မြင်တွေ့ရသော်လည်း မလှမ်းမကမ်း (၂)ဖာလုံ၊ (၃)ဖာလုံခန့် အကွာတွင် ရွာစု၊ အိမ်စုကလေးများကို မြင်တွေ့နေရပါသည်။

လမ်းဘေးရှိ ကုက္ကိုပင်ရိပ်၊ ထန်းပင်ရိပ်၊ မလေးရှား ပိတောက်ပင်ရိပ်များအောက်တွင် ခရီးသွားများ အရိပ်ခိုနားနေကြသည်ကိုလည်း တွေ့မြင်နေရပါသည်။

ထိုအခိုက် ဖောင်း၊ ရွှီး ဆိုသောအသံနှင့်အတူ ဒရိုင်ဘာ၏ လျင်မြန်စွာ ဘရိတ်နင်းမှုကြောင့် ကားအရှိန် တိခနဲရပ်သွားပြီး လူအများ အလန့်တကြားဖြစ်သွားကြပါသည်။

'ကားဘီးပေါက်တာတဲ့'

ဒရိုင်ဘာက ပြောပြီး ကားတံခါးကို ဖွင့်ကာ အောက်ကို ဆင်းသွားပါသည်။

'ခရီးသည်တွေ အားလုံး အောက်ကို ခဏဆင်းပေးကြပါ ခင်ဗျာ'

စပယ်ယာ၏ အော်သံ။ ဒါကြောင့် ခရီးသည်တွေ အောက်ကို ဆင်းကြရသည်။

မကျင်ရွှေတို့ သားအမိလည်း ကားခေါင်းထဲမှ ဆင်းလာကာ နေပူနေ၍ အရိပ်ကောင်းကောင်း ရှာတော့သည်။ အချိန်ကား ညနေ(၃) နာရီကျော်နေပြီ။

ကားကို လမ်းဘေးသို့ ဝိုင်းတွန်းပြီး ဘီးဖြုတ်ရသည်။ ဘီးအပိုလည်း မပါတော့ ဘီးဖာရမည်။ အပင်နှစ်ဆယ်ရွာမှာသာ ဘီးဖာဆိုင်ရှိသည်မို့ နောက်ကြောင်းပြန် သွားဖာရမည်။

ရန်ကုန်ဘက်မှ လာသော ကားကြုံစောင့်ရသည်။ ကားအလာကျဲ၍ အချိန်အတော်ကြာသွားသည်။

မကျင်ရွှေတို့ သားအမိလည်း ရေသန့်ပုလင်းကို ကိုင်ကာ လမ်းဘေးကွင်းစပ်ရှိ အရိပ်ကောင်းကောင်း ကုက္ကိုပင်ကြီးဆီသို့ သွားကာ အနားယူနေပါသည်။

ထိုအချိန်အတွင်း (တစ်နာရီခန့်အကြာတွင်) ယင်းကားလမ်း၏ အနီးအနား ရွာဘက်မှ လင်မယားဟု ထင်ရသော ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက် မကျင်ရွှေတို့ နားနေသော ကုက္ကိုပင်ရိပ်အောက်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာပါသည်။

သူတို့က"**ကား ဘာဖြစ်သွားတာလဲ။ ဘယ်ကို သွားကြမှာလဲ**"ဟု မေးလာပါသည်။ ကားဘီးပေါက်လို့ ဒီမှာ ခဏစောင့်နေတာပါဟု မကျင်ရွှေက ပြန်ပြောပါသည်။

'နေပူလိုက်တာ။ လေပူတွေလဲ တိုက်တယ်။ ဟိုအနားက အိမ်က ကျွန်မတို့အိမ်ပဲ။ လိုက်ပြီး ရေနွေးသောက် အနားယူပါလား'

ဟု ပြောလာပါသည်။

ဒေါ်သိန်းလှက...

'မလိုက်ပါဘူးကွယ် မကြာခင် ဘီးဖာတဲ့လူတွေ ပြန်လာမှာ။ ကျေးဇူးတင်ပါတယ်ကွယ်'

ဟု ပြန်ပြောပါသည်။

ဤသို့ဖြင့် ထိုအမျိုးသမီးနှင့် အမျိုးသားနှစ်ဦးတို့သည် ရွာဘက်သို့ ပြန်လှည့်သွားကြသည်။

ကားဘီးဖာတာ ဘာ အခက်အခဲရှိသည် မသိ။ နေအတော်စောင်းသည်အထိ ပြန်ရောက်မလာပါ။ ပုသိမ်ဘက်မှ လာသော ကားများကို ကြည့်ကြည့်နေရတာ အမောပင်။ ပြန်ရောက်တောင် ကားဘီးပြန်တပ်တာနဲ့ အတော်ကြာဦးမှာ၊ မကျင်ရွှေ တွေးနေမိသည်။

ထိုအခိုက် မိန်းမနှစ်ယောက်နှင့် ယောက်ျားတစ်ယောက် မကျင်ရွှေတို့အနားသို့ ပြန်လာပြန်သည်။ စောစောက ယောက်ျားနှင့် မိန်းမအပြင် အခြားမိန်းမတစ်ယောက်လည်း အပိုပါလာသည်။ ရေနွေးအိုး၊ ရေနွေးပန်းကန်နှင့် မုန့်များ ယူလာ၍ မကျင်ရွှေတို့ သားအမိကို ဧည့်ခံသည်။

'သမီးတို့က ကရင်တိုင်းရင်းသားတွေပါ။ ဧည့်ဝတ်ပျူငှာတတ်တယ်။ သူတစ်ပါး ဒုက္ခရောက်တာ တွေ့ရင် ကူညီချင်တယ်။ ဒါကြောင့် ရေနွေးတွေ ဘာတွေ သောက်ပါဦး။ ပြီးရင် အိမ်မှာ လိုက်ပြီး တည်းခို၊ အနားယူ



လို့ရပါတယ်။ ညနေစာလဲ ချက်ကျွေးမယ်လေ။ မိုးချုပ်ရင်လဲ တစ်ညအိပ်ပေါ့။ ဟောဟို ခြေတံမြင့်မြင့်အိမ်ဟာ သမီးတို့အိမ်ပဲ'

ဟု ရွာဘက်ကို လက်ညှိုးထိုးပြပါသည်။

မကျင်ရွှေလည်း လှမ်းကြည့်ရာ သွပ်မိုးဖြူဖြူ ခြေတံရှည်အိမ်ကို တွေ့ရပါသည်။ ကားလမ်းနှင့် သိပ်မဝေးလှပါ။

'နေပါစေ ကလေးမရယ်၊ အမေ အိမ်မှာ ကိစ္စတွေ ရှိတယ်။ ဒီည ပြန်မရောက်လို့ မဖြစ်ဘူး။ ပြန်ကို ပြန်ရမယ်'

'လာပါ အမေကြီးရယ်၊ သမီးတို့အိမ်မှာ တစ်ညတည်းခို။ မနက်ကျမှ အိမ်မဲမှန်လုံနဲ့ ပြန်ပါ'

ဟု ပြောကာ လက်ကို ဆွဲ၍ အိမ်ကို လိုက်ဖို့ အတင်းခေါ်ပါသည်။

ထိုအချိန်တွင် ကားဘီးဖာသမားများလည်း ပြန်ရောက်လာ၍ ဘီးပြန်တပ်နေပြီး...

ခရီးသည်များ ကားပေါ် တက်နိုင်ပါပြီဟု စပယ်ယာ၏ အော်သံနှင့်အတူ ဒေါ်သိန်းလှတို့ သားအမိလည်း ကပျာကယာ ကားဆီသို့ ပြန်လာကြပါသည်။ နေဝင်ရီသရော ဖြစ်နေပါပြီ။

ထိုအမျိုးသားနှင့် အမျိုးသမီးနှစ်ဦးတို့လည်း ယင်းတို့ အိုးခွက်များကို ကိုင်ကာ ဒေါ်သိန်းလှတို့နှင့်အတူ ကားအနားသို့ လိုက်လာပါသည်။

'အခုလို ပြုစုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တူလေး၊ တူမလေးတို့ရယ်'

ဟု ဒေါ်သိန်းလှမှ ပြောပါသည်။

ထိုအမျိုးသမီးနှစ်ဦးထဲမှ တစ်ဦးက ဒေါ်သိန်းလှ ကားပေါ်သို့ တက်မည့် ဆဲဆဲတွင် အတင်းအောက်ကို ဆွဲချပြီး ကျန်ခဲ့ဖို့ ခေါ်ပါသေးသည်။ ဒေါ်သိန်းလှသည် စိတ်ဆိုးကာ လက်ကို ပြန်ဆောင့်ဆွဲပြီးကားပေါ် အတင်း တက်ထိုင်နေပါတော့သည်။

'သမီးနာမည် နန်းကြူကြူပါ။ ဒီအနားက ရွာမှာ နေပါတယ်။ အမေတို့ အစ်မတို့ ကြုံရင် ဝင်ခဲ့နော်'

ဟု ပြော၍ ယင်းတို့(၃)ဦး ကားဘေးတွင် ရပ်ကာ ကျန်ရစ်ခဲ့ပါတော့သည်။

ကားဆက်ထွက်လာခဲ့ရာ ကန်ကြီးထောင့်မြို့ တီဗွီစတေရှင်ကို မြင်နေရပါပြီ။ မကျင်ရွှေ စဉ်းစားလာသည်။ ကျွန်မတို့ တိုင်းရင်းသားလူမျိုးများဟာ လူတစ်ယောက် ဒုက္ခရောက်တာကို တစ်ယောက်က ကူညီရိုင်းပင်းစိတ်များ၊ ဖော်ရွေမှုများ အပြည့်ပါကလားဟု...။

ဒါးက ကျေးရွာမှ ကားထွက်လာသောအခါ အတော် မှောင်နေပါပြီ။ လမ်းမကောင်း၍ ဖြည်းညင်းစွာ မောင်းလာခဲ့ရာ ရေတွင်းစု၊ ဖားတူးမြိုက်၊ ကြခင်းရွာများကို ကျော်ဖြတ်၍ မြွေဟောက်ရွာသို့ ရောက်ရှိလို့ လာပါပြီ။ လမ်းကကြမ်း။ ရှေ့က ဖြည်းညင်းစွာ မောင်းနေသော ကုန်ကားကြီးကို ကျော်ရန် ဒရိုင်ဘာက လီဗာကို နင်းတော့သည်။

ဖြုန်းဆို ကားသည် ဘာဖြစ်သည် မသိ ဒရိုင်ဘာလည်း ထိန်းမရ၊ မြွေဟောက်ကျေးရွာ တာလမ်းအောက်သို့ ထိမ်းစောင်းပြီး (၂)ပတ်၊ (၃)ပတ်လိမ့်ကာ ချောက်ထဲ ကျသွားပါတော့သည်။

လူများအော်သံ ဆူညံသွားတော့

www.burmeseclassic.com

သည်။ မကျောင်ရွှေလည်း သတိလစ်ကာ ဘာဆွဲလို့ ဘာကိုင်ရမှန်းမသိ။ သူ့အမေကိုသာ အတင်းဖက်ထားမိသည်။ မကျင်ရွှေ သတိပြန်ရတော့ သူ့အဇမ ခေါင်းတွင် ဒဏ်ရာနှင့် သတိမရတော့ပေ။

ဒေါ်သိန်းလှ အပါအဝင် ဒဏ်ရာရသူများကို ညတွင်းချင်း အိမ်မဲဆေးရုံသို့ ပို့ ကြသည်။ ညသန်းခေါင်အကျော်တွင် ဒေါ်သိန်းလှဆုံးခဲ့သည်။ မကျောင်ရွှေတို့မိသားစု ယူကျုံးမရ ဖြစ်ခဲ့ရသည်။

* * *

ဒေါ်သိန်းလှ အသုဘ ကိစ္စအဝဝ ပြီးဆုံးပြီး မကျောင်ရွှေက သူ၏ ခဲအိုကို သူတို့၏ ၁၁–၄–၂၀၀၄နေ့က အဖြစ်အပျက် အကြောင်းစုံ ပြောပြသည်။

မကျောင်ရွှေ ခဲအို ကိုတင်မြင့်က...

'အို ဒါဆိုရင် အဲဒီနေ့က အမေ့ကို လာခေါ်တဲ့ နန့်ကြူကြူတို့နဲ့သာ အမေကျန်ခဲ့ရင် အမေသေမှာ မဟုတ်ဘူးနော်။ အမေ သေမှာသိလို့ ကြိုပြီး ခေါ်ထားတာလား မသိဘူး။ ဆန်းလိုက်တာ'

မကျောင်ရွှေလည်း နောင်တရပြီး မျက်ရည် တစ်ကြိမ် ထပ်မံကျရပြန်သည်။

'ကဲ ပြီးခဲ့တာတွေလဲ ပြီးခဲ့ပါပြီ ညီမရယ်။ တို့ဘက်က တာဝန်ရှိတယ်။ ဘာတာဝန်လဲဆိုတော့ အဲဒီ နန့်ကြူကြူတို့ရွာကိုသွား'

'ဘာသွားလုပ်ရမှာလဲ၊ မသွားချင်တော့ဘူး'

'မဟုတ်သေးဘူး ညီမလေးရဲ့။ အမေ ဆုံးသွားတယ်ဆိုတဲ့အကြောင်း သွားပြီး ပြောပြဦး။ တကယ်လို့သာ အဲဒီနေ့က အမေသာ ကျန်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။

ခေါ်တဲ့အတွက် ဖော်ရွေတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြီး၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ပစ္စည်းလေး၊ မုန့်လေး ဝယ်ပြီး သွားလိုက်ဦး။ တစ်ရွာတစ်ကျေ



ဆောက်၊ မိတ်ဆွေလဲ တိုးတာပေါ့'

* * *

မကျောင်ရွှေသည် တူတော်မောင်ကို ခေါ်ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါခဲ့သည်။ ဒီနေရာကို သူမ,မလာချင်တော့ပါ။ အနာဟောင်းကို ဆွသလို ဖြစ်နေပါပြီ။

သို့သော် ခဲအို၏စကားကို မလွန်ဆန်ချင်၍သာ လာခဲ့ရသည်။ ဒီနေရာ ဒီကုက္ကိုပင်အောက်မှာ သူ့အမေနဲ့ နေခဲ့ရတဲ့ အချိန်ကလေးဟာ သူမအတွက် နောက်ဆုံး တွေ့ခဲ့ရတဲ့ အချိန်ကလေးပဲ မဟုတ်ပါလား။

ဇာတ်လမ်းကလေးကို ဖန်တီးပေးသော နန့်ကြူကြူတို့ ရွာကလေးကို ရောက်ရှိလို့ လာပါပြီ။ ရွာရှိ အိမ်ခြေမှာ (၃၀)လုံးခန့် ရှိပါသည်။ အိမ်ကြီးအိမ်ကောင်းမရှိ။ ခြေတံရှည်အိမ် သွပ်မိုးရှိရာသို့ ဦးတည်သွားနေပါသည်။ ရောက်ပါပြီ။ အိမ်တံခါး ပိတ်ထား၍ ဘေးအိမ်နီးချင်းက အိမ်တစ်အိမ်ကို ဝင်မေးရပါသည်။

'ဒါ နန့်ကြူကြူတို့အိမ်လား'

'ဟုတ်တယ်လေ'

'သူတို့ ဘယ်သွားကြတုံး'

'သူတို့ မရှိတော့ဘူးလေ။ သူတို့လင်မယား လွန်ခဲ့တဲ့ (၂)နှစ်လောက်က ဟိုကားလမ်းပေါ်မှာ ကားတိုက်ပြီး ဆုံးသွားပြီ။ ဒီအိမ်ကို ဒီအတိုင်းပဲ ထားတာ။ ဘယ်သူမှလဲ မနေရဲဘူး'

မကျောင်ရွှေ ခေါင်းနားပန်းကြီးသွားပြီး တူတော်မောင်ကို ကြည့်၍ ပြန်မည့်သဘော မျက်စပစ်ကာ ယင်းရွာသား အိမ်နီးချင်းအား နှုတ်ဆက်၍ ပြန်ထွက်ခဲ့ပါသည်။

* * *

အပြန်လမ်းတွင် ဆိုင်ကယ်နောက်က ထိုင်လိုက်ရင်း မကျောင်ရွှေ၏ အတွေးနယ်ချဲ့၍ မကုန်အောင် ရှိပါတော့သည်။

❖ အမေ သေမှာသိလို့ ခေါ်ထားကြတာလား။
❖ သူတို့ခေါ်ထားရော အမေ မသေတော့ဘူးလား။
❖ သူတို့နဲ့ ကျန်ခဲ့ရင်ရော အမေ ဘယ်လိုဖြစ်မလဲ။
❖ သူတို့ခေါ်လို့ အမေသေသွားရတာလား။
❖ ကားဘီးက ဒီနေရာကျမှ ဘာလို့ ပေါက်ရတာလဲ။
❖ ကားကရော ဘာကြောင့် မှောက်ရတာလဲ။
❖ ဒဏ်ရာရသူများ ကြားမှာ ဘာကြောင့် အမေတစ်ယောက်တည်း ဆုံးရတာလဲ။
❖ သူတို့ခေါ်ထားလို့ အမေကျန်ခဲ့ရင် ဒီကား မှောက်ပါ့မလား။
❖ အမေသေသွားတော့ သူတို့လက်ထဲများ ရောက်သွားပြီလား။

စသည်ဖြင့် အတွေးများ စုံလင်အောင် တွေးရင်း **ပရလောကနှင့် လူသားတို့၏ တကယ့်ဆက်စပ်မှု ပူပူနွေးနွေးကြောင်း** တစေ့တစောင်း တင်ပြလိုက်ရပါသည်။

ဝန်ခံချက်

**နာမည်များ လွှဲ၍ ရေးသားခြင်းမှအပ နေရာဒေသ၊ နေ့ရက်အမှန်ဖြစ်ရပ်မှန်ဖြစ်ပါသည်။**

**ဒေါင့်ကြီးစခန်းမှူး ဦးဘိုသန်း၏ ပြောပြချက်ကို ဆီလျော်အောင် ပြန်ရေးသားထားခြင်း ဖြစ်ပါသည်။**

ဥမော်သွေး(ကျောင်းကုန်း)

www.burmeseclassic.com